www.burmeseclassic.com

# ချစ်

# ကျွန်တော်က လူကြမ်း




Graphic Design Zay Phyo
09978816439

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ — ဒေါ်ဝါဝါထွေး(မြ-၀၂၁၇၄)
ပဏ္ဍမြားသိုက်စာပေ
အမှတ်(၈၆)၊ ဥက္ကာ(၃)လမ်း၊ (ဂ)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ် — ဦးနိုင်နိုင်အောင်(မြ-၀၀၃၂၄)
ရတနာဝင်းပုံနှိပ်တိုက်
အမှတ်(၁၉)၊ ၃၁ လမ်း၊ (၁၁)ရပ်ကွက်၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ် — ဦးကျင်ရင်(မြ-၀၀၃၂၇)
ရွှေခြသေ့ပုံနှိပ်တိုက်
အမှတ်(၁၇၉)၊ ၃၁ လမ်း၊ (၁၁)ရပ်ကွက်၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း — ၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလ။

အုပ်ရေ — ၅၀၀အုပ်

တန်ဖိုး — ၃၀၀၀ကျပ်

ဖြန့်ချိရေး — မိုးသောက်စာပေ
အမှတ်(၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၅၁၆၃၇၆၄၊ ၀၉၅၀၈၉၈၉၄


## အခန်း(၁)

ဟင်.. ။

မီးခိုးတွေလှိုက်အူတက်လာတာကိုမြင်သည်။ ဒါပေမယ့်ညနေခင်းညီအစ်ကိုမသိတသိအချိန်မို့ မိုးသားတွေညို့တက်နေတာလား အမှိုက်တွေမီးရှို့နေတာလားလို့ တွေးဖြစ်တာခဏတစ်ဖြုတ်.. ။

ရေပုံးကိုင်၍ ရွာအဝင်လမ်းလေးကို ဦးတည်လိုက်ကာမှ မီးညွန့်တွေနဲ့ တဖျစ်ဖျစ်တဖောက်ဖောက်မြည်သံတွေပါ ကြားလိုက်ရ၏။ မီးတို့သည် အညွန့်တက်လာပြီဆိုတည်းက ညိုတိုတိုပြာတာတာတွေကနေ ခဏအတွင်းမှာ နီရဲလွန့်လူးနေကြလျက်.. ။

"ဘုန်း...ဘုန်း.."

"လုပ်ကြပါဦး..ကယ်ကြပါဦး၊ အထဲမှာလူတွေရှိတယ်.."

ရှီးရဲ့ခြေလှမ်းတွေနေရာမှာတင် တုံ့သွားသည်။ ထိုစဉ်ရွာထဲကနေ ပြေးထွက်လာကြသည့်လူတွေ၊ အပြင်ကနေပြေးလွှားဝင်သွားကြသည့်လူတွေ သူမကြည့်နေတုန်းမှာ လူသူမမြင်ဘဲ ငြိမ်သက်တိတ်ဆိတ်နေသည့်ရွာငယ်လေးက ပုရွက်ဆိတ်အုံကို တုတ်နဲ့ယက်ချလိုက်သလို ပျာယီးပျာယာပြေးလွှားနေကြ၏။

ကိုယ့်ဘေးကနေ ကပ်သွားတဲ့လူတွေ လူကိုဝင်တိုးမတတ်ပြေးသွားသည့်လူတွေ ရှိကြသဖြင့် ရှီးဘေးကိုကပ်နေရင်း တဖြည်းဖြည်းချင်းဘေးကိုင်းတောအစပ်ကို တိုးကပ်ရပ်နေမိသလိုဖြစ်လာခဲ့သည်။

သူမအနီးအနားမှာ ကားပျက်သွားသဖြင့် ရေလိုချင်လို့ရွာရှိတဲ့ဘက်ကို ထွက်ခဲ့တာဖြစ်ကာ ကားနဲ့လည်းအလှမ်းဝေးနေပြီဖြစ်၏။ [illegible]ကာမှ မီးထလောင်နေသည့်ရွာထဲကို ရေဘယ်လိုတောင်းရ

www.burmeseclassic.com

www.burmeseclassic.com



မလဲ.. ။

သူများဒုက္ခကို မစာနာလို့မဟုတ်ပါ။ သို့သော် မိုးမချုပ်ခင်သူမ ရေရမှဖြစ်မည်။ ကားတစ်စီးနဲ့တစ်ယောက်တည်း ခရီးထွက်ခဲ့ရသည့် မိန်းမသားတစ်ယောက်အတွက် ကားပျက်ခြင်းနဲ့အချိန်က အကြီးမားဆုံးရန်သူဖြစ်နေသည်။ ထို့ကြောင့် သူများတွေမီးငြိမ်းနေသည့်ရေကိုပဲ ကားဆက်မောင်းလို့ရအောင် သူမတောင်းရမှာဖြစ်သည်။ ဒါပေမယ့် ဘယ်လိုနည်းလမ်းကောင်းမှလည်း မမြင်.. ။

ရွာလမ်းကိုရှောင်ကွင်း၍ တစ်နေရာကနေဝင်ဖို့အတွက် ခြံစည်းရိုးသဖွယ် ပေါက်နေသည့်ဝါးရုံပင်တွေကို ကွေ့ပတ်လျှောက်လာခဲ့မိသည်။ မီးတောက်အားက လျော့ကျသွားပြီဖြစ်ကာ လူသံတွေပို၍ဆူညံနေ၏။ ရှီးကတော့ ရွာအစွန်အဖျားက အိမ်တစ်အိမ်လောက်တွေ့တာနှင့် ရေဝင်တောင်းဖို့ဆုံးဖြတ်၍.. ။

"တွေ့ပြီ.."

ဝမ်းသာအားရရေရွတ်လိုက်မိ၏။ အိမ်တစ်အိမ်နှင့်ရေအင်တုံကြီးတစ်လုံး။ ပြီးတော့ တစ်ခြမ်းပဲ့နေသော အင်တုံလေးတစ်လုံးနှင့်ခပ်လျှော့လျှော့အဝတ်တန်းလည်း ဘေးမှာတန်းထားတာတွေ့သည်။ ရွာလယ်မှာလောင်နေသည့် မီးဆီပြေးငြိမ်းနေသလား။ မီးကူးမှာစိုးပြီး ထွက်ပြေးကုန်ကြတာလားမသိ။ လူသူအရိပ်အယောင်မတွေ့ရပေ.. ။

ထိုစဉ် မျက်ဝန်းထောင့်မှာတရွေ့ရွေ့လှုပ်ရှားနေသည့် အရိပ်တစ်ရိပ်ကို တွေ့လိုက်ရသဖြင့် ဖျတ်ခနဲလှည့်ကြည့်မိ၏။ သို့သော် တစ်ဖက်မှပြေးလွှားလာကြသည့် လူတစ်စု၏ညာသံပေးခြင်းက ဆူညံနေလျက်.. ။

"လိုက်..လိုက် ငါတို့ဒီဘက်မှာရှာမယ်.."

"ဒီသေနာလေး..ကိုရွှေညွှန့်ကောင်လေး၊ အတော်ယုတ်မာတယ်..မိရင်အသေသတ်.."

"စကားမပြောတတ်တဲ့ကလေးဆိုပြီး ငါတို့ကတော့..တောက်.."

"ဟုတ်ပကွာ..လင်မယားနှစ်ယောက်စလုံး နည်းတဲ့ဒဏ်ရာတွေမဟုတ်ဘူး..သေမှာပဲ.."



"ခုတောင် ဦးခင်မောင်သတိမှ ပြန်မလည်တော့တာ.."

လူစုက နှစ်စုခွဲသွားပေမယ့် သူတို့ပြောသွားသမျှကို ရှီးအားလုံးကြားလိုက်ရသည်။ သူမရပ်နေတာကိုလည်း မြင်တဲ့သူကမြင်သည်။ ဒါပေမယ့်တစ်ချက်လောက်သာ စူးစိုက်ကြည့်သွားပြီး ဘာမှမမေး ဘာမှလည်းမပြောကြ.. ။

"ဘယ်ရောက်သွားလဲ သောက်အလေး.."

"ရှိမယ်..ဒီနားမှာပဲရှိလိမ့်မယ်၊ သေချာရှာကြ..မိစိုးသေချာမြင်လိုက်တာတဲ့၊ ဒီဘက်ထဲဝင်ပြေးသွားတာ.."

ရှီးဘယ်သူ့ဆီမှာ ရေတောင်းရမှန်းမသိဘဲ ရေအင်တုံနားမှာရပ်နေမိသည်။ ပြီးမှ ကိုယ့်ဘာသာတီးတိုးတောင်းပန်ရင်း ယူလာသည့်ပုံးလေးနဲ့ရေခပ်ယူလိုက်သည်။ အင်တုံထဲမှာရေ တစ်ဝက်သာသာရှိနေသဖြင့် ပုံးနဲ့မပြည့်တပြည့် အသာလေးရလိုက်၏။

ထို့ကြောင့် မိုးမချုပ်ခင်အမြန်ပြန်ဖို့ လှည့်ထွက်လာခဲ့စဉ် မျက်ဝန်းထဲမှာ လှုပ်ရှားမှုတစ်ခုဝင်လာသဖြင့် လှည့်ကြည့်လိုက်မိ၏။ သူမဒီနားရောက်လာတုန်းက ခုနမြင်ယောင်ခဲ့သည့် လှုပ်ရှားမှုပဲဖြစ်၏။ ဒီတစ်ခါရှီးရဲ့ခြေလှမ်းတွေက ထိုဆီတရွေ့ရွေ့ချဉ်းကပ်လာခဲ့၏။

ကောင်လေးတစ်ယောက်.. ။

ကြည့်ရတာအသက်ဆယ့်နှစ်လောက်ပဲရှိလိမ့်ဦးမည် ထင်သည်။ ဝါးရုံပင်နဲ့နီးကပ်စွာပေါက်နေသည့် သစ်ပင်တစ်ပင်ပေါ်ကနေ ဖုတ်ခနဲခုန်ချကာ ရွာဆီကိုရပ်ကြည့်နေ၏။ ရှီးကိုကျောခိုင်းရပ်နေကာ မီးတောက်မရှိတော့သော မီးခိုးလွန့်နေဆဲ ရွာလယ်ဆီကိုငေးနေတာဖြစ်သည်။

ရှီး သူ့ကျောပြင်လေးကိုကြည့်နေရင်း စကားမပြောနိုင်သည့်ကောင်လေးဆိုတာ ဒီကောင်လေးများလားလို့တွေးလိုက်မိသည်။ ဒါပေမယ့် ဒီအရွယ်ချာတိတ်လေးက ယုတ်မာတယ်ဆိုတာ ဘယ်လိုဖြစ်နိုင်မှာလဲ.. ။

သူမကြည့်နေစဉ် ကောင်လေးကဖျတ်ခနဲနောက်လှည့်ကြည့်၏။ ရှီးကိုမြင်လိုက်တော့ ထိတ်လန့်သွားသလိုနောက်ကို ခြေလှမ်းဆုတ်သွားသည်။ ပြီးတော့ နောက်ကိုတဖြည်းဖြည်းထပ်ဆုတ်သွားရာ

www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြေးတော့မှာကို သိလိုက်သဖြင့် ရှီးကလက်ကာ၍.. ။

"ခဏနေဦး.."

ကောင်လေးက ခေါင်းခါ၏။ ဆွံ့အနေပေမယ့် နားတော့ပါးသည့်ပုံပင်။ ရှီးနဲ့အလှမ်းကွာနေသေးတာတောင် နောက်ကခြေလှမ်းပြင်လိုက်တာနှင့် ချက်ချင်းလှည့်ကြည့်တာကို တွေးမိကာ.. ။

"မင်းကိုရွာထဲကလူတွေ လိုက်ရှာနေကြတယ်.."

ကောင်လေးကမျက်ခုံးတန်းလေးတွေ တွန့်ခနဲဖြစ်သွားအောင် စိုက်ကြည့်နေ၏။ တစ်ခုခုပြောချင်တဲ့ပုံလည်းမရှိ။ ကြောက်လန့်ဗျာများနေတာမျိုးလည်းမဖြစ်။ ဒါပေမယ့် ဒီမှာလာပုန်းနေတာလည်း မြင်နေရတာမို့ ရှီးကရှေ့တိုးလိုက်ရင်း.. ။

"ရွာထဲမှာမီးလောင်နေတာ မင်းနဲ့ပတ်သက်နေသလား.."

ဘာမှအမူအရာမပြဘဲ လူကိုစူးစိုက်ငေးနေသဖြင့် ပင့်သက်ရှိုက်မိကာ.. ။

"ဘာပဲဖြစ်ဖြစ် မင်းကသူတို့ကိုဒုက္ခပေးခဲ့တဲ့ကလေးပဲဆိုတာငါသိတယ်..ဒါပေမယ့် ဒီမှာဘာတွေဖြစ်ပျက်နေတယ်ဆိုတာလည်း ငါနဲ့မဆိုင်ပါဘူး၊ တစ်ခုတော့ပြောခဲ့မယ်ချာတိတ်..မင်းဒီအရွယ်လေးထဲက လူအများကိုဒုက္ခပေးနေပြီဆိုရင် အရွယ်ရောက်လာရင် မင်းဘယ်လိုရပ်တည်မလဲ.. "

ကောင်လေးကငေးစိုက်ကြည့်နေတာ မျက်တောင်မခတ်။ ပန်းရောင်ရုပ်အင်္ကျီကွက်စိပ်လေးက အကွက်လေးတွေတောင်ပါးလျားနေပြီဖြစ်ကာ ပန်းရောင်ဆိုတာလည်း ဖြူဖျော့နေပါပြီ။ သို့သော် ညစ်ပေခြင်းမရှိသလို ဖရိုဖရဲဖြစ်နေတာလည်း မဟုတ်.. ။

ကျောင်းစိမ်းဘောင်းဘီတိုလေးကလည်း ခပ်လတ်လတ်ပဲရှိနေခဲ့လျက် ဒီတိုင်းမြင်နေရသည့် ခြေသလုံးလေးတွေရော ခြေဖျားထိပါ ကြေးညှော်ကင်းစင်နေကာ တောကအဆော့သန်သည့်ကလေးတစ်ယောက်ဆိုတာ ထင်ချင်စရာတောင်မရှိပေ.. ။

ပြီးတော့ကလေးမို့ ပါးလေးတွေဖောင်းသလိုရှိပေမယ့် မေးရိုးကားတာသိသာသည်။ မျက်ခုံးကထူပေမယ့် သွယ်တန်းသွားတာမျိုးလည်းမဟုတ်ဘဲ နှာတံပေါ်ပေါ်နှုတ်ခမ်းပါးလေးတွေက ဖိပိတ်ထား



လို့ပါးတာလား..ပါးကိုပါးနေတာလားတော့မသိ။ ရှီးကစိုက်ကြည့်နေသလို ကောင်လေးကလည်း မျက်လုံးတစ်ချက်မှမလွှဲ.. ။

ထို့ကြောင့် ကောက်ချက်ချလိုက်မိသည်။ ဖြစ်နိုင်သည်..ဟု..၊ ရှီးနေရာမှလှည့်ထွက်လာခဲ့သည်။ အံ့ဩသည့်စိတ်ကြောင့် ကိုယ်ပြန်ရမည့်အချိန်ကိုတောင် သတိမရနိုင်။ ဒီကောင်လေးနဲ့မီးလောင်မှု ဘယ်လိုပတ်သက်နေတာလဲ..။ ရွာသားတွေက ကောင်လေးကိုတွေ့ရင် ဘာလုပ်ကြမှာလဲ.. ။

ရှီးခြေလှမ်းသွက်သွက်လျှောက်ခဲ့ရင်း ကားဆီရောက်ကာနီးတွင်.. ။

"ဟော့.."

"ဟိတ်ကောင်မလေး..အဲ့ဒီမှာရပ်နေဦး.."

"ဟေး..ခဏနေဦး.."

ကိုယ့်ကိုတားဆီးနေကြမှန်းသိလိုက်ကာ ရှီးထိတ်ခနဲဖြစ်သွားရင်း ခြေလှမ်းတွေပါရပ်သွား၏။ ပြီးတော့ လှည့်ကြည့်လိုက်မိလျှင် ရွာသားလေးငါးယောက် တုတ်တွေကိုယ်စီဆွဲထားလျက် ဒီဘက်ကိုပြေးလာနေကြကာ.. ။

"နင်နဲ့ဟိုကောင်လေးပါသွားတယ်မို့လား.."

"ဘယ်ကောင်လေးလဲ..ဘယ်သူမှကျွန်မနဲ့မပါပါဘူး.."

ရှီးပျာပျာသလဲဖြေရှင်းမိကာ ရေပါလာသည့်ပလပ်စတစ်ပုံးလေးကို အားလုံးမြင်အောင်မြှောက်ပြရင်း.. ။

"ကျွန်မလမ်းပေါ်မှာကားပျက်နေလို့ ရေဝင်တောင်းတာပါ.."

ရွာသားတွေက ကားကိုလှမ်းကြည့်ကြပြီး သူတို့ချင်းမျက်လုံးချင်းတိုင်ပင်ကြ၏။

"ကျွန်မအိမ်ရှင်မတွေ့လို့ ရေကိုတော့မပြောဘဲ ခပ်လာခဲ့မိပါတယ်..အဲ့အတွက်တော့.."

"မဟုတ်ဘူး..နင်နဲ့ပါသွားတာပဲဖြစ်မယ်.."

တစ်ယောက်ကဇွတ်အတင်း စွပ်စွဲနေကာ.. ။

"သူကခရီးသွားတစ်ယောက်ပါ ကိုပေါ်ရာ..ဟုတ်ချင်မှဟုတ်မှာပါ.."

www.burmeseclassic.com

www.burmeseclassic.com



"ကဲကွာ..ရှင်းသွားအောင်ငါတို့သူ့ကားထဲမှာ သွားရှာကြည့်လိုက်မယ်၊ ဒီကားအပြင်ဘယ်မှာဝှက်ထားစရာရှိလို့လဲ.."

"ဟုတ်တယ်..ကဲ မိန်းကလေး၊ ငါတို့ကို ကားထဲကိုလိုက်ပြ.."

"ရပါတယ်..ကြည့်လို့ရပါတယ်.."

ရိုးကကားကိုလော့ခ်ဖွင့်လိုက်ပြီး ကိုယ့်ဘာသာတံခါးပြေးဖွင့်ပြလိုက်သည်။ နောက်ထပ်ရွာသားတွေ ထပ်ရောက်လာကြကာ သူတို့ချင်းစကားတွေပြော၍ ကားထဲကိုကုန်းကွခေါင်းဝင်ကြည့်ကြ၏။ တချို့က တုတ်တိုတုတ်ရှည်တွေကိုင်ထားကြကာ တချို့ကဓားမကြီးတွေနဲ့ဖြစ်သည်။

ဒီရွာနားကျမှ ကားပျက်ရသည့်အဖြစ်နှင့် သူမရွာနားရောက်ကာမှ မီးလောင်ရသည့်အဖြစ်တွေက သူမအတွက်ကံဆိုးမိုးမှောင်ကျစေခြင်းကိုသာ ဖြစ်စေသည်မို့ သူတို့ကိုင်ထားသည့်တုတ်တွေဓားတွေကိုကြည့်ရင်း ရိုးအသက်ရှူမှားမတတ် ကြောက်လန့်နေခဲ့၏။ ကားထွက်ခွင့်ရသည်နှင့် ရေတိုင်ကီကိုရေဖြည့်၍ မောင်းထွက်ခဲ့လျှင် မိုးစုပ်စုပ်ချုပ်ပြီဖြစ်သည်။ သူမ မန္တလေးကိုမိုင်ငါးဆယ်လောက် မောင်းရဦးမှာဖြစ်သည်။

ဒီလိုပုံနဲ့ကားကိုလည်း အကြမ်းပတမ်းမမောင်းရဲတော့သည်မို့ ဘယ်အချိန်မှ ပြန်ရောက်မလဲဆိုတာမပြောနိုင်။ ထိုစဉ်နောက်ကြည့်မှန်ထဲမှာ လှုပ်ရှားမှုတစ်ခုကို မြင်လိုက်သဖြင့် ထိတ်ခနဲဖြစ်သွားကာ ကားကိုလမ်းဘေးဆွဲချလိုက်မိသည်။ ပြီးတော့ အတွင်းမီးဖွင့်၍ လှည့်ကြည့်လိုက်လျှင်.. ။

"ဟင်.."

မထင်မှတ်ဘဲ လူတစ်ယောက်လုံးကြီးငုတ်တုတ်ထိုင်နေတာမြင်လိုက်ရသဖြင့် ရိုးလန့်ဖျန့်အံ့သြလျက်.. ။

"နင်..နင်ငါ့ကားထဲမှာ.."

ရွာမှာသူမတွေ့ခဲ့သည့်ကောင်လေး..သို့တည်းမဟုတ် ရွာသားတွေအသည်းအမည်းရှာဖွေနေကြသည့် စကားမပြောတတ်သော..၊

"နင်ဘယ်လိုလုပ်ဝင်နေတာလဲ..ဘယ်တုန်းက တက်လိုက်တာလဲ၊ ဆင်း..ဆင်း ခုချက်ချင်းဆင်း.."



မေးနေရင်းဒေါသထွက်လာကာ ရိုးကားထဲကထွက်သွားပြီး နောက်တံခါးဆွဲဖွင့်ကာ.. ။

"ဟဲ့..ပြောနေတာမကြားဘူးလား၊ ဆင်းစမ်း..ခု.."

ကောင်လေးက ငုတ်တုတ်ထိုင်နေတာ တုတ်တုတ်တောင်မလှုပ်ပေ။ ဆင်းခိုင်းနေလည်းဆင်းမည့်ပုံမရှိရာ ရိုးကကောင်လေးရဲ့လက်ကို လှမ်းဆွဲ၍.. ၊

"နင်ကဘာမို့လို့ ငါကတင်ခေါ်ရမှာလဲ..လာခဲ့၊ ဆင်း ခုချက်ချင်းဆင်း.."

ကောင်လေးက ယိုင်နဲ့သွားသော်လည်း လက်တစ်ဖက်နဲ့ထောက်ခံထားပြီး ခေါင်းတွင်တွင်ခါနေ၏။ ရိုးဒေါသထွက်ပြီးရင်းထွက်နေရလျက် တက်ခေါက်လိုက်မိသည်။ တစ်လမ်းလုံးက မှောင်နဲ့မည်းမည်းဖြစ်နေကာ အဝေးပြေးလမ်းမကြီးက အသက်ကင်းမဲ့နေ၏။ သွားလာနေသည့်ကားတွေရှိသော်လည်း မီးရောင်တွေကိုမြင်ရတာ ဟိုတစ်စဒီတစ်စ.. ၊

ကိုယ့်အနီးဝန်းကျင်ကိုပဲ ပြန်၍ထိတ်လန့်လာမိကာ ကားထဲပြန်ဝင်လိုက်ရသည်။ ပြီးမှနောက်ခန်းထဲကိုလှည့်၍.. ၊

"အေး..လိုက်ခဲ့ပေါ့၊ ငါနင့်ကိုဟိုရောက်ရင် ရဲလက်အပ်မယ်..ဟိုရွာကို.."

ရွာနာမည်ကိုစဉ်းစားလိုက်သေးသည်။ ဘာမှမသိတော့မှ.. ၊

"အဲ့ရွာကိုမီးရှို့ခဲ့တဲ့ကလေးပါဆိုပြီး သက်သေပါလိုက်ပေးလိုက်ဦးမယ်.."

ပြောလိုက်ပေမယ့်ကောင်လေးက ငေးစိုက်ကြည့်နေတာကိုမရွှေ့။ ဒါကိုမထိလေးစားလုပ်နေခြင်းလို့ပဲ မြင်မိသည်။ ကားပေါ်ကနေဆွဲချလို့မရတာအတွက်လည်း တနုံ့နုံ့ဖြစ်နေဆဲမို့ ရိုးဒေါသတွေတရိပ်ရိပ်ပြန်တက်လာ၏။ ထို့ကြောင့်ခြေထောက်နားမှာ တမင်ထည့်ယူလာသည့် သံတုတ်ကိုကောက်ယူလိုက်ကာ.. ၊

"နင်ကကျူးကျော်လာတာပဲ..နင့်ကိုငါမရရအောင် ရိုက်ချမယ်ကြည့်နေ.."

မကောင်းမှုတွေလုပ်လာသည့်ကောင်လေး..။ ပြီးတော့ ဟိုရွာ

www.burmeseclassic.com

www.burmeseclassic.com



သားတွေကိုလည်း ခုထိလန့်နေမိကာ ရိုးရဲ့ဆုံးဖြတ်ချက်က ခိုင်မာသွား၏။ တုတ်ကိုကိုင်၍ ကားထဲကဒုတိယတစ်ခါ ထွက်လိုက်မိသည်။ လူတစ်ယောက်ကို သူမမရိုက်ခဲ့ဘူးခဲ့ပေ။ အထူးသဖြင့် ယခုကဲ့သို့ သေစေနိုင်သည့်လက်နက်ဖြင့် မျက်နှာချင်းဆိုင်ရိုက်ဖို့ဆိုတာ တွေးတောင်မတွေးဘူးခဲ့ပေ.. ၊

ကိုယ်ကလူမရိုက်ဖူးသလို ဒီကောင်လေးကရော တကယ်ရိုက်ခံရတော့မည်ဆိုရင် မကြောက်ဘဲနေမလား..။ မှင်ကောင်းဖို့တော့လို၏။ ရိုးကတုတ်ကိုကိုင်၍ တံခါးကိုနောက်တစ်ခါဆွဲဖွင့်လိုက်လျှင်..

"ခင်ဗျားကိုရိုက်မယ့်လူတွေ လာတော့မယ်.."

ဟင်.. ၊

ပတ်ဝန်းကျင်ကိုကြောက်စိတ်ရှိနေတုန်းမှာ စကားသံတစ်ရပ်ကြားလိုက်ရသဖြင့် ရိုးတစ်ကိုယ်လုံးကျင်ခဲတုန်ခါသွား၏။ ငုံ့ကြည့်လိုက်တော့ ကောင်လေးကသူမကို ငဲ့ကြည့်နေ၏။

"မင်းပြောလိုက်တာလား..မင်း မင်းကစကားမပြောနိုင်ဘူးဆို၊ 'အ'နေတာဆို.."

"ကျွန်တော့်မှာ အမွှာညီတစ်ယောက်ရှိတယ်.."

နောက်ထပ်အံ့သြရပြန်ပြီ။ တုတ်ကိုကိုင်လျက် ဘာလုပ်ဖို့ဆင်းလာမိမှန်းတောင် မသိတော့ဘဲ ရိုးရှေ့ထပ်တိုး၍ သေချာကြည့်မိ၏။

"အ နေတာက မင်းမဟုတ်ဘူးပေါ့..ရွာကိုမီးရှို့တာ မင်းမဟုတ်ဘူးလို့ ပြောလိုက်တာလား.."

ကောင်လေးကမဖြေ.. ၊

"ဟဲ့..မအရင်လည်းဖြေလေ၊ ငါရိုက်ထည့်လိုက်ရ.."

"ခင်ဗျားကိုရိုက်မယ့်လူတွေမလာခင် ထွက်ပြေးလိုက်ပါလား.."

"နင်ကဘာမို့လို့ ငါ့ကိုအမိန့်ပေးနေတာလဲ..ဒီနေရာမှာ ငါ့အန္တရာယ်ကနင်ပဲ၊ မှန်မှန်ဖြေစမ်း..နင်တို့ဘာတွေလုပ်ခဲ့ကြတာလဲ၊ အခုအငယ်ကောင်လေးက ဘယ်မှာလဲ..ညာမယ်မကြံနဲ့နော်.."

အဖြေကိုစောင့်ပေမယ့် ဘာမှလည်းပြန်မလာပေ။ သို့သော် ကောင်လေးက မတုန်မလှုပ်ကြည့်နေရင်း.. ၊

"ခင်ဗျားပြေးလည်း မလွတ်တော့ဘူး.."



ပြောပြန်ပြီ.. ၊

ဒီကောင်လေးဘာလို့ ဒါကိုပဲထပ်ထပ်ပြောနေတာလဲ..သူမတစ်ခုခုပြောမလို့ ပြင်လိုက်စဉ် လမ်းပေါ်မှာဒီတိုင်းပြေးသွားနေသည်ထင်ခဲ့သော ကားတစ်စီး၏မီးရောင်က ဝင်းခနဲထိုးကျလာ၏။ ပြီးတော့ သူမတို့ကားဆီ တည့်တည့်ကြီးဝင်လာကာ ကားချင်းတိုက်မတတ်နီးကပ်စွာရပ်သွားခဲ့လျက်.. ၊

"ကျွိ.."

ဘရိတ်အုပ်လိုက်သည့်အသံက ကျယ်လောင်စွာကျန်ရစ်၏။ အကယ်၍ကားကိုဝင်တိုက်လိုက်ရင်လည်း ရိုးကလွတ်မှာမဟုတ်ပါ။ ဒါမှမဟုတ် ဘေးကိုလွှဲချပြီး လူကိုတိုက်မည်ဆိုရင်လည်း ရှောင်ဖို့တိမ်းဖို့ကို ရိုးဘယ်လိုမှအားထုတ်မိမှမဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော် ထိုကားပေါ်ကလူတွေ သူမရှေ့ရောက်လာကြတဲ့အထိ သူမရဲ့တောင့်မတ်ကြောင်ငေးနေခြင်းက မပြီးနိုင်.. ၊

"ညည်းကသူဌေးဦးသီလအောင်ရဲ့ သမီးငယ်ကြာနွယ်ရိုးဆိုတာလား.."

ရိုးကအမျိုးသမီးကြီးရဲ့မျက်နှာကို စေ့စေ့စပ်စပ်ငေးကြည့်နေပြီးမှ.. ၊

"အန်တီကမိန်းမဖြစ်နေပြီး လူတစ်ယောက်ကိုကားနဲ့တိုက်သတ်ဖို့ ကြိုးစားတဲ့အထိ ကြမ်းတမ်းရလား.."

"အံမာ.."

အသက်လေးဆယ်ဝန်းကျင်အမျိုးသမီးက တောနယ်ဘက်က အမျိုးသမီးကြီးတွေအတိုင်း ဝတ်ဆင်ထားကာ ကိုယ်ပေါ်မှာလည်း ရွှေလက်ဝတ်ရတနာတွေချည်း ညွတ်နေအောင်ဝတ်ထားသည်။ သို့သော် မောင်းသူဘက်မှဆင်းလာတာမို့ ဝီလီဂျစ်ကားအဟောင်းလေးကို သူမပဲမောင်းလာတာသေချာပါသည်။ အမျိုးသားကြီးတစ်ယောက်ပါသေးပေမယ့် ခုထိဘေးမှာရပ်နေတုန်း.. ၊

"ညည်းကိုငါ ဝင်မတိုက်ရသေးဘူး..စကားကြီးစကားကျယ်တွေ ဓမ္မနေနဲ့၊ အေး..တကယ်တိုက်သတ်ချင်တဲ့စိတ်ဖြစ်မလာစေချင်ရင်တော့ ငါ့ခွေးမနဲ့သားလက်မှတ်ထိုးလိုက်တဲ့ အရောင်းအဝယ်စာချုပ်

www.burmeseclassic.com

www.burmeseclassic.com



တွေ အခုချက်ချင်းထုတ်ပေး.."

"ဘာအတွက်လဲ..အဲ့မြေအတွက် ရွှေ့နေရွှေ့ရုပ်တွေနဲ့သေချာ.."

"ကြာလိုက်တာကွာ..ဘာရွှေ့နေရွှေ့ရုပ်လဲ၊ မင်းတို့စိတ်တိုင်းကျမယ့်လူကြီးဆိုတဲ့သတ္တဝါတွေဆွဲခေါ်လာတာ ငါတို့ဘက်က လုံးဝအသိအမှတ်မပြုဘူး..ငါ့သားနဲ့ချွေးမကလည်း ဒါကိုဆုံးဖြတ်ရောင်းချခွင့်မရှိဘူး၊ ဟော့ကောင်တွေလာကြစမ်း..ဒီကားထဲကိုရှာကြ.."

"ရှင်တို့နော်..ကျွန်မကားထဲကို ရှာရဲရင်ရှာကြည့်.."

"ဘာလို့မရှာရဲရမှာလဲ.."

ပြောနေတုန်းဂျစ်ကားပေါ်ကနေ လူရွယ်နှစ်ယောက်ဆင်းလာကြကာ.. ။

"အသာတကြည်ထုတ်ပေးလိုက်တာ မဟုတ်ဘူးကွာ..သက်သက် အလုပ်ရှုပ်ရအောင်.."

"မင်းအဖေမတရားသိမ်းပိုက်ဖို့ ကြိုးစားနေတာတွေ တခြားလူတွေကပါ နားလည်နေကြပြီ..အားလုံးအံ့ကြွလာမှ ပြေးပေါက်ပိတ်မယ်.."

"ချပ်..ဂျိမ်း.."

"ဂျိမ်း.."

ရှေ့တံခါးနောက်တံခါးတွေ တစ်ခုမကျန်လိုက်ဖွင့်ပြီး တစ်ယောက်ကကိုယ်တစ်ပိုင်းလုံး ကားထဲရောက်နေအောင် မွှေနှောက်ရှာ၏။ တော်တော်ကြာအောင် ရှာနေကြပြီးမှ.. ။

"ဂျိမ်း.."

တစ်ယောက်ကတံခါးကို စိတ်ပျက်လက်ပျက်တွန်းထည့်ပိတ်လိုက်ကာ.. ။

"ဘာမှမရှိဘူး..စာရွက်ဆိုလို့ တစ်ရှူးစုတ်တွေပဲရှိတယ်.."

"ဘာ.."

အမျိုးသမီးကြီးဒွေ့ဒွေ့ခုန်မတတ်ဖြစ်သွားသည်။ ဘယ်လိုမှမကျေနပ်ကြဘဲ လေးယောက်စလုံးနောက်တစ်ခါဝင်ရှာကြ၏။ နောက်ဆုံးကားနောက်ဖုံးကြီးကို ဂျိမ်းခနဲရိုက်ချပြီး ပိတ်ပစ်လိုက်သဖြင့် ကားတစ်စီးလုံး သိမ့်သိမ့်တုန်သွား၏။



"နင်ပြန်သွားတာ ခုမှလမ်းပေါ်ပဲရောက်သေးတယ်..ဘယ်မှာလဲ အဲ့ဒီစာချုပ်နဲ့စာရွက်စာတမ်းတွေ.."

ရိုးက နှုတ်ခမ်းလေးကို ဖိကိုက်ပစ်လိုက်ပြီး မော့သည်။ ပြီးတော့.. ။

"ဟုတ်တယ်..ကျွန်မပြန်လာတည်းက သူတို့စောင့်ယူသွားကြတာ.."

"ဘာပြောတယ်.."

ရိုးပြောလိုက်တဲ့အတိုင်း ချက်ချင်းယုံသွားကြ၏။ 'မသိဘူး'ပြောနေမှ ပိုဆိုးမှာကိုတွေးမိသဖြင့် တမင်ပြောလိုက်ရပေမယ့် ဘယ်လိုအခြေအနေဆိုးရွားလာမလဲဆိုတာ ကိုယ့်ကံကြမ္မာပဲဖြစ်သည်။ သို့သော်.. ။

"သိတယ်..ဦးသီလအောင်က နာမည်ကျော်သွေးစုပ်ဖုတ်ကောင်ကြီးပဲ၊ ဒါတွေအကွက်မြင်မှာပေါ့..လုပ်သွားတာကိုက ငါတို့ကစ်ရပ်ကွက်လုံးမှာ လူကြီးတွေအလုပ်ရှုပ်နေတဲ့အချိန် လူငယ်တွေကိုမက်လောက်အောင်ပေးပြီး ရိတ်လှိုးသွားတာ.."

သူတို့ချင်းမျက်လုံးချင်းတိုင်ပင်ရင်း လက်သီးဆုပ်ကြိမ်းဝါးနေကြ၏။ တကယ်တော့ မြေကိစ္စ ကြွေးကိစ္စတွေကို ရိုးသေချာဘာမှမသိခဲ့ပေ။ ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှာတော့ ဖေကြီးကအရမ်းတော်သည့် စီးပွားရေးလုပ်ငန်းရှင်ကြီးဖြစ်လျက် ပါတနာတွေတောင်အားထားအလေးပြုရသည့်သူ.. ။

"ပြန်ပြောလိုက်စမ်းဟော့..နင့်အဖေထမင်းဝအောင် စားထားစမ်းလို့.."

ထမီကိုလက်နှစ်ဖက်နဲ့ စုံကိုင်'မ'ထားပြီး အဝေးကတစ်ယောက်ယောက်ကို လှမ်းအော်သည့်အသံမျိုးဖြင့် ဒေါသတကြီးအော်၍.. ။

"ဟိုဘဝကပါလာသမျှလေးမကုန်ခင် ဝအောင်မျိုးရသလောက်ယက်ထားလိုက်၊ မကြာခင်ခွက်ဆွဲတောင်းစားရမယ်ဆိုတာ မယုံမရှိနဲ့.."

"ရှင် ကျွန်မအဖေကို မစော်ကားနဲ့.."

ရိုးဘာမှမမြင်တော့အောင် ဒေါသတွေဆူပွက်လာလျက် အမျိုး

www.burmeseclassic.com

www.burmeseclassic.com



သမီးကြီးဆီ ပြေးဝင်သည်။

"အံမာ..ကန်းမလေး.."

"အား.."

လူကြီးက ရှေ့ကနေလက်ဆန့်တားလိုက်ပြီး ထိုလက်ကိုပုတ်ထုတ်ပစ်လိုက်သဖြင့် ရှိုးနောက်ပြန်ယိုင်သွားပြီး ဘုန်းခနဲလဲ၏။

"ရှေ့မှာတော့ နာမည်ကောင်းယူပြီး ဟိုဟာလုပ်ပြ ဒီဟာတွေလုပ်ပြ ရက်ရောလိုက်တာမှ ပြစရာမရှိဘူး..နောက်ကွယ်မှာငါတို့လိုလူတွေဆီက မသထာရေစာတွေခွတ်ဓားပြတိုက် မချိမဆန့်ဝါးမျိုနေတာ..ဟွန်း ဘာများထူးလို့လဲ၊ နင်တို့ကမှ ဓားပြ..သူတောင်းစားငရဲကြီးရှစ်ထပ်က လိုင်စင်ရအကြီးစားဓားပြတွေ.."

မိန်းမကြီးက သူ့ကားပေါ်ပြန်ရောက်သွားတဲ့အထိ အော်ဟစ်နေတုန်းရှိကာ.. ၊

"ဂုန်ပါပြီ..ငါပိုင်သမျှဥယျာဉ်ခြံမြေလေးတွေ၊ ငါ့မိဘတိုးဘွားထားခဲ့တဲ့အမွေတွေ.."

"မကုန်ပါဘူးအမေရာ..ပြုသူအသစ် ဖြစ်သူအဟောင်းပါ၊ မစားထိုက်တာစားရင် သံရည်သံခဲမျိုချရသလိုပါပဲ..ကျွန်တော်တို့ချည်းပဲခံရတာလည်း မဟုတ်ဘူး.."

"ဟုတ်တယ်..ဒီကိစ္စမရှုံးသေးပါဘူး၊ စာချုပ်ပြီးသွားတော့လည်း ဘာဖြစ်လဲကွ..ဘယ်ရှုံးရောက်ရောက်ငါတို့တစ်ကွင်းလုံး လူစုပြီးတက်မယ်..သက်သက်ဆင်းရဲတဲ့လူတွေကို ဖိအားပေးပြီးစာချုပ်သွားတာ.."

ဒီတိုင်းဖွင့်လျက်သား သူတို့ရဲ့ကားမီးရောင်က ကားပြန်ကွေ့သွားသည့်အတိုင်း ကိုယ့်ရှေ့ကနေပျောက်ကွယ်သွားခဲ့သည်။ သို့သော် ပြောဆိုသွားကြသည့်စကားသံတွေက နားထဲမှာပွက်လောရိုက်ကျန်ရစ်၏။

ရှိုးလဲကျနေရာမှ ခပ်ဖြည်းဖြည်းထရပ်ရင်း ကိုယ့်ကိုယ်ကဖုန်သဲတွေကိုလည်း မခါဖြစ်။ သူမရှေ့ကိုရောက်လာသည့် ကောင်လေးကိုလည်း မေးမြန်းဖို့သတိမရ။ ရင်ထဲမှာနင့်နေသည်က ကိုယ်အသုံးမကျသည့်အတွက် သူများပြောခွင့်ရသွားသည်။ ဖေကြီးကိုပက်ပက်



စက်စက်ပြောဆိုနေတာတွေကိုလည်း မတားဆီးနိုင်ခဲ့..ထိုစဉ်.. ၊

"ဟိတ်..ရပ်စမ်း.."

မပြောမဆိုချင်ပေမယ့် ကိုယ့်ဘာသာတံခါးဖွင့်ပြီး ကားထဲဝင်တော့မလို့ရပ်နေသည့် ကောင်လေးကြောင့် ဒေါသထွက်ကာ.. ၊

"နင့်ကိုဘယ်သူက ကားပေါ်တက်ခိုင်းလို့လဲ..ဘယ်မှာလဲငါ့အိတ်.."

ကောင်လေးက အရုပ်တစ်ရုပ်လို သူမဘက်ပြန်လှည့်ပြီး နှုတ်ဆိတ်ရပ်နေ၏။

"ငါမေးနေတယ်လေ..ဟိုလူတွေရှာကြတော့ ငါ့အိတ်ကိုယူပြီးနင်ဆင်းပုန်းနေတာငါသိတယ်၊ အိတ်ဘယ်မှာလဲ.."

ကောင်လေးကခေါင်းခါလိုက်သဖြင့် ရှိုးရှေ့တိုးကာကောင်လေးရဲ့လက်မောင်းတစ်ဖက်ကို ဆတ်ခနဲဆောင့်ဆွဲလိုက်ရင်း.. ၊

"ဘာကိုခေါင်းခါတာလဲ..စကားပြောနိုင်ရဲ့သားနဲ့ 'အ'အလိုလုပ်မနေနဲ့နော်..ငါရိုက်ပစ်မှာ.."

မှောင်နဲ့မည်းမည်းမှာ ကားတစ်စီးလာနေသဖြင့် ဖြာကျလာသည့်အလင်းရောင်သည် အဝါနုရောင်ဖျော့ဖျော့လေး ဝတ်ထားလျက်ခါးလောက်ဆံပင်တွေကို ဖြန့်ချထားသည့် ရှိုးရဲ့ပုံရိပ်လေးပေါ် လုံလောက်စွာဖြန့်ကျက်လာသည်။ ဝင်းနုမှုန်ညက်နေသည့် စကားဝါရောင်ပါးပြင်လေးနှင့် သန္တာရောင်နှုတ်ခမ်းသားတို့က မီးရောင်တစ်ပြေးမှာပဲ လျှပ်စီးလက်သွားခဲ့၏။ ကားဖြတ်ပြီးသွားသည်နှင့် ပတ်ဝန်းကျင်ကပြန်လည်မှောင်မိုက်သွား၏။

"ဟဲ့ ကောင်လေး.."

"ကျွန်တော်မယူထားပါဘူး.."

"ဘာ.."

"အိတ်ကခင်ဗျားကားပေါ်မှာ.."

"ဘာပြောတယ်.."

ဒေါသနှင့်အတူ အံ့ဩခြင်းကပိုကဲနေသည်။ ဒီအိတ်နဲ့ဖိုင်ကိုသူတို့သေချာရှာနေကြပြီး လုံးဝတွေ့မသွားခဲ့တာ ဒီကောင်လေးယူထားပြီး ဆင်းပုန်းနေလို့မဟုတ်ဘူးလား..။ ဒီလိုမှမဟုတ်ဘူးဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



ဟိုလူတွေ ဒါကိုမတွေ့ဘဲနေမှာမဟုတ်.. ။

တံခါးဖွင့်ပြီး အထဲကိုငုံ့ကြည့်လိုက်တော့ သူမဒီခရီးစထွက်လာတည်းက ကိုယ်ပေါ်ကအဖိုးတန်လက်ဝတ်ရတနာတချို့နဲ့ဖိုင်ထည့်ခဲ့သောနောက်ခုံကြားထဲက အံဝှက်ကဒီတိုင်းပွင့်လျက်သားဖြစ်နေကာ အိတ်ကဘယ်ဘက်တံခါးနားမှာ.. ။

"ဖိုင်ရော.."

ကောင်လေးက မေးခွန်းမေးလိုက်တိုင်း တိတ်ကျသွားတတ်သည့်ပုံစံအတိုင်း ချက်ချင်းအသံမထွက်ပေ.. ။

"ဟဲ့ကောင်လေး..ပြောလေ၊ ငါ့ဟာတွေနင်ယူထားပြီး ကားအောက်ဆင်းပုန်းနေတာ ငါသိတယ်နော်..အိတ်ကိုပြန်ထားပြီး ဖိုင်ကဘယ်မှာလဲ၊ အဲ့ဒါစာရွက်စုတ်တွေမဟုတ်ဘူး.."

"ကျွန်တော်သိပါတယ်.."

ကြည့်စမ်း..ပြောပုံက.. ။

အသည်းယားယားနှင့် ခေါင်းကိုခေါက်ထစ်ပြီး လက်မောင်းတွေ ကျောပြင်တွေကို စည်တီးသလိုအားပါးတရ ထုနှက်ရိုက်ပစ်ချင်စိတ်တွေ တဖွားဖွားဖြစ်လာခဲ့လျက်.. ။

"သိရင်ပြောလေ..အဲ့ဒါဘယ်မှာလဲ.."

"ကျွန်တော်ဝှက်ထားတာ.."

"ဘာ..အံမာ လူပါးဝလိုက်တာ၊ နင်ကဘာမို့လို့ ငါ့ပစ္စည်းကို.."

ဒေါသကြီးကာ လက်ကိုတအားလွှဲမြောက်လိုက်မိ၏။ သို့သော်သတိရလိုက်သည့်ခဏမှာ စိတ်ကိုချုပ်တီး၍.. ။

"နေစမ်းပါဦး..ပိုက်ဆံပါတဲ့အိတ်ကိုတော့ ပြန်ထားပြီး ဖိုင်ကိုမှ.."

ပြောနေရင်း တစ်စုံတစ်ခုကိုသတိရသွားကာ.. ။

"ငါ့အိတ်ထဲကပိုက်ဆံတွေ..နင်.."

"ကျွန်တော်မယူဘူး.."

ဒါကျတော့ မမေးရသေးဘဲဖြေနေသည်။ လေသံကကလေးနဲ့မတန်အောင် မာကျောလျက် ကားထဲကမီးရောင်နဲ့မြင်နေရသည့်မျက်နှာပုံက ဒေါသမောဟတွေနှင့်.. ။



"တောက်.."

ဒီလိုကလေးမျိုးက ဒီမျက်နှာဒီလေသံနဲ့လာတော့ တနုံ့နုံ့ဖြစ်ရသည့်ဒေါသသည် ဒီလိုကလေးလေးက ပိုက်ဆံကိုမယူဘူးဆိုတာကိုဘယ်လိုမှလက်မခံနိုင်သည်မို့ အိတ်ကိုလှမ်းယူလိုက်ပြီး..၊

"ငါ့ပိုက်ဆံ ငါ့ပစ္စည်းတွေကိုလက်ရာပျက်တာတောင် ငါသိတယ်..နင်အဲ့မှာနည်းနည်းမှမလှုပ်ဘဲ ရပ်နေလိုက် နင်နဲ့ငါတွေ့မယ်.."

အိတ်ကိုဖွင့်စစ်ရင်း ပါးစပ်ကလည်းမနားတမ်း ကြိမ်းဝါးနေမိသည်။ ဒါပေမယ့် ပစ္စည်းရောပိုက်ဆံတွေပါ ထားတဲ့အတိုင်းမယုတ်မလျော့ရှိနေသည့်အပြင် အိတ်ကိုဖွင့်ထားသည့်လက်ရာတောင် မရှိတာကိုလည်း သတိထားလိုက်မိသည်။ ဒါကိုလည်း မကျေမနပ်ဖြစ်နေမိကာ.. ။

"ဘယ်မှာလဲငါ့ဖိုင်..နင်ကဝှက်ထားပါတယ်လို့ ပြောရဲရအောင်နင့်ကိုယ်နင်ဘာထင်နေသလဲ..ပေး..ငါ့ဖိုင်.."

"ကျွန်တော့်ကိုမန္တလေးထိ ခေါ်သွားမှာလား.."

"အံမာ.."

လူကိုအပေးအယူတွေ လာလုပ်နေတာပါလား.. ဒေါသထွက်ရမည့်အစား အရှိအသေပေး၍ ဆရာခေါ်ရတော့မလို တအံ့တသြကြည့်မိလျက်.. ။

"နင့်ကိုကားပေါ်တင်မသွားရင် ဖိုင်ပြန်မပေးဘူးပေါ့.."

"ကျွန်တော့်ကိုခေါ်သွားပေးပါ..ခင်ဗျားကိုကျွန်တော် ဒုက္ခမပေးပါဘူး.."

"မခေါ်နိုင်ဘူး..ငါ့ဖိုင်ခုချက်ချင်းပေး၊ မပေးရင်.."

"ကျွန်တော်မပေးရင် ခင်ဗျားလည်းအကြာကြီးနေနေရမှာပဲ..ဒါပေမယ့် ခေါ်သွားပေးရမှာပဲဆိုတော့ ခုပဲသွားလိုက်ရအောင်ပါ.."

"နေစမ်းပါဦး..နင့်ကိုယ်နင် ဘယ်လိုလေလုံးကြီးနေသလဲဆိုတာရော ပြန်သတိရရဲ့လား၊ အရွယ်လေးလက်တောက်လောက်နဲ့လုပ်တော့သူခိုးဂျပိုးအလုပ်..ပြောတော့ လေသံကကောင်းကင်မှာ.."

"ကျွန်တော်ဘာမှမခိုးပါဘူး..အဲ့ဒီစာရွက်တွေကိုလည်း စစ်ဆေးကြည့်ပါ၊ ကျွန်တော့်ကိုမန္တလေးကိုခေါ်သွားပေးပါ.."

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေအရပ်ရပ်ကို စဉ်းစားသောအခါ မှောင်နဲ့မည်းမည်း ညကြီးမှာ သူမဘာမှမတတ်နိုင်ဘဲဖြစ်ခဲ့ရကာ.. ။

(၁)

အခန်း(၂)

"နင့်နာမည်ဘယ်သူလဲ.."

"လူကြမ်း.."

ကားမောင်းနေရင်း ဖျတ်ခနဲလှည့်ကြည့်လိုက်မိသည်။ ကောင်လေးကတော့ ဘေးမှာထိုင်နေပေမယ့် သူမဘက်ကိုကိုယ်တစောင်းလေးလှည့်၍ ငေးမောကြည့်နေခဲ့ပြီး.. ။

"ရွာမှာဆို ကြမ်းလို့ခေါ်ကြတာ.."

"ကြမ်း ဟုတ်လား..ဂျမ်းလားကြမ်းလား၊ မင်းစာတတ်တယ် မှတ်လား..ဂငယ်နဲ့ဂျမ်းတာလား၊ ကကြီးနဲ့ကြမ်းတာလားလို့မေးတာ.."

"ကြမ်း.."

ကကြီးနဲ့ကြမ်းတဲ့အသံကို သေချာထွက်ပြတော့ ရိုးအံ့သြသွားသည်။ ဂျမ်းဆိုတဲ့နာမည်တွေကို ကြားဖူးခဲ့သည်။ လူကြမ်းကိုလည်း လူဂျမ်းဆိုတဲ့အသံနဲ့ပြောကြတာပဲမို့ ကောင်လေးကကြမ်းသံနဲ့ပြောပြတော့ မယုံနိုင်။ ဒါပေမယ့် ကောင်လေးမျက်နှာကို စေ့စေ့စပ်စပ်ကြည့်ပြီး ရှေးဟောင်းနှောင်းဖြစ်မေးရလောက်အောင် စိတ်ထဲကမကျေနပ်မှုတွေကိုလည်း ဖုံးဖိလို့မရ။ သို့သော်ငြားလည်း မနေနိုင်ပြန်ရာ.. ။

"နင့်ညီက ရွာကိုဘာလို့မီးနဲ့ရှို့တာလဲ.."

"မသိဘူး.."

လှည့်ကြည့်လိုက်တော့ လူကိုစိုက်ကြည့်ပြီးဖြေတာမို့ နောက်ဆပ် မထီလေးစားပြုခြင်းကို ထောင်းခနဲဖြစ်သွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီလူကြီးက လူတွေမသိအောင် အရက်သောက်တယ်.."

ဒီတစ်ခါ ဂျန်းကစိတ်လိုလက်ရပြောလာတာဖြစ်ကာ.. ၊

"ပြီးတော့ ဘယ်သူမှမသိအောင် ကြီးကြီးကိုပါးစပ်ပိတ်ရိုက်တယ်.."

"အဲ့ဒီလူကြီးဆိုတာ ဘယ်သူလဲ.."

"ကြီးကြီးယောက်ျား.."

"အဲ့ဒါကြောင့် မီးရှို့သတ်လိုက်တာလား.."

တအံ့တသြအထင်သေး ထိတ်လန့်စွာပွင့်ဟနေသည့် ရိုးရဲ့နှုတ်ခမ်းနဲ့ပြူးဝိုင်းနေသည့်မျက်ဝန်းတွေကို ဂျန်းကမျက်လုံးမလွှဲဘဲ ကြည့်နေသည်။

"ဟဲ့..မေးနေရင်ဖြေဦးလေ၊ နင့်ကိုကားပေါ်တင်ခေါ်လာရတာ ငါဘယ်လောက် စွန့်စားရတယ်မှတ်နေလဲ..ရွာကိုမီးရှို့တယ်ငါ့ပစ္စည်းတွေကိုခိုးထားပြီး ငါ့ကားပေါ်ရအောင်တက်ခဲ့တယ်..ပြီးတော့ မလောက်လေးမလောက်စား ကလေကချေဖြစ်နေတာတောင်.."

"ကျွန်တော့်အသက် ဆယ့်နှစ်နှစ်ရှိပြီ.."

ငါကဆယ့်ရှစ်နှစ်ဟဲ့လို့ ကလေးချင်းအသက်တိုင်းသလို ပြောချလိုက်ချင်သည်။

"ကျွန်တော့်အဖေနဲ့အမေ့ကို သူတို့သတ်ပစ်တာ.."

ဘုရားရေ.. ၊

ဒေါသတွေလွင့်ပျောက်ကုန်ကာ အထိတ်တလန့်ကြည့်မိပြန်သည်။ သူတို့ဆိုတာ ဘယ်သူတွေလဲလို့ မေးချင်သည့်စိတ်က ချက်ချင်းဖြစ်လာပေမယ့် မေးလည်းဖြေချင်မှဖြေမှာမို့ ရုတ်တရက်မမေးဖြစ်ခဲ့.. ၊

"တော်တော်ရက်စက်တဲ့လူကြီး..ကြီးကြီးလည်း ကျွန်တော့်အမေကို မတရားလုပ်ခဲ့လို့ သူ့ကိုလည်း အဲ့အရက်သမားကြီးက နှိပ်စက်နေတာ.."

သင်းကဘယ်သူ့ဘက်ကပြောနေတာလဲ..၊ သူ့ညီရွာကို မီးနဲ့ရှို့တာ မှန်တယ်လို့ပြောနေတာလား..ဒါမှမဟုတ် အရက်သမားလင်မယားအကြောင်းပြောနေရင်း ကြီးတော်ဘက်ကခံပြင်းနေတာလား။



ဘာမှန်းတော့မသိပေမယ့် မျက်နှာသေးသေးလေးမှာ နာကျည်းခံပြင်းမှုတွေ ပြည့်နှက်နေခဲ့သည်။

မီးလောင်နေတဲ့ရွာရယ် ဒီကလေးနှစ်ယောက်ရဲ့အပြစ်ရယ် ပြီးတော့အရက်သမားကြီးနဲ့ကြီးကြီးဆိုသူတွေ ဘယ်လိုရစ်ပတ်ရှုပ်ထွေးနေသည်ကို ဘယ်လိုမှကိုဆက်စပ်မရခဲ့ပေ။ ဒါပေမယ့် ဒီကောင်လေးရဲ့အကြောင်းကို စိတ်ဝင်စားလိုက်မိတိုင်း လူကိုမထီမဲ့မြင် ပြောဆိုဆက်ဆံပုံတွေက မေးထူးခေါ်ပြောလုပ်ချင်စိတ်တောင် ကုန်မိရသည့်အထိ.. ၊

"ခင်ဗျား..ကားပျက်ဦးမယ်ထင်တယ်.."

တိတ်သွားပြီးမှ ပြန်စပြောလိုက်တာ ကျက်သရေမရှိတဲ့စကား..

"ဘာပြောတယ်.."

"မသိဘူး..ကားတစ်ခုခုဖြစ်တော့မှာတော့ သိတယ်.."

"သိရအောင် နင်ကအကြားအမြင်ရနေလို့လား.."

ကောင်လေးက ဘာမှမပြောတော့ပေ။ သို့သော် သိပ်မကြာလိုက်မီ မိုင်တိုင်သုံးခုပဲဖြတ်ရသေးသည်။ ကားကတုံ့ဆွဲလာသည်။ ပြီးတော့ ထိုးရပ်သွား၏။ ရိုး ဟင်ခနဲဖြစ်သွားကာ ဂျန်းကိုအလန့်တကြား လှည့်ကြည့်လိုက်မိ၏။ ထိုအခါကျမှ သတိရတာက ဟိုလူတွေလာကာနီးကလည်း 'ခင်ဗျားကိုရိုက်မယ့်လူတွေ လာကြပြီ'လို့ ဒီကလေးကြိုပြောခဲ့သေးသည်။

လူကြမ်းဆိုတဲ့ကောင်လေးက ဘာလဲ.. ၊

ကောင်လေးကိုအံ့သြနေမိပေမယ့် ညဉ့်နက်သန်းခေါင်ဖြစ်သွားမှာစိုးကာ ကားဘာဖြစ်လဲဆိုတာသိရဖို့ မှောင်နဲ့မည်းမည်းထဲကို ဆင်းသွားလိုက်ရသည်။ သိချင်မှလည်း သိမှာဖြစ်ကာ ဘာဖြစ်မှန်းသိရင်တောင် ပြင်နိုင်မှာမဟုတ်မှန်းသိသော်ငြား ဒီတိုင်းငုတ်တုတ်ထိုင်မနေနိုင်.. ၊

"ဂျန်း..နင်ဆင်းလာခဲ့လေ.."

အောက်ရောက်တော့ပတ်ဝန်းကျင်က အမှောင်ထုကြီးပဲဖြစ်နေကာ လေကတဟူးဟူးတိုးဝှေ့နေသဖြင့် ကျောချမ်းလာသည်။ ဂျန်းကလာပါဆိုမှ ဆင်းလာသည်။ ခပ်လှမ်းလှမ်းမှာခြေစုံရပ်ပြီး ဒီတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ချနေ၏။

"တောက်.."

ဒေါသထွက်နေပေမယ့် ကိုယ်လည်းမလုပ်တတ်။ သူ့ကိုလည်း ကူပါ ဆွဲပါခေါ်နိုင်းစရာ ဘာမှမရှိ။ ထို့ကြောင့် ဘယ်လိုဒေါသနဲ့ ပစ်ပေါက်လို့မှလည်း မရဘဲဖြစ်နေကာ တက်ခေါက်မိလေသည်။

"ကျွန်တော်အပေါ်သွားချင်လို့.."

"ဘာ.."

"ကျွန်တော်အဝေးကြီးမသွားဘဲ ဒီနားမှာပဲ.."

"ဘာ..ဘာပြောတယ်.."

ကောင်လေးက မှောင်ရိပ်ကျနေသည့်အနားမှာပဲ သူ့ကိစ္စကိုရှင်းဖို့ပြင်လျှင်.. ၊

"ဟဲ့..ဟဲ့ ဂျန်းနော်၊ နင်..နေဦး.."

ချာတိတ်လေးပေမယ့် အသက်ဆယ့်နှစ်နှစ်ဆိုတာ ပီဘိကလေးအရွယ်လေးမှမဟုတ်တော့ဘဲ။ ပြောရလျှင်ကိုယ်နဲ့ဆို ခြောက်နှစ်ခုနှစ်နှစ်ပဲကွာတာ.. ၊

"ခပ်ဝေးဝေးကိုသွား.."

"ကျွန်တော့်ကို မထားခဲ့ဘူးမို့လား.."

"နင့်ကိုယ်နင် ဘာဖြစ်လာမလဲဆိုတာကျ ကြိုမသိဘူးလား.."

ဂျန်းကတိတ်ကျသွားပြီး ငေးသည်။ ပြီးတော့ ချာခနဲလှည့်ထွက်သွား၏။ ဒီကောင်လေး ဘာကိုပြောချင်စိတ်ဖြစ်တတ်သည်။ ဘယ်လိုစကားမျိုးကို မပြောချင်ဘူးလဲဆိုတာ ခန့်မှန်းရခက်၏။ သူ့ကိုစိတ်မဝင်စားပေမယ့်လည်း စကားပြောလာတိုင်း ဒေါသဖြစ်ရ အံ့ဩရနှင့် တွေးစရာပဟေဠိတွေနဲ့ကျန်ခဲ့သည့်အခါ စိတ်မဝင်စားဘဲလည်း မနေနိုင်.. ၊

သူနဲ့အဆင်ပြေပြေပြောဆိုဆက်ဆံဖို့ တွေးကြည့်မိတိုင်းလည်း ပြောချင်စိတ်ကုန်မိပြန်သည်။ အဘယ်ကြောင့်ဆိုလျှင် ခုချိန်ထိကိုယ့်ရဲ့စာချုပ်နဲ့ စာရွက်စာတမ်းတွေက သူ့လက်ထဲမှာဖြစ်ကာ ကလေးကလူကြီးကို အကွက်ချေ့ကစားနေတာ ဘယ်လိုစိတ်နဲ့သည်းခံရမလဲ.. ၊



သို့သော် ကားကလည်းဘာဖြစ်သွားမှန်းမသိ။ ညကလည်း မည်းမတာမှောင်မည်းနေခဲ့ရာ ဂျန်းဆိုသည့်ကောင်လေးနဲ့ပဲ သူမဒီညကိုရင်ဆိုင်ရတော့မှာဖြစ်သည့်အတိုင်း.. ၊

(၂)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

ကံကောင်းထောက်မစွာ မိုးလင်းခါနီးမှ ကားပြင်ပေးနိုင်သည့် ကားတစ်စီးက အကူအညီပေးလာသဖြင့် ခရီးဆက်ခွင့်ရခဲ့၏။ တကယ်တော့ ကားကဘာမှမဖြစ်ပေ။ ဆီကုန်သွားသဖြင့် ထိုးရပ်သွားတာဖြစ်ကာ ဆီကုန်မှန်းလည်းမသိ။ သိခဲ့ရင်တောင် ဆီပေးမည့်ကားမရှိဘဲ ထိုနေရာကနေ ထွက်ခွာနိုင်မှာမဟုတ်ပေ.. ၊

ထွက်လာတည်းက ဒီကားဟိ(တ်)တက်လိုက် ရေကုန်လိုက် ဆီကုန်လိုက် ဘယ်လိုကံဆိုးခြင်းတွေလဲ..။ မောင်းထွက်လာခဲ့ရတာတောင် 'ကံကောင်းလို့ပါလား'လို့ မတွေးရဲသေးတဲ့အဖြစ်.. ၊

"ဟဲ့..နင်ဒီတစ်ခါ ငါ့ကားကိုမဦးမချွတ်ဘာမှမပြောနဲ့နော်၊ ငါ့ဟာငါ ဘာဖြစ်ဖြစ်.."

ဂျန်းရဲ့မျက်နှာက သူ့ကိုပြောဆိုနေလည်း နာကျင်ဒေါသထွက်ပုံမပြ။ မေးခွန်းတွေမေးနေလည်း ဖြေချင်မှဖြေသည်။ ထို့ကြောင့်လှည့်ပြောမိပေမယ့် သူ့မျက်နှာဘယ်လိုနေသလဲ ဘာပြန်ပြောမလဲဆိုတာ ရိုးဂရုစိုက်မနေတော့ပါ။ မန္တလေးမြို့ကိုဝင်လာတော့ ရောင်နီပျို့ပြီဖြစ်သည်။ စိတ်ပင်ပန်းလူပင်ပန်းနှင့် မြို့ကိုဝင်လာလည်း မပျော်နိုင်ဘဲဖြစ်နေခဲ့လျက် စားသောက်ဆိုင်တစ်ဆိုင်ရှေ့မှာ ရပ်လိုက်မိကာ.. ၊

"ကဲ..ငါစာချုပ်ဖိုင် ဘယ်မှာသွားဝှက်ထားသလဲပေး.."

ဒီကားထဲမှာပဲရှိနေမယ်မှန်းသိလျက်နှင့် ဒီကောင်လေးဝှက်ထားသည့်အဖြစ်ကြောင့် သူထုတ်ပေးတာကိုပဲ လိုချင်နေသည်။ ကားပေါ်ကဆင်းသွားပြီး ကားရဲ့ဘယ်နေရာဘယ်လိုလုံအောင် ဝှက်ထားခဲ့



တာလဲ..။ ဒါမှမဟုတ် ကားထဲကတစ်နေရာမှာလား.. ၊

"ဟဲ့..ငါပြောနေတာကြားလား.."

"ကျွန်တော်ဗိုက်ဆာလို့.."

"ဗိုက်ဆာတာ ငါကကျွေးမွေးရဦးမှာလား..နင့်ကိုကားပေါ်ကကန်မချမိအောင် ဒီမှာမနည်းထိန်းနေရတာ သဘောမပေါက်ဘူးလား.."

ဂျန်းက ဆိုင်ထဲကိုလှမ်းကြည့်သည်။ ပြီးတော့ ရိုးကိုပြန်ကြည့်ကာ.. ၊

"ခင်ဗျားမကျွေးလည်း ရပါတယ်..ကျွန်တော့်ဘာသာသွားတောင်းစားမယ်.."

"ဘာ.."

ဂျန်းကကားပေါ်က ဆင်းသွားကာ ဆိုင်ထဲကိုတန်းတန်းမတ်မတ်ဝင်သွား၏။ လက်ထဲမှာ ဘာမှလည်းကိုင်မသွားသလို စာချုပ်တွေအကြောင်း ဘာတွေမေးမေး ဘာမှမပြောခဲ့သဖြင့် ရိုးဘာလုပ်ရမှန်းမသိတော့ပေ။ ထို့ကြောင့် သူမကမန်းကတန်း ဆင်းလိုက်သွားကာ.. ၊

"ဂျန်း.."

နောက်ဖေးမီးဖိုချောင်ထိ တန်းဝင်သွားသည့်ဂျန်းရဲ့လက်ကိုပြန်ဆွဲထုတ်လာခဲ့ပြီး.. ၊

"နင်ငါ့ကိုဘာအချိုးနဲ့ ဆက်ဆံနေတာလဲလူကြမ်း..ဒီမှာထိုင်ခမ်း၊ ငါ့ကိုကြည့်စမ်း.."

ဆိုင်ထဲမှာလူတွေရှိနေပေမယ့် မနက်စောစောဘာရေ့ဖက်စ်စားကြဖို့ လုံးပမ်းနေကြတာမို့ ရိုးနဲ့ဂျန်းအဖြစ်ကို ရုတ်တရက်သတိမထားမိကြပေ။ ရိုးကဂျန်းရဲ့လက်တစ်ဖက်ကို ဆွဲဆောင့်ခါ၍ ဆိုင်ရဲ့အစွန်ဆုံးကခုံတစ်လုံးမှာ ထိုင်ကျသွားအောင် တွန်းပစ်လိုက်၏။

"ငါ့ကားပေါ်ကဆင်းသွားပြီး သူတောင်းစားလိုတောင်းစားမယ်ဟုတ်လား..နင့်ကိုငါပိုက်ဆံပေးခဲ့မယ်၊ ငါ့စာချုပ်ဖိုင်ဘယ်မှာလဲ..ပြော.."

"ခင်ဗျားကားထဲက ကျွန်တော်ဘာမှယူမလာဘူး.."

www.burmeseclassic.com

www.burmeseclassic.com



"သိတယ်လေ..နင်ဘယ်နားဝှက်ခဲ့သလဲ၊ အခု သွားယူသွား.."

"ခင်ဗျားဘာသာသွားယူပေါ့.."

"တောက်.."

ရိုးဆံပင်ရှည်တွေထဲကို လက်တွေထည့်၍ ဆွဲဖွပစ်မိ၏။ ဒီကောင်လေး ဒီလောက်လူပါးဝနေတာ ဘယ်လိုအားကိုးသမှုတွေရှိနေလို့လဲ.. ။

"ကဲ..ပြော ကားထဲကဘယ်နားမှာလဲ.."

"ကျွန်တော်မုန့်စားဖို့ ပိုက်ဆံအရင်ပေးလေ.."

"လာသေးတယ်..ကျွတ်.."

သူမပိုက်ဆံထုတ်ပေးလိုက်တော့ ငါးထောင်တန်နှစ်ရွက်ကိုသေချာကြည့်နေသည်။ ပြီးတော့ ရိုးကိုပြန်ကြည့်၏။ ပြီးတော့မှနေရာမှထရပ်လိုက်ကာ.. ။

"အဲ့ဒါတွေ ကျွန်တော်မယူထားပါဘူး.."

"လာပြန်ပြီ..နင်.."

"ကျွန်တော်က.."

"အခု ဘယ်မှာထားသလဲပဲပြော.."

ဂျန်းရဲ့မျက်လုံးထဲမှာ တစ်ခုခုဖွင့်ဖောက်တော့မည့် အမူအရာတွေကို မြင်လာရသည်မို့ ရိုးစူးစိုက်ငံ့လင့်နေဆဲ ဟန်းဖုန်းကမြည်လာသဖြင့် ထုတ်ကြည့်လိုက်မိသည်။

"ဟလို ဖေကြီး.."

"ဖေကြီးမဟုတ်ဘူးရိုး..ငါပဲ.."

"မမကူး.."

"ဟုတ်တယ်..နင်ဘယ်လိုတွေလုပ်နေတာလဲရိုးရယ်၊ ငါတို့ဘယ်သူမှမတတ်နိုင်တဲ့ အလုပ်ကိစ္စမို့လို့ နင့်ကိုခိုင်းလိုက်တာလေ.."

"ခု ရိုးပြန်လာနေပြီလေမမကူးရဲ့..ဗိုက်အရမ်းဆာနေလို့ ရပ်စထရန့်ထဲမှာ ခဏလေးဝင်နေတာပါ.."

"နင်ခုချက်ချင်း မြေလှျိုးမိုးပျံလာလည်း ဘာမှမထူးတော့ဘူးရိုး..ဖေကြီးဒေါသတွေထွက်နေတယ်.."

ဟင်.. ။



တစ်ခုခုလွဲနေပြီဆိုတာ ရိုးသိလိုက်သည်။ ကူးရဲ့အသံကလည်း ပြတ်သားမာထန်နေခဲ့လျက်.. ။

"နင်စံအိမ်ကို ပြန်လာစရာမလိုတော့ဘူး.."

"ရှင်.."

"နင့်ကိုခိုင်းတဲ့ကိစ္စ မေရှမ်းကိုထပ်လွှတ်ရမယ်..ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် အဲ့ဒီမြေပေါ်မှာရှိနေသမျှ လူအားလုံးကသဘောတူညီစွာပြောင်းရွှေ့ပေးအပ်ကြောင်း ထိုးထားတဲ့လက်မှတ်တွေအကုန်လုံးကိုငါတို့ပြန်ရမှဖြစ်မှာ.."

"မမကူးနေပါဦး..အဲ့ဒီစာချုပ်တွေကို ရိုးပြန်ယူလာခဲ့ပြီလေ၊ နောက်ထပ်ဘာတွေပါဖို့ ကျန်သေးလို့လဲ..ရိုးလုပ်တာ ဘာမှားခဲ့လို့လဲ.."

ကူးအသံတိတ်သွားသည်။ ပြီးတော့မှ စိတ်မရှည်သံနှင့်မာကြောနေကာ.. ။

"နင်ရူးချင်ယောင်ဆောင်နေတာလားရိုး..နင့်မှာပါလာတာ ဘာတွေလဲ၊ ဟိုကဗိုင်းရိုက်လွှတ်လိုက်တဲ့ လက်ဝါးရာတွေလား.."

"မဟုတ်ဘူး..မဟုတ်ဘူးမမကူး၊ လက်မှတ်နဲ့စာချုပ်တွေ.."

"သူတို့ကိုပြန်ပေးခဲ့လို့ ကျေးဇူးတင်ပါတယ်တဲ့..ညကဖုန်းဝင်လာတယ်.."

ဟင်.. ။

ရိုးကြက်သေသေသွားသလိုပင်။ ပြီးတော့ ဂျန်းကိုလှည့်ကြည့်လိုက်မိ၏။ ဂျန်းက မုန့်ပွဲရောက်လာတာကို အားပါးတရစားသောက်နေလျက် ပန်းကန်ကိုင်၍ ပါးစပ်မော့ပြီးသွန်ချတော့မယ့်အတိုင်း..၊

"ဖေကြီးပြောနေတယ်..နင်ဘာတွေလုပ်လာသလဲ ဆိုတာလည်း မမေးတော့ဘူး၊ နောက်ထပ်လည်း ဘာမှမယုံကြည်တော့ဘူး..အဲ့ဒီမြေယာရှင်းလင်းရေးအတွက် စပြီးအသုံးပြုခဲ့တဲ့အချိန်ကနေ ဒီနေ့စာချုပ်အတွက် ကုန်ကျခဲ့တာတွေအားလုံး တစ်နှစ်အတွင်းပြန်ဆပ်ရမယ်တဲ့.."

"မမကူး.."

"ခုတော့ နင့်ကိုယ်နင်ဘာအသုံးကျသလဲဆိုတာ သိသွားပြီလား

www.burmeseclassic.com

www.burmeseclassic.com



ကြာနွယ်ရိုး..နင်ကငါးပေမယ့် ဆူးတောင်မရှိတဲ့ငါးပဲ၊ ငှက်ဆိုရင်လည်း အတောင်ကျိုးနေပြီ..ပြောချင်တာက နင်ကအလကား ဘာအတွက်မှ အသုံးတည့်လာမှာမဟုတ်တဲ့ အမှိုက်၊ နင့်ကိုဖေကြီးဘယ်တော့မှ ခွင့်လွှတ်မှာမဟုတ်ဘူး..နင်ရောက်နေတဲ့နေရာမှာ ကားထားခဲ့ပြီး အဲ့ကနေလစ်လိုက်တော့.."

"အို..ဘာဆိုင်လို့လဲ၊ အဲ့လိုလုံးဝမဟုတ်ဘူး..မမကူးခဏလေးပဲ စောင့်ပေးပါ၊ ရိုးမှာစာချုပ်တွေပါလာပါတယ်.."

ရိုးအရှူးမလေးလို ပြေးသွားမိသည်။ ဂျန်းကစားသောက်ပြီးသွားပြီဖြစ်ကာ ဆိုင်အပြင်ကိုထွက်သွားနေပြီဖြစ်၏။ သူ့ကိုရိုးအတင်းမီအောင် လိုက်ဆွဲထားလိုက်ကာ.. ၊

"လူကြမ်း..ငါ့ဟာတွေဘယ်မှာလဲ၊ ဟင်..ငါ့ပစ္စည်းတွေကို နင်ဘာလုပ်လိုက်သလဲ.."

မေးနေရင်း ကားနားထိဆွဲခေါ်သွားခဲ့လျက်.. ၊

"ပြ..ခုပြ ငါ့ကိုရှာပေး..ဘယ်မှာလဲ.."

"ကျွန်တော်ဘာမှမယူထားဘူး.."

"ဘာပြောတယ်.."

ကားတံခါးဖွင့်၍ အထဲကိုအတင်းထိုးထည့် ရှာခိုင်းနေသောကြောင့် လူတွေကသတိထားကြည့်လာကြ၏။ ရိုးဒေါသထွက်လွန်းသဖြင့် ဘာကိုမှဂရုမစိုက်နိုင်.. ၊

"နင်ဒီထဲမှာဖွက်ထားတာဆို ဘယ်မှာလဲ..အောက်ဆင်းသွားပြီး ဘယ်ချောင်ကြားထဲမှ ကပ်ဝှက်ထားသလဲ၊ ရှာစမ်း..ခုရှာပေးစမ်း.."

ကားထဲကို အဝတ်ထုပ်လိုထိုးသိပ်ထည့်ဖို့ ကြိုးစားရင်း ကားအောက်ကိုပြန်ဆွဲချသည်။ ပြီးတော့ ဘီးကြားထဲခေါင်းဝင်တော့မတတ် အတင်းဖိနှိပ်တွန်းထိုးနေလျှင်.. ၊

"ကျွန်တော်မယူဘူးဗျ.."

ဂျန်းက အတင်းရုန်းနေရာမှ ဒေါသတကြီးပြန်အော်ကာ.. ၊

"ခင်ဗျားပစ္စည်းတွေကို ဟိုလူတွေကားထဲပြန်ထည့်ပေးလိုက်ပြီ."

ဟင်.. ၊

ကောင်လေးကရုန်းထွက်ပြီး နောက်ဆုတ်ရပ်သည်။ ရိုးလည်း



နေရာမှာတင် ကျောက်ရုပ်လေးဖြစ်သွားခဲ့၏။ ဂျန်းရဲ့မျက်နှာက အပြစ်ရှိသူတစ်ယောက်၏ မျက်နှာမျိုးမဟုတ်ဘဲ ဒါကိုပြောလိုက်ရသည့်အတွက် ကြောက်ရွံ့သလိုရှိသော်လည်း အံတုခြင်းဂရုမစိုက်ခြင်းတွေသာ ပေါ်လွင်နေခဲ့လျက်.. ၊

"ခင်ဗျားတို့လည်း ရွာသားတွေကိုနှင်ထုတ်ပြီး မြေတွေအပိုင်စီးထားတာပဲ..ခင်ဗျားတို့ဟာမှမဟုတ်တာ.."

ရိုးလက်သီးနှစ်ဖက်ကို ဖိဆုပ်ရင်း ငေးကြောင်ကြည့်နေမိဆဲ..

"ဘာလဲ..ဘာဖြစ်တာလဲ.."

"ကောင်လေးကိုဘာလုပ်တာလဲ.."

လူငယ်လေးတစ်ယောက်ကို ကားနားဆွဲခေါ်သွားတည်းက လှမ်းကြည့်နေကြသည့် အနီးအနားလူတွေက ချက်ချင်းကပ်လာကြသည်။ ရိုးဆတ်ခနဲဖြစ်သွားကာ.. ၊

"သူ..သူအဲ့ဒီကောင်လေး ကျွန်မဆွဲကြိုးခိုးထားတာ၊ လမ်းကြုံခေါ်တင်လာတာကို ဆွဲကြိုးကိုခိုးထားတယ်.."

"ကျွန်တော်မခိုးဘူးဗျ.."

"ဘာလို့မခိုးရမှာလဲ..ပြန်ပေး ငါ့ဆွဲကြိုး.."

ရိုးက ဂျန်းရဲ့ပခုံးနှစ်ဖက်ကို အတင်းဆောင့်ဆွဲခါရင်း ရှိရင်းစွဲဒေါသများနှင့် တွင်တွင်မေးတော့သည်။ ထိုစဥ် တစ်စုံတစ်ယောက်က အော်လိုက်ရင်း.. ၊

"ဟိုမှာ..အောက်ပြုတ်ကျသွားပြီဗျ၊ ဆွဲကြိုးလားမသိဘူး.."

အားလုံးလှုပ်ရှားဆူညံသံတွေ ရပ်တန့်သွားခဲ့ပြီး မြေပြင်ပေါ်က ဆွဲကြိုးဆီ အာရုံရောက်ကုန်၏။ တစ်ယောက်က ဆွဲကြိုးကောက်ယူလိုက်ကာ.. ၊

"ဒါ ညီမဟာလား.."

"ဟုတ်တယ်.."

ရိုးကဆွဲကြိုးကို ပြန်ယူလိုက်ပြီး ဂျန်းကိုစူးစူးဝါးဝါးကြည့်သည်။ အစကသို့လောသို့လောတွေ ထင်ခဲ့ကြသည့်လူတွေလည်း ဂျန်းကိုပဲ အတင်းဝိုင်းဝန်း ချုပ်ကိုင်ထားကြပြီး.. ၊

"ခွေးကောင်လေး..မထင်ရဘူးကြည့်စမ်း၊ အရိပ်နဲ့အခက်ချိုး.."

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့မစွပ်စွဲနဲ့နော်..ကျွန်တော်မခိုးဘူး.."

"တိတ်တိတ်နေစမ်း.."

"ကျွန်တော်သူခိုးမဟုတ်ဘူးဗျ..ကျွန်တော့်ကိုလွှတ်.."

"ဟာ..ဒီလောက်တောင် ကဲကွာ.."

"ဖောင်း.."

"ဖြန်း.."

"ကျွန်တော်မခိုးဘူး.."

"ခွပ်.."

"ဟော့ ဟော့..ကလေးပဲရှိသေးတာတော်တော့၊ ရဲစခန်းပို့လိုက်မယ်.."

ဂျန်းနှုတ်ခမ်းထောင့်မှာ သွေးတွေစီးကျလာသည်။ နှာခေါင်းဝမှာ သွေးစတွေထွက်ကျလာတာလည်း မြင်နေရ၏။ ယောက်ျားကြီးတွေ ဝိုင်းဝန်းချုပ်ကိုင်ထားတာတောင် အတင်းခုန်ပေါက်ရုန်းနေသဖြင့် လူတွေကြားထဲက ဂျန်းရဲ့မျက်နှာကိုရိုးသေချာမြင်နေခဲ့ရသည်။

ဘာတွေအော်ဟစ်နေနေ ဘယ်လောက်ရုန်းနေနေ စိုက်ခနဲငိုက်ခနဲကျသွားအောင် ဘယ်နှစ်ချက်ပဲရိုက်နှက်နေပါစေ ဂျန်းရဲ့အကြည့်တွေက ရိုးဆီကိုပဲပြန်ရောက်လာခဲ့လျက်.. ၊

"ကျွန်တော်သူခိုးမဟုတ်ဘူး.."

လို့အော်ဟစ်ရင်း သူမမြင်ကွင်းထဲက ပျောက်ကွယ်မသွားမချင်း ရူးရူးဝါးဝါးကြည့်သွားခဲ့သော သွေးစိမ်းရှင်ရှင်တို့နှင့် မျက်နှာသည်..၊



အခန်း(၄)

'တော်ဝင်'စံအိမ်ဆိုသည့် ဆိုင်းဘုတ်လှလှလေးနှင့်ခြံကျယ်ကြီးက မဆန်းပြားသော်လည်း ခမ်းနားမှုအပြည့်နှင့်ရှိနေခဲ့လျက် မျက်နှာစာသုံးဖက်နှင့် နှစ်ထပ်တိုက်ကြီးကတော့ ရွက်စိမ်းမကြွေ ရွက်နုမထွက်သော သက်ရင့်ပင်အိုကြီးကဲ့သို့.. ၊

"သူဌေး..သူတို့ရောက်လာကြပြီ.."

"အေး..လာခဲ့မယ်.."

ဦးသီလအောင်သည် အသက်ငါးဆယ်ကျော်ခြောက်ဆယ်နီးပါးရှိနေသည့်တိုင် အရွယ်တင်နုပျိုနေကာ စပို့ရှပ်ပွပွဘောင်းဘီရှည်ပွပွကြီးနှင့် ရွှေရောင်ကိုင်းနှင့်မျက်မှန်ကို တပ်ထား၏။ နောက်မှာကိုယ်ရံတော်နှစ်ယောက်နှင့်ထွက်လာပုံက ခန့်ညားနေကာ လေးထောင့်ကျကျမျက်နှာကြီးကလည်း တင်းမာနေ၏။

သို့သော် သူ့မျက်နှာပေါ်ကတင်းမာခြင်းတွေက ဧည့်ခန်းမှာရောက်ရှိနေကြသည့် လူအားလုံးရှေ့ကိုရောက်ခဲ့သည့်အချိန်မှာ နွမ်းယဲ့ဖျော့ကျသွားခဲ့လျက်.. ၊

"မင်းတို့သူဌေးက ကျုပ်နဲ့တွေ့ဖို့အဖက်မတန်လို့လား.."

ဆိုဖာမှာထိုင်နေသည့် အသက်လေးဆယ်ခန့်လူက မတည်မပြုံး လှမ်းကြည့်ကာ.. ၊

"မလိုလို့ပါ.."

ဟု တုံးတိတိဖြေ၏။ အဝင်ဝတံခါးနားမှာ နှစ်ယောက်ကရပ်နေလျက် နှစ်ယောက်သည်ထိုင်နေသူ၏ ဆိုဖာနောက်မှာရပ်၏။ သားရေသေတ္တာကို တရိုတသေလာတင်လိုက်သည်။ ပြီးတော့ သူပဲဖွင့်

www.burmeseclassic.com

www.burmeseclassic.com



ပေးကာ အထဲကစာရွက်စာတမ်းတွေကို သေသေသပ်သပ်ထုတ်ယူ၏။ ပြီးတော့ လိုအပ်သလိုဖြန့်ခင်းနေရာချပေးလိုက်ပြီး ဘောလ်ပင်န်ကိုပါ အဆင်သင့်တင်ထားပြီးမှ မတ်မတ်ပြန်ရပ်၏။ ဦးသီလအောင်က ဧည့်သည်တွေလုပ်ကိုင်လှုပ်ရှားသမျှကို ကြည့်နေရင်း ဆိုဖာမှာ ဝင်ထိုင်လိုက်ကာ.. ။

"မင်းကကိုယ်စားလာတယ်ဆိုတော့ ကျုပ်လည်းမင်းကိုပဲပြောရမှာပေါ့.."

"ပြောပါ.."

"ကျုပ်လုပ်ခဲ့သမျှလုပ်ရပ်တိုင်း ကိစ္စတိုင်းကတရားမျှတမှုရှိချင်မှ ရှိလိမ့်မယ်..ဒါပေမယ့် ခုဖြစ်ခဲ့ရတဲ့ကိစ္စကြောင့် ကျုပ်ရဲ့ဂုဏ်သိက္ခာ ကျုပ်ရဲ့စီးပွားရေးတွေ ကျိုးပဲ့ပျက်စီးဖို့ဖြစ်လာတာကတော့ မင်းရဲ့သူဌေးမတရားကြိုးပမ်းခဲ့တာတွေပါ.."

ထိုင်နေသူက ခေါင်းလည်းမညိတ် ခေါင်းလည်းမခါ။ ဟုတ်သည်လည်းမပြော မဟုတ်ဘူးလည်းမငြင်း။ ဦးသီလအောင်ပြောနေသမျှ အကြောင်းအရာတွေက သူနှင့်သက်ဆိုင်သည်လို့ပင် ထင်ပုံမပေါ်ဘဲ.. ။

"ဖြေရှင်းပြီးခဲ့တဲ့အမှုကိစ္စနဲ့ပတ်သက်ပြီး ဦးသီလအောင်နဲ့ကျွန်တော်တို့သူဌေး သဘောတူခဲ့ကြတဲ့အတိုင်းပါပဲ.."

ပြောပြီး ရှေ့မှာချခင်းထားသည့်စာချုပ်ကို ဦးသီလအောင်ရှေ့ထိ ခပ်ဖိဖိတွန်းပို့လိုက်ကာ.. ။

"ဒီမှာလက်မှတ်ထိုးပေးပါ.."

လူကြီးတစ်ယောက်ထံ ပစ္စည်းတွန်းပို့လိုက်သည့်ရိုင်းပျမှုအပေါ် ဦးသီလအောင်မျက်နှာ မသိမသာတင်းသွားသည်။ သို့သော် တိတ်ဆိတ်စွာပဲ စာချုပ်ကိုကောက်ဖတ်လိုက်သည်။ ပြီးတော့ ဖျတ်ခနဲပစ်ချလိုက်ပြီး.. ။

"ဒါကသိပ်ကိုတရားလွန်သွားပြီ.."

လှုပ်ရှားမှုကင်းမဲ့နေသည့်မျက်နှာကို စိုက်ကြည့်ပြီး ဦးသီလအောင်က လက်သီးဆုပ်သည်။

"ငါ့သမီးနှစ်ယောက်ကိုလည်း.."



စိတ်လိုက်မာန်ပါပြောမိပြီးမှ ရှေ့မဆက်နိုင်.. ။

'လူကြီးမင်း'ဆိုသည့် သူဌေး.. ။

ဒီလူဘယ်လောက်ထိ လွန်ကျူးနေပြီလဲ..။ သူလိုအပ်သမျှဆွဲယူစားသုံးနေခဲ့တာ သင်းကတော်တော်ထက်မြတ်လွန်းလို့လား..။ကိုယ်ပဲ ညံ့ဖျင်းတာလား.. ဒါမှမဟုတ် ကိုယ့်ရဲ့နေဝင်ချိန်ဟာ သူ့ရဲ့နေထွက်ချိန်ဖြစ်ခဲ့ပြီလား.. ။

ဦးသီလအောင် စကားသံပျောက်သွားခဲ့ပေမယ့် မျက်နှာထက်က အသားစိုင်တွေတုန်ယင်ကျန်ရစ်သည့်နှယ် ဒေါသမာနတို့ဖြင့် ဆတ်ဆတ်တုန်၏။ ကိုယ်လည်းပဲ လူကောင်းတစ်ယောက်မဟုတ်ခဲ့ပါ။ ဒါပေမယ့် တစ်စုံတစ်ရာအတွက် တစ်စုံတစ်ယောက်နဲ့ပြိုင်ဆိုင်ရဖို့ ဖြစ်လာရင်တောင် အနိုင်ရဖို့ကြိုးစားခဲ့တာ ရှိချင်ရှိမည်။

ရှုံးနိမ့်သွားသူအပေါ် တစ်ကျော့နှစ်ကျော့ညစ်ပတ်အနိုင်ယူခဲ့တာမျိုး မရှိခဲ့ဘူးပေ.. ။

"ငါမင်းတို့သူဌေးနဲ့ စကားပြောချင်တယ်.."

"သူဌေးဒီတစ်လလုံး အပိုလူနဲ့လက်ခံတွေ့ဆုံမှာမဟုတ်ပါဘူး.."

"ဘာကွ.."

ဒေါသကထောင်းခနဲ ထဖြစ်၏။ သို့သော် ထိုသူကအေးဆေးတည်ငြိမ်သည့်မျက်ဝန်းတို့ဖြင့် စူးစိုက်ကြည့်ကာ.. ။

"အချိန်တွေက တန်ဖိုးရှိပါတယ်ဦးသီလအောင်..ကျွန်တော်တို့တွေကြုံတာ ဒီစာချုပ်ကိစ္စပါ၊ တခြားအပိုတွေဘာမှပြောဖို့ မလိုတော့ပါဘူး.."

ဦးသီလအောင်ငိုင်သွားသည်။ သူကတိပေးခဲ့ပြီးပြီ။ ကိုယ်ဆုံးရှုံးမခံနိုင်သော တစ်စုံတစ်ခုအတွက်တစ်စုံတစ်ရာနဲ့လဲယူပေးဆပ်ပါမည်ဟု ဒီနေ့စာချုပ်ကြဖို့.. ။

မျက်ဝန်းတို့သည် စာချုပ်ဆီသို့နောက်ထပ် စိုက်ကျတွေးငေးနေခဲ့လျက်.. ။

"စာချုပ်မှာ ကျုပ်ကဘာပေးရမှာဆိုတာ မပါသေးဘူး..အဲဒီအတွက် ဘာမှန်းမသိတဲ့အပေးအယူကိုတော့.."

"ဘာမှန်းသိနေလို့ပဲ ဦးသီလအောင်ဒေါသတွေထွက်နေတာ ခု

www.burmeseclassic.com

www.burmeseclassic.com



ထိ မျက်နှာမှာရှိနေပါသေးတယ်.."

ဦးသီလအောင် မျက်နှာပျက်သွားသည်။

"ကျွန်တော်တို့သူဌေးအတွက် လိုအပ်တာဘာမှမရှိဘူး.."

"လိုအပ်နေတာကလည်း မိန်းမတွေဖြစ်နေတာမလွန်ဘူးလား.."

တောထဲကအရိုင်းအစိုင်းသတ္တဝါလို ကျင့်ကြံနေထိုင်သည့်လူမျိုး ဒီတစ်ခါပဲတွေ့ဖူးပါသည်ဆိုလျှင် လွန်သွားမလားမသိ။ ဝိသမလောဘတွေနဲ့ ငွေကိုရတဲ့နည်းနဲ့ရှာသည်။ လူတွေအမြင်မှာ လုပ်ငန်းပေါင်းများစွာနှင့် ချမ်းသာနေသည့်သူဌေး။ တကယ်တမ်းကျတော့ ငွေတွေထားစရာမရှိဖြစ်အောင် လက်ဖျားသီးနေတိုင်း သူများအရှုံးပေါ်နေသည့် လုပ်ငန်းတွေကိုပြယုဂ်တစ်ခုအဖြစ် လွှဲပြောင်းရယူသည်။

လုပ်ငန်းကိုဘယ်လိုလည်ပတ်ပြီး ဘယ်လိုခရီးဆက်နေသည်မသိပေမယ့် လူကြီးမင်းဆိုသည့်လူကတော့ ရွှေလိုချင်ရင်ရွှေ ငွေလိုချင်ရင်ငွေ။ သူ့ပတ်ဝန်းကျင်ကလွဲ၍ လူကြီးမင်းဆိုတဲ့လူ ဘယ်လိုစီးပွားလမ်းကြောင်းတွေနဲ့ ချမ်းသာကြီးပွားနေသလဲဆိုတာ သိတဲ့လူမရှိ။ သိတဲ့လူတွေကလည်း ထုတ်ဖော်ပြောကြမည့်လူတွေမဟုတ်.. ।

ဦးသီလအောင်ရင်ထဲမှာ တနုံ့နုံ့ဖြစ်နေခဲ့၏။ သူ့ဘဝမှာကိုယ့်အကြံကိုယ့်စိတ်ကူးဖြင့် ယုံကြည်စွာဆုံးဖြတ်ရှေ့ဆက်လာခဲ့တာ လူကြီးမင်းဆိုသူပေါ်မလာခင်အချိန်ထိ ဆင်ကျုံ့တော့ကျွဲ။ ခုတော့ ဘဝ ပါပျက်ရမည့်အခြေအနေတွေ ဖြစ်လာခဲ့သည်။ ဒါတွေဟာ ကိုယ်ညံ့ခဲ့တာချည်း မဟုတ်မှန်း ဦးသီလအောင်နားလည်နေသည်။ ကိုယ့်ထက် တော်နေသည့်အဖြစ်ကို ဝန်မခံချင်ပေမယ့် ဝန်ခံရသည်။ ကိုယ့်ထက် ငယ်ရွယ်သော လူငယ်တစ်ယောက်မှန်းသိလျက်နှင့် ရှုံးနိမ့်နေရသည့် အဖြစ်ကို မခံရပ်နိုင်.. ।

အဆိုးဆုံးသည်ကိုယ့်ထက်အဆပေါင်းများစွာ ချမ်းသာနေ သည့်အဖြစ်က အင်အားကြီးတစ်ရပ်လို ဖိစီးလွှမ်းမိုးနေခဲ့၏။ သို့ သော် ဦးသီလအောင်က ခိုင်မာသည့်ဆုံးဖြတ်ချက်ကိုချလိုက်ပြီး..

"ကျုပ်ကစာချုပ်ဖို့ သဘောတူခဲ့ပါတယ်..သူလိုချင်နေတာကို လည်းသိတယ်ဆိုတာမှန်တယ်၊ အဲ့ဒါကိုတော့ ဒီထဲမှာထည့်ပေးမှဖြ



မယ်..စာချုပ်ထဲမှာအရ နစ်နာဆုံးရှုံးမှုအတွက် ဦးသီလအောင်ဘက်ကပေးအပ်ရန်ရှိသမျှဆိုတာ ဘာမှခေါင်းစဉ်မပါ ပမာဏမပြဘဲ.."

"ခေါင်းစဉ်တွေမပါခဲ့လို့သာ ဦးသီလအောင်သက်သာနေတယ်ဆိုတာ မေ့မနေသင့်ဘူးနော်.."

ထိုသူသည် အေးစက်စက်ကြည့်သည့်မျက်ဝန်းတို့ကို စာချုပ်ဆီ ဦးတည်လိုက်ရင်း.. ।

"လက်မှတ်ထိုးလိုက်ပါ..ဦးသီလအောင်မှာလည်း သမီးသုံးယောက်ပဲရှိတာ၊ ကျွန်တော်တို့သူဌေးဘက်က ဦးသီလအောင်ဆီက နောက်ထပ်လိုချင်ဖွယ် ဘာမှရှိလာမှာမဟုတ်ဘူးထင်ပါတယ်.."

"ဒါကမိသားဖသားပီပီ သမီးတောင်းရမ်းတာမျိုးမဟုတ်ဘူးလေ..နောက်ပြီး ကျုပ်ရဲ့ခြံတစ်ဝက်ကိုပါ ပေးရမယ်လို့အစတည်းက ပြောဆိုထားခဲ့တာ၊ ကျုပ်ပေးရမှာတွေက မများလွန်းဘူးလား.."

"ဘာပဲဖြစ်ဖြစ် ခင်ဗျားခေါင်းညိတ်ခဲ့တယ်မို့လား.."

"ကျွတ်.."

"နောက်တစ်ခုအကြံပြုချင်တာက ဒီတိုက်ကြီးကိုတစ်ဝက်ပိုင်းဖို့ မဖြစ်နိုင်ဘူးဆိုရင် သူဌေးပြန်အမ်းမယ့်ငွေအမောင့်ကိုယူပြီး ကျေကျေနပ်နပ်ဆင်းပေးလိုက်ဖို့ပဲ.."

ဦးသီလအောင် ဘာတစ်ခွန်းမှမပြောနိုင်ဘဲ အံကြိတ်သည်။ လူကြီးမင်းနဲ့သူရှုပ်ခဲ့မိတာတွေက အများကြီးပဲဖြစ်သည်။ ဒီလူဘာပြောပြော သူ့ဘက်မှာပြောပိုင်ခွင့်မရှိသည့်အပြင် ငွေပြန်အမ်းမည်ဆိုတာကိုတောင် ဘယ်ရွေ့ဘယ်မျှလိုချင်ပါသည်လို့ သူတောင်းဆိုခွင့်မရှိတော့ပေ.. ।

ဒါပေမယ့် တောင်းလိုက်သမျှသမီးတွေကိုချည်းဖြစ်ကာ သမီးတစ်ယောက်နဲ့တစ်ယောက် လပိုင်းလေးပဲခြားသည်။ တစ်လောကလုံးမှာ သူ့လိုအဖေမျိုးရှိသေးရဲ့လား..။ အလောင်းစားနဲ့စီးပွားရေးရောတွေးခဲ့မိသည်။ ကံမြင့်လာဘ်ရွှင်ဖြစ်နေတုန်းလေးတော့ ဘာလုပ်လုပ် ငွေတွေဝင်နေတာ တသောသော.. ।

ကံဇာတာမေးမှိန်လာသည့်အချိန်မှာတော့ 'ကံမရှိဉာဏ်ရှိတိုင်း ခွဲ'ဆိုသလို ဘာလုပ်လုပ်ဆုံးရှုံးမှုတွေနဲ့သာ။ ထိုစဉ် တစ်ဖက်ကစကား

www.burmeseclassic.com



သံထွက်ပေါ်လာခဲ့လျက်.. ၊

"ကျွန်တော့်အထင်ပြောရရင်လည်း ဦးသီလအောင်မလိုအပ်တဲ့ မေးခွန်းတွေနဲ့ တွေဝေပြီးအချိန်ဖြုန်းနေသလိုပဲ.."

"ကျုပ်ဆုံးဖြတ်ရမယ့် ကိစ္စကြီးကို မင်းတွေးကြည့်လေ.."

"မလိုပါဘူး..စာနာကြည့်မယ်ဆိုရင်တောင် ဦးသီလအောင် ဘယ်လိုခံစားနေရရှာမလဲလို့ ဘယ်လိုတွေးကြည့်ရမှန်း မသိဘူး.."

ဦးသီလအောင်က တိုက်ခိုက်သတ်ပုတ်ချင်လာသည့် မျက်ဝန်းတို့နှင့် အံကြိတ်၏။

"ဦးသီလအောင်ကိုယ်တိုင်ရော ကိုယ့်ကိုယ်ကိုပြန်တွေးကြည့်မိလားမသိဘူး..စီးပွားရေးပျက်စီးလို့နာကျင်နေတာလား ဒူးမနာသမီးတွေအတွက် ခံပြင်းနေတာလား.."

"ဟိတ်ကောင်..မင်း.."

စားပွဲကိုဒုန်းခနဲ ထုပစ်လိုက်ပြီး ဦးသီလအောင်ကိုယ်ကြီးတောင့်မတ်နေ၏။ ပြီးတော့.. ၊

"ငါ့သမီးတွေကို ငါ့ရင်သွေးတွေလို.."

"ခင်ဗျားဘာသာ ဘယ်လိုပုံစံနဲ့ပဲ မွေးထားထား..သူတို့ကခင်ဗျားသမီးတွေ မဟုတ်ဘူး..အဲ့ဒါမှားလို့လား.."

နောက်ထပ်ခွန်းတုံ့ပြန်ဖို့ ဆွံ့အသွားခဲ့ပြန်ကာ ဦးသီလအောင် ခေါင်းငိုက်စိုက်ကျ၏။ သမီးသုံးယောက်ကို သူလိုလေသေးမရှိ ဂရုစိုက်ထောက်ပံ့ခဲ့သည်။ ဒါပေမယ့် မကြင်နာခဲ့ပါ။ ဒါပေမယ့် သူမတို့ကို သူချစ်ပါသည်။ မိန်းမသားပေမယ့် တော်စေထက်စေချင်ခဲ့သည်။

စိတ်တိုင်းမကျဖြစ်လာတိုင်း ကြောက်လန့်သွားအောင် ဒဏ်ပေးသည်။ ရက်ရက်စက်စက်ပြောဆိုဆက်ဆံခဲ့သည်။ သမီးအကြီးနှစ်ယောက်ကို တစ်မြို့တည်းကနေ ခေါ်ယူမွေးစားခဲ့တာဖြစ်ပြီး အငယ်ဆုံးသမီးကတော့ ကိုယ့်တပည့်ရင်းထဲက တစ်ယောက်၏ကလေးဖြစ်သည်။

သူမငယ်ငယ်လေးမှာ မိခင်ဆုံးသွားကာ ဖခင်ဖြစ်သူကတော့ ထောင်ကျသွားခဲ့သည်။ ကိုယ့်အလုပ်ကိစ္စတွေနဲ့ပတ်သက်ပြီး အနစ်နာခံသွားသူမို့ သူ့သမီးလေးကိုတော့ ဦးသီလအောင်အကြင်နာပိုခဲ့



ပါသည်။ ဖခင်ကထောင်ထဲမှာပဲ ဆုံးသွားတော့ ပိုပြီးသနားညှာတာခဲ့သည်။

ဒါပေမယ့် သူမကျမှပဲ သူမကြိုက်သောအမူအကျင့် စရိုက်လက္ခဏာတွေနဲ့ဖြစ်လာခဲ့၏။ မိန်းမပီသတာကိုမကြိုက်သူလက်ပေါ်မှာ သူမက နူးညံ့သိမ်မွေ့စွာ ကြီးပြင်းခဲ့သည်။ မငိုတတ်အောင်လေ့ကျင့်ပေးနေကာမှ သူမကမျက်ရည်ကိုလက်ခံတဲ့သူဖြစ်ခဲ့၏။ ဥပဒေနဲ့မလွတ်ကင်းသည့် စီးပွားရေးတချို့ရှိနေသဖြင့် သူမလေးတွေသာ သားတွေဖြစ်ခဲ့ရင် ငါဘယ်လောက်အားကိုးရမလဲလို့ တွေးမိတိုင်း မချင့်မရဲဖြစ်နေခဲ့မိ၏။

ဒါကြောင့်ပဲ အမြဲတမ်းဆူငေါက်ကြိမ်းမောင်းနေရသည်။ ပြင်းထန်တဲ့အပြစ်တွေပေးပြီး ရက်ရက်စက်စက်ကျောခိုင်းနေတတ်ခဲ့၏။ ခုတော့ သမီးတွေကိုသူဆက်ဆံခဲ့သည့်ပုံစံက ဒီအချိန်မှာသွေးမတော်သည့်ကလေးတွေမို့ ကုန်ပစ္စည်းတစ်ခုလို ချခင်းရောင်းစားနေရသလိုလို.. ၊

"ဦးသီလအောင်မသိလို့ပါ..ခင်ဗျားသမီးနှစ်ယောက် ဟိုမှာအချမ်းကိုစိတ်ချမ်းသာနေကြတာ.."

ကိုယ့်အပြစ်တွေ တွေးနေမိတုန်း ထိုစကားသံကနောက်ထပ်နှိပ်စက်လာသည်။

"သူတို့ကိုသိမ်းယူခဲ့တဲ့သူက ကားပါပြီးသွားမပါတဲ့ အဘိုးကြီးမှမဟုတ်ဘဲ..ဟွန်း ဟွန်း.."

ရယ်သံက လူကိုအကြီးကြီးနာကျင်စေခဲ့လျက် သမီးတွေကိုသတိရလိုက်မိသည်။ သူဖုန်းဆက်ရင်တောင် ဖေကြီးနေကောင်းရဲ့လားလို့ မေးဖော်မရကြသည့်အဖြစ်သည်.. ၊

"ငါ့အတွက်ခက်ခဲနေတယ်မိုးခြိမ်း..အဲ့ဒါကငါဆုံးဖြတ်လို့မရတဲ့အရာပဲ.."

"ခင်ဗျားအခက်အခဲကို ဆွေးနွေးပေးဖို့ သူဌေးကမမှာလိုက်ဘူး..အခုကျွန်တော်တို့လုပ်ရမှာက.."

"သမီးအငယ်ဆုံးကို ငါစွန့်လွှတ်ခဲ့တာကြာပြီ.."

"ဒါပေမယ့် ခင်ဗျားလက်အောက်မှာပါပဲ.."

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေအားလုံးကို လက်မခံနိုင်ဘဲ ခေါင်းငုံ့ရင်းတိတ်ဆိတ်စွာ ဖြေရှင်းခဲ့ရသည်။ ဒီနေ့ဒီအချိန်မှစ၍ တော်ဝင်စံအိမ်ကြီး၏အရှင်သခင်က နောက်တစ်ဦးပြောင်းခဲ့ပြီလား.. ဒါမှမဟုတ်.. ။

## အခန်း(၅)

"ပန်းပင်တွေကဖြစ်သားပဲ.."

"ဟုတ်တယ်..ဦးသီလအောင်ဆိုတဲ့သူဌေးကြီးက အတော်တိကျပြတ်သားတဲ့လူကြီး၊ ဒီခြံကိုတစ်လတစ်ခေါက်လာကြည့်တယ်..ဒီလိုပုံစံမမြင်တာနဲ့ သူ့သမီးကိုဆူပူကြိမ်းမောင်းတာ နားမခံသာဘူးဆိုပဲ.."

"ဘယ်သူတွေကပြောတာလဲ.."

"အဲ့ဒီအိမ်မှာ သူ့သမီးနဲ့ဒေါ်ကြီးတစ်ယောက်ရယ်..ခြံစိုက်ခြံစောင့်တဲ့လူကြီးတစ်ယောက်ရယ်၊ ဒါပဲရှိတယ်.."

ကြည့်လိုက်တော့ခြံကသိပ်တော့မကျယ်ပေမယ့် ပေခြောက်ဆယ်ခုနှစ်ဆယ်ကျော်ပတ်လည်လောက် ရှိလိမ့်မည်။ ဒါကစိုက်ပျိုးထားသည့် မြေနေရာချည်းအရှိဖြစ်ကာ လူနေအိမ်လေးကအစွန်ဖျားမှာ သပ်သပ်ရှိနေတာဖြစ်သည်။

"နောက်ပြီးတော့ဗျာ ဒေါ်ကြီးဆိုတဲ့မိန်းမကြီးက ခြေမသန်လက်သန်ရယ်..စိုက်ပျိုးတာတွေ ရှင်းလင်းတာတွေကို ခြံစောင့်နဲ့သူဌေးသမီးပဲ လုပ်ရတာလေ၊ စဉ်းစားသာကြည့်တော့..သူဌေးဘယ်လောက်ရက်စက်သလဲဆိုတာ.."

နှစ်လုံးပြူးပြောင်းရှည်သေနတ်ကိုတစ်ဖက်ကကိုင်လျက် တစ်ချက်ကစီးကရက်သောက်ရင်း သူ့မျက်လုံးတွေကတစ်ခြံလုံးကို ပိုက်စိတ်တိုက်စူးစိုက်နေခဲ့၏။ ပန်းတွေကိုဘာပန်းတွေလဲဆိုတာ စိတ်ဝင်စားလို့မဟုတ်။ ဒီနေရာကိုရောက်လာခဲ့တာလည်း ဒီပန်းခြံကိုလာကြည့်တာမဟုတ်ပေ.. ။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သူစူးစိုက်ကြည့်နေခဲ့သည်။ ပို၍မို့မောက်နေသော မြေစိုင်ဘုကြီးပေါ်မှာ ခြေထောက်တစ်ဖက်တင်၍ စီးကရက်ကိုနှုတ်ခမ်းမှာတပ်လိုက်ပြီး မျက်မှန်ဖြုတ်သည်။ ခပ်မှောင်မှောင်ပြာလဲ့သော မြင်ကွင်းက နေရောင်ရှိန်နှင့်လင်းချင်းသွားခဲ့၏။ ပြီးတော့ မျက်မှန်ကို ရင်ခွဲဝတ်ထားသည့်ကုတ်အင်္ကျီအိတ်ထဲ ထည့်လိုက်သည်။ ပြီးမှ စီးကရက်ကိုရှိုက်လိုက်ပြီး မြေပြင်ပေါ်ပစ်ချ၍ ဖိနင်းချေကာ.. ।

"သူတို့ဒီမှာနေတာ ဘယ်လောက်ကြာပြီလဲ.."

"ဒီမှာတော့ ငါးနှစ်လောက်ပဲရှိသေးတယ်ဗျ.."

"တခြားမှာနေခဲ့တယ်ကြားဖူးလို့လား.."

"အဲ..ဘယ်လိုပြောရမလဲဆိုတော့.."

ရွာသားကိုစံလေးက ခေါင်းတစ်ချက်ကုတ်လိုက်ရင်း.. ।

"သိပ်တော့မသိဘူးကိုဂျန်းရ..ကြားတဲ့အတိုင်းဆိုရင်တော့ သူ့ဌေးဆိုတဲ့လူကြီးက တော်တော်ရက်စက်တယ်တဲ့..အိမ်မှာနေတုန်းတည်းက အပြစ်ပေးထားတာဆိုလား၊ ဒဏ်ရိုက်တယ်ဆိုလား..အဲ့ဒီမှာလည်း အတော်ဒုက္ခပေးခဲ့တာတဲ့၊ ဒီကိုရောက်လာတော့ အဲ့ဒီအမျိုးသမီးက ပျော်နေတဲ့ပုံပဲ.."

"ဟုတ်လား.."

"ပန်းပင်တွေစိုက်ရတာ ဘယ်လောက်ပင်ပန်းလိုက်မလဲနော်.. ဒါတောင်ပျော်တယ်ဆိုတော့ သူ့အဖေဘယ်လောက်ရက်စက်ခဲ့လဲ တွေးသာကြည့်တော့..နောက်ပြီးနာမည်ကကြာနွယ်ရိုးဆိုသလောက် တအားလှတာဗျ၊ ဆံပင်တွေဆို အရှည်ကြီးပဲ.."

ဂျန်းမျက်ခုံးတွေ အလိုမကျသလိုတွန့်ကုတ်သွားသည်။ ပြီးမှ..

"ဒီပန်းတွေစိုက်ပြီး ဘာလုပ်တာလဲ.."

စကားကြောဖြတ်၍ မေးခွန်းပြောင်းလိုက်သည်။

"ရွာထဲကလူတွေ လာဝယ်တယ်လေ..ကြည့်ရတဲ့ပုံအရတော့ ဘယ်သူဝယ်ဝယ်မဝယ်ဝယ် သူ့အဖေကတမင်ပန်းပင်စိုက်ခိုင်းပြီး ပင်ပန်းအောင်ဒဏ်ပေးထားတဲ့သဘောပဲဖြစ်မယ်..ဒါနဲ့ ကိုဂျန်းသေနတ်ပစ်ကျင့်မလို့ဆို..လာ..ဒီဘက်ကချိုးဝင်သွားရင် တောစပ်ရောက်ပြီ တောပေမယ့် ပစ်ကွင်းကောင်းမယ့် အပင်တွေကျတော့ရှင်းတယ်.."



မိုးခြိမ်းကတောစပ်မှာတည်းက ပစ်ကွင်းကောင်းသည့်နေရာကို ညွှန်ပြပြီး သူ့ကိစ္စနဲ့သူနောက်ချန်နေရစ်၏။ ခြေလှမ်းတို့သည့် တောထဲကိုဝင်နေတာလို့ မခံစားမိဘဲ မိန်းမတစ်ယောက်၏ဘဝတစ်ခုထဲကို ချဉ်းနင်းဝင်ရောက်နေသလို စိတ်အာရုံတို့က မျက်နှာတစ်ခုပေါ်မှာ စွဲမြဲနေခဲ့သည်။

မုန်းတီးနာကျည်းစိတ်တွေ တဖွားဖွားဖြစ်လာခဲ့၏။ ဒေါသအလျှောက်သတ်ပစ်မိတဲ့ဒေါသမျိုးထက် ပိုသည်။ နာကျည်းလွန်းလို့ မမြင်ချင်မကြားချင်တာမျိုးနဲ့လည်း မတူ။ သူဟာကိုယ်မုန်းဖို့အတွက် လူဖြစ်လာတာလား.. ဒါမှမဟုတ် ကိုယ်ဟာသူမအတွက် နတ်ဆိုးတစ်ကောင်အဖြစ် မွေးဖွားလာခဲ့လေသလား.. ।

ခုချိန်ထိ အရာရာဟာအေးချမ်းနေခဲ့သော်ငြား မနက်ဖြန်သို့မဟုတ် တစ်နေ့နေ့မှာသူမ.. ।

"ဂျောက်.."

သေနတ်ကိုမောင်းတင်၍ သေချာချိန်လိုက်သည်။ ချိန်လိုက်ကာမှ မျက်လုံးပြူးပြူးနှင့် ရှဥ့်လေးတစ်ကောင်က အပေါ်ကိုင်းကနေအောက်ကကိုင်းပေါ်ခုန်ချလိုက်သဖြင့် သေနတ်ပြောင်းဝက ထိုနောက်ကိုသေချာလိုက်နေခဲ့သည်။

ရှဥ့်လေးက ပင်စည်ကိုခုန်ကပ်လိုက်ပြီး တစ်ချက်ငြိမ်သွားသည် ထိုခဏကို အမိယူ၍ သူ့မျက်လုံးတစ်ဖက်မှိတ်လိုက်သည်။ သို့သော် ခလုတ်ပေါ်မှာတင်ထားသည့် လက်ညှိုးလေးကွေးကျမသွားမိ.. ।

ဟင်.. ।

ပစ်မှတ်ရဲ့နောက်ကနေ မျက်နှာလေးတစ်ခုဖြတ်ဝင်လာခဲ့သည်။ သူသေနတ်ပြောင်းကို မဖယ်ခဲ့ဘဲ သူမရဲ့မျက်နှာလေးနောက်လိုက်ချိန်ထားခဲ့သည်။ ဝင်းညက်ညက်မျက်နှာလေးမှာ အဖျားလေးတွေကော့သယောင်သွယ်တန်းနေသည့် ဇင်ယော်တောင်ပံလို မျက်ခုံးတန်းလေးတွေနှင့် ညိုလဲ့မှောင်ရီသောမျက်ဝန်း မသွယ်မပိုင်းမျက်နှာလေးနှင့် ကျောနောက်မှာသားရေကွင်းအနီရောင်လေးနဲ့ ဒီတိုင်းစည်းချထားသည့် ဆံနွယ်ရှည်တို့က တနွဲ့နွဲ့လွန့်ခါနေကြသည်။

ဂျန်းနှုတ်ခမ်းသားတွေ တင်းတင်းစေ့သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"နင့်ကိုငါသိပ်မုန်းတယ်..နင်ကငါ့အတွက် မကောင်းဆိုးဝါးကောင် နတ်ဆိုး..နင်ခုထွက်သွားစမ်း.."

"လူကြမ်းမဟုတ်ဘူး..တိရစ္ဆာန်ကောင်၊ ကလေးမဟုတ်ဘူး ကလိန်ကကျစ်.."

"ဖြန်း..ဖြန်း.."

သူ့ပါးတွေ ဘယ်ပြန်ညာပြန်မီးမြိုက်ခံလိုက်ရသလိုပင်။ သူမရဲ့လိမ်လည်ပြောဆိုမှုမှာလူတွေဝိုင်းလာပြီး သူ့ကိုတွန်းထိုးငေါက်ငမ်းကာ ရဲစခန်းကိုခေါ်သွားကြ၏။ ထုထောင်းရိုက်ပုတ်ခြင်းကိုလည်းသူမထံမှာ ရက်ရက်စက်စက်ခံခဲ့ရသည့်ပြင် သူမကြောင့်ပဲရဲစခန်းကိုဒုတိယအကြိမ် ထပ်ရောက်ခဲ့ရပြန်၏။

"လူရမ်းကားလေးပဲ.."

"ကောင်လေး..မင်းဘယ်ကလဲ၊ မင်းမိဘတွေက ဘယ်သူလဲ..မှန်မှန်ဖြေစမ်း.."

ရဲတွေဘယ်လိုမေးမေး သူမဖြေခဲ့။ မဖြေသမျှရိုက်နေတာကိုလည်း ခံနေခဲ့သည်။ မျှတစာနာတတ်သော ရဲဝန်ထမ်းတစ်ဦး၏ တားဆီးမှုတစ်ရပ်သာ မရှိခဲ့လျှင် လူကြမ်းဆိုသည့် သူ့မျက်နှာဟာဒီနေ့ဒီအချိန်လောက်မှာ အမေမွေးခဲ့တဲ့အတိုင်း ရှိနေဖို့တောင်မသေချာ..၊

သူ့ဘဝကို အကြိမ်ကြိမ်အခါခါမီးလောင်တိုက်သွင်းခဲ့တဲ့ကြာနှယ်ရီး...။ သူမသည် ကျည်ဆံအစစ်တွေထည့်ထားသည့် သူ့ရဲ့သေနတ်ပြောင်းဝရှေ့မှာ လောကကြီးကိုမေ့နေသလို ခြေလှမ်းတို့ဖြင့်..၊

ဟွန့်... ၊

ကျိုခနဲအံကြိတ်မိရင်း သူ့လက်ညှိုးကို အတိအကျကွေးချလိုက်၏။

"ဒိုင်း..."

"အား..."

ပေါက်ကွဲသံတစ်ရပ်နှင့်အတူ နားအနားမှာပူထူသွားသဖြင့် ရှီးလန့်ဖျန့်အော်ကာ နားနှစ်ဖက်ကိုပိတ်ထားလိုက်မိသည်။ ထို့နောက်သေနတ်သံဆိုတာ သိလိုက်သော်လည်း... ၊

"ဒိုင်း..."



"အား.."

မျက်နှာရှေ့က ကပ်ပြေးသွားသည့်တစ်စုံတစ်ရာက မျက်နှာကိုထိခတ်ပစ်တိုက်သွားသလို ပူပြင်းနာကျင်သွားခဲ့၏။ ထို့ပြင်.. ၊

"ဒိုင်း..."

"အား.."

"ဒိုင်း..."

သူမထမည်ပြင်လိုက်တိုင်း ရှေ့မှာနောက်မှာကျည်ဆံတွေ တရှဲရှဲဖြတ်ပြေးသွားခဲ့လျှင် ရှီးသစ်ပင်တစ်ပင်၏ခြေရင်းမှာ ထိုင်ချလျက်နားတွေပိတ်ထားရင်း တစ်ကိုယ်လုံးတုန်ယင်နေလေသည်။ ယမ်းနံ့တွေမွှန်ထွန်သွားသည်။ မျက်လုံးမဖွင့်ရဲသေးဘဲ သူမဘာကြောင့်အသက်ရှင်နေသေးတာလဲဆိုတာ အရင်ဆုံးသတိရ၏။ လူကိုမထိမချင်းပစ်နေတာမို့ နောက်ထပ်ကျည်ဆံတွေ ထပ်ထွက်လာဦးမှာကိုသိနေသည်။

ဘယ်သူတွေလဲ..သူ့ကိုသတ်ချင်တာလား။ တစ်နေရာရာကိုရမ်းပစ်နေတာလား... ၊

ရမ်းသမ်းပစ်ခတ်နေသည့် ကျည်တွေကကိုယ့်ဆီကိုပဲ ဦးတည်ပြီးစုပြုံရောက်လာတာတော့ မဖြစ်နိုင်။ ရင်တွေခုန်နေသလောက် အသားတွေပါ ဆတ်ဆတ်တုန်၏။ အတန်ကြာနားစွံ့နေမိပေမယ့် ပစ်ခတ်သံမကြားရတော့ပေ။ မျက်လုံးတွေဖွင့်ကြည့်လိုက်လျှင် သူမထံတစ်လှမ်းချင်းနင်းဖြတ်လာသည့် ခြေသံနှင့်လှုပ်ရှားမှုကိုသိလိုက်၏။

လှည့်ကြည့်လိုက်တော့ တောစီးဖိနပ်မျိုးမဟုတ်သော ရှူးဖိနပ်အနက်ရောင်နှင့် ဘောင်းဘီရှည်အနက်နဲ့ခြေအစုံ.. ၊

မော့ကြည့်လိုက်တော့ ထောင်မားသောအရပ်အမြင့်နှင့် ယောကျ်ားတစ်ယောက်။ ပခုံးတစ်ဖက်မှာ သေနတ်ကိုထမ်းလျက် အနက်ရောင်ကုတ်အင်္ကျီကို ရင်ဖွင့်ဝတ်ထားသည်။ ရင်ဘက်တစ်ဝက်လောက်ပေါ်အောင်ဟိုက်နေသော အတွင်းခံစွပ်ကျယ်အင်္ကျီက ဒီတိုင်းကိုယ်ဗလာနဲ့နေတာထက် နည်းနည်းပဲသာ၏။

နှုတ်ခမ်းမွေးစစနှင့် ခပ်ရိုပ်ရိုပ်ဆင်းနေသော ပါးသိုင်းမွေးတို့ကမေးဖျားမှာသိသာစွာရှိနေခဲ့ပြီး စည်းထားလောက်အောင်ရှည်သည့်

www.burmeseclassic.com

www.burmeseclassic.com



ဆံပင်တွေကြောင့် သူ့ပုံစံကမြန်မာနဲ့မတူ။

ထိုသူကိုမော့ကြည့်နေရင်း ရှိုးပင်စည်ကိုလက်တစ်ဖက်ထောက်၍ ဖြည်းဖြည်းထရပ်သည်။ သူကလည်း မမှိတ်မသုန်ကြည့်နေခဲ့သလို ရှိုးသည်လည်း လူသာမတ်တပ်လေးရပ်မိခဲ့လျက် မျက်ဝန်းတွေကထိုမျက်နှာမှာ နည်းနည်းမှမခွာ.. ၊

မျက်နှာချင်းဆိုင်ရပ်မိကြလျှင် ရှိုးကပင်စည်ဘက်ကိုကျောလေးကပ်၍ ထပ်ဆုတ်လိုက်ကာ.. ၊

"ရှင်က ဘယ်သူလဲ.."

ဂျုန်းကမဖြေဘဲမဲ့သည်။ သေနတ်သံတွေကြောင့် မျက်လုံးမျက်ဆံပြူးနှင့်ပြေးလာသည့် စံလေးကနှစ်ယောက်ရင်ဆိုင်နေကြတာကိုမြင်လျှင် ရှေ့ဆက်ပြေးမလာတော့ဘဲ ရောက်သည့်နေရာမှာပဲရပ်သွားခဲ့၏။

တောကသစ်ပင်ထူထပ်နေတာမဟုတ်ဘဲ အစိုအခြောက်ရောနေသည့် တောတန်းပါးပါးနှင့်အေးချမ်းဆိတ်ငြိမ်နေသည်။ သို့သော် မျက်နှာချင်းဆိုင်နေကြသည့် မျက်ဝန်းတွေကတော့ ထိတ်လန့်ပူလောင်ခြင်းတို့အတိပြီးနေခဲ့လျက်.. ၊

"ရှင်ဘာလုပ်တာလဲ.."

ရှိုးမျက်နှာလေးမော့သွားခဲ့လျက် အသံလေးတွေတုန်ယင်နေသည်။ ဖွေးနုသည့်မေးဖျားအောက်ကနေ ပင့်ထောက်ထားသည့်သေနတ်ပြောင်းဝကြောင့် မျက်နှာကိုမော့ထားရသည်။ ထို့ကြောင့်သူမမျက်နှာပေါ်မှာ နီးကပ်စွာငုံ့မိုးနေသည့်မျက်နှာကို ရှောင်လွှဲပစ်ချင်ပေမယ့်မရ။ မျက်လုံးတို့သည် စူးရဲလက်တောက်နေကာ ဘယ်ဘက်ပါးပြင်နောက်စပ် မျက်ဝန်းထောင့်မှာတစ်လက်မသာသာခြစ်ရာပုံစံအမာရွတ်စင်းကြောင်းတစ်ခုရှိနေ၏။

ထို့ပြင် ထိုမျက်နှာကိုသူမကမော့ကြည့်နေသလိုရှိသောကြောင့် ဘယ်ဘက်မေးရိုးအောက်မကျတကျနေရာမှာလည်း လခြမ်းပုံစံလက်မဝက်ခန့်အမာရွတ်တစ်ခုကို မြင်နေရသေးသည်။ သူကရှိုးကိုနှုတ်ခမ်းတို့စေ့ပိတ်၍ စူးစိုက်ကြည့်နေရင်း.. ၊

"ဘယ်လိုလဲ..ကျုပ်ဘယ်သူလဲသိပြီလား.."



မသိဘူးလို့သူမမပြောရဲပေ။ ဖေကြီးမှာတပည့်တွေ အများကြီးရှိသည်။ ထို့ပြင်ဘယ်လိုလူတွေနဲ့ ပဋိပက္ခဖြစ်နေမှန်းမသိဘဲ ရန်သူဆိုတဲ့စကားတွေလည်း ကြားရနေကျ။ သူမတို့ညီအစ်မတွေ ဖေကြီးဘာအလုပ်တွေလုပ်နေသလဲဆိုတာ ရိပ်ဖမ်းသံဖမ်းလောက်တော့သိကြတာမို့ ဒီလူကိုယ့်ကိုပစ်ခတ်နေမှန်းသိတည်းက ဖေကြီးရဲ့ရန်သူတစ်ယောက်လို့ ထင်ခဲ့မိ၏။

ကြားလိုက်ရသည့်မေးခွန်းကတော့ ဖေကြီးနဲ့ငြိခဲ့သည့်ရန်ကြွေးဟုတ်ပုံမရ.. ၊

"ခင်ဗျား ကျုပ်မျက်နှာကိုကြည့်နေတည်းက သိသင့်တာ.."

'ခင်ဗျား'ဆိုပါလား.. ၊

ရှိုးရဲ့မျက်ဝန်းလေးတွေ ကျဉ်းမြောင်းသွားသည်။ 'ခင်ဗျားနဲ့ကျုပ်'လို့ပြောရအောင် ဒီအရပ်အမောင်းကြီးနဲ့ဒီမျက်နှာကြီးက.. ၊

နှုတ်ခမ်မွှေးပါးသိုင်းမွှေးတို့နှင့် သူကိုအံ့သြထိတ်လန့်စွာငေးရင်း ရှိုးဘယ်လိုထွက်ပြေးရမလဲပဲ စဉ်းစားနေမိသည်။ ဖေကြီးရဲ့ရန်သူမဟုတ်ဘူးဆိုရင် သူမမှာရော လူကိုသတ်ချင်လောက်အောင် မုန်းတီးနေနိုင်တဲ့သူရှိခဲ့သလား.. ၊

"ဒေါ်ကြာနွယ်ရှိုး.."

ဟင်.. ၊

ရှိုးမျက်လုံးလေးဝိုင်းသွားသော်လည်း.. ၊

"အား.."

မေးဖျားအောက်ထဲမှာ သေနတ်ပြောင်းကနစ်ဝင်တော့မတတ်ဖိဝင်လာသဖြင့် မျက်နှာလေးမဲ့သွားခဲ့လျက်.. ၊

"ရှင့်..ရှင့်ကိုမသိ..အ.."

"ဘာပြောတယ်.."

"အား.."

မသိဘူးဆိုသည့်စကားကြောင့် သေနတ်ပြောင်းဝ၏ပင့်ထောက်မှုအားက ညှာတာမှုကင်းမဲ့ခြင်းအဆင့်နှင့် ပို၍ဖိနှစ်သွားခဲ့ပြီ.. ၊

"ထပ်ပြောမယ်..မမှတ်မိသေးဘူးဆိုရင် ဒီသေနတ်ထိပ်က ကျည်

www.burmeseclassic.com

www.burmeseclassic.com



ဆံတစ်တောင့်က ခင်ဗျားရဲ့ငယ်ထိပ်ကနေ ဖောက်ထွက်သွားလိမ့်မယ်.."

ကျော့ရှင်းသည့်ရွှေလည်တိုင်သည် တင်းနေသည့်ကြိုးတစ်ချောင်းလိုဖြစ်လာခဲ့လျက် မော့နေရသည့်မျက်နှာလေးက ပြုတ်ထွက်သွားတော့မတတ်နာကျင်လာခဲ့၏။ မေးအောက်မှာဖိထောက်ထားသော သေနတ်ဒဏ်ကြောင့် ရိုးရဲ့မျက်ဝန်းထောင့်မှာ မျက်ရည်တွေဆံပင်ကြားထဲသို့ တလိမ့်လိမ့်စီးကျသွားကြ၏။

ဘယ်အချိန်ကာလက ဘယ်လိုအငြိုးနဲ့နှိပ်စက်နေသည်မသိသလို ထိုသူကိုသူမမသိခဲ့ခြင်းသည် သတ်လိုကသတ်လိုက်ပါစေတော့လို့ မျက်လုံးစုံမှိတ်လည်စင်းပေးရုံသာ။ သို့သော်.. ၊

"ကျုပ်ကဆယ့်နှစ်နှစ်အရွယ်တည်းက အချုပ်နှစ်ခါကျခဲ့ဖူးတဲ့ကောင်.."

ရိုးရဲ့မျက်ရည်စိုနေသည့် မျက်တောင်ရှည်တို့သည် ဖိကပ်မှိတ်ထားရာကနေ ဖျတ်ခနဲပွင့်သွားခဲ့၏။

"မိန်းမလည် မိန်းမယုတ်တစ်ယောက်ရဲ့ပါးစပ်ဖျားမှာ အဲ့ဒီကောင်လေးက သူခိုးဖြစ်လိုက် ဓားပြဖြစ်လိုက်ခဏခဏအချုပ်ခံခဲ့ရပြီး.."

"လူကြမ်း.."

"ဟွန်း..သိသွားပြီ.."

ရိုးနှုတ်ဖျားမှ ရေရွတ်လိုက်သည့်နာမည်ကြားသည်နှင့် ဂျန်းကသူမမေးဖျားအောက်မှာ ပင့်ထောက်ထားသည့်သေနတ်ကိုဖယ်ကာ..၊

"ဒိုင်း.."

"အား.."

"ဟာ.."

ရပ်ကြည့်နေသည့်စံလေး အထိတ်တလန့်အော်ပြီး နောက်ကိုခုန်ဆုတ်သွားသည်။ ရိုးနောက်ထပ်နားတွေပိတ်ရင်း လန့်အော်မိပြန်ကာ သူမကိုယ်ပေါ်ကိုတဖြုတ်ဖြုတ်ကြွေကျလာသည်။ သစ်ရွက်တွေကိုင်းဖျားလေးတွေကြောင့် အပေါ်ကိုထောင်ပစ်လိုက်မှန်းသိလိုက်သည်။



ထို့အတူ ဒေါသကထောင်းခနဲထဖြစ်သည်။ ထိုယောကျ်ားသည် လူကြမ်းဆိုတာသိလိုက်ရသည့်အချိန်မှာ ကိုယ့်မှာလည်းနာကျင်စရာတွေရှိခဲ့တာမို့ ကြောက်စိတ်တို့က ဘယ်ဆီပြေးကုန်ကြသည်မသိ..၊

"ဖယ်စမ်း.."

ဂျန်းကိုင်ထားသည့်သေနတ်ကို ပုတ်ထုတ်ပစ်လိုက်ပြီး လက်တစ်ဖက်ကို အားရှိပါးရှိလွှဲရိုက်ပစ်လိုက်၏။ သို့သော် အမှတ်တမဲ့မို့ ပုတ်ချခံလိုက်ရပေမယ့် ဂျန်းလက်ထဲကသေနတ်လွတ်ထွက်သွားအောင် မလုပ်နိုင်ခဲ့ဘဲ ရိုက်ချလိုက်သည့်လက်ကို ဂျန်းကအသာလေးဖမ်းချုပ်ပြီး ဆွဲလိမ်ပစ်လိုက်၏။

"ဖယ်..လွှတ်.."

ရိုးကျောပြင်လေးကော့သွားကာ သေနတ်သည်တုတ်တစ်ချောင်းကဲ့သို့ မေးအောက်ကနေပင့်ညှပ်၍ နောက်ထပ်တစ်ခါနာကျင်မှုတွေ ရစေခဲ့လျက်.. ၊

"လူကြမ်းဆိုတဲ့ကောင်ကို ခင်ဗျားဘာထင်နေသလဲကြာနွယ်ရိုး.. ဒီနေ့ကစပြီး ခင်ဗျားနဲ့ကျုပ်တစ်ကနေ ပြန်စကြတာပေါ့.."

"နင်ကဦးအောင်ပြောတယ်ဟုတ်လား..နင့်ကြောင့် ငါတစ်ဘဝလုံး ငရဲကျခဲ့ရတာ.."

"ဩော်..ဩော်.."

"လုပ်လေ..နင့်အင်အားကိုငါမနိုင်ပါဘူး၊ သတ်လိုက်စမ်းပါ.."

"ဟွန့်..ပူမနေနဲ့၊ လာမှာ.."

ဂျန်းအံကြိတ်ပြီးမဲ့သည်။ သူချုပ်ကိုင်ထားသည့်လက်နဲ့ ကျောပြင်ကိုတွန်းလွှတ်လိုက်တော့ ရိုးတစ်ကိုယ်လုံးသစ်ပင်ဆီပြေးဆောင့်၏။ သူမသာအချိန်မီမကာကွယ်နိုင်ခဲ့လျှင် ရင်ဘက်နဲ့မျက်နှာတစ်ခုလုံး ဘယ်လိုအဖြစ်ဆိုးသွားမည်မသိ.. ၊

သို့သော် မလွတ်မကင်းထိခိုက်မိသည့်နာကျင်မှုတွေကြောင့် ရင်ဘက်အောင့်သွား၏။ ခြေမခိုင်ခင်လဲပြိုသွားသည့်မို့ ခြေချင်းဝတ်မှာ ပွန်းရှကုန်လျက် နားသယ်စပ်နှင့်နားတစ်ဖက်မှာ သစ်ပင်နဲ့ထိခိုက်မိသွားပြီမှန်းသိလိုက်သည်။

တစ်ချက်တည်း တုန်းခနဲလဲကျမသွားပေမယ့် ရိုးတော်တော်နဲ့

www.burmeseclassic.com

www.burmeseclassic.com



စကားမပြောနိုင်ဘဲ မျက်ရည်တွေသာတသောသောကျလာခဲ့၏။ သူ့ဘက်ကိုလည်းမလှည့်နိုင်ဘဲ သစ်ပင်ခြေရင်းမှာ ကအိအိခွေကျသွားခဲ့လျှင်.. ၊

"လူတစ်ယောက်ရဲ့ဘဝက သူရဲ့အတိတ်ပဲဒေါ်ကြာနွယ်ရှိး..မနက်ဖြန်ဘာလုပ်မှာလဲဆိုတာ မနေ့ကဘာလုပ်ခဲ့လဲဆိုတာနဲ့ပဲဆိုင်တယ်..အဲ့ဒီတော့ မနက်ဖြန်ခင်ဗျားဘာဖြစ်မယ်ထင်လဲ.."

ဟွန့်ခနဲမဲ့သံက နားထဲကိုရေခဲငွေ့တွေလို ရိုက်ခတ်သွားခဲ့သည်။ ပြီးတော့ တဒင်္ဂတိတ်ဆိတ်သွားခဲ့ပြီး ဝေးကွာသွားသည့်ခြေသံကို နားစွင့်နေမိသည်။ ထို့နောက်မှာ ကျလာသည့်မျက်ရည်တို့သည်.. ၊

(၁)

အခန်း(၆)

ဟင်.. ၊

ကိုယ့်ပန်းခြံကိုမြင်လိုက်ရသည့်အချိန်မှာ ကိုယ်မှာခံစားနေခဲ့ရသော နာကျင်သည့်ဝေဒနာတွေအားလုံးကို မေ့သွားခဲ့၏။ ခြံစည်းရိုးတစ်ဖက်ခြမ်းလုံး လဲပြိုနေခဲ့ပြီး သူမစိုက်ပျိုးထားခဲ့သော ပန်းပင်တို့သည် ဆင်နင်းထားသည့်ယာခင်းကဲ့သို့.. ၊

ရိုးထမီလေးတစ်ဖက်မပြီး ခြံဝထိမသွားတော့ဘဲ ပြိုလဲနေသည့်ခြံစည်းရိုးအပျက်အစီးများကြားကနေ ဝင်လာခဲ့သည်။ ရွာအဝင်ပေမယ့် ရွာနဲ့တော့မနီးသော ဒီအိမ်ခြံမြေလေးက သူမအတွက်နတ်စည်းမိမ်နဲ့မလဲနိုင်သော သုခဘုံလေးပါ.. ၊

ဒါကိုဘယ်သူချိုးဖွဲ့ဖျက်ဆီးသွားခဲ့တာလဲ..။ ကြည့်လိုက်တော့ အိမ်ရဲ့ခြေရင်းဘက်မီးဖိုဆောင်လေးပါ ယိုင်နဲ့ကျိုးပျက်နေလျက် အိမ်ကြီးနံရံတချို့လည်း စုတ်ပြတ်နေ၏။

"ကြာနွယ်.."

ခေါ်သံကြောင့်ရှာကြည့်လိုက်တော့ သူမနဲ့အတူနေသည့်ဒေါ်အေးသာ.. ၊

"အဒေါ်.."

ဒေါ်အေးသာခြေထောက်နာနေပုံပေါ်ကာ အိမ်ထဲကထွက်လာပြီး အသံပေးပေမယ့်ရှို့မဲ့မဲ့ ထိုင်ကျသွားလျက်.. ၊

"ညည်းဘယ်တွေသွားနေတာလဲကြာနွယ်ရယ်.."

"ကျွန်မရွှေညိုလေးပြန်မလာလို့ လိုက်ရှာနေတာ..ဘာတွေဖြစ်ကုန်တာလဲဟင်၊ ခြံထဲကိုဘယ်သူတွေ.."

www.burmeseclassic.com

www.burmeseclassic.com



"ကားတစ်စီးဝင်လာပြီး တိုက်ချသွားတာ.."

"ဟင်.."

ရိုး ဒေါ်အေးသာကိုတွဲ၍ အိမ်ထဲကိုဝင်လာခဲ့ကာ ရှေ့ခန်းမှာအတူထိုင်မိကြသည်နှင့်.. ။

"အနက်ရောင်ကားပဲ..ကားပေါ်မှာယောကျ်ားတွေချည်းပဲအေ၊ တလကြမ်းမောင်းလာပြီး ရှေ့တိုးလိုက်နောက်ဆုတ်လိုက်နဲ့ ခြံရှင်းနေတဲ့ကိုပေါ်ကြီးတောင် အပြေးမြန်လို့လွတ်သွားတာ.."

"ဘယ်သူတွေမှန်းမသိလိုက်ဘူးလားဟင်..အခု ဦးပေါ်ကြီးရော.."

"ရွာလူကြီးကိုသွားတိုင်မယ်ဆိုပြီး ထွက်သွားတာပဲ.."

ပြောပြနေရင်း ခြေထောက်တစ်ဖက်ကိုခပ်ဖြည်းဖြည်းဆန့်ထုတ်၍ ထမီစကိုလှန်ပြသည်။ ဘယ်ဘက်ခြေသလုံးမှာပွန်းရှထားသည့် ဒဏ်ရာကြီးက သွေးစို့နေတာနည်းတာကြီးမဟုတ်.. ။

"ဘယ်လိုဖြစ်ရတာလဲအဒေါ်ရယ်..နေဦး ကျွန်မဆေးထည့်ပေးမယ်..အ.."

စေတနာဇောနှင့်ဖျတ်ခနဲထလိုက်မိလျှင် ရင်ဘက်ထဲကအောင့်တက်သွားကာ သူမကိုယ်လေးညွတ်ကျသွား၏။

"ဟဲ့..ဘာဖြစ်တာတုန်း၊ လန့်ဖျန့်ပြေးလွှားမိပြီး ချော်လဲတာက ငါပါ.."

သူမကတော့ပြေးလွှားချိန်တောင်မရလိုက်ဘဲ အဖြစ်ဆိုးခဲ့ရတာကို ဘယ်လိုပြောပြရမှန်းမသိ.. ။

"နေပါဦး..ငါတောဘက်ကသေနတ်သံတွေလား ယမ်းဖောက်တာလား..အသံတွေကြားလိုက်သေးတယ်၊ အဲ့ဒါညည်းနဲ့တိုးနေတာလား.."

မေးပေမယ့် ရိုးမဖြေရသေးဘဲ ဒေါ်အေးသာခေါင်းတခါခါဖြစ်သွားသည်။

"ဘာတွေဖြစ်နေမှန်းကို မသိတော့ပါဘူး..တစ်ခါမှဒီနေရာမှာ ခုလိုမဖြစ်ခဲ့ဖူးဘူး၊ ရွာကိုကချောင်ကျတာကိုး..ရွာလူကြီးကခပ်အေးအေး..ရွာသားတွေကမိုးလင်းတာနဲ့တောင်ယာဆင်းကြ၊ တကယ်ဖြစ်



ဘာတော့ ဘယ်ကျင်းထဲပြေးပုန်းရမှန်းတောင် မသိဘူး.."

"ဟုတ်တယ်..ကျင်းတူးထားရမယ်.."

စကားသံနှင့်အတူ ဦးပေါ်ကြီးပုဆိုးတိုတိုနှင့် အိမ်ပေါ်တက်လာသည်။ ပြီးတော့ သူမတို့ရှေ့မှာ ထိုင်ချလိုက်ပြီး.. ။

"ရွာလူကြီးလည်းဘာမှမသိဘူး..သိလည်းအရေးယူနိုင်မယ့်ပုံမပေါ်ပါဘူး၊ ငါသွားကာမှ ဘယ်ကားလဲ..ဘယ်တုန်းကလဲနဲ့.."

'ဦးပေါ်တို့က ရွာထဲမှာမှမနေတာ'လို့ ရွာသားတစ်ယောက် ဝင်ပြောလိုက်တာကိုလည်း ကြားခဲ့ရသေးသည်။ ဦးပေါ်တို့မတွေးတတ်အောင်ဖြစ်နေပေမယ့် ရိုးကတော့တွေးမိနေပါပြီ။ ဒါလူကြမ်းလက်ချက်မှလွဲ၍ တခြားလူမဖြစ်နိုင်။

ကားနဲ့လူအုပ်စုနဲ့ဝင်မွှေသွားသည့်အဖြစ်ဟာ လူကြမ်းဆိုတဲ့ကောင်လေး ဟိုတစ်ချိန်တုန်းကထက် အဆပေါင်းများစွာဆိုးသွမ်းနေပြီဆိုတာကို သက်သေပြသွားတာပဲဖြစ်သည်။ သူမမျက်လုံးထဲမှာတော့ လူကြမ်းကိုကျားနာတစ်ကောင်ပြန်လှည့်လာတာလို မြင်ယောင်လာခဲ့၏။

ဒါပေမယ်လူကိုဒုက္ခပေးတာ ခံနိုင်သေးသည်။ ဒီပန်းခင်းကြီးကို ဖျက်ဆီးသွားခဲ့သည့်အတွက် သူမပါဘဝပျက်ရပြီဖြစ်သည်။ ဖေကြီးရောက်လာရင် ဘယ်လိုရှင်းရမလဲ.. ။

"ငါ့အတွက်ငွေမလိုဘူး..ဒါပေမယ့် ညည်းအတွက်လည်းဘာငွေတစ်ပြားတစ်ချပ်မှ ထောက်ပံ့မှာမဟုတ်ဘူး၊ တစ်အချက် ဒီအပင်တွေအမြဲတမ်း ဖူးပွင့်လန်းဆန်းနေရမယ်..နှစ်အချက် ဒီဝင်ငွေနဲ့ပဲ ညည်းရဲ့စားဝတ်နေရေးကို ရပ်တည်ရမယ်..သုံးအချက် တစ်ဝမ်းတစ်ခါးလောက်ငနေရုံမရဘူး..ဒီတစ်ခြံလုံးက စိုက်ပျိုးဥယျာဉ်ဖြစ်နေရမယ်..နံပါတ်လေး ငါခွင့်ပြုတဲ့လူအပြင် တခြားအလုပ်သမားမခေါ်ရဘူး..နံပါတ်ငါး ဒီခြံထဲမှာ စိုက်ပျိုးပင်တွေပျက်စီးပျောက်ဆုံးခဲ့ရင်ဖြစ်ဖြစ် ညည်းမလုပ်နိုင်တော့ရင်ဖြစ်စေ ငါ့ရဲ့သရီးပွိုင့်ကလပ်မှာ အောက်ခြေသိမ်းသန့်ရှင်းရေးအလုပ်နဲ့ နောက်ထပ်သုံးနှစ်.."

ရက်စက်စွာပြောဆိုဒဏ်ခတ်ခဲ့သည့် အချိန်ကာလတွေမှာသူမ ပေးဆပ်ခဲ့ရတာ နှစ်တွေနည်းလို့လား..။ ဒါတွေကို ပြီးဆုံးပါစေတော့

www.burmeseclassic.com

www.burmeseclassic.com



လို့လည်း ဆုမတောင်းခဲ့ဖူးပါ။ ကိုယ်လိုချင်တာက မဟုတ်မမှန်စွပ်စွဲချုပ်နှောင်မှုတွေကနေ လွတ်ကင်းပြီး ဒီလိုနေရတဲ့ဘဝမျိုးလေးမှာပဲ ဘယ်လောက်ထိဆင်းရဲပါစေ.. ။

ခုတော့ သူမဘက်ကနေနောက်ထပ်သတ်မှတ်ချက်တစ်ခုကို ချိုးဖျက်မိခဲ့ပြန်ပြီ။ ဒီခြံဒီပန်းပင်တွေ ဆုံးရှုံးသွားရခြင်းအတွက် သူမ ဘယ်လောက်ထိ ပေးဆပ်ရဦးမှာလဲ.. ။

"ဟယ်..ဟိုမှာ ဟိုမှာ..ညည်းအဖေအိမ်ကလူတွေပဲကြာနွယ်.."

ကားသည် ခြံဝတစ်ဖက်ခြမ်းမှာရပ်နေခဲ့ပြီး ဆင်းလာသည့်လူတွေက သုံးယောက်။ ရှေ့ဆုံးကဝင်လာသည့်ရဲစိုးကိုမြင်လိုက်တည်းက ဖေကြီးဆီကအရေးပါသည့် အမှာစကားတစ်ခုခုပါလာပြီမှန်း သိလိုက်သည်။ ရဲစိုးကအသက်အငယ်ဆုံးဦးသီလအောင်၏ တပည့်ရင်းဖြစ်ကာ ရဲတင်းသွက်လက်သလောက် လက်ကလည်းယဉ်သည်။

သူ့ကိုမြင်ပြီဆိုရင်လည်း သိမ်မွေ့စွာရင်ဆိုင်ပြောဆိုရမည့်နေရာတွေမှာ မဟုတ်ခဲ့မှန်းသိထားသည်ဖြစ်ရာ မြင်လိုက်တာနှင့်စိုးရိမ်စိတ်တွေ ကြီးထွားလာခဲ့သည်။ ဦးပေါ်ကြီးနဲ့ဒေါ်အေးသာတို့ကလည်း တစ်ယောက်ကိုတစ်ယောက်တွဲ၍ နောက်ဖေးဘက်ကိုရှောင်ထွက်သွားကြ၏။

ရိုးထိုင်ရာမှတုတ်တုတ်မှမလှုပ်ဘဲ ရောက်လာသူတို့၏ခြေလှမ်းတွေအတိုင်း ငေးကြည့်နေခဲ့မိသည်။ ဘောင်းဘီရှည်တွေ ရှူးဖိနပ်တွေနှင့် စတိုင်လ်ကျကျလှမ်းလာသည့်ခြေလှမ်းတွေက ကျိုးပြတ်နေသည့်တစ်ခြံလုံးကိုကြည့်ရင်း တစ်လှမ်းချင်းလှမ်း၍ အိမ်ပေါ်တက်ခါနီးမှ အထဲကိုလှမ်းကြည့်ပြီး ခဏရပ်သည်။ ပြီးတော့ ဖိနပ်ချွတ်မှာဖိနပ်မချွတ်ဘဲ ဒီတိုင်းတက်လာကြလျက် ရိုးရဲ့ရှေ့မှာသုံးယောက်ခပ်ကျဲကျဲရပ်လိုက်၏။

"မင်းကိုသူဌေးက ခုပြန်လိုက်ခဲ့ဖို့ခေါ်တယ်.."

ဟင်.. ။

တစ်ခြံလုံးဒီပုံစံဘာလို့ဖြစ်နေတာလဲမမေးဘဲ ပါလာသည့်အမိန့်ကို ချက်ချင်းကြေညာလိုက်သဖြင့် အံ့သြသွားသည်။ ပြီးတော့ အထိတ်တလန့်ခေါင်းခါမိကာ.. ။



"ဘာဖြစ်လို့လဲ..ဒီပန်းဥယျာဉ်မှာခုလိုဖြစ်ရတာက.."

"ခုလိုမဖြစ်ရင်လည်း ဒီခြံကိုမင်းပူစရာမလိုတော့ဘူး..အခုမင်းကိုခေါ်လာခဲ့ဖို့ ငါတို့ကို အမိန့်ပေးထားတယ်.."

ရိုးဘယ်လိုမှ နားမလည်နိုင်။ ဒီလိုခေါ်ဖို့အတွက် ဖေကြီးကလူလွှတ်ပြီး ခြံကိုဖျက်ဆီးခိုင်းတာတော့ ဘယ်လိုမှမဖြစ်နိုင်တာ သေချာပါသည်။ ဒါဆိုဒီနေ့ သူမကြုံဆုံရတာတွေက နောင်လာမယ့်ကံဆိုးခြင်းတွေရဲ့ နိမိတ်လား.. ။

'မနက်ဖြန်ဘာဖြစ်လာမလဲဆိုတာ မနေ့ကဘာလုပ်ခဲ့လဲဆိုတာနဲ့ပဲဆိုင်တယ်'

လူကြမ်းပြောသွားသည့် သူမရဲ့မနက်ဖြန်ဟာ ဖေကြီးဘာလို့ခေါ်တာလဲဆိုသည့်အကြောင်းတစ်ရပ်ပေါ်မှာ မူတည်နေပြီဖြစ်၏။ ကောင်းခြင်းတရားဖြစ်နိုင်ဖွယ်မရှိတာလည်း ခံစားမိနေခဲ့လျက်.. ။

"ကျွန်မတစ်ခုတော့ မေးချင်တယ်.."

"ဘာလဲ.."

"အဲ့ဒါကိုရှင်ဖြေမှာမဟုတ်ပါဘူး..ဒါပေမယ့် တောင်းဆိုပါတယ် ပြောပြပါ၊ ကျွန်မကိုခေါ်တာ ဘာအတွက်တဲ့လဲ.."

"ငါမပြောချင်တာမဟုတ်ဘူးရိုး..ငါ့အလုပ်မဟုတ်တာကို မလုပ်ချင်တာ၊ လုပ်ခွင့်လည်းမရှိဘူး..သူဌေးအကြောင်းမင်းသိပါတယ်၊ ငါတို့က သူ့အလုပ်သမား.."

ရိုးကနားလည်ကြောင်း ခေါင်းမညိတ်ပါ။ ခေါင်းလည်းမခါဘဲ ဘယ်ကိုမှလည်းမကြည့်.. ။

"တော်ဝင်စံအိမ်ကို ကျွန်မမလိုက်ဘူး.."

"အဲ့လိုဘယ်တော့မှ လုပ်ခွင့်မရှိဘူးဆိုတာ မင်းသိပါတယ်..အပိုတွေပြောမနေနဲ့တော့ရိုး..မင်း.."

"ဘာအတွက်ဆိုတာမသိဘဲ ကျွန်မမလိုက်ဘူးကိုရဲစိုး..ဒီပန်းခြံဖျက်စီးသွားတာက ဖျက်ဆီးခံလိုက်ရတာပါ၊ အဲ့ဒီအတွက် ကျွန်မတို့အမြန်ဆုံး ပြန်ထူထောင်မယ်..ဖေကြီးတင်းကျပ်ခဲ့တဲ့ကာလကလည်း သတ်မှတ်ချက်မရှိခဲ့ပါဘူး..ဒီအခြေအနေကိုကျွန်မပျော်တယ်..ဒီတိုင်းပဲ.."

www.burmeseclassic.com

www.burmeseclassic.com



"မင်းပျော်ခွင့်မရှိဘူး.."

ရဲစိုးက ယတိပြတ်ပြောရင်း ပင့်သက်ရှိုက်၏။

"မင်းအဖေလည်းဒုက္ခများနေတာပဲ..ဒါတွေ မင်းတို့သိချင်မှသိ
လိမ့်မယ်၊ မသိပေမယ့် ကူးကူးတို့တောင် သူတို့အဖေအတွက် ကေ
ကျေနပ်နပ်လက်ခံပေးသွားကြတာ.."

"ဘယ်လို.."

သူမဒီတောကိုရောက်လာကာမှ မမကူးတို့အဖြစ်တွေကို ဘာ
မသိခဲ့ရပေ။ ညီအစ်မသုံးယောက်ဟာ သွေးသားမတော်စပ်ကြသလ
ချစ်ခင်တွယ်တာခြင်းလည်း နည်းပါသည်။ ဒါပေမယ့်ရိုးကတော
အစ်မနှစ်ယောက်ကိုချစ်ခဲ့သည်။ သူမတို့က ရှယ်တူတွေမို့ချစ်ကြတာ
လား..သူတို့ချင်းအစတည်းက အနေနီးလို့ခင်တွယ်နေကြတာလား..

သူမတို့နှစ်ယောက်ကတော့ ရိုးကိုဆိုမျက်လုံးစိမ်းနဲ့သာ ကြည
ခဲ့ကြသည်။ သူတို့ထက်ရိုးက နှစ်နှစ်ကျော်လောက်အသက်ငယ်သည
ပြင် ရိုးရောက်လာကာစက ဖေကြီးနဲ့အနီးစပ်ဆုံးသမီးလည်းဖြစ်ခဲ့၏
ဘာပဲဖြစ်ဖြစ် ရိုးသူမတို့ကိုရင်းနှီးချင်ခဲ့သည်။ ကိုယ်ကချစ်ခင်တွယ
တာရသလောက် ကိုယ့်ကိုညီအစ်မလိုသဘောထားပြီး ဆူပြောဆုံး
တာမျိုးဖြစ်ဖြစ် နူးညံ့ချိုသာမှုလေးအနည်းငယ်ဖြစ်ဖြစ် ရချင်ခဲ့၏

တကယ်တော့ ဖေကြီးနဲ့အနီးဆုံးဖေကြီးရဲ့အရေးပေးအလိုလိုက
မှုကိုခံရဆုံးဆိုတဲ့ ရိုးဘဝကသာ အထီးကျန်ညှိုးငယ်ရဆုံးပါ.. ။

"ငါမွေးစားခဲ့တာသမီးသုံးယောက်..ငါ့အလုပ်အတွက် ဘာအ
ထောက်အပံ့မှမရရင်တောင် ညည်းတို့ကိုထက်မြက်စေချင်တယ်..ထ
ခြားစေချင်တယ်၊ ငါဆိုတဲ့လူက အများနဲ့ပြိုင်နိုင်မှ..အများနဲ့ပြောခ
မှ၊ ဒါပေမယ့် ဘယ်တစ်ယောက်မှငါဖြစ်စေချင်သလို ဖြစ်မလာခဲ့ဘ
..အဲ့ထဲမှာ ညည်းကအဆိုးဆုံး.."

"ဒီတစ်ခါ ညည်းပေးတဲ့ဒုက္ခက ငါတစ်ယောက်တည်းနဲ့တ
သက်ဆိုင်တာမဟုတ်တော့ဘူး.."

"သူ့ကြောင့်သမီးတို့ ဂုဏ်သိက္ခာကျအရှက်ရဖြစ်ကုန်တာ..ဖေ
ကြီးသူ့ကိုဒီလောက်ထိတော့ ခွင့်လွှတ်ပေးဖို့မသင့်ပါဘူး.."

"ကူးလည်းပြောပါရစေဖေကြီး..ဒါသူတမင်လုပ်ခဲ့တာ၊ သ



လောက်သူတော်ကောင်းဆန်ချင်တာ မရှိဘူး..ကူးတို့ကွယ်ရာမှာ အ
လုပ်သမားတွေနဲ့ပေါင်းပြီး အတင်းအဖျင်းတုပ်နေတာတွေလည်း ဖေ
ကြီးအကုန်သိနေတာပဲ..ဒါတမင်လုပ်တယ်ဆိုတာ သိပ်ကိုသိသာပါ
တယ်.."

ဖေကြီးဒေါသတွေထွက်နေခဲ့သည်။ မမကူးနဲ့မမရှမ်းတို့ မခံရပ်
နိုင်တွေပြောနေကြသည်။ လွန်ခဲ့သောနှစ်များစွာက ပုံရိပ်တို့ဟာ စ
ကားသံများနှင့်တကွ မြင်ယောင်လာခဲ့၏။

ထိုစဉ်က သူမကျူးလွန်ခဲ့သည့်အပြစ်သည် မန္တလေးဆင်ခြေဖုံး
နယ်ထဲက 'အင်ကညင်'ရွာကြီး နှင့် ဆောက်လုပ်ရေးကုမ္ပဏီတို့အ
ကျေအလည် ချုပ်ဆိုခဲ့ကြသည့်စာချုပ်နဲ့ စာရွက်စာတမ်းတွေပျောက်
ဆုံးကုန်ခဲ့ရခြင်းကြောင့်.. ။

(၁)

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၇)

"ဟိုဘက်ကတရားစွဲလာရင်တော့ ဒါကကျူးကျော်မှုပဲဦးသီလ..ပုဒ်မ၄၄၇နော်.."

"ကျုပ်အဲ့လိုအဖြစ်မခံနိုင်လို့ ခင်ဗျားတို့ကိုအားကိုးနေတာပဲကိုလင်းဦး..'

ရှေ့နေကိုလင်းဦးက သက်ပြင်းချသည်။ ဦးသီလအောင်က ငွေသေတ္တာထိုးပေး၏။

"အဲ့ဒီလက်မှတ်တွေနဲ့ စာချုပ်စာတမ်းကိစ္စကျုပ်ဂရုမစိုက်ဘူးကိုလင်းဦး..သူတို့လိုလူတန်းစားတွေကို ကျုပ်လိုလူကကြောက်လန့်နေရမယ်ဆိုတာ အဓိပ္ပာယ်မှမရှိတာ.."

"ဒါပေမယ့်.."

"ဘူးပေါက်တာမလိုချင်ဘူးဗျာ..ကျုပ်လိုချင်တာရေပါဖို့ပဲ.."

ဦးသီလအောင်အစွမ်းကုန်ကြိုးစားသည်။ ဒီမြေဒီဒေသမှာ အဆောက်အဦးအုတ်မြစ်ချနိုင်ဖို့အတွက် သူအများကြီးလုံးပမ်းခဲ့ပြီးပြီမို့ ဆုံးရှုံးမခံနိုင်။ 'ငွေများတော့ ငွေနဲ့လိုက်' 'လေများတော့လေနဲ့လိုက်'.. ၊

ပုံချရင်းနီးခဲ့ပြီးမှတော့ ဆုံးရှုံးမခံနိုင်ပေ။ ဒါပေမယ့် ဒီကာလတွေမှာ ဦးသီလအောင်ရဲ့ဒေါသက မိုးကြိုးပစ်ခွင်းသလို ရိုးပေါ်တည့်တည့်ကျ၏။

"ဒီပြဿနာကိုညည်းရှုပ်ပစ်ခဲ့တာ လွယ်လွယ်လေး..အခုငါဘယ်လောက်ရှင်းနေရလဲ သိရဲ့လားရိုး.."

"ရိုးတမင်လုပ်ခဲ့မဟုတ်ပါဘူး ဖေကြီးရယ်..အဲ့ဒီကောင်လေး.."



"တိတ်စမ်း.."

ဘယ်လိုရှင်းပြလို့မှ မယုံကြည်ကြပေ.. ၊

"ဒီအရွယ်ကလေးလေးက ကားခိုးစီးလာတယ်..ပြီးတော့ပစ္စည်းနဲ့အကျပ်ကိုင်ပြီး မန္တလေးထိလိုက်ခဲ့တယ်၊ ပြီးတော့ မတရားပါတဲ့ပစ္စည်းတွေမို့လို့ ပြန်ပေးလိုက်ပြီပြောတယ်..ဒါတွေလား၊ ဟုတ်သလားရိုး..နင်ထပ်ပြောစမ်းပါ.."

"အဓိပ္ပာယ်မရှိတာတွေ ပြောလည်းပြောတတ်ပါ့ဟယ်..ဆယ့်နှစ်သားလောက်လေးက လှည့်စားသွားပါတယ်တဲ့.."

"ပြောတတ်တာမဟုတ်ဘူး..ပြောရဲတာ၊ မျက်နှာပြောင်ပြောင်နဲ့သာတာ..အဲ့ဒီလူတွေနဲ့သင်းပေါင်းကြံခဲ့တာ၊ ဟိုရှေ့မှာသူရဲကောင်းကြီးလုပ်လာခဲ့တာလေ.."

"မဟုတ်ရပါဘူး မမကူးရယ်..အဲ့ဒီကဖေကြီးမိတ်ဆွေဦးအံ့သာတို့ကိုယ်တိုင် စာချုပ်စာတမ်းတွေ သေချာပေးခဲ့တာပါ..ရိုးလည်းယူခဲ့ပါတယ်.."

"မယုံနဲ့ဖေကြီး..သမီးတို့သိက္ခာကျ အရှက်ရအောင်လုပ်ခဲ့တာ၊ ဒါတောင်ဖေကြီးကခွင့်လွှတ်ပေးဦးမှာလား.."

ဦးသီလအောင်မလှုပ်သာခဲ့ပေ။ အခြေအနေအချိန်အခါအရသမီးငယ်နဲ့သာအဆင်ပြေတာမို့ ဝင်ယူလာပေးဖို့တာဝန်ပေးခဲ့မိ၏။ ထိုအချိန်မှာသူဘယ်လိုမှ အဆင်ပြေအောင်မစီမံနိုင်ခဲ့သမျှ ခရီးဝေးခုန်းလည်းသိပေမယ့် ယူလာခဲ့ခိုင်းတာဖြစ်သည်။ ပြီးတော့ ထိုညကသူနဲ့မေရှမ်းကဘန်ကောက်မှာဖြစ်ကာ အိမ်မှာနွေတကူးတစ်ယောက်ပဲရှိသည်။ နောက်နေ့သူပြန်ရောက်တော့မှ ရိုးပြန်ရောက်လာခဲ့၏။

"ဘာအလုပ်ဖြစ်ဖြစ် သေချာမှကြိုက်တယ်..ဒါကိုပဲတစ်လျှောက်လုံး ငါသင်လာခဲ့တာ၊ ညည်းတို့သုံးယောက်ကိုငါ့သမီးတွေလို ဂရုစိုက်စောင့်ရှောက်လာခဲ့သမျှ ညည်းတို့ပြန်ပေးကြတာ ဒါတွေလား.."

"သမီးတို့က ဖေကြီးအတွက်ကျေးဇူးဆပ်ဖို့ အဆင်သင့်ပါပဲဖေကြီး.."

"ကူးတို့ဘယ်တုန်းက ဖေကြီးကိုအကြီးအကျယ်ဒုက္ခပေးခဲ့ဖူးလို့လဲ.."

www.burmeseclassic.com

www.burmeseclassic.com



တကူးနွေနဲ့မေရှမ်းတို့က လက်မထောင်နိုင်ကြ၏။ ဦးသီလအောင်ခရီးသွားတိုင်းပါသည်။ အတွင်းရေးမှူးပါစရာမလိုအောင် စိတ်ချယုံကြည်ထားလို့ရသည်အထိ စေ့စပ်ပါဘိလို့လည်း ချီးမွမ်းသံတွေ ထွက်နေခဲ့၏။ ရှီးကတော့'တစ်ခါဆက်ဆံဆယ်ခါလွန်'ဆိုသည် စကားလို.. ၊

"ညည်းကိုငါစိတ်ပျက်သွားပြီရှီး.. ဒါတောင်ဦးဆောင်ခိုင်းသေ တာ မဟုတ်ဘူး၊ အဆင်သင့်ဖွန်းတပ်ပေးထားတာတောင် ကောက် စားတတ်ဘူး..ညည်းကိုဘယ်လိုမျက်နှာလွှဲရမလဲ ပြောစမ်းပါဦး ညည်းပြောတဲ့ကလေးလေးထင်နေသလို ငါတို့ကမကောင်းမှုတွေလု နေကြတယ် ထင်နေလို့လား.."

"မဟုတ်ပါဘူး..ရှီးအဲ့လိုဘယ်တုန်းကမှ မထင်ခဲ့ပါဘူး၊ အခု ရှီးနဲ့အတူတူလာဖို့ချိန်းထားတဲ့ လူတွေကလည်းမလိုက်ဖြစ်တဲ့လူ လမ်းခွဲသွားတဲ့လူနဲ့..လမ်းမှာရှီးတစ်ယောက်တည်းမို့ ကြောက်လည် ကြောက်နေတာနဲ့.."

"နင့်တစ်ယောက်တည်း ခရီးဝေးမသွားလာဘူးလို့လား ပြေ စမ်းပါ.."

ကူးကကောက်ခနဲမေးသည်။ ရှမ်းက မဲ့၏။

"ကြောက်တတ်သွားတော့လည်း ချက်ချင်း.."

အပျိုဖော်ဝင်စလေးတုန်းကတော့ ဖေကြီးကလည်းတော်ရုံဆို တားဆီးခဲ့ပေ။ နူးညံ့မှုနည်းပေမယ့် ဖေကြီးရဲ့ခွင့်ပြုခြင်း ဖွင့်လှ ခြင်းတွေကြောင့် ရှီးကမမကူးတို့ထက် သွားလာလည်းပတ်ခွင့် အများကြီးရခဲ့သည်။

အဲ့ဒီတုန်းတည်းက ရှီးကကိုယ်စားရရင် အတူတူစားကြဖို့ ကို သွားရရင်အတူတူသွားကြဖို့ ဒီအစ်မတွေကိုတွဲခေါ်ဖို့အတွက် မ ခဲ့ပါ။ ဒါပေမယ့် သူမတို့ကလည်း ဘာသိဘာသာနေခဲ့ကြသလို ကြီးကလည်း သူ့အလုပ်သမားရဲ့ရင်သွေးလို့ပြောပြီး အထူးအခွင့် ရေးပေးထားခဲ့တာ ပြတ်ပြတ်သားသား.. ၊

ကူးတို့နဲ့စိမ်းသက်နေခဲ့ရခြင်းကို ရှီးမပျော်ခဲ့ပါ။ ဒါပေမယ့် စိ သက်ခြင်းကနေ မုန်းတီးမှုတွေဖြစ်နေမလားလို့တော့ တစ်ခါမှမ



ခဲ့မိတာအမှန်ပင်.. ၊

ကူးရဲ့မျက်လုံးတွေက မီးတောက်တွေလိုဝင်းဝင်းလက်လက် စူးရဲနေသည်။ မေရှမ်းကလည်း မျက်နှာချင်းဆိုင်မိတိုင်း မဲ့၍မျက်နှာလွှဲ၏။

"ဒီကိစ္စကတော့ တော်တော်ကိုဘောင်လွတ်နေပြီနော်..ငါတို့ ဂုဏ်သိက္ခာတွေနင့်ကြောင့်သွားပြီ၊ အဲ့ဒီသိက္ခာမာနတွေပြန်ရဖို့အတွက် အခုဖေကြီးဘယ်လောက်ထိချခင်းရင်းနှီးနေရသလဲ နင်သိရဲ့လား.."

"ချခင်းနေတာတောင် ဒီအမှုဖြစ်မလာအောင် တားထားရုံရယ်.. တော်တော်ကိုမလွယ်တဲ့ကိစ္စကြီးရယ်.."

မေရှမ်းကပြောနေရင်း ဦးသီလအောင်ဘက်ကိုလှည့်ရပ်ကာ..၊

"ဖေကြီး အဲ့ဒီလူတွေကိုလုံးဝလျှော့မပေးနဲ့နော်..အလကားဆင်းရဲသားကလေကချေတွေ၊ အစတည်းက သေရင်အိပ်တဲ့ဖျာနဲ့လိပ်ပြီး ခွဲချရတဲ့ဘဝတွေကို ခုမှသူများထောင်ပေးတိုင်း လျော်ကြေးရမလားလို့ လက်သီးလက်မောင်းတန်းနေကြတာ.."

"ဟုတ်တယ်..အမှုဖြစ်လာရင်တောင် ဘာဖြစ်ဖြစ်ရင်ဆိုင်မယ် ဖေကြီး၊ ကိုယ်ရထားပြီးသားကို ဘာလို့ပြန်ပေးရမှာလဲ..သတ်မှတ်ဈေးကိုလုံးဝမဖျက်နဲ့၊ အမှုဖြစ်လာလည်း အမှုအနိုင်အရှုံးပေါ်မှ ဆုံးဖြတ်လို့ရမှာ.."

"ဟုတ်ပါတယ်သူဌေး..ဦးရာဟုတို့လည်း ဒီတိုင်းပဲပြောကြတယ်၊ အဲ့ဒီတစ်ကွင်းလုံးက ဖျက်ပြီးသားပါ..မဆိုမဆိုတဲ့အမျိုးသမီးကြီးတစ်ယောက်က ဦးဆောင်နေလို့ အားလုံးထဖြစ်လာကြတာ.. ကျွန်တော်တို့ကအင်အားကြီးသမားပါ.."

ဦးသီလအောင်အကျင့်ကိုက ဒေါသကြီးလာပြီဆို စကားနည်းသွားတတ်ကာ ထိန်းချုပ်ရခက်လာလျှင် အနီးအနားမှာရှိသည့်လူကို အကျင့်အောင်ရိုက်နှက်တတ်ခြင်းပင်။ အနားမှာတပည့်တွေမရှိလျှင် သမီးပဲဖြစ်ဖြစ် ဘာဖြစ်ဖြစ် ရိုက်ပုတ်ဒဏ်ခတ်၍ ဒေါသဖြေတတ်၏။ တစ်ချီမှာတော့လူကိုလည်း မပေါက်ကွဲ။ စကားသံလည်း တိတ်နေခဲ့ ပျက် ကူးတို့နဲ့သူလူတွေအကြံပေးသမျှကိုနားထောင်ပြီး ခေါက်တို့

www.burmeseclassic.com

www.burmeseclassic.com



ခေါက်ပြန်လျှောက်နေခဲ့၏။

ပြီးတော့ ခြေလှမ်းရပ်လိုက်ပြီး ခေါင်းတခါခါရှိနေလျက်.. ၊

"ဒီအမှုမျိုးဆိုရင် နှစ်နဲ့ချီသွားမှာပဲ.."

ပြောနေရင်း ဖုန်းတွေဆက်နေ၏။ ပြီးတော့ ရှေ့နေတစ်ယောက်နဲ့ ထပ်ချိန်းသည်။ ပြီးတော့ နောက်ထပ်ရှေ့နေတစ်ယောက်.. ၊

ကူးရယ် ရှမ်းနဲ့ရိုးတို့သုံးယောက်ကို ထွက်သွားလို့လည်းမပြော နေဦးလို့လည်းမတားပေမယ့် သူမတို့ဧည့်ခန်းနေရာမှာပဲ တုတ်တုတ်မလှုပ်ရဲအောင် ရှိနေခဲ့ကြသည်။ ဒုက္ခများမြောင်ရခြင်း၏အဆုံးသတ်မှာ ရိုးအတွက်ရာဇသံပြင်းသည့် အမိန့်တစ်ရပ်ကျလာခဲ့၏။

"အခုအသစ်ဖွင့်ထားတဲ့ ငါ့ရဲ့ကလပ်မှာ ညည်းသန့်ရှင်းရေးဝန်ထမ်းလုပ်ရမယ်.."

ရိုးတစ်ကိုယ်လုံးတုန်ယင်မတတ် ထိတ်လန့်သွားခဲ့သည်။ ကလပ်ကစားသောက်ဆိုင်နဲ့မျက်နှာဖွင့်ထားပေမယ့် အတွင်းပိုင်းမှာနိုင်ငံခြားအဆင့်မီအားလုံးပြင်ဆင်ထားတာဖြစ်သည်။ ဦးသီလအောင်သည် ဆောက်လုပ်ရေးကုမ္ပဏီကြီးတစ်ခုကိုအရင်းပြု၍ မြေယာတိုးချဲ့ဆောက်လုပ်ရေးတွေ လုပ်သည်။

ဟိုတယ်လ်လုပ်ငန်းတစ်ခုမှာလည်း ရှယ်ယာဝင်ထားသေးသည်။ ဒါပေမယ့် တကယ့်အရင်းအမြစ်စီးပွားရေးလုပ်ငန်းကတော့ ကလပ်တွေများပြားစွာထူထောင်ထားခြင်းဖြစ်ကာ နောက်ထပ်လှုပ်ရှားမှုတွေကိုတော့ သူမတို့မသိကြပေ.. ၊

ဒီနေ့ရိုးအတွက်ပြစ်ဒဏ်ကျလာသည့် အမိန့်တစ်ရပ်ကြောင့် ကူးနဲ့မေရှမ်းတို့တောင် အံ့အားသင့်ကုန်ကြ၏။ ကလပ်မှာအလုပ်လုပ်ဖို့ဆိုသည့်အရေးကိစ္စဟာ.. ၊

"မနက်ငါးနာရီကနေ ခုနစ်နာရီအထိအလုပ်ချိန်သတ်မှတ်မယ်.. ကလပ်ရဲ့အပေါ်အောက်နှစ်ထပ်စလုံး တစ်ယောက်တည်းတာဝန်ယူရမယ်၊ အဲ့လိုလုပ်နေရင်း တစ်ခုခုအတိမ်းအစောင်းရှိလာခဲ့ရင် ညည်းအတွက်နောက်ထပ်ပြစ်ဒဏ်ကို ငါလုံးဝသက်ညှာမှာမဟုတ်ဘူး.."

ရိုးရဲ့ထိတ်လန့်မှုတွေက ဦးသီလအောင်ရဲ့နောက်ထပ်စကားသံကြောင့် လဲသေရတော့မလို တော်ပါသေးရဲ့လို့ရင်ဘက်ဖိပြီး ပြ



ရှုန်းထရတော့မလိုလို.. ၊

"ကလပ်မဖွင့်ခင် နင့်ကိုခိုင်းတာပဲကြာနွယ်ရိုးရယ်..သိပ်ဖြစ်မနေမ်းပါနဲ့၊ ငါတို့ကမပြောရဲလို့.."

"ဟုတ်တယ်..ဖေကြီးကိုသာအကြံပေးရဲတဲ့အဆင့်ထိ ရင်းနှီးခဲ့ရင် နင့်ကိုညပိုင်းစားပွဲထိုးခိုင်းလိုက်ပါလို့ ပြောမှာ.."

ချစ်ကြသည့်အစ်မတွေရဲ့စေတနာက နိုင်းလောက်ရှိလေသည်။ ရိုးအတွက်အမိန့်ချပြီးသည်နှင့် ပျော်ရွှင်မြူးတူးသွားကြသည့်မျက်နှာတွေက ဖုံးဖိမနိုင်။ ဦးသီလအောင်သည်လည်း ရိုးကိုဆိုမျက်နှာချင်းလည်းမဆိုင်။ လှည့်လည်းမကြည့်တော့တဲ့အထိ ဥပေက္ခာထားခဲ့သည်။

မနက်မိုးမလင်းခင်ထပြီးပြင်ဆင်ကာ ကလပ်ကိုကိုယ့်နည်းကိုယ့်ဟန်နဲ့ရောက်အောင်သွားရသည်။ နှစ်နာရီအတွင်း နှစ်ထပ်စလုံးသန့်ရှင်းဆေးကြောရခြင်း ရေချိုးခန်းအိမ်သာတွေကို အတွင်းအပြင်မကျန်နိုက်ချွတ်ဆေးရ၏။ အပြန်မှာ ဘုရားဆွမ်းတော်ကပ်ဖို့ သစ်သီးဝင်ဝယ်စဉ် ဘေးမှာသစ်သီးဝင်ရွေးကြသည့်အမျိုးသားနှင့်အမျိုးသမီးနှစ်ယောက်အုပ်စုဝင်လာကြကာ.. ၊

"သြော်..မင်းကလည်းတခြားရွာကတင်တာ ဖြစ်မှာပေါ့၊ ခုခေတ်က ဘာသတင်းဖြစ်ဖြစ်သတင်းစာထဲမှာ မရှာနဲ့ဖုန်းထဲမှာပဲရှိတာ.."

"ဟုတ်ပါ့နော်..ကျွန်မတို့ရွာနီးချင်းတောင် သေချာမသိဘူး၊ သူတို့ကဘယ်လောက်သိတာကျလို့.."

"ဒါပေမယ့်အေ..ပိုက်ဆံခိုးတာလည်းမဟုတ် ဓားပြတိုက်တာခံရတာလည်းမဟုတ်ဘဲနဲ့ အိမ်သားလေးယောက်လုံးကို မီးရှို့သတ်ပစ်တယ်ဆိုတာ တွေးစမ်းပါဦး..ပြီးတော့ မီးရှို့တဲ့ကောင်လေးက အသက်ဆယ်နှစ် ဆယ့်နှစ်နှစ်လောက်တဲ့.."

သူတို့ချင်းသစ်သီးရွေးရင်း ပြောနေကြတော့သစ်သီးသည်ကလည်း စိတ်ဝင်တစား.. ၊

"ဘယ်မှာလဲဟင်..မန္တလေးမြို့ပေါ်မှာလား.."

"မဟုတ်ပါဘူးအေ..ဆယ်အင်းကြီးမှာပါ၊ ရွာကတို့ရှေလောက်တောင်မကြီးပါဘူး..အိမ်မီးရှို့သွားတဲ့ကောင်လေးကိုမှုထိမမိသေး

www.burmeseclassic.com

www.burmeseclassic.com



ဘူးတဲ့၊ တကယ်ကထွက်ပြေးနေလို့ စွပ်စွဲတာထင်ပါတယ်.."

ဈေးသည်ကအံ့သြနေလျက် သစ်သီးထည့်ဖို့အိတ်လှမ်းပေးနေရင်း.. ၊

"သတင်းတွေက တစ်နေ့တစ်နေ့မရိုးဘူးနော်..အဲ့ဒီကလေးလေးက ရန်ငြိုးရှိလို့နေမှာအစ်မရဲ့.."

"အေး..မိဘမဲ့လေးလို့ပြောတာပဲ၊ အဲ့ဒီအိမ်ရှင်တွေက သူ့ကိုမွေးစားထားတာတဲ့.."

"အဲ့ဒါပဲ..ကျေးဇူးရှိမှကျေးဆွတ်သတဲ့၊ ခြေနှစ်ချောင်းလည်းမကယ်နဲ့..မင်းလှေမျှောလည်း မဆယ်နဲ့တဲ့.."

ရှိသမျှစကားပုံတွေ ဥပမာတွေကိုရွတ်ပြရင်း ရှုံ့မဲ့နေကာ.. ၊

"လေးယောက်စလုံးသင်္ဂြိုလ်ပြီးသားဖြစ်သွားတာ သနားပါတယ်ဟယ်..ငါကြားတာတော့ အဲ့ဒီလူတွေကကောင်လေးနဲ့ဆွေမျိုးတော်သေးတယ်တဲ့၊ အစကမတော်တဆလို့ထင်ကြတာ..မီးလောင်ခံနေရတဲ့လူကြီးက အထဲကနေကောင်လေးကိုနာမည်ခေါ်ပြီး ဆဲနေတာတဲ့.."

"အခု အင်တာနက်ထဲမှာကောင်လေးနာမည်ပါလာတာလား.. ဖြစ်ရလေနော်၊ အော်တောင်အော်နိုင်သေးတာကို ဘာလို့မကယ်လိုက်ကြတာလဲမသိဘူး.."

"ကယ်ချိန်မရလိုက်လို့ဖြစ်မှာပေါ့ညီမရယ်..ဓာတ်ဆီပုံးတွေတောင်ပေါက်ကုန်တာဆိုတော့ အဲ့လိုဖြစ်အောင်တမင်ကြံလုပ်ထားတာနေမှာပေါ့..ကလေးလက်ချက်ဆိုတာ ယုံတောင်မယုံနိုင်ဘူး၊ ဘာတဲ့ ဂျန်းဆိုလား.."

ရိုးပန်းသီးတွေပေါ်လက်တင်ရင်း ပစ္စုပ္ပန်ကိုမေ့နေခဲ့သည်။

'ဆယ်အင်းကြီး'ရွာက ဂျန်း.. ၊

ပြောတုန်းကတော့ ကကြီးနဲ့ကြမ်းတဲ့အသံထွက်ပါတဲ့.. ၊

ဒါပေမယ့် ခေါ်ဖြစ်တုန်းကလည်းဂျန်းလို့ပဲ သူမခေါ်ခဲ့မိသည်ထင်၏။ ပြီးတော့ ဂျန်းမျက်နှာနဲ့မီးလောင်နေတဲ့ရွာရယ်.. ၊

"ကျွန်တော်ကလူကြမ်း.."

သူ့ကိုယ်သူလူကြမ်းလို့ပြောသည့်လေသံ။ ပြီးတော့ သူကညီ



အစ်ကိုနှစ်ယောက်လို့ပြောသေးသည်။

"အန်တီ အဲ့ဒီကောင်လေးကစကားမပြောနိုင်ဘူးဆို..'အ'နေတာလို့ပြောသံကြားလို့ပါ၊ ဟုတ်လားဟင်.."

အမျိုးသမီးကြီးက ဖျတ်ခနဲလှည့်ကြည့်သည်။ ရိုးသိချင်ဇောနှင့်မေးမိပြီးမှ ကိုယ့်ကိုယ်ကိုအလျှင်စလိုဖြစ်သွားမှန်းသတိရကာ.. ၊

"ဒီလိုပါ..'အ'နေတဲ့ကောင်လေးက ညီအစ်ကိုနှစ်ယောက်ရှိတာတဲ့၊ မီးရှို့တယ်လို့စွပ်စွဲခံရတာက 'အ'နေတဲ့ကောင်လေးလို့ပြောကြလို့.."

"လာပြန်ပြီ နောက်ထပ်ထူးဆန်းတဲ့သတင်းတစ်ခု.."

သူတို့ချင်းပြော၍ မေးဆတ်ပြနေကြကာ.. ၊

"မဟုတ်ပါဘူးဟယ်..အဲ့ဒါတော့ ငါတို့သေချာပြောနိုင်ပါတယ်၊ မီးလောင်တဲ့အိမ်မှာ ဆယ်နှစ်ကျော်အရွယ်ဆိုလို့ အဲ့ဒီ'အ'နေတဲ့ ကလေးလေးပဲရှိတာပါ၊ ပြီးတော့ ကျပ်မပြည့်တဲ့ကောင်လေးရှိတယ်..အဲ့ဒါကလည်း အသက်နှစ်ဆယ်လောက်ရှိပါပြီ.."

"ဟုတ်တယ်..ကောင်လေးကထွက်ပြေးနေတော့ သူရှို့တာပဲလို့ထင်ကြတာပေါ့၊ သူ့နာမည်ကိုလည်း ခေါ်သံကြားတာကိုး.."

"ဒါတော့ဖြစ်နိုင်လို့ပြောကြတာပေါ့အေရယ်..ထင်စရာဆိုလို့ စိတ်မနံ့တဲ့လူပျိုကောင်လေးရယ် အဲ့ဒီကလေးလေးရယ်ပဲရှိတာ.."

အခြေအနေအရ တရားခံကိုဖော်ထုတ်နိုင်ဖို့ ခဲယဉ်းနေသည့်ပုံပင်။ ထင်နိုင်စရာရှိနေသည်က ကလေးတစ်ယောက်ဖြစ်နေကာ စိတ်မနံ့သည့်လူငယ်ကတော့ မီးထဲပါသွားပြီမို့ သို့လော သို့လောသာ..၊

"ကျွန်မက အဲ့ဒီရွာထဲကိုဈေးသွားရောင်းနေတဲ့ အလဲသည်နဲ့ခင်ပါတယ်..စိတ်မနံ့တဲ့ကောင်လေးက သူ့အဆူအငေါက်ခံရပြီဆို ဓာတ်ဆီပုံးကြီးတကိုင်ကိုင်နဲ့ မီးရှို့မယ်တကဲကဲ ခဏခဏလုပ်တတ်တာတဲ့.."

"ဒါပေမယ့် ခြိမ်းတဲ့မိုးကမရွာဘူးအေ့.."

သတင်းတစ်ခုကြားပြီဆို လူတိုင်းကသူ့ထက်ငါအရင်သိကြောင်းပြောချင်ကြသည်။ လူတိုင်းဖုန်းကိုင်ပြီး ဖေ့ဘွတ်ဖွင့်သုံးလာကြတော့ သူ့ထက်ငါသတင်းထူးတင်ချင်ကြတာတွေကြောင့် ကောင်း

www.burmeseclassic.com

www.burmeseclassic.com



တာတွေလည်းရှိသလို ဆိုးတာလည်းရှိ၏။ သစ်သီးဆိုင်မှာတော့ ဖေ့ဘွတ်ခ်သတင်းထဲက ရွာခံလူတွေမှန်းသိသည်နှင့် ဆိုင်နီးချင်းတွေက ဟိုကလှမ်းမေး ဒီကလှမ်းမေး.. ၊

ထိုမှစ၍ ဖြတ်သွားဖြတ်လာတွေက နားစွံ့ကြရပ်ကြည့်ကြနှင့် သတင်းဖြစ်စဉ်က တစ်တန်းကြီးထွက်လာတော့သည်။ ရိုးကတော့ တွေးစရာတွေနဲ့ပါ။ ဆွမ်းတော်အတွက် သစ်သီးဝယ်ဖို့သည်လည်း ရည်ရွယ်ချက်မဲ့လျက် ပန်းသီးတွေချည်းဝယ်လာခဲ့ပြီး စိတ်တွေက ဂျန်းဆီပဲရောက်နေခဲ့သည်။

'အ'နေတဲ့ကောင်လေးတစ်ယောက်ပဲ ထိုအိမ်မှာကလေးအရွယ် ရှိသည်တဲ့။ ဒါဆို ဂျန်းက'အ'နေတဲ့ကောင်လေးမဟုတ်ဘူးလား.. ဘာမှမဆိုင်ဘူးဆိုရင် သူ့ညီလေးလို့ဘာလို့ပြောရတာလဲ..။ သူမနဲ့ ဂျန်းမျက်နှာချင်းဆိုင် ပထမဆုံးတွေ့စဉ်က စကားလုံးဝမပြောဘဲ စူးရဲရဲကြည့်နေသည့် မျက်လုံးတွေကိုသတိရလာမိသည်။

ပြီးတော့ လူတွေပြေးလွှားလိုက်လာကြသည့်ပတ်ဝန်းကျင်မှာ ဂျန်းက ဘယ်သူမှမမြင်အောင် ပုန်းနေခဲ့တာဖြစ်သည်။ သူ့ကိုရိုးက စွပ်စွဲလိုက်လို့သာ စကားပြောလာခဲ့တာ.. ၊

စကားမပြောနိုင်တဲ့ ကောင်လေးကဂျန်းပဲလား..။ တစ်ယောက် စီလား..။ ဒါမှမဟုတ် ဂျန်းကစကားမပြောဘဲနေခဲ့တာလား.. ၊

အဖြေတစ်ခု အတိအကျမရခဲ့ပေမယ့် သူမခံစားမိနေသည်။ ဂျန်းဟာ ထိုရွာကအိမ်ကိုမီးရှို့ခဲ့တဲ့သူ.. ၊

(၁)

အခန်း(၈)

"ငါလည်းပြစ်ဒဏ်တစ်ခုခုအပေးခံရရင် ကောင်းမှာပဲသိလား.."

"ကူးရယ်..မတောင့်တကောင်းတာကို ပြောနေပြန်ပြီ၊ ရိုးကို ကြည့်ပါဦး..သူ့ကြည့်ရတာပင်ပန်းလိုက်တာ.."

ရယ်သံတွေကြားလိုက်တည်းက ရိုးခြေလှမ်းတွေရပ်သွားခဲ့သည်။ ဘုရားပန်းလဲမလို့ ပန်းအိုးတွေနဲ့ဝရန်တာကိုထွက်လာတာဖြစ်သည်။ ကူးနဲ့မေရှမ်းတို့ကလည်း ခေါင်းရင်းလှေကားဘက်ကနေ တက်လာကြတာဖြစ်ကာ.. ၊

"သူကကံဆိုးပြီး သန့်ရှင်းရေးအလုပ်သမားဖြစ်သွားတာကိုးရှမ်းရဲ့..ပိုဆိုးတာက လူမရှိသူမရှိအချိန်ကျမှ ချေးသေးအန်ဖက်တွေလိုက်ဆေးရတဲ့ဘဝရောက်သွားတာကိုး..ဖေကြီးရဲ့ကလပ်ဘယ်လောက်အဆင့်မြင့်လဲသိလား၊ ကစားဝိုင်းတွေဆိုလည်း တကယ့်ကြေးကြီးကိုင်နိုင်တဲ့ဟိုက်ဘော့စ်တွေပဲလာတာ.."

"ဟုတ်တော့ဟုတ်တယ်..ငါတို့မှာလှောင်ချိုင့်စံမင်းသမီးတွေလိုပဲနော်၊ ယောက်ျားလေးတွေမဟုတ်တာနဲ့ပဲ ဘယ်မှာလည်းမသွားရ ဘာမှလည်းမလုပ်ရ..နင်ကတော်ပါသေးတယ်ကူးရယ်၊ ဖေကြီးနဲ့အလုပ်ကိစ္စတွေလိုက်ရသေးတယ်.."

"နင်လည်းပါတာပဲ..ငါကနည်းနည်းပိုရှုပါဟာ.."

သူမတို့နှစ်ယောက် စကားတွေပြောလာရင်း ရိုးနဲ့မျက်နှာချင်းဆိုင်မိကြလျှင် ပြုံးလက်စတွေပျောက်ကွယ်သွားကြသည်။ တအံ့သြသည့်မျက်နှာတွေက တင်းပြီးသားဖြစ်သွားခဲ့လျက်.. ၊

"ဘာလုပ်နေတာလဲဒီမှာ.."

www.burmeseclassic.com

www.burmeseclassic.com



"ဘုရားပန်းလဲမလို့ပါ.."

"မြင်တယ်လေ..ကိုယ့်လမ်းကိုဆက်မသွားဘဲ ငါတို့ပြောနေတာတွေကို ရပ်နားထောင်နေတာကိုမေးတာ.."

ရိုးကခေါင်းခါ၍ ကူးကိုစေ့စေ့ကြည့်ကာ.. ၊

"မမကူးတို့ပြောတဲ့စကားတွေကို အပေါ်ထပ်ဘယ်နေရာကမဆိုကြားရပါတယ်..တမင်ရပ်ပြီးနားထောင်ဖို့မလိုပါဘူး.."

ကူးကဟွန့်ခနဲမဲ့ကာ.. ၊

"နင်ကတော့ ထောင်ချင်ထောင်မှာပေါ့..နင်ကျတော့အပြစ်ကျနေပြီး ငါတို့ကကောင်းစားနေတော့ တနုံ့နုံ့ဖြစ်နေမှာကိုး.."

ရိုးနှုတ်ခမ်းလေးစေ့ပိတ်ထားရင်း ဘာမှမပြောဘဲ ခေါင်းငုံ့လိုက်သည်။ ပြီးတော့ ထွက်လာခဲ့လျှင်.. ၊

"နေဦးခဏ.."

မေရှမ်းက ရိုးမျက်နှာရှေ့ကကာမိအောင် ခြေတစ်လှမ်းနောက်ပြန်ဆုတ်ပြီး လိုက်ပိတ်ထားလိုက်၏။ ပြီးမှ.. ၊

"ငါတို့စာချုပ်စာတမ်းတွေကို ဟိုကားပေါ်တင်ပေးလိုက်တယ်ဆိုတဲ့ နင့်ရဲ့လုပ်ကြံဇာတ်လမ်းလေးမှန်ကန်ကြောင်း သက်သေမပြတော့ဘူးလား.."

ရိုးက ဘာမှမဖြေ.. ၊

"လုပ်လေ..နင်မနက်တိုင်း အိမ်သာပြေးဆေးနေရတဲ့ပြစ်ဒဏ်ကလွတ်ရင်လွတ်မှာပေါ့၊ ငါတို့ဖေကြီးလည်း ဘယ်နေ့ရုံးကဆင့်ခေါ်မလဲဆိုပြီး တထိတ်ထိတ်မနေရတော့ဘူး.."

"လေကုန်ခံပြီးပြောမနေစမ်းပါနဲ့ရှမ်းရယ်..အလကား.."

ကူးကမေရှမ်းလက်ကိုဆွဲ၍ ချာခနဲလှည့်ထွက်သွားသည်။ ရိုးကိုထိုးသွားသည့်မျက်စောင်းက မျက်လုံးတွေပါပြူတ်ထွက်ပြီး ပြေးမှန်တော့မတတ်။ ရိုးခဏကြာသည်အထိ ရပ်နေခဲ့မိကာ ပိုပို၍ဆိုးရွားလာခဲ့သော ကူးတို့နှစ်ယောက်၏စိမ်းသက်သောဆက်ဆံရေးကိုနားမလည်စွာဖြစ်နေခဲ့မိသည်။ သူမဘယ်လိုအမုန်းမီးကို ပျိုးခဲ့မိပါသနည်း.. ၊

ညနေခင်း၏အလှက စိတ်သဏ္ဍာန်၏ပူလောင်မှုကြောင့်



သိမ္မော်ရောင်နေခြည်ဖျော့က မီးတောက်တွေ၏ရောင်ဝါနှင့်တူနေတော့သည်။ ဘုရားပန်းလဲနေရင်း မျက်လုံးတွေက ခြံတံတိုင်း၏တစ်ဘက်သို့ရောက်သွားခဲ့၏။ မျက်လုံးထဲမှာပုံရိပ်တစ်ခုကို ဖျတ်ခနဲမြင်လိုက်မိလျှင်.. ၊

ဟင်.. ၊

လူကြမ်း.. ၊

ဟုတ်ပါသည်..ဂျန်းမှဂျန်းပါ။ မျက်နှာချင်းဆိုင်ခြံဝင်းရဲ့ရှေ့ကနေ ဒီဘက်ကိုစူးစူးစိုက်စိုက်ကြည့်နေခဲ့၏။ ရိုးကိုင်ထားသည့်ဘုရားပန်းအိုးကို ဝရန်တာတန်းပေါ်တင်မိမလိုဖြစ်သွားကာ ကံကောင်းလို့သက်သာလွတ်လိုက်မိလျှင် ကျကွဲသွားမည်သာ.. ၊

အယောင်ယောင်အမှားမှားနှင့် ဟိုဒီလှမ်းတင်ရင်း မျက်လုံးလွှဲ၍ ဘေစင်ပေါ်သေချာတင်လိုက်ကာမှ ပြန်ကြည့်လိုက်တော့ဂျန်းမရှိတော့ပေ။

မဟုတ်ဘူး.. ဟိုဘက်ခြံရှေ့မှာရပ်နေတာ ဂျန်းမှဂျန်း.. ၊

ဝရန်တာပေါ်ကနေ ဘယ်လိုရှာကြည့်ကြည့် မတွေ့တော့သဖြင့် ခြံထောက်တွေဟိုဘက်ပြေးလိုက် ဒီဘက်ပြေးလိုက် ဗျာများကုန်တော့သာအဖက်တင်၏။ ခြံထဲကသစ်ပင်ကြီးတို့နှင့်ကွယ်နေသဖြင့် ခြံရှေ့လမ်းကိုရှင်းလင်းစွာမမြင်ရပေ။ ရိုးမကျေနပ်နိုင်.. ၊

သူမနဲ့တွေ့တုန်းကအင်္ကျီနဲ့ပဲဖြစ်ကာ အမြင်မှားတာလုံးဝမဟုတ်ကြောင်းလည်း သိနေသည်။ ဒါကဂျန်းဆိုရင် ဒီအိမ်ကိုဘယ်လိုသိတာလဲ..။ ဘယ်လိုရောက်လာခဲ့တာလဲ.. ၊

လူကိုမကျေနပ်တာလားလို့ တွေးလိုက်မိသည့်အချိန်မှာ ဒေါသတောင်းခနဲဖြစ်၏။ သင်းလေးက မလောက်လေးမလောက်စားနှင့်လူပါးဝလှချေလား.. ၊

စိတ်ထက်အရင်လူကရှေ့ကပြေးနေမိလျက် ရိုးခြံပြင်ထွက်လာခဲ့သည်။ ဆိတ်ငြိမ်ရပ်ကွက်မို့ လမ်းထဲမှာလူသွားလူလာကမရှိ။ ဘယ်ညာလိုက်ကြည့်တော့လည်း ညာဘက်မှာအုတ်ပုံအသစ်ကြီးပုံထားကာလွှဲပြီး ဘာမှမရှိ။ ထိုစဉ်.. ၊

ခြံဝင်းတစ်ခုထဲကနေ ကားတစ်စီးထွက်လာသည်။ အုတ်ပုံကြီး

www.burmeseclassic.com

www.burmeseclassic.com



ဘက်ကိုကွေ့လာရသဖြင့် တဖြည်းဖြည်းကွေ့နေတာမြင်ကာ ရိုးမျက်နှာလွှဲရင်း တက်ခေါက်မိသည်။ သင်းက သူ့ကိုအချုပ်ထဲထည့်လိုက်လို့ မကျေနပ်ဘူးတဲ့လား.. ၊

သေချာပါသည်။ ဒီလိုစိတ္တဇမျက်လုံးတွေနဲ့ လူသေကောင်မျက်နှာနဲ့ကောင်လေး..။ ဒီကောင်လေးဟာ ဆယ်အင်းကြီးရွာက မီးရှို့ပြေးတဲ့လူသတ်သမားဝရမ်းပြေးလေး ဖြစ်ကိုဖြစ်နိုင်၏။ မချင့်မရဲဖြစ်ရင်း ခြံထဲပြန်ဝင်မလို့လှည့်လိုက်လျှင် မျက်လုံးထောင့်မှာနီးနီးကပ်ကပ်ထင်လာသည့် အရိပ်တစ်ခုကြောင့် စိတ်ထင့်သွား၏။ ဖျတ်ခနဲလှည့်ကြည့်လိုက်တော့ လူကြမ်း.. ၊

မသိရင်ကားပေါ်ကနေ ဆင်းကျန်ရစ်တဲ့အတိုင်း ကားဖြတ်သွားသည့်နောက်မှာ မျက်နှာချင်းဆိုင်မှာ မတ်တပ်ရပ်လျက်သား.. ၊

"လူကြမ်း.."

စိတ်ထဲမှာဂျန်းလို့ပဲခေါ်နေမိပေမယ့် မျက်နှာမြင်လိုက်တော့ဒေါသက လူကြမ်းလို့ခေါ်ဖို့သာဖြစ်ခဲ့လျက်.. ၊

"နင်ကဒီမှာဘာလို့ရှိနေတာလဲ..ဘာလာလုပ်တာလဲ.."

"ကျွန်တော်ဒီကိုလာရမယ်လို့ အာရုံရနေလို့.."

"ဘာ.."

ဘာစကားတွေလာပြောနေတာလဲ..ဒီကောင်လေး ရူးနေပြီလားဒေါသသည်ထိတ်လန့်ခြင်းသို့ မသိမသာဇွေစောင်းကျရောက်ခဲ့ပြီးသူ့အစ်ကိုဆိုသောစိတ်မနှံ့သည့်လူပျိုအရွယ်တစ်ယောက်ကို သတိရသွားမိသည်။ ဘာမှမတော်စပ်ကြဘူးလို့တော့ပြောပေမယ့် သူတို့တွေလည်း ဘာမှသေချာသိကြတာမဟုတ်ပေ.. ၊

ထို့ကြောင့်သွေးသားတစ်ခုခုတော်စပ်နေတာလည်း ဖြစ်နိုင်သလို သွေးသားမတော်စပ်ပေမယ့် တစ်လျှောက်လုံးအတူတူနေလာခဲ့ကြသည့် နီးစပ်နေထိုင်မှုက ဒီစတိုင်လ်ဒီလိုအတိုင်း ကူးဆက်သွားတာလည်း ဖြစ်နိုင်သေးသည်။ ရုတ်တရက်ပေါ်လာသည့်အတွေးကြောင့် ရိုးခြေလှမ်းမသိမသာဆုတ်သွားမိသည်။

ကြားဖူးနားဝစကားတွေအရ 'လူမစွမ်းနတ်မ'သည်တဲ့.. ၊

လူကြမ်းဆိုတဲ့ကောင်လေးက တောကအခြေမဲ့အနေမဲ့လေးဖြ



ဘာတောင် ဖြူဖြူသွယ်သွယ်ခြေလက်အင်္ဂါတွေကအစ ရှင်းသန့်စိုပြည်နေသည်။ မျက်နှာပြင်မှာဖူးယောင်နေဆဲ အညိုအမည်းအကွက်တွေရှိနေသည့်ကြားက မျက်တောင်တွေကမရှည်ဘဲ ထူသိပ်နက်မှောင်နေကြသည်။ မျက်ဝန်းညိုတို့က အသက်ဝင်လွန်း၏။

ထိုမျက်လုံးတွေက တစ်ယောက်ယောက်ကိုစူးစိုက်ကြည့်နေတိုင်း ခနဲ့သလိုလိုလှောင်ရယ်နေသလိုလို။ ဒီထဲမှာဒေါသဖြစ်နေပြီဆိုလူသတ်တော့မယ့်အတိုင်း ပြုံးပြက်လက်နေတတ်သေးသည်။ တစ်ခါတစ်ခါကျတော့ လူကိုကြည့်ပုံကသူခိုးဖမ်းတော့မလိုလို တစ်ဖက်လူကိုမလုံမခြုံဖြစ်လာစေတာမျိုး.. ၊

သူမကတစ်ဖက် ဂျန်းကတစ်ဖက်ခြမ်းမှာရှိနေခဲ့လျက် ဟိုဘက်အစပ်မှာမဟုတ်ဘဲ ဂျန်းရပ်နေတာက လမ်းလယ်ခေါင်မှာဖြစ်သည်။ ထိုစဉ် တစ်ဖက်ကနေကားတစ်စီးက လမ်းအတိုင်းလာနေ၏။ ဂျန်းကကားကို အာရုံရှိပုံမပေါ်ဘဲ သူမကိုပဲကြည့်ကာ.. ၊

"ကျွန်တော်ဘယ်မှသွားစရာ မရှိလို့.."

"အဲ့ဒါငါနဲ့ဘာဆိုင်လို့လဲ..ဟိုမှာကားလာနေတယ်၊ နားပါကန်းနေတာလား.."

ပြောရင်းနဲ့အိမ်ထဲပြန်ဝင်ဖို့ ခြေလှမ်းပြင်မိကာ.. ၊

"ဟွန်း..တတ်လည်းတတ်နိုင်တယ်၊ 'အ'ချင်ယောင်ဆောင်လိုက်သနားစရာသတ္တဝါလေးလိုလုပ်လိုက်နဲ့..အဲ့ဒီမှာကားတိုက်သေမှဘယ်မှသွားစရာမလိုဘဲ စရိတ်ငြိမ်းသွားလိမ့်မယ်.."

"ကျွန်တော်မသေဘူးဆိုတာလည်း အာရုံရပြီးသားပါ.."

ဟင်.. ၊

သူ့စကားကိုဒေါသမဖြစ်အားဘဲ ကားကသူ့ကိုကွေ့ရှောင်ပြီးဖြတ်ဖြတ်တက်လာလျှင် ဂျန်းဘယ်လိုမှလွတ်မှာမဟုတ်မှန်းသိလိုက်သဖြင့် ရိုးအသည်းအသန်ပြန်လှည့်ကာ လက်ကိုအတင်းဆွဲယူလိုက်မိသည်။

ဂျန်းဒီဘက်ကိုပါလာပေမယ့် နှစ်ယောက်စလုံးအရှိန်မထိန်းနိုင်ကြဘဲ လမ်းဘေးမှာအပုံလိုက်လဲကုန်ကြ၏။ ရိုးကပက်လက်မကျဘစောင်းမကပုံပျက်ပန်းပျက်လဲကျကာ ဂျန်းကသူမခြေထောက်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



မှာ ဝမ်းလျားမှောက်လဲသည်ဖြစ်ရာ.. ၊

"ဖယ်..ဖယ်စမ်း.."

ရိုးအတင်းလူးလဲပြန်ထသည်။ ပြီးတော့ ဝတ်ထားသည့်အပေါ်ထပ်အင်္ကျီရှည်ကို ဆွဲတင်ပြုပြင်လိုက်ရင်း.. ၊

"နင့်ကိုနင် ဘာမှတ်နေလို့လဲဟင်..နင်ကမီးရှို့လူသတ်သမား.."

သူမကမျက်နှာငုံ့၍ အသံနှိမ့်ပြောတော့ ဂျန်းကရယ်မလိုပြုံးမလိုစိုက်ကြည့်နေ၏။ ထိုမျက်လုံးတွေက အတွေးပေါင်းစုံကိုဖြစ်ထွန်းစေတတ်မှန်းသိနေပြီမို့ ရိုးနှုတ်ခမ်းမဲ့ပစ်ရင်း.. ၊

"နင့်ကိုငါအခုဖုန်းဆက်လိုက်ရင် ရဲလာဖမ်းသွားမှာရောနားလည်ရဲ့လား..ဒီတစ်ခါဆို ထောင်ပါကျအောင်ချုပ်စ်မှာ၊ သွား..နောက်ထပ်ဒီရှေ့ကို ဘယ်တော့မှမလာနဲ့.."

"ကျွန်တော့်ကိုမကြိမ်းနဲ့..ကျွန်တော်ကတကယ်ဖြစ်အောင် လုပ်တတ်တယ်.."

ရိုးလှည့်ထွက်မည့်ခြေလှမ်းတုံ့သွားသည်။ ဒီတစ်ခါမျက်နှာလေးပါပျက်လျက်.. ၊

"နင်ဘာပြောလိုက်တယ်.."

"ကျွန်တော့်ကိုခင်ဗျားညာကျမ်းပြီး ဖမ်းခိုင်းခဲ့တယ်..ခင်ဗျားလည်း အခုအချုပ်ကျသလိုဖြစ်နေပြီ.."

ဟင်.. ၊

"ကျွန်တော့်ကိုနေစရာစားစရာပေးပါ.."

"ဘာ.."

"ခင်ဗျားကြောင့်ကျွန်တော်နှိပ်စက်ခံရတာတွေကို မပြောတော့ဘူး..ခင်ဗျားကိုလည်း ဘာမှပြန်မလုပ်ဘူး.."

သူလုပ်ချင်သလို ထင်တိုင်းလုပ်ခွင့်ရနေတဲ့အတိုင်းပြောပုံက 'ကျားသနားမှ နွားချမ်းသာမယ့်ပုံ'မျိုး.. ၊

"ဦးခင်မောင်ကြီးက ကျွန်တော့်ကိုကြိမ်းမောင်းလို့ မီးလောင်သေသွားတာ.."

ဦးခင်မောင်..ဦးခင်မောင်ကြီးဆိုတာကို သူမသေချာကြားဖူးခဲ့သည်။ ထို့ကြောင့်စဉ်းစားလိုက်တော့ သူမရွာကိုရောက်နေစဉ် ဂျန်း



ကိုလိုက်ရှာကြသည့်လူတွေပြောနေတဲ့ ဦးခင်မောင်ကြီးဆိုသည့်နာမည်ကို သတိရလာ၏။

"မင်းသတ်ပစ်လိုက်တာပဲ..မင်းကိုယ်တိုင်မီးရှို့ခဲ့တာ.."

"မဟုတ်ဘူး.."

ခေါင်းခါပြလိုက်တာနှင့် တကယ်မဟုတ်ဘူးဆိုတာကိုလည်း ယုံကြည်သွားမိသည်။ တဆက်တည်းမှာ တကယ့်အဖြစ်ကဘာလဲဆိုတာကိုပါ သိချင်လာ၏။

"ကျွန်တော်ဖြစ်စေချင်လာရင် ဖြစ်ခိုင်းလို့ရတယ်.."

ရိုးဘာမှဆက်မမေးနိုင်တော့ဘဲ ငေးကြည့်နေမိသည်။ အလင်းရောင်အားနည်းလာသည့် ညနေခင်းမှာဂျန်းရဲ့မျက်လုံးတွေက ပို၍လက်တောက်နေကာ သရဲတစ္ဆေတစ်ကောင်နဲ့တူလာ၏။ ဦးခင်မောင်ဆိုသူကို သူမသတ်ခဲ့ပါဟုဆိုသည်။ ဒါပေမယ့် မီးရှို့သတ်မယ်ပဲကြိမ်းဝါးနေသည့်ထိုလူကြီးကို 'ခင်ဗျားကိုလည်း ခုပြန်ရှို့မှာ..ခင်ဗျားမီးလောင်နေတာကို ထိုင်ကြည့်နေမယ်'လို့ ပြောခဲ့သည်။

တကယ်တမ်းမီးရှို့ဖို့ကြိုးစားခဲ့တာက စိတ်မနှံ့သည့်ဖိုးတာဖြစ်သည်။ ဂျန်းကမူးရူးလဲနေသည့် ဦးခင်မောင်ကိုကြိမ်းဝါးနေတုန်း ဖိုးတာကကြိုးယူလာပြီးတုပ်၏။ ထိုအချိန်မှာ ဂျန်းရဲ့အဒေါ်ဖြစ်သူဒေါ်ချိုးမြိုးကလည်း သွေးတိုးရောဂါထကာ အိပ်ရာထဲမှာလဲနေသည်။ သိရိကလည်း အပျင်းထူသူဖြစ်သည့်အလျောက် ညလုံးပေါက်ပွဲကြည့်ထားပြီး မနက်ထမင်းဟင်းချက်ပြီးတည်းကအိပ်နေတာ ညနေသိမနိုးသေးပေ.. ၊

အခြေအနေအားလုံးသည် စိတ်မနှံ့သောဖိုးတာ၏ ကြိုးတုပ်ခံရဖို့ဖြစ်လာခဲ့ပြီး ဂျန်းကတော့အလွန်အကျွံမူးနေသော ဦးခင်မောင်ရဲ့အနားမှာပဲ ရှိနေခဲ့ရာ.. ၊

"ငါအကုန်လုံးချည်ထားခဲ့ပြီ..မီးရှို့တော့မလား.."

ဖိုးတာက မျက်လုံးပြူးပြူးပါးစပ်ပြဲပြဲကို ရုပ်ဆိုးအောင်ပြုးပြဲနေပြီး ဓာတ်ဆီပုံးနဲ့ရောက်လာ၏။ သူတို့အိမ်ကရွာထဲမှာ သူဌေးတရင်းဝင်ဖြစ်ကာ ရွာမှာသုံးကြသည့်ရေနံဆီဓာတ်ဆီတွေကိုသူတို့တစ်အိမ်ကပဲရောင်း၏။ ထို့ပြင်အပေါင်ခံထားသည့် စက်ဘီးဆိုင်

www.burmeseclassic.com

www.burmeseclassic.com



ကယ်လ်တွေပါ ရှိသေးသည်။

ခတ်ဆီပုံးတွေတစ်ဖက်တစ်ချပ်ကိုင်၍ ရောက်လာသောဖိုးတာကိုကြည့်ပြီး ဂျန်းကခေါင်းညိတ်လိုက်သည်။ ပြီးတော့.. ၊

"ကိုတာကကျွန်တော်ခိုင်းတာလုပ်မှာလား.."

"လုပ်မှာပေါ့..ငါဘာလုပ်ရမလဲ ပြောသာပြောကွာ.."

"သူ့ကိုခတ်ဆီလောင်း..ခင်ဗျားလည်း ကိုယ့်ဘာသာလောင်းပြီး တစ်အိမ်လုံးကိုမီးရှို့လိုက်.."

ဘုရား..ဘုရား.. ၊

ရိုးကိုယ့်ရင်ဘက်ကိုယ်ဖိ၍ ဘုရားတလိုက်မိသည်။ ပြီးတော့နောက်ဆုတ်၏။ ဂျန်းကသူပြန်ထရပ်လိုက်သည့်နေရာမှာပဲ အေးဆေးရပ်နေခဲ့လျက်.. ၊

"ကျွန်တော်ရှို့ခဲ့တာမဟုတ်ဘူးလို့ ပြောသားပဲ.."

"ဘာထူးလို့လဲ..နင်ကရှူးနေတဲ့လူကိုခိုင်းတာ.."

"ရူးနေပေမယ့် ကျွန်တော့်ကိုလည်းပင်းကြိုးကွင်းစွပ်ပြီး အမြဲတမ်းမြင်းလုပ်စီးခဲ့တာ.."

ဟင်.. ၊

"ကျွန်တော့်အဖေနဲ့အမေကိုလည်း သူတို့သတ်ခဲ့တာပဲ.."

ဘယ်လိုထင်ရာတွေလျှောက်ပြောနေတဲ့ကောင်လေးလဲ.. ၊

ရိုးဘယ်လိုမှနားလည်ယုံကြည်လို့မရတော့ဘဲ ဂျန်းကိုအထူးအဆန်းသတ္တဝါလို ငေးကြည့်နေခဲ့မိသည်။ ဂျန်းကငြိမ်ကျသွားလိုက်ပြောချင်တာကိုထပြောလိုက်နှင့် သူ့ရင်ထဲကမမေ့ဖျောက်လို့မရနိုင်သည့် ပုံရိပ်တွေကြောင့် သူတည်ဆောက်သည့်ဝါကျတွေကလည်း မပြည့်စုံသော်ငြား.. ၊

"အခုကျွန်တော့်အကြောင်း ပြောပြီးပြီ..ကျွန်တော့်ကိုနေဖို့ပေးပါ.."

"ဘာလို့ပေးရမှာလဲ..အံမာ၊ ဒီမှာ.."

ဒေါသကြောင့် ဂျန်းမျက်နှာရှေ့မှာပြန်ရပ်မိကာ.. ၊

"နင်အာရုံရနေတာတွေက ငါနင့်ကိုသတ်ပစ်ချင်လောက်အောင်မုန်းနေတာကျတော့ မမြင်တော့ဘူးလား..ငါ့ဆီကဘာမှရမှာမဟုတ်တဲ့အပြင် နင့်ကိုမုန်းလွန်းလို့ ခြေဆောင့်အော်ပစ်ချင်တဲ့အထိ ဆူပွက်နေတာတွေရော..ဘာအာရုံမှမရဘူးလား.."



ရိုးဒေါသထွက်နေသမျှ ဂျန်းကမျက်တောင်မခတ်ကြည့်နေခဲ့၏ သူမရဲ့စကားသံတွေပြီးဆုံးလေမှ.. ၊

"ကျွန်တော့်အတွက် စားစရာပေးလိုက်ပါ..ခင်ဗျားရဲ့ကံဆိုးမှုတွေကို ကျွန်တော်ကူညီမယ်.."

"တောက်.."

"ခင်ဗျားခုကစပြီး ဒုက္ခကြီးတွေ့တော့မှာ.."

"နင်တော်တော့လို့ပြောနေတယ်နော်..ကဲဟာ.."

ပခုံးနှစ်ဖက်ကိုကိုင်၍ ဆောင့်တွန်းပစ်လိုက်မိကာ ရိုးခြံထဲလှည့်ဝင်လာခဲ့သည်။ ခြံတံခါးရှေ့ကျမှ စူးစမ်းသည့်အကြည့်တွေနှင့် ရပ်ကြည့်နေသောခြံစောင့်ကို သတိထားမိ၏။ သူမပြန်ဝင်ပြီးမှ နောက်ပြန်လှည့်ကြည့်လိုက်မိသည်။ ဂျန်းလည်းပြန်ရပ်ကြည့်နေမည်လို့ထင်ခဲ့ပေမယ့် ဂျန်းကမရှိတော့ပေ။ ဘယ်ရောက်သွားတာလဲ.. ၊

ရိုးခြံတံခါးဆီပြေးလာပြီး အပြင်ကိုသေချာလိုက်ကြည့်မိသေးသည်။ ဂျန်းကိုမတွေ့တော့လေ အံ့သြလေ။ ဒီလောက်နဲ့ချာခနဲလှည့်ပြန်သွားလိမ့်မည်လို့ မထင်မိတာအမှန်ပင်.. ၊

"ဘယ်ကကောင်လေးလဲသမီး.."

"ဟင်.."

ရိုးထိတ်ခနဲဖြစ်သွားသည်။ ခြံစောင့်က ခြံစောင့်ပေမယ့်ဖေကြီးရဲ့အထူးလူရင်းတစ်ယောက်ဖြစ်ကာ ခြံလုံခြုံရေးအပြင် အတွင်းရေးအပြင်ရေးပါစိတ်ချယုံကြည်ရသူဖြစ်၏။ တခြားခြံစောင့်တွေလို တံခါးဖွင့်ပိတ်ပေးရုံ တာဝန်ကျေဖို့ရှိနေတဲ့သူမဟုတ်သောကြောင့် သူမတို့သုံးယောက်စလုံး ဘယ်တုန်းကမှမလေးမစား မပြုရဲခဲ့.. ၊

"ကောင်လေးကြည့်ရတာ စိတ်နှံ့ပုံမပေါ်လို့မေးတာပါ..ဘာလို့စကားရပ်ပြောနေတာလဲ.."

နောက်ထပ်ပြောလိုက်မှ ဂျန်းနဲ့သူမပြောဆိုအငြင်းပွားနေတာကို အစအဆုံးမြင်ခဲ့မှန်းသိလိုက်ပြီး အနည်းငယ်စိတ်အေးသွားကာ..၊

"စိတ်တော့နှံ့ပါတယ်ဦးချန်..နှစ်ခါသုံးခါလောက်ဆုံဖူးတယ်၊

www.burmeseclassic.com

www.burmeseclassic.com



မုန့်ဖိုးရမှန်းသိလို့ရှိုးကိုမြင်လိုက်ရင် ပိုက်ဆံလိုက်တောင်းနေတာ..

ဦးချန်ကမျက်မှောင်ကုတ်နေဆဲရှိသည်။ ဒါပေမယ့် ဒီထက်ပြောနေရင်လည်း စကားတွေအစွန်းထွက်ကုန်တော့မှာကိုသိကာ ရှိုးခေါင်းလေးငုံ့၍ လှည့်ဝင်လာခဲ့သည်။ ဒီပြဿနာတွေကို ကိုယ်ပြောပြခဲ့တုန်းကလည်း ဘယ်သူကမှယုံကြည်ခဲ့တာမဟုတ်.. ၊

အခု ဂျန်းဆိုတာဒီကောင်လေးပါလို့ ဆွဲပြနိုင်ရင်ရော သူများရေးသွားပြီဖြစ်တဲ့စာချုပ်စာတမ်းတွေက ပြန်ရမှာမို့လို့လား..။ ထို့ပြင် ဒီကောင်လေးကို သူမမယုံကြည်ပါ။ ကိုယ့်ရှေ့မှာပြောနေတာတွေကို တခြားလူတွေမေးရင်ရော ဒီတိုင်းပြန်ပြောမှာ သေချာလို့လား.. ၊

ပြောနေတာတွေကရော ဘယ်ဟာကအမှန် ဘယ်ဟာကအမှားလဲ..။ လူကြမ်းဆိုသည့်ကောင်လေးကြောင့် ဖြစ်ပျက်ခဲ့သမျှအဆိုးအကောင်းအားလုံးတို့ကို မေ့ထားလိုက်ဖို့ဆုံးဖြတ်ခဲ့သော်ငြား.. ။

## အခန်း(၉)

ဖုန်းဘယ်ရောက်သွားလဲ..၊

မိုးချုပ်နေမှဖုန်းကိုသတိရသည်။ ဒါတောင်တစ်ညနေလုံးဝတ်ထားခဲ့သည့် အပေါ်ထပ်အင်္ကျီကိုချွတ်လိုက်ကာမှဘေးအိတ်ထဲမှာဖုန်းထည့်ထားမိတာကို သတိရတာဖြစ်သည်။ အိတ်နှစ်ဖက်စလုံးကို ဘယ်ညာစမ်းကြည့်ရင်း ဘယ်လိုမှမယုံနိုင်ဘဲ အထပ်ထပ်ပြန်စမ်းနေမိ၏။

ဘုရားပန်းလဲကာနီးမှ အပေါ်ထပ်ဝတ်ကာဖုန်းကို ညာဘက်အိတ်ထဲမှာ ထည့်ထားခဲ့သည်။ ဒီညနေသူမဒီအင်္ကျီဝတ်ပြီးမှ အပြင်ထွက်တာ ဂျန်းနဲ့စကားထွက်ပြောတာပဲရှိသည်။ သတိရတော့ ထိတ်လန့်ပူထူသွားသည်။ သူမလမ်းဘေးမှာ လဲကျခဲ့သေးသည်။ ဖုန်းကျကျန်ခဲ့တာသေချာပါပြီ.. ၊

နာရီမော့ကြည့်တော့ ညခုနစ်နာရီထိုးတော့မည်။ အကြောင်းမရှိဘဲ ဒါမှမဟုတ် လူကြီးတွေကိုမပြောဘဲ ညဘက်အပြင်မထွက်ရသည့်အမိန့်ကြောင့် ထိုနေရာမှာဖုန်းပြန်ရှာဖို့က မဖြစ်နိုင်။ ရှိုးတစ်ယောက်တည်း အခန်းထဲမှာဟိုပြေးဒီပြေးဖြစ်နေကာ မရှိနိုင်မှန်းသိလျက်နှင့် စားပွဲပေါ်မှာဖွလိုက် အံဆွဲတွေဖွင့်လိုက်နှင့် လက်ကရှာဖွေနေမိတာ တစ်ချက်မှမနား.. ၊

သူမတို့ကိုဖုန်းတစ်လုံးစီပဲကိုင်ခိုင်းသည်။ ဖေကြီးခေါ်တဲ့အချိန်မှာ မအားဘူးဆိုတာ ဘယ်တော့မှမရှိစေရ။ သူမအပြင်ထွက်တဲ့အချိန်မှာ ဒီဖုန်းမပါလို့မဖြစ်ပေ။ ခုနေထွက်ရှာရင်ရော ဖုန်းရှိနေပါ့မလား.. ၊

www.burmeseclassic.com

www.burmeseclassic.com



မြက်ခြောက်ဖုတ်တချို့နဲ့ လမ်းဘေးသစ်ပင်လေးတွေဟိုတစ်ခု ဒီတစ်စုရှိပေမယ့် ဖုန်းတစ်လုံးလုံးမြုပ်ကွယ်နေလောက်အောင် ရှည်လျားထူပြောသည့် ခြုံဆိုတာမရှိ။ ဒါပေမယ့် ခေါ်ကြည့်ရမည်။ မေကြီးအရင်ခေါ်လိုက်မိလျှင် ဒီဖုန်းရိုးဆီမှာရှိမနေတာ သိသွားမှာဖြစ်၏။ ညတွင်းချင်းဖုန်းပြန်ရဖို့မသေချာပေမယ့် ကြိုးစားရမှာမို့ အခန်းထဲက အပြေးတပိုင်းထွက်ခဲ့မိ၏။

ညဝတ်အင်္ကျီလဲပြီးထွက်လာသည့် မေရှမ်းကိုမြင်လျှင်.. ။

"မမရှမ်း..မမရှမ်းဖုန်းခဏလောက် ငှားပါနော်.."

"ဘာလုပ်ဖို့လဲ.."

"ဟိုလေ..ရိုးဖုန်းပျောက်နေလို့.."

မေရှမ်းက ဖုန်းကိုင်ထားလျက်နှင့် မျက်မှောင်ကုတ်ကာ.. ။

"ငါလည်းဖုန်းပြောစရာရှိလို့ ထွက်လာတာ.."

"ခဏလေးပါမမရှမ်းရယ်..မနက်ဖြန်ထိပျောက်နေရင် မေကြီးသိသွားမှာစိုးလို့ပါ.."

ကူးထက်စာလျှင် မေရှမ်းကအပြောဆိုးသလိုရှိပေမယ့် တစ်ခါတလေနူးညံ့သွားတတ်တာရှိသည်မို့ တောင်းပန်နေမိ၏။ မေရှမ်းက ရိုးထိတ်လန့်ပူလောင်နေတာကို အံ့သြသလိုကြည့်လျက်.. ။

"နင်ဘယ်သွားခဲ့လို့လဲရိုးရယ်..တစ်နေရာရာမှရှိမှာပေါ့.."

"မရှိဘူး..ည ညနေတုန်းက ရိုးခြံပြင်ရောက်သွားသေးတယ်.."

"သြော်..ကျွတ်.."

"ခဏငှားပါမမရှမ်းရယ်နော်.."

"ဒုက္ခပါပဲဟယ်..သူများလက်ထဲရောက်သွားတာမှန်ရင် ဘာပဲဖြစ်ဖြစ်မေကြီးသိမှာပဲ.."

ဒါပေမယ့် သူမကြိုးစားကြည့်ရမှဖြစ်မည်။ မေရှမ်းဆောင့်ဆောင့်အောင့်အောင့်ထည့်ပေးသွားသည့်ဖုန်းကိုကိုင်ကာ ဝရန်တာထွက်လိုက်၍ သေချာတံခါးပိတ်ပြီးမှ ခေါ်လိုက်လျှင်.. ။

"ဟလို.."

ပြန်ထူးသည့်အသံကို ရုတ်တရက်သတိမထားနိုင်ဘဲ ဝမ်းသာသွားမိကာ.. ။



"အခုပြောနေတာ ဖုန်းကောက်ရထားတဲ့သူထင်တယ်..ကျွန်မက အမ်းပိုင်ရှင်ပါရှင်၊ ခေါ်တာကိုပြန်ထူးတယ်ဆိုတော့ ဖုန်းပြန်ပေးဖို့စိတ်ကူးထားတယ်ထင်ပါတယ်..ကျွန်မဖုန်းကိုခုပြန်ပေးမယ်ဆိုရင် အဲ့ဖုန်းတန်ဖိုးရဲ့တစ်ဝက်ထိ ပြန်ပေးပါ့မယ်၊ ကျွန်မအတွက်အရေးကြီးလို့ပါ..ခုပဲလာပေးလိုက်ပါနော်၊ ဟိုလေ..ရှင်အဆင်ပြေမယ့်နေရာချိန်းလေား ဒါမှမဟုတ် ကျွန်မရဲ့လိပ်စာပြောရမလား.."

သူမတစ်ယောက်တည်း မနားတမ်းပြောနေမိလျက် တစ်ဖက်က အသံကိုနားစွံ့လိုက်တော့မှ.. ။

"ကျွန်တော်ခင်ဗျားပြန်ထွက်လာရင်ပေးမလို့ စောင့်နေတာပါ.."

ရိုးမျက်လုံးပြူးသွားသည်။

လူကြမ်း.. ။

"ခင်ဗျားအိတ်ထဲကကျကျန်ခဲ့လို့ ကောက်ထားလိုက်တာ.."

"လူကြမ်း..နင်က.."

"ခင်ဗျားခြံရှေ့မှာပဲ.."

"တောက်.."

ဂျန်းရဲ့အသံကြားလိုက်တာနှင့် မကောင်းမြင်ဝါဒနှင့်အတူ နူးညံ့ခြင်းတွေပါ ပျောက်ဆုံးသွားခဲ့၏။

"နင့်လက်ထဲကိုရောက်နေမှန်းသိမှ ငါသဘောပေါက်တယ်..ဖုန်းက ငါ့အိတ်ထဲကထွက်ကျကျန်ခဲ့စရာအကြောင်းမရှိဘူး၊ နင်အလစ်သုတ်ယူထားလိုက်တာ.."

"ခင်ဗျားကျွန်တော့်ကိုမစွပ်စွဲနဲ့နော်.."

"မဟုတ်ရင်ဘာရှိသေးလို့လဲ..ငါ့ဖုန်းမှန်းသိနေရင် ချက်ချင်းလှမ်းအော်ပေးလို့ရတယ်၊ ငါ့ဖုန်းမှန်းသိတော့ရော အဲ့ဖုန်းငါ့အိတ်ထဲက ထွက်ကျခဲ့တာ ဘယ်လိုလုပ်သိနေလဲ..လူကြမ်း နင်ကအစတည်းက ခိုးတတ်ဝှက်တတ်တယ်၊ ရှောင်ပုန်းတတ်တယ်..တောကြုံအုံကြားကလာပြီး ခုချက်ချင်းဖုန်းကိုင်တတ်နေသေးတယ်.."

"ဒေါ်ကြာနွယ်ရိုး.."

ဆောင့်ခါခေါ်လိုက်သည့်အသံကြောင့် ရိုးနားထဲမှာစူးခနဲကာ ဖုန်းကိုကယောင်ကတမ်းချွာလိုက်မိ၏။ ဒါပေမယ့် ချက်ချင်းနား

www.burmeseclassic.com

www.burmeseclassic.com



ထောင်မိပြန်သည်။

"ခင်ဗျားတို့တိုက်ကြီးတစ်ခုလုံးကို ကျွန်တော်မီးပုံရှို့ပစ်နိုင်တယ် ဆိုတာ ခင်ဗျားမေ့နေတာလား.."

ဟင်.. ।

"ကျွန်တော့်ကိုရူးနေတယ်ထင်လို့လား..မဟုတ်တာတွေ ပြောနေတယ်ထင်သလား၊ ကျွန်တော်အမုန်းကြီးမုန်းလာပြီဆိုရင် အဲ့ဒီလူကို ဘာဖြစ်ဖြစ်လုပ်ပစ်နိုင်တယ်.."

ဘုရား.. ဘုရား.. ।

"ခင်ဗျားကျွန်တော့်ကိုသူခိုးလို့ စွပ်စွဲခဲ့တာတွေအတွက် ကျွန်တော့်ကိုရှိခိုးတောင်းပန်မလား..တောင်းပန်ခိုင်းနေတုန်းမတောင်းပန်ရင် ခင်ဗျားနာမှာနော်.."

"တောက်.."

ထိတ်လန့်စရာတွေကြားနေရရင်း တဖြည်းဖြည်းဒေါသထွက်လာမိ၏။ ကိုယ့်ကိုဆယ်နှစ်ဆယ့်နှစ်နှစ်သားလေးက ကြိမ်းလားမောင်းလားလုပ်လို့.. ।

"ဟလို..ဟုတ်ပါတယ်ရှင်၊ ဦးသီလအောင်ခြံ(× ×)ကပါ.."

"................"

"ဟုတ်ပါတယ်..ကျွန်မဖုန်းကိုခိုးထားတဲ့သူပါ၊ ပြန်တောင်းတော့ အိမ်ရှေ့ထိလာပြီး ကြောက်လန့်စရာစကားတွေနဲ့ခြိမ်းခြောက်နေလို့ပါ..ခုထိရှိနေပါသေးတယ်၊ ချက်ချင်းလာဖမ်းပေးပါ.."

ရဲကိုအကြောင်းကြားပြီးတာနှင့် ဂျန်းကိုချက်ခြင်းဖုန်းပြန်ခေါ်ရသည်။ တော်ကြာရဲတွေလာကာမှ သူမရှိတော့ရင်ခြံထဲထိလာပြီး ဟိုမေးဒီမေးတွေလုပ်ကြလိမ့်မည်။ ထိုစဉ် မေရှမ်းအနားရောက်လာကာ..

"ဟဲ့..နင်ရဲနဲ့ဖုန်းပြောနေတာလား၊ ဘာတွေတိုင်နေတာလဲ..ဖေကြီး အဲ့ဒါမျိုးတွေမကြိုက်ဘူးနော်.."

"မမရှမ်း.."

"ဖုန်းပျောက်တာကိုရဲတိုင်စရာလားရှီး..နင်အဲ့ဒါကြောင့် ဒဏ်ပေးခံရတာသိလား၊ တော်တော်အမှုကြီးအောင်လုပ်တဲ့မိန်းမ.."

ပြောနေရင်း ခြံရှေ့ကိုလှမ်းမျှော်ကြည့်၍.. ।



"ဘယ်မှာလဲ..အပြင်မှာတကယ်ရှိနေတာလား၊ ဒုက္ခပါပဲ..ရဲစခန်းကလည်းသိပ်ဝေးတာမဟုတ်ဘူး၊ ဖေကြီးလည်းပြန်လာတော့မှာ"

"မဟုတ်ဘူး..ဖေကြီးကဒီညဒင်နာရှိတယ်လေ၊ ရဲတွေပြန်သွားမှလာမှာပါ..အဲ့ဒီကောင်လေးက.."

အမုန်တရားတို့သည် လျှာဖျားထက်မှာပဲဆွံ့အပျောက်ကွယ်နေခဲ့လျက် ဂျန်းနဲ့ပတ်သက်ပြီးဘာမှလည်း ထပ်မပြောမိတော့ဘဲ.. ।

"သမီးရေ..ခြံရှေ့မှာရဲကားရောက်နေတယ်.."

သိပ်မကြာခင်မှာပဲ ခြံစောင့်ဦးချန်က လာခေါ်လျှင်.. ।

"တွေ့လား..နင်တော့လေ."

"နေပေ့စေမမရှမ်း..အဲ့ဒါရှီးဖုန်း၊ ရှီးပဲသွားမယ်.."

"ရဲတွေဘာတွေပါလာတဲ့ကိစ္စ နင်ချည်းပဲသွားလို့ဖြစ်မလား..တာတည်း နင့်ကိုစိတ်ပူလွန်းလို့မထင်နဲ့၊ ဖေကြီးအပြစ်တင်ခံရမှာစိုးလို့.."

"ရှမ်း..ဘာဖြစ်နေတာလဲ.."

ကူးရောက်လာတာနှင့် အိမ်ထဲမှာအကျော်ဒေးယုဖြစ်သွားခဲ့ပြီး ခြံရှေ့မှာအိမ်ရှင်နဲ့ရဲတွေ လူအုပ်စုဖြစ်သွားခဲ့၏။ လက်နောက်ပြန်ချုပ်၍ တွန်းထိုးချုပ်ထားခံရသော ဂျန်း၏မျက်လုံးတို့သည် လွန်လေပြီးသောအဖြစ်သနစ်အတိုင်း ခပ်ဖျော့ဖျော့လမ်းမီးရောင်အောက်မှာ စူးရဲလက်တောက်နေခဲ့၏။ ထို့ပြင်.. ।

"ခင်ဗျားပြောစရာကျန်သေးရင် ပြောလိုက်ဦး.."

"ဟိတ်ကောင်လေး..တိတ်တိတ်နေလိုက်တော့နော်၊ မင်းကဘာလဲ..အကောင်လေးသေးသေးနဲ့.."

"ဒီကောင်လေးဇက်ပိုးအုပ်ထည့်လိုက်ရရင် နာတော့မယ်.."

ရဲတွေချုပ်ခေါ်နေသည့်ကြားက ဖုန်းကိုင်ရင်းရပ်နေဆဲရှီးကို သခင်လည်ပြန်ကြည့်ကာ.. ।

"ခင်ဗျားမှာမကျန်တော့ရင် နောက်တစ်ခါကျွန်တော့်အလှည့်.."

"ဟိတ်ကောင်.."

"ဘုန်း.."

ဆုပ်ကိုင်ထားသည့်သူတွေ စိတ်မရှည်ဖြစ်လာကာ 'ဘုန်း'ခနဲ

www.burmeseclassic.com

www.burmeseclassic.com



ရိုက်ချလိုက်သံထွက်လာသည်။ ရိုးရင်ထဲမှာကျင်ခနဲဖြစ်သွား၏။ ဟို တစ်ခါစားသောက်ဆိုင်မှာ ဒီလိုဖြစ်တုန်းကလည်း ကိုယ့်အပြစ်မပေါ်အောင် သူမကိုယ်လွတ်ရုန်းခဲ့သည်။ ဒါပေမယ့်ကိုယ့်ရှေ့မှာကလေးတစ်ယောက်ကို ဖမ်းချုပ်ခေါ်သွားကြတော့ ရင်ထဲမှာတစ်စုံတစ်ရာထိရှ ကျန်ရစ်ခဲ့၏။

ခုလည်း ဖြစ်ရပြန်ပြီထိုအဖြစ်အတိုင်း.. ।

သူမလည်း ဒီတိုင်းပဲလက်ထောက်ချခဲ့မိပြန်ပြီ။ သေချာတာက ဒီတစ်ခါရင်ထဲမှာ နင့်ကျန်ရစ်တာဟာမပီပြင်ဝိုးတဝါးခံစားချက်မျိုး မဟုတ်။ 'ငါမှားသွားပြီလား'ဆိုသည့် မေးခွန်းနှင့်အတူ ဂျန်းရဲ့စကားသံတွေက စွဲကျန်ရစ်ခဲ့တာဖြစ်သည်။

နှစ်ခါစလုံးမှာ သူကျူးလွန်ခဲ့တာက စားသောက်ရရေးနှင့်သာ သက်ဆိုင်နေခဲ့လျက် ကိုယ်လုပ်ခဲ့တာကတော့.. ।

(1)

အခန်း(၁၀)

"ကျွန်မဘာလုပ်မိလို့လဲဖေကြီး.."

"ကျွန်မ..ဟုတ်လား..'

ဦးသီလအောင်က သံယောင်လိုက်ရွတ်ပြီး ထပ်မေးသည်။ 'ရိုး' လို့ ကိုယ့်ကိုယ်ကိုအမြဲပြောနေကျကနေ 'ကျွန်မ'လို့ကြားလိုက်ရတော့ ပိုပြီးနားလည်သွားသည်။ သူမလေးက ကြာနွယ်ရိုးဆိုတဲ့ဘဝကို အောင် မေ့ပျောက်ချင်နေပြီဟု.. ।

"ညည်းက ငါ့ကိုစိတ်နာနေခဲ့တာလို့ ဖော်ပြလိုက်တာပဲ.."

"ဟင်..အဲ့လိုမဟုတ်ပါဘူး.."

သူမဒီလိုပဲပြောကျင့်ပါနေပါပြီ။ ဦးသီလအောင်မေးခွန်းထောက်လိုက်ကာမှ မေးခနဲအိပ်ပျော်သွားခဲ့သည့်အဖြစ်ကြောင့် သူမစိတ်တွေ ခုထိထိုင်းမှိုင်းနေဆဲကို သတိရမိသည်။ ရွာမှာဂျန်းနဲ့ပြန်ဆုံခဲ့ရသည်။ အိမ်ပြန်ရောက်လာတော့ ဖျက်ဆီးမွှေနှောက်ထားခြင်းနဲ့ကြုံ၏။

ပြီးတော့ ရန်ကုန်မြို့ကိုသူမလိုက်ပါလာခဲ့ရသည်။ ရန်ကုန်ကို သူမမရောက်ဘူးခဲ့ပေ။ ကိုယ့်ကိုတောမှာ ပန်းခင်းတစ်ခင်းနဲ့ပြစ်ဒဏ်ချမှတ်ခဲ့ပြီး ဖေကြီးတို့ဘာတွေလုပ်နေကြတာ၊ မမကူးတို့ဘာတွေဖြစ်နေကြတာ သူမဘာမှမသိခဲ့။ ထို့ပြင်သူမကို မန္တလေးကိုမခေါ်ဘဲရန်ကုန်ခေါ်လာခဲ့တဲ့အထိ ဘာလုပ်ဖို့မှန်းမသိ။ ဘာအတွက်မှန်းလည်း မသိခဲ့ရ.. ।

"ဖေကြီးကရုတ်တရက်ကြီး ကျွန်မကိုအိမ်ထောင်ပြုရမယ်ဆိုတော့ အံ့သြသွားလို့ပါ..ဖေကြီးဘယ်လိုပြစ်ဒဏ်မျိုးပဲပေးပေး ကျွန်မကျေကျေနပ်နပ်ခံယူပါတယ်၊ အိမ်ထောင်ပြုခိုင်းတာက..

www.burmeseclassic.com

www.burmeseclassic.com



"ပြစ်ဒဏ်နဲ့မဆိုင်ဘူး..ဒါပေမယ့်ညည်းကငြင်းဆန်ရင်တော့ ငါ
ပေးတဲ့ပြစ်ဒဏ်လို့သတ်မှတ်ပြီး စီစဉ်ရလိမ့်မယ်.."

ဦးသီလအောင်က မပြောချင်ဘဲပြောရသည့်မျက်နှာကြီးနှင့်
တင်းထားပေမယ့် လျှော့ရိလျှော့ရဲနှုတ်ခမ်းတို့က မငြိမ်သက်ဘဲရှိနေ
ခဲ့၏။ ဒီသမီးကိုသူအချစ်ပိုခဲ့သည်။ မွေးစားခဲ့သည့်သမီးသုံးယောက်
စလုံးလှကြပေမယ့် ရိုးရဲ့အလှကိုဘယ်သူမှမမီပေ။ တင်ပါးထိဝေ့ဝဲ
နေသည့် ဆံနွယ်ရှည်တို့၏ကောင်းခြင်း။ ဝင်းညက်စိုပြေသော အ
သားအရေ၏ကောင်းခြင်းအပြင် တင့်တယ်ပြေပြစ်သည့်ကိုယ်ဟန်က
အပြစ်ဆိုစရာ တစ်စက်မှမရှိ.. ।

လုပ်ငန်းမှာအများမှားအယွင်းယွင်းတွေ စတင်လာပြီဆိုတည်း
က ကိုယ့်ပါတနာတွေရဲ့သက်ရောက်မှုတစ်စုံတစ်ရာမှမကျရအောင်
ရိုးကို ဘေးဖယ်ထားဖို့ကြိုးစားခဲ့သည်။ ကူးနဲ့ရှမ်းတို့ကသွက်သည်
စွန့်စားချင်ကြသည်။ ဒါပေမယ့် တကယ်သတ္တိရှိလားဆိုတော့ မ
ဟုတ်.. ।

ရိုးကတည်ငြိမ်မှုရှိသည်။ နာခံတတ်သည်။ ထို့ပြင်တာဝန်ယူ
တတ်တဲ့စိတ်လေးလည်းရှိ၏။ ဒါကြောင့်ကိုယ့်ဝန်ထမ်းကောင်းတစ်
ယောက်ရဲ့ရင်သွေးလည်းဖြစ်သည့် ရိုးကိုသူဦးစားပေးခဲ့သည်။ ချစ်
လည်းချစ်ပါသည်။ လွန်ခဲ့သောနှစ်တွေက ကလပ်မှာသန့်ရှင်းရေး
လုပ်ဖို့ထိ သူအပြစ်ပေးခဲ့သည်။

ဒါကတကယ်တော့ တစ်နေ့နေ့မှာဦးသီလအောင်ရဲ့သမီးအဖြစ်
ထိခိုက်လာဖွယ်ရှိခဲ့ရင် နစ်နာသွားမှာစိုးလို့ဖြစ်သည်။ သူဘယ်လိုစီး
ပွားရှာနေခဲ့မှန်း ဘယ်သူမှမသိလည်း ကိုယ့်ကိုယ်ကိုသိသည်။ ရခဲ့
သည့်အကျိုးအမြတ်တွေကို လက်မလွှတ်နိုင်ခဲ့ပေမယ့် မကောင်းမှုအ
ကျိုးစီးပွားဟာ ရေရှည်ခိုင်မြဲဖို့မလွယ်ဘူးဆိုတာတော့ သိနေခဲ့သည်။
မကောင်းမှုတွေထဲခွတ်တိုးဝင်နေရမယ့်အချိန်မှာ သူမလေးကိုအဝေး
ကိုရောက်အောင်ပို့ထားခဲ့ရ၏။

သူ့မှားယွင်းမှုတွေကြောင့် ကူးနဲ့မေရှမ်းတို့လည်းရောင်းစားခံ
သည့်သမီးတွေဖြစ်ခဲ့ရကာ သူကတော့သမီးတွေကိုရောင်းစားခဲ့သည်
ဖခင်..။ ပိုဆိုးသည်မှာ'အဖေရင်းမှမဟုတ်တာ'ဆိုသည့် လက်ညှိုးထိုး



ကဲ့ရယ်မှုများပင်.. ।

"အခုလက်ထပ်ဖို့အတွက် အမိန့်တစ်ရပ်လိုပြောလိုက်တော့
ညည်းလည်းငါ့ကို ကူးတို့ပြောသလို.."

"မမကူးတို့ဘယ်လိုပြောသွားမှန်း ကျွန်မမသိပါဘူး..ဒါပေမယ့်
ဖေကြီးကိုကျွန်မဘယ်တော့မှ ငြင်ငြင်မှာမဟုတ်ဘူး ဖေကြီးရယ်..
နောက်ပြီးမမရှမ်းတို့ အမြဲတမ်းပြောခဲ့သလို ဖေကြီးအတွက်ပေးဆပ်
ဖို့ သူတို့အသင့်ရှိနေတယ်ဆိုတဲ့စကား.."

ရိုးကလေးလံနေဆဲမျက်တောင်ဖျားတို့ကို ပုတ်ခတ်ရင်း မျက်နှာ
လေးမော့လိုက်ကာ.. ।

"ကျွန်မလည်း ဖေကြီးသမီးပါ..ခုနပြန်မေးမိတဲ့စကားတွေ
ကြောင့် ကျွန်မမှားသွားရင်တောင်းပန်ပါတယ်.."

ပြောပြီးမျက်လွှာချခေါင်းငုံ့၏။ ဦးသီလအောင်စိတ်မကောင်း
ဖြစ်သွားမိသည်။ ရိုးက ခေါင်းငုံ့နေရင်း.. ।

"ဖေကြီးက ရိုးတို့ညီအစ်မတွေရဲ့ကျေးသဖခင်ကျေးဇူးရှင်ကြီးပါ
..သားထောက်သမီးခံမရှိခဲ့ပေမယ့် မိဘမဲ့ဒုက္ခရောက်နေတဲ့လူမမယ်
အရွယ်ကလေးလေးတွေကိုခေါ်ပြီး စောင့်ရှောက်ခဲ့တယ်၊ ဘာမျှော်
ချက်မှမရှိခဲ့ဘဲ ယုံကြည်မှုနဲ့ပျိုးထောင်ခဲ့တယ်..အဲ့ဒါတွေက သွေးသား
ရင်းမို့လို့ စောင့်ရှောက်ထားတာထက် လေးစားကြည်ညိုဖို့ကောင်းပါ
တယ်.."

ရိုးကပြောနေပေမယ့် ဦးသီလအောင်ပြုံးနေပုံက ငိုမဲ့မဲ့ကြီးပါ။
ကူးနဲ့မေရှမ်းတို့ကိုကြွေးတွေကြောင့် ထိုးပေးခဲ့ရသည့်အဖြစ်တွေကို
သူမမသိသေးတာလားလို့တွေးမိရင်း မေးရမည်လား..ဒီတိုင်းပဲပြော
ပြရဦးမှာလားလို့ စဉ်းစားနေမိဆဲ.. ।

"ဖေကြီးဒုက္ခများနေတဲ့အချိန်မှာ ကျွန်မကအဝေးမှာအေးချမ်း
နေသလိုဖြစ်ခဲ့တဲ့အတွက်လည်း စိတ်မကောင်းဖြစ်နေမိတယ်..အား
လုံးဒီရောက်မှသိရတာပါ၊ မန္တလေးမှာရိုးတို့ပိုင်ဆိုင်ခဲ့တာတွေ ခုဘာ
မှမရှိတော့ဘူးလားဖေကြီး..ဟင်.."

ဦးသီလအောင်မျက်နှာခပ်လွဲလွဲနှင့် ခေါင်းညိတ်ရင်း..

"မရှိတော့ဘူး..ညည်းအမတွေကျရာဇာတ်ရုပ်ကိုကပြီး တာဝန်

www.burmeseclassic.com

www.burmeseclassic.com



ယူခဲ့တာတောင်..”

ပြောပြရင်း လည်နင်သလိုဆို့ကျပ်သွားလျက် စကားသံကတိမ်ဝင်သွားသည်။ တံတွေးတစ်ချက်မျိုလိုက်ရင်း.. ၊

“ခုလည်းညည်းအလှည့်ဖြစ်လာပြန်ပြီ..”

ရှိုးမျက်နှာလေး နီမြန်းလာသည်။ ပြီးတော့မျက်ရည်တွေ ဝိုင်းလာ၏။ အိမ်ထောင်ဆိုသည့်လောကထဲကို ဘာမသိညာမသိရောက်သွားရမည့်အဖြစ်အတွက် သူမဘယ်လိုမှလက်ခံစဉ်းစားလို့မရနိုင်ပါ။ ဒါပေမယ့် ပြုံတော့မည်မိုးလို ညိုမှောင်မှိုင်းရီနေသော ဖေကြီးမျက်နှာပေါ်က သောကစာမျက်နှာတွေကို လှန်လှောဖတ်ရှုမိချိန်မှာ ဆုံးဖြတ်ချက်က တစ်ထိုင်တည်းမှာခိုင်မာခဲ့သည်။

ပြတ်သားဟန်နှင့်အမြဲတမ်းတင်းနေတတ်ခဲ့သော ဖေကြီးရဲ့မျက်ဝန်းထဲက မေတ္တာစေတနာတွေကို ရှိုးအစတည်းကမြင်တတ်ခဲ့ပါသည်။ ထို့ကြောင့်ပြောမထွက်အောင်ဖြစ်နေခဲ့သည့် ကိစ္စရပ်အတွက် သူမကပဲခေါင်းညိတ်ပေးလိုက်တာဖြစ်ကာ.. ၊

“အခုမမကူးတို့က ဘယ်ရောက်နေကြတာလဲဟင်..”

သိချင်ဆုံးဆန္ဒကိုမေးလိုက်တော့ ဦးသီလအောင်ခြေလှမ်းရပ်သွားသည်။ ပြီးတော့ ဧည့်ခန်း၏မျက်နှာစာတစ်ဖက်ကို ခပ်ဖြည်းဖြည်းလျှောက်ထွက်သွားပြီး ဘာမှမဖြေ.. ၊

“မမကူးတို့နဲ့ခဏတော့ သွားတွေ့လို့ရတယ်မို့လားဟင်..”

ဘယ်သူနဲ့လက်ထပ်သွားကြမှန်းလည်းမသိ။ ဘယ်မြို့ဘယ်နယ်တွေကိုပါသွားကြသည်မသိ။ မသိခဲ့ရတာကို သူမနားလည်သည်။ သိနေကာမှတော့ သွားတွေ့ချင်မိတာကိုလည်း ဖေကြီးနားလည်ပေးမည်ထင်၏။ သို့သော်.. ၊

“သူတို့ကိုညည်းသွားတွေ့ဖို့မလိုပါဘူး..”

ရှိုးအံ့ဩသွားသည်။ မေးမည်ပြင်လိုက်မိစဉ် ဖုန်းမြည်သံကြောင့် ဦးသီလအောင်ကရှိုးကော့စ်လေးပေါ်ကဖုန်းကို ပြန်လှည့်ယူလိုက်ပြီး..

“ဟလို..”

ဖုန်းကိုင်၍အကြာကြီးနားထောင်နေခဲ့၏။ ပြီးတော့ တင်းခန့်လှုပ်ခတ်သွားသည့်မေးရိုးကြီးတစ်ဖက်ကို ရှိုးသေချာမြင်နေရသည်။



အလုပ်ကိစ္စလား..။ စီးပွားရေးတစ်ခုလုံးအတွက်လား..။ တစ်ခုခုအကြီးအကျယ် အဆင်မပြေဖြစ်နေပြီဆိုတာကို တွေးလိုက်မိလျက်ထိတ်ဆိတ်စွာကြည့်နေမိ၏။

ထို့ကြောင့်မျက်လုံးတို့သည် ဒီမနက်မှပထမဆုံးရောက်ဖူးလာခဲ့သည့် တိုက်ကြီးကိုလှည့်ပတ်မော့ငေးနေမိ၏။ ကားပေါ်ကဆင်းလိုက်သည်နှင့် ‘မင်းသွားနားလိုက်ဦး..သူ့ဒွေးမလာသေးဘူး’လို့ဆိုကာ သူမကိုအိပ်ခန်းတစ်ခုဆီ ပို့ပေးသွားသည်။ အိပ်ရာပေါ်လှဲနေခဲ့ရပေမယ့် ခရီးပမ်းနေတာတောင် သူမဘယ်လိုမှအိပ်မပျော်ခဲ့ပေ..။

ဘာမှန်းမသိလျှောက်လှမ်းနေခဲ့ရသည့် ဘဝတစ်လျှောက်လုံးမှာ ခုလည်းမမြင်ရသေးသည့် အနာဂတ်အတွက်ရင်မောနေရဆဲမို့သူက နှမ်းလျနေပေမယ့် မျက်လုံးတွေကိုအိပ်စက်ခွင့်မပေးခဲ့ခြင်းဖြစ်သည်။ အတွေးများနှင့် မွှန်းကျပ်ခဲ့ရင်းအိပ်ပျော်သလိုဖြစ်သွားခိုက်မှာ ဖေကြီးရောက်လာပြီဆိုပြီးလာခေါ်တော့ ဒီနေရာကိုထွက်လာခဲ့ရ၏။

ဒီတိုက်ကြီးကိုဖေကြီးဝယ်လိုက်တာလား..။ ဒါမှမဟုတ် မမကူးတို့အိမ်ထောင်ကျပြီဆိုတော့ ဒါမမကူးနဲ့မမရှမ်းတစ်ယောက်ယောက်ပိုင်တဲ့တိုက်ကြီးလား..။ မန္တလေးက ‘တော်ဝင်’စံအိမ်ကြီးလို မထည်ဝါပေမယ့် ခေတ်မီလွန်းသောအပြင်အဆင်များနှင့် လက်လက်တောက်နေသည်။ ရေးဆန်း၍ထည်ဝါသည့်အဆောက်အဦးနှင့် နောက်ဖေးဘက်ပေါ်ဒီဇိုင်းနှင့်ခေတ်မီလှပလွန်းသော အဆောက်အဦးချင်းကမယှဉ်သာ.. ၊

လှေကားသေးသေးလေးသည် ဘေးမှန်ချပ်နားကနေ မြွေတစ်ကောင်လိုလှပတွန့်ကောက်ပြီး ယက်တောင်ဖြန့်ထားသလိုဖြာဆင်းနေ၏။ အနက်ရောင်လက်တောက်နေသည့် လှေကားနင်းပြားတွေကခုံတွေနဲ့အရိပ်တင်နေသဖြင့် ရွှေကနုတ်အနားသတ်တို့က ပနံတင့်လေသည်။ ထို့ပြင်.. ၊

အော်တိုဖွင့်ပိတ်နိုင်သည့် ဇာနားတပ်လိုက်ကာကြီးတွေနှင့် အခွင်းဒီကရေးရှင်းဘာမှသိပ်မရှိဘဲ ရှင်းပြောင်လက်တောက်နေသည့်တိုက ရှုမငြီးအောင်ဆွဲဆောင်နေတာဖြစ်သည်။ ဒါကမမကူးရဲ့တိုက်ကြီးပဲဖြစ်မှာပါ။ ကူးကအလှအပကြိုက်သည်။ စိတ်ကူးယဉ်တတ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ တော်ရုံယောကျ်ားကိုလည်း အထင်ကြီးတတ်သူမဟုတ်ပေ..။

ဒါဟာသူမလက်ခံနိုင်လောက်သည့် အခြေအနေအဆင့်အတန်းပဲမို့ ဒီအိမ်ရာကိုလက်ခံခဲ့သည့်အိမ်ရှင်မဟာ ကူးပဲလို့ရိုးတထစ်ချတွေးလိုက်မိသည်။ မမကူးတို့တုန်းက တွေ့ဆုံဆွေးနွေးခွင့်တွေရခဲ့သေးသလား..။ ဒါမှမဟုတ် ရင်းနှီးမှုတွေရှိခဲ့ကြသေးလား.. ။

ဘာမှမသိခဲ့ရသည့်ကူးနဲ့မေရှမ်းတို့ရဲ့အိမ်ထောင်ရေးတွေကို ရိုးလက်မထပ်ရခင်တစ်ခါလောက်တော့ မေးမြန်းကြည့်ချင်မိသည်။ သူတို့ကျတော့ ဒီလိုအခွင့်အရေးတွေရခဲ့ပါလားလို့ ကြွေးနိုင်းချင်လို့မဟုတ်ပါ။ ကိုယ့်အဖြစ်နဲ့နှိုင်းယှဉ်ပြီး ဖြေသာပါတယ်ဆိုရင်လည်း ကျေနပ်ရမည်။ ကိုယ်ပဲသူများထက်ကံဆိုးနေတာဆိုရင်လည်း ဒါက ကိုယ့်အတွက်ပါလာသည့် ကံတရားလို့ဖြေရုံ.. ။

"အဟမ်း.."

ဦးသီလအောင်လည်ချောင်းရှင်းလိုက်ရင်း ငေးမောတိတ်ဆိတ်နေသည့် ရိုးရဲ့အတွေးတွေသူ့ဘက်ရောက်လာကာမှ.. ။

"လူကြီးမင်းရောက်လာတော့မယ်.."

"ဘယ်လိုဖေကြီး.."

ဘယ်ကလူကြီးမင်းလဲ..။ ဒီမှာဘယ်လိုတွေ့ဆုံပွဲမျိုးလုပ်မှာမို့ လူကြီးမင်းဆိုတာ ပါလာတာလဲ..။ ရိုးမေးသည့်မေးခွန်းကြောင့် ဦးသီလအောင် မျက်နှာပျက်၏။ သို့သော်.. ။

"အဲ့ဒါညည်းလက်ထပ်ရမယ့် လူပဲ.."

"ဟင်.."

လူကြီးမင်းဆိုတာက.. ။

"လူကြီးမင်းဆိုတာ နာမည်လားဖေကြီး.."

"ဟုတ်တယ်.."

"လူကြီးမင်း.."

ရိုးတီးတိုးရေရွတ်နေမိစဉ်.. ။

"ဒါကသူ့တိုက်ပဲ.."

ဒါ.. ။

အံ့သြနေသည့်မျက်ဝန်းလေးတွေက သူမခြေချနင်းထားသည့်



ကြမ်းခင်းဆီကိုဖျတ်ခနဲရောက်၏။ ထို့ပြင်.. ။

"ဒီမှာပဲ ညည်းတို့အတူတူနေဖြစ်ကြမလား..တစ်နေရာဆီဖြစ်လားဆိုတာလည်း.."

စကားရပ်တော့မလို သံရှည်ဆွဲ၍ပျောက်ကွယ်သွားပြီးမှ.. ။

"သူထင်သလိုလုပ်မှာပါပဲ.."

"ဖေကြီးဘာတွေပြောနေတာလဲဟင်..ရိုးတို့က လက်မထပ်ရသေးဘဲနဲ့ ဘာဖြစ်လို့သူ့တိုက်ပေါ်မှာ လာနေနေတာလဲ၊ ခုနဖေကြီးပြောနေတဲ့ တွဲရေးခွဲရေးတွေကရော ဘာတွေလဲ.."

"အဟမ်း.."

တံခါးဝဆီမှ ချောင်းဟန့်သံထွက်ပေါ်လာသည်။ စကားမဆက်ဖြစ်တော့ဘဲ ရိုးလှည့်ကြည့်လိုက်၏။ မျက်မှန်မည်းကြီးနှင့် လူသေအောင်လိုအေးစက်သည့်မျက်နှာနှင့်လူတစ်ယောက်က ချောင်းဟန့်သံပေးပြီးမှ အထဲကိုဆက်ဝင်လာကာ.. ။

"ဦးသီလအောင်ပြန်လို့ရပါပြီ.."

"ဘယ်လို.."

ရိုးနေရာမှ ထရပ်လိုက်မိသည်။ ဦးသီလအောင်ကလည်း မျက်နှာတင်းသွားပေမယ့် ခြေလှမ်းပြင်ပြီးဖြစ်ကာ.. ။

"မင်္ဂလာရက်သတ်မှတ်ဖို့က ဘယ်တော့လဲကျုပ်သိချင်တယ်.."

"သူပြောရင်သိရမှာပါ.."

ပြောဆိုဆက်ဆံနေကြပုံကို ရိုးနားမလည်နိုင်ပေ။ ဦးသီလအောင်က ရိုးမျက်နှာကို နူးညံ့သည့်အကြည့်တို့နှင့် စူးစိုက်ရင်း.. ။

"ညည်းကိုဖေကြီးပြောပြချင်တယ်..ဒါပေမယ့်.."

စကားသံခဏနားသွားသည်။ ပြီးမှ.. ။

"ညည်းနားလည်မယ်လို့ထင်ပါတယ်.."

"အခု ဘာတွေဖြစ်.."

"သူလာရင်ညည်းသိရမှာပါ..ညည်းကိုပြောပြနိုင်တာက ဒီအိမ်ဟာ ညည်းထာဝရနေရမယ့်အိမ်ပဲ၊ အခုလာမယ့်လူကြီးမင်းကို ညည်းလက်ထပ်ရမယ်..ဒါတွေကိုငါစိတ်နှလုံး မချမ်းမြေ့စွာနဲ့ စီစဉ်ခဲ့ရတာပါ.."

www.burmeseclassic.com

www.burmeseclassic.com



ရှိုးနားလည်လိုက်သည်။ သူမကိုကြွေးနဲ့သိမ်းပိုက်ခဲ့ခြင်း။

"အကယ်၍သူတောင်းဆိုတာက ငါ့သမီးတွေသာမဟုတ်ခဲ့ဘူး ဆိုရင် တခြားဘာကိုဖြစ်ဖြစ်လဲပေးလိုက်မှာပါ..ခုချိန်မှာတော့ ငါဘာမှမတတ်နိုင်တော့ဘူး၊ သူက ညည်းတို့ကိုရဖို့အတွက် ကြိုတင်အကွက်ချထားခဲ့တာ..အားလုံးလွန်ကျွံကုန်မှ နားလည်လာတာ.."

မတတ်နိုင်တော့သည့်အဖြစ်ကို ခေါင်းခါခြင်းဖြင့်အဆုံးသတ်၏။ ပြီးတော့ ထွက်သွားလေသည်။ ရှိုးဒီတိုင်းရပ်ကျန်ခဲ့ရင်း ကလေးလိုပဲ ဖအေ့ပုဆိုးစကိုပြေးဆွဲထားရမလား..။ အမိန့်နာခံရသည့်သစ္စာရှိလူယုံတစ်ယောက်လို နေခဲ့တော့ဆိုသည့်နေရာမှာပဲ တစ်လှမ်းမှမရွေ့ဘဲ ရပ်နေခဲ့ရမလား.. ၊

ရပ်ငေးနေမိစဉ် ဦးသီလအောင်ဧည့်ခန်းထဲက ထွက်သွားပြီဆိုမှ ရင်ထဲမှာနင့်လာသည်။ ပြီးတော့ သူမသိတာတစ်ခုမှလည်း မရှိသေးဘဲ.. ၊

"ဖေကြီး..ဖေကြီးနေပါဦး.."

ရှိုးလှမ်းအော်ခေါ်လိုက်ရင်း ကမန်းကတန်းပြေးထွက်လိုက်လျှင်.. ၊

"အ.."

ဧည့်ခန်းကနေပြေးအထွက်မှာ လူတစ်ယောက်နဲ့အင့်ခနဲတိုက်မိတာ နံရံကိုပြေးတိုက်မိတဲ့အတိုင်း။ ကိုယ့်အရှိန်နဲ့ကိုယ် ရင်ဘက်တစ်ပြင်လုံး အောင့်သွားခဲ့လျက် နောက်ပြန်ဆုတ်၍မော့ကြည့်လိုက်၏။ ထိုအခါ မြင်လိုက်ရသည့်မျက်နှာသည်.. ၊

"ဂျန်း.."

ပါးပြင်အထက်နားက ဒဏ်ရာ။ ပြီးတော့ မျက်နှာထက်ကနေ သိမ်း၍ နောက်မှာစည်းနှောင်ထားသည့် ဆံပင်ရှည်တို့နှင့် ဂျန်းပုံစံက ရှိရင်းစွဲအသက်ထက်ပို၍ကြမ်းတမ်းရင့်ရော်နေခဲ့လျက်.. ၊

"ဟွန်း.."

မဲ့လိုက်ပုံက 'မှတ်မိသွားပြီလား'လို့ ရွဲ့လိုက်တာမျိုး။ ပြီးတော့ ရှိုးကို ပခုံးတစ်ခြမ်းချင်းတိုက်ချလိုက်ပြီး အထဲဝင်သွား၏။ သူမထွက်သွားရမလား..ရပ်နေရမလား ဒါမှမဟုတ် ပြန်ဝင်လိုက်သွားရမလား..



ရှုတ်တရက်ဘာလုပ်ဖို့မှလည်း သတိမရဘဲ ဒီတိုင်းရပ်နေမိလျှင်

"ခင်ဗျားအထဲဝင်ပါ.."

မျက်မှန်နက်ကြီးတပ်ထားသည့်လူတစ်ယောက်က ဘေးမှာ ဘွားခနဲပေါ်လာသလိုရောက်လာပြီး မေးဆတ်၍အမိန့်ပေး၏။ ဒီလူက ဘာလဲ.. ၊

ရှိုးပြန်ကြည့်တော့ နောက်ထပ်မေးဆတ်ပြပြီး ဝင်ခိုင်းပြန်သည်။

"ဟိတ်..ပြောမရရင် ဆွဲခေါ်လာခဲ့.."

"မကိုင်ပါနဲ့.."

ဂျန်းရဲ့အမိန့်သံအတိုင်း ထိုသူကလက်ကိုဆွဲ၍ပြင်၏။ ရှိုးက လက်လွှဲရှောင်လိုက်ပြီး ဧည့်ခန်းထဲပြန်ဝင်လာခဲ့ရင်း.. ၊

"လူကြီးမင်းဆိုတာ.."

"ကျုပ်ပဲ.."

ဟင်.. ၊

ရှိုးမျက်လုံးအဝိုင်းသားနှင့် တိတ်ကျသွားသည်။ ဂျန်းက ဆိုဖာမှာလက်တစ်ဖက်ထောက်၍ ခပ်တောင့်တောင့်မှီလျက် စီးကရက်မီးညှိနေ၏။ ပြီးတော့ မီးခြစ်ကိုမှန်ပြင်နှင့်စားပွဲပေါ်သို့ ဒေါက်ခနဲပစ်ချလိုက်သည်။ မီးခြစ်သည်ကြေးဝါရောင်ဂတ်စ်မီးခြစ်အပြားကြီးဖြစ်ကာ ပစ်ချသည့်အရှိန်နှင့် မှန်ပြင်မှာအက်ရာကြီးထင်သွားခဲ့၏။

ရှိုးခြေတစ်လှမ်းဆုတ်လိုက်မိကာ အထိတ်တလန့်ငုံ့ကြည့်မိသည်။ လူငယ်တစ်ယောက်အပြေးအလွှားဝင်လာပြီး ကိုင်မည်ပြင်လိုက်လျှင်.. ၊

"ထားလိုက်ဒီတိုင်း.."

စားပွဲမှန်ချပ်ပေါ်လက်တင်ပြီးကာမှ လူငယ်ဆတ်ခနဲပြန်တွန့်သွားသည်။ ပြီးတော့ ခေါင်းညိတ်ကာချက်ချင်းပြန်ထွက်သွား၏။ ရှိုးမျက်ဝန်းတွေ အက်ရာကြီးထင်နေခဲ့သော မှန်ပြင်ပေါ်မှာပဲစူးစိုက်နေခဲ့လျက် မျက်လွှာပင့်လိုက်လျှင် သူမကိုကြည့်နေသည့်ဂျန်းရဲ့မျက်လုံးတွေနဲ့ ဆုံသွားခဲ့ပြီး.. ၊

"ထိုင်.."

"ငါခုထိဘာမှသေချာမသိ.."

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကိုထိုင်လို့ပြောနေရင် ထိုင်လိုက်.."

ဂျန်းရဲ့လေသံက မလိုအပ်ဘဲဒေါသကြီးနေတာနှင့်တူကာ မှီ သည့် ကိုယ်ကြီးကပါမတ်ခနဲဖြစ်လျက်.. ၊

"ခင်ဗျားကိုမျက်နှာချင်းဆိုင်ပြောချင်လွန်းလို့ ထိုင်ခိုင်းနေတ မဟုတ်ဘူး..မော့မကြည့်ချင်လို့.."

ရှီးမျက်မှောင်ကုတ်သွားသည်။ သို့သော် သူပြောသလိုပဲ တ ယောက်ဆိုဖာပေါ်မှာ ဝင်ထိုင်လိုက်ကာ.. ၊

"ငါ့ပန်းခြံနဲ့အိမ်ကို.."

"ကားနဲ့ဝင်ကျူးခိုင်းလိုက်တာကျုပ်ပဲ.."

"အဲ့ဒါ..မင်း.."

"ခင်ဗျားကိုမေတ္တာရှိလွန်းလို့ပေါ့..ခုလည်း ခင်ဗျားကိုသိမ်းပိုက် ဖို့အတွက် ကျုပ်အဆမတန်ပစ်ချကျွေးခဲ့ရတာ.."

ရှီးထောင်းခနဲဖြစ်သွားသည်။ ပြောပုံက မိုက်ရိုင်းလွန်းကာ သ စကားကြောင့်ဘယ်သူဘာဖြစ်သွားမလဲဆိုတာ နည်းနည်းမှထည့် တွေး.. ။

"အဲ့ဒါလည်း ခင်ဗျားကိုမေတ္တာတွေရှိလွန်းလို့ပဲ..ဟွန်း.."

ပြောနေရင်း ပက်ခနဲမှီလိုက်ပြီး ရယ်သလိုမဲ့သလို.. ၊

"ခင်ဗျားနဲ့ကျုပ် တစ်ကနေပြန်စကြတာပေါ့.."

"ဘာကိုစမှာလဲဂျန်း..မင်းနဲ့ငါစခဲ့တာလည်းမရှိဘူး၊ ဆုံး လည်းမရှိဘူး..ဘာမှမရှိခဲ့တဲ့ငါ့စိတ်ထဲမှာ မင်းခုပြန်ပေါ်လာတ ဘယ်လိုပုံစံမျိုးနဲ့ဖြစ်နေနေ.."

"ဘယ်လိုပုံစံမျိုးမှမဟုတ်ဘူးကြာနွယ်ရှီး..အခုခင်ဗျားက ကျ မိန်းမပဲ.."

ပြောနေရင်း သူကခြေနှစ်ဖက်ကိုအသံမည်အောင် စုံချပြီးမှမ တပ်ရပ်လိုက်ကာ.. ၊

"ခင်ဗျားကိုကျုပ်ပိုင်တယ်..ဒါပေမယ့် ကျုပ်ကိုခင်ဗျားပိုင်ခွင့်မ ဘူး၊ ပိုင်ဆိုင်မှုဆိုတာသတ်မှတ်ချက်တစ်ခုပဲ..အဲ့ဒါကြောင့်ပဲ ခင်ဗျ ကို ကျုပ်ကတရားဝင်လက်ထပ်ဖို့ စဉ်းစားခဲ့တာ.."

ပြောရင်း ဖျတ်ခနဲငုံ့ကြည့်လိုက်ကာ.. ၊



"မေတ္တာတွေသိပ်ရှိနေတော့..ဟား ဟား ဟား ဟား.."

ရှီးကလည်း တစိမ့်စိမ့်တွေးမိလာသည့် ခံပြင်းစိတ်တို့နှင့်နေရာ ထရပ်လိုက်ရင်း.. ၊

"မင်းဘာသာချစ်နေနေ မုန်းနေနေ ငါစိတ်မဝင်စားဘူး..ငါအ ခု.."

"ခင်ဗျားစိတ်ဝင်စားမှာပါ..စိတ်မဝင်စားလို့မရအောင် ကျုပ်က အမှတ်တရတွေပေးနေမှာ၊ အခု ခင်ဗျားကိုဆယ်မိနစ်အချိန်ပေးမယ်.. အဝတ်အစားလဲပြီး ထွက်လာခဲ့.."

"ဘာအတွက်လဲ.."

ဂျန်းကမဖြေ။ ပြီးတော့ စီးကရက်ရှိုက်နေရင်းလှည့်ထွက်သွား၏။ အနုစိပ်လှပလွန်းသော လေ့ကားထစ်လေးတွေက သူ့ရဲ့ကြမ်း တမ်းသောခြေလှမ်းတွေအောက်မှာ တဒေါက်ဒေါက်မြည်သံနှင့် အ ကျည်းတန်သွားသည်။

ရှီးတစ်ယောက်တည်းရပ်နေရင်း လူကြီးမင်း ခေါ် လူကြမ်းရဲ့ လက်တွင်းသို့ ခြင်းထဲပစ်ထည့်လိုက်သည့်အရုပ်တစ်ရုပ်လို သူမကို ထည့်ပေးခဲ့သော ဖေကြီးကိုပဲမေးခွန်းတွေအများကြီးမေးနေခဲ့မိသည်။ သူမတို့တစ်သက်လုံး ဘုရားလိုကိုးကွယ်အားထားခဲ့သည့် ဖေကြီးလို လူကြီးတစ်ယောက်က လူကြမ်းလိုအခြေမဲ့အနေမဲ့ ပညာလည်းတတ် ပုံမရသော လူငယ်တစ်ယောက်ရှေ့မှာ ဘာကြောင့်ပျပ်ဝပ်လည်စင်းပေး နေတာလဲ.. ၊

ဦးသီလအောင်ရဲ့မျက်နှာပေါ်က အားမတန်၍မာန်လျှော့ခဲ့ရ သော အရှုံးတရားတို့ကို သူမမြင်နေခဲ့သည်။ ဘယ်လိုတွေဆုံဖြစ်ပျက် ခဲ့ကြပြီး ဘယ်လိုပြိုင်ဆိုင်မှုတွေမှာ ရှုံးနိမ့်ခဲ့ပါသလဲ.. ၊ ဖေကြီးကအစ ကတည်းက လို့ဂုဏ်သည့်စီးပွားရေးလုပ်ငန်းတွေ ရှိနေခဲ့တာသိပေမယ့် နာမည်အစွန်းအထင်းတစ်စုံတစ်ရာမှရှိခဲ့တာ မဟုတ်ပေ။

လူကြမ်းဆိုတာ သူမမတွေ့ခင်တည်းက မီးရှို့လူသတ်ခဲ့သည်။ သူမကြောင့်ပဲ အချုပ်ကျခဲ့သည်လို့လည်း ပြောခဲ့သေး၏။ ထိုစဉ်က ဂျန်းကဆယ့်နှစ်နှစ်လောက်ပါ။ ကြာခဲ့သည့်အချိန်တွေနဲ့ဆိုရင် အောင် ဂျန်းဒီလောက်ထိချမ်းသာနေတာ ဘယ်လိုမှသိမ်းအာဇီဝမ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်။ ဒါဆို ဖေကြီးနဲ့ဂျန်းတကွေ့ကွေ့မှာ တွေ့ဆုံပတ်သက်ခဲ့တာလား.. ။

သူမအတွေးတွေနဲ့ငေးငိုင်နေဆဲမှာ တယ်လီဖုန်းသံကြောင့် မျက်လုံးကဖုန်းရှိရာရောက်သွားသည်။ အထဲကနေ တစ်ယောက်ထွက်လာပေမယ့် ဧည့်ခန်းဆီရောက်မလာဘဲ ခြေလှမ်းတန့်သွားသည်။ ပြီးတော့ ပြန်လှည့်ဝင်သွားလျှင် သူမဖုန်းကိုင်သင့်ပြီမှန်းသိလိုက်၏။

အပေါ်ထပ်ကော်ရစ်ဒါဆီကို တစ်ချက်တော့မော့ကြည့်လိုက်မိသည်။ ပြီးမှ ဆူညံအောင်မြည်နေသည့်ဖုန်းဆီသွား၍.. ။

"ဟလို.."

"ဘာဖြစ်လို့ခုမှလာကိုင်တာလဲ..နင်ကအိမ်ဖော်လား.."

"ရှင်.."

"တောက်..ကိုလူ့ကိုသွားပြောပေး အလုပ်သမားရောက်နေတယ်..အဲ့ဒီကိုလွှတ်ပေးလိုက်ရမလား လာပို့ပေးရမလားလို့.."

"နောက်နေ့မှလာပို့လို့ပြောလိုက်.."

ဟင်.. ။

နောက်ကအသံကြောင့် ဖုန်းကိုင်ထားရင်း ရှီးလှည့်ကြည့်လိုက်သည်။ ဂျန်းကလှေကားကနေ ဖုန်းကိုင်လျက်ခပ်လှုပ်လှုပ်ဆင်းလာနေရင်း.. ။

"ဘာကြည့်နေတာလဲ..ပြောခိုင်းနေတာကိုပြောလိုက်.."

ရှီးရဲ့မာနတွေ ဟိုအရင်ကအတိုင်းပြန်ဖြစ်လာသည်။ တနှံ့နှံ့တဖျင်းဖျင်း ရှက်ရွံ့သိမ်ငယ်လာခြင်းကြောင့် အံကြိတ်ထားမိ၏။

"နောက်နေ့မှလာပို့လိုက်ပါတဲ့.."

"ဟဲ့..နင်ကဘာမို့လို့တစ်ခါတည်း အဖြေပေးနေတာလဲ.."

"သူ့မိန်းမလို့ပြောလိုက်.."

သူ့အသံပဲပေါ်လာတော့ ရှီးလှည့်ကြည့်မိပြန်ကာ.. ။

"မင်းဖုန်းကိုင်ထားတယ်မို့လား..မင်းဘာသာပြောလိုက်ပါလား"

"ကျုပ်ဘာသာဘာကိုင်ထားထား ခိုင်းတာကိုလုပ်လိုက်ရင်ပြီးပြီ..ခင်ဗျားခုထိသဘောမပေါက်သေးဘူးလား.."

ရောက်လာပြီးရှီးလက်ထဲက ဖုန်းကိုဆွဲယူလိုက်ကာ ငွက်ခနဲ



ချပစ်၏။ ပြီးတော့ ဘောင်းဘီအိတ်ထဲလက်တွေထည့်ထားလိုက်ပြီး..

"ကြာနွယ်ရှီးဆိုတဲ့မိန်းမကိုရအောင်ယူထားတာ ဘာအတွက်မို့လို့လဲ..ကျုပ်ခိုင်းတာကိုငြင်းနေတာကရော ခင်ဗျားမှာဘာအားကိုးရှိလို့လဲ.."

"ငါကမင်းကိုအားကိုးရာပြီး လက်ခံခဲ့တာမဟုတ်ဘူး.."

"ခင်ဗျားဘက်ကဘာဖြစ်ဖြစ် ကျုပ်စိတ်မဝင်စားဘူး..ခုကစပြီး ခင်ဗျားကိုကြိုးကိုင်မှာကျုပ်ပဲ၊ ကျုပ်ကခင်ဗျားရဲ့ကကြိုးရှင်..ငိုဆိုရင်ငိုရမယ် ရယ်ဆိုရင်ရယ်ရမယ်.."

"မင်းလက်ထပ်ထားတိုင်း ဒီလိုအနိုင်ကျင့်လို့ရမယ်ထင်နေသလားဂျန်း.."

"ဟွန်း.."

မဲ့လိုက်သည့်နှုတ်ခမ်းတွေက သူမရဲ့မေးခွန်းကိုအတိအကျဖြေနေခဲ့၏။ ရှီးရင်ထဲမှာနင့်သွားမိကာ.. ။

"ဟုတ်ပါတယ်..မင်းနိုင်ပါတယ်၊ ဒါပေမယ့် မိန်းမတစ်ယောက်အပေါ် အနိုင်ယူနိုင်တာရက်တတ်ရင် လဲသေဖို့ကောင်းတယ်.."

"ဘာ.."

ဂျန်းမျက်နှာဖွေးခနဲဖြစ်သွားသလားထင်ရသည်။ မျက်မှောင်မကုတ်တတ်ခဲ့သည့် အေးစက်စက်မျက်နှာပြင်သည် ရေခဲငွေ့ရိုက်ထားသလိုရှိလျက် မျက်လုံးအစုံကသွေးဆာနေသည့်သားရဲတစ်ကောင်လိုပင်.. ။

"ပြန်ပြောစမ်းပါဦးဒေါ်ကြာနွယ်ရှီး..ဒါဆိုအရင်တုန်းက ခင်ဗျားဘာလို့လဲမသေခဲ့တာလဲ.."

ရှေ့ကိုတိုးကပ်လာကာ လူလုံးချင်းပစ်လိုက်လိုက်တော့မယ့်အတိုင်း။ ရှီးခြေတစ်လှမ်းဆုတ်တော့ သူကတစ်လှမ်းထပ်တိုး၏။ နောက်ထပ်ဆုတ်တော့ထပ်တိုးကာ ရှီးခြေထောက်နဲ့ဆိုဖာတစ်ခုရဲ့နောက်ကို ထိမိကာမှ သူ့ရင်ဘက်နဲ့ချောင်ပိတ်မိသလို ဖြစ်သွားခဲ့ပြီး..

"မင်းငါ့ရှေ့ကဖယ်.."

"မေးတာကိုဖြေစမ်းပါ..မိန်းမတစ်ယောက်ကိုအနိုင်ယူတာ အရှက်မရှိဘူးဆိုရင် စားစရာမရှိနေစရာမရှိတဲ့ ချာတိတ်လေးတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို မိန်းမညာဏ်တွေသုံးပြီး အကြိမ်ကြိမ်အခါခါအချုပ်ထဲ
တဲ့ခင်ဗျားကရော..."

ရိုးဘာမှမဖြေနိုင်။ ဂျန်းရဲ့မျက်နှာတစ်ပြင်လုံး တရိပ်ရိပ်နီမြန်း
လာခဲ့လျက် မေးရိုးနှစ်ဖက်ထောင်ကားနေအောင် အံကြိတ်ထားသည်
ဒေါသတို့သည်.. ။

"အဲ့ဒီနေ့ပြီးတည်းက ခင်ဗျားနဲ့ခုလိုပြန်ဆုံနိုင်ဖို့ ကျုပ်ကြိုးစား
ခဲ့တာ..ကြာနွယ်ရိုးဆိုတဲ့ရိုးပုံရိုးပန်းနဲ့ မုသာဝါဒတွေအာဂုံဆောင်ထား
တဲ့မိန်းမကို နှိပ်စက်ချင်လို့..ပုလဲတွေထွက်မလာနိုင်ပေမယ့် ခင်ဗျား
ငိုနေရမယ်၊ ရွှဲတွေရမလာလည်း ရယ်ဆိုရင်ခင်ဗျားရယ်ရမယ်.."

ရိုးသူ့ရှေ့ကထွက်ဖို့ဘေးကိုခြေလှမ်းရွှေ့လိုက်တာနှင့် ဂျန်းက
လက်တစ်ဖက်ကိုဆောင့်ခါဆွဲပစ်၍.. ။

"ခင်ဗျားကိုကျုပ်က ချောင်းမြောင်းလုပ်ကြံမှာမဟုတ်ဘူး..ကိုယ့်
အန္တရာယ်ကိုယ်ကြည့်၊ ရှောင်နိုင်ရင်ရှောင်ခွင့်ရှိတယ်..ခင်ဗျားသုံးနေ
ကျ မိန်းမညာဏ်တွေနဲ့ပေါ့.."

ခံပြင်းဒေါသတို့ကြောင့် မျက်ရည်တွေပြည့်အိုင်လာသည်။ ဂျန်း
ကနောက်ဆုတ်ရပ်ပြီး သူမကိုစေ့စေ့ကြည့်၍.. ။

"ကောင်းတယ်..ဒီတိုင်းပဲသွားတာပေါ့.."

ပြောပြီး နောက်ကိုမျက်နှာငဲ့ကာ.. ။

"မိုးခြိမ်း..ဒရိုင်ဘာပြင်ခိုင်းလိုက်တော့.."

"စောင့်နေတယ်သူဌေး.."

ဂျန်းကလှည့်ထွက်သွားသည်။ ခြေလှမ်းလိုက်ပြီးမှ ရပ်ကျန်ခဲ့
သည့် သူမကိုပြန်ငဲ့ကြည့်၍ လက်တစ်ဖက်ကိုဆောင့်ဆွဲလိုက်ရင်း..

"မိန်းမမျက်ရည်ကိုသနားတတ်တဲ့ယောကျ်ားထဲမှာ ကျုပ်မပါဘူး..

"မင်းသနားဖို့မျက်ရည်ခံထိုးနေတာမဟုတ်ဘူး..ဖယ် ငါဘာ့သ
လိုက်မယ်..လွှတ်.."

သူမရုန်းနေရင်းနဲ့ ကားနားထိဒီတိုင်းပါသွားခဲ့သည်။ အသ
ဖွင့်ထားသည့် ကားထဲကိုတွန်းထည့်လိုက်ခြင်း တံခါးပိတ်လိုက်ခြ
သည်ရိုးရဲ့ဘဝတစ်ခုလုံးကိုကြေမွသွားစေသောမိုးကြိုးလက်နက်ကဲ့သို့



အခန်း(၁၁)

"မမလေးအောက်ထပ်မှာ အလုပ်သမားအသစ်ရောက်နေတယ်"

အခန်းရှေ့ကနေလာပြောသွားသည့်အသံကြောင့် ရိုးငိုနေသည့်
မျက်နှာကို ကမန်းကတန်းပွတ်သပ်ဖျက်ချလိုက်သည်။ ပြီးတော့
ကိုယ့်ကိုယ်ကိုပြေပြစ်အောင် တစ်ချက်ပြင်၍ အောက်ဆင်းလာခဲ့
သည်။

မနေ့ကလက်ထပ်စာချုပ်အတွက် ရုံးကိုအတူသွားပြီးတည်းက
ဂျန်းကိုမတွေ့ရတော့ပေ။ ဘယ်သွားလဲ ဘာလုပ်လဲမေးချင်စိတ်လည်း
မရှိ။ သိလည်းမသိချင်။ မမြင်ရလေပိုကောင်းလေမို့ ဂျန်းရှိနေလားမ
ရှိဘူးလားဆိုတာ သူမမသိ။ ကိုယ့်ခံစားချက်တွေနဲ့ကိုယ် လှေကား
ထစ်တွေကို နင်းဖြတ်ဆင်းလာခဲ့စဉ် သူမကိုဧည့်ခန်းကနေ လှမ်း
ကြည့်နေကြသည့် မျက်လုံးတွေကိုရုတ်တရက်သတိမထားမိပေ..၊

"ရိုး.."

"ရိုးပါလား.."

လှေကားထစ်တွေဆုံးကာမှ နားထဲကိုဝင်လာသည့်အသံတို့
ကြောင့် အကြည့်ကချက်ချင်းရောက်သွား၏။ ထိုအခါအံ့ဩသော
မျက်ဝန်းနှစ်စုံတို့သည် သေချာပေါက်နားလည်သွားသည့်ဒေါသတို့
တရိပ်ရိပ်ပြေးလာခဲ့လျက်.. ။

"နင်က.."

ထိုင်ရာမှထရပ်လိုက်သူကကူးဖြစ်ကာ ရှမ်းကမျက်မှောင်ကုတ်
သွားသော်လည်း ဒီတိုင်းကြည့်နေခဲ့လျက်.. ။

"ဒါကြောင့်ငါဖုန်းဆက်တော့ ဖကြီးပြောတာကို..ဒီမိန်းမ

www.burmeseclassic.com

www.burmeseclassic.com



က ကြာနွယ်ရီးပဲလို့ ပြောလိုက်ရင်ပြီးတဲ့ဟာကို.."

"မပြောရဲလို့ပေါ့ရှမ်းရယ်.."

မတ်တပ်ရပ်နေရင်း လက်သီးနှစ်ဖက်ဆုပ်လျက် ကူးကအံကြိတ်သံနှင့်ပြောသည်။ ရေညှိစိမ်းရောင်စကက်ရှည်နှင့် ဆွဲသားအစိမ်းနုလေးဝတ်ထားသည့် ရီးပုံစံလေးကနွမ်းနေပေမယ့်ယဉ်သည်။ ဆံနွယ်ရှည်တို့သည် ကျောပြင်နောက်မှာဒီတိုင်းစည်းထားပေမယ့် မနာလိုချင်အောင် လှနေခဲ့၏။

ဘယ်တုန်းကမှနူးညံ့သည်မရှိခဲ့သော ရီးအပေါ်ထားသည့်ကူးရဲ့စိတ်သဘောထားတို့သည် ဒေါသနှင့်သဝန်တိုစိတ်များကြောင့် ထိန်းချုပ်မရနိုင်အောင် ဖြစ်လာခဲ့ပြီး.. ।

"ငါတို့ကိုတော့ မိဘအတွက်ပေးဆပ်တာကြည်နူးပါတယ်.. သာစုခေါ်ပါတယ်နဲ့၊ သူ့သမီးကျတော့ အဂ္ဂဒေဝီမဟေသီဖြစ်အောင် တွန်းပို့ပေးလိုက်တယ်..ငါတို့ပေးဆပ်ခဲ့ရတာ တန်သလား.."

"မမကူး..မမကူးတို့က.."

"ငါတို့ကိုမမေးပါနဲ့..နင်ကတော့မှာနေပြီး ဒီလိုနေရာရောက်လာအောင် ဘယ်လိုယူလိုက်တာလဲ..ဖေကြီးနဲ့ဘယ်လိုအဆက်အသွယ်တွေ ရှိခဲ့တာလဲ.."

"ဟင့်အင်း..."

"ဘာဟင့်အင်းတာလဲ.."

"အဲ့ဒီလိုမျောက်သေရုပ်လေးနဲ့လုပ်စားလာတာကြာပြီထင်တယ်"

ကြမ်းခင်းပေါ်မှာကျုံ့ကျုံ့လေးထိုင်နေကြသည့် အသက်နှင်ဆယ်အစိတ်အရွယ်မိန်းကလေးနှစ်ယောက်က စိတ်ဝင်တစားမော့ငေးနားထောင်နေကြသဖြင့် ရီးကကိုယ့်ရဲ့အတွင်းစကားတွေကို မပြောမိအောင် ထိန်းနေ၏။ ဒါပေမယ့် ကူးနဲ့မေးရှမ်းတို့ကပတ်ဝန်းကျင်ကိုမေ့နေခဲ့ပြီး.. ।

"ပြောစမ်းပါရီးရယ်..ငါတို့ကမိဘလိုသဘောထားခဲ့တယ်၊ ဖေကြီးကတော့.."

"မဟုတ်ဘူးမမရှမ်း..အဲ့ဒါ.."

ရီးလည်းမပြောနိုင်။ သူမကိုလက်ထပ်ရမည်ဆိုပြီး ခေါ်လာခဲ့



ပေမယ့် မန္တလေးမှာမဟုတ်ဘူးဆိုတာတောင် သူမကြိုသိခဲ့ရတာမဟုတ်ပေ။ ကားပေါ်ရောက်လာပြီး ရန်ကုန်ကိုဦးတည်ကာမှ ရန်ကုန်ကိုသွားရမည်မှန်းသိသည်။ လက်ထပ်ဖို့ကိစ္စပဲဆိုတာ သိထားပေမယ့် ဖေကြီးအိမ်မှာပဲနေရဦးမှာလို့ တွက်ထားခဲ့၏။ ဖြစ်လာသမျှကိုသူမဘာမှမသိခဲ့ရသလို ဖေကြီးပုံစံကလည်း ကိုယ့်ကိုကျမှဒီလိုဖြစ်ဖို့ စီစဉ်တာမျိုး ဟုတ်ပုံမရပါ.. ।

အရာရာအတွက် လက်နက်ချအရှုံးပေးနေခဲ့ရသည့်ကြေကွဲမှုတွေ ပြည့်နှက်လျက်.. ।

"ပြောလေ..ဘာလဲ၊ မပြောတတ်တော့ဘူးလား..နင်တို့လက်ဝါးရိုက်ပြီး ခုလိုလုပ်ကြတာ၊ ငါတို့ကတော့ ရှေးခေတ်ကချစ်တီးအသိမ်းခံရတဲ့ မိန်းမတွေလို.."

"အဲ့ဒီထက်ဆိုးတယ်ကူး..ငါတို့ကရောင်းစားခံရတာ၊ အဲ့လိုမဟုတ်ရင်လည်း ကိုမင်းရဲ့ငွေဝယ်ကျွန်တွေပဲ.."

မေရှမ်းနှုတ်မှ နာကျည်းမုန်းတီးသောစကားတွေ ထွက်လာသဖြင့် ရီးထိတ်လန့်သွားမိသည်။

"ဖေကြီးနဲ့ရီးဘယ်တုန်းကမှ အဆက်အသွယ်ရှိမနေခဲ့ပါဘူး..တစ်ခုခုအမိန့်ပေးဖို့ရှိမှ တစ်ယောက်ယောက်ကိုလွှတ်တာပါ၊ ဒီကိစ္စကိုလည်း ဖေကြီးကြိုပြီးစီစဉ်တာမဟုတ်ဘူးထင်ပါတယ်..ရီးနဲ့မမကူးတို့နဲ့ ဘာထူးလို့လဲမမကူးရယ်၊ ရီးလည်းကြွေးနဲ့.."

"တော်တော့ နင်.."

ကူးကဒေါသတကြီးအော်ပစ်လိုက်သည်။ ပြီးတော့ တိုက်ကြီးကို နှမျောတသသည့်မျက်လုံးတွေနဲ့ သေချာလိုက်ကြည့်နေလျက်..၊

"မိန်းမတစ်ယောက်နဲ့လက်ထပ်လိုက်တယ်ကဲ့..တောက်.."

ရီးထံသို့ စူးရဲသည့်မျက်လုံးတွေ ကျရောက်လာခဲ့ပြီး.. ।

"အဲ့ဒီမိန်းမက နင်ဖြစ်နေမယ်မှန်း အစကသိခဲ့ရင်လေ.."

သူမစကားရှေ့မဆက်နိုင်ခဲ့ပေ။ မေရှမ်းကလည်း ဆွေးရိပ်သမ်းသွားသည့်မျက်နှာလေးနှင့်ကြည့်ပြီး တစ်ဖက်လှည့်သွားခဲ့၏။ သူမတို့ကို သက်မဲ့ပစ္စည်းတစ်ခုလိုလဲလှယ်ပေးအပ်ခဲ့သည်။ ဒါပေမယ့် သူမတို့ရဲ့နာကျင်မှုတွေက လူကြီးမင်းဆိုသူကိုမြင်လိုက်ရချိန်မှာ ကျေ

www.burmeseclassic.com

www.burmeseclassic.com



နပ်ရင်ခုန်ခြင်းဖြင့် ပြီးပျောက်သွားခဲ့သည်။

ညီအစ်မချင်းလို့ သဘောထားခဲ့လို့လည်းမကြည်လင်မကျေနပ်ခြင်းတို့ကို ဖြေဖျောက်နိုင်ခဲ့၏။ ဒါမှမဟုတ် အဖြစ်တူဘဝတူချင်းဆက်လက်တူညီခဲ့သည့်အဖြစ်ကြောင့် စာနာစိတ်နဲ့သင့်မြတ်ခဲ့သည်လို့ ပြောရမလား.. ।

"ဒါကိုတော့ ငါလုံးဝမကျေနပ်ဘူး.."

"ငါရောပဲ.."

မေရှမ်းက ဘာကိုမှဦးဆောင်မပြောပေမယ့် ကူးနဲ့စိတ်တူကိုယ်တူ ထောက်ခံချက်တွေ ပေးနေခဲ့၏။

"ဖေကြီးကို ငါတို့တိုက်ရိုက်မေးမယ်.."

"ဖေကြီးကစိတ်ဆင်းရဲနေတာပါမမရှမ်းရယ်..ဒါတွေက.."

"ငါတို့ကတော့ စိတ်ချမ်းသာနေလို့လားကြာနွယ်ရီး..သူစိတ်ဆင်းရဲနေတာ နောက်ထပ်ထိုးကျွေးစရာသမီးမကျန်တော့လို့ဖြစ်မှာပေါ့..နှင့်ကို ကိုလူနဲ့တရားဝင်လက်ထပ်ခွင့်ရအောင် ကြိတ်လုပ်ပေးလိုက်တာ၊ သူသိပ်မှားသွားပြီ၊ ငါတို့ရင်ထဲက ရှိသေလေးစားခဲ့သမျှ.."

"မဟုတ်ဘူး..အဲ့လိုမဖြစ်နိုင်ဘူး၊ ရီးတို့ညီအစ်မတွေခုလို ဖြစ်လာရတာ ဘယ်မှာဂုဏ်ယူစရာကောင်းနေလို့လဲမမကူးရယ်..အဲ့လိုတွေဖြစ်အောင် ဂျွန်းလုပ်ခဲ့တာ.."

"ဘာ.."

"ဘယ်လိုခေါ်လိုက်တယ်.."

ရီးနှုတ်ခမ်းလေးပြန်ပိတ်လိုက်ရင်း ထိပ်ထိပ်ပျာပျာခေါင်းခါ၏။ ဒါကိုလူကြီးမင်းဆိုသည့်တစ်ဖြစ်လဲ နာမည်ကိုသူမမေ့သွားသည်။ ဒါကို ရှင်းပြနိုင်ပေမယ့် လောလောဆယ်ဒီလိုခေါ်မိတာကြောင့် အပြစ်ကပိုကြီးသွားပြီဖြစ်ကာ.. ।

"ဂျွန်းဆိုတာ ငါကြားဖူးသလိုပဲ..ဘယ်သူ့ကိုခေါ်တာလဲ.."

"ဘာဖြစ်ဖြစ်စိတ်ဝင်စားမနေနဲ့ရှမ်း..ငါတို့ကိုကျော်ပြီး လက်ထပ်လိုက်တာဟာ ကြာနွယ်ရီးလုံးဝမဖြစ်ရဘူး..အခုဖြစ်နေတဲ့အတွက် ငါလုံးဝသည်းမခံနိုင်ဘူး.."



"မမကူး..မမကူးတို့ကိုလည်း သူလက်ထပ်ထားတာပဲမို့လား၊ အဲ့လိုတွေဖြစ်အောင် သူကြိုးစားခဲ့တာပါ..ဖေကြီးနဲ့မဆိုင်ပါဘူး.."

"ငါတို့ကိုလက်ထပ်ခဲ့တာမဟုတ်ဘူး..နင့်ကျမှလက်ထပ်ယူတာ.."

ဟင်.. ।

ရီးဘယ်လိုမှမယုံနိုင်။ ယုံဖို့ကြိုးစားကြည့်တာလည်း သဘာဝကျေသည့်ဖြစ်ရပ်တစ်ခုကို လက်ခံဖို့ကြိုးစားနေရသလို ဘယ်လိုတွေးတွေး ခေါင်းခါမိ၏။ ကူးနဲ့မေရှမ်းတို့ကိုယ်ပေါ်မှာ စိန်ထည်လက်ဝတ်ရတနာတွေ သီးခဲနေကြသည်။ ဖေကြီးလက်ထဲမှာတုန်းက ဒီလိုဝတ်ခဲ့ရတာမဟုတ်.. ।

ပြီးတော့ မိဘကျေးဇူးကိုဆပ်ရပါစေ..ကိုယ်ခါးသီးနေသည့်အခြေအနေတစ်ခုကနေ ရုန်းထွက်လို့မရဘူးလား..။ ဘယ်သူကကြိုးကုပ်ပါးစပ်ပိတ်ထားခဲ့သလဲ..။ ဘယ်လိုအရာနဲ့ထိန်းချုပ်ခိုင်းစေထားလို့လဲ.. ।

လက်မထပ်ဘဲ ပေါင်းသင်းနေထိုင်ခြင်းသည်.. ।

"ငါတို့ကိုက ရှူးခဲ့တာ..ဒါတွေဖြစ်ရတာ ကိုလူလုပ်ခဲ့တာလည်းဖြစ်နိုင်တာပဲ၊ သူ့ကိုငါတို့ကိုယ်တိုင် ကြည်ဖြူနှစ်သက်ခဲ့လို့ ခုလိုအနေလုပ်ခံရတာ.."

ဖြစ်နေခဲ့သည့်ပဟေဠိတွေက မေရှမ်းရဲ့စကားကြောင့် ရှင်းလင်းစွာကျွစွာအဖြေထွက်ခဲ့၏။ ဒါပေမယ့်အချစ်ကြောင့် အရာရာကိုအဆောင်းတိုင်းထာဝရမဖန်ဆင်းနိုင်သည်ဖြစ်ရာ.. ।

(1)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၂)

"ဒီလိုထင်တိုင်းလုပ်လို့မရဘူးဂျန်း..ဥပဒေကိုမင်းနားမလည်ဘူးလား.."

"မလည်ဘူး.."

"ဘာသာရေးဆိုတာလည်း.."

"မရှိဘူး.."

အတွင်းခံစွပ်ကျယ်ကို ခေါင်းကနေလှန်ချွတ်ပစ်လိုက်ကာ အင်္ကျီကို တွေ့ကရာလွှဲပေါက်ပစ်၏။ ညာ၏မီးရောင်အောက်မှာ ကြွက်သား တွေအမြောင်းလိုက်နှင့် အပေါ်အင်္ကျီမပါသောကိုယ်ဗလာကြောင့် ရိုး မျက်နှာလွှဲပစ်မိ၏။

"ကျုပ်မှာဘာတွေရှိတယ်ထင်လဲ..ပြောကြည့်လိုက်စမ်းပါ.."

သူမေးတော့ရိုးဆတ်ခနဲမော့ကြည့်ကာ.. ၊

"မာန်မာနတွေလေ..မပြည့်တဲ့အိုးက ဘောင်ဘင်ခတ်တယ်တဲ့ မင်းကမဟာပထဝီဇယမန္တန်တော်ကိုရွတ်ပြီး ဗာရာဏသီပြည်ကို သိမ်းပိုက်ဖို့ကြံတဲ့ မြေခွေးမျိုးပဲ.."

ဂျန်းမျက်နှာရဲတွတ်သွားသည်။ သို့သော် ရိုးရဲ့ရှေ့ကိုဖြည်းလေး သော ခြေလှမ်းတို့ဖြင့်လျှောက်လာခဲ့ပြီး.. ၊

"မြေခွေးကတိုင်းပြည်ကိုလိုချင်တာ ကျုပ်ကလူကိုရအောင်ယူ ခဲ့တာ..သုံးစားမရတဲ့ထုံးတမ်းစဉ်လာတွေအရပြောရမယ်ဆိုရင် ကျု ကအစဉ်လာဖျက်ခဲ့တဲ့ကောင်..ဘာလို့လဲဆိုတော့ ညီအစ်မသုံး ယောက်စလုံးက.."

"မင်းဆက်မပြောနဲ့နော်.."



"ဟား ဟား ဟား ဟား.."

ဂျန်းကဒေါသထန်နေသည့်မျက်နှာကြီးနှင့် ရယ်ပစ်လိုက်ကာ ရယ်သံသည် ခဏသာဖြစ်လျက်.. ၊

"ဒေါ်ကြာနွယ်ရိုး.."

"အား.."

လည်တိုင်နုနုမှာ ကြီးမားကျယ်ပြန့်ကားသည့် လက်ဖဝါးကြီး နှင့် ဖိကပ်၍ နံရံဘက်ကိုဆွဲလှည့်ပစ်လိုက်၏။ နောက်ဆုတ်ယိမ်း ထိုးလျက်နှင့် ရိုးရဲ့ကျောပြင်လေးနံရံမှာ ပစ်ကပ်ကျသွားလျှင်.. ၊

"ကျုပ်ကိုမင်းနဲ့ငါနဲ့ပြောနေတာတွေ နောက်ထပ်မကြားချင်ဘူး.. ကျုပ်တားမြစ်ထားတာတွေကို ခင်ဗျားဂရုမစိုက်ဘဲ နောက်ထပ်ကျူး လွန်လာရင် ခင်ဗျားဟာအပြစ်များစွာကို ပေးဆပ်ရင်းနဲ့သေရမယ့် မိန်းမတစ်ယောက်ဖြစ်သွားလိမ့်မယ်.."

လည်ပင်းကိုဖိညှစ်ခံထားရသဖြင့် မျက်နှာလေးတစ်ခုလုံး ရဲညို နေပြီဖြစ်သည့်ရိုးကို စူးစူးရဲရဲကြည့်၍ အံကြိတ်လိုက်ရင်း.. ၊

"ရွံစရာကောင်းတဲ့မိန်းမတွေ.."

သွားကြားစေ့သံနှင့်ပြောရင်း လက်ကိုလွှတ်၏။ ရိုးရဲ့ခေါင်းတစ် ခုလုံး ပြာမိုက်သွားကာ.. ၊

"အဟွတ်..အဟွတ်..အ.."

ချောင်းဆိုးရင်းအသက်ရှူကြပ်ကာ ကြမ်းပြင်ပေါ်ခွေကျသွားလေ သည်။ ဂျန်းက ဗီရိုဆွဲဖွင့်၍အင်္ကျီတွေကို ရှိသမျှဆွဲချပစ်နေရင်း ဖုန်း သံတော့ ဖွင့်လိုက်ရင်း.. ၊

"အေး..ပြော.."

".........."

"ခုပဲငါပြန်လာတာ..အဲ့ကောင်လုံးဝမရှိဘူး.."

"..............."

"ဘာ.."

"..........."

"အလုပ်လုပ်တာ သာရေးနာရေးတွေနဲ့ငြိလို့ရမလား..လုံးဝမရ ဘူး၊ မညိုနဲ့တော့..ပြောလိုက် အဲ့ဒီကိစ္စအတွက် ဘာအပျော်အစားမှ

www.burmeseclassic.com

www.burmeseclassic.com



မရှိတော့ဘူးလို့.."

"..............."

"ငါပြောတာသေချာနားထောင်..မနက်ဖြန်ညဆယ့်တစ်နာရီ ဟက်ကာနစ်ယောက်လာလိမ့်မယ်၊ သူတို့လိုအပ်တာမင်းလုပ်ပေး လိုက်..ငါအချိန်ပေးထားတဲ့နှစ်ရက်အတွင်း သူတို့ဘယ်မှထွက်မှာမ ဟုတ်ဘူး..အနားမှာမင်းအမြဲရှိနေရမယ်.."

"............"

"ဟုတ်တယ်..ငါရအောင်လုပ်မှာ၊ ဟက်ကာမနိုင်တဲ့ ပရိုဂရမ်ဆို တာမရှိဘူး.."

ဖုန်းပြောနေရင်း အင်္ကျီတစ်ထည်ကို ပခုံးပေါ်တင်ပြီးထွက်သွား သည်။ ရှိုးဘယ်လိုဖြစ်ကျန်ခဲ့သလဲဆိုတာကို တစ်ချက်မှနောက်ပြန် လှည့်မကြည့်သလို ဆွဲချရှုပ်ပွပစ်ခဲ့တဲ့အင်္ကျီအဝတ်အစားတွေက ဗီ ရိုထဲမှာရှိသမျှအကုန်လုံးပင်.. ၊

ရှိုးလည်ပင်းကိုဖိထားရင်း မျက်ရည်စက်တွေရေတံလျှောက်လို့ ကျလာကြ၏။ မွေ့ရာထက်မှာ ကိုယ်ထုတ်ယူချထားခဲ့တဲ့ဝတ်စုံက ဒီတိုင်း.. ၊

တကယ်က လူကိုနှိပ်စက်ချင်ရုံသက်သက်နှင့်.. ၊

အခန်း(၁၃)

ရေနံဆီမီးခွက်၏မီးရောင်က လေတိုးလိုက်တိုင်းကနွဲ့ကလျ ယိမ်းယိုင်နေကာ မြင်ကွင်းကအနီရောင်မီးကြောင့် ပို၍ဆိုးရွားနေ၏။ အမျိုးသမီးသည် ထမီရင်လျားနှင့်တဘက်ခြုံထားကာ ဆံပင်ရှည်တွေ ကို ဒီတိုင်းဖြန့်ချထား၏။ အမျိုးသားက အိပ်မှုန်စုံဝါးလူးလဲထလိုက် သော အလန့်တကြားမျက်နှာနှင့်.. ၊

"မာရီ..နင်ဒီထဲကိုဘယ်လိုရောက်နေလဲ၊ နင့်အစ်မရော.."

"ပြန်မလာသေးပါဘူး..ကိုကြီးကိုကျွန်မပြောစရာရှိလို့.."

"ဟာ..ညကြီးမိုးချုပ် ငါ့အိပ်ခန်းထဲမှာမဖြစ်ဘူး၊ ထွက်..ထွက် ငါအပြင်လိုက်ခဲ့မယ်.."

"ကိုကြီးက ကျွန်မကိုဘာလို့ဂရုမစိုက်တာလဲ..ကျွန်မကအစ်မ လောက်မလှလို့လား.."

"ဟ..ဘာတွေလာပြောနေတာလဲ၊ ဝင်းရီသိရင်မလွယ်ဘူးနော်.."

အမျိုးသားက ခုတင်ပေါ်ကဆင်းရပ်လိုက်သည်။ မာရီကအနား ကို တိုးကပ်လိုက်ပြီးပခုံးပေါ်မှာလွှားခြုံထားသည့် တဘက်ကိုဖြုတ် ချပစ်လိုက်၏။ ထို့နောက် နှစ်ယောက်လုံးထွေးသွားသည့်ပုံရိပ်တွေက မှောင်တရော်တွေဖြစ်လာခဲ့၏။

ထိုအချိန်မှာလေးငါးနှစ်အရွယ် ကလေးတစ်ယောက်၏အရိပ် က အခန်းတံခါးဝမှာပေါ်လာလျှင်.. ၊

"ဟိုမှာငါ့သား.."

"ဟော့တော်.."

ထိုအသံနှစ်ရပ်ပြိုင်တူပေါ်လာပြီးသည့်နောက်တွင်.. ၊

www.burmeseclassic.com

www.burmeseclassic.com



"ကယ်ကြပါဦး..ကယ်ပါဦးရှင်၊ ဒီမှာကိုကြီးကျွန်မကို..အား..

"ဟာ..နှင် နှင်ဘာလုပ်တာလဲ၊ မာရီနော်..မဟုတ်တာတွေ..

"ကိုလူမော်ရာ..ခင်ဗျားမလုပ်သင့်တာတွေဗျာ.."

"မဟုတ်ဘူး..ကျုပ်သူ့ကိုဘာမှမလုပ်ဘူး.."

"သူ..သူ ကျွန်မရေချိုးပြီးနောက်က ပြန်တက်လာတော့ အခန်းထဲအတင်းဆွဲသွင်းတာ.."

ညသည် မီးရောင်ထက်အမှောင်ကသာကြီးစိုးနေကာ စုရုံးလှူရှားနေသော ဆူညံမှုတို့ဟာ မိသားစုတစ်စု၏ဘဝပျက်ပြိုကွဲမှုသာ ဖြစ်လာခဲ့ပြီး.. ။

"ငါတို့ကိုလူရှိသေကန်ပြီ..စီးပွားလည်းပျက်ပြီ၊ နှင်လုပ်ရက်တယ်မာရီရယ်..နှင့်တူလေးမျက်နှာတောင် နှင်မထောက်ဘူးနော်..

"အဲ့ဒီတူကချောက်ချတာကို ကျွန်မကထောက်ထားနေရဦးမှာလား..အစ်မသားလေး မဟုတ်ကဟုတ်ကတွေ ပြောနေတာမကြားဘူးလား.."

"ငါ့သားကမဟုတ်တာမပြောဘူး..နှင်ငါ့ယောက်ျားကို ကြိုက်နေတာလည်း ငါသိတယ်၊ နှင့်ကိုငါကကိုယ့်ညီမလေးပဲဆိုပြီး အိမ်မှာခေါ်ထားခဲ့တာ..နှင်ကတော့ ငါ့စီးပွားပျက်အောင် ငါ့ဘဝပျက်အောင် တစ်မျိုးပြီးတစ်မျိုးဒုက္ခပေးတယ်.."

မိခင်ဖြစ်သူချုံးပွဲချငိုနေတာကို ရပ်ကြည့်နေသည့်ကလေးငယ်ရဲ့ မျက်ဝန်းမှာလည်း မျက်ရည်ကြည်လေးတွေဝေ့လည်နေ၏။ အိမ်နီးချင်းတချို့ စိတ်မကောင်းဖြစ်ကြကာ.. ။

"ညည်းတို့ညီအစ်မကို မိဘကအမွေခွဲပြီးသားမို့လား..သူလည်းတစ်ခုလပ်တစ်လင်ကွာဖြစ်နေပြီ၊ သူ့ဘဝနဲ့သူနေပါစေပေါ့အေ..

"ဟုတ်တယ်..ဟုတ်တယ်၊ မိန်းမချင်းတူပေမယ့် အကျင့်ပျက်တဲ့မိန်းမမျိုးက ပျက်တာပဲ..တစ်ခုလပ်ဆိုတော့ ပိုဆိုးတာပေါ့.."

"မာရီလုပ်ကြံတဲ့ဇာတ်ဆိုတာ ငါတို့လည်းယုံတယ်.."

"မိန်းမညာဏ်ဆိုတာအဲ့ဒါပဲဟ..လျှပ်တပြက်ကိုယ်လွတ်ရုန်းတော့မယ်ဆိုရင် မိန်းမတွေလောက်ဉာဏ်ပြေးတာ မရှိဘူး.."

ယောက်ျားမိန်းမဒါတွေပဲ ပြောနေကြကာ.. ။



"မာရီကသူ့လင်နဲ့ပြန်ဆက်သွယ်နေတာ.."

"လင်ကိုခိုးဝှက်ပေးနေတာလည်း ဝင်းရီအိမ်မှာပြောင်လုပါပြီအော.."

"မောင်းထုတ်ပစ်လိုက်ရင်ပြီးရောကို.."

လူတွေကအမှန်းခံပြီးပြောကြပေမယ့် ဒုက္ခရောက်ရှာမည့်ညီမကို ဝင်းရီကမပစ်နိုင်။ ညီမဖြစ်သူကတော့ ရွာထဲမှာထမိ'မ'မျက်နှာအော၍ ဘယ်သူတွေဘာပြောပြောအေးဆေး.. ။

တစ်ညမှာဝင်းရီတို့အိမ်ကြီးမီးတွေလောင်နေသည်။

"ဟာ..ဝင်းရီအိမ်ထဲမှာဗျ..လုပ်ကြပါဦးဗျာ.."

"သားကြီး..မင်းအမေကိုအဖေသွားခေါ်မယ်၊ လိုက်မလာနဲ့နော်..ကျွန်တော့်သားလေးကိုထိန်းထားပေးပါ.."

"ဟာ..မဖြစ်ဘူး၊ မင်းထွက်နိုင်မှာ မဟုတ်ဘူးကွ.."

"ကိုလူမော်..မီးကကြီးတယ်၊ မဝင်သွားနဲ့.."

"ဟယ်..လူမော်မီးထဲပြေးဝင်သွားပြီ.."

အသံတစ်စက်မှမထွက်ခဲ့ဘဲ ပျဉ်ထောင်အိမ်ကြီးကိုရပ်ကြည့်နေသည့် ကလေး၏မျက်ဝန်းအိမ်လေးထဲမှာ မီးတောက်တွေဖိတ်လျှံနေ၏။ အိမ်ကြီးသလောက်အမိအရဝါးမျိုနေသည့် မီးတောက်မီးလျှံတွေကို ဘယ်သူမှလည်းမငြိမ်းသတ်နိုင်။ မနိုင်ကြသည့်အဆုံးမှာ တခြားအိမ်တွေကို မီးမကူးအောင်သာ ရေပက်ကြဖျက်ချကြနှင့်.. ။

"လူမော်တို့မီးထဲပါသွားပြီ.."

"ထုတ်တန်းပိထားတာ နှစ်ယောက်စလုံးမီးသွေးခဲပဲ.."

"ကျွတ်..ကျွတ်၊ အဖြစ်ဆိုးလိုက်တာကွယ်.."

"ဂျန်းလေးက ငိုလည်းမငိုဘူး..စကားလည်းမပြောတော့ဘူး.."

"ဒီကလေးလေးကမွေးလာတည်းက မငိုတတ်မရယ်တတ်လေးရယ်..ခုပိုဆိုးပြီပေါ့.."

စကားမပြော မျက်ရည်မကျခဲ့ဘဲ ဖွဲထင်နေခဲ့သောကလေးရဲ့ မျက်ဝန်းလေးတွေထဲက ပုံရိပ်တွေကိုတော့ ဘယ်သူမှသတိမထားမိခဲ့ပေ။ ရက်လည်ဆွမ်းအတွက် ရွာသားတွေစုရုံးချက်ပြုတ်နေကြသည့်ည.. ။

www.burmeseclassic.com

www.burmeseclassic.com



"နင်ကလည်းမငိုပါနဲ့မာရီရာ..သူ့စရိတ်နဲ့သူသွားတာ ကိုယ်တောင်သက်သာသေး၊ ဒါတောင် ကောင်စုတ်လေးကကျန်ခဲ့သေးတယ်.."

"ဟုတ်တယ်..အစ်မလည်းကျွန်မမီးရှို့တာကိုမြင်သွားတယ်တော်ကြာသေကာမှ အငြိုးကြီးပြီးမကျွတ်မလွတ်ဖြစ်နေရင် ဘယ်လိုလုပ်မလဲ.."

"သရဲလာခြောက်မှာကြောက်သလိုနဲ့ လူမော်မီးထဲဝင်သွားလို့ရင်ထုမနာဖြစ်နေတာတော့ မဟုတ်ပါဘူးနော်.."

"ရှင်ပေါက်ကရမပြောနဲ့..လူသတ်ရတာ လွယ်တယ်မှတ်လို့လား၊ ပြီးတော့ ကိုယ့်အစ်မအရင်း.."

"ဒါကတော့တောင်းတုန်းကမပေးရင် လုယူရမှာပဲဟ..သူသေမှနင်ရမှာပေါ့၊ ပူမနေစမ်းပါနဲ့ဟာ..သူ့ကိုခေါင်းရိုက်ခွဲလိုက်တာကငါပါ၊ နင့်ကိုလာခြောက်ရင် ငါ့လည်းခြောက်မှာပါ..အဲ့ဒါတွေမတွေးနဲ့ရက်လည်ပြီးကာနဲ့ ငါတို့သူဌေးဖြစ်ပြီ.."

"ဟုတ်တယ်..မြုပ်နှံထားတာတွေရှိမှန်း ဘယ်သူမှမသိဘူး၊ အဲဒီမြေပေါ်မှာ အိမ်ပြန်ဆောက်ခွင့်ရတာနဲ့ပြီးပြီ..ရှင်လည်းကိုလူမော်လို လူရှိသေရှင်ရှိသေနေရမှာနော်၊ ဒီတစ်ခါသောက်စားသုံးဖြုန်းပင်ဖို့တော့ စိတ်မကူးနဲ့.."

"စိတ်ချစမ်းပါ..ဒီတစ်ခါခင်မောင်ကြီး ဘဝပြောင်းနေစေရမယ်"

"ဒုန်း..."

"ဟင်.."

"ဟိုမှောင်ရိပ်ထဲကမို့လား..ဘယ်သူလဲမသိဘူး။ သွားကြည့်..မြန်မြန်သွား.."

ဂျန်းလှစ်ခနဲပြေးထွက်ခဲ့သည်။ နောက်ကလူပါလာတာ ပါမလာတာမသိ။ လှည့်လည်းမကြည့်ဘဲ ဖွတ်ရွတ်ပြေးနေခဲ့၏။ နားထဲမှာ လေတိုးသံတဝီဝီမြည်နေသည်။ ခြေထောက်တစ်ဖက်က မာကြောသည့်တစ်စုံတစ်ရာနှင့် ပစ်စလက်ခတ်တိုက်မိ၏။ ထိုအခါ တစ်ကိုယ်လုံးဘုန်းခနဲပစ်လဲကာ ဒလိမ့်ခေါက်ကွေးပြုတ်ကျလေသည်။

ထိုညမှာ အရာအားလုံးမှောင်ကျသွားခဲ့၏။ မိုးပြန်လင်းသည့်အ



ခါ သူ့မျက်နှာပေါ်မှာ စီးမိုးဝိုင်းအုံကြည့်နေကြတာ ရွာသားတွေနဲ့ အဲဒေါ်ဖြစ်သူမာရီရဲ့မျက်နှာ.. ।

"သား..ဂျန်းလေးရယ်၊ အောင်မလေးတော်သေးတာပေါ့..ငါ့အစ်မရဲ့ကိုယ်ပွားလေး သတိရလာပြီ.."

ဂျန်းကိုကျုံးဖက်၍ ငိုချလိုက်တာမျက်ရည်စက်တွေ များပြားလှပါဘိ.. ।

(1)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၄)

"ဟား ဟား ဟား ဟား.."

စီးကရက်လက်ကြားညှပ်ရင်း အော်ရယ်ပစ်လိုက်မိသည်။ ဖြ တော့ စီးကရက်ညှပ်ထားသည့်လက်နဲ့ ဆံပင်တစ်ချက်သပ်ရင်း ရာမှထရပ်ကာ.. ၊

"အဲ့ဒါမိန်းမဉာဏ်တဲ့..ဟား ဟား ဟား.."

"ဆရာ..ဆရာဘာဖြစ်.."

ပြေးလွှားရောက်လာသည့် တောက်တိုမယ်ရကောင်လေးက ဂျန်းကိုမြင်လိုက်ကာမှ တုံ့ရပ်သွားပြီး ရှေ့တိုးရမလို ပြန်သွားရမယ် ဖြစ်လျက်.. ။

"ဟို..ကျွန်တော်ကဆရာဒရင်းမ်ဘက်ခ်မှာအိပ်ပျော်ပြီး.."

"ထယောင်နေတယ်မှတ်လို့လား.."

"ဟုတ်..မ မဟုတ်ပါဘူး.."

"ငါဘယ်တော့မှမယောင်ဘူး..နောက်တစ်ခါ ငါမခေါ်ဘဲငါ့နား ရောက်လာရင် မင်းတွေ့မယ်.."

"ဟုတ်ကဲ့ပါ.."

ပြောပြီးလှစ်ခနဲပြန်ပျောက်သွား၏။ ဝရန်တာမှာလက်တင်ရင်း တလွန့်လွန့်တက်နေသည့် မီးခိုးဖြူတို့ကိုကြည့်မိသည်။ ပြီးတော့ စီးကရက်ကိုငုံ့ကြည့်၍.. ၊

"ဟွန်.."

မီးကိုလူတွေကကြောက်ကြသည်။ သူကတော့မကြောက်ပါ။ မီး တွေက သူ့ရဲ့အနာဂတ်ကိုဝါးမျိုသွားခဲ့သည်။ မီးတွေကိုမုန်းပေမယ့်



သူ့ဘဝဟာမီးတောင်ကိုကျော်၍ အနာဂတ်ဆီဖြတ်သန်းခဲ့ရတာမို့ ခေါင်ခေါင်မြည်ဖြစ်လာခဲ့သည်။

ဘဝမှာအထီးကျန်ခြင်းက သူ့အတွက်ခွန်အားတွေပဲဖြစ်ကာ ချစ်ခြင်းမေတ္တာတွေကို သူမုန်းသည်။ မိန်းမတွေရဲ့နှုတ်ထွက်စကား တိုင်းမှာ စိတ်ပျက်ရွံမုန်းခြင်းက နှလုံးသွေးတစ်စက်စက်ကျသလို အရှိန်မှန်ဖြစ်တည်နေခဲ့၏။ ဒါနဲ့တောင် မိန်းမသုံးယောက်စလုံးနဲ့ အပြိုင်တည်း ပတ်သက်ခဲ့သည်ဆိုလျှင် သူ့ကိုလူတွေဘယ်လိုနား လည်ကြမလဲ.. ၊

"ကိုလူ.."

ခေါ်သံကြောင့် ပြုံးမဲ့မဲ့သူ့ရဲ့မျက်နှာပေါ်က လွတ်လပ်သည့်ခံ စားမှုတွေဖြုတ်ခနဲပျောက်ကွယ်သွားသည်။ ပြီးတော့ စီးကရက်ပြာ ခြွေလိုက်ရင်း လှည့်မကြည့်ဘဲ.. ၊

"မင်း ဘာလာလုပ်တာလဲ.."

"ကိုလူ ထမင်းစားပြီးမှပြန်မှာလားလို့.."

ဂျန်းဝရန်တာမှာတင်ထားသည့်လက်တစ်ဖက်ကိုဖြုတ်၍ ကိုယ် တစောင်းလှည့်လိုက်ပြီး ကူးကိုကြည့်သည်။

"ငါဘာမှမပြောသေးတဲ့တစ်ခုခုကို မေးခွန်းထုတ်လာတာ ငါမ ကြိုက်ဘူး.."

"ကူးက.."

"အဲ့ဒီမေးခွန်းကိုလက်ခံစဉ်းစားလိုက်ရတဲ့အတွက် အတွေးပျက် တယ်..ခေါင်းစားတယ်.."

"ထမင်းစားချိန်မို့လို့မေးတာပါကိုလူရယ်..ပြီးတော့ ကူးက ကို လူနဲ့ ထမင်းလက်ဆုံစားချင်တာနဲ့.."

"ဘယ်တုန်းကစားခဲ့ဖူးလို့လဲ.."

ကူးမျက်နှာလေး တည်မလိုတင်းမလိုဖြစ်သွားသည်။ ဝတ်ထား သည့်ပန်းရင့်ရောင်ကိုယ်ကျပ်ဝတ်စုံလေးနဲ့အပြိုင် မျက်နှာပြင်လေးက နီလာခဲ့လျက်.. ၊

"ကူးကကိုလူ့ဇနီးပါ.."

"ဘယ်သူပြောတာလဲ.."

www.burmeseclassic.com

www.burmeseclassic.com



ကူးမျက်နှာတင်းသွားသည်။ ဂျန်းကရိုင်းစိုင်းသည့်မျက်ဝန်းတို့နှင့် စိုက်ကြည့်ရင်းစီးကရက်ကိုမီးလုံးကာဘာမှာ ဖိချေပစ်လိုက်သည်။

"စိတ်ကူးယဉ်မနေနဲ့တကူးနွေ..ငါ့အိမ်ရာငါ့ခြံတွေရှိသမျှ ငါ့အတွက်လိုအပ်လို့ဆောက်ထားတာတွေချည်းပဲ၊ ငါဒီကိုရောက်လာရင်လာစရာအကြောင်းရှိလို့..အဲ့ဒီအကြောင်းထဲမှာ မင်းမပါဘူး.."

"ဒါပေမယ့် ကိုလူကိုယ်တိုင်လိုချင်လို့ ဖေကြီးဆီမှာတောင်းခဲ့တာပဲ.."

"မတောင်းပါဘူး..သူလိုချင်တာငါပေးတဲ့အတွက် ငါလိုချင်တာကို ယူလိုက်တာပဲ.."

"ဘာဖြစ်ဖြစ် ကိုလူလိုချင်ခဲ့တာပဲ.."

"ဟုတ်တယ်..ငါလိုတယ်၊ ငါလိုတာမိန်းမတစ်ယောက်ပဲ..ဇနီးမဟုတ်ဘူး.."

ပြောပြီးသူက အေးဆေးကျောခိုင်း၏။ ပြီးတော့.. ၊

"ငါတွေးစရာတွေရှိတယ်..မင်းသွားတော့.."

"မေးစရာရှိလို့ပါ..အခုကူးနဲ့စကားပြောနေတာဆိုတော့ ကိုလူ့အတွက် အတွေးပျက်သွားမှာလည်း မဟုတ်ဘူးမလား.."

ကူးက သူဘာပြောမလဲဆောင့်ထောင်ဆောင့်သည်။ ပြီးမှ.. ၊

"ကိုလူ့မှာနောက်ထပ်မိန်းမတွေ ဘယ်လောက်ရှိနေသေးမှန်း ကူးမသိပါဘူး..ဒါပေမယ့် ဘယ်မိန်းမကိုမှ ကိုလူပေါင်းသင်းမှာမဟုတ်ဘူးဆိုတာ ကူးသိတယ်.."

သူ့စကားကိုစောင့်လိုက်ပေမယ့် ဂျန်းကတိတ်နေဆဲမို့.. ၊

"ကိုလူ့ဆီမှာ ရည်ရွယ်ချက်တစ်ခုခုရှိနေတာလား..ဒါမှမဟုတ်ရင် ကိုယ့်ဘာသာတွေးလို့ရသလို တွေးယူလိုက်ရမလား၊ ဘာမှန်းကိုမသိတော့ဘူး..အဲ့ဒါကြောင့် ကိုလူတစ်ခုခုတော့ပြောပါ၊ မိန်းမတွေကို လက်ထပ်ပြီး.."

"ငါမင်းကိုလက်ထပ်ခဲ့သလား.."

"မှားသွားတယ်..မှတ်တယ်၊ ဒါပေမယ့် ကိုလူယူထားတာခံတော့ အတူတူပါပဲ..အကယ်၍ကူးတို့က မကျေနပ်ရင်တော့ ကိုလူ့က



ပြဿနာရှာလို့ရပါသေးတယ်၊ ဒီနိုင်ငံမှာ ဘယ်လိုဥပဒေပြဋ္ဌာန်းထားသလဲဆိုတာ.."

"ဟွန်း.."

"အဲ့ဒါလည်း ကိုလူဂရုမစိုက်ဘူးဆိုတာသိတယ်.."

သူ့နှုတ်ဖျားက အမဲ့အပြုံးတွေကို အခိပ္ပာယ်ဖော်နေဖို့မလိုအောင် အသံကိုကြားလိုက်တာနဲ့ ကူးနားလည်နေသည်။ ထို့ကြောင့် သူ့ဆက်ကပြင်းထန်စွာတုံ့ပြန်လာနိုင်သည့် စကားတို့ကို အဆုံးသတ်အထိမဆိုဘဲ နောက်ထပ်လမ်းကြောင်းတစ်ခုသို့ ဦးတည်၍.. ၊

"ကူးတို့ကိုယ်တိုင်ကလည်း ဖေကြီးအတွက်လို့ဆုံးဖြတ်ပြီးသည်းက နောက်ပြန်လှည့်ဖို့စိတ်မကူးတဲ့သူတွေပါ.."

တစ်နေ့နေ့ကြင်နာလာနိုးနဲ့ မျှော်ကိုးနေခဲ့မိတာကို ချန်လှပ်၍ အကွယ်ပြောရင်း.. ၊

"ကိုလူနေထိုင်ဆက်ဆံပုံက ကူးကိုယ့်ကိုယ်ကိုဘယ်ဘဝရောက်နေမှန်းတောင် မသိတော့ဘူး..ကူးကဒီအိမ်မှာဘယ်လိုနေရာမှာလဲ ဆိုင်၊ အဲ့ဒါတော့ပြောပြစမ်းပါ.."

"နေရာဆိုတဲ့အဓိပ္ပာယ်ကို မင်းဘယ်လိုဖွင့်နေသလဲတကူးနွေ.."

"ဘယ်လို.."

ဂျန်းကသူမနားထိလျှောက်လာပြီး ပခုံးချင်းမထိတထိမှာ ရပ်သည်။ ထိုအခါနှစ်ယောက်သည် ပခုံးချင်းယှဉ်နေသော်ငြား ဆန့်ကျင်ဘက်အရပ်များသို့ မျက်နှာမူလျက်ရှိကာ.. ၊

"ငါ့ဘဝကိုငါတစ်ယောက်တည်း ရပ်တည်လာခဲ့တာ..ငါလျှောက်မယ့်လမ်း ငါထွင်တယ်၊ ငါ့အတွက်နေရာကိုငါရအောင်ယူတယ်..ကိုယ်ရပ်တည်ဖို့အတွက် လိုအပ်တာကိုယ့်ရဲ့ခွန်အား၊ ငါ့ဘဝ နောက်ထပ်သူများလက်ညှိုးထိုးညွှန်ကြားလို့မရအောင် ကြိုးစားခဲ့တာတွေက ကိုယ်ပိုင်တဲ့ကိုယ့်နေရာအတွက်.."

"ဘဝတိုစကားအဖြစ်ပြောတာတော့ လှပနေကြတာပါပဲ.."

"မလှပဘူး..ငါ့ဘဝတစ်လျှောက်လုံး ဘယ်လောက်ဆိုးခဲ့လဲမင်းမသိတာ၊ သိဖို့လည်းမလိုဘူး..မင်းခုသိထားရမှာက ငါ့ဘဝမှာမယ့်ည်ဆုံးက မိန်းမတွေပဲ..နောက်ထပ်ရှိတာက လူတွေ၊ ငါ့ကိုယ်ငါ

www.burmeseclassic.com

www.burmeseclassic.com



ကလွဲပြီး ယုံကြည်ထိုက်သူလို့သတ်မှတ်ခဲ့တာ နှစ်ယောက်ပဲရှိတယ်

ဘယ်သူတွေဖြစ်မလဲလို့ နားစွင့်ခဲ့ပေမယ့် ဂျန်းကဆက်ပြော လာခဲ့ပေ.. ၊

"အဲ့ဒီတော့ မင်းကိုယ့်နေရာကိုယ်နားမလည်ရင် နားလည် အောင်ကြိုးစား..ငါမင်းကိုပေးတာ မင်းကိုယ်ပေါ်မှာဝတ်ဆင်ထား ပစ္စည်းတွေ..ကျန်တာမပါဘူး.."

"ရှီးကိုကျတော့ရော.."

ဂျန်းမျက်နှာတည်သွားသည်။ ပြီးတော့ သူမဘက်ကိုမျက်နှာ လာပြီး ငုံ့မိုးကြည့်၍.. ၊

"ဆက်ပြော.."

"သူ့ကို ကိုလူနေရာပေးထားတာပဲ..ဒါကိုတော့ ရှီးကသူပိုင် မယ့်နေရာ သူ့ဟာသူရအောင်ယူနိုင်တာလို့ ပြောလို့မရပါဘူး.."

"သိပ်ရတာပေါ့.."

မျက်နှာချင်းဆိုင်ဖြစ်အောင် ခြေလှမ်းရွှေ့ရပ်လိုက်ပြီး ကူးနဲ့မျ လုံးချင်းဆုံအောင်ကြည့်ကာ.. ၊

"ကြာနွယ်ရှီးက အဲ့ဒီနေရာကိုလုံးဝရထိုက်ခဲ့တာ..သူကြိုး တာမဟုတ်ပေမယ့် သူ့အတွက်ဒီနေရာကဖြစ်လာတာ၊ ဒီနေ့ဒီအချိ မှာ သူ့ကိုမတွေ့ရင်လည်း တခြားဘယ်မိန်းမမှ ဒီနေရာကိုရမှာမဟု ဘူး.."

ပြောနေရင်း တခြားဘက်ကိုလှည့်လျှောက်သွားခဲ့ပြီး.. ၊

"လူကြီးမင်းဖြစ်လာတာကိုက ကြာနွယ်ရှီးဆိုတဲ့မိန်းမကိုရယူ ပဲ.."

ကျောခိုင်းထားခဲ့သည့် ဂျန်းရဲ့မျက်လုံးအစုံက အမုန်းတရား ကို ကူးကမမြင်ပေ။ ပြောစကားများကြောင့် အသားဆတ်ဆတ်တု သျှင်.. ။

အောင် မခံချင်ဒေါသတွေဖြစ်ခဲ့ရလျက်.. ၊

"ရှင်သူ့ကိုတော့ ဇနီးမယားလို့သတ်မှတ်လိုက်တယ်ပေါ့.."

မေးခွန်းလား ထင်ကြေးသက်သက်လားမသိ။ ဘာမှကျူးကျေ မပြောဝံ့အောင် အရှိန်ဝါကြီးမားသော ဒေါသကြီးတတ် လက်မြ တတ်သော ကိုလူ့အပေါ်သူမကိုယ်တိုင် မေးခွန်းမထုတ်ဝံ့ခဲ့တာအ



သေး ဒါပေမယ့် မေးလိုက်မိသည်။ မေးမိပေမယ့် အတိအကျသက် ဆောက်မှာလည်းစိုးကာ ထင်ကြေးပေးမိတာမျိုးဖြစ်သွားခဲ့ပြီး သူက လည်း ဘာမှမပြန်မဖြေခဲ့.. ၊

စိုးထိတ်ခြင်းနှင့်အတူ သူ့ကျောပြင်ကိုငေးစိုက်နားစွင့်နေမိခဲ့ပေ မယ့် ခဏကြာတဲ့အထိ ဘာမှမဖြေတော့နားလည်သွားခဲ့၏။ ရှီးက ဒီလောက်ထိကံကောင်းခြင်းတွေ စုပြုံရနေခဲ့တာလား..။ မိဘမဲ့ချင်း အတူတူ ဖေကြီးရဲ့ဦးစားပေးဂရုစိုက်မှုကိုရခဲ့သည်။ ဒီနေရာမှာလည်း ဖေကြီးတမင်ဖန်တီးပေးခဲ့သည်ထင်ခဲ့တာတောင် တကယ်တော့မ ဟုတ်ဘူးဖြစ်နေပြန်သည်။

သူ့လိုလူကို စည်းရုံးသိမ်းသွင်းနိုင်ဖို့ဆိုတာ လွယ်ကူသည့်ကိစ္စ မဟုတ်ပေ။ ရှီးနဲ့သူဘယ်တုန်းတည်းက သိခဲ့ချစ်ခဲ့ကြတာလဲ..။ စီး ပွားရေးတွေလုပ်ကြ တာဝန်ကိုယ်စီယူကြဆိုပြီး ဖေကြီးယုံကြည်စွာ လွှဲအပ်ခဲ့တော့လည်း ရှီးမပါခဲ့ပေ။ အသုံးမကျလို့မခိုင်းတာလိုလို ကိုယ်တွေကိုယုံကြည်လို့ လွှဲအပ်ခဲ့တာလိုလို.. ၊

အမြဲတမ်းလိုလို နောက်မှာကျန်ခဲ့သည့်သူမက လူကြီးမင်းနဲ့ဆုံ ဆည်းဖို့ကျမှ ဘယ်သူမှမသိလိုက် မမြင်လိုက်သည့်နေရာမှာ ဘယ် သတ်ဖန်ဆင်းပေးတဲ့ ဖူးစာလဲ.. ၊

"သူတို့တွေချစ်သူတွေတော့ မဖြစ်နိုင်ပါဘူးဟာ..ငါသေချာမေး ကြည့်ပြီးပြီ၊ မျက်နှာချင်းဆိုင်စကားပြောတာတောင် မတွေ့ဖူးဘူးတဲ့."

မေရှမ်းက အိမ်အကူမိန်းကလေးကို နောက်တစ်နေ့မှာဖုန်းဆက် ပြီး ချက်ချင်းမေးခဲ့သည်။ ဒါပေမယ့် ဂျန်းကိုယ်တိုင်က သူ့အလိုအပ် ဆုံးမိန်းမက ကြာနွယ်ရှီးပါလို့ပြောနေကာမှ ဘာလိုသေးလို့လဲ.. ၊

သူ့အသံတိတ်ငေးငိုင်နေဆဲ ဂျန်းကလူကိုရှောင်၍ လှည့်ဝင်သွား

"ကူးဒါလေးပဲသိချင်တာပါ.."

"မင်းသိချင်တာတွေဖြေဖို့ ငါဒီမှာရှိနေတာမဟုတ်ဘူး.."

"ရှင်ကမိန်းမတွေကို ဟန်ပြသိမ်းယူလာတာဆိုရင်တော့ တွေး စရာတစ်ခုပဲရှိတယ်လေ..ကူးသိချင်တဲ့နေရာဆိုတာ အများကြီးမ ဟုတ်ပါဘူး၊ ကိုလူကဇနီးမယားလို့ဆက်ဆံရင် ကူးကကိုယ့်ကိုယ်ကို

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှင်မလို့သတ်မှတ်လိုက်မှာပေါ့.."

တရားဝင်ဝင်မဝင်ဝင် လူကြီးမင်းဆိုသည့်ယောကျ်ားနဲ့ပေါင်း
ဖက်ကြင်နာခွင့်ရနေရင် ကျေနပ်နိုင်သည့်ရင်ထဲတွင်.. ။

"ကိုလူချမ်းသာလို့ သာယာမှုတွေဘယ်လောက်ပဲရှာနေနေ
ရာတကာမှာ သတ်မှတ်ချက်တစ်ခုခုတော့ ရှိသင့်တယ်မို့လား.."

"မင်းကိုငါကပေါင်းသင်းစေချင်တာလား.."

ကူးပါးပြင့်လေး ပန်းရင့်ရောင်သမ်း၏။ ပြီးတော့ မျက်လွှာချ
မိလျက်.. ။

"ဘာမှန်းမသိနေနေရတဲ့ဘဝမျိုးက ရှက်ဖို့ကောင်းတယ်ကိုလူ
ကူးကအဲ့လိုပြောတော့ အဆင်ဆိုးပါတယ်..ဒါပေမယ့်.."

"ငါဘယ်မိန်းမကိုမှ ထိမှာမဟုတ်ဘူး.."

လေသံသည် ရှိသင့်တာထက်ပို၍တင်းမာအေးစက်နေခဲ့ပြီး

"အဲ့ဒီအတွက် ငါ့ကိုဂန်ဒူးလို့ထင်နေရင်လည်း မဟုတ်တဲ့
ကြောင်းသက်သေပြဖို့အတွက် မိန်းမတစ်ယောက်ယောက်ကို ထိ
ပြမှာမဟုတ်ဘူး...လူတွေဘယ်လိုထင်ထင် ဘယ်လိုတွေးတွေး ငါ့စိ
ကခိုင်းတာမဟုတ်ဘဲ ဘယ်သူ့တိုက်တွန်းချက်နဲ့မှ မဆုံးဖြတ်ဘူး

ဒါဆို ရှိုးကိုလည်းသူမပေါင်းသင်းဘူးပဲ။ ကူးပျော်သွားသည
နာကျင်စရာစကားတွေ ပြောသွားပေမယ့် ပျော်သွားသည့်ကြည်
စိတ်က အရာရာကိုဖုံးလွှမ်းသွားခဲ့သည်။ ကိုလူ့ကိုယောကျ်ားမပီ
ဘူးလို့ သူမဘယ်တုန်းကမှမထင်ခဲ့မိပါ။ မျက်လုံးချင်းဆုံမိတို
ကော့နက်နေသည့်မျက်တောင်တို့နှင့် မျက်ဝန်းညိုတွေမှာ ဗုန်း
လဲခဲ့ရသည်။

သူ့အနားမှာနေရလျှင် ဘယ်လိုပဲပေးဆပ်ရပါစေ ဘယ်လော
ထိနစ်နာနေလည်း ဂရုမစိုက်ချင်။ တစ်ခါတလေ ရှမ်းဆီကနာက
သည့်စကားသံတွေ ကြားရရင်တောင် သူမနားလည်မပေးနိုင်ဘဲ
တိုက်အခံပြောခဲ့မိတာ သူ့ဘက်က.. ။

အရပ်အမောင်းနှင့်ပါးလျားကျနေသည့်ကိုယ်ဟန်နှင့်
အောက်ထိရှည်သောဆံပင်တွေက ဆွဲဆောင်မှုရှိသည်။ အမြဲတမ်း
လို ကုတ်အင်္ကျီအတိုအရှည်တွေနဲ့မြင်ရတတ်ကာ အတွင်းခံအင်္ကျီ



ဘာ အပြင်သွားတာမျိုးကျမှ စွပ်ကျယ် သို့မဟုတ် လည်ဟိုက်ဆွယ်
ဘာတစ်ထည်ထည်ပါတတ်တဲ့သူ.. ။

ထို့ကြောင့် သူ့ရဲ့စတိုင်လ်ကိုက ပြေပြစ်ကျယ်ပြန့်သည့်ရင်အုံ
ကို ဒီတိုင်းဖွင့်ထားတတ်၍ ကုတ်အင်္ကျီကိုဘယ်တော့မှ ရင်စေ့မဝတ်
ဘတ်ခဲ့တာ အကျင့်စွဲတစ်ခု..ထို့ပြင်.. ။

အမြဲတမ်းဗလာကျင်းမြင်နေရတတ်သည့် ရင်ဘက်ပေါ်မှာဟိုအ
ရင်က သုံးစွဲကြသည့်ကျပ်စေ့နီးပါးအရွယ်ကြေးနီရောင်အပြားတပ်
ထားသော အနက်ရောင်ကြိုးလုံးနှင့် မတိုမရှည်ဆွဲကြိုးတစ်ကုံးကို
ဆွဲထား၏။ ကြောင်တောင်တောင်နိုင်ပေမယ့် သူဘယ်လိုနေနေကူး
ကတော့ သူ့ကိုမြင်တိုင်းရင်ခုန်ခဲ့ရသည်။ ဆွဲပြားနှင့်သူ့ရင်ဘက်ကို
မြင်ရတိုင်း 'အဲ့ဒီဆွဲပြားလေးသာ ငါဖြစ်လိုက်ရင်'လို့တွေးမိပြီး ရှုးခဲ့
ဘာအခါခါ.. ။

ပြီးတော့ လူကြီးမင်းဆိုသူဟာ အမှီအတွယ်မရှိ တစ်ကိုယ်တော်
ရှင်သန်စားရာဖွေလာတဲ့သူ။ ပြီးတော့ ခန့်မှန်းလို့မရအောင်ချမ်းသာနေ
သည့်လူငယ်စီးပွားရေးသမား။ ကျန်တာကတော့ သူဘယ်လိုစီးပွား
ရှာနေတယ်ဆိုတာ ကိုယ်နဲ့မှမဆိုင်ဘဲ.. ။

ကူးနှုတ်ခမ်းလေးပြုံးနေကာ ဖုန်းကိုထုတ်ကြည့်ပြီး မေးရှမ်းဆို
တဲ့နာမည်ပေါ်မှာ လက်တင်ဖို့ဖြစ်လိုက်သေးသည်။ ပြီးမှရယ်လိုက်
ရင်း ဖုန်းကိုပြန်သိမ်း၍.. ။

ကိုယ်အလွယ်တကူသိခွင့်ရလိုက်တာမဟုတ်ဘဲ သူမကိုအ
လွယ်ပေးသိလို့ရမလား.. ။ ဆောရီးပါရှမ်းရေ.. ။

မချစ်ဖူးသေးတဲ့သူရဲ့ဝဲဘက်ရင်အုံမှာ တစ်နေ့နေ့တော့ကိုယ့်အ
တွက်နေရာရှိလာမှာပဲ။ ပူးတွဲချန်ပီယံဆုမျိုးတော့ မလိုချင်ဘူး။ သူ
သည်းပြောသွားတယ်လေ..'ကိုယ့်အတွက်နေရာ ကိုယ်တိုင်သတ်
မှတ်'.. ။

(၁)

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၅)

“ဦးပွကြီး..”

“လူလေး..”

ခေါ်လိုက်ကာမှ မှတ်မိသွားသည့်ပုံနှင့်ဦးပွကြီးက မျက်လုံးအ
ဝိုင်းသားငေးပြီးမှ ဝမ်းသာအားရကြီးဖြစ်သွားရှာသည်။ ဟိုတုန်းက
ပွကြီးဆိုသောခပ်ဝဝပုတိုက်တိုက် အမျိုးသားကြီးကလည်း အရင်က
ထက်ပို၍ ထိပ်ပြောင်နေကာ ကွမ်းစားနေသည့်ပါးစပ်ရဲရဲကြီးကတော့
ရာဇဝင်မပျက် ရဲလျက်ရဲဆဲဖြစ်သည်။

“ဦးပွကြီးကို ထိပ်ပြောင်ပြောင်ကြီးရယ် ပါးစပ်ပြဲပြဲရဲရဲကြီး
မြင်လိုက်တာနဲ့မှတ်မိတယ်..”

“အေးပေါ့..ငါ့မှာအမှတ်အသားတွေ ပါတာကိုးကွ..”

တစ်ယောက်ကိုတစ်ယောက်ပွေ့ဖက်မိကြပေမယ့် ဦးပွကြီး
ဂျန်းရဲ့ခါးကိုပဲဖက်မိကာ ဂျန်းကသူ့ခါးကိုဖက်တော့ ခါးကိုင်း
လျက်.. ။

“ကြည့်ပါဦး..ကျွန်တော့်မျက်နှာမှာလည်း အမှတ်ကြီးနဲ့လေ

“ဟေ..”

“ဦးပွကြီးကိုယ်တိုင်ပျောက်အောင် ကုပေးထားရတဲ့ဒဏ်ရာ
ပဲ..”

“အေး..ဒါပေမယ့်..”

ဦးပွကြီးက သေချာမော့ကြည့်နေတော့ ဂျန်းကမျက်နှာထပ်
ပေးထား၏။ ထို့ကြောင့် ဖရိုဖရဲဝဲကျနေသည့်ဆံစတချို့ကိုသိမ်း
၍ အနီးကပ်ကြည့်ပြီးမှ.. ။

“တွေ့ပြီကွ..ဒါပေမယ့် မင်းဒဏ်ရာသေးသွားတာလား၊ ပါးသွား
တာလားပဲ..ဒါမှမဟုတ် ငါ့ကောင်ချောလာတာများလား..”

“ဟား ဟား ဟား..”

ဂျန်းကမျက်နှာမော့ရယ်ကာ ဦးပွကြီးပခုံးမှာချိတ်ထားသည့်
အိတ်ကြီးကို သူ့ပခုံးပေါ်ပြောင်းချိတ်လိုက်သည်။

“အား..ဘာတွေမို့လို့ ဒီလောက်လေးနေတာလဲဦးပွကြီးရ..”

“ဒီလိုပါပဲကွာ..လူကြီးဆိုတော့ ခရီးဝေးသွားရတော့မယ်ဆိုတာ
နဲ့ တိုလီမိုလီလေးတွေ ကိုယ်လိုချင်သမျှကောက်ထည့်လာတာပဲ၊ ဒါ
နဲ့ မင်းဆံပင်တွေက ရှည်လှချေလား..”

ပြောလိုက်ကာမှ ဂျန်းကဆံပင်ကိုသပ်ပြီး ရယ်နေကာ.. ။

“ဦးပွကြီးလိုပေါ့..ဒီလိုပါပဲ အဟွန်း..”

ဦးပွကြီးက လမ်းသွားရင်း ဂျန်းကိုပြန်ပြန်ကြည့်နေကာ ခလုတ်
တိုက်မလိုတွေ ဖြစ်နေရရင်း.. ။

“ငါကတော့ မင်းဆီမှာခိုလှုံဖို့သက်သက်မဟုတ်ဘူးဂျန်း..အမြင်
တော်တာတွေကို ပဲ့ပြင်လမ်းပြပေးချင်လို့နော်၊ ငါ့အတွက်ခိုလှုံစရာ
လိုဘူး..ဘုန်းကြီးကျောင်းရှိရင်..”

“သိပါတယ်ဦးပွကြီးရာ..ဦးပွကြီးအတွက် ဘဘချို့ရဲ့ခြံနဲ့တိုက်
ကြီးရှိနေတဲ့ဟာ ခိုလှုံစရာလိုစရာလား၊ အဲ့ဒါမရှိရင်လည်း ဘုန်းကြီး
ကျောင်းသွားနေဖို့မလိုဘူး..ကျွန်တော်ဘယ်ဘဝရောက်နေနေ ဦးပွ
ကြီးကိုလာရှာမှာပဲ..”

ခပ်ပြုံးပြုံးခေါင်းညိတ်လိုက်ပေမယ့် မြင်နေရသည့်ဂျန်းရဲ့ပုံစံနဲ့
ကြားခဲ့ရသည့် ဂျန်းဆိုတဲ့ဘဝကိုသိမ်ဘဝင်ကျပုံမပေါ်။ ကားထဲ
ရောက်သည်နှင့် ဂျန်းဘက်ကိုတည့်တည့်လှည့်ကြည့်ကာ.. ။

“မင်းအခု..”

“မကောင်းတာမှန်သမျှ လုပ်နေတုန်းပဲ..”

“အေး..စောစောပြောထားတော့ ကောင်းတာပေါ့ကွာ..”

“ဦးပွကြီးကို ကျွန်တော်အစတည်းက ပြောခဲ့သားပဲ..ဘဘချို့
ဆီမှာ မနေနိုင်တာကိုက ကျွန်တော်လုပ်ချင်တာ လုပ်ခွင့်ရဖို့ပဲ..”

“ဒါပေမယ့်လူလေး..”

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်အကြောင်းအားလုံး ဘဘချိုကိုအိတ်သွန်ဖာမှောက် ပြောပြခဲ့တာ ဘာကြောင့်မို့လဲ.."

ကားမောင်းနေရင်း မေးခွန်းလှည့်ထုတ်လိုက်တော့ ဦးပွကြီး မျက်နှာ မသိမသာလွှဲသွားသည်။ ကားသည်ဘူတာကြီးကနေ ထွက်လာခဲ့ပြီး လမ်းမပေါ်သို့ဦးမော့ပြေးလွှားနေခဲ့လျက်.. ။

"ကျွန်တော်ဦးပွကြီးကိုမြင်လိုက်တည်းက ကိုယ့်ရဲ့ကိုယ်ပွားလို ယုံကြည်ခဲ့လို့..ကျွန်တော့်ကိုနားလည်ပေးနေတဲ့ ဦးပွကြီးရဲ့မျက်လုံးထဲက စကားသံတွေကို ကိုယ်တိုင်နားလည်ခဲ့လို့ပါ၊ အဲ့ဒါတွေကို ထောက်ရှုပြီး ကျွန်တော်လုပ်နေတဲ့အလုပ်အပေါ်မှာ မဝေဖန်ပါနဲ့.."

"အင်း..ဒါကိုမင်းပြောထိုက်ပါတယ်၊ ဆရာကြီးဆီက ရဲရဲဝံ့ဝံ့ ထွက်သွားတည်းက မင်းလုပ်ချင်တဲ့ရည်ရွယ်ချက်ကို ပြောခဲ့ပြီးပြီပဲ.. ဒါပေမယ့် ငါထင်ထားတာထက် ပိုပြီးကြီးမားကျယ်ပြန့်နေတယ်.. လောကီမှာ ချမ်းသာခြင်းကကြီးမားလေလေ အပြစ်များလေပဲ.."

"ကျွန်တော်ဘာအပြစ်မှ မကြောက်ဘူး.."

ဦးပွကြီးက ထိတ်လန့်သွားသလို ကြည့်သည်။ ဂျန်းကလမ်းကို မျက်နှာမူ၍မောင်းနေရင်း.. ။

"ကျွန်တော့်တစ်ဘဝလုံးမှာ ရယ်မောခဲ့မိတဲ့အချိန်တိုင်းက ဦးပွကြီးနဲ့အတူရှိနေတဲ့အချိန်တွေချည်းပဲ..ခုလည်း ဦးပွကြီးကိုမြင်လိုက်တာနဲ့ အရမ်းပျော်သွားတာ၊ ကျွန်တော့်အပျော်တွေကို မဖျက်ဆီးပါနဲ့.."

သက်ပြင်းချရင်း ခပ်လေးလေးခေါင်းညိတ်မိသည်။ ဂျန်းက ကားကိုမီးပွိုင့်မှာ အရှိန်တုံ့ရပ်လိုက်ပြီးမှ လှည့်ကြည့်ကာ.. ။

"ဦးပွကြီးနဲ့ကျွန်တော် ဟိုတုန်းကလိုပဲ ရင်းနှီးရအောင်ပါ..ကျွန်တော်ဘာလုပ်နေသလဲမမေးဘဲ ဒါတွေမတော်ပါဘူးလို့လည်း မတားဘဲ ကျွန်တော်ကိုယ်တိုင်ကျေနပ်စွာ ရယူထားတဲ့ဘဝတစ်ခုပဲဆိုတာ နားလည်ပေးပါ.."

"အေးပါကွာ..ငါမတားဆီးမဆုံးမရင်လည်း အခြေအနေအချိန်အခါတစ်ခုခုက မင်းကိုပြုပြင်ပြောင်းလဲသွားပါလိမ့်မယ်၊ မကောင်းမှုဆိုတာ မကောင်းမှန်းသိလာရင် ရပ်တန့်ပစ်နိုင်ရမယ်..ရှေ့ဆက်တိုး



နေတာ အရမ်းအန္တရာယ်ကြီးတယ်ကွ၊ ဒါပေမယ့် ခုချိန်ကမင်းကိုတားပြရမယ့် အချိန်အခါမဟုတ်သေးပါဘူး..ငါနားလည်ပါတယ်.."

ဦးပွကြီးဘယ်လိုနားလည်ပေးလိုက်သည်မသိပေမယ့် ဂျန်းကကျေနပ်စွာပြုံးသည်။ ထိုအပြုံးကို ဦးပွကြီးကငေးကြည့်ပြီး ခေါင်းတညိတ်ညိတ်နှင့်.. ။

"ဟိုအရင်တည်းက ခြေတံလက်တံတွေရှည်နေတာ အရပ်အမောင်းကောင်းဖို့ပဲလို့ ငါထင်ပါတယ်..ဒါပေမယ့် ခုလောက်ထွားကျိုင်းကြီးမားနေမယ်တော့ မထင်မိဘူး၊ မင်းသာအရင်မခေါ်လိုက်ရင် ငါတကယ်ကိုမှတ်မိမှာ မဟုတ်ဘူးကွ..ဆံပင်ရှည်ကြီးနဲ့ အသားဖြူဖြူထောင်ထောင်မောင်းမောင်းကြီးဆိုတော့ ကိုယ့်ကောင်လေးလို့ ထင်ကိုမထင်တာ.."

"ကျွန်တော်ကကိုယ်ခံပညာလိုက်စားနေတာကိုး.. ထရိန်နင်လုပ်ရတာ အားကစားသမားတွေထက်ပိုတယ်.."

"အဲ့ဒါတွေလုပ်ချိန်လည်း ရှိသေးတယ်လား.."

"မရှိလို့ဘယ်ရမလဲဦးပွကြီးရာ..ကိုယ့်ရဲ့စိတ်ဓာတ်အင်အား ကာယအင်အားမခိုင်မာဘဲ ငွေကြေးချမ်းသာတာတစ်ခုတည်းနဲ့ ဒီလောကကို ဝင်တိုးလို့မရဘူး.."

"အင်း.."

ရင်လေးသွားသည့် အင်းသံကြီးကရှည်လျားစွာ။ သို့သော် သိချင်တာကလည်း မကုန်နိုင်ဘဲရှိလျက်.. ။

"မင်းရဲ့ရည်ရွယ်ချက်တွေရော တော်တော်အကောင်အထည်ဖော်ပြီးပြီလား.."

"ဟုတ်တယ်..ဖြစ်ချင်တာတွေဖြစ်လာတယ်၊ လိုချင်တာလည်း ရတယ်.."

ဂျန်းရဲ့မျက်နှာက မထိမဲ့မြင်အပြုံးတွေနှင့် အကျည်းတန်သွားခဲ့ပြီး.. ။

"ဦးပွကြီးရဲ့ဆုံးမစကားအတိုင်း ကျင့်ကြံခဲ့လို့ ခုလိုအောင်မြင်ခဲ့တာ.."

ပြောရင်း လှည့်ကြည့်ကာ.. ။

www.burmeseclassic.com

www.burmeseclassic.com



"အလျှင်စလိုဆုံးဖြတ်လုပ်ကိုင်ခြင်းဟာ ဆုံးရှုံးခြင်းနောက်ဆုံ ပဲဆိုတာ.."

"ဟုတ်တယ်.."

"ကျွန်တော့်ဒေါသမောဟတွေကို မျိုသိပ်သည်းခံပြီး စောင့်စည်းခဲ့တဲ့အတွက် ဦးသီလအောင်ဆိုတဲ့ကျားနဲ့တူတဲ့ လူကြီးကိုကျားအေ တစ်ကောင်လို အသားလေးကောက်ယူလိုက်နိုင်တာ.."

"ဒါဆိုမင်းပြောနေတဲ့ သူ့သမီးအငယ်ဆုံးဆိုတဲ့မိန်းကလေး မင်း.."

"ကျွန်တော်လက်ထပ်လိုက်တယ်.."

"ဟင်.."

"သူ့သမီးသုံးယောက်စလုံး ကျွန်တော့်ဆီမှာပဲ.."

"ဘယ်လို..ဘယ်လို.."

ဦးပွကြီးတစ်ကိုယ်လုံးတောင့်မတ်သွားလျက် မျက်လုံးတွေ ပြူးထွက်၏။ ဂျန်းရဲ့နှုတ်ခမ်းတွေက အေးစက်စက်အပြုံးတို့နှင့်..



## အခန်း(၁၆)

လှမ်းကြည့်လိုက်တည်းက ကူးပြောတဲ့စကားမှန်နေတာပဲလို့ တွေးလိုက်မိတာဖြစ်သည်။ ဆိုဖာပေါ်မှာ ရှိုးကသနပ်ခါးရောင်မှာ အနီရောင်ဒူးနားပါသည့် ဂျင်းအပါးသားစကက်ရှည်နှင့် ပခုံးတွန့် လေးတွေပါသော သနပ်ခါးရောင်ကိုယ်ကျပ်ခါးရှည့်လက်ရှည်လေး ကို ဝတ်ထားသည်။

ဆံပင်ရှည်တွေကို နောက်မှာကလစ်နဲ့ရှိုးစင်းစွာ စုသိမ်းညှပ် ထားတာပဲဖြစ်ကာ ခေတ်မီဆန်းပြားမှုဘာမှမပါဘဲ မြင်လိုက်တာနှင့် ချက်ချင်းအေးအောင်လှနေ၏။ သနပ်ခါးရောင်ဝတ်စုံနှင့် သူမအသား ရောင်သည် ဆင်စွယ်နှစ်လိုဖွေးညက်နေကာ နံ့သာတုံးလေးချထားတဲ့ အတိုင်း ဝင်းစက်နမွတ်နေ၏။

သူမနဲ့မလှမ်းမကမ်းမှာ ဖုန်စုတ်စက်နဲ့သန့်ရှင်းရေးလုပ်နေသည့် မိန်းကလေးတစ်ယောက်ရှိကာ တစ်ယောက်ကရှိုးကေ့စ်ကြီးပေါ်က အလှတင်ပစ္စည်းတွေ ရုပ်ထုတွေကို တယုတယကိုင်တွယ်ပြီးဖုန်သုတ် နေ၏။ ရှိုးကတော့ စာအုပ်ထူကြီးတစ်အုပ်ကို ဟိုလှန်ဒီလှန်နှင့် စာ ဖတ်နေတာနဲ့လည်းမတူ.. ।

"အဟမ်း.."

မေရှမ်းချောင်းဟန့်သံပေးလိုက်တော့ ရှိုးချက်ချင်းမော့ကြည့် သည်။

"မမရှမ်း.."

ပျာပျာသလဲထလာပြီးကြိုကာ.. ।

"ထိုင်လေမမရှမ်း..အရေးကြီးကိစ္စရှိလို့လားဟင်.."

www.burmeseclassic.com

www.burmeseclassic.com



"ရှိတယ်လည်းမဟုတ်ဘူး..မရှိဘူးလည်းမဟုတ်ဘူး၊ ဒါပေမယ့် နင့်ကိုပဲတွေးမိနေလို့.."

"ရှိးကို.."

ဆံပင်တွေအားလုံးသိမ်းတင်ထားသည့် နဖူးပြေပြေလေးက ဘာ ရယ်မဟုတ်ဘဲ လက်ချောင်းထိပ်လေးတွေနဲ့ စမ်းကိုင်လိုက်ရင်း စို ရိမ်မကင်းဖြစ်သွားသည့်မျက်နှာလေးနှင့်.. ၊

"ဟိုတစ်ခါမမကူးနဲ့လာတုန်းက ပြောသွားတာတွေလားဟင်.."

"ဆိုပါတော့.."

"အဲ့ဒါတွေကို ရှိးတို့မပြောဘဲနေရအောင်ပါမမရှမ်းရယ်..သူ ရှိးနဲ့.."

"နင်နဲ့ကိုမင်း အရင်တည်းကရင်းနှီးခဲ့ကြတာလို့ ကူးပြောတယ် ..အဲ့ဒါတွေ ငါတို့ဘာမှတောင်မသိခဲ့ရပါလား၊ နင်တို့ကိုတစ်နေရာမှာ ရင်းနှီးခွင့်တွေရနေအောင် ဖေကြီးလမ်းထွင်ပေးခဲ့တာလား.."

"မဟုတ်ဘူး.."

"ငါ့ကိုမလိမ်စမ်းပါနဲ့.."

"တစ်လောကလုံးလိမ်နေကြတာပဲ မဟုတ်ဘူးလား.."

နောက်ထပ်ဝင်လာသည့်အသံကြောင့် ရှိးတို့လှည့်ကြည့်မိကြ ဂျန်းကရှေ့ကပဲဝင်လာတာဖြစ်ကာ လက်ထဲမှာဆိုင်ကယ်လ်သော့ ကိုင်ထားပေမယ့် ဆိုင်ကယ်လ်သံလည်းမကြားလိုက်ဘဲ ဘွားခနဲရေ ရောက်လာတာမျိုး.. ၊

"အမေမွေးတည်းက အနှီးနဲ့ကောက်ထုတ်ထားရတာ..အရှိအ တိုင်းပဲနေတဲ့သူ ဘယ်သူရှိလို့လဲ.."

ပြောလိုက်သမျှနားခံသာတဲ့စကားဆိုတာမရှိသလောက်.. ၊

"လူတိုင်းလိမ်နေကြတာပဲ..စကားမပြောတတ်သေးတဲ့ ကလေး တွေတောင် ငါပြောတတ်လာရင်ဘယ်လိုလိမ်ရမလဲကြံတွေးထားတာ ရှိရင်ရှိမှာ.."

"ကိုမင်း.."

မေရှမ်းကရုတ်တရက်ပျာသလိုဖြစ်သွားကာ စကားတွေပါမှာ ကုန်သည်။ ဂျန်းအနားရောက်လာမှ.. ၊



"ရှမ်းကမိန်းမသားချင်း မေးချင်တာပါ..ဒါဘာမှကွယ်ဝှက်ထား ဖို့မရှိတာကို.."

"မင်းဘာမေးချင်တာလဲ သူကဘာလို့မဖြေချင်တာလဲဆိုတာ တွေ အခုအချိန်မပေးနိုင်ဘူး..ငါသွားစရာရှိတယ်.."

"ကိုမင်းသွားလေ..ရှမ်းကရှိးဆီလာတာပါ.."

"သူနဲ့သွားမှာ.."

ဟင်.. ၊

ရှမ်းမျက်နှာသွေးခုတ်မရအောင် ဖြစ်သွားခဲ့သည်။ ထိတ်လန့် သွားတာမျိုးမဟုတ်ဘဲ သွေးဆုတ်သွားသည့်မျက်နှာက ဖြူတလှည့် ညိုတစ်လှည့်နှင့် ရှိးကိုစူးစူးရဲရဲကြည့်နေခဲ့၏။ သူမနဲ့ကူး လူကြီးမင်း နဲ့လက်ထပ်ခဲ့သည်ပဲဆိုပါဆို.. ၊

သူပိုင်ဆိုင်သည့်ဘဝမျိုးနဲ့နေလာခဲ့ကြတာ နှစ်ယောက်ပေါင်း ဘာလနှင့်တွက်ကြည့်လျှင် ခုနှစ်လကျော်ခဲ့ပြီးဖြစ်သည်။ ဒီနေ့ထိ ကူးနဲ့သူမ လူကြီးမင်းနဲ့အတူတွဲပြီး တစ်ခါမှအပြင်ကိုမထွက်ခဲ့ဘူး သေ.. ၊

အစကတိုက်ကြီးတစ်ခုလုံးမှာ ညီအစ်မအတူတူနေခဲ့ရသည်။ သီးသန့်နေချင်ပါသည်ပြောတော့ မနီးသောမဝေးသောတစ်နေရာဆီ မှာ ကွန်ဒိုတစ်ခန်းစီ စီစဉ်ပေးသည်။ လိုအပ်သည့်ပစ္စည်းဥစ္စာအ ဆောင်အယောင်တွေကအဆင်သင့်ရှိသလို ခိုင်းစရာလူ စီးဖို့ကားက အစ ဘာမှလိုလေသေးမရှိ.. ၊

သို့သော် ညီအစ်မချင်းစကားများရတာသာ အဖက်တင်ခဲ့သည် ဂျန်းကတော့ ဘယ်သူ့ဆီကိုမှ ဆောင်တော်မကူးခဲ့.. ၊

"နင်ပဲခွဲထွက်ချင်တာပါကူးရယ်..နင်က ငါ့ထက်နုတယ်၊ ငယ် တယ်..လှလည်းလှတယ်၊ ဒါကြောင့် နင့်ဆီကို ကိုမင်းရောက်လာ အောင်မို့လား.."

"ငါကလည်း အဲ့လိုပဲမေးရတော့မယ်ရှမ်း..တစ်နေရာစီနေသ ဘယ်ထင်လို့ သီးသန့်စီစဉ်ခိုင်းရတာက ငါတို့ဂုဏ်သိက္ခာအတွက် ပါ၊ သူငါ့ဆီပဲလာမယ်လို့ထင်တာမျိုးတော့ မဟုတ်ပါဘူး..နင်လည်း ငါ့လောက်တော့ လှတာပဲလေ.."

www.burmeseclassic.com

www.burmeseclassic.com



ညီအစ်မနှစ်ယောက် အတွေးကိုယ်စီနှင့် ဘယ်လိုပဲကြိုးစားကြပေမယ့် ဂျန်းကလက်ထပ်မယ့်နေ့ ဒါမှမဟုတ် ဂျန်းရဲ့နူးညံ့ကြင်နာမှုတွေ ယိုဖိတ်လာမယ့်နေ့ဆိုတာ ဒီနေ့ထိမနီးစပ်ခဲ့ဘဲ.. ။

"နေပါဦး.."

ဂျန်းက ရိုးကိုကြည့်ပြီးတစ်ခုခုပြောတော့မည်ပြင်စဉ် မေရှမ်းက ထိုင်ရာမှထရပ်လိုက်ကာ.. ။

"ရှမ်းလိုက်ခဲ့လို့ မရဘူးလား.."

ဂျန်းမျက်မှောင်ကုတ်သွားတော့ ရှမ်းကဖျတ်ခနဲမျက်လွှာချပစ်ရင်း.. ။

"ခုပဲရှမ်းရောက်တာ ပြန်မှာအတူတူပဲမို့ပါ.."

"မင်းကပြန်မှာ ငါတို့ကသွားမှာ.."

ဒါပဲပြောပြီးသူက ရိုးဘက်ကိုလှည့်၍.. ။

"ထွက်လာခဲ့..ဆယ်မိနစ်အတွင်း.."

ပြောပြီးလှည့်ထွက်သွားလေသည်။ ရိုးမျက်နှာမှာ တက်ကြွဝမ်းသာသွားသည့်အမူအရာလုံးဝမရှိဘဲ နှုတ်ခမ်းလေးကိုဖိကပ်ပိတ်၍ မို သိပ်အံကြိတ်နေပုံပေါက်နေသောကြောင့် ရှမ်းအံ့သြသွားသည်။ ထို့ပြင် ဆုပ်ကျစ်နေသည့်ရိုးရဲ့လက်သီးဆုပ်လေးကိုပါ ငုံ့ကြည့်မိလျက်..

"နင်တို့ရန်ဖြစ်ထားကြလို့လား.."

ခေါင်းခါမလို့ပြင်ပြီးမှ ခေါင်းညိတ်လိုက်ကာ.. ။

"ဟုတ်တယ်..သူနဲ့ရိုးနဲ့ဘယ်တော့မှလည်း တည့်မှာမဟုတ်ဘူး.."

ဘာတွေလဲ..ကူးပြောတော့ တစ်မျိုးပါလား.. ။

လူကြီးမင်းဆိုတဲ့ဘဝနဲ့ကြီးမွားချမ်းသာလာအောင် ကြိုးစားခဲ့တာကိုက ရိုးကိုလိုချင်လို့တဲ့..။ အတွေးဝင်လာတော့ ရိုးတမင်လုပ်ပြနေသည်ပဲထင်ကာ.. ။

"နင်ကဘာတွေထွင်နေတာလဲရိုး..ငါရှိနေတုန်း ပါဝါတွေတမင်ထုတ်ပြနေတာလား.."

"မမရှမ်း.."

ရိုးစိတ်တွေပူလောင်နေတုန်းမို့ သည်းခံနိုင်စွမ်းက မဲ့နေသည်



"တမင်လုပ်ပြတာတွေ သဘာဝကျဖို့ကြိုးစားတာတွေ မမရှမ်းမလုပ်တတ်ဘူးဆိုရင် ရိုးလည်းဒီတိုင်းပါပဲ..ရိုးတို့က သရုပ်ဆောင်တွေမှ မဟုတ်တာ၊ အားလုံးကိုယ့်အပူနဲ့ကိုယ် ဘယ်သူမှအေးချမ်းနေကြတာ မဟုတ်ဘူး.."

"နင်ကတော့အေးချမ်းပါတယ်.."

"မမရှမ်းဘာကိုကြည့်ပြီး ပြောနေတာလဲ..ရိုးမျက်နှာပျော်ရွှင်ဖြူးတူးနေတာတွေများ မြင်နေရလို့လား.."

'အရယ်အပြုံးတွေကို မရယ်မပြုံးဘဲနေလိုက်ရတာလောက်တော့ လူတိုင်းလုပ်နိုင်ပါတယ်ရိုးရယ်'လို့ ပြောနေသလို မဲ့ပြုံးနှင့် ရှမ်းက လှည့်ထွက်သွားကာ မပြောဘဲလည်းနေတာမဟုတ်.. ။

"ငါ့ကိုနှင်ထုတ်ခံရတာ နင့်ရင်ထဲမှာဘုရားပွဲလှည့်ချင်လှည့်နေမှာပါ..ဒါပေမယ့် ငါမြင်ရတာမှမဟုတ်ဘဲ၊ ထားလိုက်ပါတော့.."

မမြင်ရတဲ့အရာကို ရှမ်းကအစ်အောက်စွပ်စွဲနေပေမယ့် ရိုးကတော့ဘာကိုပြော၍ ဘယ်လိုဝန်ခံရမလဲဆိုတာ ဘယ်ကမှအစရှာမရဘဲ ဖြစ်နေခဲ့သည်။ ဂျန်းနဲ့ဆုံခဲ့တဲ့အဖြစ်တွေကို ပြောပြခဲ့ပေမယ့် ပြောခဲ့တုန်းက ဘယ်သူမှမယုံ၊ လက်ခံနားထောင်ပေးမည့်သူလည်း မရှိခဲ့.. ။

'စာရွက်စာတမ်းတွေကို ဆယ့်နှစ်နှစ်သားကောင်လေးက ဖျောက်ဖျက်ပစ်တာလား'ဆိုပြီး ရိုးဆိုတဲ့မိန်းမပုံပြင်တွေပြောနေမိတဲ့အတိုင်း အားလုံးပဲဝိုင်းဝန်းလှောင်ရယ်ခဲ့သည်။ ပြောသမျှပယ်ချပြီး ဒီအပြစ်ကိုယိုးမယ်ဖွဲ့၏။

ခုကျတော့ ကိုယ့်ထက်ငယ်ရွယ်တဲ့ယောကျာ်းကို 'ကိုလူ' 'ကိုမင်း'လို့ ရှိသေသမှုတွေနဲ့ ရိုးကျိုးခယနေကြသည်။ သူမတို့ထက်မြင့်မားထွားကျိုင်းနေပေမယ့် ထိုသူဟာသူမတို့ထက် အသက်ငယ်ရွယ်သူဆိုတာ မသိကြ။

ကျိုကျိုတက်ချမ်းသာနေသည်ဆိုသည့်လူကြီးမင်းဟာ ဟိုတုန်းက အိမ်ရှေ့မှာလာရပ်အော်သွားတဲ့ စားရမဲ့သောက်ရမဲ့ခဲ့သော လူကြမ်းဆိုတဲ့ကောင်လေးမှန်းလည်း မသိ။ ပြောပြနေတုန်းကမယုံ။ မပြောတော့ဘူးလို့ဆုံးဖြတ်ပြီးကာမှ ရမ်းသမ်းအစ်အောက်နေကြတာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပြီးတစ်ယောက်.. ၊

ဂျန်းနဲ့သူမတို့နှစ်ယောက် အထင်အမြင်တွေဒီတိုင်းအသားက နေပြီးမှ 'အဲ့ဒီလူကြီးမင်းဟာ ကျွန်မပြောခဲ့တဲ့ဂျန်းဆိုတဲ့ကောင်လေ ပါ'လို့ သူမဘယ်လိုပြောရမလဲ.. ၊

ထိုစဉ် ဂျန်းကနောက်တစ်ခါပြန်ဝင်လာခဲ့လျှင် ရှမ်းနဲ့မျက်နှ ချင်းဆိုင်တိုက်မိမလိုဖြစ်သွား၏။ ပြီးမှ ရှမ်းလွယ်ထားသည့်အိတ် လေးကို ပိုင်စိုးပိုင်နင်းဖြုတ်ဆွဲယူလိုက်ကာ ရှီးဆီကိုခြေလှမ်းကျဲမျာ နဲ့ ရောက်ချလာကာ.. ၊

"မင်းကိုငါက ဘယ်လောက်ထိစောင့်ရဦးမှာလဲ.."

ဆိုကာ လက်တစ်ဖက်ကိုဆောင့်ဆွဲ၍ ခလုတ်တိုက်လဲကျ တတ် မညှာမတာဆွဲခေါ်သွားခဲ့၏။ သူမကိုအပြင်သွားဖို့ရှိတိုင်း ပြ ဆင်ဖို့အချိန်ပေးသည်။ ပြန်ကြည့်လိုက်တိုင်း ဒီပုံစံနဲ့ပဲအမြဲရှိနေ ၏။ ဝတ်စားပြင်ဆင်စရာ လက်ဝတ်ရတနာတွေဆိုတာ သူမရဲ့မှ တင်ခုံပေါ်မှာ ဘူးတွေနဲ့အထပ်လိုက်ချပေးထားခဲ့သည်။ ဘယ်ပစ္စည် ကိုမှ လက်နဲ့မထိ.. ၊

တွေးရင်းဒေါသတွေအပြုံလိုက်အဆုပ်လိုက် ထွက်လာခဲ့လျှ ကားထဲကို အဝတ်ထုတ်တစ်ထုတ်ထည့်သလို မညှာမတာထည့်ပ လိုက်သည်။ မေ့ရှမ်းဆီက ယူခဲ့သည့်အိတ်ကိုပါ ထည့်ပေးပြီးတံခ ဆောင့်ပိတ်၏။ ဘယ်သူကရော သင်းကိုလှစေချင်လွန်းလို့လဲ.. ၊

ဒါတွေဝတ်ပါ ဂုဏ်ယူစမ်းပါလို့ ဘယ်သူကတောင်းဆိုမှ လင့်နေလို့လဲ.. ၊

ဒီအချိန်မှာ သူမကကျီးလန့်စာစားဖြစ်နေရမည်။ ကိုယ့်ကိုဖေ လိုက်တာနဲ့ ခြေတုန်လက်တုန်ဖြစ်နေရမည်။ ဒါပေမယ့် သူမကမာ မာနတွေနဲ့မာကြောနေတုန်း။ အရှိန်ပြင်းမောင်းထွက်သွားသည့်ကာ ကို ဦးပွကြီးကမျက်မှောင်ကုတ်နဲ့ ရပ်ကြည့်ကျန်ခဲ့လေသည်။

ပြီးတော့ သက်ပြင်းရှည်ကြီးချ၍ ခြံတံခါးကိုပြန်ပိတ်သည် ရဲ့ဝန်ထမ်းဟောင်းကြီးဦးချိုအေးနဲ့အတူနေစဉ်ကလည်း ဦးချိုအေး လေးစားယုံကြည်ခြင်း ခံရသော်ငြား ဦးပွကြီးအခွင့်အရေးမယူခဲ့ ဦးချိုအေးအတွက် ဒရိုင်ဘာလုပ်ပေးသည်။ ခြံထဲမှာအမြင်မတော်လျှ



ဘာလီလုပ်ပေးခဲ့၏။ သူ့ကိုတိုင်ပင်လာတဲ့အခါ ရဲဘော်ရဲဘက်တစ် ဦးကဲ့သို့ အကြံပြုဆွေးနွေးပေးသည်။

အမြဲတမ်းသူယူထားတဲ့နေရာကတော့ ခြံစောင့်တာဝန်ပဲဖြစ် သည်။ ထို့ကြောင့် ဂျန်းကခေါ်ခိုင်းသဖြင့် ဦးချိုအေးမဆုံးမီကလည်း အမှာရှိခဲ့တာကြောင့် ဒီမှာလာနေခဲ့ပေမယ့် ခြံစောင့်လုပ်ပါရစေလို့ သူပဲပြောခဲ့တာပါ။ ဒီမှာတော့ ဂျန်းကိုစောင့်ရှောက်ဖို့ဆုံးဖြတ်ထား သေမယ့် တိုက်ကြီးထဲကိုတတ်နိုင်သမျှ မသွားချင်တာအမှန်ပင်.. ၊

ဂျန်းတစ်ယောက် မိန်းကလေးသုံးယောက်နှင့်ပတ်သက်ရှုပ် ထွေးနေသည့်အတိတ် အနာဂတ်ပြဿနာများနှင့် ပတ်သက်၍ နား သည်ပေးဖို့ကြိုးစားထားသော်ငြား.. ။

တကယ်တော့ ဒါတကယ် မလုပ်သင့်ဆုံးအရာ.. ၊

(၇)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၇)

"ငါမလိုချင်ဘူး.."

"မင်းကိုလိုချင်သလားမေးနေတာမဟုတ်ဘူး.."

လက်ကိုရုန်း၍ ခြေစုံရပ်ပစ်လိုက်ပေမယ့် ဆတ်ခနဲပြန်ဆွဲကား ဆွဲခေါ်သွားတော့ ဒရေသောပါးပါသွားခဲ့၏။ သို့သော် စက်လှေကားပေါ်မှာ အတူရပ်မိကြလျှင်.. ။

"မင်းငါ့ကို 'မင်း'တွေ'ငါ'တွေနဲ့ပြောတာ မကြားချင်ဘူးလို့ ငါ ပြောထားပြီးပြီနော်.."

ရီးမျက်လွှာပင့်ကြည့်တာကို စောင့်နေသည့်မျက်ဝန်းတို့က ရီး ရဲ့လက်တောက်နေကာ.. ။

"ခုမင်းကိုသတိပေးနေတာ မဟုတ်ဘူး..ငါတားမြစ်သမျှမှတ် ထားလို့ မင်းကိုငါပြောခဲ့တာ နောက်ဆုံးဝမ်တိန်.."

ဘာလဲ.. လူကိုအပြစ်ပေးမယ့်အကြောင်း ပြောနေတာလား..

ကူးနဲ့ရှမ်းတို့ရဲ့ 'ကို'တပ်ခေါ်တာတွေ အနုအရွတွေကို သာယာ နေတိုင်း ကို့ကိုခိုင်းစေနေတာလား..။ ကိုယ့်ထက်ငယ်မှန်းကြီးမှန်း သိလို့ သူတို့ကနုရွနေကြတာကို ကိုယ်ကသိနေသားနဲ့လိုက်နုစရာ လား.. ။

"ဟွန်း..မင်းရဲ့အကြည့်တွေက ငါမင်းဆီက ကိုကိုမောင်မောင် ခေါ်သံတွေထွက်လာအောင် ပြောနေတာလို့ထင်တဲ့ပုံပဲ.."

ပြောရင်းစက်လှေကားလက်ရမ်းနဲ့ရီးကို ဖိကပ်ပစ်လိုက်ပြီး မျက် နှာချင်းကပ်ကာ.. ။

"ခင်ဗျားကိုယ်ခင်ဗျား ဘာထင်နေလဲဒေါ်ကြာနွယ်ရီး.."



"မင်း လူမြင်ကွင်းမှာသရုပ်မပျက်နဲ့ဂျန်း.."

"ဘာ.."

သူက ထူးဆန်းအံ့ဩသလို 'ဘာ'ခနဲအော်လိုက်ပြီး.. ။

"ဟား ဟား ဟား ဟား.."

ဘေးလူတွေအထိတ်တလန့် လှည့်ကြည့်ကြတဲ့အထိ အော်ရယ် လေသည်။ ရီးမျက်နှာလေးနီရဲကာ ဖိကပ်နေသည့်သူ့ကိုယ်ကြီးကို တွန်းဖယ်ပစ်လိုက်၏။ ပြီးတော့ စက်လှေကားမဆုံးခင် ကိုယ့်ဘာသာ ဆင်းလာခဲ့၏။ သို့သော် သူမရဲ့လက်တစ်ဖက်ကို ဂျန်းကနောက်က နေ ဖမ်းဆွဲပြီး ရတနာဆိုင်တွေဘက်ကို ခေါ်သွားခဲ့၏။

"ပေးထားတာတွေကို ဘာမှမဝတ်ဘူးဆိုတော့ ခင်ဗျားမကြိုက် လို့ပဲလို့ ယူဆလိုက်တယ်..အဲ့ဒါကြောင့် အခုစိန်ထည်တစ်ခုခု ခင် ဗျားယူရမယ်.."

"မင်းမှာပေါများနေရင်လည်း လိုချင်တဲ့သူကိုပေးပစ်ပါလား.. ငါ.."

"ခင်ဗျားဆက်ရုန်းနေရင် ကျုပ်တစ်ခုခုလုပ်မိတော့မယ်နော်.."

သူအကျယ်ကြီးပြောလိုက်သဖြင့် JS တစ်ထပ်လုံးမှာရှိနေသမျှ လူတွေ ကြားကုန်တဲ့အတိုင်း မျက်နှာတွေသူမထံစုပြုံရောက်လာကြ ၏။ ထိုအချိန်မှစ၍ ရီးလိမ္မာစွာနေဖို့ ဆုံးဖြတ်လိုက်ရကာ.. ။

"ကြိုက်တာသွားယူ.."

စိန်ထည်ဆိုင်ကသိပ်မကြီးပေမယ့် ပစ္စည်းဒီဇိုင်းလှတာလေးတွေ ရှိသည်။ အရောင်းဝန်ထမ်းမိန်းကလေးတွေကလည်း ပျာပျာသလဲရှိ ကြ၏။ ဒါပေမယ့် အသိတစ်ယောက်နဲ့တွေကာ ဂျန်းကစကားရပ် ပြောရင်း ကျန်ခဲ့သဖြင့် ရီးဘာမှလည်းသေချာမကြည့်ဖြစ်ဘဲ နောက် လှည့်ကြည့်လိုက် ဟိုဟာပြပါ ဒီဟာပြပါအချိန်ဖြုန်းလိုက်နှင့် စောင့် နေခဲ့မိသည်။

ထိုစဉ် ဆိုင်မှာလူတွေကျလာသဖြင့် တကယ်ဝယ်တော့မည့် လူ တွေကိုဘေးဖယ်ပေးရင်း ကြာလာတော့ စိတ်ပျက်လာမိသည်။ အစ ကတည်းက ဘာမှမလိုချင်တာမို့ အကြောင်းပြကောင်းရကာ ဂျန်းရှိရာ ပြန်လှည့်ထွက်ခဲ့သည်။ ဒါပေမယ့်ဂျန်းက ခုနနေရာမှာ.. ။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ရောက်သွားတာလဲ..။ ရှိုးဟိုကြည့်ဒီကြည့်ဖြစ်နေဆဲ.. ။

"ဒီမှာအစ်မ.."

ဟင်.. ။

စိန်ဆိုင်ကမိန်းကလေးနှစ်ယောက် ဖြုန်းစားကြီးရောက်လာကာ သူမရဲ့ဘေးတစ်ဖက်တစ်ချက်ကနေ ဆွဲချုပ်သလိုကိုင်လိုက်ကြသည် ရှိုးပါးစပ်အဟောင်းသားဖြစ်သွားလျက် သူမတို့ချုပ်ကိုင်လိုက်သည့် လက်တွေကိုပါ တအံ့တသြပြန်ငုံ့ကြည့်မိသည်။ ပြီးမှ အတင်းပြန် ရုန်းမိကာ.. ။

"ဘာလုပ်တာလဲ..ဖယ် လွှတ်.."

"အစ်မ..ခုနစိန်ကုံးကို အိတ်ထဲထည့်သွားတယ်.."

"သေချာချုပ်ကိုင်ထားသူဇာ..လုံခြုံရေးတွေမလာခင် လွတ်သွား လိမ့်မယ်.."

"ဘာ..ဘာပြောတယ်.."

ရှိုးနားထဲမှာ မီးပွင့်သွားသလိုပင်။ ဒီလိုအခြေအနေဖြစ်တာနှင့် ပတ်ဝန်းကျင်ကအုန်းခနဲ ပွထဆူညံကာ သူမရဲ့ဘေးမှာလူအုပ်ကြီး ဖြစ်သွား၏။ ဖုန်းတွေနဲ့ဝင်ရိုက်ကြ ဝိုင်းချုပ်ပေးကြနှင့် သူမရုန်းကန် ရင်း ငြင်းနေသော်လည်း.. ။

"ဒီမှာ သူ့အိတ်ထဲမှာတွေ့ပြီ.."

ဟင်.. ။

ရုန်းကန်မှုတွေရပ်တန့်ကုန်ကာ ရှိုးကြက်သေသေသွားခဲ့သည် ဒါ သူမကိုင်ကြည့်ခဲ့သည့်စိန်ကုံး။ ရုက်ခြင်းတုန်ယင်ကာ ရှိုးတစ်ကိုယ် လုံးညွတ်ခွေမတတ်ဖြစ်သွားသည်။ ထိုစဉ်.. ။

"ကြည့်စမ်း..ရုပ်လေးသနားကမားနဲ့ ယဉ်ပုံယဉ်ပန်းနဲ့၊ ကဲဟာ"

ဖြန်းခနဲထိခတ်သံက ကျယ်လောင်စွာရှိလျက် ရှိုးရဲ့ပါးတစ်ဖက် မီးလောင်သလိုပူပြင်းနာကျင်သွားသည်။ ထို့ပြင် သူမလူအုပ်ထဲမှာ ခွေခေါက်လဲကျသွားလေသည်။ သူမ၏အဖြစ်သနစ်အစအဆုံးကို လူ တစ်ယောက်က ဖုန်းဖြင့်ဗီဒီယိုရိုက်နေရင်း တစ်ဖက်ကိုလည်း ဖုန်း ပြောနေသေးသည်။

"ပြီးသွားပြီကိုမင်း..အိုခေတယ်၊ ဆိုင်ရှင်တော့ပါးရိုက်လိုက်



ဘယ်..တော်တော်နာမယ့်ပုံပဲ.."

JSရဲ့ကားပါးကင်ဆီသွားနေသော ဂျန်းရဲ့ခြေလှမ်းတွေတုံ့ခနဲ ဖြစ်သွားသည်။ နားမှာကပ်ထောင်နေသည့်ဖုန်းကို ဘယ်ညာပြောင်း ကိုင်လိုက်ရင်း ရှေ့ကိုလည်းဆက်မသွားဖြစ်.. ။

"ကိုမင်းကြားလား..ပါသွားပြီ၊ သတိလစ်သွားလားမသိဘူး.."

(1)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၈)

"သွားမစမ်းနဲ့နော်..စိန်ဆိုင်ကိုတည့်တည့်သွားခိုးထားတာ..

"ဟုတ်တယ်..တစ်ကိုယ်တော်သူခိုး.."

"အံ့ဩမနေပါနဲ့ဟယ်..ဆံပင်ရှည်ကြီးနဲ့ ယဉ်စစထွင်ပြနေတော ဒီလိုပုံစံနဲ့လုပ်စားလို့ ရပြီပေါ့၊ လူတွေလည်းအံ့ဒါခက်တာပဲ..အမေ ယံကြည့်ပြီး သိပ်ဆုံးဖြတ်တာ.."

"သူ့ဟာသူစိန်ဆိုင်ပဲခိုးခိုး သိကြားမင်းဦးသျှောင်ပဲတက်ဖြ ဖြုတ် သူခိုးကသူခိုးပဲ..ဟဲ့ ဒီမှာ.."

ရှန့်ရင်းကြမ်းတမ်းသည့်စကားကိုဆိုရင်း ကိုယ့်ရှေ့ရောက်လာ တော့ ခပ်ပြားပြားဖြူဖွေးဖွေးမျက်နှာက နှာခေါင်းကပိပြားနေသေ သည်။ မျက်ခုံးမွေးကအရာပဲပါကာ နှုတ်ခမ်းသားတွေက ပါးလွှန်း ပျောက်နေသည်။

အရပ်ပုပုပုံစံကဖိုင့်ဖိုင့်မှာ ဆံပင်တွေကပခုံးသာသာ စုလုံးပူ နေသည်။ အသက်ကလေးဆယ်လောက်ရှိမည်ဖြစ်လျက် သူမက ကို ခြေဆုံးလက်ဆုံးကြည့်သည်။

"နင့်ဟာနင်ဓားပြဖြစ်ဖြစ် သူပုန်ဖြစ်ဖြစ် ငါလူသတ်လာ နှစ်လောင်းပြိုင်.."

ပြောပြီးတော့ ရိုးရဲ့ပါးပေါ်က လက်ဝါးရာထင်နေသည့် အ အမည်းကွက်တို့ကို သေချာခေါင်းတိမ်းကြည့်၍ လူကိုတစ်ပတ်လှ လျှောက်သေးသည်။

"သူခိုးမဆိုတော့ လူတွေဝိုင်းထောင်းလိုက်တဲ့ပုံပဲဟ..ဟီး ပ ငါကတော့ မထောင်းပါဘူး၊ ငါခိုင်းတာလုပ်ပေးရုံပဲ..ငါကကျွန်



တာ ဝါသနာပါတယ်.."

"ဟဲ့ဟာမ နင်မလိမ္မာရင်တော့ ငါတို့မကြီးဇော်ကအသေတီးမှာ ဘယ်မို့လား..နင့်အမှုကို အာမခံနဲ့ထုတ်လို့မရဘူးဆိုတာ.."

"ရမလားဟဲ့..စိန်ဘယက်ကြီးကိုခိုးတာပါတဲ့ဆို၊ သတ္တိကမခေ ..."

"သတ္တိမဟုတ်ပါဘူး..လောဘကြီးတာပါ၊ ပုံစံကြည့်ရတာ ဒီ မ နောက်ကအဖွဲ့ရှိနိုင်တယ်..သောက်ခွက်တင်းနေတာ ကြည့်ပါ း.."

"သူ့ကိုယ်သူငါစိန်ခိုးရဲတယ်ဆိုပြီး မာန်တက်နေသလားမှမသိ ..နှာနှာဖိထားမကြီးဇော်ရေ၊ ထောင်ထဲထိပါလာရင်တော့ ကျွန် စ်ကောင်တိုးတာပေါ့.."

"ကြည့်နေစမ်းပါ..ဘာပဲခိုးခိုး သူခိုးကသူခိုးပဲ၊ ဟဲ့ကောင်မ.. ဘက်ကိုလာစမ်း၊ ဘယ်လောက်အပိုးကျိုးသလဲသိချင်တယ်..ငါ့ကို နှိပ်ပေး.."

ဒီလိုလူတွေနဲ့ဖက်မဖြစ်ချင်ပေမယ့် လူလူချင်းအရှုံးပေးဖို့ မာန ခံနေသည်။ သို့သော် နာကျင်ကြေကွဲနေသည့်ခံစားချက်က ဖိစီး သောကြောင့် မာနသည်လည်းအလံမထူနိုင်ဘဲရှိကာ.. ၊

"ဟဲ့ကောင်မ.."

"အား.."

နောက်ကနေ ဒူးခေါက်ခွက်ကိုဆောင့်ကန်လိုက်လျှင် ရိုးဘယ် မှမထိန်းနိုင်ဘဲ ရှေ့ကိုဟပ်ထိုးလဲသွား၏။ သို့သော် အမျိုးသမီး စ်ယောက်၏ရင်ခွင်ထဲ ရောက်သွားခဲ့ပြီး.. ၊

"နင်တို့တော်ကြတော့နော်..ဒါခုမှ ရဲအချုပ်ပဲရှိသေးတယ်၊ အ ချုပ်ကျထောင်ကျမယ့်အရေး တော်တော်ပျော်နေကြတယ်ဟုတ်လား.."

အမျိုးသမီးကလည်း အသက်လေးဆယ်ကျော်အရွယ်ပဲဖြစ်ကာ စကာဘာမှဝင်မပြောဘဲ အချုပ်ခန်းထောင့်မှာတစ်ယောက်တည်း ိုင်နေတာဖြစ်သည်။ သူမဘယ်လိုလူမှန်းမသိပေမယ့် ရှန့်ရင်းကြမ်း မ်းနေသော စကားသံတွေတိတ်ကျသွားသည်။ ဟန်တပြင်ပြင်နှင့် နိုင်ကျင့်ဖို့ပြင်နေသော အရွယ်စုံဆိုက်ဒိစုံမိန်းမတွေ ကိုယ်ရှိန်သတ်

www.burmeseclassic.com

www.burmeseclassic.com



ကုန်၏။

သူမကမျက်နှာပေါက်ဆိုးပေမယ့် မျက်ဝန်းမှာတော့ နူးညံ့ဟန်တွေရှိလျက် ရိုးကိုခုနသူမထိုင်ခဲ့သည့်ထောင့်ကို တွန်းပို့လိုက်ပြီး..။

"ဥပဒေကအမှန်တရားဆိုပေမယ့် လက်ကိုင်ပြုသူအပေါ်မှာ မူတည်တယ်.."

သူမရဲ့စကားသံက အောင်မြင်ခန့်ညားမှုမရှိပါ။ ဒါပေမယ့် တည်ငြိမ်အေးစက်နေကာ.. ၊

"ငါတို့ထဲမှာ အမှန်တရားကိုမျှော်လင့်တဲ့သူရှိသလို အမှန်တရားကို ရှောင်ရှားချင်တဲ့သူလည်း ပါမှာပဲ..ဒါပေမယ့်ဘယ်သူမှန်တယ် ဘယ်သူမှားတယ်ဆိုတာလည်း မသိကြဘူး၊ မှားနေပေမယ့် လွတ်မြောက်သွားနိုင်သလို မှန်နေပေမယ့်နွံနစ်သွားမယ့်သူလည်း ရှိတယ်.. ဘာပဲဖြစ်ဖြစ် ဒီနေရာမှာအတူတူတွေပဲ၊ အဲ့ဒါကိုဘာလို့ အချင်းချင်း အနိုင်ကျင့်ချင်တာလဲ.."

"သူကတန်းစီးလုပ်မယ်ပဲကြိမ်းဝါးနေတာ.."

မရဲတရဲဝေဖန်သူက ခေါင်းလေးကွယ်သွား၏။ ထိုအခါ မကြီးဖော်ဆိုသည့်မျက်နှာပြားအမျိုးသမီးက ရင်ကော့ခေါင်းမော့ကာ..

"ငါကလူသတ်မှုနဲ့ချည်းပဲ ထောင်ထဲရောက်တာနှစ်ခါရှိပြီ..ခုတစ်ခါနဲ့ဆို သုံးခေါက်.."

ပြောပြီးမှ မျက်နှာညိုးသွားကာ.. ၊

"ကိုယ်တိုင်သတ်တာလည်းရှိ မသတ်ဘဲသတ်တယ်လို့ စွပ်စွဲခံရတာလည်း ရှိပေါ့.."

စကားသံသည် တိုးလျသွားခဲ့ပြီးမှ.. ၊

"ဆယ့်ကိုးနှစ်သမီးတည်းက ထောင်ကျဖူးတာ.."လို့ပြောလိုက်တော့ အားလုံးတိတ်သွားလေသည်။ ရိုးအတွက်ကတော့ မကြားဖူး မမြင်ဖူးခဲ့သော အသံတွေမြင်ကွင်းတွေပါ။ အချုပ်ခန်းထောင့်မှာ တွင်တွင်ကပ်နေရင်း မျက်ရည်မကျအောင် ထိန်းချုပ်နေမိသည်။

ပါးပြင်ထက်ကနာကျင်မှုကို မကြာခဏစမ်းကြည့်မိတိုင်း အသားနာတာထက်ဆိုးရွားသော စိန်ဆိုင်ရှေ့ကအဖြစ်ကဘယ်လိုမှ ပြေပျောက်ဖို့မလွယ်ခဲ့ပေ။ သူမရဲစခန်းကိုရောက်လာသည့်အချိန်မှာ နား



ည်လိုက်သည်။ ဒီလိုဖြစ်လာအောင် တမင်အကွက်ဆင်ထားခဲ့တာ ခဲ့ကာ၊ ထိုသူသည်လည်း.. ၊

"ဒေါ်ကြာနွယ်ရိုး.."

ရဲမေတစ်ဦးနှင့်ရဲတစ်ယောက် အချုပ်ခန်းရှေ့ရောက်လာပြီး..။

"စိန်ဆိုင်က အမှုကိုရုတ်သိမ်းလိုက်တယ်.."

စခန်းမှူးကဝမ်းသာစရာ သတင်းတစ်ခုသဖွယ်ပြောပေမယ့် ရိုး မျက်နှာက အပြုံးအရယ်မဲ့နေခဲ့သည်။ အချုပ်ထဲမှာတစ်နေကုန် အချုပ်ခံထားရသည့်ခံစားမှုက ထောင်ကျခဲ့သလိုအတွင်းကြေကြေ၏။ ဘယ်သူကမှ မနှိပ်စက်ခဲ့ဘဲ သူမရင်ထဲမှာမွမွကြေနေခဲ့သည်။

ပါးမှာထိခဲ့သည့် လက်ဝါးရာတစ်ချက်က ပတ်ဝန်းကျင်ရှိသမျှ တွေဝိုင်းဝန်းထုထောင်းလိုက်ကြသလို ရှက်ရွံ့သိမ်ငယ်ခြင်းတွေနှင့် ရာရာကမှောင်မိုက်နေသည်။ ဒါပေမယ့် သူမအချုပ်ခန်းထဲကအ သမီးကိုတော့ ကျေးဇူးတင်စကားပြောခဲ့ပါသေးသည်။ သူမရဲ့အ မကြီးပါဘူးဆိုသည့် ကာကွယ်မှုလေးတစ်ချက်ကို ဘယ်တော့မှ မှာမဟုတ်ကြောင်းလည်း ပြောခဲ့မိ၏။

ရဲစခန်းအပြင်ရောက်လာလျှင် မိုးချုပ်စပြုပြီဖြစ်ကာ ဒရိုင်ဘာ င်းသည့်ရှမ်းရဲ့ကားလေး သူမရှေ့မှာ ထိုးရပ်လာ၏။

"ရိုး.."

မေရှမ်းကားထဲကနေ ကမန်းကတန်းဆင်းလာကာ မျက်နှာပျက် နှင့် ရိုးကိုခြေဆုံးခေါင်းဆုံးကြည့်၏။ မနက်ကတွေ့ခဲ့သည့်ဝတ်စုံ းနဲ့ပဲဖြစ်ကာ ပါးပြင်တစ်ဖက်မှာ အညိုအမည်းကွက်တချို့ထင် ာ သေသပ်စွာစည်းထားတတ်သည့်ဆံပင်တွေက နဖူးကနေကျ သယ်စပ်ကနေကျ.. ၊

ချွေးစတို့နှင့်မျက်နှာလေးမှာ ဖရိုဖရဲရှုပ်ထွေးနေလေသည်။ ထို့ မျက်ရည်တွေပြည့်သိပ်နေသော မျက်ဝန်းအိမ်လေးသည် မျက် ည်စို၍တစ်ပင်ချင်းစုလုံးနေသည့် မျက်တောင်ကော့တို့ဝိုင်းရံလျက် းဖွယ်ဖြစ်နေ၏။ မေရှမ်းမျက်ဝန်းတွေမှာ ရိုးကိုကြည့်နေရင်း နိုင်ဖြစ်နေကာ.. ၊

"နင်ဘယ်လိုဖြစ်သွားတာလဲရိုး..ငါ ငါနင့်ကိုဘယ်လိုမှမယုံနိုင်

www.burmeseclassic.com

www.burmeseclassic.com



ဘူး.."

ရိုးမျက်တောင်ဖျားလေးတွေ လှုပ်ခတ်သွားသည်။ မျက်တောင်မခတ်ဘဲ မျက်ဝန်းတွေကို တခြားကိုတိမ်းဖယ်သွားခဲ့ပြီး.. ၊

"မမရှမ်းသိက္ခာကျနေပါ့မယ်.."

ဟု လေသံမှုနှင့်ပြော၍ ကားနဲ့မေရှမ်းကိုကွေ့ရှောင်ထွက်သွား၏။

"ရိုး..ဟဲ့.."

မေရှမ်းဒီတိုင်းကျန်ခဲ့ပြီးမှ ချက်ချင်းလိုက်ဆွဲထားကာ.. ၊

"ဘာကိုပြောသွားတာလဲ..စိန်ခိုးတဲ့အမှုနဲ့နင်အချုပ်ထဲရောက်နေတယ်ဆိုတာ ကိုယ့်ဘာသာလည်းစဉ်းစားကြည့်ဦးလေ..နောက်ပြီး ဘယ်သူ့ကိုမှလည်း နင်အကြောင်းမကြားဘူး.."

ရိုးကမေရှမ်းဆွဲထားသည့်လက်ကို အားမပါစွာရုန်းနေရင်း မငိုမိအောင်အံကြိတ်တင်းနေခဲ့၏။ မေရှမ်းကလည်း ဖွတ်ဆွဲထားကာ..

"ဟင်..ပြောစမ်းပါ၊ အဲ့ဒီကိစ္စကို ဖေကြီးလည်းသိနေလောက်ပြီ.. သူသိသိမသိသိ ခုတောင်ငါတို့ဘယ်လောက်အရှက်.."

ရိုးရဲ့မျက်ဝန်းတွေ သူမထံရောက်လာတော့ ပြောလက်စကရှေ့မဆက်ဖြစ်တော့ပေ.. ၊

"အဲ့ဒါကြောင့် ရိုးလက်ကိုလွှတ်လိုက်ပါ.."

"ဒီလိုမပြောနဲ့လေ..ဘာပဲဖြစ်ဖြစ် ငါတို့ကညီအစ်မတွေပဲ၊ ရှက်စရာကောင်းနေလည်း မခေါ်ချင်ရင်ပဲရမယ် မတော်ချင်လို့ရမလား.."

မေရှမ်းရဲ့စကားတွေက အပြစ်တင်ရှုံ့ချမှုတွေပေမယ့် ကရုဏာ၏အငွေ့အသက်တွေပါနေတာကို ရိုးခံစားမိလိုက်သည်။ မခေါ်ချင်လည်း ဒီထိလာမေးနေဖို့မှမလိုဘဲ၊ ဒါပေမယ့်သူနဲ့ကူးအတူတူရောက်လာပြီး ပြောဆိုကဲ့ရယ်သွားကြတာ ဘယ်မှာကြာသေးလို့လဲ.. ၊

ရိုးမျက်နှာလွှဲလိုက်သည်နှင့် မေရှမ်းကလွှဲသည့်ဘက်ကိုလိုက်မော့ကြည့်ကာ.. ၊

"ပြောစမ်းပါ..အဲ့ဒီစိန်ကိုနင်တကယ်လိုချင်လို့ ယူလိုက်တာလား၊ မဟုတ်ဘဲနဲ့စွပ်စွဲတာမို့လား..ငါ့ကိုပွင့်ပွင့်လင်းလင်းပြောလို့ရပါတယ်၊ ပြောစမ်းပါ.."



"ဘာပဲဖြစ်ဖြစ် ရိုးအချုပ်ခံခဲ့ရပြီးပြီပဲ..ဒီလိုဖြစ်စေချင်တဲ့လူကတော့ ကျေနပ်နေမှာပါ.."

"အဲ့ဒါကဘယ်သူလဲ..ဘယ်သူလုပ်တာလဲ၊ ငါထင်ပါတယ်..နင်လိုချင်ရင်တောင် ဒီလိုလုပ်တဲ့အထိတော့ မမိုက်ဘူးဆိုတာ.."

ရိုးမျက်ရည်ဝေ့လာသည်။ ဒါပေမယ့် သူမမငိုမိအောင် ထိန်းနေမိသည်။ မေရှမ်းက ရိုးလက်ကိုဆွဲလှုပ်၍.. ၊

"ပြောလေ..ဘယ်သူလဲ၊ နင်ရန်ကုန်ရောက်တာဖြင့်မကြာသေးဘူး..ဘယ်ကရန်သူလဲ.."

"လူကြီးမင်း.."

မေရှမ်းအသံတစ်ခါတည်း တိတ်သွားခဲ့သည်။ မယုံနိုင်ဖွယ်တွေချည်း ကြားနေရသည့်အဖြစ်ကို မေခွန်းတွေပဲထပ်ထုတ်နေရင်လည်း ရိုးကဖြေမှာမဟုတ်တာသိနေခဲ့သည်။

သူမရယ် ကူးရယ်..ရိုးနဲ့လူကြီးမင်းတို့လေးယောက်မှာ ထူးခြားသည့်ပတ်သက်မှုတစ်ခုခုတော့ ရှိနေပြီကိုတွက်မိလာသည်။ ထို့ပြင် အဖြေမရှိခဲ့ပေမယ့် အများကြီးတွေးနေခဲ့မိသည့် ဖြစ်နိုင်ချေများကြောင့် ဆက်စပ်ကြည့်လိုက်တော့ လွယ်လွယ်လေး.. ၊

လူကြီးမင်းရဲ့တက်မက်မှုဟာ ရိုးသာဖြစ်ကာ သူမနဲ့ကူးကတော့ ရိုးနဲ့ပတ်သက်နေသည့် ဂျမ်းတုံးတွေလား.. ၊

"နင်တို့မတည့်ကြဘူးဆိုတာ တကယ်လားရိုး..ဟင်၊ ဒါဖြင့် ကူးပြောတာတွေက မဟုတ်ဘူးပေါ့.."

ကူးဘာတွေကြားထားမှန်း ရိုးကမသိပါ။ မေရှမ်းကလည်း ရိုးကိုမေးတာမဟုတ်ဘဲ ဆက်စပ်တွေးနေတာဖြစ်ကာ.. ၊

"နင်နဲ့ကိုမင်းဘယ်လို..အမေ့.."

"ကျွိ.."

ကားတစ်စီးသည် အသံတိတ်ပြေးလာသလို အနားရောက်လာပြီးမှ မေရှမ်းရဲ့လက်မောင်းနဲ့ထိကပ်တော့မတတ် ထိုးရပ်သွားသည်။ ဆင်းလာတော့ ကူး.. ၊

"ရဲစခန်းရှေ့မှာ နာမည်ပေးကင်ပွန်းတပ်များ လုပ်ကြမလို့လား"

အမောတကောပြောလိုက်ရင်း မျက်နှာသည်ဒေါသတို့ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ကုတ်ချီတင်းမာနေကာ.. ။

"ကြည့်ပါဦးရိုးရယ်..ရုပ်ကဖြစ်နေလိုက်တာ၊ ကျက်သရေမ
လိုက်တာဟယ်..ဒီရုပ်နဲ့မင်္ဂလာသီရိကို ပြန်မလို့လား.."

'မင်္ဂလာသီရိ'ဆိုတာ ဘယ်အိမ်ဘယ်နေရာကိုပြောမှန်း ရိုးက
သိ.. ။

"လာ..ကားပေါ်တက်၊ အိမ်မှာတရော်ကင်ပွန်းနဲ့ခေါင်းလျှော်ရ
ရွှေရည်ငွေရည်သွန်းပြီးမှပြန်၊ နင့်အတွက်ပြောတာမဟုတ်ဘူး..ကိုလ
ကအောင်မြင်နေတဲ့ စီးပွားရေးသမား၊ နင့်ကြောင့်လာဘ်တိတ်တယ်
ကျက်သရေယုတ်တယ်.."

"တီ.."

အနီးကပ်ကားဟွန်းသံက စူးရှစွာထွက်ပေါ်လာကာ ထိုကာ
သည်လည်း ရှိနေသည့်ကားနှစ်စီးရဲ့ရှေ့မှာပဲ ရပ်သွားခဲ့ပြီး ဆင်းလာ
သူတွေက ဂျန်းရဲ့လူတွေဖြစ်ကာ.. ။

"အစ်မကိုလာကြိုခိုင်းလိုက်တာပါ.."

ရိုးရဲ့ရှေ့ကနေ ပိတ်ရပ်လိုက်ကာ ဘေးမှာနောက်မှာနေရာယ
လိုက်သဖြင့် သူမမဖြစ်မနေပြန်လိုက်ရမည်ဆိုတာ သရုပ်ဖော်လို
သလိုပင်။ အစတည်းကလည်း ရိုးဘယ်ကိုမှ ထွက်သွားဖို့စိတ်က
မရှိပါ။ သူကိုယ့်ကိုဂလဲ့စားချေနေပြီမှန်းသိနေကာမှ ထွက်ပြေးခဲ့ရ
ကိုယ့်လက်ပူမှ ပူမှန်းသိလားလို့မေးလာလိမ့်မည်။

ထို့ပြင်ဒီလောက်တောင် အငြိုးထားနေတဲ့သူက လွယ်လွယ်
အလျှော့ပေးကျန်ရစ်ခဲ့မှာတဲ့လား.. ။

ရှင်းစရာရှိတာကို ရှင်းရဦးမည်။ ထွက်ပြေးတာထက် ရင်ဆို
ဖြေရှင်းပြီးမှ ရုန်းထွက်ဖို့ပဲဆုံးဖြတ်လိုက်သည်။ ထို့ကြောင့်ရိုးဘာ
မပြောဘဲ ကားပေါ်တက်လိုက်ခဲ့သည်။ မေရှမ်းနဲ့ကူးလည်း ဘာမှ
မေးကြဘဲ ဒီတိုင်းရပ်ကျန်ခဲ့လေသည်။ ဒါပေမယ့် မျက်လုံးချင်း
ကြတဲ့အခါ ကူးကတစ်ခုခုပြောဖို့ကြိုးစား၏။ မေရှမ်းကမျက်နှာ
၍ ကားထဲဝင်သွားသည်။

"မောင်းတော့ နေမျိုး.."

ကျောက်ရုပ်လိုထိုင်နေသည့်ဒရိုင်ဘာက မောင်းဆိုတာနဲ့ချ



ချင်းမောင်း၏။ ကူးကတော့ ကိုယ်တိုင်မောင်းလာတာပါ။ ကိုယ့်
ဘာသာကားထဲပြန်ဝင်ဖို့မှာ မေရှမ်းမျက်နှာပေါ်က မခေါ်မပြောချင်
သလို အမူအရာကြောင့် နားမလည်စွာငိုင်နေခဲ့မိ၏။ ရှမ်းဘယ်လို
ဖြစ်သွားတာလဲ.. ။

ကိုလူ့ကိုသဘောကျမိတာချင်းတူကြတာတောင် တစ်ခါမှအ
ချင်းမများခဲ့ဘူးဘဲ ခုမှဘာဖြစ်သွားတာလဲ..။ တကယ်ဆို ခုချိန်မှာ
ရိုးနဲ့ပတ်သက်တဲ့သတင်းထူးတွေ ပြောစရာတွေ ညီအစ်မချင်းခေါင်း
ချင်းရိုက် ဆွေးနွေးကြရမှာမဟုတ်ဘူးလား.. ။

တွေးမိပေမယ့် နှုတ်ခမ်းလေးမဲ့၍ ပခုံးတွန့်မိ၏။ နေလိုက်ပေါ့..
သင်းက အညှာလွယ်လွယ် ခပ်ပျော့ပျော့ပါ။ ရိုးကိုမြင်ပြီး သနားသွား
တာဖြစ်လိမ့်မည်။ ကူးဆိုတဲ့မိန်းမကတော့ သနားတတ်တဲ့အကျင့်ကို
ရှိခဲ့တာမတတ်နိုင်.. ။

ကိုယ့်ဝမ်းနာကိုယ်သာသိ။ ကိုယ်လိုချင်တာ ကိုယ့်ဘာသာရယူ
နိုင်မှ ကိုယ်ပိုင်မှာမဟုတ်ဘူးလား.. ။

ဒါကြောင့် နေတတ်အောင်နေခဲ့သည်။ ဘယ်တော့မှ သူများ
ကောင်းကျိုးအတွက်နဲ့ ကိုယ့်အကျိုးပျက်အောင်မလုပ်.. ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၉)

"သူဌေးမရှိသေးဘူး..အစ်မကိုဒီမှာပဲနေဖို့ မှာသွားပါတယ်.."
ရှိုးနေရာမှာပဲ စုံရပ်နေရင်း နောက်ပြန်ငဲ့ကြည့်လိုက်ပြီး.. ।
"မလိုပါဘူး..နင်တို့သူဌေးကိုပြောလိုက်၊ သူပြန်မလာဘဲ ငါ
ဘယ်ကိုမှမသွားသေးဘူး.."
ငိုချင်စိတ်တွေအမြဲတမ်းဖြစ်နေပေမယ့် မျက်ရည်ကျခွင့်မပေးဘဲ
အံကြိတ်ထားမိသည်။ ဒီမျက်ရည်ကျပြီး ဒီအဖြစ်တွေကိုအရည်ဖျော်
မပစ်နိုင်။ အမြဲတမ်းပဲအစိုင်အခဲအဖြစ်ရှိနေပါစေ။ လူကြမ်းဆိုသော
သတ္တဝါအပေါ်မှာ ဘယ်တော့မှကျေပျက်မှာမဟုတ်သော နာကျည်း
မှုတွေရှိနေပါစေ.. ।
"မမ..မမနေမကောင်းဘူးလားဟင်၊ မမဘာဖြစ်လာတာလဲ.."
"မမမျက်နှာမှာ ခိုက်မိထားတာလား..ဒီမှာ.."
"မကိုင်နဲ့.."
ပါးပြင်ထက်ကလက်ဝါးရာသည် အညိုအမည်းကွက်အဖြ
တင်ကျန်ရစ်သဖြင့် ကောင်မလေးတွေက လက်ဝါးရာမှန်းမသိကြ
ရှိုးအချုပ်ကျခဲ့သည့်အဖြစ်ကိုလည်း သိကြပုံမပေါ်ပေ။ ရုပ်ပျက်ဆင
ပျက်ဖြစ်လာသည့် သူမပုံစံကိုမြင်ပြီး အံ့သြထိတ်လန့်နေကြလျ
အားလုံးပျာယာခတ်ကုန်သည်။ ရှိုးရေချိုးဖို့ အကျီအဝတ်အစားလဲ
အတွက် လူရှိသမျှပြေးလွှားလှုပ်ရှားနေကြ၏။
ရှိုးက သူမကိုယ်ကိုဘယ်မှအထိမခံဘဲ အိပ်ခန်းထဲလည်းမသ
ပေ။ ဧည့်ခန်းမှာဒီတိုင်းငုတ်တုတ်ထိုင်နေကာ ဘာကျွေးလို့မှလည
မစား။ တိုက်ကြီးတစ်ခုလုံးက နန်းတော်ကြီးလိုမဟာမဆန်ပေ



ခတ်မီခမ်းနားနေသည်။ လက်လက်တောက်နေသည်။
" 'ငါတို့က ဒီမှာဘယ်သူနဲ့နေရမှာလဲ'လို့ တွေးပြီးစိတ်ကူးယဉ်
နေကြတာ..လက်စသတ်တော့ ဖေကြီးကသူ့သမီးကောင်းစားအောင်
ကြိတ်စီစဉ်ထားတာကိုး.." ကူးကညတိုင်း ဖုန်းဆက်ပြီး ဟိုလိုရိုလိုက်
ဒီလိုရွဲ့လိုက်.. ।
အားလုံးကအထင်လွဲနေကြသည်။ သူမကိုယ်တိုင်လည်း ကိုယ့်
ကိုယ်ကိုဘယ်ဘဝကလာမှန်းမသိခဲ့သလို ဘယ်လိုဆက်ဖြစ်မယ်မှန်း
မသိဘဲ ဒီတိုက်ပေါ်ရောက်ခဲ့ရသည်။ ခုတော့ သူမအားလုံးကိုနား
လည်သွားပြီဖြစ်သည်။ ခေတ်မီခမ်းနားသည့်တိုက်ကြီးရယ် ခြွေရံ
သင်းပင်းတွေလည်းအပြည့်နှင့် ရွှေငွေစည်းစိမ်တွေလည်း ပုံချပေး
ထားခဲ့သည်။
ဒါပေမယ့် သူမဘဝကနေ့စံညခံ ကျွတ်တွေလိုဘဝမျိုး။ ဒါမှ
မဟုတ် ဘဝတစ်ခြမ်းသည် ချောတိုင်လိုပြောင်ချောနေသည့် ပင်စည်
ဖြစ်ကာ ဘဝတစ်ခြမ်းကတော့ ဓားသွားလှံသွားတွေအတိပြီးသော
ပင်စည်ကြီးဖြစ်နေခဲ့သည်။ ပင်ယံဖျားရောက်အောင်တက်ကိုတက်ရ
မည်လို့ အမိန့်ပေးမောင်းနှင်နေသူက လူကြမ်းဖြစ်နေခဲ့လျက် သူမက
ရဲ့သား.. ।
"မမဒဏ်ရာကို ကြပ်ထုပ်ထိုးမလားဟင်.."
"မလိုဘူးလို့ပြောနေတယ်မလား.."
"ဟုတ်.."
"ငါ့ကိုရှိသေလေးစားနေစရာမလိုဘူး..အခု ငါအချုပ်ထဲက
ထွက်လာတာ.."
"ဟင်.."
မိန်းကလေးနှစ်ယောက် မျက်လုံးပြူးသွားသည်။ လှေကားထစ်
ထွေပေါ်မှာ အရောင်တင်ပွတ်တိုက်နေသည့် မိန်းကလေးလည်းလှုပ်
ရှားမှုတွေ ရပ်တန့်သွားပြီးတအံ့တသြ... ।
"ငါကစိန်ဆိုင်မှာစိန်ခိုးမှုနဲ့ အချုပ်ခံခဲ့ရတဲ့သူခိုးပဲ..အဲ့ဒီတော့
ရှိသေလေးစားနေဖို့မလိုဘူး၊ ငါ့ဝေယျာဝစ္စလည်းလုပ်ဖို့မလိုဘူး.. ဝေး
ဝေးမှာနေကြ.."

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးတွေ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြ
သည်။ သူမတို့တွေက လူဟောင်းတွေမဟုတ်ကြပေ။ ဒီအိမ်ကအိ
ရှင်တွေဘယ်သူ့အကြောင်းက ဘယ်လိုဆိုတာလည်း သေချာသိ
တာမဟုတ်။ ဒါပေမယ့် ရိုးရဲ့မျက်နှာလေးကိုကြည့်၍ မယုံနိုင်ဘဲဖြ
နေမိကြသည်။

ကွန်ဒိုတွေမှာနေကြသည့် အစ်မတွေတောင်စိန်တွေရွှေတွေသ
နေကြတာ သူမကျမှစိန်လိုချင်လို့ ခိုးတယ်ဆိုတာမယုံနိုင်ကြပေ။ သ
သော် ရိုးရဲ့ကိုယ်ပေါ်မှာလည်း လက်ဝတ်လက်စားဆိုလို့ လည်ပင
မှာ ရွှေကြိုးမျှင်လေးနဲ့လက်စွပ်ကွင်းပါးလေးတစ်ကွင်းပဲ ဝတ်ထာ
တာရှိသည်။

ဒီသူဌေးက သူနဲ့အဝေးမှာထားသည့်ဇနီးတွေကို ညွှတ်
အောင် ဆင်ထားပြီး အနားမှာရှိသည့်ဇနီးကိုတော့ ဘာကြောင့်ဒီ
ဖြစ်အောင် ချို့တဲ့စေတာလဲ.. ၊

အခြေအနေတွေကိုသုံးသပ်၍ အားလုံး၏အတွေးတွေက ဖြစ်
ချေတွေဆီဟိုရောက်ဒီရောက်။ မြင်ကွင်းကို ခပ်လှမ်းလှမ်းကနေ
ကြည့်နေသည့် ဦးပွကြီးကအားလုံးကိုမြင်နေကြားနေရလျက် တိ
ဆိတ်စွာပဲပြန်လှည့်ထွက်လာခဲ့သည်။ သို့သော် ပြည့်ပြည့်သိပ်သိ
ပြိုကျမတတ် မျက်ရည်တွေကို အတင်းထိန်းချုပ်အံကြိတ်နေသေ
မျက်နှာလေးကိုတော့ စိတ်မကောင်းစွာမြင်ယောင်နေမိ၏။

ကိုယ်နေထိုင်ရာခြံတံခါးနားက အိမ်လုံးလေးဆီပြန်ရောက်လ
လျှင် ကုလားထိုင်မှာထိုင်လိုက်ရင်း ဖုန်းခေါ်၍.. ၊

“ဟလို..”

“လူလေး..မင်းခုဘယ်မှာလဲ..”

“ကျွန်တော်အလုပ်ကိစ္စချိန်းထားလို့ စောင့်နေတာဦးပွကြီး..ဘ
ဖြစ်လို့လဲ..”

“အလုပ်ကိစ္စက တစ်နေကုန်ပဲလား..”

“မဟုတ်ပါဘူး..ရှစ်နာရီလောက်ဆိုပြီးပါပြီ၊ ဦးပွကြီးဘာမှာ
လို့လဲ..”

“မမှာပါဘူး..မိန်းကလေးပြန်ရောက်နေပြီ..”



ဂျန်းဆီကအသံတိတ်သွားသည်။ ပြီးမှ.. ၊

“သူပြန်မလာလို့မှမရဘဲ..ဦးပွကြီးမှာချင်တာရှိရင် မက်ဆေ့ချ်ပို့ထားလိုက်လေ၊ ကျွန်တော်မအားသေးလို့..”

ဒီတိုင်းပြောပြီး ဖုန်းချသွားသည်။ ဦးပွကြီးပြောချင်သည့်စကားတွေရော သတိပေးချင်တာတွေရော ဘာမှမပြောလိုက်ရဘဲ သက်ပြင်းချရင်း ကျန်ခဲ့ရ၏။ ပြောရင်ရောဒီအချိန်မှာ ကိုယ့်စကားအောင်ဖို့က မသေချာပါ။

ဒါကိုသိတော့သိပေမယ့် လူငယ်တွေဘယ်ခြေလှမ်းနေရင် ဘာဖြစ်တော့မယ်ဆိုတာ လူကြီးမို့ကြိုတင်တွက်မိနေခြင်းက မပြောဘဲလည်းမနေနိုင်.. ၊

ရှေ့ဆက်ဘာတွေလုပ်ပြီး ဘာတွေဖြစ်လာဦးမည်ဆိုတာမသိ..။

(၁)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၀)

"သူငွေး..ဟို.."

"ဘယ်မှာလဲ ဟိုတစ်ယောက်..ခေါ်လိုက်.."

တံခါးဖွင့်မည့်လက်ကတုန်ကာ သော့တွဲလည်းလွတ်ကျ၏။ ဇေ့ ဇေ့မကြည့်ရဲအောင် တင်းမာနေသည့်ဂျန်းမျက်လုံးတွေကို ရှောင်ရင်း ကောင်မလေးက သော့ကိုကမန်းကတန်းငုံ့ကောက်လိုက်ပြီး ခေါင်းငုံ့လျက်နှင့်.. ၊

"မမဖျားနေလို့ပါရှင့်.."

"သော့ချိတ်ထားခဲ့.."

"ရှင်..ဟုတ် ဟုတ်ကဲ့.."

သော့ကိုသော့ပေါက်ထဲထည့်တပ်ပေးခဲ့ပြီး အပြေးအလွှားထွက်သွား၏။ ဂျန်းကသူ့ဘာသာသော့ဖွင့်ပြီးဝင်လာကာ ဖိနပ်ချွတ်နေရင်း အပေါ်တစ်ပိုင်းမှန်ကနေ ဧည့်ခန်းထဲကိုလှမ်းကြည့်သည်။ နှစ်ယောက်တွဲဆိုဖာထက်မှာရှီးက ထိုင်တာလည်းမဟုတ်၊ လှဲနေတာလည်းမဟုတ်ဘဲ လက်ပိုက်ပြီးဒူးလေးကွေး၍ ပျော့ခွေနေသည်။

မိန်းကလေးနှစ်ယောက်မှာ တစ်ယောက်ကသူမကိုယ်ပေါ်က လျှောကျနေသည့်စောင်ကို ပြန်ဆွဲတင်နေရသည့်အလုပ်လုပ်နေရင်း တစ်ယောက်ကဆိုဖာအောက်မှာဒူးထောက်ထိုင်ရင်း ဘာတွေပျာယာခတ်နေသည်မသိ.. ၊

"အဲ့ဒါဘာဖြစ်နေတာလဲ.."

"မမကိုယ်တွေတအားပူနေလို့ပါ.."

"ဆရာဝန်ခေါ်လိုက်ပါလား..ဒီလောက်တောင်နားမလည်ဘူး



လား.."

"ဟို..မမက မမကမခေါ်ရဘူးဆိုလို့ပါ.."

ဂျန်းမျက်နှာတင်းသည်ထက် ပိုတင်းသွားကာ ဖုန်းထုတ်ပြီးဆရာဝန်ခေါ်သည်။ အချိန်ကညကိုးနာရီခွဲနေပြီဖြစ်ကာ ရှီးမျက်နှာကမီးရောင်အောက်မှာ နီရဲညိုတက်နေ၏။

"သွားကြစမ်း..တောက်.."

ဒေါသထွက်တာက တစ်ခုခုကိုဖောက်ခွဲဖျက်ဆီးပစ်ချင်နေတဲ့အထိ.. ၊

"တစ်ယောက်မှအသုံးမကျဘူး..မခေါ်ရဘူးဆိုတိုင်းနေရလား.."

မိန်းကလေးတွေကို မောင်းထုတ်ပစ်လိုက်ပြီး ရှီးရဲ့ဘေးကိုရောက်သွားတော့ ခါးထောက်ရင်းစူးစိုက်ကြည့်မိကာ.. ၊

"ခင်ဗျားသေချင်နေပြီဆိုတာသိရလို့ ကျေနပ်တယ်.."

မျက်တောင်ဖျားလေးတွေလှုပ်ခတ်လာတာကို စောင့်ကြည့်လိုက်သေးသည်။ ပြီးမှ.. ၊

"ဒါပေမယ့် သေချင်တိုင်းသေလို့မရဘူး..ကျုပ်ကိုကြွေးမဆပ်ဘဲ ခင်ဗျားတိုင်နဲ့ခေါင်းနဲ့ပြေးဆောင့်သေသွားလည်း ခင်ဗျားရဲ့ကိုယ်ခန္ဓာကြီးကို အရှက်တကွဲဖြစ်အောင်.."

"လူယုတ်မာ.."

သတိလစ်မတတ်တုန်ယင်မေ့မူးနေပေမယ့် ရက်သည့်စိတ်ကြောင့် ဂျန်းရဲ့ကုတ်အင်္ကျီအနားစကိုဖမ်းဆွဲ၍ အားယူကာသူ့ပါးကိုဆွဲရိုက်ပစ်လိုက်၏။ သူ့အရပ်ရှည်တာ မီတာမမီတာကိုမသိ။ ဂျန်းကသူ့မေးဖျားဆီ ဝိုက်တက်လာသည့်လက်ကို မျက်နှာငဲ့ရှောင်လိုက်ပြီး အင်္ကျီမှာဆုပ်ဆွဲထားသည့်လက်ကို ပုတ်ထုတ်ပစ်လိုက်၏။

ရိုက်ချက်လွဲသွားကာ နောက်ထပ်ဖြုတ်ချခံလိုက်ရသဖြင့် ရှီးကိုယ်လေးဆိုဖာပေါ်ကနေ ကြမ်းပေါ်သို့အထွေးလိုက်ပြုတ်ကျလေသည်။ ဂျန်းကနောက်ဆုတ်ရပ်လိုက်ပြီး သူမကိုငုံ့ကြည့်ကာ..

"နောက်ထပ်ကြွေးတင်သွားပြန်ပြီ.."

"ဘာ.."

ရှီးပြန်ထဖို့ကြိုးစားရင်း အသားတွေကုန်ကာဖြန်လည်ပြိုလဲ

www.burmeseclassic.com

www.burmeseclassic.com



လျက်.. ၊

"မင်း..မင်းဒီလောက်ထိနှိပ်စက်ခဲ့တာတောင် ကြွေးထပ်တင်တယ်..မင်း..မင်း.."

"ဒီလောက်ထိဆိုတာဘာလဲ..ခင်ဗျားကြောင့် ကျုပ်အချုပ်ကျခဲ့တာနှစ်ခါ၊ ဒါပေမယ့် ပထမတစ်ခါက ရပ်ကွက်ရုံးကနေ ရဲစခန်းရောက်တာရယ်..နောက်ထပ်တစ်ခါ ရဲအချုပ်ကနေ ရုံးချုပ်ထိရောက်တာရယ်၊ ပြောင်းရွှေ့ခံရတာတွေ ထည့်တွက်ရင်လေးခါ.."

"မင်းကြောင့် ငါဘာတွေဖြစ်ပျက်ခဲ့ရသလဲဂျန်း..ငါဘဝပျက်ခဲ့ရတာရော မင်းသိလား.."

"မသိချင်ဘူး..ကျုပ်ကိုလာပေါက်တဲ့မြွေ ဘယ်အရပ်ကလာတာလဲ၊ လူဘယ်နှစ်ရာလောက် ဝိုင်းရိုက်လိုက်တဲ့မြွေလဲဆိုတာတွေ ကျုပ်စိတ်မဝင်စားဘူး..အနာတရဖြစ်လာရင် ကိုယ့်အသားနာမှ နာမှန်းသိတာ၊ သူများနာတာကိုလည်း စာနာမပေးနိုင်ဘူး..ကိုယ်ဘယ်လောက်နာလဲ သူများသိဖို့လည်းမလိုဘူး၊ အဲ့ဒီတော့ အချုပ်ကျရခြင်းတွေပဲလေးကြိမ်ရယ်..ကျရခြင်းအကြောင်းတရားတွေရယ်.."

"ငါ့ကိုသတ်ပစ်လိုက်ဂျန်း..ခုပဲသတ်လိုက်စမ်းပါ၊ ငါ့ကိုယ်ငါသတ်ပါတယ်လို့ မင်းအပြစ်မရှိအောင် စာရေးခဲ့ပါ့မယ်.."

"လုံးဝမသတ်ဘူး.."

ပြောနေရင်း သူမကိုကောက်ပွေ့လိုက်သည်။ သူရဲ့ကိုယ်နဲ့ ပြီးတော့ သူ့မျက်နှာကိုမမြင်ချင်မသိချင်အောင်ဖြစ်ရကာ ရှူးအသက်အောင့်၍ မျက်လုံးတွေကိုမှိတ်ထားလိုက်သည်။ သူပွေ့ချီသွားသည့်အတိုင်း လှေကားထစ်တွေကို နင်းဖြတ်၍အိပ်ခန်းထဲရောက်လျှင် အသက်အောင့်ထားခဲ့သည့်အရှိန်နှင့် ရှူးသတိလစ်သွား၏။

ငါသေသွားပြီလား..ပျော်လိုက်တာ.. ၊

ရှူးအိမ်မက်ထဲမှာ အားပါးတရရယ်ချလိုက်ဖို့ တက်ကြွစွာရှိစဉ် ထူတန်းသောမျက်ခုံး စူးရဲသည့်မျက်လုံးတွေနှင့် ဂျန်းရဲ့မျက်နှာက နီးကပ်စွာပေါ်လာကာ.. ၊

"မင်းသေသွားရင်လည်း မင်းရဲ့ကိုယ်ခန္ဓာကြီးကို အရုပ်တကဲ့ဖြစ်အောင် ငါဘာလုပ်မလဲကြည့်လိုက်လေ.."



ဟင့်အင်း.. ၊

ရှူးခေါင်းတွင်တွင်ခါ၍ လန့်ဖျန့်အော်မိ၏။

"မလုပ်ပါနဲ့..ဟင့်အင်း၊ ငါမသေဘူး..အား.."

"သူကယောင်ကတမ်းအော်နေတာ.."

ဆရာဝန်ကဆေးတစ်လုံးထိုးပေးပြီး အခြေအနေကိုပြောပြသည် ဂျန်းကရှူးမျက်နှာလေးကို စိုက်ကြည့်ပြီး ခပ်မှုံ့မှုံ့ပြုံး၏။

"လူနာက အတော်အားနည်းနေတယ်..အေးဆေးအနားယူရမယ် ခုလာနေရင် ပြန်အိပ်ပျော်သွားပါလိမ့်မယ်..အရမ်းတော့မစိုးရိမ်ပါနဲ့.."

အခြေအနေကြည့်ပြီး လိုအပ်ရင်ဖုန်းဆက်ခေါ်ဖို့ပါပြောသွားသည်။ ဂျန်းကရှူးမွေ့ရာဘေးမှာ ခုံဆွဲထိုင်လိုက်ရင်း စီးကရက်မီးညှိသည်။ ပြီးတော့ မီးခိုးတွေလွှန့်လူးလာသည့်နောက်က ရှူးရဲ့ပုံစံလေးကို စိုက်ကြည့်နေခဲ့၏။

ဆံနွယ်တွေဖြန့်ခင်းလဲလျောင်းနေသလို ဖရိုဖရဲငှဲ့ကျနေသည့်မျက်နှာလေးက မီးရောင်အောက်မှာဝင်းဝင်းစက်စက်လေး။ ခံစားချက်ကင်းမဲ့နေချိန် နှုတ်ခမ်းလေးတွေ မျက်ခုံးတန်းလေးတွေက ပန်းချီဆရာစုတ်ချက်တင်ထားသလို လက်ရာမြောက်လေသည်။

သူမကိုမြင်မြင်ချင်း သူငေးမောကြည့်နေခဲ့မိသည်။ သေပြေးရှင်ပြေးကိုယ့်အခြေအနေကိုမေ့သွားခဲ့လျက် ကိုယ့်အသက်လေးကိုအရိတွေပါ ထည့်တွက်ရင်တောင် သူမနဲ့အသက်မတူနိုင်တာလည်း သိနေတာတောင်.. ၊

"ဟွန့်.."

အဲ့ဒီမိန်းမက သူ့ကိုကူလီကူမာတွေနဲ့ ရိုက်ပုတ်မယ့်လူတွေ ထက်ထဲထည့်ခဲ့သည်။ ဒါနဲ့တောင် သူကလည်းတကောက်ကောက် လိုက်နေခဲ့မိသည်။ သူမကလည်း ရဲတွေလက်ထဲထပ်ထည့်ခဲ့သည်။ သွားလာတည်းက ဒဏ်ရာတွေထင်နေခဲ့သည့်နှလုံးသားဟာ စွဲလမ်းမှုန်သမျှတိုင်းကို မှင်နီသားခဲ့သည်။

မုန်းလွန်းလို့မေ့မရခဲ့သည့် ခေါင်းစဉ်အောက်မှာ သူမေ့မရနိုင်သော ယောကျ်ားမိန်းမအားလုံးကို ဒုက္ခပေးဖို့ပဲဖြစ်လာခဲ့၏။ သူတို့

www.burmeseclassic.com

www.burmeseclassic.com



တွေ စိတ်ဆင်းရဲဒုက္ခရောက်ရမည်။ ကိုယ်ခံစားရတာထက် အဆပေါင်းများစွာပိုစေရမည်။ တေးမှတ်ထားခဲ့တဲ့အငြိုးနဲ့လက်တွေက ခုမှစကာစပဲရှိသေးသည်။ သူမက ခွေလဲနေခဲ့ပြီ.. ၊

မရဘူးဒေါ်ကြာနွယ်ရိုး..ခင်ဗျားဒီထက် အများကြီးယူရဦးမှာ..

စီးကရက်ကိုနှုတ်ခမ်းမှာတပ်လိုက်ရင်း အားပါးတရဖွာရှိုက်ပစ်လိုက်သည်။ ပြီးတော့ မှန်တင်ခုံဘက်ကိုငဲ့ကြည့်လိုက်မိလျှင် သူချပေးထားခဲ့သည့် အပြာရင့်ရောင်ရတနာဘူးတွေက ဒီတိုင်းအထပ်လိုက်.. ၊

အိမ်မှာအလုပ်သမားတွေရောက်လာတာတောင် ဝတ်ဝတ်မဝတ်ဝတ် သိမ်းဆည်းထားရမယ်ဆိုတာမသိ။ ဒါတွေကိုလက်နဲ့တောင်မထိပါဘူးဆိုတဲ့ မာနတွေပြတာမှန်းသူသိသည်။ မသိလို့မဟုတ်ဘဲ မထိချင်တာကို ထိချင်လာအောင် သူမတတ်နိုင်ဘူးထင်နေတာလား..

ရတနာဘူးတွေနဲ့သူမမျက်နှာကို ခေါက်တုံ့ခေါက်ပြန်ကြည့်ရင်း သူမဲ့လိုက်သည်။ ပြီးတော့ ထိုင်ရာကနေလွှဲရိုက်ပစ်လိုက်လျှင် ရတနာဘူးတွေနံရံဆီလွင့်ထွက်သွားကြပြီ.. ၊

"ဘုတ်.."

"ဘုန်း.."

"ဒေါက်..ဒေါက်.."

အသံတွေစုံသွားသလို မီးရောင်မှာပြိုးပြက်လက်သွားကြ၏။ ထိုစဉ် ရေနွေးဇလုံလေးကိုင်လျက် ဟထားသည့်အခန်းရှေ့ကိုရောက်လာသည့် မိန်းကလေးတစ်ယောက်.. ၊

"ဟို..ဟိုဥစ္စာ ကျွန်မ.."

ပြန့်ကျဲလွင့်ထွက်လာသည့် လက်ဝတ်လက်စားတွေကို ငုံ့ကြည့်ပြီး ကတုန်ကယင်ခွေကျတော့မတတ်.. ၊

"ဟိတ်..ဒီမှာကြည့်.."

"ရှင်.."

ဂျန်းကသူမရှေ့ကို တစ်လှမ်းချင်းလျှောက်သွားပြီး အနားရောက်မှ မျက်နှာကိုလက်ညှိုးထိုးကာ.. ၊

"မင်းတို့အားလုံးကိုပြောမယ်..ခု ဒီထဲမှာပြန့်ကျဲနေတဲ့ပစ္စည်းတွေကို လက်ဖျားနဲ့တောင်မထိနဲ့၊ ဒီအတိုင်းဆံချည်တစ်မျှင်စာမရွေ့အောင်ရှောင်..စိန်တစ်ပွင့်ရွှေတစ်မှုန်ပျောက်တာနဲ့ မင်းတို့လက်တွေကို တစ်ဆစ်ချင်းဖြတ်ပစ်မယ်၊ မတော်တဆထိမိခဲ့ရင်လည်း အဲ့ဒီလက်ကို အက်ဆစ်နဲ့စိမ်ပစ်မယ်.."



"ဟုတ်..ဟုတ်ကဲ့ပါ.."

စူးစိုက်ကြည့်နေသည့်မျက်လုံးတွေကို ရင်ဆိုင်မကြည့်ဝံ့ဘဲ ရေနွေးဇလုံကိုင်ထားရင်း မျက်လုံးတွေစုံမှိတ်ထားမိသည်။ အတော်ကြာမှ မရဲတရဲဖွင့်လိုက်တော့ ဂျန်းမရှိတော့ပေ.. ၊

ကောင်မလေးအခန်းထဲကကြမ်းပြင်ကိုကြည့်၍ သက်ပြင်းအခါခါရှိုက်၍ အားယူပြင်ဆင်နေသော်လည်း အထဲဝင်ရမည့်အစား ရှူးရှူးပေါက်ချင်စိတ်တွေသာ ကြီးမားဆိုးရွားစွာဖြစ်လာခဲ့ပြီ.. ၊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၁)

"သိမ်းလိုက်ပါမမရယ်နော်..သူဌေးကို ကျွန်မတို့ကြောက်လို့ပါ.."

"ဟုတ်ပါတယ်မမရယ်..ဟို ဟိုမှာလေ..စိန်တွေထွက်နေတာလားမသိဘူး၊ မတော်တဆပျောက်သွားရင် စုစုတို့လက်ဖြတ်ခံရမှာ.."

"အောင်မလေးနေရာရွှေ့ရင်တောင် လက်ကိုအက်ဆစ်နဲ့စိမ်မှာပါဆို..သိမ်းလိုက်ပါမမရယ်၊ အဲ့ဒါတွေကိုမမပဲကိုင်ခွင့်ရှိတာ..ကိုင်လိုက်ပါနော်.."

ပြန်တိုင်လိုက်ကြတာ ကြောက်လွန်းလို့ငိုချတော့မယ့်အတိုင်း။ ပြန်နိုးလာသည့်အချိန်မှာ တစ်ခန်းလုံးပွင့်နေသည့်ဘူးတွေ တစ်အိ ပြုတ်ထွက်နေသည့်ဘူးတွေ ပြီးတော့ ဘူးထဲကနေတစ်ဝက်ထွက်နေ သည့် လည်ဆွဲကုံးတွေ ကြမ်းပြင်မှာပြန့်ကျဲနေသည့် လက်စွပ်လက် ကောက်တွေအပြင် ပြုတ်ထွက်ပျက်စီးနေသည့်စိန်ပွင့်တချို့က နေရာ စုံကနေ တလက်လက်မျက်စပစ်နေကြ၏။

ဒါတွေကိုမှန်တင်ခုံပေါ်ကနေ ရိုက်ချပစ်လိုက်တာလား..။ တ မင်ယူပြီးပေါက်ခွဲပစ်တာလား..။ ဘာသဘောနဲ့လဲ.. ။ တွေးကြည့် လိုက်တာနှင့်ချက်ချင်း သဘောပေါက်သွားသည်။ မိန်းကလေးတွေ ပြောလိုက်တော့ ပိုရှင်းသွား၏။ ဒီပစ္စည်းတွေကို သူမလက်နဲ့ထိကိုင် သိမ်းဆည်းလိုက်တာကို လိုချင်လို့.. ၊

"အားလုံးအပြင်ထွက်ကြ.."

"ဟင်..မမသိမ်းတော့မှာလား၊ မမထနိုင်လို့လားဟင်.."

"ရတယ်.."



မိန်းကလေးတွေဝိုင်းကူမှဖြစ်မှာပေမယ့် တစ်ခုတလေပျောက် သွားရင် တစ်ယောက်ယောက်မှာအပြစ်ဖြစ်သွားနိုင်၏။

"မမ ဒါလေးစားလိုက်ပါဦးနော်..ဆေးသောက်ပြီးခဏနေမှ သိမ်းပါ၊ မမပစ္စည်းတွေကို မမသိမ်းတာဘာမှဖြစ်မှာမှမဟုတ်တာ.. ဟိုလေ သူဌေးလည်းအပြင်ထွက်သွားတာမိုးလင်းတည်းက.."

အားလုံးထဲမှာ စုစုဆိုသည့်မိန်းကလေးက သွက်သွက်လက် လက် ချစ်စရာလေးဖြစ်သည်။ အရပ်လေးပုသလောက် ဘာလုပ်လုပ် မြန်သည်။ အရိပ်အကဲလည်း နားလည်၏။ သူမကပဲမေရှမ်းတို့နဲ့ပါ လာပြီး မာလာနဲ့မိစံကို ထပ်ခေါ်ပေးခဲ့တာဖြစ်ကာ ရိုးနဲ့မေရှမ်းတို့ရယ် ဂျန်းနဲ့လေးယောက်၏အခြေအနေကိုလည်း အကဲဖမ်းမိနေခဲ့၏။

ထို့ကြောင့် သူမကရိုးကိုစိတ်ရင်းနှင့်ခင်မင်နေမိကာ သူဌေးရဲ့ ဦးစားပေးဇနီးအဖြစ် အနီးစပ်ဆုံးတွေးမိရင်း ဒီရှုပ်ထွေးမှုကို စိတ်ဝင် စားနေခဲ့တာဖြစ်သည်။

"မမထိုင်ကြည့်နေလေ..စုစုတို့သိမ်းပေးတာ သူဌေးကိုမပြောရင် ပြီးတာပါပဲ၊ စုစုတို့ပဲရှင်းပေး.."

"နေပေ့စေ..အကုန်လုံးသွားကြပါ.."

ရိုးက ကိုယ့်ကြောင့်သူများကိုမထိခိုက်စေချင်တာကြောင့် အား လုံးကိုထွက်ခိုင်းလိုက်သည်။ သူဒီလိုလုပ်စေချင်တာကို ဒီလိုမလုပ်ခဲ့ လျှင် ဂျန်းလောက်ရိုင်းစိုင်းတာမရှိ။ နာကျည်းနေမိသည့်စိတ်က ဂျန်း ကိုမုန်းနေခဲ့သည်။ ရုန်းထွက်ခွင့်လည်းမရသည့်အဖြစ်ကြောင့် နာ ကျည်းမိ၏။ နေရာမှခပ်ဖြည်းဖြည်းထရပ်လိုက်ပြီး စိန်ပွင့်တွေထွက် နေသည့် လက်ကောက်နားမှာဒူးထောက်လေးထိုင်လိုက်၏။

ရင်တွေတုန်ကာ ခေါင်းထဲမှာမိုက်ခနဲပြာခနဲဖြစ်သွားသည်။ အ သက်မှန်မှန်ရှူ၍ ထိန်းရင်း လက်လှမ်းမီသမျှကိုလိုက်ကောက်ကာ မီသည့်နေရာတွေကို ထိုင်လျက်ကနေ အဆင်ပြေသလိုလိုက်ရွှေ့ ကောက်ရင်း ဘူးတွေကိုထပ်လိုက်သည်။ ဘူးအားလုံးခုနစ်ဘူးရှိကာ လက်ဝတ်လက်စားတွေမှာ ပုလင်းကွဲကျောက်ကွဲတွေလို ပုံအော်ဖြစ် ညပ်နေ၏။

သူဘယ်လောက်ချမ်းသာတယ်ဆိုတာ သူမဒါတွေကိုထိကိုင်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်မှသိမှာမို့ ကိုင်ကိုကိုင်ရအောင်လုပ်ပစ်လိုက်တာတွေးမိတော့ ရွံသွားသည်။ မကောင်းမှုတွေနဲ့လောဘဇောတိုက်ပြီး ရှာဖွေထားတာတွေ ဘယ်လောက်ပေါများပါစေ ဘာအထင်ကြီးစရာရှိလို့လဲ.. ၊

တဖျတ်ဖျတ်တောက်ပနေသည့် လက်ဝတ်ရတနာတို့၏ဖြာယောင်းခြင်းကို နာကျည်းစွာဖြတ်တောက်၍ နေရာမှထရပ်လိုက်လျှင်

"အား..ကျွတ် ကျွတ်.."

ရိပ်ခနဲပြာဝေသွားသည်။ ကိုယ့်ကိုယ်ကိုလဲကျသွားနိုင်မှန်းသိလိုက်ကာ မလဲအောင်ထိန်းချုပ်လိုက်နိုင်သည်ထင်ခဲ့ပေမယ့်.. ၊

"ဘုတ်.."

ကိုင်ထားသည့်ဘူးတွေ အထပ်လိုက်ကပြန်လည်ပြုတ်ကျခြင်းသို့ရောက်ကာ ရှီးကိုယ့်ကိုယ်ကိုထိန်းနေရင်း ခွေကျသွားလေသည်။ သို့သော် သူမတစ်ကိုယ်လုံးသည် အချိန်မီဆွဲယူလိုက်သောဂျန်း၏ ရင်ခွင်ထဲသို့ရောက်သွားခဲ့ပြီး.. ၊

"ဒီလောက်ပျော့ရလား.."

သူမကိုပွေ့ထားပြီး စိတ်မရှည်စွာပြောမိရင်း.. ၊

"ဒီမှာဘာမှမလုပ်ရသေးဘူး..ခင်ဗျားကိုပြန်ပြုစုနေရတယ်.."

ပြောဆိုနေတာကိုကြားနေရပေမယ့် မာန်မာနကလည်းသူ့ရှေ့ ချီလိုက်တာကို လက်မခံချင်သော်ငြား ကိုယ့်ကိုယ်ကိုတောင်မဟန်နိုင်ခဲ့ပေ။ သို့သော် မွေ့ရာပေါ်မှာချပေးလိုက်သည့်အချိန် လည်ပင်းကြားထဲကျလာသည့် သူ့ဆံပင်ကြီးကအေးစက်စက်အထိအတွေ့ကိုသိလိုက်၏။

ထိုအခါတစ်ယောက်နဲ့တစ်ယောက် ဘယ်လောက်ထိနီးကပ်နေပြီလဲဆိုသည့်အတွေးကြောင့် ရှီးသူ့မျက်နှာလွှဲ၍တစ်ဖက်ကို လှည့်ဖို့ကြိုးစားလိုက်မိသည်။ သူမလှုပ်ရှားဖို့ကြိုးစားလိုက်တာကို ဂျန်းက ကာ.. ၊

"အဲ့ဒါဘာဖြစ်တာလဲ.."

ရှီးရဲ့ပခုံးလေးကိုဆွဲလှည့်ပြီး ဘေးမှာလက်တစ်ဖက်ထောက် ကာ.. ၊

"လူကိုမတူသလိုမတန်သလိုမလုပ်နဲ့..ကျုပ်ကရော ခင်ဗျား



ချင်ကိုင်ချင်လွန်းလို့လား.."

"ဒါဆိုလည်း မင်း..မင်းထွက်သွားပါလား၊ ဖယ်ပေး.."

"ဘာပြောတယ်.."

ဂျန်းကမဖယ်သည့်အပြင် ဘေးမှာထိုင်ချလိုက်ပြီး ရှီးကိုပခုံးလေးနှစ်ဖက်ကနေ ဆွဲထူလိုက်၏။ ဆံနွယ်ရှည်တွေဖရိုဖရဲလွင့်ဝဲပါသာကာ ဖြူဖျော့ဖျော့မျက်နှာလေးက မျက်တောင်ဖျားတို့လေးလံနေမှုနှင့် သနားချင်စဖွယ်လေးဖြစ်နေခဲ့၏။

ဒါပေမယ့် ခပ်လေးလေးဖွင့်ကြည့်သည့်မျက်ဝန်းလေးတွေက နှင့်လက်နေဆဲရှိကာ ဖြူဖျော့နေသည့်နှုတ်ခမ်းလွှာလေးက အလှ ကျက်ထူပြည့်စုံထွေးနေလျက်.. ၊

စိတ်လိုက်မာန်ပါဆွဲထူမိကာ သူမမျက်နှာလေးကိုအမှတ်တမဲ့ နေခဲ့မိ၏။ ပြီးတော့ ဆတ်ခနဲဖြစ်သွားကာကိုင်ထားမိသည့် လက် ကိုလွှတ်၍ ချက်ချင်းထရပ်လိုက်မိသည်။ သူလွှတ်လိုက်သည်နှင့် ဖြည်းဖြည်းခွေကျသွားသည့်ရှီးကို မတ်တပ်ကနေငုံ့ကြည့်မိသေးသည်။ ပြီးမှ ဆံပင်တစ်ချက်သပ်ရင်း သူ့လက်တွေကိုဘောင်းဘီနှစ် ထဲထည့်သည်။ ပြီးတော့ ခြေလှမ်းကျဲများနှင့် ထွက်လာခဲ့လေသည်။

ဒီလိုမိန်းမမျိုးကို ဘာလို့သွားလုပ်လိုက်တာလဲဆွဲလားကိုင်လား..။

အဲ့ဒါမာယာတွေများနေတာ။ မင်းအဲ့လိုကြည့်မိထိမိအောင် မိန်း ဉာဏ်တွေသုံးနေတာ.. ၊

ရွံစရာတွေ..ထွီ.. ၊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၂)

"ဘယ်လိုလဲ လူကြီးမင်း၊ ဦးသီလအောင်ဆီကသိမ်းယူထား
လိုက်တဲ့ကလပ်တွေကျတော့ အသက်ရှုပေါက်မလုပ်ပေးနိုင်တော့
လား.."

ဝိုင်းတဝိုင်းလုံးအသက်ရှူသံမကြားရလောက်အောင်တိတ်ဆိတ်
တာတောင် ဦးနန္ဒကဂျန်းကို ခနိုးခနဲ့ပြောဖို့တွေသတိရနေကာ၊
ညွှင်းညွှင်းရယ်နေတာလည်းရှိလျက်..၊

"ကျုပ်အထင်ပြောရရင် မင်းညစ်နေလို့များ ကျုပ်တို့ဝိုင်း
ဘက်လှည့်လာတာလားလို့.."

သူ့စကားသံကြောင့် အားလုံးမျက်နှာမှာအနှောင့်အယှက်
ခြင်းတွေဖြစ်ပေါ်နေကာ ဂျန်းမျက်နှာကတည်ငြိမ်နေသည်။ လက်
မှာအသားလေးတွန့်ရွှေ့နေသည့်ဖဲချပ်လေးတွေကို ချစ်သူရဲ့ပါး
လို့ထင်နေတာမျိုး..၊

"ဒါနဲ့ သူ့သမီးတွေကလည်း မင်းလက်ထဲမှာတော့ ကြော
လိမ္မာလေးတွေလိုပဲနော်.."

ဂျန်းမျက်နှာမသိမသာနီမြန်းလာသည်။ ဦးနန္ဒကပြောနေ

"သူ့သမီးတွေကတော်တော်လှတာ မင်းကိုတော့.."

"ခင်ဗျားလိုချင်ရင် ကျုပ်ကိုနိုင်အောင်တိုက်လေ.."

ပြောပြီးရထားသည့်ကဒ်ကို ချပြလိုက်၏။ ဦးနန္ဒကွက်ခနဲ မျ
နှာပျက်သွားသည်။ အားလုံးပဲ ဟင်ခနဲ ဖြစ်ကုန်ကြ၏။ဦးနန္ဒအ



ကာကြားကြည့်လိုက်ပြီးမှ..၊

"ဟား ဟား ဟား ဟား.."

ခပ်ကြိတ်ကြိတ်ရယ်လိုက်ပြီး သူကိုင်ထားသည့်ကဒ်ကို ဖက်ခနဲပစ်ချလိုက်လျှင်..၊

"ဟာ.."

တစ်ဝိုင်းလုံးမှာကျပ်ညပ်နေအောင် ကြည့်နေရကြသည့် သူ့လူကိုယ်လူပရိတ်သတ်အားလုံး၏ ပို၍ကျယ်လောင်သော 'ဟာ'သံကြီးသည်..၊

"ဟား ဟား ဟား ဟား.."

ဦးနန္ဒတပည့်တွေသွားကြီးတွေ အဖြီးသားဖြစ်ကုန်ကြကာ ထိုးအားသမျှကို သိမ်းကျုံးယူကြ၏။ ဂျန်းရဲ့နောက်မှာရပ်နေကြသည့်လူငယ်တွေမျက်နှာတွေ တင်းသွားကြပေမယ့် ထူးခြားသည့်လှုပ်ရှားမှုမျိုး ဖြစ်မလာကြပေ။ ဦးနန္ဒက မပြီးဆုံးနိုင်သောရယ်သံမျှင်းမျှင်းနှင့် အပုံလိုက်ချထိုးထားသည့် ငွေနဲ့စာရွက်စာတမ်းတွေ စားပွဲပေါ်မှာမရှိတော့ခြင်းအတွက် အရသာခံကျေနပ်နေခဲ့၏။

ကစားဝိုင်းတစ်ခုလုံး တိတ်ကျသွားသည်။ ဦးနန္ဒက မျက်မှောင်ကုတ်၍ ငြိမ်သက်နေသည့်ဂျန်းကိုစူးစိုက်ကြည့်နေ၏။ အံကြိတ်ထားသဖြင့် တင်းခနဲတင်းခနဲ လှုပ်ခတ်နေသည့်မေးရိုးနှစ်ဖက်က စိုက်ကြည့်နေသည့်သူရဲ့မျက်လုံးထဲမှာ သိသာစေသောကျရှုံးမှုပြယုဂ်ပင်..

"လူငယ်တွေဆိုတာ ဒီလိုပါပဲလေ..ကိုယ့်ကိုယ်ကိုအထင်ကြီးအဲ..ယုံကြည်မှုလွန်ကဲတာပေါ့၊ ဒါပေမယ့် မင်းသဘောနော်လူကြီးမင်း..ဆက်ကစားမလား ထပြန်မလား၊ ခုနမင်းပြောတဲ့မင်းရဲ့ဇနီးတွေ.."

"ဟော့လူ.."

ဂျန်းရဲ့နောက်မှာရပ်နေသည့်ဒီလေးက ခပ်ကြိတ်ကြိတ်ဖြစ်ဟားလိုက်ပြီး..၊

"ကိုယ့်သိက္ခာနဲ့ကိုယ်နေစမ်းပါ.."

"အံမာ..မင်းကလားကွ.."

တပည့်တစ်ယောက်ကလက်ပြင်ပြီး ရှေ့တိုးလိုက်လျှင် ဦးနန္ဒ

www.burmeseclassic.com

www.burmeseclassic.com



က လက်ကာတားလိုက်ပြီး.. ၊

"အဟွန်း..ဟွန်း ကျုပ်ကမင်းရဲ့သူဌေးပြောလို့ ပြောတာပါ၊ ဒီ
နေ့လည်း သူရဲ့ထူထောင်စဟိုတယ်လ်ကြီးတစ်ခုလုံး ကျုပ်လက်ထ
ရောက်သွားပြီဆိုတော့..အဟမ်း ဟမ်း အဲ့ဒါကြောင့်.."

သူပြောနေတုန်းဂျန်းရဲ့ဒေါသမျက်လုံးတွေ သူ့ဆီရောက်လာ
လျှင်.. ၊

"ထပြန်ချင်ပြန်နိုင်တယ်လို့..အဟွန်း၊ မရှိရှိတာချထိုးတဲ့အထ
ကျုပ်ကလည်း မလုပ်စေချင်ပါဘူး..ပြိုင်ဘက်ချင်းငဲ့ညှာဖို့တော့ ကျု
သိပါတယ်.."

"ကျွန်တော်ကလည်း အဲ့ဒီလိုထိုးနှက်အနိုင်ယူခံရတာကို အမုန်
ဆုံးပဲဦးနံ.."

ဦးနန္ဒကိုလူအများကကွယ်ရာမှာ ဦးနံလို့ခေါ်ကြသည်။ သူက
လည်းမကြိုက်။ ထို့ကြောင့် ဂျန်းခေါ်လိုက်တော့မျက်နှာပျက်သွား
သည်။ သို့သော် ဂျန်းတစ်ယောက်ရှုံးမဲမဲနေတာပဲမို့ သဘောထာ
ကြီးလိုက်ဖို့ ဆုံးဖြတ်၍.. ၊

"ဟုတ်ပါပြီဗျာ..ထိုးနှက်အနိုင်ယူသလိုပြောမိတာဆိုရင် ကျု
ကပဲတောင်းပန်ပါတယ်၊ ဒါနဲ့မင်းရဲ့ဆုံးဖြတ်ချက်လေး ပြောပါဦး
ငွေမရှိတာလား..ဆက်မလုပ်ရဲဘူး ဖြစ်နေတာလား၊ ဒါမှမဟုတ် အဲ
မင်းမှာဦးသီလအောင်ရဲ့ကလပ်တွေ ရှိနေသေးတာပဲ..အကျအန
မယ့်.."

"ခင်ဗျားကျွန်တော့်ဇနီးကို စိတ်ဝင်စားနေတယ်မို့လား.."

ဦးနန္ဒမျက်နှာကြီး သိသာစွာဝင်းထိန်သွားသည်။ လူကြီးမင်း
တဲ့ကောင်လေးက မိန်းမတွေကိုအမည်ခံသိမ်းယူထားပေမယ့် မပေါ
သင်းဘူးဆိုတာ လူတိုင်းသိသည်။ ပြောနေကြတာက လူကြီးမင်း
တဲ့လူက ဂေးတစ်ယောက်ဖြစ်သည်။ နောက်တချို့ကပြောတော့ လ
ဖြစ်ရှုံးနေသည့်ရောဂါရှိသည်လို့ ဆိုကြ၏။ ဒါကြောင့် သူ့မှာအ
တမ်းဒေါသထွက်နေတဲ့ မျက်နှာတည်တည်ကြီးနဲ့ အလုပ်ကလွဲပြ
ဘာမှစိတ်မဝင်စားတာဟု.. ၊

ကိုယ့်အတွေးနဲ့ကိုယ် ဦးနန္ဒနှုတ်ခမ်းတွေ ပြုံးဖြီးဖြီးကြီးဖြစ်လာ



သည်။

"ဘာလဲကိုယ့်လူ မိန်းမတွေကိုချထိုးတော့မှာလား.."

"စဉ်းစားရမှာပဲ..ကိုယ့်အတွက်လက်သာကိုယ်ချွတ်ဖြစ်အောင်
တော့ ချထိုးလို့ဘယ်ဖြစ်မလဲ.."

ဦးနန္ဒက ဂျန်းရဲ့မျက်လုံးတွေထဲကို မယုံသင်္ကာသလိုစူးစိုက်
ကြည့်သည်။ ပြီးမှ.. ၊

"မဆိုးပါဘူး..မင်းကိုယုံကြည်ပါတယ်၊ မဦးမချွတ်ပြောရရင်
တော့ မင်းပေးရဖို့ဖြစ်လာရင် ကတိတည်ရမယ်နော်.."

"ကျွန်တော်တည်ရဲအောင် ခင်ဗျားဘယ်လောက်ချမလဲဆိုတာ
သိချင်တယ်.."

"ဟား ဟား ဟား..သိပ်ရတာပေါ့ကွာ၊ ပြောပါဦး..မင်းမိန်းမ
နှစ်ယောက်လား သုံးယောက်စလုံးလား.."

"ကျွန်တော့်မှာ ဇနီးတစ်ယောက်ပဲရှိတယ်.."

"ဟမ်.."

ဦးနန္ဒနားရှုပ်သွားသည်။ ပြီးမှ ခေါင်းတဆတ်ဆတ်ညိတ်ကာ..

"ဒါဆိုလည်းကျုပ်တောင်းဆိုရတာ အားနာရသက်သက်တာ
ပါ..ကျန်တဲ့နှစ်ယောက်ပါအသာတွက် ထည့်လောင်းပါလား၊ ကျုပ်
ကလည်း လဲယူရမယ်ဆို တန်ရာတန်ကြေးဖြစ်ရမှာပေါ့.."

ဂျန်းမျက်နှာနီရဲလာသည်။ နောက်ကလူရွယ်တွေကလည်း အံ
ကြိတ်ကြိတ်ဖြစ်နေကြ၏။ ဦးနန္ဒကပြုံးနေကာ သူ့နောက်ကိုလှည့်
ပြီး လက်ပြလိုက်၏။ အတက်ချီကေ့စ်သုံးလုံးတက်လာပြီး တစ်လုံး
ပြီးတစ်လုံးဖွင့်ပြတာ ငွေစက္ကူတွေအပြည့်နှင့်ဖြစ်ကာ နောက်ထပ်
လေးလုံးမြောက်သည် စာရွက်စာတမ်းဖိုင်တွေနှင့်.. ၊

"ဟောဒီမှာ.."

သူကဖိုင်တွေကိုထုတ်ပြကာ.. ၊

"ဒီမှာမင်းရဲ့လူကြီးမင်းနာမည်နဲ့ဘဏ်အသစ်က စာရွက်စာ
တမ်းတွေ..ဒီမှာကကျုပ်ရဲ့.."

"ခင်ဗျားအားအထားရဆုံး 'ရေပြာ'နိုင်ငံခြားလုပ်ငန်းကြီးတစ်ခု
လုံးထည့်လိုက်ရင် ပိုပြည့်စုံတာပေါ့.."

www.burmeseclassic.com

www.burmeseclassic.com



"ဟင်..ဘာ.."

"ဟိုငွေအိတ်တွေပြန်သိမ်းပြီးတော့ပါ..ကျွန်တော်ကငွေမလိုချင်ဘူး၊ ပစ္စည်းပဲမက်တယ်.."

"မင်းတောင်းဆိုနေတာလားလူကြီးမင်း..တကယ်ဆို မင်းမိန်းမသုံးယောက်စလုံးဖြစ်ဖြစ် နောက်ထပ်ရှိသေးရင်ဖြစ်ဖြစ် ဘာဂျင်တွေမဟုတ်ဘူးနော်.."

"ခင်ဗျားများမက်မောနေသလားလို့ပါ..ကျွန်တော်ချထိုးနိုင်တာလည်း ဒါပဲရှိတာ၊ မထိုးရဲရင် ပွဲသိမ်းပြီ.."

"နေဦး.."

ဦးနန္ဒက လျှာတစ်ချက်သပ်၍ နှုတ်ခမ်းတွေကိုဖိပိတ်ပစ်ရင်း..

"အိုခေလေ..ပွဲကသိပ်မမျှပေမယ့် မင်းကကွဲထားတဲ့လူဆိုတော့ ကျုပ်ကလျှော့ရမှာပေါ့၊ ပြန်စမယ်.."

ကဒ်တွေပြန်ဝေနေကာမှ ဦးနန္ဒကသူတင်ထားသည့်သေတ္တာတွေကိုကြည့်ပြီး ဂျန်းဆီအကြည့်ရောက်ကာ.. ၊

"ကျုပ်တို့ချင်းယုံကြည်မှုနဲ့လုပ်ကြတာဆိုတော့ နောက်မှမမုန်းချင်ဘူးနော်.."

"ဟွန်း.."

ဂျန်းကခပ်ကြိတ်ကြိတ်ပြုံးပြီး ကဒ်တွေကိုကောက်ကိုင်၏။ ကစားပွဲသည် သူကသာမလို ကိုယ်ကသာမလိုရင်တမမနှင့် ပင့်သက်မရှိုက်ရဲအောင်ရှိနေခဲ့ပြီး တိတ်ဆိတ်ခြင်းက ကြောက်မက်ဖွယ်ကြီးစိုးနေခဲ့၏။ ဦးနန္ဒမျက်နှာပြုံးယောင်သမ်းလာကာ မျက်မှောင်ကုတ်အကျပ်ရိုက်နေသော ဂျန်းကိုမျက်လွှာပင့်ကြည့်၏။

ပြီးတော့ ကိုင်ထားသည့်ကဒ်ကို အသာလေးချပြီး ရှေ့တိုးလိုက်လျှင်.. ၊

"ဟာ.."

နှစ်ဖက်လူရှယ်တွေ ဟင်ခနဲဟာခနဲဖြစ်ကုန်ကြ၏။ ဂျန်းကမျက်တောင်ဖျားတွေစိုက်ခနဲဆင်းသွားပြီး လှမ်းကြည့်ကာ ခဏငြိမ်နေလျှင် ဦးနန္ဒကသွားကြီးဖြီးလာလျက်.. ၊

"အိုခေလေ..ကျုပ်ရဲ့လပ်ကီးဂဏန်းကိုက Kဆိုတော့လည်း..



"ခဏနေဦးလေ.."

ဂျန်းကပြောပြီး ကဒ်ကိုချပြလိုက်၏။ တစ်ဝိုင်းလုံးအသံတွေတိတ်ကျသွားခဲ့၏။ Aတွေပူးနေသည့်ကဒ်ကိုကြည့်၍ ဦးနန္ဒမယုံနိုင်ချက်စိမလွှဲနိုင်အောင်ကြည့်နေရင်း မျက်လုံးမခွာနိုင်.. ၊

နဖူးမှာချွေးစတွေ ချက်ချင်းစို့တက်လာလျက် ဖျတ်ခနဲမော့ကြည့်ကာ.. ၊

"မင်းငါ့ကိုလုပ်ကြံတာပဲ.."

"နှစ်ဦးသဘောတူ ကစားကြတာပါ.."

"မဟုတ်ဘူး.."

ဦးနန္ဒခေါင်းခါလိုက်တာနှင့် သူ့နောက်ကလူရှယ်တွေက သေတ္တာတွေကို မြန်မြန်ဆန်ဆန်ပြန်သိမ်းသည်။ ဂျန်းကသူတို့ထက်မြန်၏။ ဖဲကဒ်တွေကို အထပ်လိုက်ကောက်ယူလိုက်ကာ သေတ္တာကိုဆွဲလိုက်သူ၏မျက်နှာဆီ အထပ်လိုက်ပစ်ထည့်လိုက်၏။

"အား.."

ထိုလူမျက်နှာအုပ်၍ အိတ်လွှတ်ကျသွားလျှင် သူ့လူတွေလက်ထဲ အိတ်ကရောက်သွားကာ.. ၊

"ဦးနန္ဒ.."

"အ..ဟော့ မင်း.."

ဦးနန္ဒ၏စားပွဲထောက်၍ ထရပ်ဖို့ပြင်လိုက်သော လက်တစ်ဖက်ပေါ်မှာ ဝီစကီသောက်ထားသည့်ဒေါက်ဖန်ခွက်နဲ့ ဖိကပ်ထားလိုက်ပြီး.. ၊

"ထွက်ပြေးဖို့မလိုပါဘူး.."

"မင်း.."

ဦးနန္ဒက ဖန်ခွက်ကိုဖိညှစ်ခွဲပစ်ရန် ဖိကိုင်ထားသောဂျန်းရဲ့လက်ခုံက ထောင်ထနေသည့်သွေးကြောတို့ကိုကြည့်ကာ အသက်ရှူသွေပြင်းနေခဲ့ပြီး.. ၊

"လက်ကိုလွှတ်..ဟော့ကောင်.."

"ကျုပ်တို့ချင်းကတိတစ်လုံးနဲ့ အလုပ်လုပ်ခဲ့ကြတာဗျာ..ကစားပွဲလေးကျမှပဲ ဘယ်နှယ့်လုပ်ကြံရတယ်လို့.."

www.burmeseclassic.com

www.burmeseclassic.com



"ဒါ..ဒါပေမယ့် မင်းငါ့ကို ငါ့လုပ်ငန်းကြီးတစ်ခုလုံး ချမထိုးထိုင်အောင်.."

"ဟား ဟား ဟား ဟား.."

မြူဆွယ်တာလို့ပြောကာနီးမှ ဦးနန္ဒမျက်နှာကြီးနီရဲသွား၏။ တကယ်ဆိုကစားပွဲရဲ့ပရိယာယ်ဟာ ကစားသူရဲ့အရည်အချင်းပဲဖြစ်သည်။ တစ်ဖက်လူကကိုယ့်ကို အကဲခတ်နေချိန် ကိုယ့်မျက်နှာပေါ်မှာ တင်ထားလိုက်သည့်အနိုင်အရှုံး၏အရိပ်တွေကို တစ်ဖက်လူမသိအောင် ကာကွယ်ရင်းသိစေလိုက်တာဟာ ကျွမ်းကျင်မှုတစ်ခု.. ।

ဦးနန္ဒကိုယ့်ရဲ့ညံ့ဖျင်းမှုအပေါ် တက်တခေါက်ခေါက်ဖြစ်နေ၏။ တကယ်တော့ရန်သူကို အထင်သေးမိခြင်းသာ။ လူကြီးမင်းဆိုသည့် မာန်တက်နေသည့်စီးပွားရေးသမားပေါက်စနှင့် သူကစားခဲ့ဖူးတာ အကြိမ်ကြိမ်။ လေးကြိမ်မှာ နှစ်ကြိမ်ကအချိုကြီးနိုင်ခဲ့တာဖြစ်၏။ တစ်ကြိမ်မှာ ဒီကောင်လေးအံကြိတ်ပြီးငုတ်တုတ်မေ့ကျန်ခဲ့သည်

ပြီးတော့ ဒီကောင်လေးကလောင်းကစားပြီဆို မိုက်ရူးရဲဆန်လွန်း၏။ ဒါတွေကြောင့် သူသတိလစ်သွားခဲ့သည်။ ခုတော့ ကျားအိုကြီးကို ကြွက်ကလေးက ဟားတိုက်လှောင်ရယ်နေပါပြီ.. ।

"အားလုံးပြန်ချထားလိုက်ကြ.."

ဂျန်းကနောက်လှည့်မကြည့်ဘဲ အမိန့်ပေးလိုက်လျှင် သူ့ကောင်လေးတွေက အိတ်တွေကိုမတွန့်မရွံ့ပြန်ချထားကြ၏။ ဂျန်းကဖန်ခွက်ကို ဦးနန္ဒလက်ပေါ်က ပြန်ရုတ်ပြီးမှ စားပွဲအလယ်လောက်မှာ ဖိခွဲပစ်လိုက်၏။

ဦးနန္ဒတွန့်ခနဲဖြစ်သွားသည်။ အားလုံးမျက်နှာတွေပျက်ကုန်ကြ၏။ ဂျန်းကသူ့လက်မှာစိုက်လျက်ကျန်ရစ်ခဲ့သည့် ဖန်ကွဲစတို့ကို အေးဆေးနှုတ်ဖယ်ပြီး စားပွဲပေါ်မှာ တစ်စချင်းပြန်တင်ရင်း.. ।

"ခင်ဗျားနဲ့ကျုပ်ကစားခဲ့တာပါ..ကလေးသူငယ်တွေလို လက်သီးဆုပ်ကပ်ကြိမ်းပြီး အိုးပုတ်တောင်းယူတာမှမဟုတ်တာ အဲ့လိုကပ်ကြိမ်းရင်တောင် ခံရတာကကျုပ်ဆိုရင် သဘာဝကျသေးတယ်..အဟွန်း.."

ဦးနန္ဒဒေါသတွေကြီးကာ ရှက်စိတ်ကြောင့်မျက်နှာကြီးက အ



တော်စနီလို ရဲတွတ်လာ၏။

"ကျုပ်ဘက်ကလုပ်ကြံတယ်ထင်ရင်လုပ်ပါ..ဘယ်လိုရှာကြည့်ချင်သလဲ.."

ဂျန်းကနေရာမှထရပ်ကာ လက်နှစ်ဖက်မြှောက်ထားလိုက်သည်ပြီးတော့ ထိုင်ခုံကိုနောက်ပြန်ကန်လိုက်ပြီး နောက်ဆုတ်ရပ်လိုက်သေး၏။ ဦးနန္ဒမျက်လွှာချလိုက်ပြီး သူ့မျက်နှာသူလက်ဝါးနဲ့ပွတ်ချလိုက်သည်။ လူရွှယ်တွေက ဂျန်းကိုရှာမလို့ ရှေ့တက်လာကြတော့ လက်ကာတားလိုက်ပြီး.. ।

"အားလုံးထားခဲ့လိုက်တော့ ပြန်မယ်.."

"ခင်ဗျားပစ္စည်းတွေအတွက် ထပ်ကစားချင်ရင်ဖြစ်တယ်..ကြိုက်တဲ့နေရာကိုချိန်း၊ ဒါပေမယ့် အချိန်ကိုကျုပ်ကပဲ သတ်မှတ်မှာ."

ဦးနန္ဒမျက်နှာ ကောက်ကျစ်မှုများနှင့် ဝင်းခနဲမှော့လာ၏။ ပြီးတော့ ခေါင်းညိတ်လိုက်ကာ.. ।

"သဲန့်ခ်ယူ လူကြီးမင်း.."

"အဟွန်း.."

ကစားပွဲ၏အဆုံးအဖြတ်က ရိုးရှင်းစွာပြီးဆုံးခဲ့လေသည်။ သူဌေးကြီးဦးနန္ဒသည် နေ့ချင်းညချင်းမှာလုပ်ငန်းတွေလက်မဲ့ဖြစ်သွားခဲ့ပြီး လူကြီးမင်းကတော့.. ।

(၁)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၃)

“လူလေး..လူလေး..”

“ကျွန်တော်ဒီမှာ..”

ဦးပွကြီးက နောက်ဖေးကအိပ်စင်တန်းလျားလေးဆီသွားပြီး ဓာတ်မီးထိုးကြည့်နေခဲ့၏။ နောက်ကအသံကြားမှ လှည့်ကြည့်လိုက်ကာ.. ၊

“ဟေ..ငါ့ကောင်လေးအိပ်ထားပုံလည်းမရှိပါလား၊ ညဦးက သောက်ထားလို့အိပ်နေတယ်ထင်တာ..”

ဂျန်းကဆံပင်တွေဖားလျားပြေကျနေလျက် နဖူးကဆံပင်တွေကို သိမ်းလှန်ထားတာကပိုကရို။ ပြီးတော့ အတွင်းခံအင်္ကျီမပါဘဲ ဂျင်းအင်္ကျီကို ဒီတိုင်းစွပ်ထားတာမို့ ရင်ဘက်ကဒီတိုင်း။ ဂျင်းဘောင်းဘီကို ဒူးထိလိပ်တင်ထားသဖြင့် ကြမ်းရှသောခြေသလုံးမွှေးတွေကို ဒီတိုင်းမြင်နေရသည်။

လူပုံကနုချင်ပေမယ့် မုတ်ဆိတ်ရာပါးသိုင်းရာတွေနှင့် အပြတမ်းမှုန်ကုတ်ကုတ်ဖြစ်နေတတ်သည့် မျက်ခုံးအစုံကြောင့် သူ့မျက်နှာကရင့်ရော်နေ၏။

ဦးပွကြီးက ဓာတ်မီးကိုမပိတ်ဘဲထားခဲ့ပြီး အထဲဝင်၍အလှမီးလုံးတွေကို သွားဖွင့်လိုက်၏။ ခြံထဲမှာမြုပ်ကွယ်နေသည့်မီးတွေ တပြိုင်တည်းလင်းလာသဖြင့် တစ်ခြံလုံးကကဗျာဆန်အောင်လှသွားလေသည်။ အားလုံးသည်ကြက်ဆီရောင်လင်းထိန်နေသည့် အကြည်ရောင်မီးတွေဖြစ်ကာ ခြံထဲမှာပန်းမျိုးနွယ်တွေလည်း ရုပ်ယှက်ခတ်အောင် ရှိနေတာမဟုတ်ပေ။



အစိမ်းရောင်ကျောက်ခက်ပင်အုပ်လေးတွေကို အကွက်ချစိုက်ထားကာ စိန်ပန်းပင်တွေငါးပင်လောက်ရှိသည်။ တရုတ်စကားပင်တွေလည်း ရှိ၏။ လူတွေအမြင်မှာ ဒီလိုအပင်တွေကို တမင်အကွက်ချစိုက်ထားတာ ဆန်းရင်ဆန်းနေမှာပေမယ့် ဂျန်းရင်ထဲကနာကျင်မှုတွေအတွက်ကိုယ့်ဘဝနဲ့တူသော စိန်ပန်းတွေကအားအင်ပဲဖြစ်သည်။

တရုတ်စကားပင်ကတော့ သူ့ပုံစံကိုက ဒဏ္ဍာရီဆန်သည့်သဘာန်ရှိတာမို့ နှစ်သက်တာသက်သက်ပင်။ ဒီအပင်တွေမှာ လျှပ်စစ်မီးကြိုးတွေသွယ်ကာ မီးလုံးတွေအလှဆင်တာက ဦးပွကြီးရောက်လာမှ လုပ်ခဲ့တာဖြစ်ကာ.. ၊

“ဘယ်လိုလဲဂျန်း..သဘောကျရဲ့လား..”

ဂျန်းက လင်းထိန်နေသည့်ခြံကိုကြည့်၍ ပြုံးလိုက်ကာ အိပ်စင်အားမှာ ထိုင်လိုက်၏။ မီးချုပ်စတည်းက ဦးပွကြီးရဲ့အိမ်လေးထဲလာပြီး ထိုင်သောက်နေတာဖြစ်သည်။ သူလိုတာက တစ်ယောက်တည်းတစိမ့်စိမ့်တွေးပြီး အရက်ကိုရေလိုမျိုချနေဖို့.. ၊

“အလှအပတွေက ကျွန်တော်နဲ့မသက်ဆိုင်ဘူးလို့ ခံစားမိနေတာကြာပါပြီ..”

နာကျင်မှုတွေပွင့်အံလာခဲ့သည်။ ဦးပွကြီးကပြုံး၏။

“မင်းထင်တာပါလူလေးရယ်..ဒီမီးတွေဖွေးခနဲလင်းသွားတော့ ခြံကို မင်းကြည့်နေတဲ့မျက်လုံးတွေက ကြည်နူးမှုတွေနဲ့ပါ..”

ဂျန်းကပြုံးလိုက်ရင်း ဆံပင်တွေဖွနေ၏။ ဦးပွကြီးက အထဲကနေ ရေနွေးကြမ်းပါသည့်ဓာတ်ဘူးနှင့် ကန်စွန်းဥပြုတ်နဲ့မြေပဲပြုတ်ထည့်သည့် ပန်းကန်တွေကို တစ်ခုပြီးတစ်ခုယူလာပြီး သူ့ရှေ့မှာ ဘည်ခင်းပေးနေရင်း.. ၊

“ကိုင်း..ရေနွေးနဲ့တော့သိပ်မလိုက်ဘူးကွ၊ ဒါပေမယ့် ကျုပ်က ရေနွေးကြမ်း..မင်းကသွားရည်စာတွေစားပေါ့..”

ဟိုအရင်တည်းက ဂျန်းနဲ့အတူနေလာခဲ့တာမို့ ဂျန်းကြိုက်သည့်သွားရည်စာတွေဆို ဦးပွကြီးတော်တော်များများသိထားခဲ့၏။ ဆို့ပြင် ဒီညဂျန်းတစ်ခုခုအတွက် ရင်နင့်အောင်ခံစားနေရပြီမှန်း တွေးမိနေတဲ့အထိ ဂျန်းအပေါ်နားလည်နေခဲ့သူ.. ၊

www.burmeseclassic.com

www.burmeseclassic.com



"အရက်သမားတွေတောင် ထမင်းစားမပျက်တဲ့သူဆို ခံနိုင်ရည်ရှိတယ်ကွ..မင်းတအားသောက်ထားတာမို့လား၊ ရော့ အစားလည်းစားဦး.."

"ကျွန်တော်သိပ်မသောက်ပါဘူး.."

"ဟုတ်လို့လားဂျန်းရာ.."

"ဟုတ်တယ်..ကျွန်တော်တအားသောက်မိရင် တစ်ညလုံးမနိုးတော့ဘူး.."

"ဩော်..မင်းလည်း အရက်သောက်မှအိပ်ရတာကိုး.."

ဂျန်းကရယ်၏။ ဒါကိုသူများကြားရင် ရွဲ့ပြောနေသည်ထင်ကြလိမ့်မည်။ ဂျန်းဘယ်လိုနေထိုင်စားသောက်နေသည်ကို သိထားသည့်ဦးပွကြီးကတော့ ရွဲ့ပြောတာမဟုတ်ပါ.. ၊

"ငယ်တုန်းကတော့ကိုယ့်ရဲ့လောဘ ဒေါသ မောဟတွေကြောင့်လေ..နောက်ပြီး လူတစ်ယောက်နဲ့တစ်ယောက်ကိုယ်ခန္ဓာဖွဲ့စည်းပုံခြင်းတူပေမယ့် ဓာတ်ကြီးလေးပါးသက်ရောက်ပုံခြင်း မတူကြတော့ တစ်ယောက်အတွက်ဆေးက တခြားတစ်ယောက်အတွက်ဆေးမဖြစ်တာတွေရှိတယ်..တစ်ခါတလေအဆိပ်ကိုမျိုချလိုက်မှ သေမယ့်ရောဂါတောင် ပျောက်သွားသေးတယ်.."

"ဟုတ်တယ်..အဲ့ဒါတွေကျွန်တော်လက်ခံတယ်.."

"လက်ခံမှာပေါ့..မင်းကအဲ့ဒီလိုလူပဲ၊ တကယ်တော့ကွာ ခေတ်မီဆေးပညာတွေနဲ့တောင် တွက်ချက်မမီအောင် ဆန်းပြားတဲ့လူတွေရောဂါဘယတွေရှိနေတာဟာ ကံ ကံ၏အကျိုးတွေပဲကွ..မိမိပြုခဲ့တဲ့ပါရမီအကြောင်းကံတွေ ဆုတောင်းတွေပဲ.."

စကားရပ်လိုက်ပြီး မြေပဲပြုတ်ခွာစားနေသည့် ဂျန်းကိုစိုက်ကြည့်ကာ.. ၊

"မင်းလုပ်ချင်တာတွေ လုပ်ခဲ့ပြီးပြီ..ဖြစ်ချင်တာတွေလည်း ခုဖြစ်နေပြီပဲ၊ ငါပြောချင်တာက မင်းရဲ့ပါရမီအကြောင်းကံကြောင့် မစားဘဲနေခဲ့လည်း နေနိုင်တယ်..မအိပ်ချင်လောက်အောင် လောဘမောဟတွေဖုံးလွှမ်းပြီး ကြိုးစားနေတုန်းကလည်း မအိပ်ဖြစ်တာတွေကဘာမှ ပြဿနာမရှိဘူး..အဲ့ဒါတွေက မင်းတစ်သက်လုံးတော့ အ



ကောင်းတိုင်းရှိနေမှာ မဟုတ်ဘူးဂျန်း.."

"ကျွန်တော်သိပါတယ်..ဒါပေမယ့် အဲ့ဒါတွေကိုကျွန်တော်ဖြစ်ချင်တာတစ်ခုတည်းနဲ့ ကြိုးစားဖယ်ရှားခဲ့တာမဟုတ်ပါဘူး.."

"မှန်တာပေါ့..လူတွေက ငါမအိပ်ဘူး မစားဘဲနေမယ်လို့ ကိုယ့်ကိုယ်ကိုစေခိုင်းလို့ မရဘူးလေ၊ မင်းဒီနေ့ခုလိုချမ်းသာကြွယ်ဝရမှာမို့လို့..မင်းဘဝနဲ့မင်းရဲ့ကြိုးစားမှု လိုက်ဖက်အောင် မင်းရသင့်တာတွေကို ကံကအကျိုးပေးတာပဲ..ဒါပေမယ့် လောကကြီးကအကောင်းတွေချည်းတစ်လျှောက်လုံး ပေးနေမှာမဟုတ်ဘူးလေ.."

"ကျွန်တော်ပြည့်စုံနေပြီ..နားပါတော့လို့ ဦးပွကြီးပြောနေတာလား.."

"ဟုတ်တယ်.."

ဂျန်းက မြေပဲပြုတ်ကိုခွာ၍ အစေ့ကိုမြှောက်လိုက်ပြီးမှ ပါးစပ်ဟပြီး ဖမ်းထားလိုက်ကာ.. ၊

"အဲ့ဒါမှားတယ်..ကျွန်တော်လိုချင်တာတွေ မပြည့်စုံသေးဘူး.."

"ပြည့်စုံနေတာကို မင်းကယူမှမယူဘဲ..မင်းရင်ထဲမှာ နာကျည်းမှုတွေ မာန်မာနတွေခံနေတာကွ၊ တစ်စုံတစ်ခုကိုလိုချင်ရင် လက်ဝါးဖြန့်ထားမှ ဖမ်းဆုပ်မိမယ်..မင်းလက်ဝါးကိုမှောက်ထားရင်တော့ မင်းလက်ပေါ်မှာ ဘယ်လိုရတနာပဲတင်နေနေ ရယူဖို့ခဲယဉ်းမှာပဲ.."

"ကိုယ်မလိုချင်ရင်တော့.."

"ဒါကကိုယ်ဖမ်းဆုပ်မိပြီဆိုမှ ကိုယ့်သဘောလေ..လက်ခုပ်ထဲကရေ မှောက်လိုမှောက် သွန်လိုသွန်ဆိုတာ.."

ဂျန်းကမြေပဲတွေလက်နဲ့ဆုပ်နှိုက်ပြီး နေရာမှလျှောက်ထွက်သွား၏။ သွားနေရင်းမှ.. ၊

"လက်ဖြန့်တောင်းရတာကို သိပ်မုန်းတယ်..အထူးသဖြင့်အဲ့ဒီမိန်းမနဲ့ပတ်သက်သမျှ.."

"သူနဲ့ပတ်သက်ပြီးမှ မင်းကြိုးစားခဲ့တာတွေပါလူလေးရယ်..လူတစ်ယောက်ဟာရည်မှန်းချက်ကြီးမားနေလေ ကြိုးစားလေပေါ့၊ မင်းသည်း.."

"သူ့ကိုရည်ရွယ်ခဲ့တာ သူပေးခဲ့တဲ့အတိုင်း သူ့ကိုပြန်ပေးဖို့ပဲဦး

www.burmeseclassic.com

www.burmeseclassic.com



ပွကြီး..တခြားစွဲလမ်းတာမျိုးမဟုတ်ဘူး.."

"ဒါကတော့ အချိန်ကစကားပြောသွားမှာပါ.."

သူဘယ်လိုပြောပြော ရိုးအပေါ်မှာသူစွဲလမ်းခဲ့တာအပေါ် အ ရောင်ဆိုးကြည့်နေသည့်ဦးပွကြီးကို ပြန်ငဲ့ကြည့်မိသည်။ ဦးပွကြီးက တော့ အတွင်းကဒီကရေးရင်းကို ဒီတိုင်းမြင်ရအောင် လှုပနေသည် တိုက်ကြီးကိုပဲ လှမ်းကြည့်နေရင်း သူနဲ့အတူယှဉ်တွဲလျှောက်လျှ

"မင်းကိုငါပြောခဲ့တယ်နော်ဂျန်း..လူကြီးအုပ်ထိန်းသူလို့ကျ ကိုသတ်မှတ်ရင် အမြင်မတော်တာပြောရင်တော့ မင်းလက်ခံရမယ်

"ဦးပွကြီးက အမြင်မတော်ဖြစ်နေပေမယ့် ကျွန်တော်ကလက် နေတဲ့ကိစ္စမျိုးတော့ ခွင့်ချက်ထားပေးဖို့လိုတာပေါ့.."

ဦးပွကြီးကပြောသလောက် ဂျန်းကလည်းခေါင်းမာစွာငြင်း နေ၏။ သို့သော် နှစ်ယောက်ပြိုင်တူတိတ်ဆိတ်သွားချိန်မှာ ဂျန်းက ဟွန့်ခနဲရယ်လိုက်ပြီး.. ၊

"မနေ့ညကကျွန်တော် တစ်ဝိုင်းသိမ်းခဲ့တယ်..လုံးဝကိုပိုင်လ တာ အဟွန်း.."

"အဲ့ဒါဘာကြောင့်ဆိုတာ မင်းသိနေတယ်မို့လား.."

ဒါကျတော့ ဂျန်းကခေါင်းညိတ်၏။ ဦးပွကြီးကလည်း ကျေ သွားကာ.. ၊

"ငါပြောမယ်ဂျန်း..ကြာနွယ်ရိုးဆိုတဲ့မိန်းကလေးက မင်းထ ခြောက်နှစ်လောက်တော့ အသက်ကြီးပေမယ့် မင်းနဲ့သူကပဋ္ဌာန ဆက်အရမ်းနီးခဲ့ကြတယ်..တို့မမြင်နိုင်တဲ့အကျိုးအကြောင်း ကြောင့် မင်းတို့ချင်းအဆင်မပြေမှုတွေနဲ့ ဆုံခဲ့မုန်းခဲ့ကြပေမယ့် ဒီတို အဆုံးသတ်ရမယ့်လူတွေ မဟုတ်ဘူးဆိုတာ မင်းကိုယ်မင်းဆင်ခြ ကြည့်.."

ဂျန်းက မြေပဲစားနေရင်း အခွံတွေချည်းကျန်တော့ သစ်ပင်တ ပင်ရဲ့ပင်ခြေမှ စုပုံမလို့ကပ်သွား၏။

"နေ..နေ ဒီမှာထည့်.."

ဦးပွကြီးက အဆင်သင့်ယူလာပုံရသည့် အိတ်ပါးလေးတစ်လုံး ကို အဝလေးဖွင့်ထားပြီး ကမန်းကတန်းလှမ်းတားရင်း အနားရော



၏။ ဂျန်းကအပြစ်ရှိသည့်ကလေးလို ရပ်ကျဲကျဲနှင့်အိတ်ထဲကို ထည့်လိုက်ကာ.. ၊

"ဘာဖြစ်လို့လဲဦးပွကြီးကလည်း ပင်ခြေမှာပုံတော့ မြေသြဇာမ ဘူးလား.."

"မြေသြဇာဖြစ်တဲ့ဘဝဘယ်ရောက်မလဲ..ကြွက်တွေ ပုရွက်ဆိတ် တွယ်ပြီး သစ်မြစ်တွေပျက်စီးတာပေါ့၊ ဘာဖြစ်ဖြစ် စားကြွင်းစား ဆိုတာ စည်းကမ်းမဲ့မပစ်ရဘူးကွ.."

ရင်ထဲမှာကြည်နူးသွားသည်။ ပိုက်ဆံပေးနိုင်တိုင်း ခေါ်ခိုင်းလို့ ည့်လူတွေ ခြေထောက်ပြေးသုတ်ပေးတာတောင် သူဂုဏ်မယူ ပေ။ ကိုယ့်ကို ဂရုစိုက်နားလည်သောလူကြီးတစ်ယောက်၏ တ်ကြင်နာခြင်းကသာ ငယ်စဉ်အခါ မိဘရင်ခွင်ရိပ်မှာ ခံစား ည့်နွေးထွေးမှုမျိုးကို ပေးစွမ်းသည်ဖြစ်ရာ.. ၊

"ဦးပွကြီး ကျွန်တော်ဘယ်နေ့ပြန်လာမလဲမျှော်နေတယ်ဆိုတာ ကျွန်တော်တကယ်ယုံသွားပြီ.."

"သြော်..သြော် ခုမှ.."

ဂျန်းကရယ်လိုက်ရင်း ဦးပွကြီးပခုံးကိုဖက်၍.. ၊

"အဲ့လိုမဟုတ်ဘူး..တကယ်ကြည်နူးတဲ့အခိုက်အတန့်လေးတွေ မှတ်တမ်းတင်မိတာမျိုးပါ၊ ကျွန်တော်ချမ်းသာအောင်ကြိုးစားခဲ့ တာ အဲ့ဒီလူတစ်စုကို နင်းဖြတ်တက်ချင်တာ တစ်ခုတည်းပဲ..ကျန် ဘာမှမပါဘူး.."

"ကျန်တာဆိုတာ ဘာတွေများလဲ.."

ဂျန်းက စကားပင်မှာနွယ်ပြီးဆင်ထားသည့် မီးလုံးတွေကိုမော့ ကြည့်နေရင်း အံကြိတ်၏။ ထိုစဉ် အပေါ်ဆုံးထပ်ဆန်းရှိတ်ပေါ်က ပင်တွေကြားမှာ အရိပ်လေးတစ်ရိပ်ကို ဖျတ်ခနဲမြင်လိုက်ရသည်။ ရောင်ဆွယ်တာလက်ရှည်လေးနှင့် ဆံပင်တွေကို ဖြန့်ချထား ည့် ကြာနွယ်ရိုး.. ၊

သူမော့ကြည့်လိုက်တော့ မျက်လုံးချင်းဆုံမိသည့်အနေအထား ဖြစ်သွားသည်။ သို့သော် သူမကဖျတ်ခနဲလှည့်ဝင်သွား၏။ ဂျန်း တန်းသည့်မျက်ခုံးတန်းတွေ ကုတ်ကျသွားသည်။ ပြုံးရယ်နေ

www.burmeseclassic.com

www.burmeseclassic.com



သည့်မျက်နှာ ပျက်ယွင်းသွားတာနှင့် ဦးပွကြီးကလည်းသူကြည့်ေ သည့်နေရာကို လှမ်းကြည့်၏။ ထိုအခါ ဘယ်သူဘယ်ဝါမသဲကွဲ သော လှုပ်ရှားသွားသည့်အရိပ်တစ်ရိပ်ကို မြင်လိုက်ကာ.. ၊

"ကြာနွယ်ရိုးလား.."

"အဲဒီနေရာကို သူပဲထွက်ခွင့်ရှိတာ.."

"မကပါဘူးဂျန်းရာ..မင်းသူ့ကိုပေးထားတဲ့အခွင့်အရေးတွေ အ များကြီးပါ.."

ဂျန်းဘာမှမပြောဘဲ ထိုနေရာကိုကျော်ခိုင်း၍ မြက်ခင်းပေါ်မှ ထိုင်ချလိုက်သည်။ ပြီးတော့ တည်ငြိမ်သည့်အလှနှင့် ည၏ကောင် ကင်ကြီးကို မော့ကြည့်လိုက်ရင်း.. ၊

"ဒါဘာမှမဟုတ်ပါဘူး..တိရစ္ဆာန်တစ်ကောင်မွေးထားရင် နေ ရာစားစရာပေးရတာပဲ၊ နောက်ပြီး.."

သူစကားမဆက်ဘဲ အကြာကြီးနေ၏။ ဦးပွကြီးကလည်း သ ပြောလာမည့်အကြောင်းပြချက်တွေကိုစောင့်ပြီး တစ်ခွန်းမှမမေးဘဲေ ၏။ အတော်ကြာမှ လက်နှစ်ဖက်နောက်ပစ်ထောက်၍ ဦးပွကြီးထို သည့်ဘက်ကို လှည့်ကြည့်ကာ.. ၊

BURMESE CLASSIC .com

"ပြီးတော့ ဦးပွကြီးသိလား.."

"သိတာပေါ့.."

ချက်ချင်းပြန်ဖြေတော့ ဂျန်းကရယ်ကာ.. ၊

"အပွန်း..ဟုတ်တယ်၊ သူနဲ့ပြန်နီးလိုက်တာနဲ့ ကျွန်တော်ပြ မြင်လာရတယ်.."

"အေးလေ..ကျေးဇူးရှိတော့ ကျေးဇူးတွေ့ဆပ်နေတာ ယဉ်ယ ကျေးကျေး နူးနူးညံ့ညံ့.."

"ဒါကဖြစ်စဉ်တစ်ခုပါပဲ..ကျေးဇူးတွေဖြစ်လာဖို့မှမရှိတာ.."

"အဲဒါပဋ္ဌာန်းဆက်တွေပါ..မင်းဒီကိစ္စတစ်ခုကျမှနားကော တာ ငါနားမလည်နိုင်ဘူးဂျန်းရယ်၊ ဘာပဲဖြစ်ဖြစ် သူနဲ့ပဲပတ်သက်ေ တာမဟုတ်ဘူးလား..မင်းရဲ့စိတ်အာရုံတွေက သူနဲ့ဝေးနေရင် ဘာ မဟုတ်ဘူး၊ သူနဲ့အနီးအနားမှာရှိနေတိုင်း ကိုယ့်ကံကြမ္မာကို လ တလောဘာဖြစ်လာမလဲကြိုမြင်နိုင်တယ်.."



ဦးပွကြီးစိတ်မရှည်သလိုပြောတော့ ဂျန်းကငြိမ်နေ၏။ ရိုးနဲ့သူ ာင်ဆုံဆည်းခဲ့သည့် ညနေခင်းလေးပါပဲ။ သူမကိုမြင်လိုက်တာနှင့် ိုယ်မသိဘူးခဲ့သည့်သူစိမ်းမိန်းမတစ်ယောက်လည်းဖြစ်ကာ ဆံပင် ည်တွေဖြန့်ချထားလျက် မော့ငေးနေချင်ဖွယ်တင့်တယ်သည့် သူမရဲ့ ္ခ်ခင်ဖွယ်မျက်နှာလေးကြောင့် တမေ့တမောငေးကြည့်နေခဲ့မိ၏။

ထိုခဏအတွင်းမှာ သူဒီရွာကနေထွက်ခွာရတော့မည်ဆိုတာ ာရုံထဲမှာထင်ဟပ်လာခဲ့သည်။ ထို့ပြင် အဖြူရောင်ကားလေးတစ် ်းရယ် သူမရယ် သူရယ် ပြီးတော့ ရှုပ်ထွေးသည့်ပြဿနာအဝဝနှင့် ိရိပ်တွေက မသဲကွဲပေ.. ၊

သို့သော် ထိုကားဆီကို သူတန်းတန်းမတ်မတ်ရောက်အောင် ွားခဲ့သည်။ လူတွေဒီထိရောက်လာကြမည်ကိုလည်း ကြိုသိနေခဲ့ ၏။ ထို့ကြောင့် ဘယ်သူမှပြန်မတွေ့နိုင်အောင် သူပုန်းနေနိုင်ခဲ့သည်။ ူမကို သူကြိုတင်ဟောကိန်းထုတ်နေသမျှ သူမကအံ့သြဟန်တစ် ်က်လောက်နှင့် သဟောက်သဟမ်းတွေလုပ်ခဲ့သည်။ ဖြစ်လာတော့ ည်း ကိုယ်ဟာသူငယ်နှပ်စားအရွယ် သူခိုးကြမ်းပိုးအဖြစ်နဲ့သာ..

သူအချုပ်ထဲရောက်တဲ့အထိ ညှာတာချင်တဲ့လူကတစ်ယောက် နှစ်ယောက်စ။ အနိုင်ကျင့်နှိပ်စက်ချင်တဲ့လူတွေက ဒုနဲ့ဒေး။ ထို့ ြောင့် အရွယ်နဲ့မတန်အောင်ရိုက်နှက်နှိပ်စက်ခံခဲ့ရသည်။ ဒါပေ ည့် သူမကိုရှာဖို့စိတ်က တွန်းအားပေးနေခဲ့သည်။

ကြာနွယ်ရိုးဆိုသည့်နာမည်ရယ် သူမရဲ့ဆံပင်ပွေဝေ့ဝဲနေသည့် ိရိပ်ရယ်ဟာ သူနဲ့အာရုံများမှာ မပျောက်မပျက်စွဲထင်နေခဲ့၏။ သူမ ှာအရပ်ကို ခြေဦးလှည့်မိပြီဆိုတည်းက သူ့ဒုက္ခကိုသူသိသည်။ ိမ်ရှေ့မှာရပ်နေသည့်အချိန်သည် ကိုယ့်ကိုတုပ်နှောင်ရိုက်နှက်မယ့် ူတွေ ရောက်လာကြမှာကိုသိလျက်နှင့် အမိုက်ခံ၍စတေးခဲ့ရသလို ်း.. ၊

သူမမျက်နှာကို ကြည့်ချင်နေခဲ့သည်။ သူမနဲ့ခင်မင်ရင်းနှီးလာ ွတ်တိုးကြိုးစားချင်ခဲ့၏။ အားလုံးဟာနာကျည်းဆုံးရှုံးရခြင်းတွေ ာ အဖက်တင်ခဲ့ပြီး.. ၊

"သူ့ကိုအဲ့လိုမိန်းမမျိုးပဲဆိုတာ သိလိုက်ရတဲ့အချိန်မှာ ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော်အရမ်းရွံသွားခဲ့တာ.."

ဂျန်းက အတွေးတွေကိုအသက်သွင်းလိုက်ရင်း ပွင့်ခနဲမဲ့သည်

"မိန်းမတွေနှုတ်က ဘာဖြစ်ဖြစ်ပြောထွက်လာတဲ့မိန်းမညဏ်

ဆင်ခြေတွေကို ကျွန်တော်မုန်းတယ်.."

"မင်းအမေကျတော့ အဲ့လိုစကားတွေပြောတာ မင်းကြားဖူး

လား.."

ဂျန်းမျက်နှာတင်းသွားသည်။ လှည့်ကြည့်လိုက်တော့ ဦးပွကြ

ကလည်း တည်ငြိမ်စွာဖြင့်.. ၊

"စိတ်ဆိုးစရာစကားမဟုတ်ပါဘူး..ဖြေလည်းမဖြေနဲ့၊ ငါ

တာကိုပဲ မင်းစဉ်းစားကြည့်လိုက်..မိန်းမညဏ်ဆိုတာ လျှပ်တပြ

ပေါ်လာတဲ့ ဖြတ်ထိုးဉာဏ်ပဲ၊ သဗ်တုပ္ပတ္တိဉာဏ်ကိုဆိုလိုတာပါ..မိ

မညဏ်ရှိတိုင်း မဟုတ်တဲ့နေရာမှာပဲ တော်နေကြတာမဟုတ်ပါဘူး

ဘာဖြစ်ဖြစ်လက်မခံနိုင်ဖြစ်နေသည့် ဂျန်းရဲ့မျက်နှာကမီးရော

တခြမ်းကျနေသည့်ဘက်မှာပဲ တည်တင်းနေတာဒီတိုင်းမြင်နေရ

သိပ်မမူးဘူးထင်ရပေမယ့် သူ့ရဲ့စူးစိုက်မှုတွေ လျော့ရိလျော့ရဲဖြစ်သွ

သည်နှင့် ခေါင်းထဲမှာရီဝေဝေ။ ဒီလိုဖြစ်နေတိုင်း ရင်ထဲကစကားတွေ

ကို ပြောချင်စိတ်ဖြစ်လာမိကာ.. ၊

"ကြာနွယ်ရိုးကိုကျွန်တော်မုန်းတယ်.."

"ဟုတ်ပြီ..သူ့အစ်မနှစ်ယောက်ကို သိမ်းပိုက်ထားတာကအ

အဲ့ဒါဘာအတွက်လဲ.."

"အဲ့ဒီမိန်းမကို တမင်ချိုးပြချင်လို့.."

ဦးပွကြီးက ခေါင်းခါ၏။

"ကျွန်တော်ကလေးဆန်နေတာကို သိတယ်..ဒါပေမယ့်သူ

ကြောင့် ကျွန်တော်ခံစားခဲ့ရတာတွေလည်း ငယ်ဘဝတုန်းကပါပဲ၊

ဒါကြောင့် ကလေးကွက်တွေနင်းနေမိရင်လည်း အဲ့ဒါကျွန်တော့်ခံစ

ချက်အမှန်တွေပဲ..သူနဲ့တကွသောမိန်းမတွေကို ဘယ်သူ့ကိုမှအထ

မကြီးဘူးဆိုတာ သိစေချင်တယ်.."

"ဒါပေမယ့် မင်းသူ့အပေါ်ထားတဲ့တန်ဖိုးက.."

"မဟုတ်ဘူးဦးပွကြီး..သူ့ကိုတရားဝင်လက်ထပ်ထားတာရ

BURMESE CLASSIC .com



ကျွန်တော့်အနားမှာထားတာရယ်..အဲ့ဒါတွေက.."

သူဘာတွေဖြစ်ချင်နေတဲ့အကြောင်း ဆက်မပြောဘဲနေလိုက်မိသည်။ ထိုစဉ် ဖုန်းလာလိုက်သည့်အတွက် ပြောနေသည့်အကြောင်းအရာက ပြတ်တောက်သွားခဲ့ပြီး.. ၊

"ပြော ကိုဥက္ကာ.."

"..............."

"အင်း ဆောရီးဗျာ..ကျွန်တော်အဲ့ဘက်မရောက်ဖြစ်တာ ကြာပြီ.."

".............."

"အဲ့ဒါလည်း မပြောတတ်ဘူး..ဦးသန်းထိုက်ကို တစ်ချက်မေးကြည့်ပါ.."

ဖုန်းပြောပြီးတော့ ဦးပွကြီးကသူ့ကိုစိုက်ကြည့်နေသဖြင့်.. ၊

"စိတ်မပူပါနဲ့..ကျွန်တော်ကကတိပေးပြီးရင် ပြန်မဖျက်ဘူး.."

"အေးပါ..အဲ့အသံပဲကြားချင်တာပါ၊ ဒါပေမယ့် ခုပြောဖို့ထပ်ရှိနေတာက မင်းလောင်းကစားတွေဘက် လှည့်လာပြန်ပြီ.."

"မကောင်းမှုက ကျွန်တော့်ဘဝရဲ့အလင်းရောင်ပဲ.."

"မဟုတ်သေးဘူးလူလေး.."

"ဟုတ်တယ်..ကျွန်တော့်ကိုလူကြီးမင်းလို့ သူများတွေသတ်မှတ်ခေါ်ဝေါ်လာကြတာ မကောင်းမှုတွေက အားပေးခဲ့လို့ပဲ..ဒါပေမယ့် ကျွန်တော်က အမှောင်လောကထဲကို မဝင်ဘူး.."

"ဝင်မှန်းမသိဝင်နေတာကို နွံနစ်တာလို့ခေါ်တယ်..ဒါပေမယ့် မင်းအခုဘာမှမလုပ်တော့တာ ငါသိပါတယ်၊ လောင်းကစားတာကိုလည်း ဖြတ်ပါလူလေးရယ်..ကြာနွယ်ရိုး မင်းအနားမှာရှိနေတာ ငါပိုပြီးစိတ်ပူတယ်.."

ဂျန်းကပြုံးလိုက်ပြီး မြက်ခင်းပေါ်မှာပက်လက်လှဲလိုက်သည်။ ဦးပွကြီးကတော့ တကယ့်စိတ်ရင်းနဲ့ပူပန်မိတာပါ။ ရိုးနဲ့ဂျန်းအတူတူရှိနေပြီဆိုလျှင် ဂျန်းကသူ့အတွက် Lucky day ဖြစ်မဖြစ်ဆိုတာ တွက်လို့ရနေပြီဖြစ်ကာ အလောင်းအစားတွေကို ပို၍တွင်ကျယ်လာတော့မှာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုလုပ်ရင်းနိုင်ပွဲတွေဆက်နေတာက ကျေနပ်ဂုဏ်ယူဖွယ်မ ဟုတ်မှန်း သိသိမသိသိ ပြောပြလို့လည်းနားထောင်မှာမဟုတ်။

လုပ်နေကြတာက ကွမ်းဖိုးဆေးဖိုးထဲကချထိုးပြီး အပျင်းပြေရုံ ဆိုရင်လည်း မထောင်းသာပေမယ့် ခုဟာကအိုးပျောက်အိမ်ပျောက် ရင်းနှီးလျော်စားနေကြတာဖြစ်သည်။

ဦးပွကြီး ဒါကိုဘယ်လိုဆုံးမနားချရမှန်း မသိအောင်ဖြစ်နေရ ကာ.. ။

(၁)

BURMESE CLASSIC .com

## အခန်း(၂၄)

"မင်းသိခဲ့ပြီလား.."

"သိခဲ့တယ်ဆရာ.."

ဦးသီလအောင်အားတက်သရောဖြစ်သွားကာ အိမ်ထဲကို ဦး ဆောင်ဝင်သွားခဲ့သည်။ မနေ့တနေ့တုန်းကတိုက်ကြီးခြံကြီးနဲ့ တပည့် တပန်းတွေနဲ့ ခန့်ညားစွာနေလာခဲ့ရသည့် ဦးသီလအောင်ရဲ့အခြေအ နေသည် ဒီနေ့မနက်ဖြန်မှာ ဂျွမ်းထိုးမှောက်ခုံပြောင်းလဲခဲ့ပြီဖြစ်သည်။

အခြေခံလူတန်းစားတို့နေထိုင်ကြသည့် ရပ်ကွက်တစ်ခုထဲက ပျဉ်ထောင်အိမ်လုံးလေးထဲမှာ တပည့်တပန်းမရှိ တစ်ကိုယ်တည်းပဲ ဖြစ်နေကာ.. ။

"ပြောစမ်းပါဦးကိုချန်.."

တိုက်ကြီးနဲ့တုန်းက ခြံစောင့်ဦးချန်သည်သာ သူ့အပေါ်သစ္စာ ရှိစွာ မကြာခဏရောက်လာပြီး ကူညီအားပေးနေခဲ့၏။ ဦးချန်ကဝတ် ထားသည့် ဂျာကင်အကျီကြီးကိုချွတ်၍ ကုလားထိုင်ကျောမှီမှာတင် ထားလိုက်ရင်း ထိုင်ကာ.. ။

"အိမ်မှာခေါ်ကြတာက ဂျန်းဆိုလား..ဘဂျမ်းဆိုလား.."

"မင့်ဟာကမသေချာပါလား.."

"ကျုံ်တာကတော့ သေချာသလောက်ပါပဲဆရာရယ်..အဲ့ဒီနှာ ခေါင်းက ရဲမှူးချုပ်အရာရှိဟောင်းကြီးဦးချိုအေးက မမွေးစားခင်နာမည့် နဲ့ သေချာစုံစမ်းမရခဲ့တာ..ဦးချိုအေးက သူ့ကိုလှုအေးလို့ခေါ်တာတဲ့"

"အင်း..ဆက်ပြောပါဦး၊ ဒီလိုလူဆိုးလူရမ်းကားကို ရဲမှူးချုပ်က ခေါ်မွေးစားပြီး ကျားကိုအတောင်တပ်ပေးလိုက်တာလား.."

www.burmeseclassic.com

www.burmeseclassic.com



"အဲ့လိုမဟုတ်ဘူး..ဦးချိုအေးဆို့တဲ့လူကြီးက ကောင်လေးမလောက်လေးမလောက်စားအရွယ်လောက်မှာ မွေးစားခဲ့တာ..ကျွန်တော့်အထင်တော့ လူကြီးမင်းဆိုတာ သူ့ဟာသူပေးခဲ့တဲ့နာမည်ပဲဖြစ်မယ်.."

ဦးသီလအောင်က ခေါင်းညိတ်လိုက်ရင်း စီးကရက်ဘူးနဲ့မီးခြစ်ကို ဦးချန်ဘက်တွန်းပေးလိုက်ရင်း သောက်ဖို့မေးဆတ်ပြကာ.. ။

"ဒါဆိုဦးချိုအေးဆီမရောက်မီ သူ့နောက်ကြောင်းကိုမသိခဲ့ဘူးပေါ့.."

ဦးချန်က အားနာသွားသလို ခေါင်းခါလိုက်ရင်း.. ။

"ဒါပေမယ့်သဲ့သဲ့တော့ ကြားခဲ့တယ်ဆရာ..လူအေးဆိုတဲ့ကောင်လေးက အစတည်းက လူဆိုးသူခိုးလေးတဲ့.."

"ဟေ.."

"ဟုတ်တယ်..ဦးချိုအေးကကလေးကိုချစ်လို့ ပြုပြင်ထိန်းကျောင်းမယ်ဆိုပြီး မွေးစားလိုက်တာတဲ့၊ ပညာလည်းသင်ပေးတယ်..ကိုယ်ခံပညာသင်တန်းတွေလည်း ထားပေးခဲ့တယ်၊ သူ့ရည်ရွယ်တာက စာပေလည်းထူးချွန် သက်လုံပညာလည်းကောင်းလာရင် ဒုရဲအုပ်ဖြစ်ဖြစ် စုံစမ်းထောက်လှမ်းရေး အထူးအေးဂျင့်ဖြစ်ဖြစ် တိုင်းပြည်အတွက် ကြယ်တစ်ပွင့်ဖြစ်မယ်ပေါ့.."

"တကယ်ဖြစ်လာတော့ ကမ္ဘာကိုလောင်မယ့် မီးစတစ်စ.."

စိတ်တိုတိုနှင့်ပြောမိပြီးမှ ကိုယ့်ဒေါသကိုဘရိတ်ပြန်အုပ်ရသည် ဦးချန်ကလည်း ခေါင်းညိတ်၍.. ။

"လူအေးဆိုတဲ့ အဲ လူကြီးမင်းက ကိုယ်ခံပညာမှာတအားတော်ပြီး ပညာရေးကိုမကြိုးစားလို့ ဦးချိုအေးကမကြာခဏဆူပြောနေရတယ်တဲ့..အဲ့ဒါတွေကြောင့် ဦးချိုအေးဆီကထွက်သွားတာလား၊ ဦးချိုအေးကနှင်ချလိုက်တာလား အဲ့ဒါတော့မသိခဲ့ဘူး..လူကြီးမင်းက ဦးချိုအေးလက်ထဲမှာတော့ ပုံမှန်ကျောင်းသားလူငယ်ပဲ.."

"ဒါဆိုလူကြီးမင်းနဲ့ဦးချိုအေးက ဘာမှသက်ဆိုင်မှုမရှိတော့ဘူးလို့ပြောချင်တာပေါ့.."

"မရှိဆို ဦးချိုအေးကလည်းဆုံးသွားပြီ..သုံးလေးနှစ်ကြာပြီတဲ့.."



"ဒါဆို.."

"ဦးချိုအေးက တစ်ကိုယ်ရေးသမားလေ..သားထောက်သမီးခံလည်းမရှိ ဆွေမျိုးမရှိဆိုတော့ ကောင်လေးကိုပဲသူပိုင်ဆိုင်တာလေးလွှဲပေးခဲ့တာပေါ့၊ သိပ်မရှိပါဘူး..တိုက်နဲ့ခြံရယ် ကားတစ်စီးရယ်ပါပဲ၊ အတွင်းပစ္စည်းရှိမရှိတော့ မသိဘူး၊ အဲ့ဒါတွေကို သူ့ကိုသံယောဇဉ်ကြီးခဲ့တဲ့ လူယုံတစ်ယောက်က စောင့်ရှောက်ထားတယ်တဲ့..ကျွန်တော်သွားစုံစမ်းတာတော့ ခြံတံခါးနှစ်ဖက်စလုံး သော့ခတ်လို့ပဲ၊ စောင့်တဲ့လူမတွေ့ခဲ့ဘူး.."

"ဟွန်း..ရေများရာမိုးရွာ မလိုရာရှတယ်ဆိုတာ ဒါမျိုးပေါ့၊ ဟိုသဋ္ဌဝါက အောင်ပွဲတွေအလီလီခံနေတာ မသိရှာဘူး..သူပေးခဲ့တဲ့ တောင်းစုတ်ပလုံးစုတ်ကို ဟိုကမက်ပါ့မလား.."

ရင်ထဲမှာမီးတောက်နေသလိုပင်။ မနာလိုဝန်တိုခြင်းတွေလား ဒေါသမောဟမီးတွေလား..။ ဦးသီလအောင်အံ့တကြိတ်ကြိတ်ဖြစ်နေလေသည်။ ကိုယ့်ဒုက္ခနဲ့ကိုယ် ပတ်ဝန်းကျင်မှာမျက်နှာမပြရဲအောင်ဖြစ်နေကာမှ သမီးကြီးနှစ်ယောက်ကဖုန်းဆက်လာတိုင်း တစ်ခါမှ စကားကောင်းမပြောကြပေ.. ။

မေရှမ်းထက် ကူးကပိုဆိုး၏။ ကြာနွယ်ရိုးကို လူကြီးမင်းလက်ထပ်သွားကာမှ ဖုန်းပြောလာတာတွေပိုစိပ်လာသည်။ လူကြီးမင်းနဲ့ ခွါသွားတည်းက မဆက်သွယ်ချင်သလိုနေလာခဲ့ပြီး ရိုးနဲ့လက်ထပ်သွားတော့ ပြီးခဲ့သမျှအားလုံးက ဒီအဖေခွဲခြားစီစဉ်ခဲ့ပါသတဲ့.. ။

"တောက်.."

တွေးနေရင်း တက်ခေါက်မိလေသည်။ ဆိုးရွားသည့်အဖြစ်သည် ကိုယ်ကအဖေရင်းမဟုတ်ခဲ့သည်မို့ လုပ်ရက်လေခြင်းမည်၏။ သူဘယ်တုန်းကမှ သမီးတွေကိုရောင်းစားဖို့မရည်ရွယ်ခဲ့ပါ။ ဒါပေမယ့် ဒီတိုင်းဖြစ်သွားခဲ့သည်။ အားလုံးကိုဆုံးရှုံးခံနိုင်တာတောင် ဒါကိုမှ လက်ညှိုးထိုးပြီး အရယူသွားခဲ့၏။

သူကိုယ်တိုင်ထောင်ကျခံလိုက်ဖို့ ဆုံးဖြတ်ပြီးပါပြီဆိုတာတောင် သမီးတွေက လူကြီးမင်းနောက်ကိုသူတို့ကိုယ်တိုင် လိုက်သွားခဲ့ကြ၏။ ဒါတွေက ကြည်ဖြူစွာဖြစ်ခဲ့တာမှန်သော်လည်း မကြည်လင်ကြ

www.burmeseclassic.com

www.burmeseclassic.com



သည့်အချိန်မှာ မိဘကိုသာလက်ညှိုးထိုးစွပ်စွဲဖို့ဖြစ်လာခဲ့သည်။

ဦးသီလအောင် နေ့နေ့ညညတောက်လောင်နေရသည့် သောကမီးထဲမှာ လူကြီးမင်းကိုမုန်းတီးနေခဲ့သော ဒေါသမီးကပိုနေခဲ့၏။ ကူနဲ့မေရှမ်းကို တခမ်းတနားသီးသန့်ထားသည်။ ရှိုးကိုလက်ထပ်ပြီးအတူနေသည်။ ဒီနေ့ထိလည်း ရှိုးနဲ့ပြေလည်စွာနေထိုင်ပေါင်းသင်းကြသည်ဆိုသည့် သတင်းကိုမကြားခဲ့ရ.. ။

သင်း ဘာဖြစ်ချင်နေတာလဲ..။ ငါ့မိသားစုအပေါ်မှာ ဘယ်လိုရင်ချင်တာလဲ.. ။

"စိတ်အေးအေးထားပါဆရာ..ဒီကောင်မကြာပါဘူး.."

"ဘာပြောတာလဲ.."

"သူက ဦးနန္ဒလိုလူကို သွားစတာကိုး.."

"ငါသိတယ်လေ..အဲ့ဒါသွားစတာမဟုတ်ဘူး၊ အပြုတ်ဖြုတ်လိုက်တာ..ဒီလူကလည်း ဖဲဘုရင်ဆိုပြီးမာန်တက်နေတဲ့လူပါ၊ သူတို့သိပ်မထူးပါဘူး.."

"ဒါပေမယ့် အခုလူကြီးမင်းကို ထူးတဲ့လူလို့သူတို့ကထင်နေကြတာ.."

"ဟင်.."

"တစ်ယောက်နဲ့တစ်ယောက် အာရုံပြားအောင်သတ်တဲ့နည်းတွေရှိတာ သိနေကြတာပါ..ဒါပေမယ့် လူကြီးမင်းကိုတော့ ဘယ်သူမှအဲ့လိုမသတ်နိုင်ကြဘူး၊ ဒီလူက ကိုယ့်ကိုယ်ကိုယုံကြည်နေတာလား..အက်တင်ကောင်းတာလား ဒါမှမဟုတ် လောင်းကစားပါရမီထူးနေသလားပဲ၊ အချီကောင်းကျရင် သူပဲပိုက်ပြန်ရတာ.."

"မင်းကို သူ့နောက်ကြောင်းစုံစမ်းခိုင်းလိုက်တာ..ဘယ်နှယ့်လူကြီးမင်းတော်တာတွေချည်း သိနေရတာလဲ.."

"မဟုတ်ပါဘူး..ကျွန်တော်ပြောတာက.."

"လောင်းကစားပါရမီထူးတာမရှိဘူး..'ကြွေတစ်လှည့်ကြက်တစ်ခုန်ပဲ'၊ ဒီကောင်ကို ငါနိုင်ဖူးတာခဏခဏ..ဦးနန္ဒလည်းသူ့ကိုနိုင်ဖူးတာပဲ၊ ကံကောင်းနေတုန်းတော့ ကောင်းစားဦးမှာပေါ့.."

"ကံကောင်းနေတာထက် သူပဲကံကောင်းနေတာကြာပြီနော်ဆ



ရာ..ကျွန်တော်ကတော့ လူငယ်ပေမယ့်ဒီကောင်လေးကို အထင်မသေးစေချင်ဘူး၊ အခု ဆရာရယ် ဦးနန္ဒရယ်ပြီးတော့ 'သိန်းသန်းနီလာ' ကုမ္ပဏီရော..ကျောက်မြတ်ဒေါ်ရတနာကြည်တို့အုပ်စုရော အားလုံးသူ့လက်ထဲရောက်ကုန်ပြီ.."

ဦးသီလအောင် ဘာမှမပြောတော့ဘဲ မျက်နှာကြီးမှုန်လျက်ဆိတ်နေ၏။

"သူ့ကြောင့်မွဲပြာထိုင်သွားတဲ့လူတွေက ပြန်ပေးပါတောင်းစရာလက်ဝါးတောင်မဖြန့်ရဲအောင် ဘာမှမကျန်ခဲ့တဲ့သူတွေချည်းပဲ..ကျွန်တော်ပြောတာက သူ့ကိုပြန်တိုက်ခိုက်စရာဘာမှကို မကျန်ခဲ့ကြတာကိုပါ."

"ဒါကတော့ လောင်းကစားသမားတွေ ဘဝပျက်ပြီဆိုရင် ဒီတိုင်းပဲကွ.."

သူခံခဲ့ရတာကမှ နာကျင်ဖွယ်အတိပါ။ ကိုယ်ဟာလောင်းကစားသမားသက်သက်လည်း မဟုတ်။ သူကကိုယ်နဲ့စီးပွားဘက်ဖြစ်လာပြီး နေရာတကာကိုယ့်ကိုပဲလိုက်ချိတ်သည်။ ကိုယ့်အကျိုးပျက်ဖို့တွေချည်း လိုက်လုပ်နေခဲ့သည်။ ထိုအခါကျမှ လူကြီးမင်းနာမည်နဲ့ပေါ်ပေါက်လာသည့်လုပ်ငန်းကွိစိကွစတွေကို သူသတိထားမိလာခဲ့ရ၏။

ထို့ကြောင့် မာနကခေါင်းထောင်လာသည်။ လူကြီးမင်းဆိုသူက ကိုယ့်ကိုပဲရည်ရွယ်ပြီး တိုက်ခိုက်နေပါလားဆိုတာကို သိလာတဲ့နောက်မှာ မျက်နှာချင်းဆိုင်ခဲ့ကြတာက လောင်းကစားဝိုင်းတစ်ခုမှာဖြစ်၏။

ထိုနေ့ကအပျင်းပြေ သီးသန့်အချိန်ဖြုန်းဖို့ ထိုင်နေခဲ့မိသည်။ ဝိုင်းဟာ သူ့အနာဂတ်ကိုနိမိတ်ရေးတော့မည်ဆိုတာ ကြိုတင်သိခွင့်ရခဲ့ရင်တော့ ထိုစဉ်ကမာနတွေကို ပြန်သိမ်းထားခဲ့မှာပါ။ တကယ်ဖြစ်ခဲ့တာကျတော့ ဒီလိုမဟုတ်.. ။

လူကြီးမင်းကိုသူတစ်ပွဲနိုင်လိုက်သည်။ ကောင်လေးကအံကြိတ်ပြီးဆက်ထိုး၏။ နောက်တစ်ပွဲနိုင်လိုက်တော့ မချီတင်ကဲစိန်ခေါ်မှုတွေ ကောင်လေးဆီကထွက်လာသည်။ ထို့ကြောင့် သူဟားတိုက်ရယ်ခဲ့၏။ ထိုရယ်သံဟာ သူငိုကြွေးရတော့မည့်နိမိတ်ပုံဖြစ်လေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုမှစ၍ လူကြီးမင်းနဲ့သူ တစ်ပြန်တစ်လှည့်စီအနိုင်ယူကြရင်း သူနိုင်တော့ မပြောပလောက်ဖွယ်.. ။

လျော်လိုက်ရပြီဆို လုပ်ငန်းတစ်ခုလုံးနဲ့ ရင်းနှီးခဲ့ရ၏။ ဒါပေမယ့် ဒေါသမောဟအမှောင်ဖုံးကာ ဘာကိုမှမမြင်တော့အောင် ထိုးချက်တွေကပြင်းသည်။ 'ဒီကောင်လေးကိုရှုံးစရာမရှိပါဘူး'ဆိုသည့် မာန်မာနနှင့်အတူ 'ငွေများရင်ငွေနဲ့လိုက်'ဆိုသည့် စကားအတိုင်း သည်းကြီးမဲကြီးဖြစ်လာခဲ့သည်။

လူကြီးမင်းနဲ့ဝေးနေပေမယ့် ဒီမျက်နှာကိုပဲမြင်ယောင်ကာ အံတကြိတ်ကြိတ်ဖြစ်နေခဲ့၏။ သူပဲပြန်ချိန်းပြီး ကစားပွဲတွေဆက်တိုက်လုပ်ခဲ့သည်။ လူကြီးမင်းလို့လည်း သူတစ်ခွန်းမှမခေါ်ခဲ့ဘဲ လူကြီးမင်းဖြစ်နေခဲ့သည့်ကောင်လေးကို ဦးချိုးပစ်ဖို့သာ အသေအလဲကြိုးစားခဲ့၏။

နောက်ဆုံးကိုယ့်မှာချုံးချုံးကျသွားခဲ့သည်တွင် ဒီကောင့်ကိုလူမိုက်ငှားပြီး သတ်ခိုင်းမိတဲ့အထိ။ နောက်နေ့ကျတော့ လူကြီးမင်းတစ်ယောက်တည်း ရောက်လာသည်။

"ခင်ဗျားလူမိုက်တွေက မမိုက်ရဲပါဘူး..ဘယ်မှာလဲ၊ အခုထပ်ရှိသေးရင် ခေါ်လိုက်ပါ..အချိန်ကုန်သက်သာတာပေါ့၊ ကျုပ်ကခင်ဗျားပိုင်နက်ထဲမှာဆိုတော့ သေသွားလည်းခင်ဗျားပြောသလိုဖြစ်တယ်..ကြိုက်တဲ့နည်းသုံးလိုက်.."

ကိုယ့်ဧည့်ခန်းထဲထိရောက်လာပြီး စိန်ခေါ်သည်။ ဦးသီလအောင်ထိတ်လန့်သွားပေမယ့် ဒီ့ထက်မက ပြောဆိုလာခြင်းအတွက် ဒေါသမထိန်းနိုင်ဖြစ်လာကာ.. ။

"ဟိတ်ကောင်တွေ ချစမ်း..ဒီကောင့်ကိုအသေသတ်.."

ဝမ်းခေါင်းသံပါအောင်အော်သည့်အသံမျိုး သူ့နှုတ်ဖျားကထွက်သွားခဲ့မှန်း ကိုယ့်အသံကိုသတိထားမိခဲ့သည်။ ဒါပေမယ့် လူကြီးမင်းရောက်လာသည်ပုံစံကိုမြင်တည်းက ကိုယ်နိုင်ရမည့်လူတစ်ယောက်မဟုတ်မှန်းလည်း စိတ်ကခံစားမိနေခဲ့သည်။ ထိုနေ့ကလူလေးယောက်စလုံးကို သက်မဲ့အရုပ်တွေလိုကိုင်ပေါက်ထိုးနှက်သွားတာ သူ့မျက်နှာမှာ စိတ်ရှုပ်ထွေးပုံတစ်စက်လေးမှ မတွေ့ခဲ့ရ.. ။



ဦးသီလအောင်ဖြစ်ခဲ့သမျှကိုပြန်တွေးရင်း ဓါးကွက်လိုလူရှေ့မထွက်ရဲတော့တဲ့အထိဖြစ်ရတာ ကိုယ့်မိုက်ပြစ်တွေလည်းပါခဲ့မှန်း တရေးရေးပေါ်လာခဲ့သည်။ တစ်ဖက်သားအပေါ် အထင်မြင်သေးမိခြင်း ငါ့မိကိုယ်ကိုယ် ငါဆိုသည့်မာန်မာနတွေထားမိခြင်း။ တကယ်တော့မာနဆိုတာ လူတိုင်းမှာရှိကြတာပါပဲ။ ရှိနေတာကိုတပြုပြုလုပ်၍ သိနေတာကို ပြောပြတဲ့သူကသာလူမိုက်ဖြစ်သည်။

အရာရာဟာ စကားတစ်ခွန်းကြောင့်ဖြစ်လာနိုင်သလို အရာရာကိုပျက်စီးစေနိုင်တာလည်း စကားလေးတစ်ခွန်းကြောင့်ပါပဲ။ အရာရာဟာ နင့်သီးသောဆုံးရှုံးမှုတွေနဲ့သာ အဆုံးသတ်ခဲ့လေသည်။ ကျားနိုကြီးကို ကြွက်ငယ်လေးကအောင်မြင်စွာ လှည့်စားသွားခဲ့ခြင်းသာ..

"ဆရာ.."

"ဟင်.."

"ဆရာ့ဖုန်းမြည်နေတယ်လေ..ကျွန်တော်ကိုင်လိုက်ရမလား.."

"အင်း.."

ဦးသီလအောင်သက်ပြင်းမောကြီးချကာ ကုလားထိုင်မှာလျော့ရဲရဲမှီနေလိုက်သည်။ ဦးချန်က ဖုန်းကိုင်ပြီးလှမ်းကြည့်ကာ..၊

"ဆရာမအားသေးဘူးဗျ.."

"............."

"အဲ့ဒါလည်း.."

"ဘယ်သူလဲ.."

"ဦးနန္ဒ.."

"ပေး.."

ဦးသီလအောင်က ဖုန်းပြောင်းယူလိုက်ကာ.. ။

"အင်း..အံ့သြလို့ပါ၊ ကျုပ်တို့ချင်းအဆက်အသွယ်မရှိဖူးဘူးဆိုတော့.."

"..........."

"သမက်မဟုတ်ပါဘူး..ကျုပ်သမီးပေးထားရပေမယ့်.."

ဦးသီလအောင်မျက်နှာမသာမယာဖြစ်နေခဲ့ရင်း တစစကြောင်းမာသာကာ.. ။

www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးဗျာ..ကျုပ်စိတ်မဝင်စားဘူးဖြစ်နေတယ်.."

ပြောပြီးတာနှင့်ချပစ်လိုက်မိသည်။ ဦးချန်က ဘာမှမမေး မယ့် သူ့ပဲကုလားထိုင်မှာပြန်မှီလိုက်မိရင်း.. ။

"လူကြီးမင်းဘယ်လိုလောင်းကစားနေသလဲဆိုတာ အတော် စိတ်ဝင်စားနေတယ်..ကိုယ်ညံ့လို့ကိုယ်ရှုံးကြတာပဲ၊ သူ့ကိုမှော်ဆ လိုလို ထင်နေကြသေးတယ်.."

"ဟုတ်လား..ဘာတွေမေးနေလို့လဲဆရာ.."

"ငါနဲ့ပတ်သက်ခဲ့တုန်းက ဘယ်လိုပုံစံတွေလဲ..ဘာညာပေါ့.."

ပုံစံကြည့်ရသည်မှာ လူကြီးမင်းထံမှာကျရှုံးခဲ့ရသည့် သူ့ငွေ ချည်း စုရုံးတိုင်ပင်ချင့်သည့်ပုံပါ။ ပြီးတော့ ကိုယ်ဘယ်လိုကျရှုံးခဲ့ တာတွေပြောကြပြီး ဒီကောင်ဘယ်လိုအနိုင်ယူသွားသလဲဆိုတာ ဖေ ထုတ်ချင်နေကြသည်။ ဒီလောက်ထိလိုလို့လား.. ။

နှစ်ယောက်ချင်းကစားတာလည်း အားလုံးရှေ့မှာပဲ။ အများကြ နဲ့ဝိုင်းကစားတာလည်း အားလုံးကိုယ့်ဆန္ဒနဲ့ကိုယ်ဝင်ပါကြ နှ ထွက်ကြ ဘယ်သူကများအားထောက်ပြီး ကစားခိုင်းခဲ့လို့လဲ.. ။

သဘာဝလွန်ဖြစ်ရပ်ဆိုတာ လူတွေရဲ့စွဲလမ်းမှုတွေပဲလားမသ ခေါင်းတွင်တွင်ခါ၍ သက်ပြင်းချနေမိကား.. ။

"ကဲ..ဆက်ပြောပါဦး၊ ဦးချိုအေးနဲ့ ဘယ်လိုပြီးသွားခဲ့လို့ ဘယ ထိရွက်လွင့်တာတွေ.."

ဦးချန်ကိုဒါပဲမေးလိုက်မိသည်။ သိချင်တာ့လည်း လူကြီးမင် အကြောင်းပါပဲ။

သူ့ရောဘာထူးလို့လဲ.. ။

အခန်း(၂၅)

"ဘယ်သူမှမရှိဘူးမမကူး.."

"..............."

"ဟင့်အင်း..လုံးဝမခေါ်ကြဘူး၊ မမရိုးကလည်း အိမ်မှုဝေယျာ ဒွှဟိုလိုလုပ် ဒီလိုလုပ်ထွက်ညွှန်ကြားပြီးတာနဲ့ အခန်းထဲဝင်သွား တာပဲ.."

".................."

"တစ်ခန်းတည်းမှာနေကြတာပဲမမကူးရဲ့..အဲ့ဒါတော့မသိ.."

"သိချင်အခန်းထဲဝင်ကြည့်မှ သိမှာပေါ့.."

"အမလေး.."

နောက်ကစကားသံပေါ်လာသည်နှင့် ကောင်မလေးလန့်ဖျန့် ာ ကိုင်ထားသည့်ဖုန်းပါလွတ်ကျသွား၏။ လွတ်ပစ်လိုက်သလို ှင့်ထွက်သွားသည့်ဖုန်းကို ဂျန်းကဖမ်းယူထားလိုက်ကာ.. ။

"ဒီဖုန်းဘယ်သူ့ဖုန်းလဲ.."

"ဟို..ဟိုဦးစွာ.."

"ပြောစမ်း.."

"အမလေး.."

ဂျန်းမျက်နှာကိုမကြည့်ဝံ့။ အော်လိုက်သည်နှင့် မိုးကြိုးပစ်သလို နဲ့ဖိန့်တုန်နေလျှင် ဂျန်းဒေါသထွက်လာကာ ဖုန်းကိုနံရံနဲ့ပေါက်ခွဲ ် လိုက်သည်။ ကြောက်ပြနေလိုက်တာ ဒီကောင်ကနေ့ရှိသမျှ ကြိုး ာင်းနိုပ်စက်နေတဲ့အတိုင်း.. ။

ပြီးတော့ တားမြစ်ထားတာကိုပဲ တစ်ခုမဟုတ်တစ်ခုလုပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူအပြင်ကနေပြန်လာပြီး အိမ်ထဲဝင်လိုက်တာနှင့် လှေကားကြီးတစ်ဖက်ကမှန်နံရံနဲ့ကွယ်ပြီး ပြောနေသည့်အသံကိုကြားလိုက်ရတာဖြစ်သည်။ ဒီကောင်မလေးလူကနက်ကြုတ်ကြုတ် ပိန်ရှည်ရှည်။ အလုပ်လုပ်နေရင်လည်း တခြားလူတွေလိုတော်ရုံနဲ့ လူရှေ့မှာထွက်လုပ်လာတယ်ဆိုတာ သိပ်မတွေ့ရ.. ၊

သူ့မျက်လုံးကမကြည့်မိရင်တောင် စိတ်အာရုံကတစ်ခုခုထူးခြားပြီဆို သတိပေးသလိုချက်ချင်းခံစားမိသည်။ မိန်းမတွေကိုကြည့်မနေသည့်ခံစားချက်က ဘယ်လိုအတိမ်းအစောင်းကိုမှ နည်းနည်းလေးတောင် သည်းမခံချင်.. ၊

"သွား..မင်း ခုထွက်သွား.."

"ဟုတ်.."

"ဒီနေရာကမဟုတ်ဘူး..ဒီအိမ်ကနေခုချက်ချင်းထွက်.."

"ရှင်.."

"ဟိတ်..ဘယ်သူမှမရှိဘူးလား၊ သေကုန်ကြပြီလား..လာစမ်းဒီကို.."

တိုက်တစ်ခုလုံးပွင့်ထွက်သွားလောက်သည့်အသံက ဟိန်းနေစဉ် အိမ်မှာအကူခေါ်ထားသည့်မိန်းကလေးနှစ်ယောက်နှင့် သူ့ဝေယျာဝစ္စလုပ်ပေးသည့်နေဝင်းပါ အလန့်တကြားထွက်လာကြသည်။ ရိုးကခြံထဲကတက်လာတာဖြစ်စ်ကာ ဂျန်းရဲ့ကျောနောက်မှာရပ်၏။ ပြီးတော့ ကွဲကြေနေသော ဟန်းဆက်အစအနတွေပြန့်ကျဲနေတာကို ကြည့်နေဆဲ.. ၊

"သူ့ပစ္စည်းတွေသွားထုတ်လာခဲ့..တစ်ခုမှမကျန်ခဲ့စေနဲ့၊ ပြီးရင်သူ့ကိုပါခြံပြင်ဆွဲထုတ်.."

"လူကိုခြံပြင်ဆွဲထုတ်ရအောင် သူကဘာတွေလုပ်ထားလို့လဲ.."

ရိုးရဲ့အသံကြောင့် ဂျန်းမျက်နှာတင်းသွားသည်။ ပြီးတော့ ဖျတ်ခနဲနောက်လှည့်ကာ.. ၊

"ဘာတွေလုပ်ထားသလဲသိချင်ရင် သိရအောင်နေရတယ်..အိမ်ပေါ်မှာသူစိမ်းတွေခေါ်တင်ထားပြီး နင်တို့လည်းနေသာသလိုနေ ငါလည်းနေသာသလိုနေမယ်ဆိုတာမျိုး မရဘူး..အဲ့ဒီဟာလေးဘာလုပ်



နေသလဲ ခင်ဗျားသိချင်သေးလား.."

ရိုးဘာမှမပြောနိုင်ဘဲ ကောင်မလေးကိုလှမ်းကြည့်လိုက်သည်။ ကောင်မလေးကို အေးသီဂီလို့ခေါ်သံကြားပါသည်။ ဒီမှာရှိသမျှမိန်းကလေးတွေကို သူမမရင်းနှီးပေ။ ရင်းနှီးချင်စိတ်ကိုမရှိခဲ့တာဆို ပိုမှန်လိမ့်မည်။ ကိုယ့်အတွက် သူစီစဉ်ပေးထားသော ခြွေရံသင်းပင်းတွေဆိုသည့်အသိက ဘယ်သူ့ကိုမှမခိုင်းချင်။ စကားပြောလည်းမပြောချင်တဲ့အထိ.. ၊

"တောက်.."

အေးသီဂီကိုစွာကို ခိုင်းသည့်အတိုင်း စုစုတို့ကအပြေးအလွှားလုပ်နေကြကာ ဂျန်းကတက်တခေါက်ခေါက်နှင့် ဘယ်ကိုဖုန်းခေါ်သည်သိ.. ၊

"ဟလို.."

"မင်းအသံကြားချင်လို့ခေါ်တာမဟုတ်ဘူး..အခု မင်းရဲ့စပိုင်ကိုအောင်းထုတ်ပစ်လိုက်ပြီ၊ ဒီအိမ်အကြောင်းဘာသိချင်တာလဲ..အခုတိုက်ရိုက်မေးလို့ရပြီ မေးစမ်း.."

"ကိုလူကလည်း သီဂီလေးကအရမ်းကြောက်တတ်လို့ သူ့ကိုအကြောင်းမာကြောင်းလေးမေးတာပါ.."

"ဟိတ်..တော်စမ်း၊ တောက်.."

ဖုန်းကိုရန်သူတစ်ယောက်လိုကြည့်မိရင်း တက်ခေါက်မိတာဘယ်နှစ်ခါမှန်းမသိ။ ဒီဘက်ပြန်လှည့်လိုက်တော့ ရိုးကလှေကားပေါ်တက်နေပြီဖြစ်စ်ရာ.. ၊

"ကြာနွယ်ရိုး.."

ရိုးခြေလှမ်းတုံ့သွားသည်။ ကြက်ဆီရောင်ထမီပြောင်နှင့် လိမ္မော်ရောင်ဖျော့လည်ကပ်လက်ပြတ်ဆွယ်တာလေးကို ဝတ်ထားကာ ဆံပင်တွေကို နဖူးကသိမ်းလှန်၍ နောက်မှာရိုးရိုးလေးဖြန့်ချထားသည်။

သူမကမျက်ခွံကျယ်ပေမယ့် မို့ခြင်းချိုင့်ခြင်းမရှိဘဲ ပြေပြစ်သည်။ မျက်ခုံးအစုံကဇင်ယော်တောင်ပံလို အဖျားနားလေးတွေပင့်တက်နေသဖြင့် နောက်ကိုမျက်တောင်ဖျားတို့စင်း၍ ပြန့်ကြည့်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ပုံက ကဗျာဆန်ချင်အောင် လှနေ၏။

ကြည့်နေပြီးမှ ဂျန်းမျက်လုံးတခြားလွှဲသွားကာ.. ၊

"ခင်ဗျားမနေ့ညနေက တစ်ယောက်တည်းအပြင်ထွက်သွားပြီး ဘာလုပ်တာလဲ.."

"တို့ဘာသာ ဘာလုပ်လုပ်မရဘူးလား.."

"ဘာပြောတယ်.."

ဂျန်းရဲ့ဒေါသကြောင့် အိမ်မှာရှိသမျှလူတွေအားလုံး ဘယ်ဆီ ပြေးပုန်းကုန်ကြပြီမသိ။ အနားကိုရောက်လာတော့ ရိုးမျက်နှာလွှဲထား မိကာ.. ၊

"မင်းဘာခိုင်းစရာရှိလို့လဲ.."

"ဘာလဲ..ဘာကိုမေးတာလဲ၊ အဲ့ဒီတုန်းကခိုင်းစရာရှိနေတာကို လား..ခုရှိနေတာကိုလား၊ ခင်ဗျားကိုတစ်ခုခုခိုင်းဖို့အတွက် ကျုပ်က ခင်ဗျားလာမယ့်အချိန်ကို ငုတ်တုတ်ထိုင်စောင့်နေရတယ်ပေါ့.."

"မရှိရင်လည်း ငါဘာလုပ်နေနေမင်းလိုက်ပြောမနေနဲ့ပေါ့.."

"ဘာလုပ်နေနေလွှတ်မထားချင်လို့ ခင်ဗျားကိုကျုပ်ယူထားတာ ..အဲ့ဒီလိုလွှမ်းမိုးထားဖို့အတွက် လက်ထပ်ထားတာ.."

သူအနားကပ်ပြောနေသမျှ ရိုးလှေကားလက်ရမ်းကိုဖိဆုပ်ရင်း ကိုယ်လေးမသိမသာယိမ်းနေခဲ့၏။ ဂျန်းကသူမျက်နှာလွှဲသည့်ဘက် ကို လက်နဲ့ဖြတ်ထောက်ထားလိုက်လျှင် သူ့မျက်နှာနဲ့သူမထိတော့ တတ်.. ၊

"ခင်ဗျားဖြစ်ချင်တာဘာမှမဖြစ်ရဘူး..ဘာမှလည်း ထင်သလို လုပ်ခွင့်မရှိဘူး၊ ကျုပ်လိုအပ်လာရင် အဆင်သင့်ရှိနေရမယ်..ကျုပ် ကသွားဆိုရင် ဘယ်ဖြစ်ဖြစ်သွား၊ ကျုပ်ခိုင်းတာဘာမဆိုလုပ်..ခင် ဗျားအတွက် ကျုပ်ရဲ့စီရင်ခြင်းတရားက ခင်ဗျားကိုအဲ့လိုမောင်းနှင် ဖို့ဂဲ.."

"ဒါဖြင့် မမကူးတို့ကိုလက်ထပ်ထားတာကရော.."

"ဘယ်သူကလက်ထပ်တာလဲ.."

ရိုးဆတ်ခနဲ ခေါင်းခါပစ်လိုက်ကာ.. ၊

"ထားလိုက်စမ်းပါ..သူတို့ကိုသိမ်းပိုက်ပြီး ဟိုမရောက်ဒီ



ရောက်ဘဝနဲ့ထားတာကရော အဲ့ဒါကဘာအငြိုးနဲ့လဲ.."

"ခင်ဗျားကိုငြိုးတဲ့အငြိုးပဲ.."

မျက်လုံးချင်းဆုံသွားကြ၏။ ထောင်းခနဲဖြစ်သွားသည့်ဒေါသ ကြောင့် သူ့နှုတ်ဖျားကထွက်သက်လေတို့ထိခတ်လာမှ မျက်နှာချင်း ဘယ်လောက်နီးစပ်သွားမှန်းသတိရသည်။ ရိုးကမျက်နှာလွှဲပစ်၏။ ဂျန်းကသူမမေးဖျားလေးကနေ ဖမ်းကိုင်ထားလိုက်ပြီး မျက်နှာချင်း ဆိုင်ပြန်လှည့်ယူကာ.. ၊

"ခင်ဗျားညီအစ်မတွေဖြစ်နေတဲ့အတွက် အားလုံးကိုချေချင်တာ.. ဒါပေမယ့် ကျုပ်ဒေါသကသိမ်းပိုက်ထားခဲ့တာ၊ မိန်းမဆိုတာ ရွံစရာ သတ္တဝါတွေပဲ.."

ပြောနေရင်းဘာကိုကျေနပ်အားရသွားသည်မသိဘဲ ခပ်မဲ့မဲ့ရယ် လိုက်ပြီး.. ၊

"သူတို့ကတော့ ကျုပ်နဲ့ထိချင်ငြိချင်ကြတဲ့ပုံပဲ..ခင်ဗျားဝါသနာ ပါရင် မေးကြည့်လေ၊ သူတို့ကိုယ်သူတို့ သိမ်းပိုက်ခံရလို့ကြေကွဲနေ ကြလား..ကျေနပ်နေကြလားဆိုတာ.."

"တောက်.."

ရိုးနှုတ်ခမ်းမဖွင့်ဘဲ တက်ခေါက်မိကာ သူကိုင်ထားသည့်လက် ကို ပုတ်ချပစ်လိုက်သည်။ ပြီးတော့ သူ့ရင်ဘက်ကြီးကိုပါ တွန်းချ ပစ်လိုက်၍ လှေကားပေါ်ပြေးတက်ဖို့ပြင်၏။ ဂျန်းကပက်ခနဲယိုင် သွားပေမယ့် လက်ကမြန်သည်။ နဂိုတည်းကဒေါသမကင်းသည့်စိတ် က ရိုးဘက်ကဆတ်ဆတ်ခါဖြစ်သွားသည်နှင့် တအားဆွဲဖက်ပစ် လိုက်ပြီး.. ၊

"ဘာဖြစ်သွားနိုင်လဲလုပ်စမ်းပါ..ခင်ဗျားကဘာဖြစ်တာလဲ.."

"ဂျန်းနော်..မင်းငါ့ကိုလွှတ်.."

လှေကားထစ်နေတွေပေါ်မှာ ရှုန်းနေပေမယ့်ထိန်းနေရသည်။ ဂျန်းကရိုးရဲ့ခါးလေးကနေ သိမ်းပွေ့ထားကာ လက်တစ်ဖက်ကိုပါ ကျောနောက်မှာကပ်ချုပ်ထားသဖြင့် သူ့ရင်ခွင်ထဲမှာ ရင်ချင်းအပ် လျက် အနေအထားကနေ လွတ်မြောက်ဖွယ်မမြင်။ ထို့ပြင်သူမရဲ့ နှုးပြေပြေလေးမှာ သူ့နှုတ်ခမ်းမထိတထိကပ်လျက်...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကိုဆို မိန်းမတွေကထိချင်လွန်းလို့ ကြွေတောင်မဆောင်ကြဘူး..အဲ့ဒီထဲမှာ ခင်ဗျားရဲ့သွေးစိမ်းညီအစ်မတွေလည်း ပါတယ်.."

"ဘယ်သူတွေဘယ်လိုဖြစ်နေနေ အဲ့ဒီထဲမှာငါမပါဘူး..ဖယ်လွှတ်စမ်း၊ မင်းပြောတော့ မိန်းမတွေကိုရွံတယ်ဆို..ဘာလို့ငါ့ကိုထိနေတာလဲ.."

"ခင်ဗျားကတော့ထိတာမကြိုက်ဘူးမို့လား..ခင်ဗျားမကြိုက်တာကိုလုပ်ချင်တာ၊ နောက်တစ်ခါလူကိုရွံသလိုရှာသလို လာမလုပ်နဲ့..ခင်ဗျားဘဝပျက်သွားလိမ့်မယ်.."

"ပျက်နေပြီးသားပါ..မင်းကြောင့်လေ၊ မင်းကိုငါစတွေ့ခဲ့ရတည်းက မင်းပေးတဲ့ဒုက္ခနဲ့ငါ့ဘဝပျက်ခဲ့ရတာ..အဲ့ဒီနောက်ပိုင်းမှာ ဖေကြီးရဲ့ဂရုစိုက်စောင့်ရှောက်မှုတွေ တော်ဝင်စံအိမ်ရဲ့သမီးအငယ်ဆုံးဆိုတဲ့ လုံခြုံတဲ့အရိပ်တွေ ဘာမှငါ့မှာမရှိတော့ဘူး.."

ရိုးမျက်ရည်တွေဝေ့လည်ပြည့်သိပ်နေလျက် မချိတရိပြောနေသည့် စကားသံလေးတွေလည်း တုန်ယင်နေ၏။ ဒါပေမယ့် ဂျွန်းရဲ့မျက်နှာမှာ နူးညံ့မှုဆိုတာ ရှိမလာခဲ့. ၊

"ဟုတ်လား..အဲ့ဒီတုန်းကခင်ဗျားအသက်နှစ်ဆယ်လောက်ထင်တယ်.."

ထိုစဥ်က သူမအသက်ဆယ့်ရှစ်နှစ်ပဲရှိပါသေးသည်။ ဒီသမီးကိုပဲ ရွှေလိုဥထားသလိုလို သွေးထိုးစကားတွေကြောင့်သာ ဖေကြီးကတာဝန်တစ်ရပ်အဖြစ် ပေးခဲ့လိုက်တာဖြစ်သည်။ တာဝန်ကကြီးပေမယ့် သူမထိုနေ့ကလိုသာ အတိမ်းအစောင်းမဖြစ်ခဲ့ဘူးဆိုလျှင် ဘာပြဿနာမှဖြစ်လာဖို့မရှိ.. ၊

ထို့ပြင်ဖေကြီးကိုယ်တိုင်က သူလွှဲအပ်ထားခဲ့သည့်လူယုံတွေအပေါ် စိတ်ချနေခဲ့သည့်ဖြစ်ရာ.. ၊

"ဟုတ်တယ်မို့လားဒေါ်ကြာနွယ်ရိုး..ခင်ဗျားကအသက်နှစ်ဆယ်လောက်ကျမှ အရိပ်မဲ့ခဲ့ရတာ၊ အဲ..အရိပ်မဲ့သလိုဖြစ်ရတာပါ၊ ကျုပ်က လူမမယ်အရွယ်တည်းက မိဘကိုမီးနဲ့ရှို့သတ်နေတာ ဒီတိုင်းကြည့်နေခဲ့ရတဲ့ကောင်..မိဘမဲ့အိမ်ရာမဲ့ဖြစ်လာခဲ့ရတာ ငါးနှစ်သားအရွယ်တည်းက.."



ရိုးသူ့မျက်နှာကိုကြည့်ရင်း ငြိမ်သက်သွားခဲ့သည်။ မိဘမဲ့လေးမှန်းသိခဲ့ပေမယ်.. ၊

"ဟွန်း..ခင်ဗျားအဖေဆိုတဲ့ပုဂ္ဂိုလ်က အဖေရင်းမှမဟုတ်တာ၊ မိန်းကလေးနဲ့မတန်တာတွေခိုင်း မတန်တဲ့အပြစ်တွေပေးတာပေါ့..အဲ့ဒီနေ့ကကျုပ်ပြန်ထည့်ပေးလိုက်လို့သာ ခင်ဗျားအဖေနောက်ထပ်ဆယ်နှစ်လောက်ရပ်တည်နေနိုင်တာ..မဟုတ့်ရင်ခုလောက်ဆို ခွက်ဆွဲတောင်းစားနေရပြီ.."

"မင်း..."

"ခင်ဗျားလည်း သူတောင်းစားသမီးပေါ့.."

"မိုက်ရိုင်းလှချေလားမင်း..ဖယ်စမ်း ငါ့ကိုလွှတ်.."

"ငြိမ်ငြိမ်နေစမ်းပါ.."

လူကိုအတင်းဆောင့်ခါ၍ လှေကားလက်ရမ်းနဲ့ဖိကပ်ပစ်လိုက်သျှင် အလှဆင်ထားသည့်လက်ရမ်းပြုတ်ကျသွားမှာကြောက်ကာ ဂျွန်းရဲ့ခါးကို ရိုးလက်တစ်ဖက်နဲ့ပြန်ဖက်ထားလိုက်ရ၏။

"အဲ့ဒီလူတွေသာ သူတို့ရဲ့စာချုပ်နဲ့သူတို့ရဲ့လက်မှတ်ပါစာရွက်စာတမ်းတွေကိုပြန်မရသွားခဲ့ရင် ခင်ဗျားဒီ့ထက်အဖြစ်ဆိုးနေပြီ..ဒါပေမယ့် စေတနာရှိလွန်းလို့ ကျုပ်ကကူညီလိုက်တာမဟုတ်ဘူး၊ မတရားခံရတဲ့လူတွေဘက်က မခံရပ်နိုင်လို့.."

"အဲ့ဒါတွေငါသိခဲ့တာမဟုတ်ဘူး..မိဘကစီးပွားရှာတယ်၊ သားသမီးက တတ်နိုင်တဲ့ဘက်ကဝင်ကူပေးတယ်..ဒါကြောင့် ဖေကြီးခိုင်းတဲ့အတိုင်း လုပ်ခဲ့တာ၊ မင်းကငါ့ထက်အသက်အများကြီးငယ်တယ်..ဘာန်မရာတွေတွေးပြီး စပ်စပ်စုစုဝင်ပါခဲ့တာ၊ မင်းကြောင့် ငါစိတ်ဆင်းရဲခဲ့ရတာတွေပဲ.."

"ဒါဆို ခုပိုဆိုးပြီလို့မှတ်လိုက်တော့.."

"မှတ်ပါတယ်..မင်းလုပ်ရပ်ကို တစ်ခါခံစားလိုက်ရတည်းက မင်းစိတ်ဓာတ်ဘယ်လောက်ကြမ်းတမ်းနိမ့်ကျတယ်ဆိုတာ ငါသိတယ်..မင်းပြောသလိုပဲ ငါရုန်းမထွက်နိုင်ပါဘူး၊ ကြိုက်သလိုနှိပ်စက်ခံရတယ်.."

"ဟွန်း.."

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့်ခြွင်းချက်ရှိတယ်.."

"ကျုပ်ဘက်ကတော့မရှိဘူး..ခင်ဗျားလိုချင်တာ ဘာမှမပေးဘူး၊ ဖြစ်ချင်တာမှန်သမျှက အားလုံးပျက်ရမယ်.."

"အမြဲတမ်းမင်းမနိုင်ပါဘူး..ငါကလည်း ငါ့ဘက်ကပေးဆပ်ဖို့ ပြင်ဆင်ထားပေမယ့် အတိုင်းအတာရှိတယ်.."

"ကျုပ်ကခင်ဗျားဆီကဘယ်လောက်ပေးနိုင်မလဲ ခန့်မှန်းနေတာ မဟုတ်ဘူးဒေါ်ကြာနွယ်ရီး..ကျုပ်လိုချင်သလောက်ရအောင်ပြန်ယူမယ်၊ အတိုင်းအတာဆိုတာ ကျုပ်ရဲ့ကျေနပ်မှုပေါ်မှာပဲ.."

စိန်ခေါ်သည့်မျက်ဝန်းတို့ ဆုံဆည်းမိပြန်သည်။ တစ်ယောက်ကိုတစ်ယောက် ဖက်တွယ်ထားကြပေမယ့် နာကျည်းမုန်းတီးသည့် မျက်ဝန်းတို့က အပြိုင်ရှုးလက်နေကြလျက်.. ၊

(၂)

အခန်း(၂၆)

"ဘာဖြစ်လို့လဲ.."

"ဟိုလေ..သူဌေးစားနေကျ ပုဇွန်သံပုရာချဉ်စပ်မလုပ်ရသေးလို့မရဲ့၊ သူဌေးကရေချိုးနေပြီ.."

မီးဖိုချောင်ထဲမှာ မိန်းကလေးတွေခေါင်းမီးတောက်အောင် ပူလောင်နေကြကာ နေဝင်းကိုတော့မတွေ့.. ၊

"သူ့ဝေယျာဝစ္စတွေကို နေဝင်းလုပ်နေကျမလား.."

"ကိုနေဝင်းကဖျားနေတာ နှစ်ရက်ရှိပြီမမ..အဲ့ဒါကြောင့်ကျွန်မကို့ပဲ လုပ်ပေးရတာ၊ ပုဇွန်ရှိတယ်ဆိုပြီးတော့လေ အခုထုတ်ကြည့်လိုက်တော့မှ ထုတ်တာနောက်ကျပြီးတအားခဲနေတော့ ဘာမှလုပ်မရတော့ဘူး.."

"သူကတခြားဘာမှမစားဘူးလား.."

"ဟို့.."

စုစုကအနားကပ်လာပြီး ဖြေလည်းမဖြေဘဲ လည်ပင်းနင်သလို ခေါက်လုံးကြီးပြူးကာ မီးဖိုချောင်အဝင်ဝဆီလှမ်းကြည့်နေ၏။ ရှိုးလှည့်ကြည့်စရာမလိုဘဲ သိလိုက်သည်။ ထင်သည့်အတိုင်း.. ၊

"ကျုပ်ဘာစားသလဲဆိုတာ ကျုပ်ကိုမေးလို့ရတယ်.."

ပြောပြီး စုစုနဲ့တခြားကောင်မလေးတွေကို ငဲ့ကြည့်၍.. ၊

"သွားကြ.."

စုစုတို့ခေါင်းလေးတွေငုံ့၍ ချက်ချင်းထွက်သွားကြ၏။ ရှိုးအားဘာမှမပြောတော့ဘဲ ဘေဇင်ပေါ်မှာတင်ထားသည့် ပုဇွန်နဲ့တခြားအသားဘူးတွေဆီသွားကာ.. ၊

www.burmeseclassic.com

www.burmeseclassic.com



"ကြက်သားပဲလောလောဆယ်ကြော်လို့ရမှာ..လုပ်ပေးရမလား.."

"မကြိုက်ဘူး.."

"မင်းနေ့တိုင်းပုဇွန်ပဲစားနေတာလား.."

"ဘာလဲ..သိချင်လို့မေးတာလား၊ ရွဲ့တာလား.."

"နှစ်ခုစလုံးပဲ.."

ရိုးမျက်နှာလေးတင်းနေတာကို သုံးချိုးတစ်ချိုးလောက်ပဲမြင်နေရကာ အဖြူရောင်စကကျ်ရှည်ကပ်ကပ်လေးနှင့် တီရှပ်အဖြူအနီစင်းကျားလေးဝတ်ထားသည့်ကိုယ်ဟန်က ရုတ်တရက်မျက်လုံးပြန်လွှဲဖို့မေ့နေတဲ့အထိ ဆွဲဆောင်၏။

သူမကိုကြည့်လိုက်မိတိုင်း သူ့ဉာဏ်သို့ဖြစ်ရခြင်းကို စိတ်တိုမိသည်။ ကိုယ့်ကိုယ်ကိုမချင့်မရဲဖြစ်လျက် ကြိတ်၍စုတ်သတ်မိတာလည်း အကြိမ်ကြိမ်.. ၊

"ကောင်းတယ်..နှစ်ခုစလုံးပဲဆိုတော့ ပြောရတာပိုလွယ်သွားပြီ နောက်နေ့ကစပြီး မသိတာတွေရှိလာရင် ကျုပ်ကိုမေး..ရွဲ့ချင်ရင်ကျုပ်မျက်နှာကြည့်ပြီးရွဲ့လိုက်၊ ကျုပ်ရဲ့ဝေယျာဝစ္စအားလုံး ခင်ဗျားပဲလုပ်ပေးရမယ်.."

"လုပ်ပေးရမယ်ဆိုတာ လုပ်ပေးရမယ့်လူကစီစဉ်ပေးရတာပဲ..အဲဒီတော့ ငါစီစဉ်တဲ့အတိုင်း ချက်ပြုတ်တာကိုမင်းစားရမယ်၊ ငါထုတ်ပေးတဲ့အဝတ်အစားပဲဝတ်ရမယ်..အဲ့ဒါတော့ မင်းသိမှာပါ.."

"မလိုပါဘူး..ခင်ဗျားကျုပ်ခိုင်းတာကိုပဲလုပ်၊ ကျုပ်ကိုခိုင်းဖို့မလိုဘူး.."

"ဒါဆို ခုလိုမျိုးမင်းစားချင်ကာမှ လာခိုင်းမှာလား..ထမင်းစားဖို့မှာ ငုတ်တုတ်ထိုင်ပြီး ချက်ပြုတ်ပြီးတဲ့အထိ စောင့်နေမှာလား.."

ဂျွန်းဘာဖြေရမှန်းမသိ။ ရိုးကမလှည့်ဘဲပြောနေရာကနေ ပန်းစွန်းမှာမေးဖျားလေးကပ်သွားတဲ့အထိ လှည့်ကြည့်သည်။ ထိုအခါ ကော့နက်သည့်မျက်တောင်တို့၏ ညို့ငင်ခြင်းက သူ့ရင်ထဲကိုဘယ်လိုဖြစ်သွားစေသည်မသိ.. ၊

ဂျွန်းမျက်နှာလွှဲပစ်ရင်း ဆံပင်တွေသပ်မိ ပင့်သက်ရှိုက်မိနှင့်..

"မကြိုက်ရင်မင်းသဘောပဲ.."



"ဒွန်း.."

"ဟာ.."

အသားဘူးတစ်ဘူးသည်ဘောဇင်ထဲသို့ ဘေးတိုက်လျှောဆင်းသွားသဖြင့် အသံကျယ်သွားလျှင် ဂျွန်းချက်ချင်းအနားရောက်လာ၏။

"ခင်ဗျားဘာကိုမကျေနပ်ပြီး ဆောင့်အောင့်လုပ်နေတာလဲ.."

"ဘာ.."

လှည့်ကြည့်မိပြီးမှ ပြောပစ်လိုက်ချင်သည့်စကားတွေကို ပြန်မျိုချရသည်။ စိတ်ရှိလက်ရှိပြောလိုက်ရရင်လည်းမကောင်း.. ၊

"နေရာတကာမိန်းမ မပီသစမ်းပါနဲ့..ကောက်တာကွေးကာဆောင့်အောင့်တာတွေ ကျုပ်မကြိုက်ဘူး.."

"မင်းအရမ်းကိုရန်လိုပါလားဂျွန်း.."

"ဟုတ်တယ်..ကျုပ်ကအဲ့လိုလူပဲ၊ ဒါကြောင့်မိတ်ဆွေထားတာလည်း ဝါသနာမပါဘူး.."

"ကောင်းပါတယ်..မင်းလည်းရန်လို ငါလည်းဒီလိုပဲပေါ့၊ မကျေနပ်တာကိုပြောရရင် ဘာမှကိုမကျေနပ်တာ.."

ဂျွန်းကမျက်မှောင်ကုတ်နှင့် စိုက်ကြည့်၏။

"မင်းရန်လိုနေမှတော့ ငါဘာလုပ်လုပ်မင်းကိုရွဲ့တယ်ချည်းထင်မှာပဲ.."

"ရွဲ့တယ်လို့ထင်စရာမရှိအောင် ခင်ဗျားနေရမယ်..ကျုပ်မျက်စိအနားထဲမှာ ခင်ဗျားကြောင့်ရှုပ်ရှုပ်ယှက်ယှက်တွေဖြစ်လာရင် ကျုပ်ဘာဇဝင်မှာမိန်းမမို့ အခွင့်အရေးပေးခဲ့တယ်ဆိုတာမရှိဘူး.."

သိတယ်လို့ထပ်ပြောလိုက်ချင်သည်။ ဒါပေမယ့် ဂျွန်းဆိုတဲ့ယောကျ်ားဒီနေ့ဘယ်လိုပုဂ္ဂိုလ်ကြီးဖြစ်နေပါစေ စိတ်ဆတ်သလောက်နေရာတကာမှာ မရင့်ကျက်သေးဘူးဆိုတာ သိသာနေ၏။ မိဘအုပ်ထိန်းမှုနဲ့ နီးစပ်စွာမကြီးပြင်းခဲ့ရခြင်း ဒေါသကြီးတတ်ခြင်းအပြင် ငယ်ဘဝတည်းက အစွန်းရောက်အယူသည်းတတ်ခဲ့သော စရိုက်သဘာဝကြောင့်ထင်သည်။

ဘာမဆိုတစ်ယူသန်ပြော တယူသန်ဆုံးဖြတ်။ ပြီးတော့ နောင်တရသည်ဆိုတာလည်းမရှိ။ ဘာကိုမှလည်း ဂရုမစိုက်တတ်သော..

www.burmeseclassic.com

www.burmeseclassic.com



ထိုယောကျ်ားဟာ လူကြီးမင်းပဲဖြစ်လေသည်။ ရှိုးရဲ့မျက်လုံး
မှာ ဂျန်းသည်တခြားပုံစံတစ်မျိုးနှင့်ပေါ်လာသလိုလို.. ၊

ဘာရယ်မဟုတ်ဘဲ သူ့ကိုရှိုးလှည့်ကြည့်လိုက်မိသည်။ သူ
လိုက်သည့်စကားကြောင့် ငြင်းခုံရန်ဖြစ်ဖို့လှည့်လာသည်ထင်
ဂျန်းကလည်းကြည့်၏။ သို့သော် ရှိုးရဲ့မျက်လုံးတွေက ရန်လိုနေ
မဟုတ်ဘဲ တစ်စုံတစ်ရာပြောတော့မလိုလို ကြည်လင်နေသည်
ရာ.. ၊

ဘာလဲ.. ၊

ဂျန်းရုတ်တရက်မျက်နှာဘယ်လိုထားရမှန်းမသိသလိုကြီး
သွားသည်။ ပြီးတော့ ပြုံငတူမျက်နှာလွှဲမိ၏။

ဘာလဲ..ဒီမိန်းမ.. ၊

ဂျန်းစိတ်တိုသွားကာ စားပွဲခုံကို ဒုန်းခနဲထုလိုက်ပြီး.. ၊

"ပုဇွန်ပဲစားချင်တယ်..မြန်မြန်လုပ်ပေး၊ ဆယ်မိနစ်အတွင်း
ပြောလိုက်ပြီဆို ထွက်လာသည့်အချိန်ဇယားက ဆယ်မိနစ်
ရှိုးဒေါသထွက်သွားသည်။ ထိုစဉ် ဒန်အိုးပေါ်တင်ထားသ
ဟင်းမွှေသည့်ဇွန်းကြီးကလျှောကျသွားလျှင်.. ၊

"ဒေါင်..ဂွမ်.."

"ဟာ.."

"ဆောရီး.."

"ဂေါက်..ဒုန်း.."

"ဟော့.."

ကောက်သိမ်းလိုက်မှ အသံပိုထွက်သွားကာ ရှိုးလည်ပင်း
ကုတ်၏။ ပြီးတော့ မရည်ရွယ်ဘဲ ဂျန်းကိုလှည့်ကြည့်မိပြန်ကာ မျ
ဝန်းတို့ရဲ့ နောက်ထပ်ဆုံရပ်တစ်ခုသည်.. ၊

အခန်း(၂၇)

"ဘာကိစ္စနဲ့လဲ.."

"သူဌေးလူကြီးမင်းနဲ့တွေ့ချင်လို့.."

"သူဌေးကိုတွေ့ချင်တိုင်းတွေ့လို့မရဘူး..အပွိုင့်မဲန့်ယူထားတာ
လား.."

ရောက်လာသည့်လူကြီး ဒေါကန်သွားသည်။ နောက်မှာလည်း
ယ့်လူတွေရှိနေသည်မို့ မျက်နှာကြီးလည်းနီနေလျက်.. ၊

"အပွိုင့်မဲန့်ယူထားရအောင် မင်းတို့သူဌေးရဲ့ဖုန်းနံပါတ်မှ ကျုပ်
မသိတာ.."

"တွေ့ဆုံဖို့သူလက်ခံသင့်တဲ့လူတွေဆိုရင် သိကြပါတယ်.."

"ဩော်..ကျုပ်တို့ကတော့ လက်မခံသင့်တဲ့လူတွေပေါ့.."

လူကြီးမင်းကွန်ဒိုဆောက်လုပ်ရေးစီမံကိန်းရှေ့မှာ ကားတွေကျပ်
ကာ ဂျန်းကိုတွေ့ချင်နေသည့်လူတွေကလည်း အားလုံးအရေးကြီး
ကြတာပဲဖြစ်ကာ.. ၊

"ငါ့ကိုတော့ လူကြီးမင်းတွေ့မှာပါ..သူနဲ့အလုပ်ကိစ္စအရေးကြီး
အပိုင်းတွေ ပြောဖို့ရှိတယ်.."

"ဒါဆိုကျွန်မတို့လည်း ရှိတာပဲလေ.."

"ကျုပ်တို့ကကြိုပွိုင့်အတွက်လာတာနော်..အားပေးမယ့်ကတ်
တန်မာတွေ.."

အနက်ရောင်ဝတ်စုံတွေနှင့် မျက်နှာဖြူဖြူလူရွယ်တွေက သူ
ကင်ငါတွေခွင့်တောင်းနေသူတွေကြောင့် စိတ်ရှုပ်သည့်မျက်နှာတွေ
အနီရောင်သမ်းနေခဲ့လျက် တစ်စုံတစ်ယောက်ကိုဖုန်းဆက်ကြ

www.burmeseclassic.com

www.burmeseclassic.com



၏။ ထိုအခါဂျန်းရောက်လာတော့မည်မို့ စကားသံတွေအနည်းငယ် တိတ်သွားခဲ့၏။

သို့သော် အတွင်းကနေပဲထွက်လာတာဖြစ်ကာ သူတို့မျှော်လင့်နေသည့်လူကြီးမင်းမဟုတ်ဘဲ မိုးခြိမ်းဖြစ်နေခဲ့လျက်.. ၊

"သူဌေးကအပြင်ရောက်နေပါတယ်..သူပြန်လာမှ.."

ပြောနေတုန်းဖုန်းဝင်လာသဖြင့် ထုတ်ကြည့်လိုက်ကာ.. ၊

"ဟုတ်..အမိန့်ရှိပါသူဌေး.."

"..............."

"ဗျာ.."

ဖုန်းကိုင်ရင်းမိုးခြိမ်းလှုပ်လှုပ်ရှားရှားဖြစ်သွားကာ ကားပါကင်ရှိရာ လှမ်းကြည့်၏။

"ဟုတ်ကဲ့ပါသူဌေး..ဟုတ်ကဲ့ပါ.."

မျက်နှာသည်ဒေါသရောင်ဖြစ်သွားခဲ့ပြီး ရှေ့ကလူတချို့ကို ရှောင်ရှားထွက်သွား၏။ ပြီးတော့.. ၊

"သူဌေးကားဝင်လို့မရဘူးဖြစ်နေတယ်ဗျာ..ကားတွေကို အဝင်ဝမှာ ဒီလိုရပ်ထားလို့မရဘူး၊ လုပ်ပါ..ကျေးဇူးပြုပြီး ဟိုနောက်တန်းထဲကို ရွှေ့ပေးကြပါ.."

လူကြီးမင်းလာပြီမှန်းသိသည်နှင့် စောင့်နေသူတွေကလည်း ကားတွေရွှေ့ဖို့ကိုယ့်ကားဆီကိုပြန်သွားကြ၏။ ကားပေါ်မှာဂျန်းနဲ့ ရှီးတို့ရှိနေကြကာ အားလုံးကိုမြင်နေရ၏။ ထို့ပြင် ဂျန်းကကားထဲက ဆင်းလိုက်သည်နှင့် တံခါးကိုနောက်ပြန်ဆောင့်ပိတ်၍.. ၊

"ပါကင်မှာအစောင့်မထားဘူးလားမိုးခြိမ်း.."

"ရှင်းပေးပါ့မယ်သူဌေး..ကျွန်တော်သေချာစီမံပြီးသားပါ.."

ပါကင်စောင့်ဘယ်ရောက်နေမှန်းမသိဖြစ်နေစဉ် ပြေးလွှားရောက်လာတော့ မိုးခြိမ်းကသူရှင်းပါမည့်အကြောင်း ဂျန်းဘက်ကိုလှည့်၍ ခေါင်းငုံ့အသိပေး၏။

"ကားတွေခဏလေးနဲ့စုပြုံရောက်လာမယ်မှန်း မသိလို့ပါဆရာ..ကျွန်တော်တောင်းပန်ပါတယ်.."

"တောင်းပန်တာမလိုချင်ဘူး..မင်းပြန်တော့.."



ရှီးမှန်နည်းနည်းချထားသဖြင့် အားလုံးကိုကြားနေရသည်။ ပါကင်စောင့်ရဲ့မျက်နှာဇီးရွက်လောက်ငယ်ကျသွားကာ ထပ်ပြီးတောင်းပန်နေသည်ကိုလည်း မြင်နေရသည်။ သို့သော်မိုးခြိမ်းက ကျောခိုင်းသွားပြီဖြစ်ကာ.. ၊

ဆရာတပည့်တွေဒီပုံတွေချည်းပဲလို့ ရေရွတ်မိသည်။ ပြီးတော့ မှန်ကိုလျှောခနဲချလိုက်ကာ.. ၊

"ဒီမှာလူကြီးမင်း.."

လှမ်းခေါ်လိုက်တော့ ဂျန်းကလှည့်ကြည့်သည်။ အပြင်မှာဆို ဂျန်းလို့မခေါ်မိအောင် ဆင်ခြင်ရမည်။ 'မင်း'နဲ့'ငါ'နဲ့မပြောမိဖို့ ဆင်ခြင်ရတာလည်း မလွယ်.. ၊

"ဘာလဲ.."

ဂျန်းကမှန်ချထားသည့်ဘေးမှာ လာရပ်ကာ.. ၊

"ကျွန်မကဘာလုပ်ရမှာလဲ.."

"ထိုင်နေခဲ့.."

"ရှင်ပြောတော့ ဒီကိုဝင်မှာမပါပါဘူး.."

"အခုပါသွားပြီ.."

ဂျန်းက ဒီတိုင်းလှည့်ထွက်သွား၏။ ပြီးတော့ မိုးခြိမ်းကိုတစ်ခုပြောလိုက်ပြီး ရှီးကိုသမင်လည်ပြန်လှည့်ကြည့်သည်။ ပြီးတော့ ဆောက်လက်စအဆောက်အဦးထဲ တန်းဝင်သွားလေသည်။ မိုးခြိမ်းက ကားထဲဝင်ထိုင်လိုက်ပြီး လမ်းပေါ်ကိုပြန်ဝိုက်ထွက်သည်။

ရှီးသည် ဧည့်ခံပွဲသွားမည့်ဝတ်စုံလေးနှင့် လိုက်ခဲ့ဆိုလို့လိုက်ခဲ့ရတာ သွားတော့ဆိုတော့လည်း ဘယ်သူနဲ့ဖြစ်ဖြစ် ဘယ်ကိုခေါ်ခေါ်.. ကိုယ့်အဖြစ်ကိုတွေးမိကာ ရှက်လည်းရှက်သည်။ မျက်ရည်တွေလည်း ဝဲဝိုင်းလာခဲ့၏။ ညနေစာစီစဉ်ပေးခဲ့ပြီး သူမခြံထဲထွက်ထိုင်မလို့ပါ။ ဂျန်းရောက်လာပြီး ဧည့်ခံပွဲသွားဖို့ရှိကြောင်းနှင့် လိုက်ခဲ့ရမည့်အမိန့်ပါ ချမှတ်သွားခဲ့သည်။

"မမရယ် ဧည့်ခံပွဲသွားရမှာကိုတော့ လှလှလေးပြင်လိုက်ပါနော်..တော်ကြာသူဌေးက ဒီတိုင်းဆွဲခေါ်သွားလိမ့်မယ်၊ မမကိုလိုက်ဖို့မခေါ်ခင်က ဖုန်းပြောနေတာ ကျွန်မကြားလိုက်တယ်..မိုးမောင်နံ့အ

www.burmeseclassic.com

www.burmeseclassic.com



တူတက်ရမယ်လို့ ဟိုဘက်ကမှာနေတဲ့ပုံပဲမမရဲ့‥"

"အောင်မလေးမိကြိုင်ရယ်‥နင်ကသူဌေးဖုန်းပြောနေတာကို အနားသွားတယ်ဟုတ်လား‥"

"သွားရဲပါ့မလား့စုစုရယ်‥ငါအလုပ်လုပ်နေတဲ့နေရာက သူဌေးက ဖြတ်ထွက်သွားတာပါ၊ ငါမြင့်သူဌေးရဲ့ရေမွှေးနံ့ဝေ့ကျန်ခဲ့တာတောင် ကြောက်လွန်းလို့လက်ဖျားတွေပါအေးတယ်‥"

သူတို့ချင်းတွန်းထိုးပြောရင်း ရင်ဘက်တွေဘာတွေဖိနေကြသည်။ ရှီးကသူတို့ကိုခပ်တန်းတန်းနေပေမယ့် ရှီးရဲ့မျက်နှာလေးကိုကြည့်ပြီး သူမလေးတွေက ရင်းနှီးဖို့ကြိုးစားနေကြ၏။ ဂျန်းကိုကြောက်ဖို့လန့်ဖို့ရှိလာပြီဆိုလည်း ရှီးဆီပြေးကပ်ချင်သည့်မျက်နှာလေးက သနားစရာ‥ ၊

တစ်ခါတလေ သူတို့ချင်းခေါင်းချင်းရိုက်ပြီး ညည်းနေတာကိုကြားရသေးသည်။

"လစာကလည်းသူများတွေထက် နှစ်ဆလောက်ပိုပေးထားတယ်ဟာ‥နောက်ပြီးသူဌေးကအပြောဆိုးပေမယ့် တခြားဆိုးတဲ့အိမ်ရှင်တွေလို ရိုက်ပုတ်နှိပ်စက်တာမှမဟုတ်တာ၊ ငါတို့ဘာသာကြည့်နေရတော့မှာပဲ‥"

"ငါလည်းသူဌေးရဲ့ကားသံကြားရင် သေးထွက်ချင်သလိုလို အိမ်သာတက်ချင်သလိုလို တကယ်ပါပဲဟယ်‥လူနဲ့ဒေါသကတခြားစီပဲ‥"လို့ တိတ်တိတ်ဆိတ်ဆိတ်ဝေဖန်နေကြသေးသည်။ ထို့ပြင် ရှီးနဲ့သာအဆင်ပြေသွားကြလျှင် ဂျန်းရဲ့ဒေါသတွေလျော့ပါးသွားမလားလို့ မျှော်လင့်နေကြတာလားရှိကာ ခုလိုအတူတွဲထွက်ကြမည့်အရေးကြုံလာတာနှင့် အားတက်သရောဖြစ်နေတတ်ကြ၏။

ညနေပိုင်းဆိုတော့ Evening dressကိုသေချာရွေးဝတ်ရသည်။ ရှီးဝတ်မည့်ဗေဒါရောင်ဝတ်စုံကိုမြင်တာနှင့် ပန်းတွေရှာပေးကြ ဆံထိုးတွေရင်ထိုးတွေရွေးပေးကြနှင့် ရှီးဒီပုံစံဖြစ်လာခဲ့ရ၏။ ‥တော့ သူမရဲ့ဝတ်စုံနှင့်မိတ်ကပ်နှုတ်ခမ်းနီတွေက ဂျန်းဘယ်ကိုလွှတ်လွှတ်သွားရဖို့လား‥။ သူပါပါ မပါပါ ကိုယ်နဲ့သိသိမသိသိ လူကြီးမင်းကခိုင်းတာပါဆိုပြီး‥ ၊



ဟင်‥၊

ကျလုကျခင်မျက်ရည်တို့ကို ထိန်းချုပ်ကြေကွဲနေရင်း ရှီးကိုယ်လေးတောင့်မတ်သွားသည်။ ဂျန်းဘာလို့ဒီလိုလွှတ်လိုက်တာလဲဆိုတာ သူမတွေးမိလိုက်ပါပြီ‥ ၊

ဒါ ဂလဲ့စားချေခန်းတစ်ခုပဲလား‥ ၊

ပထမဆုံးခေါ်ထုတ်သွားတော့ စိန်ဆိုင်ကနေအချုပ်ထဲပို့ခဲ့သည် နောက်တစ်ခါကိစ္စရှိလို့ဆိုပြီး ကားပေါ်မှာပဲစကားများကြကာ လမ်းမှာဒီတိုင်းချထားခဲ့သည်။ နောက်တစ်ခါက စားသောက်ဆိုင်မှာစားရာတွေမှာထားပြီးမှ ဖုန်းပြောရင်းထထွက်သွားခဲ့သည်။ သူမမှာပိုက်ဆံဆိုလို့ တစ်ပြားတစ်ချပ်မှမပါသော ပုလဲလက်ကိုင်အိတ်လေးတစ်လုံးပဲပါကာ ဖုန်းလည်းပါမသွား ‥၊

တကယ်တော့ သူကျွမ်းကျင်သောနယ်ပယ် သူ့အသိုင်းအဝိုင်းတွေထဲမှာ ကြိုတင်ချိတ်ဆက်ထားပြီးမှသာ ရှီးကိုအသာလေးချပြီး နယ်ရုပ်တစ်ရုပ်လိုအကွက်ရွှေ့သွားဖြစ်သည်။ ဒီတစ်ခါဘယ်လိုပညာပေးနည်းနဲ့လဲ‥ ၊

ရှီးရင်တွေခုန်လာခဲ့သည်။ အမိန့်အတိုင်းရှိပါစေတော့လို့ စိတ်ကိုဒုံးဒုံးချထားပြီးမှ ရင်ခုန်သံတွေမြန်လာခဲ့သည်။ မိုးခြိမ်းကိုလှမ်းကြည့်တော့ ကားကိုဂရုစိုက်မောင်းနေတာလား‥မျက်နှာကိုက သံပတ်စက်ရုပ်လို တမင်လုပ်ထားတာလားမသိ။ သို့သော်‥ ၊

"ဘယ်ကိုသွားခိုင်းလိုက်တာလဲ‥"

"ရွှေတောင်ကြားက သူဌေးမိတ်ဆွေရဲ့မွေးနေ့ပါ‥"

"သူမပါဘဲ ကျွန်မချည်းပဲသွားခိုင်းလိုက်တာလား‥"

"ဟုတ်တယ်‥"

ကားကလိုရာခရီးသို့ ဦးတည်သွားခဲ့လျက် ညနေခင်း၏အလင်းရောင်သည် ညရင်ခွင်ထဲမှာ မေးစက်ခဲ့ပြီးဖြစ်သည်။ မိုးခြိမ်းက ကားကို လမ်းသွယ်ထဲသို့ ချိုးကွေ့ဝင်လိုက်ပြီးမှ‥ ၊

"အစ်မစောင့်နေပါ‥သူဌေးကမီအောင်လာမယ်လို့ ပြောလိုက်ပါတယ်‥"

'အစ်မစောင့်နေပါ'ဆိုသည့်စကားက နားထဲမှာအကျယ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



မြည်ဟီးသွားသလိုပင်။ ခဲ(ဂဲ)မှန်ဖူးတဲ့စာသူငယ်လို သူမခေါင်းထဲမှာ သတိပေးခေါင်းလောင်းသံတွေ မြည်လာခဲ့သည်။

"သိတယ်မို့လား..နင့်အမူက အာမခံမရဘူးနော်.."

"ဟိုဘက်ကအမူပိတ်လိုက်တာထင်တယ်..ဟဲ့ ဒီမှာ နောက်ထပ်တစ်ခါဆုံမိရင်တော့ ငါ့ကိုဆရာခေါ်ဖို့ စဉ်းစားထားနော်၊ ငယ်ကျွန်ကြီးလို့ခေါ်လိုက်ရင် 'ဘုရား'လို့လည်းထူးနိုင်ရမယ်.."တဲ့.. ၊

အချုပ်ထဲက မိန်းမတစ်စုရဲ့ကြမ်းတမ်းရိုင်းပျသော စကားသံတွေက နားထဲမှာလတ်လတ်ဆတ်ဆတ်ကြီး ဆူညံလာသလိုပင်။ ဒီတစ်ခါ ဘယ်လိုအဖြစ်ဆိုးနဲ့ နိုပ်စက်မှာလဲ။ ကြိုက်သလိုစီရင်ပါလို့ အရှုံးပေးထားသည့်လူကိုမှ မင်းရက်စက်လှချေလား.. ၊

ရင်ထဲမှာနင့်နေသည်။ ဝမ်းနည်းပေမယ့် စူးနင့်နေသည့်ဝေဒနာ မျက်ရည်ကိုကျခွင့်မပေးနိုင်အောင် မာနနဲ့တင်းခံနေမိသည်။ 'မင်းလုပ်စမ်းပါ'လို့ စိန်ခေါ်ပြီးပြီပဲ.. ၊

မျက်ရည်စတို့ကို မျက်တောင်ရှည်တို့ဖြင့် ပုတ်ခတ်သိမ်းဆည်း၍ အသက်ဝဝရှူလိုက်သည်။ ဟိုတစ်ချိန်ကလည်း လူကြမ်းဆိုတဲ့ကောင်လေးကို ငါပဲလက်ထောက်ချပြီး ဖမ်းခိုင်းခဲ့တာ။ အဲ့ဒီတုန်းတည်းက ငါမှားသွားပြီလားလို့ တွေးခဲ့မိတာပဲ။ နင်တကယ်မှားခဲ့ပြီဆိုတာ ဒါအဖြေပဲကြာနွယ်ရီး.. ၊ နင့်အလှည့်ကျမှ မနွဲ့စမ်းပါနဲ့..

"ဒုတ်..ဒုတ်.."

ချိုင့်ဆောင့်သလိုကားက မသိမသာခုန်ပြီး ထိုးရပ်သွား၏။ ရောက်ရာသည် ရွှေတောင်ကြားလမ်းသွယ်ထဲရောက်နေပြီဖြစ်ကာ.. ၊

"ကျွတ်..ရောက်နေကာမှ ကားကလည်း.."

"ဘာဖြစ်လို့လဲဟင်.."

"မသိဘူး..ဆင်းကြည့်လိုက်ဦးမယ်.."

မိုးခြိမ်းက အောက်ဆင်းသွားပြီးမှ ပြန်လှည့်၍ ရီးကိုငုံ့ကြည့်ကာ.. ၊

"ဒီခြံပဲမကြာ..ခြံတံခါးကတော့ ဟိုဘက်နားမှာဝင်သွားလိုက်လား.."

ရီးခေါင်းခါမိပြီးမှ ဘာပဲဖြစ်ဖြစ်သူမသွားရမည့်လမ်းပဲမို့ တံခါး



ဖွင့်၍ဆင်းလိုက်သည်။ ခြံရှေ့မီးတိုင်လေးရဲ့ လင်းအားကမများပေမယ့် မီးတိုင်အောက်ရောက်နေသည့်ကားအတွက်တော့ လုံလောက်သည့်အလင်းရောင်ပဲဖြစ်၏။

ရီးဝတ်ထားသည့်ဖေဒါရောင် Evening dressသည်ပျော့အိသောအပြောင်သားဖြစ်လျက် ပခုံးချိတ်တစ်ဖက်ပဲပါသည်။ ပခုံးတစ်ဖက်က အင်္ကျီစမပါဘဲ ငွေရောင်ကြိုးမျှင်လေးတွေနှင့် ရှေ့နောက်ဆက်သွယ်ထားတာဖြစ်၏။ လည်ဟိုက်ခါးကျပ်လေးဖြစ်လျက် ခြေမိုးပေါ်ထိ ပုံဆင်းနေသည့်ဂါဝန်နွဲ့နွဲ့က ပိတ်ကားစကဲ့သို့နှစ်ထပ်မှာ အနားတွန့်လေးတွေပါသေးသည်။ ဒူးအထက်မရောက်တရောက်ကနေ ခပ်စောင်းစောင်းကွဲနေကာ မတ်တပ်လေးရပ်နေရင် ပိတ်ကားချထားသလို အကွဲပါမှန်းမသိရ.. ၊

ဒါက ပွိုင်ဒေါက်မြင့်နှင့်ဆိုလျှင် ရိုင်းပျသည့်အင်္ကျီမဟုတ်သည့်ပြင် မမြင်အပ်သည့်ဘယ်နေရာကိုမှ ဖော်လှစ်ထားသည့်ပုံမျိုးလည်းမဟုတ်။ သူမမှာလည်း အဝတ်အစားသိပ်အများကြီးရှိတာ မဟုတ်တာကြောင့် အဆင်ပြေဆုံးရွေးထုတ်လိုက်တော့ ဒီဝတ်စုံပဲဖြစ်နေခဲ့၏။

ဆံပင်တွေကို ပတ်လည်လိပ်တင်၍ပွပွလေးထုံးဖွဲ့ကာ ဖေဒါရောင်သစ်ခွတွေ နောက်တစ်ခြမ်းလုံးဝိုက်ပန်ထား၏။ သူမဆင်းလာတာမြင်လျှင် မိုးခြိမ်းက အမှတ်တမဲ့မျက်နှာလွှဲပြီးမှ နှစ်ခါပြန်ကြည့်၏။ ပြီးတော့ မလှုံမလဲဖြစ်သွားသည်လား..။ ဒီတိုင်းမျက်နှာလွှဲပစ်တာလား မသိပေမယ့် သက်ပြင်းရှိုက်လိုက်တာကိုတော့ ရီးသေချာတွေ့လိုက်၏။

"ရှင်လိုက်ပို့မှာလား.."

"ကျွန်တော်က.."

မိုးခြိမ်းရုတ်တရက်အသံမထွက်ဘဲ တိတ်သွားသည်။ အစတုန်းကတော့ မိုးခြိမ်းကလည်း သူမကိုစကားပြောတာ ခပ်တည်တည်ခပ်ကြောကြောပါ။ ခုတလောလေးကျမှ 'မကြာ'လို့ခေါ်ကာ 'ကျွန်တော်တွေ' ဘာတွေဖြစ်သွားတာဖြစ်၏။

"ဘယ်သူမှမပါဘဲနဲ့တော့ ကိုယ်နဲ့မသိတဲ့လူတွေထဲဝင်မသွား

www.burmeseclassic.com

www.burmeseclassic.com



ချင်ဘူး..သူလိုက်လာမှာဆိုရင် ဒီကနေပဲစောင့်တော့မယ်..”
မိုးခြိမ်းကနာရီကြည့်ပြီး ခေါင်းညိတ်သည်။ ပြီးတော့ ဘွန်း
နက်ကိုဖွင့်၍ ကားဘာဖြစ်သလဲရှာဖွေနေခဲ့စဉ် ရှီးကတော့ကြိတ်ပြီး
ဘုရားတနေဆဲ.. ၊

ကားတော်တော်နဲ့ ပြန်မကောင်းပါစေနဲ့။ ဂျန်းရောက်လာပါစေ
ဆုတောင်းပြည့်ဖို့မပြည့်ဖို့က ဂျန်းရောက်လာမှသာ အဖြေထွက်ပါ
လိမ့်မည်။ စိန်ဆိုင်တုန်းကတော့ သူအကွက်ချစီစဉ်ထားတဲ့အတိုင်း
ဆိုင်ကိုတစ်ယောက်တည်းလွှတ်၍ သူခိုးဖြစ်အောင်ဖန်တီးခဲ့သည်။

ခုကျတော့ ဒီရှေ့ကျမှကားပျက်သွားခြင်းက သူမအတွက်
ကြမ္မာမျက်နှာသာပေးခြင်းသာ။ ထိုစဉ် ဖုန်းမြည်သံကြားလိုက်ရသ
ဖြင့် မိုးခြိမ်းနဲ့ခပ်လှမ်းလှမ်းထိ တိုးကပ်လိုက်မိသည်။ ထင်သည့်အ
တိုင်း သူ့ဖုန်းပဲဖြစ်လျက် နားစိုက်ထောင်ပေမယ့် မိုးခြိမ်းကလည်း
ဟုတ်ကဲ့..မဟုတ်ဘူးအပြင် ဘာမှပြန်မပြောတာကြောင့်.. ၊

“ပြောလိုက်ပါကိုမိုးခြိမ်း...ဒီကနေပဲသူ့ကိုစောင့်နေတဲ့အကြောင်း..”

“ဖုန်းချသွားပြီ..”

ခပ်တည်တည်မျက်နှာနှင့် ဖုန်းကိုပြ၍ အိတ်ထဲပြန်ထည့်လိုက်
သည်။ ဂျန်းသူမကို အထဲလိုက်ပို့ဖို့မခိုင်းခဲ့တာတော့ သေချာသွားသ
ဖြင့် စိတ်ချမ်းသာသွားခဲ့၏။ သို့သော် အချိန်သည်ဘယ်လောက်
မကြာလိုက်ဘူးထင်၏။ အနားကဖြတ်သွားသည့်အနက်ရောင်ပါ
ရှိသည် ခြံအဝင်ဝမှာပဲ တိုးလိုးတစ်လစ်ရပ်သွားခဲ့ပြီး အထဲကနေ
တက်အဝတ်အစားတို့ဖြင့် ထွက်လာကြသည့်ခေတ်ဆန်ဆန်အမျိုး
သမီးသုံးယောက်.. ၊

ပြီးတော့ နောက်ကငါးယောက်ခြောက်လောက်လောက်ထပ်
လာသေးသည်။ သူမတို့နှင့်ကားထဲက လင်မယားစုံတွဲတစ်တွဲ
ပေါင်းကာ ဒီဘက်ကိုလှမ်းကြည့်ပြီး တစ်ခုခုပြောနေကြ၏။ ကိုယ်
နောက်ကိုပြန်လှည့်ကြည့်မိရင်း ကိုယ့်အပြင်တခြားဘယ်သူမှ ရှိမ
တာကို သိလိုက်ရကာ ရှီးကြက်သီးဖျန်းခနဲထသွားသည်။ အန္တရာယ်
ဆိုသည့်အငွေ့အသက်ကလူကို တစ်နေရာထွက်ပြေးဖို့ တွန်းထိုး
ဆော်နေသည့်နှယ်.. ၊



မဟုတ်ဘူး..ဒီနေရာကိုငါမသိဘူး။ သူတို့နဲ့ငါဘာမှမဆိုင်တာ
ပါ စားသောက်ဆိုင်လည်းမဟုတ်ဘူး။ ရတနာဆိုင်လည်းမဟုတ်ပါ
ဘူး.. ၊

သူမကိုယ့်စိတ်ကိုအားပေးဖြေသိမ့်နေစဉ်လူစုက သူမရှေ့ကို
ရောက်လာခဲ့ကြလျက် ရှေ့ဆုံးကပခုံးလောက်ဆံပင်တစ်ခြမ်းသိမ်း
လေးနှင့် အမျိုးသမီးကလက်ထဲမှာ ဖွင့်ထားသည့်ဖုန်းနှင့်.. ၊

ရှီးထက်နည်းနည်းလောက်ပဲ အသက်ပိုကြီးနိုင်ကာ သူမရဲ့
Evening dressကလည်း ရှီးနဲ့ခပ်ဆင်ဆင်အနက်ရောင်ဖြစ်၏။ ဒါ
ပေမယ့် သူမက ရှီးလိုအရပ်မမြင့်ဘဲ ကိုယ်လုံးကတင်းပြည့်နေတာမျိုး
ထက် ပိုနေသည်။ မျက်နှာကပါးတွေထောင်နေ၏။ သူမနှင့်ယှဉ်
တွဲပါလာသည့် အမျိုးသမီးတွေကလည်း ရှီးကိုမြင်သည်နှင့် သူမကိုင်
ထားသည့်ဖုန်းကိုကြည့်လိုက် ရှီးကိုကြည့်လိုက်နှင့်တအံ့တဩ.. ၊

“ဟုတ်တယ်..သူပဲ..”

“ကြည့်စမ်းဟယ်..ဒီလောက်လှလှပပလေးနဲ့များ၊ သူများယော
က်ျားကိုမှ..”

“တောက်..ဒီမှာညည်းအတွက် ဒီလောက်တောင်ရှားသလား
ဟင်..”

ရုတ်တရက်မို့ သူမတို့ကိုယ့်ရှေ့နယ်ချဲ့လာကြပြီး တစ်ယောက်
တစ်ခွန်းပြောနေကြတာ ဘာတွေပြောနေမှန်းမသိ.. ၊

“ဟဲ့..နင်မျက်နှာပြောင်လှချေလား..”

“အစ်မကဘာတွေပြောနေတာလဲ..ရှင်လူမှားနေပြီနော်..”

“ဘာကိုမှားရမှာလဲ..ဒီမှာနင်..”

ဖုန်းကိုလှည့်ပြလိုက်သည်။ ခဏပဲမြင်လိုက်ရပေမယ့် ရှီးသိ
လိုက်၏။ ပိုက်ဆံမပါဘဲ စားသောက်ပွဲကြီးနှင့်ကျန်ခဲ့စဉ် သူမကိုလာ
ကူညီပေးခဲ့သည့် ဂျန်းရဲ့မိတ်ဆွေဆိုသောလူ.. ၊

“အားမနာပါနဲ့..ကျွန်တော်ကမကြာခင်ရှီးကို သိပါတယ်..”တဲ့။

“အဲ့ဒါငါ့ယောကျ်ား..ငါကသူ့မိန်းမ၊ နင်ကတော့..”

“အဲ့ဒါကိုစနိုက်ကျော်မလို့ အင်တာနက်မှာခေါ်တယ်အေးရဲ့..ပ
ညာပေးပလိုက်၊ ဒီမှာဘယ်သူမှမရှိဘူး..”

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကမြောက်ပေးလိုက်တာနှင့် မိန်းမတွေရိုးကိုပူးညပ် ဝိုင်းအုံလိုက်ကြသည်။

"နင်ကများငါ့ခြံရှေ့ထိ ငါ့လင်ကိုလာချောင်းနေရတယ်လို့..ဒီ လောက်တောင် ကဲဟာ.."

ပါးကိုလွဲရိုက်ချလိုက်၏။ ရိုးရှောင်လိုက်ပေမယ့် လက်ဖျားစ မိသွားသည့်လည်တိုင်မှာ နာကျင်သွားခဲ့၏။ ပြီးတော့ သူမကိုဆွဲလှဲ ရိုက်နှက်ချက်တွေဆက်တိုက်.. ၊

"အံမာ..တစ်ခွန်းမှမငြင်းဘူးကြည့်စမ်း၊ ဟဲ့..နင်အနေသလား ကောင်မ.."

"ရိုက်ပါ..ကျေနပ်အောင်ရိုက်ကြပါ၊ ကျွန်မဒီမှာပဲတစ်ခါတည်း သေပါရစေ.."

ရိုးနာကျင်မှုကို မခံစားနိုင်တော့ပါ။ အသားနာတာထက် အ သည်းထဲကနာသည်။ သေရမှာထက်အရုက်သိက္ခာမရှိတော့ခြင်းအ တွက် ဆက်လက်မရှင်သန်လိုတော့ပေ။ သူမဣိသို့အော်ဟစ်လိုက် လျှင် ရိုက်ချက်တွေရပ်တန့်သွား၏။ အံ့သြထိတ်လန့်သွားသည့်မျက် လုံးတွေနှင့် နောက်ဆုတ်သွားကြပြီး နောက်ထပ်လူတွေပြေးလွှား ရောက်လာကြ၏။

သူမတို့ကိုဖျောင်းဖျဆွဲလွဲပြီး ပြန်ခေါ်သွားကြကာ.. ၊

"မိန်းကလေး..မင်းလည်းဒီကနေသွားတော့လေ.."

"ရှင်ကဘာလုပ်နေတာလဲ..သွားတော့လေ၊ တကယ်ပါပဲ..အ ရှက်ကိုမရှိဘူး.."

ကိုယ့်ထက်ငယ်ရွယ်သည့်မိန်းကလေးတွေကလည်းမျက်စောင်း တွေထိုးလျက်.. ၊

"အိမ်ရှေ့ထိတောင်လာချောင်းတာနော်..ဘယ်လိုမိန်းမတွေလဲ မသိဘူး.."

ရိုးထိုနေရာမှပြေးထွက်လာခဲ့သည်။ ဖရိုဖရဲပျက်စီးနေသည့် အင်္ကျီကို ဆွဲမိဆွဲရာပြုပြင်ဆွဲတင်းလိုက်ရင်း ပုံပျက်နေသည့်ဆံပင် တွေကို ကိုယ့်ဘာသာဆွဲဖြုတ်ပစ်လိုက်သည်။ ဒီထက်ပို၍ အရှက်သိ က္ခာကျဆင်းဖို့လည်း မရှိတော့။ ဒီလောက်တောင်သွေးပျက်ဖွယ်



ကောင်းသည့်အဖြစ်ကို ရင်ဆိုင်ခဲ့ရပြီးမှ နောက်ထပ်သွေးပျက်ဖွယ် ကို တွေးပူနေဖို့လည်း သတိမရတော့ပေ.. ၊

တော်လောက်ပြီဂျွန်..။ ငါဒီ့ထက်ပိုပြီး သည်းမခံနိုင်တော့ဘူး.. နင်နဲ့ငါဒီနေ့နောက်ဆုံး.. ၊

ဘယ်လောက်ထိပြေးနေမိမှန်းမသိဘဲ ခြေစုံရပ်လိုက်တော့ ကိုယ်ပိုင်အထက်တန်းကျောင်းတစ်ကျောင်းရဲ့ရှေ့မှာဖြစ်ကာ ဘယ် နေရာဆိုတာမသိ။ လူသည်တုန်ယင်မောဟိုက်နေပြီဖြစ်ကာ ဆံပင် တွေဖွိုယိုဖားလျား ဝတ်စုံဖားဖားနှင့်သူမကို ခွေးနက်ကောင်ကအိမ် ခြံဝင်းတစ်ခုထဲကနေ လှမ်းဟောင်နေ၏။

ခွေးဟောင်လွန်းလို့အိမ်ရှင်က ခွေးခြောက်ရင်းထွက်ကြည့်သည် အခြားအိမ်ကလူတချို့လည်း သတိထားမိကုန်ကြ၏။ ထိုနေရာမှ ခဲ့ရပြန်၏။ လမ်းမကြီးဘက်ကိုထွက်ခဲ့ရင်း ခြေလှမ်းမှန်ဖို့ကြိုး စားသည်။ သူမဘယ်သွားရမလဲ.. ၊

ဖေကြီးလည်းအိမ်ခြေမဲ့ဘဝရောက်ကာ သူဘယ်မှာနေတယ်ဆို တာတောင် ဘယ်သူ့ကိုမှအသိမပေးဘဲ ပျောက်ကွယ်နေခဲ့၏။ ကိုယ် မှာလည်း တန်ဖိုးကြီးရတနာဘာမှမပါခဲ့သဖြင့် ဟိုနားဒီနားသွား ဖို့ လမ်းစရိတ်တောင် သူမမှာမရှိ.. ၊

ထိန်းနေရင်း မျက်ရည်တွေပြည့်တက်လာသည်။ မျက်ရည်ကျ တိုင်း လူတွေသတိထားမိပြီး ဝိုင်းကြည့်ကြတာမို့ မျက်နှာကိုငုံ့၍ နှစ်နဲ့ပွတ်တိုက်ရင်း မျက်ရည်ကိုဖျက်မိ၏။ မငိုမိအောင်ထိန်း ရတာ ရချင်ရမှာပေမယ့် ခုချိန်ထိတစ်ကိုယ်လုံး တုန်ယင်ချိနဲ့နေ ကို မလွန်ခြောက်နိုင်.. ၊

ထို့ကြောင့် ဂါဝန်စနှစ်ဖက်ကိုဖိဆုပ်ထားမိရင်း အသက်ရှူချောင် ကြိုးစားနေရလေသည်။ ဂျွန်ကိုသတိမရနဲ့။ မုန်းမုန်းနာနာမ နဲ့။ နင်ဘာလုပ်မလဲ စဉ်းစားစမ်းရိုး.. ၊

လမ်းမကြီးပေါ်ရောက်လာတော့ လမ်းသွယ်တွေထဲမှာထက်ပို လွတ်လပ်လေသည်။ သူမဂျွန်းဆိုသည့်မျက်နှာကိုဖျောက်ဖျက် လိုက်လျှင် ခံရသက်သာမှန်းနားလည်လာကာ အားလုံးကိုမေ့ပင်း ထုတ်ဖို့ကြိုးစားနေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ လမ်းဖြတ်ကူးဖို့ မျဉ်းကျားရှိရာကိုသွားရမလား။ သ
များတွေလိုပဲ ရောက်သည့်နေရာကဖြတ်ရမလား စဉ်းစားနေမိသည်
ထိုစဉ်.. ၊

"ကျွိ.."

"အား.."

လှူကိုတိုက်မိပြီထင်ကာ နောက်ဆုတ်လိုက်မိ၏။ သို့သော်သူ
လက်ကို တစ်စုံတစ်ယောက်ကဖမ်းဆွဲထားလိုက်ကာ.. ၊

"နောက်ကတက်.."

ဂျန်း.. ၊

ဟဲလ်မက်အောက်ကမျက်လုံးတွေနှင့် ပခုံးအောက်ထိရှည်
နေသောဆံပင်တွေကို သိလိုက်သည်။ ရှီးလက်ကိုအတင်းပြန်ရုန်း
ထွက်ပြေးဖို့ကြိုးစား၏။ ဂျန်းသည် ဆိုင်ကယ်ပေါ်ကနေ သူ
ကိုယ်လေးပါလာအောင် ဆောင့်ဆွဲပစ်လိုက်ပြီး သူ့ကိုယ်ပေါ်ယိုင်
သွားလျှင်.. ၊

"အား..သေပြီ၊ နင်..နင် လွှတ်နော်၊ ငါအော်လိုက်မှာ..လူယု
မာ.."

တကယ်တမ်းကျတော့ ဂျန်းကမညှာမတာဆွဲတင်ပေမယ့် ကို
ရဲ့ခြေလက်တွေထိခိုက်နာကျင်လာတာနှင့် သူဆွဲတင်သည့်အတိ
တွန်းထိုးရုန်းဖယ်ပါသွားခဲ့လေသည်။ ဆိုင်ကယ်သည် ဝေါ
ဆောင့်ထွက်ကာ သူမထွက်လာခဲ့သည့်လမ်းသွယ်ထဲကိုပဲ ပြန်
၏။

လှုပ်ပိုတင်မရသည့်သူ့ရှေ့မှာ ရှီးပုံပန်းမကျစွာပါသွားခဲ့ပြီး
မားကြွားရှားသည့်ဆိုင်ကယ်ကြောင့် လေထဲမှာလွင့်နေသလို
ကိုယ်လုံးကျင်ခဲနေ၏။

"ငါပြုတ်ကျတော့မယ်..ဂျန်း ခုရပ်ပေး၊ ရပ်ပေးပါ.."

"သေမှာစိုးရင် မသေအောင်ကိုင်ထား.."

ပြောသမျှစကားလုံးတိုင်းက ဓားသွားတွေပစ်ဝင်နေသလို
ရှီးသူ့ရင်ခွင်ထဲမှာ ပူးကပ်လျက်အသေအကြေဖက်ထားရင်း မျက်
လည်းမဖွင့်ရဲ။ ဘယ်နေရာတွေကနေ ဘယ်လိုကွေ့ပတ်မောင်း



သည်မသိဘဲ 'ဟင်ခနဲ''ဟာခနဲ'အသံတွေ 'မိုက်ရိုင်းလိုက်တဲ့ဆိုင်
ကယ်လ်'လို့ပြောသံတွေ 'အဲ့လိုမိုက်ရိုင်းလို့ အဲ့ဒီဆိုင်ကယ်လ်တွေ
သချင်းဆိုးနဲ့ သေနေကြတာ' 'ဒီလိုဟာတွေကျတော့ မဖမ်းကြဘူး'
သဖြင့်သော ဆဲရေးတိုင်းထွာသံတွေ ကျိန်ဆဲသံတွေနားထဲမှာ တဝီး
ဖြတ်သန်းနေကြ၏။

ရှီးအံကြိတ်ထားမိကာ ဆိုင်ကယ်လ်ရပ်သွားတော့ မျက်လုံးတွေ
င့်လိုက်၏။ အိမ်ပြန်ရောက်ပြီဆိုတာသိလိုက်လျှင် သူ့လက်ကိုတွန်း
စ်လိုက်ပြီး ခုန်ဆင်းလိုက်သည်။ သို့သော် မြေပြင်ပေါ်ခြေချမိလျှင်
ကယိုင်ခနဲဖြစ်သွား၏။ ကိုယ့်ကိုယ်ကိုထိန်းနေရင်း အရက်မူးသ
းလို လဲပြိုမတတ်ဖြစ်နေလျှင် ဟဲလ်မက်ကိုတစ်ဖက်ကကိုင်ထား
း ဂျန်းကလှမ်းဆွဲလိုက်၏။

"ဖယ်စမ်း.."

သူဆွဲလိုက်သည့်အရှိန်အတိုင်း ရှီးရဲ့လက်တစ်ဖက်မြောက်
က်သွားခဲ့ပြီး.. ၊

"ဖြန်း.."

မျက်နှာကဟဲလ်မက်ဖြုတ်လိုက်သည်နှင့် ရိုက်ချက်တစ်ချက်
က်ချင်းရောက်လာမည်ဟု ထင်မထားခဲ့သဖြင့် ဂျန်းရဲ့မျက်နှာငဲ့ပါ
းသည်။ ပြီးတော့ နောက်ထပ်တစ်ချက်.. ၊

အလစ်ငိုက်တွေပဲလား..။ ဒီလိုရိုက်ရလာမည် မထင်ခဲ့တာ
ကြောင့်လား.. ၊

ပါးနှစ်ဖက်စလုံး ရိုက်ခံထိသွားတာတောင် ဂျန်းဒီတိုင်းရပ်နေ
၏။ ထို့ပြင် ဟဲလ်မက်ကိုဆိုင်ကယ်လ်မှာချိတ်လိုက်သေးသည်။

"လူယုတ်မာ.."

ရှီးက လက်ဖဝါးတွေနာအောင် ရိုက်ပစ်လိုက်တာတောင် ရင်ထဲ
နာကျင်မှုကြောင့် သူ့အင်္ကျီကိုဆွဲ ရင်ဘက်ကိုလွဲရိုက်နှင့် အရူးလို
င်တွင်အော်၏။

"တောက်.."

ဂျန်းထံမှတက်ခေါက်သံတစ်ချက်နှင့်အတူ လက်ပြန်ရိုက်ချ
က်ဖို့ လွှဲလိုက်သည့်လက်က နည်းတဲ့အရှိန်မဟုတ်။ သို့သော်.. ၊

www.burmeseclassic.com

www.burmeseclassic.com



"လုပ်လေ..ရိုက်စမ်းပါဂျုန်းရဲ့၊ နင့်လောက်ယုတ်မာတာမရှိဘူး-နင့်လိုလူစိတ်မရှိတဲ့လူ မတွေ့ဖူးဘူး၊ လူယုတ်မာ..တိရစ္ဆာန်ကောင် နင့်ကိုမုန်းတယ်..သေလောက်အောင်မုန်းတယ်...လူယုတ်မာ."

ရိုးသူ့ကိုကြောက်တဲ့စိတ် နည်းနည်းလေးတောင်မရှိတော့ဘဲ ဘယ်လိုပဲပြန်လည်တုံ့ပြန်ပါစေ၊ နောက်ထပ်ဘယ်လိုဒဏ်ခတ်မှုမျိုးကိုမှလည်း ဂရုမစိုက်တော့ဘဲ စိတ်ရှိလက်ရှိထုနှက်ငိုနေရင်း မြင်ကွင်းတွေ ချာချာလည်လာသည်။

တံခါးလာဖွင့်ရင်း အံ့အားသင့်နေပုံရသည့် စုစုနဲ့သူမနောက်က ရပ်ငေးနေကြသောပုံရိပ်တွေ ပြီးတော့ မီးရောင်တွေရယ် ထိန်လင်းလှပနေသောတိုက်ကြီးနှင့် တခြားမြင်ကွင်းအားလုံးသည် လူတွေကလွင့်ပျံနေလိုက် တိုက်ကြီးကဖောက်ထိုးဖြစ်သွားလိုက်.. ၊

ပြီးတော့ မီးရောင်တွေတဖျတ်ဖျတ်ပျောက်ကွယ်သွားခဲ့ပြီး အားလုံးမှောင်အတိကျ၏။ သူမတစ်ကိုယ်လုံးမြေပေါ်ပုံကျမသွားမီ ဂျုန်းကပွေ့ယူလိုက်၏။ ဆံပင်တို့သည် မျက်ရည်နဲ့ချွေးတို့ရောလျက် မျက်နှာလေးထက်မှာ တချို့တစ်ဝက်ကပ်တွယ်နေကြကာ သူပွေ့ယူလိုက်တော့ မော့မော့လေးပါလာတာ ငြိမ်ငြိမ်သက်သက်.. ၊

ခုနကအော်ဟစ်သောင်းကျန်းနေတာ သူမ မဟုတ်တဲ့အတိုင်း-သူ့ပါးတွေကတော့ ခုထိနာနေတုန်းပါ.. ၊

## အခန်း(၂၈)

"လူလေး..မင်းတော်ပြီလေကွာ၊ တစ်ကိုယ်လုံးစားပွဲပေါ်မှာ မှောက်နေတာတောင် ပုလင်းကိုကိုင်တုန်းလား.."

ဦးပွကြီးက သူ့လက်ချောင်းတွေကိုဖြည်ချကာ ပုလင်းကိုအမြင့်တစ်ခုပေါ် လှမ်းတင်လိုက်သည်။ သို့သော်.. ၊

"ဦးပွ.."

ဂျုန်းက သူ့လက်တစ်ဖက်ကို အားပြုဆွဲလိုက်လျှင်.. ၊

"ဒုတ်..ခွမ်း.."

ပုလင်းက လိုရာမရောက်လိုက်ဘဲ စားပွဲပေါ်ပြန်ပြုတ်ကျကာ မြေပြင်ကို နောက်တစ်ဆင့်လိမ့်ဆင်းသွားခဲ့၏။ ဦးပွကြီးပုလင်းကွဲသွားသဖြင့် အလန့်တကြားငုံ့ကြည့်မိသော်လည်း ဂျုန်းကသူ့ကိုဆွဲ၍ လဲပြိုနေသည့်ကိုယ်ကို ထူမတ်ရင်း.. ၊

"ဦးပွ..ကျ ကျွန်တော်ရူးနေပြီလား၊ အေ့ တကယ်ရူးနေပြီ..လား"

"မင်းမရူးပါဘူးလူလေးရယ်..မင်းတစ်ကိုယ်လုံးမှာ အတ္တအဆိပ်တက်နေတာပါ၊ မကောင်းတဲ့အတ္တစိတ်က အားကြီးလာရင် လူကိုလောင်မြိုက်လာတာပဲ..မသိတဲ့လူကိုသင်ပေးရလွယ်တယ်၊ သိနေတဲ့သူကိုသင်ဖို့ခက်တယ်..လူလေးက သိလျက်နဲ့ဇွတ်တိုးနေတာ.."

"ကျွန်တော်မပျော်ဘူး..ကျွန်တော် ကျွန်တော်ဘာလို့လဲ၊ အောင်မြင်မှုတွေရနေတာကို ဘာလို့မပျော်တာလဲဘာဘ.."

မတ်တပ်ရပ်နေသည့်ဦးပွကြီးရဲ့လက်ကို မျက်နှာနဲ့ဆွဲကပ်ထားရင်း ဂျုန်းငိုနေသည်။ ဆံပင်တွေဖရိုဖရဲပြန့်ကျနေကာ နှုတ်ခမ်းမွေးစ မုတ်ဆိတ်ကျင်စွယ်ငုတ်စနှင့်ပုံစံက လူကြမ်းကြီးပါ။ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



တရှိုက်ရှိုက်ငိုနေတော့ ကလေးငယ်တစ်ယောက်ကဲ့သို့.. ။

"သူငိုနေတာကို ပျော်ပျော်ကြီးကြည့်နေချင်တာဘာဘာရယ်.."

"ဟင်း.."

ဦးပွကြီးဂျန်းရဲ့ခေါင်းပေါ်မှာ လက်တင်၍ သက်ပြင်းချသည်၊ ပြီးတော့ ဆံပင်တွေကိုဖွဖွပွတ်သပ်နေရင်း.. ။

"အခုသူငိုသလို မင်းလည်းငိုနေရပြီမို့လား..ဘာဖြစ်လို့ ကိုယ့်စိတ်ကိုနားလည်ဖို့မကြိုးစားဘဲ အတ္တနဲ့ဖုံးနေရတာလဲ၊ မင်းသူ့ကိုမုန်းနေတာမဟုတ်ဘူးလူလေး..လူတိုင်းဟာ ကိုယ်အလေးထားမြတ်နိုးတဲ့သူရဲ့ဥပေက္ခာကိုကြောက်ကြတယ်၊ ကိုယ်မြတ်နိုးတဲ့သူက ရက်စက်ဟန်ပြရင် တခြားလူထုရိုက်နှိပ်စက်တာထက် ပိုနာတယ်.."

"မဟုတ်ဘူး.."

ငိုနေသည့်မျက်လုံးတွေ လေးလေးလံလံပွင့်လာသည်။ မထောင်နိုင်သည့်ခေါင်းကိုထောင်မတ်၍ ခေါင်းခါဖို့ကြိုးစား၏။

"ကျွန်တော်ဘယ်မိန်းမကိုမှ မချစ်ဘူး..မ မမြတ်နိုးခဲ့ဘူး၊ အော့.."

"လူလေးရယ်.."

"ဘာဘာပဲစဉ်းစားကြည့်ပါဦး..မိန်းမတွေကရှုံဖို့ကောင်းတယ် မိန်းမညာဏ် မိန်းမညာဏ်တွေသူတို့ပဲတက်တာ..အဲ့ဒီမိန်းမညာဏ်ကိုအရမ်း..အရမ်း..အော့.."

ဖွဲ့နေသည့်တစ်စုံတစ်ရာကို ဂျန်းဘယ်လိုမှဖျောက်ဖျက်ဖို့ကြိုးစားမှာမဟုတ်ပေ။ သူမုန်းနေသည့် မိန်းမညာဏ်ဆိုသော ထိုအရာနှင့်ပတ်သက်သည့်ပုံရိပ်တွေကိုလည်း ဘယ်သောအခါမှ မေ့ပျောက်နိုင်မည်မထင်။ ထို့ကြောင့် ဦးပွကြီးအချိန်အခါကိုစောင့်နေခဲ့ရသည်၊

လောကရဲ့ဝဋ်ဆင်းရဲခံရသူတွေတောင် ကျွတ်ချိန်တန်မှကျွတ်ကြသည်။ မြတ်စွာဘုရားရှင်သည်လည်း ကျွတ်ထိုက်သူကိုသာ ချွတ်ခဲ့တာဖြစ်ရာ သူကဲ့သို့ပုထုဇဉ်လူသားတစ်ဦးက တခြားလူတစ်ယောက်၏အတွေ့အလှည့်တို့ကို အချိန်မှန်နေရာမှန် ဝင်ရောက်ငြိမ်းသတ်ပေးဖို့က မလွယ်ကူပေ.. ။

"ဘာဘာ.."

"ဟေ.."



"ဘာဘာ..ကျ ကျွန်တော်ပြောတာကြားနေလား.."

"ကြားပါတယ်လူလေးရယ်.."

ဒီလိုအချိန်မျိုးဆိုရင် ဂျန်းရဲ့နှုတ်ဖျားမှာဦးပွကြီးဖြစ်လိုက် ဘာဘာဖြစ်သွားလိုက်နှင့် ကျေးဇူးရှင်ဦးချိုအေးကို သတိရတမ်းတခြင်းတွေပွင့်အံလာတတ်ခဲ့၏။ ဦးပွကြီးကတော့ ဂျန်းရဲ့ဘဝ ဂျန်းခံစားနေရသမျှ နားလည်ဆုံးမို့.. ။

"ကြာနွယ်ရိုးက လူလေးထင်နေတဲ့မိန်းမမျိုးမဟုတ်ဘူးဆိုတာဦးပွကြီးပြောရဲတယ်.."

"ဟုတ်တယ်..သိပ်ကိုဟုတ်တယ်၊ အဲ့မိန်းမက ဘာပြောသွားလဲဘာဘာသိလား.."

ဂျန်းဘာကိုပြောတာမှန်း ဦးပွကြီးရုတ်တရက်မသိ.. ။

"ဒေစီဆိုတဲ့မိန်းမ ပြောချင်တိုင်းပြောပြီး သူ့ကိုဆဲဆို ထုရိုက်နေတာ..အဲ့ဒါ အဲ့ဒါကိုသူက အော့.."

ဂျန်းသည် ထုရိုက်ဟန်တွေလုပ်ပြပြီး ဒေါသတွေထွက်နေပြန်တာ.. ။

"သူက သူ့ကိုရိုက်ပါ..အပြစ်ပေးပါနဲ့.."

ပြောနေရင်း တက်ခေါက်၏။ ပြီးတော့ ဖန်ခွက်ကိုပါလက်နဲ့ရိုက်ချပစ်လိုက်လျှင် ဖန်ခွက်သည်ဖောင်းခနဲကွဲထွက်သွားကာ ကွဲစတွေအဖြစ် လွင့်စင်ထွက်ကုန်၏။

"အဲ့ဒါပြောစရာဘာလိုလို့လဲ..သူ သူမဟုတ်ဘဲနဲ့ ဘာလို့ဝန်ခံတာလဲ၊ အဲ့ဒါဘာလုပ်တာလဲ..တောက်.."

"ဒုန်း.."

"လူလေး.."

ဦးပွကြီးစိုးရိမ်လာသဖြင့် ဖျောင်းဖျဖို့ကြိုးစားမိသည်။ ဂျန်းက သူ့ကိုအကိုင်မခံတော့ဘဲ စားပွဲကိုထုပစ်လိုက်ပြီး ခေါင်းသည်စိုက်ခနဲငိုက်ကျသွား၏။

"ဂျန်း..လူလေး.."

ဆွဲထူဖို့ကိုင်လိုက်တော့ ဂျန်းကလက်ကာနေ၏။ ပြီးတော့ မျက်နှာလည်း မော့မလာဘဲ.. ။

www.burmeseclassic.com

www.burmeseclassic.com



"သူများရိုက်ပုတ်နေတာလည်း ခံခဲ့သေးတယ်..မဟုတ်တာကို လည်း ဝန်ခံလို့၊ ဟွန်း..ရွဲ့တာ အဲ့ဒါကျွန်တော့်ကိုရွဲ့တာ၊ တော်တော် အကျင့်ကောင်းတဲ့မိန်းမ.."

"မင်းလည်းအဲ့လိုဖြစ်စေချင်တာပဲမို့လား..ဒါတွေမင်းအကွက် ချလုပ်ကြံတာမှန်း သူသိနေမှတော့ ရှုံးနေတဲ့သူကရယ်နိုင်ပါ့မလား လူလေးရယ်.."

"ဟာ.."

ဂျန်းမျက်နှာကြီး မော့လာသည်။

"ဦးပွကြီးက သူ့ဘက်ကလား..ဒီမိန်းမကို မသနားနဲ့နော်၊ ဘဘ ပဲစဉ်းစားကြည့်..ကျွန်တော့်မိန်းမလုပ်နေပြီး သူကလူကြီးမင်းရဲ့မိန်း မဖြစ်နေသေးနဲ့ သူများလုပ်တာကို ခံစရာလား.."

"မင်းဖြစ်စေချင်တဲ့အတိုင်း သူဖြစ်ပေးခဲ့တာပဲ.."

"မဟုတ်ဘူး..ကျ ကျွန်တော့်ကို သူ့အိမ်ရှေ့မှာသူပဲ ဘာတွေကြ နေပါတယ်၊ ဘယ်လိုဘယ်ပုံခြိမ်းခြောက်ပါတယ်နဲ့..ဟွန့် အဲ့လိုတိုင် ခဲ့တာလေ၊ လူကြမ်းကခံနေတာမို့လို့လား..လုံးဝပဲ၊ စွပ်စွဲခံရပြီး ခေါင်းခါရမှန်းလူတိုင်းသိတယ်..အဲ့မိန်းမက တော့.."

ဖြစ်ရပြန်ပြီတော့။ခုနပြောတော့ မိန်းမညာဏ်တွေသုံးနေပါသတဲ့

ဂျန်းရင်ထဲမှာ စွဲကပ်နေခဲ့သည့် 'မိန်းမညာဏ်'ဆိုသော ရွံစရာအ ဖြစ်သနစ် လီဆယ်မှုတွေဘယ်တော့မှ ပါးလျားပျောက်ကွယ်မှာလဲ

"သူကရွဲ့နေတာ..သူ့ကြောင့် ကျွန်တော်..ကျွန်တော်ပျော်ရမယ့် အစား ငိုချင်နေတယ်၊ အလကားမိန်းမ.."

ဂျန်းငိုသံတွေပါလာပြန်သည်။ ပြီးတော့ မျက်နှာမှောက်ကျသွား လျက်.. ၊

"သူကကျွန်တော့်ကိုမုန်းတယ်တဲ့..ဘယ်သူကချစ်ခိုင်းနေလို့လဲ မုန်းတော့ရော သူမုန်းတော့ဘယ်သူကဂရုစိုက်မှာမို့လဲ.."

"ဒိန်း.."

"ခွမ်း..ချလွမ်း.."

စားသောက်ထားသည့်ပန်းကန်တွေဇွန်းတွေက စားပွဲ၏တုန်ခါ မှုကြောင့် မြောက်ခုန်လဲပြိုကုန်၏။ ဦးပွကြီးခေါင်းခါမိလေသည်၊



ဂရုမစိုက်လို့ ဒီလောက်။ဂရုများစိုက်ရင် ဖနောင့်တစ်ချက် ပေါက်တာနှင့် ကမ္ဘာပြိုနိုင်၏။ ပြောပြရင်လည်း လက်မခံ.. ၊

"ကဲ..သောက်စရာလည်းမရှိတော့ဘူး..စားစရာလည်းကုန်နေပြီ၊ အိပ်တော့လူလေးရာ..ထ ထ မပြန်ချင်ရင် ဒီမှာပဲအိပ်လိုက်၊ လူလေး အတွက် အိပ်ရာပြင်ပြီးပြီ.."

"ဟမ်.."

"ထ..အထဲဝင်မယ်လို့.."

"မဝင်ချင်ပါဘူး..ပြောလို့မပြီးသေးဘူး၊ ခုမှ..အဲ.."

ပြောနေရင်း လက်ကိုပင့်၍ နာရီကိုပြူးပြဲကြည့်နေလျက်.. ၊

"ဘဘ..ဘယ်နှစ်နာရီထိုးပြီလဲ.."

"ဟေ.."

ဒိုင်ခွက်ကလည်း လင်းလို့ပါ။ မူးတဲ့သူကမမြင်တဲ့သူကို မေးနေ သည်။ ဦးပွကြီးခေါင်းကုတ်မိကာ.. ၊

"အေး..အိပ်ချိန်ရောက်နေတာတော့ သေချာတယ်ကွ၊ မပြန်ချင် တော့ရင် ဒီမှာပဲအိပ်လေ..အထဲမှာ မင်းအတွက်ပြင်ပေးထားတယ်.."

"မအိပ်ချင်ပါဘူး.."

"မအိပ်ချင်လည်းထ..ညဉ့်နက်နေပြီ.."

"ညဉ့်နက်ပြီလား.."

"အေးဆို.."

"အဲ့ဒါကြောင့် ဘယ်နှစ်နာရီလဲလို့.."

"သြော်..ကဲ.."

ရင်ဖွင့်သံတွေပြီးတော့ တောင်စဉ်ရေမရတွေပြောနေရင်း စား ပွဲပေါ်မှောက်ကျသွားခဲ့၏။ ဦးပွကြီးစားပွဲကို အရင်ရှင်းနေမိကာ အ ကြတ်တမဲ့ခါတ်မီးရောင်နဲ့ ဂျန်းမျက်နှာကိုတစ်ချက်ငေးသွားစဉ်.. ၊

မျက်တောင်ဖျားတို့မှာ လက်ခနဲဖြစ်သွားတာ သတိထားမိလိုက် သဖြင့် လက်နဲ့အသာလေးတို့ကြည့်လိုက်မိသည်။ ထိုအခါလက်မှာ စိုတ်လာသည့်မျက်ရည်တို့ကြောင့် သက်ပြင်းချမိ၏။

တော်တော်ပြင်းထန်သည့် အတ္တမီးပါလား.. ၊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၉)

အချိန်သည် မနက်လေးနာရီတိတိကိုပြနေသည်။ အိတ်ဖွင့်၍ လိုအပ်မည့်ပစ္စည်းအသုံးအဆောင်လေးတွေပဲ ကောက်ထည့်နေရင်း ကိုယ့်ကိုယ်ကို ဒေါသထွက်နေမိသည်။ သူမဘာတွေဖြစ်ခဲ့လို့ ဒီ လောက်တောင်တစ်ညလုံးကြီး အိပ်ပျော်နေခဲ့တာလဲ.. ။

နင်ဒီလောက်တောင် ပျော့နွဲ့နေရသလားကြာနွယ်ရိုး။ လူကြီး မင်းလိုသတ္တဝါကို ဆန့်ကျင်ဖို့ဆုံးဖြတ်ထားပြီးမှ ဒီလောက်ပျော့နေ ရင် ဒီလူနဲ့နင်ဘယ်လိုတိုက်ခိုက်မလဲ.. ။

တွေးနေရင်းလှုပ်ရှားမှုတွေက ပိုမြန်လာသည်။ ကိုယ့်ရဲ့လှုပ်ရှား မှုတိုင်းမှာ ခေါင်းတွေမူးရိပ်ရိပ်ဖြစ်နေတာကိုလည်း မုန်းနေမိကာ အ ရွဲ့တိုက်စရာမရှိ ကိုယ့်ခန္ဓာကိုယ်နဲ့ပြန်တိုက်နေမိကာ.. ။

"မူးစမ်း..ဖြစ်ချင်သလိုဖြစ်လိုက်၊ ဗုန်းဗုန်းလဲသွားရင်တောင် ဒီ အခန်းထဲမှာ ပြန်မထိုင်ဘူး..သူ့ရဲ့ပစ်မှတ်ဘဝနဲ့ တစ်စက္ကန့်တောင် ထပ်မနေတော့ဘူး.."

လှုပ်ရှားတိုင်း တဝေ့ဝေ့လွှဲခါနေသည့် ဆံပင်တွေကို ကလစ်နဲ့ ဖြစ်သလို ကောက်ကပ်ညှပ်ထားလိုက်ပြီး အဝတ်အစားကိုတော့ နှင် စုံလောက်ပဲ ထည့်လိုက်၏။ ထိုစဉ် စုစုတစ်ယောက်မျက်လုံးတွေ ပွတ်သတ်ရင်း အိပ်ပျော်နေရာကနေ လူးလဲထကြည့်ကာ.. ။

"ဟင်.."

သူမအိပ်နေတာကိုက အခန်းတံခါးနားမှာကန့်လန့်ပိတ်ပြီး အိပ် ခဲ့ရသည်။ သတိကြီးကြီးထားနေခဲ့တာမို့ အချိန်မီနိုးလာတာတောင် ထွက်သွားဖို့ ပြင်ဆင်နေသည့်ရိုးကိုမြင်တာနှင့် ဘုရားတမိကာ..



"မမ ဘာလုပ်နေတာလဲဟင်..မမမလုပ်ပါနဲ့မမရယ်၊ မမထွက် သွားရင် ကျွန်မတို့တော့သေပြီ.."

"သေမှာစိုးရင် တစ်ခါတည်းထွက်ကြပေါ့.."

"အောင်မလေး ရက်စက်လိုက်တာ မလုပ်ပါနဲ့..ကျွန်မတို့မှာ မိသားစုခြောက်ယောက်ရှိတာလေ၊ တစ်ယောက်မှမလုပ်နိုင်မကိုင်နိုင် ကြဘူးမမရဲ့..အငယ်လေးနှစ်ယောက်က ခုမှအလယ်တန်းမှာ၊ အဖေ နဲ့အမေက နှစ်ယောက်စလုံးအလုပ်မလုပ်နိုင်တဲ့ ရောဂါသည်တွေပါ.. ကျွန်မလေ ဟောဒီကလစာလောက်ရတဲ့ အလုပ်မျိုးလည်း ထိုင်းကို သွားရင်တောင် ရမှာမဟုတ်လို့ပါနော်.."

ရိုးက အိတ်ကိုဇစ်ဆွဲပိတ်နေရင်း လှည့်ကြည့်ကာ.. ။

"လစာတွေ နှစ်ဆသုံးဆပေးထားပြီး လူမဆန်စွာနိုင်နင်းနေတာ ကို ဘာလို့သည်းခံနေမှာလဲစုစု.."

"လူဆန်ပါတယ်..သူဌေးက ကျွန်မတို့ကိုတမင်နိုင်နင်းနေတာ မဟုတ်ပါဘူး၊ နောက်ပြီးလေ သူဌေးလိုလူမျိုးဆီမှာ အလုပ်လုပ်ရ တာ ကျွန်မတို့ဘဝလုံခြုံပါတယ်..ကျန်တာဘယ်လိုပဲ သည်းခံရ သည်းခံရပါ၊ မမကို ထွက်မသွားစေနဲ့လို့ သေချာမှာထားတာမမရဲ့.. ထွက်သွားရင် ကျွန်မတို့အလုပ်ပြုတ်ပြီ.."

ရိုးစိတ်ညစ်သွားသည်။ 'သေပေါ့'လို့ပြောပြီး ထွက်သွားရမလား 'ဘတ်နိုင်တော့ဘူးစုစုရယ် စိတ်မကောင်းပါဘူး'လို့ ချော့မော့နှစ် သိမ့်ပြီး သွားရမလား..။ သူမကတော့ သွားကိုသွားရမှာဖြစ်ကာ..၊

"ရှေ့ကဖယ်.."

"ဟင်.."

တစ်ချက်ကြောင်သွားပြီးမှ စုစုကရိုးရဲ့ခါးလေးကို ဝင်ဖက်ထား လိုက်ပြီး.. ၊

"မသွားပါနဲ့မမရယ်..ကျွန်မတို့အကျိုးအတွက်ချည်းပဲ မဟုတ် ပါဘူး၊ သူဌေးကမမကို ဂရုစိုက်ပါတယ်..မမနဲ့သူဌေးတို့ကိုတကယ် တွဲစေချင်တာပါမမရယ်၊ ဟိုလေ မမသူ့ကိုပါးတွေနားတွေရိုက်ခဲ့စဉ် ကတောင်မှ မမသတိလစ်သွားတော့ သူအရမ်းကိုပျာယာခတ်ပြီး"

"တော်တော့.."

www.burmeseclassic.com

www.burmeseclassic.com



"ဟင်..မမကထွက်သွားမယ်.."

တံခါးသည် အသံတစ်ချက်မြည်ပြီး ပွင့်သွားကာ ကြိုင်လှိုင်တို့ပါ အပြေးအလွှားဝင်လာကြ၏။ ရှိုးစိတ်ညစ်သွားကာ.. ။

"လူတစ်ယောက်ရဲ့ဘဝကို နင်တို့ဘာအောင့်မေ့နေတာလဲ..ငါ့ကြောင့်နင်တို့အားလုံး ဘဝပျက်ရမယ်ဆိုရင်လည်း.."

ဂရုမစိုက်နိုင်ဘူးလို့ ပြောပစ်ချင်ပေမယ့် ပြောလို့လည်းမထွက်။ ဒါပေမယ့် ဂျန်းနဲ့သူမအကြောင်း သူတို့တွေဘာသိလို့လဲ။ ဂျန်းဘယ်လိုလူစားလဲဆိုတာ သူမထက်ဘယ်သူပိုသိသလဲ.. ။

ထို့ကြောင့် ပြောဆိုဖြေရှင်းဖို့တွေကို လုံးဝရှောင်သင့်ပြီမှန်းတွေးမိကာ လက်ဆွဲအိတ်လေးကို မွေ့ရာပေါ်ကနေ ဆွဲချလိုက်ပြီး.. ။

"ငါ့ကိုတစ်ယောက်မှ ဝင်ဆွဲဖို့စိတ်ကူးနဲ့ ဖယ်ကြ.."

အော်ပစ်လိုက်တော့ သုံးယောက်လုံးဘေးရှဲသွားကြသည်။ သို့သော် အခန်းဝမှာပေါ်လာသည့် အရိပ်ကြောင့်သူမခြေလှမ်းတုံ့သွား၏။ ဂျန်းကအတွင်းခံအင်္ကျီမပါသောကိုယ်ပေါ်မှာ ကုတ်အင်္ကျီနက်ပြာကိုထပ်ဝတ်ထားကာ လက်ဝတွေကိုဖြစ်သလို ဆွဲတင်ထားသည်။

ဆံပင်ရှည်တွေက ဒီတိုင်းပြန့်ကျနေပေမယ့် နောက်မှာဖိသိပ်ထည့်ထားသဖြင့် ခပ်ပြေပြေမဟာနဖူးနှင့် မဟာဆန်နေ၏။ ဝတ်စားနေထိုင်ပုံကြောင့် ဘယ်လိုပဲဗရုတ်သုတ်ခဖရိုဖရဲရှိနေပါစေ။ တည်တင်းနေတတ်သည့် သူ့မျက်လုံးသူ့နှုတ်ခမ်းတွေကြောင့် ယောကျ်ားပီသသည့် သွင်ပြင်လက္ခဏာက ထင်းနေလျက်သား.. ။

ဒါပေမယ့် အတွင်းစိတ်ကတော့ နည်းနည်းလေးမှယောကျ်ားမပီသသော လွှန်စွာအငြိုးကြီး၍ သွေးအေးရက်စက်တတ်သူဖြစ်ကာ..။

"ဖယ်ပေး.."

ရှိုးကပြောလည်းပြော ထွက်လည်းထွက်မို့ သူ့ကိုယ်တစ်ခြမ်းကို တိုးတိုက်သွား၏။ ဂျန်းက ဖျတ်ခနဲဖမ်းဆွဲထားကာ.. ။

"ခင်ဗျားအဲ့လို သွားလို့မရအောင် ကျုပ်ကလက်ထပ်ယူထားတာ.."

"မင်းနော်..ဖယ် ခလွှတ်.."

ရှိုးအတင်းလွှဲရမ်းရုန်းမိစဉ် အိတ်က လက်ထဲကလွှတ်ကျသွား



၏။ ရှိုးကသူ့ကိုထုရိုက်ရုန်းနေလျက်.. ။

"ငါ့ကြောင့် နင်ဘယ်နှစ်ခါနစ်နာခဲ့ရသလဲ..နင့်ကြောင့် ငါနစ်နာခဲ့ရတာ နင့်လိုသတ္တဝါကိုလက်ထပ်လိုက်ရတည်းကလေ၊ အဲ့ဒါတွေ ခုထိမပြီးသေးဘူးလား..နင်ခံရတဲ့အကြိမ်ရေတွေထက် ငါက ဘယ်လောက်ထိပြန်ပေးဆပ်ရမှာလဲ.."

"ကျုပ်ကိုယ်တိုင် ခင်ဗျားကိုလက်မလွှတ်မချင်း.."

"ဘာပြောတယ်.."

"ဟေ့..အကုန်ထွက်စမ်း.."

"ဟုတ်ကဲ့ပါ..ထွက်ပါ့မယ်.."

"ထွက်ပါပြီ..ထွက်ပြီ.."

သူ့ကိုမြင်လိုက်တည်းက ပြေးကြဖို့ပါ။ တံခါးဝမှာ ပြဿနာ ... ဘက်နေကြမို့ မိန်းကလေးတွေပြေးပေါက်မှားနေကြတာဖြစ်သည်။ ... ကိုဆွဲချုပ်၍ ဂျန်းအခန်းထဲကိုဝင်လိုက်ကာမှ စုစုတို့တံခါးဆီအလု ... ယက်ပြေးကြတာ နောက်ကျခြေထောက်သစ္စာဖောက်..။ သို့သော်..

"ဂျိမ်း.."

နောက်ကမိုးခြိမ်းသံကဲ့သို့ တံခါးပိတ်လိုက်သံကြောင့် သုံး ... ယောက်သားခြေလှမ်းတုံ့သွားကြသည်။ နောက်လှည့်ကြည့်လိုက် ... တော့ အခန်းရှေ့ကထွက်လာသည့် ဂျန်းကိုမြင်ကာ ရုတ်တရပ်ကြက် ... သေသေသလို ခြေထောက်တွေမရွေ့နိုင်ဘဲ ကျောက်ချပြီးဖြစ်သွား၏

"တောက်..ကိုင်းကွာ.."

"ဒုန်း..ဝုန်း.."

"ချလွှမ်.."

ဂျန်းသည်မြင်မြင်ရာပစ္စည်းတို့ကို ရိုက်ချကန်ကျောက်သွားရာ ... အပြင်ထွက်သွားပေမယ့် ဖန် မှန် ကြွေအစစပ်သိမ်းသော ကွဲကြေ ... တို့သည် သူမတို့အနီးဝန်းကျင်မှာ ပြိုလဲပြန့်ကျဲလျက်နှင့်.. ။

"စုစု.."

"ဟင်.."

"ငါ့ရှူးရှူးတွေ ထွက်ကုန်ပြီ.."



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၀)

"အဟွတ် အဟွတ် အဟွတ်.."

ရှိုးမွှေ့ရာပေါ်မှာ ပက်လက်ကလေးကျန်ရစ်ခဲ့လျက် ဖိညှစ်ကြ
မောင်းသွားသည့်လည်မျိုကိုကိုင်၍ ချောင်းတွေဆိုးနေ၏။ ပြီးတော
နာကျင်သည့်ဝေဒနာက ဆိုးရွားစွာ.. ၊

"သေပါစေ..ငါ ငါသေပါရစေ၊ အဟင့်.."

ရှိုးကိုယ့်လည်ပင်းကိုပြန်၍ စမ်းကိုင်ရင်း မွှေ့ရာပေါ်ကလွ
ဆင်းလိုက်ပေမယ့် ကြမ်းပြင်မှာခွေခွေခေါက်ခေါက်လေး ထိုင်
သွားလေသည်။

"ခင်ဗျားထွက်သွားကြည့်လိုက်..သွေးသားမတော်စပ်ပေမ
ခင်ဗျားအဖေနဲ့ခင်ဗျားအစ်မတွေ သေမှာတော့စိုးတယ်မို့လား၊ ကျ
ကလက်ထပ်ယူထားပြီး ခင်ဗျားမှာလုပ်ချင်သလို လုပ်ဖို့အခွင့်အ
တွေ ရှိနေသေးတယ်ဆိုရင် စမ်းကြည့်လိုက်..ခင်ဗျားလင်အနေနဲ့တ
ခွင့်မရှိတာကို ခင်ဗျားတို့မိသားစုရဲ့ကံဇာတ်ဆရာအဖြစ်နဲ့တားမယ်

"လူဆိုတာ ကိုယ့်ကိုယ်ကိုသာအချစ်ဆုံးပဲဂျန်း..မင်းမကြ
ဘူးလား.."

"ဒါဆိုကျေးဇူးတင်ရမှာပေါ့..ခင်ဗျားကိုယ့်ကိုယ်ကို ချစ်တယ်
တာသိရပြီ၊ ကျုပ်ကလည်းမကြေညာပဲ မတိုက်ပါဘူး၊ ခင်ဗျားတ
သားစုရဲ့ကံဇာတ်ဆရာပေမယ့် ကျုပ်ကဆင်းရဲချမ်းသာတွေပေး
ပညာပြနေမယ့် ကံဇာတ်ဆရာမဟုတ်ဘူး..ဝိဉာဉ်ကို ကြမ်းက
တမ်းတမ်း ရက်ရက်စက်စက်ဆွဲနှုတ်မယ့်သေမင်း၊ ကြိမ်းဝါးနေတ
မထင်ရအောင် ခင်ဗျားကိုအရင်ဆုံးသတ်မယ်..ဒီခြံရဲ့အပြင်ကို



လက်မလောက်ကျူးကြည့်လိုက်.."တဲ့.. ၊

ရှိုးငိုနေရင်း အံကြိတ်မိသည်။ ပြီးတော့ မျက်ရည်တွေသုတ်ပစ်ရင်း မျက်နှာလေးမော့လိုက်သည်။

မင်းကိုလည်း ကျေးဇူးတင်တယ်ဂျန်း..ငါ့ကိုအရင်သတ်မယ်ဆိုတာ ပြောပြသွားလို့.. ၊

ရင်ထဲကစကားတွေဆိုမိရင်း မွှေ့ရာစွန်းကိုအားပြုပြီး ထရပ်လိုက်သည်။ လည်ချောင်းက လှုပ်ခတ်မှုရှိတိုင်း နာနေတာကြောင့် သူ့ကိုပြန်လည်စိန်ခေါ်ဖို့ အားအင်တွေဖြစ်နေရကာ.. ၊

ကိုယ်သေပြီးမှတော့ ဘယ်သူ့အတွက်ပူနေရမှာလဲ..။ ဖေကြီးရဲ့ကျေးဇူးကို ငါအသေခံပြီးပေးဆပ်သွားမယ်။ ငါမရှိတော့ရင် မမကူးတို့လည်း လွတ်မြောက်မှာပါ။ အားလုံးကိုသတ်ပစ်ရအောင် ဒါကမင်းမဲ့တိုင်းပြည်မှ မဟုတ်တာ.. ၊

နောက်ထပ်တစ်ခါပြန်ထရပ်မိစဉ် ကိုယ့်ကိုယ်ကိုပါစတေးဖို့ ဝန်မလေးအောင်ဖြစ်နေသည့်စိတ်က ဘာကိုမှလည်းထုတ်ပိုးသယ်ယူချင်စိတ် မဖြစ်တော့ပေ။ ထို့ကြောင့် သူလွှဲကန်ပစ်လိုက်သည့်အိတ်ကိုတစ်ချက်ငုံ့ကြည့်ပြီး ဒီတိုင်းပဲထွက်လာခဲ့၏။

သူမရဲ့ပခုံးမှာ ဆလင်းဘက်ခ်လေးနှင့် ကိုယ်ပေါ်မှာဝတ်စုံအပြင် အပေါ်ထပ်အင်္ကျီလေးတစ်ထည်ပဲပါ၏။ အပြင်ထွက်လာတော့ ဒုစုတို့ကိုလည်း မတွေ့။ ရှိနေကျနေရာမှာ မြင်နေကျအသုံးအဆောင်ရှိဘောဂအလှအပတွေလည်းမရှိဘဲ လှေကားထိပ်ထိပြောင်ရှင်းနေသည်။

ဂျန်းပြန်ထွက်သွားသည့်အခိုက်မှာ ကြားရသည့်ပြိုလဲပျက်စီးသံတွေအရ အားလုံးကုန်ပြီဆိုတာ သိလိုက်သည်။ မနက်လင်းရောင်နီဖျို့ပြီပေမယ့် လောကတစ်ခွင်က အလင်းရောင်မပီပြင်သေးပါ။ ရှိုးဘာကိုမှလိုက်ကြည့်မနေတော့ဘဲ ဒီခြံဝင်းထဲကလွတ်မြောက်ဖို့သာညီရွယ်၍ ထွက်လာခဲ့၏။ သို့သော် အိမ်ပြင်ထွက်ပြီးမှ သေ့ပြန်ခတ်ပြီးပိတ်နေစဉ်.. ၊

"ဘာအတွက်သော့ပြန်ခတ်နေတာလဲမိန်းကလေး..ဘယ်သူဝင်ဘယ်သူခိုးခိုး စိတ်ပူစရာမှမလိုတော့တာ.."

www.burmeseclassic.com

www.burmeseclassic.com



နောက်ကစကားသံကြောင့် ရိုးလှည့်ကြည့်လိုက်မိသည်။ သူမနဲ့ စကားမပြောဖြစ်ဘူးပေမယ့် ဂျန်းနဲ့အလွန်ရင်းနှီးသောခြံစောင့်ဦးပွ ကြီး.. ။ မျက်နှာကတည်နေပေမယ့် မျက်ဝန်းတွေမှာကရုဏာရိပ်တွေ ရှိနေ၏။ တင်းမာစူးရဲနေသည်ထင်ရသည့်မျက်လုံးအစုံက တကယ် တော့ တိုးလျှိုးတောင်းပန်နေတာဖြစ်သည်။

ရိုးနဲ့မျက်လုံးချင်းဆုံသွားခဲ့လျှင် နှစ်ဘက်စလုံးထံမှ စကားသံ တို့ တိတ်ဆိတ်သွားခဲ့၏။ ပြီးမှ ရိုးမျက်နှာလွှဲ၍ လေှကားတစ်ထစ် ပေါ် ခြေချဆင်းလိုက်လျှင်.. ၊

“မသွားပါနဲ့လို့ဦးကြီးတားရင် သမီးတစ်ချက်တော့တွေဝေသွား မယ်လို့ထင်ခဲ့တာ..”

ရိုးခြေလှမ်းပြန်ရုတ်ပြီး ဦးပွကြီးကိုကြည့်လိုက်ကာ.. ၊

“ကျွန်မသူနဲ့ရင်မဆိုင်မိခင် သွားမှဖြစ်မှာ..”

“ဘာဖြစ်လို့လဲ..”

“သွားကိုသွားမှာမလို့ပါ..”

ရိုးကယတိပြတ်ပြောပြီးမှ အံလေးကြိတ်လိုက်ရင်း.. ၊

“အဲ့ဒါကြောင့် သူနဲ့ဒီတစ်ခါရင်ဆိုင်မိရင် သူကျွန်မကိုတစ်ခါ တည်းရိုက်သတ်ပြီး တားမှရမယ်..ဦးရှေ့မှာ သတ်တာသေတာတွေကို ဦးမမြင်ချင်ဘူးဆိုရင် မတားပါနဲ့..”

“မင်းကိုသူမသတ်ပါဘူး..မင်းမှမင်းစွဲလမ်းခဲ့တဲ့ ကလေးတစ် ယောက်က သူ့ရဲ့စွဲလမ်းမှုကိုခေါင်းစဉ်တပ်မှားနေတာ၊ မင်းနဲ့သူအ ကျည်းတန်တဲ့ဖြစ်ရပ်တွေနဲ့ ဆုံဆည်းကွဲကွာခဲ့တဲ့အတွက် ခေါင်းစဉ် မှားသွားတာပဲ..ဦးကြီးပြောတာကို မင်းမယုံရင်တောင် ဦးကြီးပြော တာကို နားထောင်ပေးပါ..”

“ကျွန်မဘက်ကဘာယ်တော့မှ..”

“သူ့ကိုမင်းခွင့်လွှတ်တာမလွှတ်တာ မင်းရဲ့အပိုင်း..သူ့ကိုလည်း ဦးကြီးနားမချဘူး၊ ဒါပေမယ့် မင်းတို့ချင်းဘယ်လိုပတ်သက်မှုတွေ ရှိနေနေ မင်းတို့ကြောင့် တခြားသူတွေထိခိုက်ပျက်စီးရတယ်၊ အခု သေကြေပျက်စီးတဲ့အထိဖြစ်နေပြီဆိုရင် မင်းစိတ်ဝင်စားနိုင်မလား..

ရိုးမျက်မှောင်လေးကုတ်သွားလျက် မေးခွန်းတွေလျှာပေါ်ခြေ



ဘက်လာကြသည်။ သို့သော် အလင်းရောင်ပီပြင်လာသည့် နံနက် ခင်းကို သတိထားမိလိုက်ကာ.. ၊

“ကျွန်မကိုနားလည်ပေးပါ..ကျွန်မသွားမှဖြစ်မယ်..”

“နေပါဦး..”

“မဖြစ်ဘူးဦး ..သူ့ကိုကျွန်မဆက်ပြီး သည်းခံမနေနိုင်ဘူး၊ သူ့ကို တရားပြုခဲ့မိတာတွေရှိရင်တောင် အဲ့ဒီထက်မကကျွန်မပြန်ပေးခဲ့ပြီး ပြီ..ထပ်ပြီး..”

သူမပြောနေဆဲ ဖုန်းဝင်လာ၏။ ဦးပွကြီးက ထပ်ဝတ်ထားသည့် ဘိုက်ပုံအကျီင်္ဟောင်းကြီးထဲကို လက်နှိုက်ပြီးဖုန်းထုတ်ယူလိုက်ကာ..၊

“လူလေးပြောလေ..အခု ဘယ်မှာလဲ..”

“ကျွန်တော်ကသူ့ကိုဆေးရုံပို့ပေးမယ့်သူပါခင်ဗျာ..”

“ဟေ..”

“လမ်းဆုံတစ်ခုမှာ သူဆိုင်ကယ်လ်နဲ့ကားနဲ့ အက်ဆီးဒန့်ဖြစ်လို့ အခုဝိတိုရိယဆေးရုံကိုသွားနေပါတယ်..ဒဏ်ရာပြင်းတယ်ခင်ဗျ၊ သူ့ ဖုန်းထဲက ဒီဖုန်းနံပါတ်ပဲအနီးဆုံးတွေ့လို့ ဆက်လိုက်တာပါ..ဦးက ဘယ်သူဖြစ်ဖြစ် သူ့ကိုသိတယ်ဆိုရင် သူနဲ့ပတ်သက်သူတွေကို အ ကြောင်းကြားပေးပါ..”

ဦးပွကြီးရုတ်တရက်ကြောင်တောင်တောင် ရပ်နေမိ၏။ သူ ဘယ်လိုယုံရမလဲ.. ၊

ဂျန်းအမူးမပြေသေးတာလား..။ တမင်လုပ်ပစ်တာလား..။ အိပ် ချင်မူးတူးမောင်းထွက်သွားလို့ ဒီလိုဖြစ်ရတာတော့ ဘယ်လိုမှမဟုတ် နိုင်။ လူကြမ်းဆိုတဲ့ကောင်လေးဘဝမှာ အိပ်ချင်မူးတူးဖြစ်နေတဲ့အ ခါန်ဆိုတာ သူမမြင်ဘူးခဲ့.. ၊

လှမ်းကြည့်လိုက်တော့ ရိုးကခြံဝထိရောက်သွားပြီဖြစ်လျှင်..၊

“ကြာနွယ်ရိုး..သမီး..”

ဦးပွကြီး ကတုန်ကယင်လှမ်းခေါ်လိုက်မိကာ.. ၊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၁)

.....သူသိရက်နဲ့လုပ်တာ..သူထွက်သွားရင်ဘာဖြစ်မယ်ဆိုတာ
သိတယ်၊ သူမမူးပါဘူး..အိပ်ရေးမဝတာလည်းမဟုတ်ဘူး၊ ဘာဖြ
လို့လဲဆိုတော့ ဘဝကိုနေ့ညခွဲခြားတဲ့သူမဟုတ်ဘူး.....

.....သူ့အတွက်အရေးကြီးဆုံးက ကြီးပွားရေးပဲ..ငွေရှာဖို့အတွက်
အိပ်နေတဲ့အချိန်တွေကို စတေးရတာသူမှန်းတယ်၊ အိပ်မောကျနေ
တယ်ဆိုတာ မရှိဘူး..ဖုန်းသံကြောင့် ပတ်ဝန်းကျင်ကြောင့်ဘာ
ကြောင့်ဖြစ်ဖြစ် အိပ်မရလို့ ဒေါသထွက်တာမရှိဘူး.......

.....ဒါကြောင့် ဦးကြီးသေချာပြောနိုင်တယ်..ဒီလိုဖြစ်မယ့်လမ်း
ကို သူတမင်သွားခဲ့တာ၊ သမီးနဲ့နီးစပ်မှုရှိနေတဲ့ဘယ်အချိန်ဘယ်နေ
ရာမဆို သူသိချင်ရင်သိလို့ရတယ်..မြင်ချင်ရင်ကြိုမြင်နိုင်တယ်၊ သူ
ဘာလုပ်သွားတာလဲဆိုတာ နားမလည်နိုင်တော့ဘူး.....

.....သမီးကိုသူနှိပ်စက်ကလူပြုမှုနေပေမယ့် သူမပျော်ပါဘူး
ကွယ်..ညကတစ်ညလုံး ဦးကြီးနားမှာသူငိုနေခဲ့တာ၊ သမီးကိုသူနာ
ကျည်းမှုနဲ့ သူ့တပ်ပစ်ချင်အောင် ဒေါသထွက်နေတယ်..သူ့မသိစိတ်က
တွယ်တာနေခဲ့တယ်.....

......သမီးပေါ်မှာထင်သလိုမပေါက်ကွဲဘဲ သူ့ပတ်ဝန်းကျင်မှာ
သူကလူကြမ်းကြီးဖြစ်နေတယ်..မိန်းမတွေနဲ့ပတ်သက်ရင် ဘယ်တုန်း
ကမှ အညှာအတာမရှိခဲ့ဘူး၊ အဲ့ဒါကြောင့် သူ့ကိုလူတွေအမျိုးမျိုးပြော
ဖန်ကြတယ်..ဘာတွေပြောနေနေ သူကလည်းဂရုမစိုက်ဘူး.......

.....ဦးကြီးပြောပြခဲ့တာတွေ သမီးစဉ်းစားကြည့်စမ်းပါ..ကိုယ်
အဖေနဲ့အဒေါ်ကို အဲ့လိုပုံစံနဲ့မြင်ခဲ့ရတယ်၊ ပြီးတော့ လုပ်ကြံမှုတွေ



ဆက်တိုက်ကြုံခဲ့ရတယ်လေ..မိဘမဲ့တဲ့ဘဝ အိမ်ခြေမဲ့တဲ့ဘဝကို သူ
ဖြတ်သန်းခဲ့တာ ဘယ်လိုအကြောင်းတွေနဲ့လဲ.. ၊

......သူ့အရွယ်လေးနဲ့ကြုံခဲ့ရတာတွေ သူတစ်ယောက်တည်းရင်
ဆိုင်ခဲ့ရတဲ့လောကဓံရဲ့ကြမ်းတမ်းမှုတွေ အဲ့ဒါတွေအားလုံးထဲမှာ
သမီးနဲ့တွေ့တဲ့အထိ သူ့မှာယုံကြည်အားကိုးချင်တဲ့စိတ်လေးရှိနေ
ခဲ့တုန်းပဲ..ဒါကြောင့်လည်း သမီးတို့ပတ်သက်ခဲ့ကြတယ်......

.....ဒါပေမယ့် အဖြစ်ဆိုးတွေနဲ့မုန်းခဲ့ကြတယ်..မုန်းခဲ့ကြတဲ့အ
ဖြစ်ဆိုးတွေကလည်း သူမုန်းခဲ့တဲ့အတိတ်က ပုံရိပ်တွေနဲ့ဆက်စပ်နေ
တော့......

“အား..ကျွတ် ကျွတ်..”

ဦးပွကြီးရှင်းပြခဲ့သည့် ဂျန်နဲ့ပတ်သက်သောအကြောင်းအရာ
တွေကို ပြန်တွေးနစ်မျောနေမိစဉ် လူကြမ်းရဲ့ညည်းသံသဲ့သဲ့ကြောင့်
လှည့်ကြည့်လိုက်မိ၏။

“အင်း အား..ကျွတ် ကျွတ်..”

“ဂျန်း..”

သတိမေ့နေတာ နှစ်ဆယ့်လေးနာရီကျော်ပြီမို့ အနားကိုချက်
ချင်းကပ်သွားမိကာ.. ၊

“ဂျန်း..သတိရပြီလား၊ ဂျန်း..”

“ကျွတ်..ကျွတ်..”

“လူနာသတိရနေပြီလား..”

တာဝန်ကျဆရာမလေးက ဂျန်းသတိရနေတာကိုမြင်သည်နှင့်
အခါးဝကနေ ချက်ချင်းလှည့်ထွက်သွားကာ ဆရာဝန်ကိုအကြောင်း
ကြားလိုက်သည်။ သို့သော်ဆရာဝန်တွေဆရာမတွေ ဝိုင်းအုံရောက်
လာသည့်အချိန်မှာ ဂျန်းကပြန်လည်မေ့မျောခဲ့၏။

ဦးပွကြီးကလည်း ဖုန်းခဏခဏဆက်နေကာ ဂျန်းရဲ့ကောင်
လေးလည်း လူနာကြည့်လိုက် ဖုန်းထွက်ပြောလိုက်.. ၊

“မမကြီး..အစ်ကိုသတိပြန်ရတော့မှာဆိုတော့ အစ်ကိုအရှက်
လိုအပ်မယ်ထင်တာတွေ ကျွန်တော်ပြန်ယူလိုက်ဦးမယ်နော်..”

ဘာလိုအပ်လို့လဲ.. ၊

www.burmeseclassic.com

www.burmeseclassic.com



ဂျန်းသတိမေ့နေသည့်တစ်ရက်တာမှာ ကိုယ့်ဘာသာတွေးတော
စီစဉ်ပြီး သူ့ပဲတစ်ခေါက်ပြီးတစ်ခေါက်ပြန်သယ်နေတာ သူမမြင်နေ
တာပဲ.. ၊

ရှိုးကလှည့်ကြည့်ပြီး ဘာမှမပြောတော့ နေဝင်းခေါင်းကုတ်
လိုက်ရင်း.. ၊

"ဟုတ်ကဲ့ပါ..မမကြီးမလိုအပ်ဘူးထင်ရင်လည်း မပြန်တော့ပါ
ဘူး.."

"ဦးကြီးခေါ်တာမို့လား..ပြန်.."

"ဟုတ်ကဲ့.."

ဆွဲခြင်းထဲက စားသောက်ဖွယ်ရာတွေကို ချထားခဲ့ပြီး ဆွဲခြင်း
တစ်လုံးနဲ့နေဝင်းပြန်သွား၏။ ရှိုးသူ့ဘေးမှာပဲထိုင်နေမိကာ ကိုယ့်
ကိုယ်ကို ဘာတွေလုပ်နေမိသလဲဆိုတာ ပြန်တွေးမိလာ၏။ မနေ့
တုန်းကတော့ ဒီယောကျ်ားရဲ့စက်ကွင်းကထွက်ဖို့အတွက် အသေပဲ
ထွက်ရထွက်ရ အသက်ရှင်လျက်ဖြစ်ဖြစ် ဆုံးဖြတ်ချက်ဒုံးဒုံးချပြီး
ထွက်လာခဲ့သည်။

ဒီနေ့တော့ ဒီလူရဲ့ထွက်သက်ဝင်သက်ကို စိုးရိမ်စိတ်တို့နှင့် ငုတ်
တုတ်ထိုင်စောင့်ကြည့်နေရသည်။ ဒါတွေဟာ ဦးပွကြီးဖြေရှင်းပေးခဲ့
တဲ့ အကြောင်းပြချက်တွေအပေါ် ယုံကြည်ခဲ့လို့လား..။ ဒါမှမဟုတ်
သူကျူးလွန်နေတဲ့လုပ်ရပ်တွေကို တားဆီးပေးချင်တဲ့သူမရဲ့တကယ့်
စေတနာအရင်းခံနဲ့လား..။ ဒါတွေမဟုတ်ဘူးဆိုရင်ရော.. ၊

သူမဘာအတွက် ဒီလိုဆုံးဖြတ်ခဲ့တာလဲ..။ နည်းနည်းလေး
ကိုယ့်အပေါ်မစာနာခဲ့တဲ့ အငြိုးကြီးသူအပေါ် သူမဘာဖြစ်လို့ အ
လွယ်တကူညှို့သက်ခဲ့တာလဲ..။ ဦးပွကြီးပြောတာကြောင့်လား..မ
ဟုတ်ရင်ဘာလဲ.. ၊

ဘယ်လိုအဖြေထုတ်ထုတ် သူမမပျော့ညံ့သင့်ဘူးဆိုတဲ့အဖြေပဲ
ထွက်နေသည်။ ဒါပေမယ့် သူမသူ့ဘေးကိုရောက်နေခဲ့၏။ သူသတိရ
လာရင်ရော ကိုယ်ရှိနေတာကို သူဘာပြောမလဲ.. ၊

.....သူ့ရဲ့မချေင်မှုတွေကို သမီးသည်းခံပေးပါ..သူနောက်ထပ်
သမီးကို ဒုက္ခတစ်ခုခုထဲတွန်းပို့မှာမဟုတ်ဘူးဆိုတာ ဦးကြီးပြော



တယ်..တစ်ခုပါပဲ သမီးကစပြီးနူးညံ့ပေးလိုက်ပါ.....

......လောင်းကစားကနေ အသက်ချင်းလောင်းကြေးထပ်တဲ့အ
ထိ သူ့ရဲ့ယုံကြည်မှုတွေက ရဲရင့်လာတယ်..အဲ့ဒါသမီးရှိနေလို့ပဲ၊ ဒါ
ပေမယ့် သမီးထွက်သွားလည်း သူ့အောင်မြင်နေဦးမှာပဲ..ဘာဖြစ်လို့
လဲဆိုတော့ သမီးတို့ချင်းစိတ်ချင်းဆက်သွယ်နေကြပြီ.....

.....အကြောင်းဆက်တွေရှိကြလို့ မြင်မြင်ချင်းတွေ့တွေ့ချင်း
တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးကြတယ်၊ သမီးတို့ကျတော့ ဆု
တောင်းတွေမှားခဲ့ပေမယ့် ဒီဆုတောင်းကပြည့်နေတယ်......

.....ချစ်လို့ဖြစ်စေ မုန်းလို့ဖြစ်စေ သမီးနဲ့သူ့ပတ်သက်ခဲ့ပြီးပြီဆို
တော့ ကျောချင်းကပ်နေမှ အနီးအနားမှာမှဆိုတာတွေ မလိုတော့ဘူး
သမီး..အဲ့ဒါကြောင့် သမီးထွက်သွားမှာ ဦးကြီးစိုးရိမ်တာပါ.....

......သမီးက မုန်းတီးနေမယ်..သူကတော့အတ္တဖုံးနေတဲ့အတွင်း
စိတ်က သမီးကိုတွယ်တာနေတယ်၊ ဒါကြောင့် သမီးမရှိတော့ရင်
သူပိုဆိုးမှာပဲ..သမီးသူ့ကိုပြုပြင်ပေးပါ....

.....သူရှိုင်းခဲ့ရင် သမီးရဲ့စေတနာကိုစော်ကားသလိုပြုမူခဲ့ရင်
ဒါသချင်းမပြိုင်ပါနဲ့..သူယုဉ်ပြိုင်တိုက်ခိုက်ဖို့ကြိုးစားနေတဲ့မိသား
စုက ဘာသာရေးသာသနာရေးကို အရမ်းလုပ်ပြီး တိုင်းပြည်သိ
အောင်ကျော်ကြားနေတဲ့သူဌေး..ဒါပေမယ့် သူချမ်းသာမပေးဘူး.....

......သမီးနဲ့လက်ထပ်ပြီးမှ အသက်ချင်းထပ်ပြီးအလောင်းအ
စားလုပ်လာခဲ့တာ နှစ်ယောက်ရှိပြီ၊ သူ့ကိုယ်သူငါဘာဖြစ်မလဲဆိုတာ
ကြိုသိထားတဲ့အတွက် နောင်ဆိုရင်ဘာတွေလုပ်လာဦးမလဲမသိတော့
ဘူး..တကယ်ကိုအထီးကျန်ပြီး အထိန်းအကွပ်မဲ့နေတဲ့ကလေးပါသ
မီးရယ်၊ သူ့ကိုပြုပြင်ပြောင်းလဲပေးနိုင်တာ သမီးပါပဲ.....

......မကောင်းမှုကိုလက်ရှောင်သွားအောင် တားဆီးပေးတာက
ကုသိုလ်ကောင်းမှုတစ်ခုပါ..သမီးကြောင့် တစ်ပါးသူမသေတော့ဘူး၊ သူ
သည်းအသိတရားရပြီး ကျန်တဲ့သက်တမ်းလေးမှာ ကောင်းမှုပြုသွား
ယ်ဆိုရင် သမီးအနစ်နာခံရကျိုးနပ်ပြီလေ.."

ဦးပွကြီးဒီလိုပြောပြခဲ့တုန်းက သူမနားဝင်ခဲ့သည်။ ဒါပေမယ့်
ကျတော့ တွေဝေနေခဲ့၏။ မကောင်းမှုပြုမှာကို တားချင်တာလား..။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုကောင်းမွန်ယဉ်ကျေးတဲ့သူဖြစ်စေချင်တာလား..။ သူနဲ့ဆ
သက်မှာတွေအတွက် ကိုယ်ကပူပန်စရာလိုလို့လား..။ နောက်ထ
ကိယ့်အပေါ်ဂလဲ့စားတွေ ထပ်ရောက်မလာဘူးလို့ရော ပြောနိုင်
လား.. ၊

ရှုပ်ထွေးမှုတွေကနေ အဖြေတစ်ခုဆီဆွဲခေါ်နေသလို ခံစားနေ
၏။ ထိုအဖြေဟာ.. ၊

"အား..နာတယ်၊ ကျွတ် ကျွတ် ကျွတ်..နေဝင်း ဟော့ကောင်
အား..လာစမ်း.."

"ဂျန်း.."

ခေါ်ဖို့တုံ့ဆိုင်းနေပြီးမှ ခေါ်လိုက်မိသည်။ ဂျန်းအသံတိတ်သွာ
သည်။ အသက်ရှူမှန်နေပုံကို သေချာကြည့်မိကာ သတိလစ်သွားတာ
လား..။ ကိုယ့်အသံကိုကြားလို့ မလိုလားစွာငြိမ်နေတာလား.. ၊

မျက်တောင်ဖျားတို့ပိတ်လျက်ငြိမ်သက်နေသည်က တမင်
ကာဟန်ဆောင်မျိုသိပ်နေတာနဲ့တော့ မတူပါ။ သို့သော် ဆရာဝန်
အကြောင်းကြားဖို့က ခက်နေ၏။

"လူနာမကြာခင်သတိရတော့မှာပါ..သိပ်စိတ်ပူပါနဲ့.."လို့ ဆရာ
ဝန်က ပြောသွားသည်။ ဒါဆိုတစ်ချက်သတိရလာသေးတယ်ဆိုတာ
အကြောင်းကြားထားဖို့ လိုလိမ့်မည်။ ထိုစဉ် ဖုန်းမြည်သံက အလို
ကမ်းဆိုးမသိပေါ်လာခဲ့သည်။

သူ့ဖုန်းတွေဘယ်နှစ်လုံး ရှိမှန်းမသိ။ လာသမျှအလုပ်ကိစ္စဖုန်
တွေကို နေဝင်းဒိုင်ခံဖြေနေရတာ သူမမြင်သည်။ ဒီဖုန်းကဘယ်က
ထမြည်နေတာလဲ..။ ဖုန်းမြည်သံကိုရှာရင်း ရေချိုးခန်းထဲကိုရောက်
လာမှ ဆေးရုံရောက်လာသည့်မနက်က အက်ဆီးဒင့်ဖြစ်ထားသည
ဝတ်စုံကို တွေ့လိုက်၏။

လူနာကိုစိတ်ပူနေကြတာနှင့် ဒါကိုဘယ်သူမှသတိမရကြပေ
ခွဲစိတ်ခန်းကပေးတဲ့အတိုင်း နေဝင်းကစုလုံးပြီး ကျောပိုးအိတ်ထဲထည
ထားခဲ့၏။ သန့်ရှင်းရေးဝင်တော့လည်း အိတ်အကောင်းစားကြီး ဒ
တိုင်းချထားတယ်ပဲထင်ကာ ရှောင်လွှဲသွားကြပုံပေါ်သည်။

ဖုန်းသံကတိတ်သွားလိုက် ပြန်မြည်လိုက်နှင့်တောက်လျှော



ကိုခေါ်နေခဲ့၏။ အိတ်ကိုဖွင့်လိုက်သည်။ အထဲမှာသူဝတ်ထားသည့်
ဘုတ်အင်္ကျီနက်ပြာရောင်ကိုလည်း တွေ့သည်။ ဒီထဲကဖုန်းမြည်နေ
မှန်းလည်းသိနေပေမယ့် သူ့ကိုယ်နဲ့မကွာဆောင်ထားသည့်ဖုန်းမှန်း
သိလိုက်တော့ ကိုင်ရမှာလက်တွန့်နေမိသည်။

ထို့ပြင် သူ့အင်္ကျီအဝတ်အစားတွေထဲကို သေချာရှာဖွေရဦးမည့်
အဖြစ်က ရှိသေးသည်။

.....သူကရိုင်းစိုင်းပေမယ့် မယုတ်မာပါဘူး..နိုင်ချင်ပေမယ့် အ
နိုင်ရဖို့အတွက် ယုတ်မာကောက်ကျစ်တာမျိုး မလုပ်ဘူး..မိန်းမဆို
သူကကြည့်ဖို့မပြောနဲ့၊ သူ့ကိုစေ့စေ့ကြည့်ရင်တောင် မကြိုက်တဲ့
ကောင်လေး....

လို့ ဦးပွကြီးပြောပုံအရ သူ့ပစ္စည်းတွေကိုထိတာကြိုက်မည်မ
ထင်။ ဒါပေမယ့် ဖုန်းကအဆက်မပြတ်ကို ခေါ်နေခဲ့သည်။ ရှိုးလည်း
တွေဝေနေရင်း သူ့အင်္ကျီကိုလက်ကအလိုအလျှောက် ဆွဲထုတ်နေမိ
လျက် အားမနာတမ်းခေါ်နေသည့်ဖုန်းကို ကိုင်လိုက်မိလျှင်.. ၊

"ဘယ်လိုဖြစ်ရတာလဲလူကြီးမင်း..စိန်ခေါ်ပြီးမှ ထွက်ပြေးနေ
တာလား.."

ဒီကမထူးသေးဘဲ ဖုန်းကိုင်လိုက်တာနှင့် ကရားရေလွှတ်ပြော
နေတော့သည်။

"လောင်းကစားလုပ်ကြတာကွာ..ကိုယ့်ကိုယ်ကိုဝိဇ္ဇာလိုလို ဇော်
ဂျီလိုလို ဟွန်း..ဉာဏ်ပွမန်းလိုက်ရုံနဲ့ ပွဲသိမ်းမလိုလိုတွေ.."

ပြောပြီးခဏနားသည်။ ဒီဘက်က ဘာမှပြန်မပြောတော့မှ.. ၊

"ဒီမှာကိုယ့်လူ မင်းလိုကောင်ကိုဆွဲ့အနားမကြားတွေပဲ ကြောက်
လိမ့်မယ်..ဦးမြရောင်ထွန်းဆိုတာ သူများကိုအလျှုပေးနိုင်သလို ဘယ်
ဘက်ကတစ်ဆုပ်ကြဲရင် ညာလက်ကတစ်လှဲဝင်အောင်လည်း လုပ်
နိုင်တယ်ကွ..မင်းကရွှေဆိုရွှေ ငွေဆိုငွေ၊ အသက်ချင်းဆိုလည်း မင်း
ကတစ်သက်ဆို ငါတို့ကနှစ်သက်လောင်းရဲတယ်.."

ဘုရား..ဘုရား၊ ဒါဦးကြီးပြောတဲ့ ဘာသာရေးကိုင်းရှိုင်းကြတဲ့
မိသားစုဆိုတာများလား.. ၊

အသံအရ ဦးမြရောင်ထွန်းကိုယ်တိုင်တော့ဟုတ်ပုံမရပေ။ မိဘ

www.burmeseclassic.com

www.burmeseclassic.com



ကဘုရားတရားသမားဖြစ်ပေမယ့် သားသမီးကအရက်သမားဖဲသမားဖြစ်နေတာတွေလည်းရှိသည်ဆိုတာ ရှီးခုမှပဲလက်တွေ့သိတော့သည်။ ဒီလိုတွေငြိထားကြလို့ ဂျန်းကလက်မရွံ့လူသတ်သမားကြီးဖြစ်ဖို့ ကြိုးစားနေတာလား.. ။

"ကြာနွယ်ရှီး.."

ဟင်.. ။

ရုတ်တရက်ခေါ်သံထွက်လာသဖြင့် ရှီးလက်ထဲကဖုန်းလွတ်ကျမတတ် ထိတ်လန့်သွားသည်။ ဂျန်းသတိရနေပါပြီ.. ။

"ခင်ဗျားဘာလုပ်နေတာလဲ..သူများပြောနေတာကို ရောယောင်နားထောင်နေတာလား.."

မျက်စိနှစ်လုံးပွင့်လာနိုင်တာနဲ့ ပြောလာတဲ့စကားက.. ။

"ယူလာခဲ့..အဲ့ဒီဖုန်း.."

သူ့ဖုန်းမို့လို့သူ့ဆီကို သွားပေးရမှာပါပဲ။ ဒါပေမယ့် ခိုင်းပုံကနေဝင်းကို အော်ငေါက်ခိုင်းနေတာမျိုး။ ရှီးကိုယ့်ဒေါသကို မရမကချိုးနှိမ်နေရ၏။ စိတ်ထိန်းစမ်းကြာနွယ်ရှီး..နင်လုပ်နိုင်တယ်..ကိုယ်ပြောခဲ့တဲ့စကားကို တာဝန်ယူရမယ်..နင်က 'ဒေါင်'ဆိုရင် ဟိုက 'ဒင်'မယ့်သူ..နင်လုပ်ရမှာ မီးငြိမ်းဖို့ ရန်မီးပွားဖို့မဟုတ်ဘူး.. ။

ကိုယ့်စိတ်ကိုအေးချမ်းအောင်ဆုံးမပြီးမှ ရေချိုးခန်းထဲကထွက်လိုက်လျှင်.. ။

"အို..ဘယ်နှယ့်ဇွတ်တရွတ်ထနေတာတုံး.."

ရှီးခြေလှမ်းတွေမြန်သွားကာ ဂျန်းရဲ့ဘေးကိုရောက်သွားခဲ့၏။ သို့သော် ဂျန်းကလက်ကိုထိမှာစိုးသလို လွှဲရှောင်လိုက်ကာ.. ။

"ကျုပ်ဘာမှမဖြစ်ဘူး.."

"ဘာမှဖြစ်တာမဖြစ်တာကို ဆရာဝန်တွေဆုံးဖြတ်မှာ..မင်းကိုယ်မင်း.."

"ကိုယ်ခံစားနေရတာ ကိုယ့်ထက်ဘယ်သူကပိုသိမှာလဲ.."

ဒေါသတွေထွက်ပြနေတာ နှစ်ဆယ့်ရှစ်နာရီလောက်သတိလစ်နေတဲ့လူနာလို့တောင် ထင်စရာမရှိ.. ။

"ဆရာဝန်လည်းလူနာကပြောမှသိတာ..မသိတဲ့ဆရာဝန်တွေမ



သိဘူး၊ အပိုတွေလာပြောမနေနဲ့..ပေးဖုန်း.."

"ပေးမှာပါ..မင်းအခုဘာပြန်ဖြေမှာလဲ.."

"ဘာဖြေဖြေ..ခင်ဗျားကိစ္စပါသလား.."

"ငါ့ကိစ္စပါတာမပါတာလည်း မင်းကိစ္စမဟုတ်ပါဘူး..အခုမင်းကလူနာ ငါကလူနာစောင့်.."

ပြောပြီး လက်တစ်ဖက်ကိုလည်ပင်းနဲ့သိုင်းထားရသည့်ပတ်တီးတွေ ခေါင်းကပတ်တီးတွေကိုကြည့်လိုက်သည်။ ပြီးမှ.. ။

"ဘာကိစ္စဖြစ်ဖြစ် မင်းမကျန်းမာဘဲနဲ့.."

"ဟာကွာ..ပေးစမ်းပါ၊ အဲ့ဒီဖုန်း.."

"မင်း.."

"အား အား..သေပြီ.."

"အ.."

ဖုန်းကိုလှမ်းဆွဲတာ ဒဏ်ရာတွေကြောင့် ခုတင်ပေါ်ကနေ ဒလိမ့်ခေါက်ကွေးကျ၏။ ရှီးအသည်းအသန်ဝင်ထိန်းပေမယ့် သူ့ကိုယ်ကြီးကိုမနိုင်ဘဲ ညွတ်ပါသွားကာ သူမကအောက်က ဂျန်းကအပေါ်က..။

သူကလွှတ်ညည်းတော့ ရှီးကိုယ့်ဝေဒနာကိုမေ့သွားကာ သူ့ကိုပဲစိတ်စောလျက်.. ။

"ဘယ်ထိသွားတာလဲ..ဂျန်း ဂျန်းသတိမေ့သွားပြီလား၊ ဒုက္ခပါပဲ.."

"ဘာလို့မေ့ရမှာလဲ..အား သေပြီ၊ လက်ကိုဆွဲမထားနဲ့လေ.."

"ဟုတ်လား..မသိဘူး၊ မင်းကိုထူပေးမလို့.."

နှစ်ယောက်တည်းဒုက္ခတွေများနေခဲ့လျက် ဂျန်းခုတင်ပေါ်ပြန်ရောက်သွားအောင် သူမဘယ်လိုမှမတတ်နိုင်.. ။

"ခဏလေး..ခဏလေး အဲ့အတိုင်းနေနော်.."

ရှီးခေါင်းမှာ ဆံပင်စည်းထားသည့်လက်ကိုင်ပဝါလည်း ဘယ်ဆီရောက်သွားမှန်းမသိတော့ပေ။ ဆံပင်တွေပြန့်ကျဲကုန်တာ သတိမရဘဲ ခုတင်တစ်ဖက်ကိုသွားကာ ရီမုတ်ဒ်ယူလိုက်သည်။ ပြီးတော့ ဆရာမတွေလုပ်တဲ့အတိုင်း ခုတင်ကိုနိမ့်ကျသွားအောင် နှိပ်ချလိုက်ပြီး.. ။

www.burmeseclassic.com

www.burmeseclassic.com



"ရပြီ..နေဦး.."

ရီမှတ်ဒ်ကို နေရာမှာပြန်ထားကာ ခုတင်ဘေးကြမ်းပေါ်မှာ ရှုံ့မဲ့ညည်းနေသည့် ဂျန်းကိုပြန်ဆွဲထူလိုက်သည်။ ထိုအခါ အနေအထိုင်မဆင်ခြင်လို့နာကျင်နေသည့်လူနာနှင့် မနိုင်မနင်းထူ'မ'နေရသည့်ရှီးရဲ့အဖြစ်မှာ ပါးချင်းကပ်မိလိုက် နှုတ်ခမ်းချင်းပွတ်သွားလိုက်..၊

ထိလိုက်မိလို့ရှောင်သည်။ ရှောင်မှတည့်တည့်ထိ၏။ ဂျန်းကလူနာခုတင်ပေါ်ထိုင်လိုက်မိတဲ့အထိ ရှီးကိုဖက်ထားသဖြင့် သူထိုင်တဲ့အတိုင်း ရှီးကုန်းကုန်းကွကွ ယိုင်သွားလေသည်။ သူမပြန်ရုန်းထပေမယ့် ဂျန်းကမလွှတ်သောကြောင့် ထိကပ်မစာတ်မျက်နှာနှစ်ခုမှမျက်ဝန်းတို့ဆွဲငင်သွားခဲ့ပြီး.. ၊

ဆုံမှတ်မရှိတဲ့ နေ့နဲ့ညလိုလား.. ၊

(၁)

အခန်း(၃၂)

ခြံဝမှာကားနှစ်စီးက အထွက်နဲ့အဝင်ခေါင်းချင်းဆိုင်ကာ နား
ကျိတ်မတတ် ရပ်တန့်သွားကြ၏။ ပြီးတော့ မှန်တွေအသီးသီးချ
လိုက်ကြကာ.. ၊

"ဟွန်.."

"ကြည့်စမ်း..မိကူး.."

ကိုယ်တိုင်မောင်းသည့်ကူးက မျက်မှန်လေးပင့်၍ လုလုပပလေး
ကြည့်ပြီး မဲ့ပြုံးနဲ့ကလိသည်။ ဒရိုင်ဘာမောင်းသည့်ကားကို လိုက်စီး
သည့်မေရှမ်းကတော့ ကားနောက်ခန်းကနေ မချင့်မရဲတွေဖြစ်ရကာ၊

"မထွက်နဲ့..နေဦး.."

ခေါင်းတိမ်းပြီးရှောင်ထွက်တော့မည့်ဒရိုင်ဘာကို တားဆီးလိုက်
ပြီး မေရှမ်းကားပေါ်ကဆင်းလိုက်သည်။ ပြီးတော့ ကူးရဲ့ဘေးကို
သွက်သွက်ရောက်သွားလျက်.. ၊

"နင်တကယ်လာတယ်.."

"တကယ်လာမှတကယ်ရောက်မှာပေါ့..ဘာလဲ ကူးလာနေမယ့်
အကြောင်း ရှီးကိုသတင်းလာပေးတာလား.."

"ဟုတ်တယ်.."

မေရှမ်းက တည့်တည့်ကြည့်ပြီး ခေါင်းညိတ်သည်။ ပြီးတော့
အားမလိုအားမရနှင့် ကူးရဲ့ကားတံခါးကိုဆွဲဖွင့်သည်။ တံခါးကမပွင့်
သော့ လက်ဖဝါးနှင့်တဖက်ဖက်ပုတ်နေရင်း.. ၊

"ဒီအိမ်က နင်လာခွင့်ရှိတယ်ဆိုလည်းဟုတ်တယ်..လာခွင့်မရှိ
ဘူးပြောလို့လည်းရတယ်ကူး၊ ဒါကရှီးနဲ့နေဖို့ ကိုမင်းက..

www.burmeseclassic.com

www.burmeseclassic.com



"သွားစမ်းပါ..ဟောဒီအိမ်အတွင်းဒီကရေးရှင်းတွေ ဖျက်ချပြင်ဆင်နေတည်းက ကူးကိုလက်ထပ်..အဲ သူတောင်းယူခဲ့တာ.."

"ဒါပေမယ့် နင်နေရလို့လား..နင့်လိုဆိုရင် ငါပိုပြောလို့ရတယ် ငါ့ကိုဒီတိုက်ကြီးပြီးစီးမှ လက်ထပ်.."

"ဟား ဟား ဟား.."

ကူးကရယ်လိုက်ပြီး တံခါးဖွင့်သည်။ ဒါပေမယ့် ဆင်းလာတာ မဟုတ်ဘဲ ကူရှင်မှာခပ်မိန့်မိန့်မှီလိုက်ရင်း.. ။

"နင်ကလေ..ရုပ်ရည်အားဖြင့်မယှဉ်နိုင်တော့ နှလုံးအေးဖို့အတွက်အရှုံးပေးဖို့စဉ်းစားတယ်၊ အဲ့ဒါလည်း လုံးဝကိုမျှော်လင့်ချက်မရှိတော့မှန်းသိလို့လေ.."

မေရှမ်းကဘာမှမဖြေရှင်းဘဲ ဒီတိုင်းလေးရပ်ကြည့်နေ၏။ သူ့က အရပ်ခပ်တိုက်တိုက်လေးနှင့် ဆံပင်ကကျောမရောက်တရောက်ရှိသည်။ ဒါကိုကောက်လိုက် ဖြောင့်လိုက်အမျိုးမျိုးလှအောင်ပြင်ရင်း ဆံပင်ကကျိုးပျက်၍ လုံးပါးပါးခြင်းသို့ရောက်၏။

ထို့ကြောင့်အမြဲတမ်းပဲ သားရေကွင်းအလှလေးနဲ့စည်းထားလျက် နဂိုတည်းကပြင်ဆင်နေမှလှသည့်မျက်နှာမှာ မိတ်ကပ်တင်တစ်လှည့် မတင်တစ်လှည့်ဖြစ်လာတော့ မျက်နှာလေးကဖြူဖက်ဖက်ခပ်ဖျော့ဖျော့.. ။

ကူးကတော့ အရပ်လေးလည်းကြည့်ကောင်းသည်။ မျက်နှာလေးကလည်း ချစ်စရာကောင်းသည်။ သူမမှာထူးခြားဆုံးက အမြဲတမ်းစူးလက်နေတတ်သော မျက်လုံးတွေပဲဖြစ်၏။ ထိုမျက်လုံးတွေက နည်းနည်းလေးကာလာတင်လိုက်တာနှင့် အဆမတန်လှသည်။ အနီရောင်နှုတ်ခမ်းနီကြိုက်တတ်သော နှုတ်ခမ်းတို့ကစကားပြောလည်း သွက်၏။ သို့သော်.. ။

"ဘာလို့တိတ်သွားတာလဲ..အမှန်တွေသိသွားလို့လား.."

"ငါကသိနေပါပြီ..နင်ကိုလည်းသိစေချင်တာ၊ ရိုးကငါတို့ထက်ကောင်းတယ်ထင်ရပေမယ့် အကြောင်းကြောင်းကြောင့် ဒုက္ခရောက်ခဲ့ရတာ ဘဝတစ်လျှောက်လုံးပါပဲကူးရယ်..ခုထိလည်း ကံကောင်းသေးပါဘူး..နင်ကရိုးကို ကိုမင်းကလိုလားနေတယ်လို့ပြော



ပေမယ့် အဲ့ဒါတွေဘာမှမဟုတ်ဘူးဆိုတာ ငါသိတယ်.."

"သိတော့.."

"သိတော့ နင်ငါ့ကိုအစောကြီးတည်းက စည်းအပြင်ထွက်စေချင်နေတာ ပိုရှင်းသွားတာပေါ့.."

"ရှမ်းရယ်.."

ကူးကမျက်မှန်ကို ဆွဲချွတ်လိုက်ပြီး သနားသလိုလို ခပ်ရိရိ ခေါင်းခါလိုက်ပြီး.. ။

"အဲ့ဒါနင့်ကိုပြောမထွက်လို့ သနားသဖြင့်အသာလေးပတ်ထုတ်ပေးလိုက်တာပါ..တကယ်ဆို ကိုယ်ဘာလုပ်သင့်တယ်ဆိုတာ နင်အစောကြီးတည်းက သိရမှာ၊ ကဲပါ..အခုနင့်ကားအပြင်ရောက်အောင်ထုတ်လိုက်စမ်းပါ၊ ငါ့ကားခါးထိသွားရင်ဒုက္ခ..နင့်လိုကားစုတ်စီးတာမဟုတ်ဘူး.."

မေရှမ်းက ကားလဲဖို့စိတ်ကူးပြီးမှ ထိုပိုက်ဆံဖြင့်ဖေကြီးကိုကန်တော့လိုက်တာဖြစ်သည်။ သူမမှာလူကြီးမင်းလစဉ်ထည့်ပေးထားသည့် ဘဏ်ကမုန့်ဖိုးအပြင် ဘာဝင်ငွေမှမရှိ.. ။

.ကူးကတော့ အပေါင်းအသင်းနယ်ပယ်ရလာပြီဆိုတည်းက အကောင်းအဝယ်လိုလို ပွဲစားလိုလို။ ပြီးတော့လည်း လောင်းကစားလုပ်ငန်း မြိုးမြိုးမြတ်မြတ်လေးရတတ်မှန်းသိတော့ သူမကပဲဆရာမကြီး..

ဟိုအရင်တည်းက ညီအစ်မသုံးယောက်ထဲမှာ သူမသာထင်ပေါ်အောင်းဖြစ်ချင်ခဲ့သူမို့ ခုလိုတစ်လမ်းစီခွဲထွက်ကြသည့်နှင့် သူမရဲ့စိတ်ကြိုက်မှန်တွေက ကွက်ကွက်ကင်းကင်း.. ။

"နင်သွားလည်းကိုမင်းက အိမ်ကိုပြန်မရောက်သေးဘူး.."

"သိသားပဲ..ဒါပေမယ့် ဒီနေ့ပြန်ရောက်မှာသိတယ်.."

"ဆေးရုံကပြန်မှာမဟုတ်ဘူးကူး..ဆေးရုံကနေ သူ့ဟာသူဆင်းသွားပြီး အလုပ်ကိစ္စခရီးထွက်သွားတာ၊ ဆရာဝန်ကအခြေအနေမကောင်းသေးလို့ ဆင်းခွင့်မပေးတာကို.."

"ကဲပါရှမ်းရယ်..နင်သိတဲ့သတင်းစာတွေ ဖတ်ပြမနေစမ်းပါနဲ့..သူနဲ့ပတ်သက်သမျှ ငါ့နားတွေက အင်တာနက်ထက်မြန်တယ်..သိလား.."

www.burmeseclassic.com

www.burmeseclassic.com



ယုံပါတယ်လို့ပြောမိမတတ်ပါ။ သို့သော်.. ၊

ကားနှစ်စီးအေးဆေးယှဉ်မောင်းသွားလို့ရသည့် ခြံအဝင်ဝ ခါးက သူမတို့ကားနှစ်စီးမလွတ်သာမကင်းသာဖြစ်နေသည့်အခြေ နေကြီးနဲ့ တစ်ဆို့နေတာတောင် လွတ်လပ်သွားအောင် တံခါးလာဖွ ပေးမယ့်သူရှိလို့လား.. ၊

ခြံစောင့်ကြီးက သူ့အိမ်လေးနားကနေလက်နှစ်ဖက်နောက် ဆုပ်၍ အေးဆေးရပ်ကြည့်နေတာ သူမလှမ်းမြင်နေရသည်။ ဒီလို ခြေအနေနဲ့ဆီးကြိုနေသည့်အိမ်မှာ ကိုယ့်အတွက်နေရာရှိပါ့မလား တာကျတော့ တကူးနွေဆိုတဲ့သူမမတွေးတော့ဘူးလား..ထိုစဉ်..

"တီ.."

ဟွန်းသံနှင့်အတူကားက ခြံအဝင်ဝတည့်တည့်ကိုခေါင်းတိုး လာလျက် သူမတို့ကားနှစ်စီးနှင့် တြိဂံပုံမကျတကျမှာ ရပ်သွားခဲ့ပြီ

"အဲ့ဒါဘာဖြစ်နေကြတာလဲ.."

ကားကဂျန်းစီးနေကျ ကားမဟုတ်သောကြောင့် လှမ်းကြည့် မိသည့်ကူးနဲ့မေရှမ်း အံ့သြသွားကြသည်။ မေရှမ်းအံ့သြတာကပို ကူးဒီလောက်တောင်သိနေပါလားဆိုသည့် မျက်ဝန်းတို့နှင့်အကြ က ကူးထံပြန်ရောက်၏။

ကူးကအောင်နိုင်သူလိုတစ်ချက်တော့ ပြုံးလိုက်သေးသည်။ သော် သူမလည်းစိတ်ကဂျန်းဆီကိုပဲ ပြန်ရောက်နေခဲ့လျက်.. ၊

"ကူးကခုမှလာတာပါ..သူကပြန်ထွက်လာတာလေ၊ အဲ့ဒါသူ ကားလာပြောနေလို့.."

ဟု ဦးအောင်တိုင်၏။ ဂျန်းကလည်း နဂိုတည်းကတင်းနေတ သည့်မျက်နှာမှာ စိတ်မရှည်ခြင်းတွေ အပိုဆောင်းနေခဲ့ပြီး ကား နောက်ဆုတ်ပစ်လိုက်တာ ဝေါခနဲ.. ၊

"ကိုလူ..ကူးပဲဆုတ်ပေးပါမယ်.."

"မဟုတ်ပါဘူး..ငါကပြန်မယ့်သူပါ.."

သူမတို့ပျာပျာသလဲလှုပ်ရှားလိုက်ကြသော်လည်း ဂျန်းရဲ့ကာ က မေရှမ်းရဲ့ဘေးဘက်ကို ကွေ့ဝိုက်သွား၏။ ကြည့်လိုက်တော့ တံခါးတစ်ချပ်ကို ခြံစောင့်ကဖွင့်ထားပေးနေတာဖြစ်ကာ သူမတို့



ဘက်ကို အာရုံရောက်နေခဲ့လို့ မသိလိုက်.. ၊

ဒီခြံစောင့်ကြီး ဒါကြောင့် သူမတို့ခြံဝမှာမပြီးဆုံးနိုင်ဖြစ်နေသည့် ပြဿနာကို ဘာမှမမေးမြန်း မကူညီဘဲရပ်ကြည့်နေခဲ့တာဖြစ်မည်။ ဂျန်းကတော့ ကိုယ်တိုင်မောင်းလာရသည့်အနေအထားမှာ ဒဏ်ရာ ဒဏ်ချက်တွေအကင်းမသေသေးသည့်အရှိန်နှင့် ဒေါသကရှိရင်းစွဲ ဘက် အဆမျှားစွာပိုမိုကြီးမားနေခဲ့၏။

ပြီးတော့ လုပ်လာခဲ့သည့်အလုပ်က အဆင်မပြေ။ ဒီလမ်းကိုမ သွားသင့်မှန်းကြိုတင်တွက်ဆမိနေပေမယ့် ဒါကနောက်ပြန်ဆုတ်ဖို့ ဖြစ်တဲ့ကိစ္စမဟုတ်။ ကိုယ်အဆင်ပြေမယ့်ရက်ကို ရွှေ့ဖို့လည်းမလွယ်။ တစ်ခါတလေမှာ ဂုဏ်သိက္ခာအတွက် ဆုံးရှုံးခံလိုက်ရသည့် တစ်စုံ တစ်ရာကအဆမတန်.. ၊

"ကျွီ.."

ပေါ်တီကိုအောက်မှာ ကားကအကြမ်းပတမ်းရပ်သွားသည်။ အ ဘက နေဝင်းပြေးထွက်လာကာ တံခါးဖွင့်ပေးရင်း.. ၊

"အစ်ကိုနေမကောင်းဘူးလား..ဘာဖြစ်လာတာလဲဟင်၊ ကျွန် တော့်ကိုတွဲ.."

"ရတယ်.."

တွဲတာထူတာတွေကို မနှစ်မြို့ခြင်းကြောင့် ဆေးရုံကနေကိုယ့် ဘာသာနဲ့ကိုယ် ဆင်းခဲ့တာဖြစ်သည်။ ဒါပေမယ့် ဧည့်ခန်းထဲမှာထိုင် တဲ့အချိန်ထိ ကျောနဲ့ရင်က ညှပ်ပူးညှပ်ပိတ်အောင့်နေဆဲ.. ၊

ထို့ပြင် ပတ်တီးဖြည်ထားသည့် ဆံပင်တွေကြားထဲကဒဏ်ရာ သွေးပြန်စိမ့်နေသည်။

"အစ်ကိုအခန်းထဲ ခဏဝင်နားလိုက်ပါလား..ကျွန်တော်အစ်ကို ဖို့တစ်ခုခု.."

"နေပေ့စေ..ကြာနွယ်ရီးဘယ်မှာလဲ.."

"မမကြီးခုနကပဲတက်သွားတာ..ကျွန်တော်သွားခေါ်လိုက်မယ်.."

"မခေါ်နဲ့.."

ရင်ဝကိုလက်နဲ့ဖိထားရင်း ဆိုဖာမှာကျောပြန်ကပ်ထားသည့် ခရီးပမ်းထားသည့်မျက်နှာက ဖြူဖက်ဖြူလျော်ဖြစ်နေ၏။ ကူး

www.burmeseclassic.com

www.burmeseclassic.com



က ဂျန်းကိုမြင်သည်နှင့် စိုးရိမ်တကြီးဖြစ်သွားလျက်.. ၊

"ကိုလူ..ကိုလူတစ်ခုခုဖြစ်လာတာလားဟင်.."

ပြောရင်း အပြေးတပိုင်းဝင်လာသည်။ ပခုံးကအိတ်ကိုဖြုတ်၍ ရင်ခွင်မှာပိုက်လိုက်ရင်း သူ့ဘေးမှာထိုင်ချလိုက်ကာ.. ၊

"ကူးလည်း ကိုလူအက်ဆီးဒင့်ဖြစ်တော့ ပဲခူးရောက်နေတာ ရှမ်းကလည်း မသိဘူးတဲ့.."

သိစေချင်တာက ရိုးကဘယ်သူ့ကိုမှ အကြောင်းမကြားခဲ့သည် အဖြစ်.. ၊

"သိလို့လာမယ်ဆိုတော့လည်း ကိုလူကဆေးရုံကဆင်းခွင့်မ ဘဲ ဆင်းသွားတယ်ဆိုတော့.."

"တကူးနွေ.."

"ဟင်.."

"မင်းဘာလာလုပ်တာလဲ.."

"ကိုလူ့ကိုပြုစုဖို့ပါ..ဒီလိုအချိန်မှာ.."

"မင်းကိုငါလိုအပ်နေပါတယ်လို့ တစ်ယောက်ယောက်ကဖုန်း ဆက်လိုက်တာလား.."

ကူးက ခပ်ဖြည်းဖြည်းခေါင်းခါလျှင်.. ၊

"အပိုတွေလာလုပ်မနေနဲ့..အနားမှာလက်တပြင်ပြင်နဲ့ ဝိုင်းဝိုင်း လည်နေတာမကြိုက်လို့ ဆေးရုံကဆင်းလာခဲ့တာ.."

"အဲ့ဒါကကိုလူရယ်.."

"အခုလောလောဆယ် မင်းနေရာပြောင်းထိုင်လိုက်.."

ကူးရဲ့မျက်ခုံးတန်းလေးတွေ စုကျုံ့သွားသည်။

"ကိုလူစကားပြောတာ အရမ်းကိုရင့်သီးတာပဲ..ကူးတို့ကကိုယ် အော်ငေါက်နိုင်စားဖို့ သံပတ်ပေးထားတဲ့စက်ရုပ်တွေလား.."

"အဲ့ဒါမင်းကိုယ်မင်းပြန်မေး..ငါကနိုင်စားနေတယ်ထင်ရင် ရှေ့ကိုမလာနဲ့.."

"ဒါဆို ကူးနဲ့ရှမ်းက ကိုလူနဲ့ဘာမှမသက်ဆိုင်တော့တဲ့လူ လား.."

"တောက်.."



စိတ်ထဲရှိတဲ့အတိုင်းပြောလိုက်ရလျှင် ဘယ်လိုမှကြားကောင်း ...မဟုတ်။ ထို့ကြောင့် ကိုယ်ပဲရှောင်ထွက်သွားဖို့နေရာမှထရပ်လိုက် ...လျှင်.. ၊

"အား.."

"အစ်ကို.."

"ကိုလူ.."

နေဝင်းခြေလှမ်းပြင်ရုံရှိသေးသည်။ ကူးကဂျန်းရဲ့လက်ကို ဝင် ...ထားလိုက်ပြီဖြစ်ကာ.. ၊

"ကိုလူရယ်.."

"ဖယ်..ဖယ်.."

"ဘာဖြစ်လို့လဲကိုလူ..ကိုယ့်ဘာသာလည်းမဟန်နိုင်ဘဲနဲ့.."

"ဟေ့..မင်း ဝေးဝေးနေ.."

ဖယ်ထုတ်လိုက်တာကို လက်ပြင်ပြီးရှေ့တိုးလာတော့ ဂျန်းက ...ည့်အော်ပစ်ကာ.. ၊

"ပြောတာမကြိုက်ရင် အပြောမခံရအောင်နေရတယ်.."

ပြောပြီး ခပ်ကြိတ်ကြိတ်တက်ခေါက်ကာ.. ၊

"မိန်းမတွေမြင်လိုက်ရရင် ဒီပုံစံတွေချည်းပဲ.."

နေဝင်းကမရဲတရဲရှေ့တိုးလာပြီး တွဲကူဖို့ပြင်လျှင်.. ၊

"မလိုဘူး..သူဘာလုပ်မှာလဲမေး၊ ပြီးရင်ပြန်လွှတ်လိုက်.."

"ကူးကခဏလာလည်တာမဟုတ်ဘူး..ကိုလူနေကောင်းမှပြန် ..."

ဂျန်းခြေလှမ်းတုံ့သွားသည်။ သို့သော် အသက်ရှူသွင်းလိုက် ...င်း ရင်ဝကအောင့်နေသဖြင့် စကားပြောရတာအဆင်မပြေ။ ထို့ ...ကြောင့် ဘာမှမပြောတော့ဘဲ ထွက်လာခဲ့၏။

ဘာဖြစ်လို့ကိုယ့်အိမ်ရောက်တာတောင် ရင်မငြိမ်းချမ်းရတာလဲ. ...းမတွေမရှိမကောင်း ရှိမကောင်းဆိုတာ တကယ်မှန်သည်။ သူတို့ ... ကိုယ်ထုဆစ်ပုံဖော်ခဲ့သည်ထင်ရပေမယ့် သူတို့ကသာချုပ်ကိုင်ထိုး ...ဖို့ ကြိုးစားနေကြသည်။ မလိုချင်တာကိုပေးမည်။ မပေးနိုင်တာ ...ဒွတ်တရွတ်လိုချင်နေသည်။ လိုချင်ပြီဆို မိန်းမဆိုသည့်ကြန္တြေ

www.burmeseclassic.com

www.burmeseclassic.com



သိက္ခာလည်း မရှိ။ မရှိဘူးပြောလည်း မရ‌ကြ်.. ၊

မျက်လုံးထဲမှာ မာရီဆိုသည့်မိန်းမ၏ တဘက်ကွယ်ထားသော မလုံ့တလုံပုံရိပ်နှင့် ရွံစရာစကားသံတွေကို ပြန်သတိရလာတော့ တက်ခေါက်မိတာ ဘယ်နှစ်ခါမှန်းမသိ.. ၊

သူ့ပတ်ဝန်းကျင်မှာလည်း ဒီလိုမိန်းမတွေချည်းဖြစ်နေခဲ့တာ ဘယ်လိုအကျိုးပေးမျိုးလဲ.. ၊

(၁)

အခန်း(၃၃)

"ဘယ်ဆရာဝန်မှ မလိုဘူး..ကိုယ့်ခန္ဓာကိုယ်ကို ကိုယ်တိုင်ကုလို့ရတယ်.."

အသက်ရှိုက်လိုက်တိုင်း ရင်အောင့်နေသဖြင့် ဒေါသတွေလည်း ချိုသိပ်ထားရသည်။တစ်လှမ်းကိုတစ်ယူဇနာလောက်ခြေလှမ်းကျဲခဲ့ပေမယ့် ကိုယ့်ကိုယ်ကိုမညှာတာခဲ့သည့်အဖြစ်ကြောင့် စိတ်လိုက်မာန်ပါလျှောက်မိတိုင်း နဲ့ခနဲအင့်ခနဲတွန့်သွားသေးသည်။

နေရာတကာ ကိုယ်ကမနေနိုင်မထိုင်နိုင် ဝင်ပြောမိပေမယ့် ကူးကိုသူကတော့ လှည့်တောင်မကြည့်ဘဲ အိမ်ပေါ်တန်းတက်သွားသည်။ခေါင်းကြောမာတာကတော့ သေးသေးကွေးကွေးမဟုတ်.. ၊

'ဒီလောက်တောင်ခေါင်းမာရလား'ဆိုပြီး ကလေးသာဆိုနားရွက်ဆွဲဖင်လှန်ထိုးခိုင်းမိမှာပင်။ ဆေးထိုးဖို့ကိုပါ.. ၊

ကိုယ့်အတွေးထဲမှာပဲတွေးရင်း ကိုယ့်ဘာသာဖြေရှင်းနေမိကာ ဒီဘက်လှည့်လိုက်တော့ အိမ်အကူမိန်းကလေးတွေက ခေါင်းချင်းဆိုင်ပြီး သူမကိုကြည့်နေတာမြင်လိုက်သဖြင့်.. ၊

"နင်တို့ကအမြဲတမ်း တပူးတွဲတွဲနဲ့ပါလား.."

"ရှင်.."

"အလုပ်လုပ်တာကို နှစ်ယောက်ပေါင်းပြီးလုပ်နေရင် ဒီအလုပ်ဘယ်တော့ပြီးမှာလဲ.."

"ခုလုပ်မလို့ပါ.."

နှစ်ယောက်စလုံးပြောပြီး ကမန်းကတန်းလစ်ထွက်သွားကြသည်။ ဒီမိန်းကလေးတွေ သူမရှေ့ကိုဆိုသိပ်မလာကြဘူး။ ခေါ်ခိုင်း

www.burmeseclassic.com

www.burmeseclassic.com



ရင်တောင် ရှောင်ဖယ်ဖယ်နှင့်. .၊

စုစုနဲ့ကြိုင်တို့ကတော့ ကွယ်ရာရောက်ကာမှ ရင်ဘက်တွေဖိ၍ သက်ပြင်းကိုယ်စီချကာ.. ၊

"အဲ့တစ်ယောက်နဲ့ဘာမှမပြောမိစေနဲ့..မိစံနဲ့မာလာကိုလည်းမှာထား ဦး၊ သူတို့ကအေးသီဂီထွက်မှ ထပ်ရောက်လာတဲ့အသစ်ဆိုတော့ တကူးနွေဆိုတဲ့မိန်းမအကြောင်းသိမှာ မဟုတ်ဘူး.."

"ဟုတ်တယ်..ဟုတ်တယ်၊ သူ့ကြောင့် အေးသီဂီထွက်သွားရ တာ..တကယ်တော့အေးသီဂီကသနားစရာနော်..သူကအလုပ်ရအောင် ကူညီထားတာဆိုပြီး ခိုင်းသမျှလုပ်ပေးနေရရှာတာ၊ ခုတော့ လစာများ တဲ့အလုပ်တစ်ခု ဆုံးရှုံးသွားရှာပြီ.."

"အောင်မလေးဟယ်..ခုလောက်ဆို ဒီမိန်းမလည်း ငါတို့ကိုသူ သွင်းပေးလို့ရတာ ကျေးဇူးကန်းချေရဲ့လို့ တွေးချင်တွေးနေမှာပါ..ငါ ကတော့ မတတ်နိုင်ဘူး၊ သူကအေးသီဂီကိုခေါ်တယ်..သုံးယောက်လို တယ်ဆိုလို့ အေးသီဂီကငါတို့ကိုခေါ်ခဲ့တယ်၊ ငါတို့ကျေးဇူးတင်ရမှာ အေးသီဂီပဲ.."

"ဟုတ်တယ်..မမရဲ့အစ်မသာဆိုတယ် ညီအစ်မအရင်းတွေ ဟုတ်တာ တအားသိသာတာပဲ..စိတ်ကလည်းပုတ်ပ့်.."

"အဲ့ဒါပဲလူတစ်ယောက်ကို အပေါ်ယံကြည့်ရုံနဲ့စိတ်ဓာတ်မသိ ဘူးဆိုတာ..သွားတော့ သွားတော့၊ ဒီတစ်ခါငါတို့ပူးနေတာထပ်မြင် ရင် ဆူခံထိနေဦးမယ်.."

"ပြောလို့မရဘူး..ဆွဲလုပ်ချင်လုပ်မှာ.."

အပေါ်ထပ်လှေကားထိပ်ရောက်နေကာမှ လှေကားအောက်က မိန်းကလေးနှစ်ယောက်ပြောနေကြတာတွေကို ဂျန်းအားလုံးကြားနေ ရသည်။ ဘယ်သူ့အကြောင်းဖြစ်ဖြစ် ကွယ်ရာမှာအတင်းအဖျင်းပြော တာ သူမကြိုက်ပေ.. ၊

သို့သော်ကွယ်ရာစကားဆိုတာ နားထောင်မိလို့ကြားတာပဲမို့ ဥပေက္ခာထားပြီး ဆက်လျှောက်လာခဲ့၏။ လှေကားတက်လိုက်ပြီး ရင်ဝကအောင့်တာတင်မဟုတ်ဘဲ ဒဏ်ဖြစ်ထားသည့်ခြေထောက်တ ဖက်ကပါ ကိုက်ခဲလာတတ်၏။ သို့သော် အိပ်ရာပေါ်လှဲအိပ်ပြီး ဆေး



ကုခံနေရသည့်အလုပ်ကို သူအမုန်းဆုံး။ ထူပါတွဲပါ ဆေးသောက်ပါ ဆိုတာတွေ။ ပြီးတော့ ဆရာဝန်ဆရာမတွေမေးသမျှဖြေ။ ဟိုကိုင်ဒီ ကိုင် ဟိုခိုင်းဒီခိုင်း.. ၊

ကိုယ့်ဘာသာ သမထနဲ့ယောဂကျင့်စဉ်တစ်ခုခုကို အားကိုးခဲ့ သည့်စိတ်က ခန္ဓာကိုယ်အတွက်ဆေးဝါးလိုအပ်သည်ဆိုတာကို လက်မခံနိုင်ပေ။ သို့သော် သူယောဂကျင့်သည့်အခန်းဆီမရောက်ခင် ဒီဘက်ထောင့်မှာ ရိုးကခွေးခြေခုံပေါ်တက်၍ အပူခံမျက်နှာကျက်ကို တုတ်တစ်ချောင်းနှင့် ဘာလုပ်နေသည်မသိ.. ၊

သူလျှောက်လာတာကိုလှည့်ကြည့်ပြီး အပေါ်ကိုပဲသည်းကြီး ခည်းကြီးလှမ်းထိုးနေသည်။ တကယ်ကမန်ကျည်းစေ့လောက်အ ပေါက်ငယ်လေးကို ငရုတ်ကောင်းထုတ်လေးနဲ့ပိတ်ဆို့နေတာဖြစ် သည်။ ဒီအပေါက်လေးကကြွက်ဖောက်နေတဲ့အပေါက်ဆိုလျှင် ကြွက်တစ်ကိုက်စာမရခင် ပိတ်ထားဖို့လိုသည်။ ကြွက်ကလည်းင ရုတ်ကောင်းကိုမှကြောက်တာဖြစ်၏။

ဂျန်းကိုလှေကားထိပ်ရောက်လာတည်းက မြင်နေသည်ဖြစ်ကာ သူမပြီးသွားသည့်အချိန် အနားရောက်လာတော့မှ ခြေဖျားထောက် အားသည့်ကိုယ်ကို သေချာပြန်ချရပ်လိုက်ရင်း. .၊

"အင့်.."

ဂျန်းခြေလှမ်းတုံ့သွားသည်။ သူ့မျက်နှာရှေ့မှာ တုတ်ရှည်ကြီး တစ်ချောင်းနဲ့ ကန့်လန့်ဖြတ်တားလိုက်သည့်ရိုးက သူမော့ကြည့် လိုက်မှ တုတ်ကိုယူဖို့ ထပ်တိုးပေးလိုက်ကာ.. ၊

"နာနေတယ်မလား..တုတ်နဲ့ထောက်သွားလိုက်.."

ဂျန်းမျက်နှာနီသွားသည်။ ရိုးကခုံပေါ်ကမဆင်းဘဲ သူ့ကိုငုံ့ ကြည့်နေလျက်.. ၊

"မင်းကိုသူများတွဲရင်လည်း မကြိုက်ဘူးမလား..ခုနကပဲ လှေ ကားထိပ်မှာ ကုန်းကွနားနေရသေးတယ်.."

"အဲ့ဒီပေါ်ကဆင်း.."

ဘယ်လိုလူစားကိုဖြစ်ဖြစ် ကိုယ့်ကိုငုံ့ကြည့်ပြီး စကားပြောလာ ခင် မကြိုက်။ ထို့ကြောင့် ရိုးရဲ့ခါးကိုဆတ်ခနဲပွေ့ယူပြီး ဆွဲချပစ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ အထက်စီးကနေ တုတ်တစ်ချောင်းကမ်းပေးရင်း ဟန်ကြီးပန်ကြီးပုံစံနဲ့ပြောနေသည့်ရှီးမှာ တုတ်ကိုလည်းမလွှတ်ဘဲ ခြေကားရားလက်ကားရားပါသွားခဲ့ပြီး.. ।

"မင်းဘယ်လိုလုပ်တာလဲ.."

"ခင်ဗျားအပိုတွေလုပ်နေလို့.."

ပြောပြီး ရှီးလက်ထဲကတုတ်ကိုဆွဲယူကာ ဒီတိုင်းလွှတ်ပစ်လိုက်ပြီး.. ।

"နေစမ်းပါဦး..ကျုပ်မျက်စိနှစ်လုံးပွင့်လာတည်းက ခင်ဗျားကိုဆေးရုံမှာတွေ့လိုက်တာ.."

"မင်းမကန်းသေးတဲ့သဘောပေါ့.."

"ဒါပေမယ့် အံ့သြစရာကောင်းနေတယ်..ခင်ဗျားဘာလို့ထွက်မသွားတာလဲ.."

ရှီးမျက်ဝန်းလေးတွေ လက်ခနဲတက်လာသည်။ ပန်းရင့်ရောင်တီရှပ်လေးဝတ်ထားသဖြင့် နှမ်တသည့်ပါးပြင်လေးတွေက နုရဲနေကြလျက်.. ।

"မင်းကိုကြောက်လန့်ပြီး နေနေတယ်ထင်လို့လား.."

"မဟုတ်ဘူးလို့ပြောမှာပဲဆိုတာသိတော့ ကျုပ်ဘယ်လိုထင်တာအရေးမပါပါဘူး..ဘာကြောင့်ဖြစ်ဖြစ် ကျုပ်ပြောချင်တာက ခင်ဗျားမျက်လုံးတွေထဲမှာမြင်နေရတဲ့ ကျုပ်ကိုတိုက်ခိုက်ချင်နေတာတွေ..

"မင်းကကြိုသိရုံတင်မကဘူး..မျက်လုံးထဲကစာကိုပါ ဖတ်တတ်တာပဲ.."

"ဝန်ခံတာလား.."

"ဟုတ်တယ်..ငါရှိနေတာမင်းကြောင့်၊ ဒါပေမယ့် မင်းကိုငါက..

"ခင်ဗျားစိတ်ကူးတာတွေ ဘာမှဖြစ်လာမှမဟုတ်ဘူး.."

ရှီးကမဲ့သည်။ ဂျန်းက ထိုမျက်နှာကိုစိုက်ကြည့်နေလျက်..

"မင်းထင်လို့ပါ.."

ရှီးရဲ့မျက်ဝန်းလေးတွေက ရူးရူးရဲရဲဖြစ်နေသည်။ အပြောကြီးလွန်း မောက်မာလွန်းသည့်ယောကျ်ားတစ်ယောက်ဆိုသည့်အကြည့်တို့ အမုန်းတရားတွေပါရောနှောနေလျက် ဂျန်းကိုတည့်တည့်စိုက်



ကြည့်ရင်း.. ।

"အဲ့ဒီဘဝပျက်ခဲ့တဲ့ယောကျ်ားတွေထဲမှာ မင်းအဖေလည်းပါတယ်.."

"ဘာ.."

ဂျန်းမျက်နှာရဲခနဲဖြစ်သွားသည်။ ပြီးတော့ သွေးဆုတ်ဖျော့ကျသွားခဲ့၏။ တကျိုကျိုအံကြိတ်သံကိုကြားနေရပေမယ့် ရှီးကဂရုမစိုက်သလို တောင့်မတ်စွာရပ်နေခဲ့၏။

"အဲ့ဒါတွေခင်ဗျားကို ဘယ်သူပြောတာလဲ.."

မေးနေသည့်မျက်နှာက တင်းမာလာခဲ့ပြီး.. ।

"ဘယ်သူပြောတာလဲလို့.."

ရုတ်တရက်အနိုင်လုပြောလိုက်ပြီးမှ ရှီးဖြေရကျပ်သွားသည်။ ...း‌လိုလူကလည်း ဖြေရှင်းတာကိုအလွယ်တကူကျေနပ်သွားမည့်လူ...မျိုးမဟုတ်ရာ.. ।

"ဘာဖြစ်လို့လဲ..ပြောတဲ့လူကိုလက်သီးနဲ့ပြေးထိုးမလို့လား.."

ဂျန်းကနှုတ်ခမ်းတင်းတင်းစေ့ထားလျက် နှာထောင်နေ၏။

"မင်းဘာကိုမှဂရုမစိုက်ဘူးဆိုရင် ငါသိလာတာဘယ်ကကြား...ဘယ်သူပြောပြော ငါ့အရည်အချင်းပဲ..မင်းရဲ့ဘေးမှာပြိုင်ဘက်...င်းတစ်ယောက်ရှိနေပြီဆိုရင် မင်းပျော်တောင်ပျော်ရဦးမှာ.."

ဂျန်းရဲ့နှုတ်ခမ်းမှာ မထိတထိမဲ့ပြုံးတစ်ချက်ထင်၏။ ပြီးတော့...က်တစ်လှမ်းဆုတ်ပြီး ခေါင်းညိတ်လိုက်သည်။

"အိုခေလေ..ကျုပ်ရဲ့မခံချင်စိတ်ကိုနှိုးဆွပြောတာပေမယ့် ခင်...ရဲ့ဟာ့ဂတ်မှန်တယ်၊ ပစ်လိုက်တာ တည့်တည့်ထိပါတယ်..ဟွန်း...ကြည့်ပေါ့.."

ရှီးရင်ထဲက စိုးရိမ်လုံးကြီးကျသွားကာ သူ့လိုပဲပြုံးပြီးလှည့်ထွက်...သည်။ ဂျန်းကလက်ကိုဖမ်းဆွဲလိုက်ပြီး.. ।

"ထပ်ရှိသေးတယ်.."

ပြောပြီး သူနဲ့မျက်နှာချင်းဆိုင် ဆွဲလှည့်ယူလိုက်သည်။ မျက်...င်းဆုံအောင်ကြည့်ပြီးမှ.. ।

"ကျုပ်ရာဇဝင်မှာ ဘယ်လိုပြိုင်ဘက်ကိုမှ မညှာခဲ့ဘူး.."

www.burmeseclassic.com

www.burmeseclassic.com



"ပြိုင်ဘက်ဟုတ်ဟုတ်မဟုတ်ဟုတ် မင်းရင်ထဲမှာငဲ့ညှာစာနာမှု မရှိပါဘူး.."

ခံစားမှုအပြည့်နှင့် ခွန်းတုံ့ပြန်ရင်း သူ့လက်ကိုခါထုတ်ပစ်လိုက်ကာ.. ။

"လူတိုင်းမှာကိုယ့်အမှန်တရားနဲ့ကိုယ်ရှိတယ်..တချို့က အမှန်တရားအတွက် တိုက်ပွဲဝင်တယ်၊ တချို့ကတော့ အမှန်တရားကြောင့် ကျရှုံးခဲ့ရတယ်..ငိုခဲ့ရတယ်၊ အမှန်တရားဘယ်လောက်ထိခါးသီးသလဲဆိုတာ မင်းအသိဆုံးဖြစ်မှာပါ.."

ဂျန်းအသံတိတ်နေဆဲရှိကာ.. ။

"မင်းလက်ထဲမှာ ကျရှုံးခဲ့ရတဲ့ငါ့ရဲ့အမှန်တရားကို ငါရအောင်ပြန်ယူမယ်.."

"ဟွန်း..ခင်ဗျားကျုပ်ထက်အသက်ကြီးပေမယ့် ဘာမှမသိသေးဘူးပဲ.."

ဂျန်းကလက်ကိုပြန်ဆွဲယူကာ မျက်နှာချင်းထိကပ်မတတ်ကပ်၍.. ။

"လောကကြီးကိုမုသားတွေနဲ့အလှဆင်ထားတာ..မုသားတွေမရှိခဲ့ရင် ကမ္ဘာကြီးလုံးသလားပြားသလားတောင် ဘယ်သူမှသိမှာမဟုတ်ဘူး.."

သူကရီးရဲ့လက်ကိုလွှတ်လိုက်ပြီးမှ.. ။

"အမှန်တရားဆိုတာမရှိဘူး..ရှိခဲ့ရင်လည်း ဘယ်နေရာမှာဖြစ်ဖြစ် အလွယ်တကူပျောက်ဆုံးသွားနိုင်တဲ့ဘာမှအရေးမပါတဲ့အရာပဲ.."

ဒေါသတွေမာနတွေပြဖို့ကျတော့ ဒဏ်ရာနာကျင်တာတွေဘာမှမရှိခဲ့တဲ့အတိုင်း။ ရီးဒီတိုင်းရပ်ကျန်ခဲ့စဉ် ကူးကလှေကားဘက်ကလျှောက်လာကာ.. ။

"နင်လည်းမာယာတွေသုံးနေတာပဲရီးရယ်..မထင်ရဘူးနော်.."

"မမကူးဘာပြောတာလဲ.."

ကူးကရဲတောက်နေသည့်ဝတ်စုံနှင့် ကူးမျက်နှာလေးကပါ ရောင်ရင့်နေ၏။ ပြီးတော့ လှုပ်ရမ်းနေသည့်အနီရောင်နားကွင်းလေးတွေက အသက်ထက်ပို၍နုငယ်စေခဲ့လျက်.. ။



"ဘာပြောတာလဲဟုတ်လား..ရှမ်းကိုနင်ရိုက်သွင်းလိုက်တဲ့စကားတွေလေ၊ ငါကသူ့ဟာသူအေးရာအေးကြောင်းနေပါစေတော့လို့အဆင်ပြေသလိုပြောခဲ့တယ်..နင်ကတော့ သနားစရာသတ္တဝါလေးလိုငိုပြလိုက်တယ်.."

"အခုဘာတွေဖြစ်နေလို့လဲ.."

"ကိုလူကနင့်ကိုပဲ အာရုံစိုက်အောင် ငါတို့တွေနောက်ဆုတ်ကျန်ခဲ့စေချင်တာလေ.."

ရီးစိတ်ပျက်သွားမိသည်။ ယောကျ်ားဖြစ်စေ မိန်းမဖြစ်စေ အချစ်တစ်ခုအတွက်ပဲ အသက်ရှုနေကြတာလား..။ ဒီကိစ္စတွေအပြင် သူမကို့မှာ တခြားတွေးတောဆင်ခြင်စရာ ဘာမှမရှိတော့ဘူးလား.. ။

"မမရှမ်းကမေးလို့ သူမေးတာကိုပဲ ရီးဖြေခဲ့တာပါ.."

"ထားလိုက်ပါ..ရှမ်းကအစတည်းက သူ့ကိုယ်သူယုံကြည်မှုနည်းတဲ့သူ၊ ဟိုလူပြောရင်နားယောင် ဒီလူပြောရင်ဟုတ်နိုးနိုးထင်..အဲ့ဒါသူ့အကျင့်ပဲ၊ ဒါပေမယ့် နင်ကတော့ အဲ့လိုမဟုတ်ဘူးဆိုတာ ငါကောင်းကောင်းသိတယ်..နင်ကလိုချင်တာကိုတိတ်တိတ်ကြိတ်ကြိတ် ရအောင်ယူတတ်၊ အထဲတစ်မျိုး အပြင်တစ်မျိုးနဲ့သိပ်ကြောက်စရာကောင်းတဲ့အံ့ပုန်း.."

"တော်ပြီလားမမကူး.."

ရီးမျက်နှာလေးက တင်းနေသည်။ ကူးရဲ့ကိုယ်မှာစိန်တွေလက်ကာ်ရတနာတွေနဲ့ ပြိုးပြက်လက်နေသလောက် ရီးမှာဘာလက်ဝတ်ရတနာဝတ်ဆင်ထားတာမှမရှိပေ။ သို့သော် မျက်ဝန်းတို့သည် စိန်ပွင့်လေးတွေလို လက်နေခဲ့လျက်.. ။

"ရီးသူများကိုမစော်ကားခဲ့ဘူး..သူများကလည်း ခုလောက်ထိ ဘယ်တုန်းကမှ လာမစော်ကားဖူးဘူး.."

ကူးကို ရီးကစေ့စေ့ကြည့်၍ နာကျင်သလိုပြုံးလိုက်ရင်း.. ။

"အချုပ်ကျခဲ့တုန်းကတောင် အဲ့ဒီအချုပ်ထဲကယုတ်ညံ့အောက်တန်းကျတဲ့မိန်းမတွေပြောတဲ့စကားက မမကူးပြောလိုက်တဲ့စကားလုံးလောက် မကြမ်းဘူး.."

ဟင်.. ။

www.burmeseclassic.com

www.burmeseclassic.com



ကူးမျက်နှာ တစစတင်းမာလာလျက် အသက်ရှူတွေပါပြင်
လာခဲ့၏။

"ဟုတ်မှာပါ..အဲ့ဒီမိန်းမတွေလည်း မမကူးလိုပြောတတ်ပေမ
ပြောလို့မထွက်တာဖြစ်မယ်.."

"ရှိုး..နင် နင်ငါ့ကိုလှလှပပလေးတိုက်ခိုက်နေတယ်ပေါ့၊ ဟု
လား..နင့်စကားတွေက ခွေးကိုက်ခံရတာထက်ဆိုးတယ် နားလည်
လား.."

"ရှိုးမှခွေးကိုက်မခံရဘူးတာ.."

ကြည့်စမ်း..သင်းကလူကြီးမင်းနဲ့အတူတူနေခွင့်ရတာနဲ့ မာ
တွေတက်နေတာ.. ၊

"ရှိုး..နင်က ရှမ်းလိုဟိုနိုင်ငံဒီနိုင်ငံ အပန်းဖြေခရီးထွက်သ
ရှောင်ပြေးသွားမယ့်မိန်းမမျိုးလို့ ငါ့ကိုထင်နေလို့လား.."

"မထင့်ပါဘူး..မမရှမ်းခရီးသွားတော့မှာလို့ ပြောသွားတာလ
ဘာကြောင့်လဲလို့မမေးလိုက်မိဘူး၊ မမကူးနဲ့မမရှမ်းတို့ဘယ်မှာနေ
ဘယ်ကိုသွားသွား ရှိုးစိတ်လည်းမဝင်စားဘူး..လူတိုင်းကကိုယ့်
နဲ့ကိုယ်.."

"လူတိုင်းကဟုတ်ချင်ဟုတ်မယ်..ငါတို့ကတော့ မဟုတ်ဘူး
နင်ရယ်ငါရယ် ရှမ်းရယ်က တြိဂံတစ်ခုရဲ့မျက်နှာစာသုံးဖက်ပဲ..အဲ
ကြောင့် ကိုယ့်ဘဝနဲ့ကိုယ်လို့ပြောလို့မရဘူး၊ ငါတို့သုံးယောက်
ညွတ်ရင်လည်း တြိဂံအသွင်တော့ ဆောင်နေဦးမှာပဲ..ဘာလို့လည်
တော့ ငါတို့မသိတဲ့တစ်စုံတစ်ရာက ငါတို့ကိုအနားမညီတဲ့တြိဂံ
ခုဖြစ်စေခဲ့တာလေ.."

"ဒါဆိုရင်လည်း ခုမမရှမ်းဘက်ကနုတ်ထွက်သွားပြီဆို
တြိဂံပုံပျက်ပြီး စက်ဝိုင်းပုံဖြစ်သွားတယ်..အိုခေ၊ ဒါက လူကြီးမ
ပိုင်နက်..ကြာန္တယ်ရှိုးက စက်ဝိုင်းရဲ့ဗဟိုပဲ.."

"ဘာ.."

"ဆောရီးပဲမမကူး..ဖြစ်ချိန်တန်လို့ဖြစ်တယ်၊ ပျက်ချိန်တ
ပျက်မယ်..မမကူးက ညီအစ်မလိုမဆက်ဆံဘူးဆိုရင် မမကူးနဲ့
ညီအစ်မဆက်ဆံရေး ခုပျက်သွားပြီ.."



"ဘာပြောတယ်ကြာန္တယ်ရှိုး..နင်က ဟုတ်လား၊ ငါကလည်း
နင့်မျက်နှာကိုမြင်ချင်လွန်းလို့ လာတာမဟုတ်ဘူး.."

"ဘယ်သူ့မျက်နှာကြောင့်မှ လာခွင့်မရှိဘူးလို့ ရှိုးကပြောလို့ရ
ဘယ်နော်မမကူး..အများကြီးပြောဖို့မလိုဘူး တစ်ခွန်းပဲ.."

ကူးအံကြိတ်လျက် လက်သီးလေးနှစ်ဖက်ဆုပ်၏။

"မပူပါနဲ့..မမကူးကိုယ့်စည်းကိုယ့်ကမ်းနဲ့သာနေပါ၊ ရှိုးကဆွဲမ
ထုတ်ပါဘူး.."

လူပါးဝလိုက်တဲ့ကောင်မ..။ ဒါသူ့တိုက်.. သူကသာတရားဝင်
ခနီးဆိုပြီး အလံထူလိုက်တာ.. ၊

"တော်ပါတယ်..ငါဒီလောက်ထိတွေးမထားခဲ့တော့ အငိုက်မိ
သွားတာပေါ့၊ ဒါပေမယ့် စက်ဝိုင်းရဲ့ဗဟိုမှတ်ဆိုတာ ဖြတ်မျဉ်းတွေ
အများကြီးကျူးကျော်ဖြတ်သန်းလို့ရတယ်..အဲ့ဒါမမေ့နဲ့.."

"မမေ့ပါဘူး..တိုးတက်နေသည့်နိုင်ငံတွေမှာလည်း ကျူးကျော်
နေထိုင်မှုတွေရှိနေကြတာပဲ၊ ဘာပဲဖြစ်ဖြစ် ဗဟိုကိုဖြတ်ပြီး ဆွဲသမျှ
မျဉ်းတိုင်းက စက်ဝိုင်းကိုနှစ်ပိုင်းဖြစ်စေတဲ့မျဉ်းတွေချည်းပဲ..အဲ့ဒီနှစ်
ပိုင်းက လူကြီးမင်းနဲ့ကြာန္တယ်ရှိုးပဲ၊ နောက်ထပ်တစ်ယောက်မပါဘူး."

အနိုင်မယူချင်ပေမယ့် အရှုံးမပေးနိုင်။ ကိုယ့်အပေါ်တမင်တကာ
အနိုင်ယူထိုးနှက်ဖို့ ရည်ရွယ်နေတာသိရက်နဲ့ သွေးသားလည်းမတော်
ပေ ဘယ်တုန်းကမှလည်းမကောင်းခဲ့တဲ့သူအပေါ် အခါခါအရှုံးမပေး
နိုင်ပေ။

ကိုယ်ကပုံပြင်ထဲက စင်ဒရဲလားလည်းမဟုတ်.. ၊

(၁)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၄)

"ဒေါက်..ဒေါက်.."

"ဘယ်သူလဲ.."

"မင်းနဲ့ပြောဖို့ရှိတယ်..ခဏထွက်ခဲ့.."

လူကြီးမင်း.. ၊

မွေ့ရာပေါ်မှာ စိတ်ပျက်လက်ပျက်လှဲရင်း အကြံထုတ်နေသော... ဂျန်းအသံကြားသည်နှင့် ကူးငေါက်ခနဲထထိုင်လိုက်သည်။ လော... လောဆယ်ရှိထားသည့်စိတ်ကူးစိတ်သန်းတွေအတိုင်း ချိတ်ထားသ... ညဝတ်အင်္ကျီအပေါ်ကို ပြေးယူလိုက်ပြီး ရေချိုးခန်းဘက်မှာ သွား... လိုက်ကာ.. ၊

"သိပ်နေမကောင်းလို့ကိုလူရဲ့..ကိုယ်လက်သန့်စင်ပြီး အိပ်ဖော... မလို့၊ ကိုလူဘာကိစ္စရှိလို့လဲဟင်.."

သူ့အသံကိုနားစွင့်ရင်း တိုတောင်းသည့်စိတ်ကူးတွေ ခေါင်း... ထပ်ထည့်နေမိ၏။ ဂျန်းထံမှစိတ်မရှည်သံသည်.. ၊

"မင်းဘာဖြစ်လို့ဒီအခန်းထဲဝင်နေတာလဲတကူးနွေ..ဒါ ငါ့... လုပ်ခန်း.."

"ဩော်..ကိုလူကလည်း ကိုလူ့အလုပ်ခန်းဘက်ကို ကူးကမသ... ပါဘူး၊ ဝရန်တာလေးက ဒီဘက်ခြမ်းကလှလို့..အဲ့ဒါ.."

"အခု..ငါအလုပ်လုပ်စရာရှိတယ်..အပြင်ထွက်.."

စိတ်တိုလာသည့်စကားသံက အမိန့်ဆန်လာကာ.. ၊

"ဟာ..ကိုလူကလုပ်ပြီ၊ တစ်ခန်းစီဥစ္စာ..ကိုလူဝင်လာလို့ရတာ... အဲ့မှာ ကူးလော့ခ်ချမထားဘူး.."



ဂျန်းဘာလုပ်ဖို့တံခါးလာခေါက်မှန်းသိလိုက်တာနှင့် ကိုယ်ပေါ်က ညဝတ်အင်္ကျီအထူကိုချွတ်ချပစ်လိုက်ပြီး ယူထုတ်ခဲ့သည့်အင်္ကျီကို မြန်မြန်စွတ်ချလိုက်သည်။ ခုနကအင်္ကျီကရင်ကွဲဖြစ်ကာ ဒီအင်္ကျီက လက်ရှည်ရင်တွန့်နှင့် ခြင်တောင်လိုအင်္ကျီမျိုးဖြစ်သည်။

ထို့ပြင် မသိရင်ဇာခြင်ထောင်ချထားသလို မှုန်မှုန်ပါးပါးလေး ပါ.. ၊

"ဟွန်.."

ကိုယ့်ဘာသာငုံ့ကြည့်ပြီး ပါးစပ်ပိတ်ရယ်မိသည်။ အလှအပ ကိုယ်လုံးကိုယ်ထည်ဘာမှပြောစရာမရှိအောင် လှနေသည့်မိန်းမတစ်ယောက်က သူ့အတွက်အစစအရာရာလိုက်လျောနေပြီဆိုရင် ဘယ်ယောကျ်ားခံနိုင်မှာလဲ.. ၊

ကူးသိတယ်လူကြီးမင်း။ ရှင်ကယောကျ်ားပီသတဲ့ယောကျ်ားပါ... ရှင့်ရဲ့မာနတွေမောက်မာမှုတွေအားလုံး ကူးရဲ့ခြေရင်းမှာ ကူး... ခြေဆေးဖို့ရေဖွက်အိုင်ဖြစ်ပေးရတော့မယ်။ စိတ်ကူးတွေနှင့် ရင်တွေ ဒိတ်ဒိတ်ခုန်လာမိသည်။ ထိုစဉ် တံခါးဖွင့်လိုက်သံကြောင့် ကူး... ရေချိုးခန်းထဲပြန်ဝင်ပြီး ငြိမ်နေလိုက်သည်။ သူဒီတိုင်းဖြတ်ကျော်ပြီး အခန်းထဲဝင်သွားလို့မရဘူးဆိုတာ သိနေသည့်အတိုင်း.. ၊

"ဟား..ဒီကဒိုးလော့ခ်သော့ဘယ်မှာလဲ၊ တောက်.."

"လာပြီကိုလူ..နေ့လည်က အဲ့ဒီဘေးမှာပန်းချီပုံလေးချိတ်ချင်လို့... ထားကြည့်တာ အဲ့ဒီသော့ချိတ်နဲ့မလွတ်တာနဲ့.."

သူမထွက်လာတော့ သူစိတ်တိုနေသည်မို့ လှည့်မကြည့်မိ..၊ ...ခန်းက အနောက်ထောင့်နှစ်ခန်းလုံးကို တစ်ခန်းတည်းလုပ်ထား... ဖြစ်ကာ ဝရန်တာကလည်း အလှဆုံးပဲဖြစ်လေသည်။ လှလို့တ... ရွေးထားတာမဟုတ်ပေမယ့် ကိုယ်တစ်ယောက်တည်းနေတုန်း... ည်းက ဒီထဲမှာနေခဲ့တာမို့.. ၊

"ရော့ ကိုလူ..သော့.."

အနားမှာကပ်နေတာတောင် ဂျန်းကလှည့်မကြည့်ဘဲလက်ချည်း... လှမ်းသည်။ သို့သော် သော့ကသူ့လက်ထဲသေချာရောက်မလာဘဲ... ပြုတ်ကျသွား၏။ ကူးက ကောက်ပေးတော့မလို့နှင့် နောက်ဆုတ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သဖြင့် ဂျန်းကင့်ကောက်လိုက်၏။

ထိုအခါမျက်လုံးထဲမှာ လျှပ်စီးလက်သွားသည့်နှယ်။ နောက်ခံမီးရောင်ထိန်ထိန်မှာ ဘာမှဝတ်မထားသလို ပါးလွှာသည့်ကူးရဲ့ညဝတ်အင်္ကျီက ကြည့်ရဲဖွယ်မရှိ။ ဂျန်းမျက်လုံးတွေအေးစက်စက်ဖြစ်သွားကာ သော့ကိုကောက်လိုက်ပြီး မတ်မတ်ပြန်ရပ်၏။ ဒီတစ်ခါသူမနဲ့ မျက်နှာချင်းဆိုင်တည့်တည့်ရပ်လိုက်တာမို့ ကူးမျက်နှာလေးမှာ ပြုံးလဲ့လဲ့ညို့ရီသွားခဲ့ပြီး.. ၊

"ကိုလူ.."

မပွင့်တပွင့်ခေါ်ရင်း ရှက်သလိုမျက်နှာလေးငုံ့ကျသွားသည်။ ပြီးတော့ ဆံပင်သပ်ရင်း လည်ပင်းပွတ်လိုက်နှင့်.. ၊

"ကိုလူတစ်ခုခုပြောချင်တာရှိလို့လား..ပြောလေ.."

"ရှိတယ်..မင်းအဲ့လိုဝတ်ထားတာ ငါလာမယ်မှန်းကြိုတွက်ထားလို့တော့ မဖြစ်နိုင်ဘူး.."

သိပ်ဖြစ်နိုင်တာပေါ့ကိုလူရယ်..။ ကြိုတွက်နေခဲ့တာက အချိန်တိုင်းပဲဆိုတော့ ရှင့်အသံကြားလိုက်တာနဲ့ ချက်ချင်းအကောင်အထည်ဖော်ခဲ့တာလေ။ ခုတော့ ရှင်ရင်ခုန်သွားပြီမို့လား.. ၊

စိတ်ထဲကနေ ရင်တွင်းစကားတွေဆိုနေပေမယ့် ကူးမျက်နှာလေးက မလိမ်ပိုးမလိမ္မာမျက်ဝန်းလေးတွေနှင့်.. ၊

"ဘာဖြစ်လို့လဲဟင်..ညအိပ်ခါနီးဝတ်ထားရင် ညအိပ်အင်္ကျီပဲပေါ့၊ ကူးဒီလိုပဲဝတ်နေကျပါ.."

ဂျန်းကခေါင်းညိတ်၍ သူမကိုယ်ကိုခြေဆုံးခေါင်းဆုံးစိုက်ကြည့်သည်။ ပြီးမှ.. ၊

"မင်းငါ့ကိုလျှော့တွက်နေတဲ့ပုံပဲ.."

"ဟင်..ဘာလို့လဲကိုလူ.."

"ငါကမိန်းမမမြင်ဘူးတဲ့ကောင်မဟုတ်ဘူး..ဆယ့်ခြောက်နှစ်သားတည်းက ကမ္ဘာပတ်လာတာ၊ ဒါပေမယ့် ငါ့လိုအပ်ချက်တိုင်းမှာ ဘယ်တုန်းကမှ မိန်းမမပါခဲ့ဘူး.."

ကူးမျက်နှာလေးပျက်သွားတော့ ဂျန်းကမဲ့ကာ.. ၊

"မင်းငါ့ဆီက ဘာလိုချင်နေတာလဲ.."



"ကူးကိုအဲ့လိုမပြောပါနဲ့.."

"ဘယ်လိုပြောစေချင်သလဲ..ပြော.."

"ကိုလူကလူရာသွင်းမဆက်ဆံခဲ့ပေမယ့် ကူးကကိုလူ့ကို ကိုယ့်ယောကျ်ားလို့ပဲ သတ်မှတ်ခဲ့တာ.."

"အဲ့ဒါကြောင့်ဒီလိုဝတ်ပြီး ကြိုးစားတာလား.."

ကူးမျက်နှာလေးက မထူးစိတ်ပိုက်လိုက်သလို ခပ်ရဲရဲတင်းတင်းလေးဖြစ်သွားခဲ့လျက်.. ၊

"ဟုတ်တယ်ဆိုရင်တောင် မိန်းကလေးတစ်ယောက်က ခြေလှမ်းစနေတာ ကိုလူဘယ်လောက်ထိစိမ်းကားနေဦးမှာလဲ.."

မေးရင်း ရှေ့ကိုတိုးလာကာ ဂျန်းရဲ့အတွင်းခံအင်္ကျီမပါသည့်ရင်အုံပြန့်ပြန့်မှာ လက်ဖဝါးလေးတွေထိကပ်၍.. ၊

"ကိုလူ့အတွက်ဆိုရင် ဘယ်လိုသဘာဝမကျတဲ့လုပ်ရပ်ကိုဖြစ်ဖြစ် ကူးလက်ခံရဲတယ်..ကိုလူထားသလိုနေနိုင်တယ်၊ ပေးသလောက်နဲ့ကျေနပ်မယ်..အဲ့ဒါကိုလူ့ဆီက အကြင်နာကိုပြောတာပါ.."

ဂျန်းကခါးထောက်မဖြုတ်ဘဲ ငုံ့မိုးကြည့်နေသဖြင့် ကူးကသူ့ရင်ဘက်ကို ဖွဖွလေးပွတ်သပ်မော့ငေးရင်း.. ၊

"ဘာဖြစ်ဖြစ် ကိုလူနဲ့ပဲအတူနေရမယ်ဆိုရင်လေ.."

"တော်လောက်ပြီ.."

ဂျန်းက ကူးရဲ့လက်နှစ်ဖက်စလုံးကို သူ့လက်တစ်ဖက်နဲ့ဖယ်ထုတ်ပစ်လိုက်၏။ မျက်ဝန်းတို့သည် စူးရဲကျဉ်းမြောင်းနေခဲ့လျက်...

"မင်းကကိုယ်လိုချင်တာကို ပြောရဲတဲ့မိန်းမမျိုးပဲ..ဒါပေမယ့်ဒီ့ထက်ပိုပြောခွင့်မပေးနိုင်ဘူး.."

ဂျန်းကကူးရဲ့လက်တစ်ဖက်ကို ဆုပ်ကိုင်ကာ အခန်းပြင်ထိဆွဲထုတ်လာခဲ့ပြီး.. ၊

"သွားလိုက်တော့.."

တွန်းထုတ်လိုက်သဖြင့် ကူးပြိုလဲမတတ်ယိမ်းထိုးသွားလျက်..

"ကိုလူအရမ်းကိုရက်စက်လွန်းတယ်သိလား..ကူးကအဲ့လိုဆက်ဆံခံရမယ့် မိန်းမမဟုတ်ဘူး.."

"ဒါဆိုဘာလုပ်မလဲ..မင်းအကြံမအောင်မြင်ဘူးဆိုတော့ ဘယ်

www.burmeseclassic.com

www.burmeseclassic.com



လိုလှည့်ပြောမလဲပြောကြည့်.."

"ရှင့်ကိုယောက်ျားမှဟုတ်ရဲ့လားလို့ပဲ မေးချင်တာပါ.."

"ဟား ဟား ဟား ဟား..."

ဂျန်းက ကူးရဲ့လက်နဲ့ထိကပ်ခဲ့သည့်ရင်ဘက်ကို ဂျက်ကက် ပွတ်သုတ်နေရင်း ရယ်ကာ.. ၊

"ငါယောက်ျားဟုတ်သလား မဟုတ်ဘူးလားသိချင်တာလော နဲ့ မင်းဒီလိုဖြားယောင်းနေရတာလား..ဟား ဟား ဟား ရယ် တော့ မကောင်းဘူးကွ.."

ဆိုပြီး သူပဲရယ်နေကာ မျက်နှာပြင်က သွေးအေးရက်စက် အသွင်ပြောင်းနေခဲ့လျက်.. ၊

"မိန်းမတစ်ယောက်ကိုငါမသနားတတ်ဘူး..ဒါပေမယ့် ငါ့ဂု သိက္ခာအတွက် ဒီကိစ္စကိုမေ့လိုက်မယ်၊ ငါနဲ့ပတ်သက်မှုရှိနေချင် တယ်ဆိုရင် ရွံစရာတွေထပ်မလုပ်နဲ့.."

"ကိုလူပုံကြီးချဲ့ပြောနေတာအဲ့ဒါ..ကူးနဲ့ကိုလူကလင်မယား

"ဟိတ်..မင်းပါးစပ်မပိတ်ဘူးလား.."

ကူးအသံလေးပျောက်သွားသည်။ ထိုစဉ်မလှမ်းမကမ်းမှာ လာသည့်မျက်နှာတွေကြောင့် ကူးနှုတ်ခမ်းလေးကိုက်ထားမိသ ဂျန်းကရှေ့ကိုတိုးလာရင်း သူမကိုစိုက်ကြည့်၍.. ၊

"ဒီမှာဆက်နေချင်သေးရင် ငါကိုယ်တိုင်ခြံပြင်ဆွဲထုတ်ရ ထိ မဖြစ်စေနဲ့..ဒီအခန်းဖြစ်စေ ငါရှိနေတဲ့အခန်းထဲဘယ်နေရာ ဖြစ် ရှေ့ကတောင်ဖြတ်မလျှောက်နဲ့.."

ဂျန်းက ကူးနဲ့မျက်နှာချင်းနီးအောင်ငုံ့ကာ အံကြိတ်သံတိုး နှင့်.. ၊

"နောက်ထပ်ဒီလိုအဝတ်တွေ ဝတ်ထားတာမြင်ရင် ငါ့အိမ် တဲ့ယောက်ျားတွေရှေ့မှာ မင်းကိုကခိုင်းမယ်.."

"ဘာ.."

"ကူလီကူမာမိန်းမညာဏ်တွေနဲ့ ငါ့ကိုလာမစမ်းနဲ့..အဲ့ဒါမျိုး မိန်းမပျက်ထက်ရွံတယ်.."



အခန်း(၃၅)

"ဟင်..ဖေကြီးပြောတာ တကယ်လားဟင်၊ အဲ့လိုဖြစ်အောင် ဖေ ကြီး.."

"ဖေကြီးရည်ရွယ်ခဲ့တယ်..ဒါပေမယ့် တကယ်လုပ်ဖို့မဟုတ်ပါ ဘူး၊ ဒါပေမယ့် ဖြစ်သွားပြီ.."

ရိုးစိုးရိမ်တကြီးဖြစ်သွားခဲ့တာ ဘာကြောင့်မှန်းမသိ။ မနေ့ညက ကူးနဲ့ဂျန်းနဲ့ပြဿနာတက်ခဲ့တာ။ ဒီတစ်နေ့ကုန်လည်း ဖေကြီးဆီ ရောက်ဘူးလို့ပြောသည်။ ဒါဆို ဒီပြဿနာကိုအစဖော်ဖို့ ကူးအစော င်းတည်းက ကြိုးပမ်းနေခဲ့တာလား.. ၊

"ဂျူကြီးမင်းနဲ့ပတ်သက်သမျှသတင်းတွေကို သမီးခြံစိုက်ခဲ့တဲ့ ကစ္စာသားတစ်ယောက်ကနေ အစရခဲ့တာ..အဲ့ဒါကို စိတ်ဝင်စား သတင်းနောက်လိုက်ဖို့ ကိုချန့်ကိုဖေကြီးတာဝန်ပေးခဲ့တာ.."

ရသမျှသတင်းတွေကို ဦးချန်ကမက်ဆေ့ချ်နဲ့ရော အသံမက် ဆေ့ချ်တွေနဲ့ပါ စုံအောင်ပို့ထားခဲ့သည်။ ဒါတွေကိုဦးချန်မူးလဲမတတ် မ်းဘေးမှာ အဖြစ်ဆိုးနေတာကိုမြင်ပြီး ကူးကဦးချန်ကိုကားပေါ် ခေါ်တင်သွားရာက ဖုန်းကြောင့်ပဲသိသွားခဲ့တာဖြစ်၏။

ဦးချန်ကိုဆေးခန်းပြပြီး သူ့အလုပ်ထဲထိလိုက်ပို့ပေးရင်း ကား ပေါ်မှာဖုန်းကျန်ခဲ့တော့ အစကစေတနာတွေက ဝေဒနာတွေဖြစ်သွား ၏။

"ဖေကြီး ဒီကိစ္စတွေကို ကိုလူ့ကိုထုတ်မေးလိုက်ပြီလား.." ဆို းလာခဲ့၏။ ဦးသီလအောင် ကိုယ်ယောင်ဖျောက်နေခဲ့တာတောင် းက ရောက်အောင်လာခဲ့ပြီး.. ၊

www.burmeseclassic.com

www.burmeseclassic.com



"မမေးလောက်ဘူးဆိုတာ သိပါတယ်..မေးလိုက်ရင်လူကြီးမင်းက ရှက်ရမ်းရမ်းမယ်၊ အဲ့လိုဆိုရင် ဖေကြီးသမီးလေးထိခိုက်မှာလေ-ဟွန်း.."

ဦးသီလာအောင်စဉ်းစားနေတာကို ရိုးမကြားနိုင်သော်လည်း စကားသံတို့၏ တုန်ခါနှုန်းကြောင့် အထူးစိတ်မကောင်းဖြစ်နေပြီဆိုတာ ခန့်မှန်းလိုက်မိသည်။

"စိတ်မဆင်းရဲပါနဲ့ဖေကြီးရယ်.."

သူမကိုယ်တိုင်စိတ်လှုပ်ရှား ပူပန်သွားခဲ့ပေမယ့် မိဘကိုတော့ စိတ်မဆင်းရဲစေချင်.. ၊

"အမှန်တရားကရှိပြီးသားပါ..ခုလိုမဟုတ်ရင်လည်း တစ်နေ့နေ့မှာတော့ တစ်နည်းနည်းနဲ့တော့သိသွားကြမှာပဲ.."

"ညည်းရော..အိမ်ထောင်ရေးအဆင်ပြေရဲ့လား.."

ရိုး ဘာဖြေရမှန်းမသိ။ ဖုန်းကိုင်ရင်းအပြေးအလွှားစဉ်းစားမိပေမယ့် သူမတို့အိမ်ထောင်ရေးတွေဖြစ်လာခဲ့ပုံကိုက ဖေကြီးစီစဉ်ပေးခဲ့တာမို့ ထိန်ချန်ဖို့မလိုဘူးထင်၏။

"ရိုးအတွက်ဖေကြီးစိတ်မပူပါနဲ့..ရိုးနဲ့သူက လက်ထပ်ထားတာ မိန်းမတစ်ယောက်အနေနဲ့ဖြစ်ဖြစ် သူ့ဇနီးအနေနဲ့ဖြစ်ဖြစ် ဒီအိမ်ထောင်ရေးကို မပျက်စီးအောင်အတတ်နိုင်ဆုံးကြိုးစားမှာပါ..သူ့စိတ်ကူးနဲ့ဘယ်လိုပဲ ပုံဖော်ခဲ့ပါစေ..ရိုးကမိန်းမသား.."

"ဒါပေမယ့်သမီးရယ်..ဒီကောင်ကလူကောင်းမဟုတ်ဘူး၊ ဖေကြီးလည်း လူကောင်းမဟုတ်ပေမယ့် သူ့ကိုတော့မမီဘူး..ညည်းတို့ကို ရည်ရွယ်ချက်ရှိရှိနဲ့ တမင်အရယူခဲ့မှန်းသိပြီးတည်းက ဖေကြီးဘယ်လိုမှ မငြိမ်းချမ်းနိုင်ဘူး.."

ဒါတောင်ဦးသီလအောင်သိခဲ့သည့် ဂျန်းရဲ့ငယ်ဘဝမှာ ရိုးနဲ့ ပတ်သက်ထိစပ်ခဲ့ဖူးသည့်အပိုင်းတွေကို ဘာမှမသိခဲ့.. ၊

"ဒီကောင်လုပ်တဲ့ပုံက ရန်ငြိုးတစ်ခုခုနဲ့ကြံစည်နေသလိုပဲ.."

ဟုဆက်ပြောတော့ ရိုးရင်မောသွားမိသည်။ ဒါဆို ဂျန်းဒီလိုလုတွေအပေါ် အမြင်ဖောက်ထိုးနဲ့ကြီးပြင်းလာခဲ့တာ သူမနဲ့ပတ်သက်...နေသလား..။ ဖေကြီးနဲ့ပတ်သက်ခဲ့တာ မမရှမ်းတို့ကိုသိမ်းပိုက်ခဲ့တာ...



...ကရော သူမတို့ကိုယ့်ကြောင့်ကံဆိုးခဲ့ကြတာလား.. ၊

မိန်းမတစ်ယောက်ကို တာဝန်ယူထားသည်ဆိုတည်းက ဒီမိန်းမ...ယောကျ်ားကင်းရှင်းပါသည်လို့ ဘယ်သူကယုံမှာလဲ.. ၊ ယုံသည်...စေ မယုံသည်ဖြစ်စေ မိန်းမသားဘက်မှာဘယ်လိုဂုဏ်သိက္ခာ...နဲ့ ဆက်လက်ရှင်သန်မလဲ.. ၊

လူကြီးမင်းဆိုတဲ့ယောကျ်ား တင့်တယ်ခန့်ညားနေသည်မို့ အ...ဆိုးနဲ့သိမ်းပိုက်ခံရတာတောင် ကူးနဲ့မေရှမ်းတို့က ကျေနပ်ခဲ့ကြ...သည်။ ခုကျတော့လည်း ဒါတွေကကျေနပ်ဖွယ်မရှိခဲ့ပြန်။ ဒါတွေ...လုံးသည်တရားခံတစ်ဦးတည်းကြောင့် ပြန့်ပွားဆိုးရွားခဲ့သည်ဆို...ထိုတရားခံက သူမသာ.. ၊

"ဂျန်း..အဲ လူကြီးမင်းမှာ ဘယ်လိုအကြံအစည်တွေပဲရှိနေနေ ...ကြီးမြင်နေရတဲ့အခြေအနေထက် ပိုဆိုးရွားတာတွေ သူထပ်လုပ်...မဟုတ်ပါဘူး.."

ဖုန်းထဲမှာ ဦးသီလအောင်ရဲ့သက်ပြင်းချသံကြီးကို ကြားလိုက်...သည်။ ပေါ့ပါးသွားသည့်သက်ပြင်းချပုံမျိုးတော့ မဟုတ်.. ၊

"ရိုးအထင်ပြောရရင် လူကြီးမင်းနဲ့ပတ်သက်တဲ့လို့ဂုက်ချက်...ခုခုကို သူယူထားပြီး လူကြီးမင်းနဲ့နီးစပ်အောင်ကြိုးစားဖို့ပဲနေ...ပါ.."

"ညည်းအစ်မကို အဲ့လောက်တောင်လျှော့မတွက်နဲ့သမီး..ကူး...လည်တယ်၊ ဦးဆောင်ချင်တယ်..လူကြီးမင်းနဲ့ပတ်သက်မိတဲ့အ...ကြောင်းကစပြီး အဲ့ဒီကောင်ဘယ်လောက်ချမ်းသာသလဲဆိုတာ ဘယ်...မှမခန့်မှန်းနိုင်ပေမယ့် သူကအမြဲတမ်းခန့်မှန်းတယ်..ဒါကိုသိရဖို့ ကြိုးစားတယ်.."

ဒါကတော့ သတင်းထူးပဲဖြစ်သည်။ ရိုးအံ့သြနေခဲ့၏။

"ဒါပေမယ့် ဖေကြီးတို့ဆီကလို့ဂုက်ချက်ကို သူရသွားတာတော့ ...င်မှတ်ဘဲနဲ့မို့လား..သူဘာမှမလုပ်လောက်ပါဘူး.."

"မလုပ်ရင်တော့ကောင်းတာပေါ့..သူ့အသိုင်းအဝိုင်းကလည်း ...ကောင်းတဲ့လူတွေကများတော့ စိုးရိမ်တယ်၊ ဖေကြီးလည်း လူကြီး...ကိုမလိုလားပါဘူး..ဒါပေမယ့် သမီးရဲ့ခင်ပွန်းဖြစ်လာတော့ မ

www.burmeseclassic.com

www.burmeseclassic.com



တော်ချင်လို့မရဘူးလေ၊ ကောင်းကျိုးဖြစ်လာတာပဲကောင်းပါတယ်လို့ အသိတရားရခဲ့တဲ့အချိန်မှာ ကူးကခုလိုထဖြစ်တာ.."

'ဖေကြီးသမီးအတွက်ဆို ဖေကြီးအားလုံးစွန့်လွှတ်နိုင်တယ်မို့လား..'လို့မေးခွန်းတွေထမေးပြီး ထွေငေါ့ခဲ့သည်။

"ငါကစွန့်လွှတ်တာမဟုတ်ဘူးကူး..ရိုးချည်းပဲစွန့်လွှတ်ခဲ့တာလည်းမဟုတ်ဘူး၊ ညည်းတို့သုံးယောက်စလုံးက ငါ့အတွက်နဲ့အရာအားလုံးကိုစွန့်လွှတ်အနစ်နာခံခဲ့ကြတာ..အဲ့ဒါကြောင့် ညည်းတို့သုံးယောက်စလုံးက.."

"ဖေကြီးသမီးပဲမဟေသီဖြစ်ခဲ့တာ.."လို့ သူ့စကားကိုဖြတ်ပြောသည်။ ဘယ်တုန်းကမှ ကိုယ့်စကားကိုလွန်ကျူးပြီး ပြန်ခံမပြောရဲခဲ့သည့်သမီးတွေက ကျားအိုတော့မလေးဆိုသည့်စကားအတိုင်း မိဘရဲ့ကျဆင်းမှုများစွာအပေါ် မရှိသေမလေးစားမှုနဲ့ ပစ်ပေါက်စော်ကားလာခဲ့သည်။ ဒါမှမဟုတ် ဗီဇစိတ်တွေပေါ်လာသည်လို့ ပြောရမလား.. ၊

"ဖေကြီးစိုးရိမ်တာက သူ့ရဲ့လိုအင်တစ်ခုအတွက်နဲ့ ဘယ်သူ့မှာမှအကျိုးမရှိတဲ့ကိစ္စတွေ ထလုပ်လိုက်မှာကိုပဲ..လူကြီးမင်းကသည်းခံတတ်တဲ့လူမဟုတ်ဘူး၊ မနိုင်ဘဲနဲ့သွားစရင် သူ့ကိုတင်မကဘူး..ညည်းနဲ့မေရှမ်းပါ ဒုက္ခရောက်ကြမှာ.."

ထို့ပြင် ဒီကောင်လေးမီးရှို့လူသတ်ခဲ့သည့်အဖြစ်တွေ ဖြစ်ပွားခဲ့စဉ်ကို ပြန်တွက်ကြည့်လျှင် လူကြီးမင်းသည် ရိုးထက်တောင်အသက်ငယ်နေသေးသည်။ ပြီးတော့ မိဘမဲ့အသိုင်းအဝိုင်းမဲ့ဘဝနှင့် ဒီအခြေအနေရောက်အောင် ကြိုးစားလာခဲ့တာ ငွေရဖို့အတွက်ကောင်းမှုမကောင်းမှု ဘာဖြစ်ဖြစ်မတွန့်မရွံ့လုပ်ခဲ့တဲ့သူ.. ၊

ကူးအတွက်ကတော့ လူကြီးမင်းကသူမနဲ့လိုက်ဖက်ဆုံးသူလို့ထင်မှာဖြစ်၏။

"သမီး.."

"ဟုတ်..သမီးနားထောင်နေတယ်ဖေကြီး.."

"လူမိုက်လောက်သေဘေးနီးတာမရှိဘူး..သူ့ကိုသတ်ချင်ဖြတ်ချင်တဲ့လူတွေလည်း လူတစ်ရာမှာရှစ်ဆယ်လောက်ရှိနေမှာ အဲ့ဒီတော့



သူ့ကိုငါတို့မစိုးရိမ်ရင်တောင် ညည်းကသူ့ဇနီးဖြစ်နေတဲ့အတွက် သူ့ကြောင့် ညည်းမှာအန္တရာယ်ရှိလာလိမ့်မယ်.."

"ဟုတ်ကဲ့ပါ..ဖေကြီးလည်းကျန်းမာရေး.."

"စိတ်မရှည်တော့ဘူးအဲ့လောက်ထိ.."

စကားသံနှင့်အတူ ဂျန်းကသူမနောက်မှာ ထရပ်လိုက်သဖြင့် ရိုးဖုန်းချရင်း တအံ့တဩလှည့်ကြည့်မိ၏။ ကိုယ့်နောက်ကခုံတန်းမှာလာထိုင်နေတာတောင် သတိမထားမိခဲ့.. ၊

"မင်းဘယ်တုန်းကရောက်နေတာလဲ.."

"ခင်ဗျားပြောနေတာတွေ အကုန်ကြားတယ်.."

"အဲ့ဒါရိုင်းပျတဲ့အပြုအမူတွေ.."

"ကျုပ်ကလူကြမ်း.."

"လူကြီးမင်းအနေနဲ့တော့ မင်းခန့်ညားသင့်တယ်.."

"ကျုပ်အတွက်ကျုပ်ပဲ..ဘယ်သူ့အတွက်ဘယ်လိုနေထိုင်ပြောဆိုမယ်ဆိုတာ မရှိဘူး၊ ခင်ဗျားရဲ့တကူးနွေဘယ်လိုမိန်းမဖြစ်နေနေ ဘာတွေကြံကြံ ကျုပ်ဂရုမစိုက်ဘူး.."

ရိုးကသူ့ဘက်ကို မျက်နှာချင်းဆိုင်လှည့်လိုက်ရင်း သူအားလုံးကြားခဲ့တာကို တွေးမိကာ.. ၊

"လူစွမ်းကောင်းတော်တော်များများက လူယုံသတ်လို့သေကြတာပဲ..မင်းကိုလူစွမ်းကောင်းကြီးလို့တော့ မထင်ပါဘူး..ဒါပေမယ့်လူတစ်ယောက်မှာအသက်ထက်အရေးကြီးတာတွေ ရှိတယ်.."

"ကျုပ်မှာမရှိဘူး.."

"သိပ်ရှိတာပေါ့..ရှိလို့ပဲ ငါမင်းအဖေအကြောင်းစလိုက်တာနဲ့မင်းဘာဖြစ်သွားလဲ.."

ဂျန်းမျက်နှာတင်းသွားသည်။ ရိုးကမျက်နှာလွှဲလိုက်ရင်း ခုံတန်းလေးမှာ ဝင်ထိုင်လိုက်ပြီး.. ၊

"မမကူးက ကလေးဆန်တယ်.."

"မတန်မရာနှိုင်းမနေစမ်းပါနဲ့.."

"အေး..သူကမင်းကိုအချိန်မရွေး.."

"ဒေါ်ကြာနွယ်ရိုး.."

www.burmeseclassic.com

www.burmeseclassic.com



ဂျန်းထံမှစိတ်မရှည်ခြင်းသည် ဤကဲ့သို့ စက္ကန့်အနည်းငယ်အတွင်းမှာပဲ မြန်မြန်ဆန်ဆန်ပျောက်ဆုံးသွားတတ်ပြီး.. ။

"ကျုပ်ကခင်ဗျားဆီက ဩဝါဒခံယူဖို့ဖုန်းပြောပြီးအောင် လာစောင့်နေတာမဟုတ်ဘူး.."

"သူများပြောနေတာတွေကို သေချာထိုင်နားထောင်နေတာတော့ သေချာတယ်မို့လား.."

ဂျန်းမျက်နှာပြုံးရိပ်တစ်ချက်ထင်၏။ ရီးကမျက်စောင်းထိုးလိုက်ပြီး မဲ့သည်။ ထိုမျက်နှာလေးကြောင့် ဂျန်းစိတ်တွေဘယ်လိုရွှမ်းပြ ကုန်သည်မသိ။ ရင်ထဲမှာ သိမ့်သိမ့်ခါလျက် လက်ဖျားတွေပါကျ သလို ထုံသလို.. ။

ထိုအခါ သူမကိုကျောခိုင်း၍ လက်တို့သည်ဆံပင်တွေထဲမှ ရှေ့ကိုရောက်လိုက် နောက်ကိုသပ်လိုက်နှင့်။ ပြီးမှ တင်းနေသည့်မျက်နှာနှင့် ဖျတ်ခနဲပြန်လှည့်ကာ.. ။

"ဒီညဒင်နာလုပ်မယ်.."

"ဘယ်မှာလဲ.."

"အိမ်ထဲမှာပဲ.."

"အိမ်မှာ.."

"ဟုတ်တယ်.."

တကယ်တော့ မဖြစ်မနေတောင်းဆိုနေသည့်လုပ်ငန်းပါတနာ တစ်ဦးကြောင့်ဆိုတာ ထည့်မပြောဖြစ်ခဲ့။ အားလုံးက သူ့လက်ထပ် ထားသည့်အဖြစ်ကို အံ့ဩနေကြသည်။ ထို့ကြောင့် ရီးကိုတွေ့ချင်ကြ သဖြင့် လက်ထပ်ပွဲတက်သည့် အထိမ်းအမှတ်မျိုးနဲ့ပဲ ပွဲလုပ်ပေး တောင်းဆိုခဲ့တာဖြစ်သည်။

သူ့ဘက်ကငြင်းလို့ရပေမယ့် ဒီပွဲကိုလက်ခံဖို့သူ့ကိုယ်တိုင် ခေါင်းညိတ်ခဲ့တာဖြစ်သည်။ ရီးက ဘာမှထပ်မမေးဘဲ ဖုန်းထဲကနာရီကိုငုံ့ကြည့်ပြီး... ။

"ခုပဲဆယ်နာရီထိုးနေပြီ..ဒီနေ့လုပ်မယ့်ကိစ္စကို မနေ့တည်းက ကြိုပြောပါလား၊ လူကဘယ်နှစ်ယောက်ဖိတ်မှာလဲ.."

"ရှစ်ယောက်စာနှစ်ဝိုင်း.."



"ဆယ့်ခြောက်ယောက်တောင်.."

ရီးမျက်လုံးအဝိုင်းသားနှင့် ပြန်မေးကာ.. ။

"အဲ့ဒါကိုငါက.."

"ခင်ဗျားကိုချက်ပြုတ်ဖို့ ခိုင်းနေတာမဟုတ်ဘူး..အားလုံးဟိုဘယ်လ်ကမှာပြီးသား.."

"ဟင်.."

"အိမ်မှာပြင်ဆင်ပေးထားဖို့ပြောတာ.."

ဂျန်းကသူမကိုရက်ရက်စက်စက်ကလဲ့စားချေတတ်ပေမယ့် ဒီလို ဘယ်ရီရတွေမှာ နှိပ်စက်ကလူပြု၍ ခိုင်းစေတာမျိုးတစ်ခါမှ မလုပ်ခဲ့ဘူးပေ။ ဟိုအရင်က သူခံစားခဲ့ရသည့်အဖြစ်မျိုးတွေနဲ့ ထပ်တူပြုလုပ် ခံစားစေခြင်းက မိန်းမသားတစ်ယောက်အတွက် ခါးသီးလွန်းပေမယ့် သူဖြစ်စေချင်တာက ဒါပဲဖြစ်ကာ.. ။

"ဒေါ်ကြာနွယ်ရီး.."

ရီးငိုင်သွားတာကိုစိုက်ကြည့်ပြီး သူကခပ်မဲ့မဲ့ပြုံးကာ.. ။

"ဒီပွဲမှာခင်ဗျားကို တစ်ခုခုပညာပေးနိုင်တယ်လို့ မတွေးမိဘူးသား.."

ပြောပြီး သူ့စကားသူသဘောကျသွားလျက်.. ။

"မေ့နေမှာစိုးလို့ သတိပေးတာ..ကျုပ်ကလူမကျန်းမာခဲ့တော့ စိတ်လည်းမအားခဲ့ဘဲ ခင်ဗျားအနားရနေတာကြာပြီ.."

"မင်းလိုလူနဲ့နေနေတာ ငါကအမေ့တလျှော့ရှိနေပါ့မလား.."

"ဟွန်း.."

"ငါဘယ်လိုခံစားရမလဲပဲတွေးနေတာ မဟုတ်ဘူးဂျန်း..မင်းကို ဘယ်လိုပြန်ပေးနိုင်မလဲဆိုတာလည်း ပါတယ်.."

"လုပ်လေ.."

"တစ်ချိန်ချိန်ပေါ့.."

ရီးကလှည့်ထွက်သွားလျှင် ဂျန်းကလည်းသူမနောက်ကနေပါ သွားကာ.. ။

"ညကျရင်ခင်ဗျားလက်မခံနိုင်ဆုံး တစ်စုံတစ်ရာကိုခါးသီးစွာ ခံစားရလိမ့်မယ်.."

www.burmeseclassic.com

www.burmeseclassic.com



ရှိုးခြေလှမ်းတုံ့သွားသည်။ ဂျန်းကသူမဘေးကို ရောက်လာ၏။ ဆက်လျှောက်သွားတော့ အတူတူယှဉ်လျှောက်နေသလိုဖြစ်သွားခဲ့ပြီး.. ။

"ဒီညနဲ့ဒီညစည့်ခံပွဲကိုလည်း ခင်ဗျားမှတ်မှတ်ထင်ထင်ဖြစ်သွားလိမ့်မယ်.."

သူ့မျက်နှာကို ရှိုးဆတ်ခနဲမော့ကြည့်လိုက်ရင်း ခြေလှမ်းရပ်သွားခဲ့သည်။ ပြီးတော့.. ။

"စိုက်ထုတ်မှုတိုင်းမှာ တူညီတဲ့ပေးဆပ်မှုတွေရှိတယ်ဆိုတာ မင်းသေချာနားမလည်သေးလို့ပါ..အခု ငါပြောတာလည်း မင်းနားလည်မှာမဟုတ်ဘူး၊ နာကျင်မှုချင်းတူရင်တောင် ကိုယ့်လက်နက်နဲ့ကိုယ်ကို ပြန်ထိတာကပိုခံရခက်တယ်.."

ပြုံးမဲ့မဲ့ဂျန်းရဲ့မျက်နှာမှာ အပြုံးတွေချည်းပျောက်ဆုံးသွားခဲ့၏။ ထိုအခါ သူ့မျက်နှာသည်ပြုံမလို ငိုမလိုညိုမှောင်နေခဲ့လျက်.. ။

တကယ်ဆို ဘာမှနားမလည်လိုက်ပေမယ့် သူမရဲ့စကားလုံးတွေနဲ့တင် ဒဏ်ရာအနာတရဖြစ်ကျန်ခဲ့လေသည်။

ဘယ်နေရာမှာဆိုတာ မသိ.. ။

အခန်း(၃၆)

"ကျွန်မအတွက်ဘာကြေးမှမလိုဘူး..ဒီကိစ္စတစ်ခုလုံးက ကျွန်မဘယ်တုန်းကမှ ဘယ်တော့မှမသက်ဆိုင်ဘူးဆိုတဲ့ အဖြစ်တစ်ခုပဲ ...ချင်တယ်.."

ပြတင်းပေါက်ကနေ သူမမခွာနိုင်သေးပေ။ ရှိုးနဲ့လူကြီးမင်းအတူယှဉ်တွဲပြီး အိမ်ထဲဝင်သွားတာကို မြင်လိုက်ရသည့်အချိန်မှာ မျှော်...ရည်ရွယ်ခဲ့သမျှ တဖြုတ်ဖြုတ်ကြေပျက်ပျောက်ဆုံးသွားခဲ့သည်။ ...ောက်ထပ်ဖြစ်တည်လာတာက ဆုံးဖြတ်ချက်အသစ်တစ်ရပ်သာဖြစ်...ပြီး.. ။

"လူကြီးမင်းဆိုတဲ့လူ ဘဝပျက်လောင်ကျွမ်းသွားတဲ့အထိဖြစ်...င်တယ်..ဒီအမှုကိုပြန်ဖော်ပြီး အဆိုးရွားဆုံးဖြစ်သွားဖို့ တာဝန်ယူ...ပ်ပေးပါ.."

လို့ချက်ချင်းဖုန်းကောက်ဆက်လိုက်ပြီး.. ။

"ဒီကေ့စ်နဲ့ပတ်သက်တဲ့ဒေတာတွေ ခုပဲကျွန်မပို့ပေးလိုက်မယ်.."

...တဲ့ကတိကို အတိအကျလုပ်ပေးလိုက်သည်။ ကိုယ်တိုင်ဆုံးဖြတ်...တွေနဲ့မရွံ့အကောင်အထည်ဖော်ပြီးမှ ဖုန်းကိုစိုက်ကြည့်ပြီး မဲ့ပစ်...က်သည်။ ရက်စက်ဟန်တွေပြနေပေမယ့် ကြာနွယ်ရှိုးကိုရှင်ဘယ်...သဘောထားနေတယ်ဆိုတာ ကျွန်မနားလည်သွားပြီ.. ။

မိန်းမတွေအပေါ် ပထမဆုံးစွဲလမ်းမြတ်နိုးတတ်လာမယ့် ရှင့်ရဲ့...ုံးသားကိုကျွန်မပဲပိုင်ဆိုင်နိုင်ဖို့ အများကြီးမျှော်လင့်ခဲ့တာ။ ...လုံးသားကို လှုပ်နှိုးနိုင်မယ့်မိန်းမကလည်း ကျွန်မပဲဖြစ်ရမယ်လို့...ကြည်ခဲ့တာ.. ။

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ မဟုတ်ဘူးပဲ.. ။

လူကြီးမင်းက ကြာနွယ်ရိုးကိုမှလိုအပ်နေပါသည်လို့ မေရှမ်းကို သူမပြောခဲ့သည်။ ဒီလိုတွက်ပြီး မေရှမ်းလက်လျှော့သွားရင် တစ်ရှင်း ရှင်းသွားမည်လို့ တွက်ခဲ့၏။ တကယ်တော့ လူကြီးမင်းနဲ့ကြာနွယ် ရိုးရဲ့အနာဂတ်ကို သူမကိုယ်တိုင်နိမိတ်ရေးခဲ့တာပဲ.. ။

"ဟား ဟား ဟား.."

နာကျင်မှုတွေက ရယ်မောခြင်းဖြင့်ငိုစေခဲ့၏။ လူကြီးမင်းရဲ့ စံကို မျက်စိရှေ့မှာမြင်လိုက်ရတိုင်း ရင်ခုန်သည်။ စိတ်ကူးထဲမှာ လာခဲ့တိုင်း ကိုယ့်တစ်ယောက်တည်းစိတ်ကူးတွေယဉ်ပြီး အဆင့်တွေ ကျော်ခဲ့၏။ အရပ်ကခြောက်ပေထက်တော့မနိမ့်နိုင်။ ခပ်ပြေပြေရှ အံ့ကို အမြဲလိုလိုမြင်နေရတတ်သည်။ ဆံပင်စည်းထားတော့ မျက်နှ ထူထူနှင့် တင်းနေသည့်မျက်နှာခပ်ကြမ်းကြမ်းက ထူးခြားစွာ ဆောင်၏။

လူကြီးမင်းဆိုသူကို ပထမဆုံးမြင်လိုက်တည်းက စွဲလမ်းခု သွပ်ခဲ့ရတာ သူမပါ။ ဒီယောကျ်ားဒေါသတကြီးလှမ်းထွက်သွားတာ လည်း ကြည့်ကောင်းသည်။ ခနိုးခနဲ့ခပ်လှုပ်လှုပ်လျှောက်ဝင်လာရင် လည်း ရင်ခုန်သည်။

ညညဆိုသူနဲ့တစ်ညတာ အတူရှိချင်သည့်စွဲလမ်းစိတ်တွေနှ အိပ်မက်မက်ပါစေလို့ ဆုတောင်းခဲ့ရသည်။ ချစ်ရသူနဲ့အိပ်မက်မ ချင်ရင် ဘယ်လိုဆုတောင်းရသည်။ ဘယ်လိုလုပ်ရသည်ဆိုသော ကြာတွေလည်း စုံအောင်လုပ်ခဲ့ရတာအမော.. ။

ဒါပေမယ့် သူမမမောနိုင်မပမ်းနိုင်ကြိုးစားရင်း တောက်လျှော မျှော်လင့်လာခဲ့တာ ကြာနွယ်ရိုးပေါ်မလာခင်အထိ ဘယ်လိုစိုးရိမ် ပန်မှုမှ မဖြစ်ခဲ့။ ခုတော့ အားလုံးကအရည်ပျော်ပျောက်ရှခဲ့ပြီဖြစ်သ ဟိုအစက လူကြီးမင်းနဲ့လိုက်သွားတော့လို့ ဖေကြီးထိုးလွှတ်လို တာကို ကျေးဇူးတောင်တင်နေခဲ့သေးသည်။ ခုကျတော့ နာကျ စိတ်တို့နှင့် ဖျစ်ဖျစ်မြည်၏။

ကြာနွယ်ရိုးနဲ့လူကြီးမင်း.. ။

ဘယ်သူ့ကြောင့်ဖြစ်ဖြစ် ဘယ်တည်းကဖြစ်စေ ခုလည်းမ



ရ၊ နောက်လည်းမပေါင်းစေရ။ ဒေါသကြီးတတ်သည့်လူကြီးမင်းဆို တဲ့ယောကျ်ားကို အနာပေါ်တုတ်ကျအောင်လုပ်မည်။ ထောင်တန်းကျ တဲ့အထိ အမြစ်ကနေတူးလှန်ပြီး ဒုက္ခပေးမည်။ နှလုံးသားအတွက် နှလုံးသားပြန်မရရင်တောင် ကိုယ့်အတွက်မဟုတ်တဲ့နှလုံးသားကို ရင် ခုန်ခွင့်မပေးနိုင်.. ။

နာကျင်နေသည့်ကိုယ့်ရင်ဘက်ကို အမျိုးမျိုးသောနာကျည်းမှု တွေနဲ့ ဖြေဆေးထိုးရင်း ကျေကျေနပ်နပ်ပြုံးလိုက်သည်။ ပြီးတော့ ဒီဘက်လှည့်လိုက်လျှင် အခန်းတံခါးသည် ခပ်ဟဟပွင့်နေခဲ့လျက်..

"ရိုး.."

အခန်းတံခါးရှေ့မှာ ရိုးကရပ်နေ၏။ ကူးကမြင်သွားမှ တံခါးကို တွန်းဖွင့်ပြီးဝင်လာကာ.. ။

"မစားရတဲ့အမဲ သဲနဲ့ပက်တာယုတ်မာတဲ့လုပ်ရပ်ပါ..မမကူးလို မိန်းကလေးမျိုးက.."

"ဘယ်လိုမိန်းကလေးဖြစ်ဖြစ် ဆာလောင်တတ်တာပဲ.."

ကူးကဖြတ်ပြောပြီး ရှေ့တိုးလာသည်။ သူမသည်အနက်ရောင် ကိုယ်ကျပ်အင်္ကျီနှင့် အနီရောင်စကက်တိုအကျပ်ကို ဝတ်ထားကာ ရိုးကပန်းနုရောင်နှင့်အဖြူရောနေသော ဂါဝန်လက်ပြတ်ပွပွနှင့်။ ကူး က ရိုးတစ်ကိုယ်လုံးကို မလိုလားစွာခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး။

"နင်ကခုတစ်လောကျမှ ပန်းရောင်တွေဝတ်လှချေလား..ဒါ တောင် ပညာကုန်ထုတ်ရသေးပုံမပေါ်ဘူး.."

"မမကူးနဲ့တွေ့ရင် ဒါတွေပဲပြောနေရတာမကောင်းပါဘူး..ခုန မမကူးဖုန်းပြောနေတာ ရိုးအားလုံးနီးပါးကြားတယ်.."

"ဟုတ်လား..သွားပြောလိုက်လေ နင့်ယောကျ်ားကို၊ ငါသူ့အ ကြောင်း အူချေးအူမအကုန်သိထားပြီးပြီလို့.."

"မမကူးက လူမိုက်မငှားသေးဘူးဆိုရင်တော့ မမကူးသိထား တာတွေနဲ့ အပေးအယူတွေဖြစ်နိုင်တယ်..ဒါပေမယ့်.."

"တော်စမ်းကြာနွယ်ရိုး.."

ကူးကဒေါသတကြီး ရှေ့တိုးလာကာ.. ။

"ငါကသူများသနားသဖြင့် ပေးကမ်းစွန့်ကြဲစာကိုကောက်စား

www.burmeseclassic.com

www.burmeseclassic.com



မယ့်မိန်းမလား..သေချာကြည့်စမ်း.."

"ပေးတာကိုယူတာက သနားလို့ပေးတာဖြစ်ဖြစ် မပေးချင်ဘဲ ပေးတာဖြစ်ဖြစ် ဒါကရိုးရှင်းပါတယ်..စွန့်ကြဲစာလို့ထင်ရင်လည်း မစ ကူးမကောက်ဘဲနေလို့ရတာပဲ၊ သူများပါကောက်လို့မရအောင် တက် ဖိနင်းချေပစ်တာ အရမ်းလွန်တယ်.."

"လွန်တော့ ဘာကိုဂရုစိုက်ရမှာလဲ..ပိုရှင်းအောင်ပြောပေးလိုက် ဦးမယ်၊ သူများကောက်စားလို့မရအောင်မဟုတ်ဘူး..နင်ကောက်စား ခွင့်မရှိအောင် သီးသန့်စီစဉ်ထားတာ..ရှင်းပြီလား.."

ရိုးမျက်ဝန်းလေးတွေ အေးစက်သွားသည်။ ကူးကမဲ့ပြီး ပခုံးတွေ ပါတွန့်၍.. ၊

"မမကူးဘယ်သူနဲ့ဆက်သွယ်လိုက်တာလဲ..အဲ့ဒါပဲပြောစမ်းပါ.."

"ငါ့ကိုအရူးမှတ်နေလားကြာခွယ်ရိုး..ဟင် နင်လာမေးရင်ပြောဖို့ ငါကထိုင်စောင့်နေတာလား.."

မျက်နှာကိုပိုကပ်အောင်တိုးပြီးမှ မေးခွန်းတွေထုတ်၏။ မေးနေ ရင်း ဘာကိုသတိရသွားသည်မသိဘဲ ခေါင်းညိတ်လိုက်ကာ.. ၊

"အခွင့်အရေးတစ်ခုရှိတယ်.."

ဟုပြော၍ ရိုးကိုသွေးတိုးစမ်းသလို စိုက်ကြည့်လိုက်ပြီး.. ၊

"ဒီညဒင်နာမှာ ငါ့ကိုသူ့ဇနီးအဖြစ် လက်ချင်းချိတ်တက်ခွင့် အဲ..အဲ့လိုတော့ချိတ်မှာမဟုတ်ပါဘူး၊ နင်ရှောင်နေလိုက်ရင်ရပြီ..ဘယ် လိုလဲ အပေးအယူသဘောပေါ့.."

ရိုးရဲ့မျက်ဝန်းမှာ အံ့သြသော စိတ်ပျက်သောအကြည့်တွေဖြစ် လာခဲ့လျက်.. ၊

"မမကူးဘယ်လိုတွေ စဉ်းစားနေတာလဲ.."

"ငါ့ကိုပြန်မမေးစမ်းပါနဲ့..ဒီလျှို့ဝှက်ချက်တွေကို ငါသိမ်းမထား ခဲ့ပေမယ့် ဒါတွေဘယ်သူ့လက်ထဲရောက်သွားတယ်ဆိုတာသိရင် ရှောင်ပြေးချိန်တော့ ရသေးတာပေါ့..လူကြီးမင်းက နိုင်ငံရပ်ခြားဖြစ် ဖြစ် ရှောင်တိမ်းဇာတ်မြုပ်နေမယ်၊ နင်ကလည်း တချောင်ချောင်မှာ

ပြောနေရင်း လက်ပိုက်ရယ်ကာ.. ၊

"ဘာလဲ..နင်နဲ့မဆိုင်ဘူးထင်နေလို့လား၊ နင်ကသူ့ဇနီးလေ-



ဒါပေမယ့် နင်လည်းခုထိစည်းရိုးရေးကာလမှာပဲရှိသေးတယ်ဆိုတော့ သူ့အတွက်အရေးကြုံလာရင် နင့်ကိုပါခေါ်သွားဖို့ကမသေချာဘူးမို့ လား၊ ဒါကြောင့် နင်လည်းကိုယ့်နည်းကိုယ့်ဟန်နဲ့ ပုန်းနေရမှာပဲ..ငါ လိုချင်တာ ဒီတစ်ညတည်းပါ၊ မျှတပါတယ်.."

ရိုးကဖြည်းလေးစွာ ခေါင်းခါ၍ ကူးကိုသနားစရာသတ္တဝါလို ကြည့်နေလျက်.. ၊

"အဲ့ဒါတွေစိတ်ကူးပြီး မမကူးဖြေသာနေတယ်ဆိုရင်လည်း ဆက်ပြီး စိတ်ကူးယဉ်လိုက်ပေါ့..ဒီညဒင်နာမှာလည်း သူ့ဇနီးအနေနဲ့ ဖြစ်ဖြစ် တကူးနွေအဖြစ်ပဲနေနေ မမကူးအဆင်ပြေသလိုပေါ့၊ ဒါပေ မယ့် အဲ့ဒါမမကူးရဲ့အခွင့်အရေးပဲ..အပေးအယူမဟုတ်ဘူး.."

"ရိုး.."

ရိုးကနောက်ပြန်လှည့်လိုက်လျှင် ကူးကကမန်းကတန်းတားဆီး ကာ.. ၊

"နင်ဘာပြောသွားတာလဲ..ငါပြောတာကိုသဘောမတူဘူးလား.."

"မမကူးက ရိုးနဲ့ဇနီးမောင်နှံလုပ်ရမှာမှ မဟုတ်ဘဲ.."

"ငါပြောတာ နင်အဲ့ပွဲကိုမတက်ဖို့ပဲ.."

"တက်ချင်တက်မယ်..မတက်ချင်ရင် မတက်ဘူး၊ အကယ်၍ ရိုးမတက်ဖြစ်ခဲ့ရင်လည်း အဲ့ဒါကမမကူးနဲ့အပေးအယူလုပ်တာမ ဟုတ်တဲ့အတွက် မမကူးဆီကဘာမှပြန်ပေးဖို့မလိုဘူး.."

ဘာလဲ..။ ဒီလိုခပ်ကျောကျောပြောရဖို့အတွက်နဲ့ အခွင့်အရေး ကို ဆုံးရှုံးခံလိုက်တာလား.. ၊

ရိုးပြန်ထွက်သွားတော့ ကူးမချင့်မရဲအတွေးတွေနှင့် ကျန်ရစ်ခဲ့ ၏။ ကိုယ့်ဆီကဘာမှမပေးရဘူးဆိုရင်တော့ သူ့ဆီကလည်းကိုယ်လို ချင်တာ ရဖွယ်မမြင်။ နောက်ဆိုပို၍အဆင်မပြေဖြစ်လာဖွယ်တွေ ရှိ နေတာမို့ လူကြီးမင်းနဲ့သူမဒီလိုညမှာမှ ရွှေလက်တွဲခွင့်မရခဲ့ရင် မျှော် လင့်ဖို့မရှိတော့ပေ။

အကယ်၍ ဒီညသာရိုးပျောက်ကွယ်နေခဲ့ပါလျှင် ဧည့်သည်တွေ ရှေ့မှာ ဟန်ဆောင်ပြုံးနေရမည့်အဖြစ်ကြောင့် သူမလိုရာဆွဲခေါ်သွား နိုင်သည်။ ဘာတွေပြောနေနေ လူကြီးမင်းငြင်းပယ်မှာလည်းမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ငြင်းလို့လည်းမရသည့် သူမနဲ့လူကြီးမင်းရဲ့အခြေအနေကို ဒီညသေ
ချာချပြချင်၏။

တကယ်ဆိုဖြစ်သင့်တာက ကိုယ်သာသူရဲ့မဟေသီ.. ၊

## အခန်း(၃၇)

လူတွေစုံသလောက်ရှိနေပြီ။ ရိုးကိုသူခုထိ မတွေ့သေး..။

သူမဘာလုပ်နေတာလဲ..။ ဒီညဒင်နာက သူနဲ့သူမရဲ့လက်ထပ် ငြင်းနဲ့သာ သက်ဆိုင်သည်ဆိုတာ မပြောလိုက်မိလို့ မဆိုင်သလိုနေ သလား.. ၊

"ဟိုမှာဧည့်သည်တွေလာတယ်လေကိုလူ.."

အနားရောက်လာသည့်ကူးကြောင့် စိတ်ရှုပ်နေတာက ပိုရှုပ် သွားသည်။ သူဝတ်ထားတာက လည်ကပ်ဆွယ်တာအဖြူနှင့် ကုတ် အကျီအနက် ဘောင်းဘီရှည်အနက်နှင့်. .၊

ကူးကလည်းဇာအနက်ကို မသင့်တော်သည့်နေရာလေးတွေမှာ အထူခံကာ လက်ရှည်ပေမယ့် လည်ပင်းဟိုက်တာက ပခုံးစွန်းထိ သည်၏။ ထို့ပြင်ခါးစပ်က ချက်ရဲ့အထက်မှာပဲ အဆုံးသတ်ကာ ဘောက်စကက်အကျပ်နှင့် အကျီခါးစပ်က လက်သုံးလုံးလောက် နေသည်။

ထို့ကြောင့် သူမရဲ့ချက်မှ ၊သီထားသည့် လခြမ်းပုံစိန်ကွင်းက နေသည့်ဗိုက်သားမှာ တဖျတ်ဖျတ်ထင်နေလေသည်။ ပြီးတော့ ဘက်ခြေကျင်းဝတ်က ဖု(တ်)ချိန်း၊ ဘယ်ဘက်ကလက်စွပ်တွေနဲ့ လျက်ဟန်းချိန်းနှင့် ဆံပင်တစ်ဖက်တည်းသိမ်းထားသဖြင့် နား ဖက်တည်းမှာဆွဲထားသော နားဆွဲရှည်များမှစိန်တွေက သူမလှုပ် နေသမျှ မီးရောင်အောက်မှာပြိုးပြက်လက်နေတော့သည်။

သူမကိုငေးမောအံ့သြရင်း စုစုတို့ခဏခဏ ခြေလှမ်းမှားကြ၏။ ယ်လ်က စားစရာနှင့်ဝန်ဆောင်မှုပါပါသောကြောင့် သူမတို့

www.burmeseclassic.com

www.burmeseclassic.com



အားလုံးက မနီးမဝေးမှာရပ်ကြည့်နေရှာသာ.. ၊

"ဟဲ့..ဟိုမှာ ဧည့်သည်ကိုသူထွက်ကြိုနေတာ ကြည့်စမ်း.."

"ဟုတ်ပ..သူ့ဒွေးက ထိုင်ရာကမထနေနေတာကို၊ သူလည်း

ကိုယ့်ဘာသာနေပါလား.."

"အယ်..ကြားလား၊ သူကပဲ သူ့ဒွေးရဲ့မိန်းမလိုလို ပြောလိုက်တာ

ကြားလား.."

"အေးနော်..ဟုတ်လောက်တယ်၊ ငါမကြားလိုက်ဘူး..မျက်နှာက

ချိုအီနေတာပဲဟယ်.."

"လှချက်ကတော့ နိုင်းလောက်ရှိတယ်.."

စုစု ကြည့်လို့တော့မရပေမယ့် လှနေတာကိုလည်း မချီးကျူးဘဲ

မနေနိုင်။ မိကြိုင်က ခေါင်းခါ၍.. ၊

"မမလာရင် သူကျန်ခဲ့မှာပါ..မမကိုတော့ လုံးဝမီမှာမဟုတ်

ဘူး.."

မိန်းကလေးတွေက အလှချင်းပြိုင်၍ ရှိုးကိုမျှော်နေကြပေမယ့်

ဂျန်းရဲ့စိတ်က ကူးဆီမှာလည်းမရှိ။ ဒီပွဲကိုလည်း စိတ်မဝင်စား

စကားပြောနေရင်း မျက်လုံးကအပေါ်ထပ်ကို မကြာခဏရောက်နေ

၏။

သူမရောင်ပြေးနေတာလား..။ ပြောတုန်းကတော့ ရောင်တိမ်း

မယ့်ပုံလုံးဝမရှိတာမို့ ခုလည်းသူမလာမှာပဲလို့ စိတ်ကထင်နေသည်

ဒါပေမယ့် ခုထိပေါ်မလာ.. ၊

"ကဲ..ဘယ်လိုလဲလူကြီးမင်း၊ စားသောက်ပွဲလည်းစနေပြီလေ

လေဗျာ..မိတ်ဆက်ပေးပါဦး.."

"ကျုပ်တို့ကတော့ သိပြီးပြီဗျ..ဧည့်သည်ကိုကိုယ့်လူက မခေါ်

ရွေပေမယ့် ဖော်ရွေတဲ့လူက ဝတ္တရားကျေတော့ ကိုယ့်ဘာသာတံခါး

ဝမှာတည်းက မိတ်ဆက်ခဲ့တာ.."

"ဟင်.."

"ဘယ်မှာလဲကိုဒွေး.."

တချို့က ရှိုးကိုမမြင်ဘူးပေမယ့် ကူးလို့လည်းမထင်ကြ

ဂျန်းရဲ့စိတ်နေစိတ်ထားအရ ဒီလိုပုံစံမျိုးကိုသဘောကျတတ်ခဲ့ရင်



ကြီးမင်းဆိုတဲ့နာမည်တောင် လူသိများခဲ့မှာမဟုတ်။ ကူးကထိုင်

ကြည့်နေချင်အောင်လှနေသည်။ ဒါပေမယ့် ပုံစံအရတော့ လူကြီးမင်း

ကလက်ထပ်ရလောက်အောင် မဟုတ်သေးပါဘူးလို့တွက်ကြတာမျိုး

သို့သော် ပြောတဲ့လူတွေကပြောနေသည်။ သူမကလည်း ချစ်စဖွယ်

မျက်ပြုံးလေးနှင့် ဝန်ခံနေ၏။

သူမကိုလှမ်းကြည့်သည့် လူကြီးမင်းကလည်းမငြင်း။ ဒါပေ

မယ့်စိမ်းသက်သည့်မျက်လုံးတွေအရ သူမကကြာနွယ်ရှိုးဆိုတာမဖြစ်

နိုင်ဟု တွက်မိကြပြန်သည်။ ထိုထဲမှာဂျန်းနဲ့ရင်းနှီးဆုံး လုပ်ငန်းတူကို

အောင်လေးကတော့ သိနေတာမို့.. ၊

"ကဲ..ကိုယ့်ဇနီးကိုခေါ်လေကိုလူရာ၊ ကြည့်ရတာမင်းရဲ့လေဒီက

ခေါ်စောင့်နေတာထင်တယ်ကွ.."

ဂျန်းရဲ့မျက်နှာပေါ်က အပြုံးကိုမြင်လိုက်တာနှင့် ကူးကအံ့တစ်

ချက်ကြိတ်လိုက်ရင်း.. ၊

"ခေါ်လည်းလာမှာမဟုတ်ဘူးကိုလူရဲ..သူကိုကပွဲမတက်ချင်တာ

ရှိရင်ဖြစ်ပါတယ်၊ သူမလိုဘူးတဲ့.."

ဟင်.. ၊

သူမမဟုတ်မှန်းသိသွားကြပြီး နောက်ထပ်တစ်ယောက်ကို အာ

ရုံစိုက်နေကြကာမှ ဒီစကားကြောင့်မျက်နှာတွေ သူမဆီပြန်လည်လာ

သည်။ သို့လောသို့လောတွေနှင့် ဂျန်းကိုကြည့်လိုက်၊ ကူးဆီ

ကြည့်လိုက်.. ၊

ဂျန်းက နေရာမှထရပ်လိုက်ကာ ကိုင်ထားသည့်ဖန်ခွက်ကို ပြန်

ချသည်။ ပြီးမှ.. ၊

"မဖြစ်ဘူး..ကျွန်တော်ပဲသွားခေါ်လိုက်မယ်.."

"တွေ့လား.."

"အဲ့ဒါကိုများ အိုဗာအက်တင်တွေလုပ်နေတာ..ဒီလူ.."

"ကဲပါ..သွားခေါ်ပါစေ၊ ဒီမှာစားစရာတွေကုန်တော့မယ်..ခုထိ

ပွဲပြေမရှိဘူး.."

တချို့က ဂျန်းပြောသည့်စကားမှာပဲ အာရုံစိုက်ကြကာ တချို့

ကတော့ ကူးကိုသနားသလိုကွက်ကြည့်ကွက်ကြည့်နှင့်။ ဒီပွဲမှာ စီး

www.burmeseclassic.com

www.burmeseclassic.com



ပွားရေးသမားတွေပါသလို အလွှာစုံလူစုံပဲဖြစ်သည်။ သို့သော် အ
လုံးတူညီသည့်တစ်ချက်က စုံတွဲလာတာတစ်ယောက်မှမရှိ.. ၊

"သွားမှတော့ လက်ဆွဲထွက်လာတာပဲမြင်ချင်တယ်ဗျာ.."

"ကိုလူရေ..ရယ်ကျဲကျဲမျက်နှာချိုလေးနဲ့ ပြန်ထွက်မလာနဲ့နော်.."

ဂျန်းကအားလုံးကို လက်ပြပြုံးနေလျက်.. ၊

"မပါလို့မဖြစ်ပါဘူး..ကျွန်တော့်ဒီပွဲကသူ့အတွက်ပဲ၊ သူရှိမှပြ
စုံမှာ.."

"ဖြောင်း ဖြောင်း ဖြောင်း.."

လက်ခုတ်သံတွေက သောင်းသောင်းဖြဖြထွက်ပေါ်လာ
ယောကျ်ားတချို့၏သနားကြင်နာစွာ မသိမသာကြည့်လာသည့်မျ
လုံးတွေကြောင့် ကူးခံခက်နာကျည်းသွားမိသည်။ ဒီမိန်းမနေရာဝင်
တာ မရရှာဘူးဆိုတဲ့မျက်လုံးတွေ.. ၊

ရက်စွဲ့နာကျင်မှုတွေက ဆင်ခြင်တုံတရားကို ကင်းမဲ့သွား
လျက် ကူးနေရာမှထကာ ဂျန်းနောက်ကနေ လိုက်သွားခဲ့၏။ သူ
ဂျန်းကိုလှေကားရင်းကျမှပြောဖို့ တမင်အချိန်စောင့်ပြီး လိုက်သွား
ဖြစ်သည်။ ဒါပေမယ့် ဧည့်ခန်းကနေအားလုံးက လှမ်းမြင်နေ
ကာ ပြောစကားတွေကိုမကြားကြသော်ငြား.. ၊

"ကူးကဒီတစ်ညပဲ အေးချမ်းချင်တာပါ.."

ရှေ့မှာပိတ်ရပ်လိုက်ပြီး ပြောပုံကဘာစကားလဲ.. ၊

အတော်အတန်မျိုချထားသည့်အရက်ရှိန်က သူမရဲ့စကား
ရော ပုံစံကပါအကျည်းတန်နေခဲ့၏။ ဂျန်းကမျက်မှောင်ကုတ်လ
သူမကိုစူးစိုက်ကြည့်ကာ.. ၊

"ဘာတွေလာပြောနေတာလဲ..ဒီညမင်းငြိမ်းချမ်းအောင် ဘယ်
ကလုပ်ပေးရမှာလဲ၊ သွား..ရေခဲတွေကန်ထဲပစ်ထည့်ပြီး ရေခ
လိုက်.."

"ကိုလူ.."

"ဟော့.."

ကူးကစိတ်လိုက်မာန်ပါ လက်ကိုလှမ်းဆွဲ၏။ ဂျန်းကအ
ခံဘဲ လွှဲရှောင်လိုက်ကာ သူမလက်ကိုပါ ပုတ်ထုတ်ပစ်၏။



"ရှေ့ကဖယ်စမ်း.."

"ဒီပွဲကိုရှင်ကူးနဲ့တွဲမတက်ဘူးဆိုရင် မနက်ဖြန်နောင်တတွေနဲ့
နင့်နေရလိမ့်မယ်.."

"ဘာ.."

"ရိုးကအဲ့ဒါသိလို့ ဆင်းမလာတာ.."

"ဘာပြောတယ်.."

ဂျန်းမျက်လုံးတွေ စူးစူးရဲရဲဖြစ်သွားသည်။

"သူနဲ့ကူးနဲ့အပေးအယူလုပ်ခဲ့လို့.."

ဘာတွေလဲ..။ စိတ်ကထောင်းခနဲဖြစ်သွားသည်။ မိန်းမတွေ
ဘာကိစ္စတွေနဲ့ ရှုပ်ထွေးနေကြတာလဲ..။ သူမသိရအောင် ဘယ်လို
ပြဿနာတွေလဲ.. ၊

"တောက်.."

ဒီတိုင်းပြန့်ကျနေသည့်ဆံပင်တွေကို တစ်ချက်သပ်ရင်း တက်
ခေါက်သည်။ ကူးကိုဘာတစ်ခွန်းမှမမေးတော့ဘဲ လှေကားပေါ်ပြေး
တက်လာခဲ့၏။ သို့သော် လှေကားတစ်ဝက်မရောက်မီ သူ့ခြေလှမ်း
တွေရပ်သွားခဲ့၏။

နုံ့သာရောင်ဆွဲသားကိုယ်ကျပ်လေးနှင့်ရိုးက ခြေဖျားပေါ်မှာ ပုံ
ကျနေသည့်ဂါဝန်စလေးကို တစ်ဖက်က'မ'၍ တစ်လှမ်းချင်းဆင်း
လာ၏။ ဂါဝန်သည်ခြေသလုံးလောက်ကျမှ ထီးလေးပိတ်ထားသ
လို အတွန့်ဖက်လေးတွေနှင့် ပုံကျသွားတာဖြစ်ကာ အကျီသားမပါ
သောရင်ဘက်နှင့် ပခုံးသားလေးတွေပေါ်မှာ ငွေရောင်ကြိုးမျှင်လေး
တွေ သွယ်တန်းရောယှက်ထားသဖြင့် မရိုင်းသည့်ပြင် နန်းဆန်နေ
သေးသည်။

ပြီးတော့ ဘယ်ဘက်ခါးစပ်ကနေ တင်သားလေးတွပေါ်မှာ
သည်း ငွေကြိုးလေးတွေ လှုပ်လွဲကျနေသေးသည်။ ရုတ်တရက်ကြည့်
လျှင်ဝတ်ထားသည့်နုံ့သာရောင်သည် အသားရောင်နဲ့ရောသော
ပျောက်ကွယ်နေလျက် ငွေကြိုးလေးတွေလက်နေတာပဲပေါ်လွင်နေ
၏။

သူမရဲ့ခြေအစုံနဲ့ဂါဝန်စလေးပေါ်လာတည်းက အားသောက်ပွဲ

www.burmeseclassic.com

www.burmeseclassic.com



ကအသံတွေတိတ်ကျသွားကြပြီး သူမနဲ့ဂျန်းတို့လှေကားတစ်ထစ်စာ အကွာမှာ ရပ်မိကြတော့ တမေ့တမောငေးကြည့်နေကြ၏။ ဂျန်းရဲ့ မျက်ခုံးတွေ ကုတ်ကျသွားလိုက် ပြေသွားလိုက်နှင့် မျက်ဝန်းတွေက စကားပြောနေသလို စူးရဲနေကြသည်။

သူမဆင်းလာသည့်ဘက်ကလက်ရမ်းကို သူ့လက်တင်လိုက်တော့ ရိုးကိုတားထားသလိုဖြစ်သွား၏။ ပြီးတော့ လက်ရမ်းဘက်ကို သူကပ်လိုက်ပြီး ကျွန်းညိုရောင်လေးလက်နေသည့်ရိုးရဲ့နှုတ်ခမ်းသား လေးတွေကို စူးစိုက်ကြည့်သည်။ ကော့နက်သည့်မျက်တောင်တို့က သူ့နေရာကကြည့်တော့ ယက်တောင်လေးဖြန့်ထားသလိုရှိကာ ပါးပြင်ပြေပြေလေးက မှုန်နံ့သာကြောင့်နှမ္မတ်နီမြန်းနေ၏။

ဂျန်းကလက်ရမ်းကိုကိုင်ထားလျက်နှင့် နောက်ထပ်လှေကား တစ်ထစ်တက်သည်။ ထိုအခါ ရိုးနေစရာမရှိတော့ဘဲ ခြေလှမ်းဘယ် လိုရွှေ့ရမှန်းမသိဖြစ်သွားပြီ.. ၊

"ဘယ်လိုလုပ်လိုက်တာလဲ..လိမ့်ကျ.."

"ခင်ဗျားနဲ့ကူးဘာတွေ ပေးယူထားတာလဲ.."

ရိုးနဲ့လှေကားခြေရင်းမှာရပ်နေသည့် ကူးနဲ့မျက်လုံးချင်းဆုံသွား သည်။ သို့သော် ဂျန်းကသူ့ကိုယ်နဲ့ပိတ်ကွယ်လိုက်ပြီး.. ၊

"အဲ့ဒီမိန်းမကို ကျုပ်မုန်းတယ်.."

"အဲ့ဒါတွေက ဘာမှ.."

ရှင်းပြမလို့ပေမယ့် ဂျန်းကရုတ်တရက်ခါးကိုဆွဲဖက်လိုက်သဖြင့် ရိုးလန့်ဖျန့်သွားသည်။ သူဆွဲ'မ'လိုက်တဲ့အတိုင်း ကိုယ်လေးကြွ သွားကာ လှေကားထစ်မှာခြေထောက်ကလွတ်မတတ်ဖြစ်သွား၏။ သူမထိတ်ထိတ်ပျာပျာရုန်းလိုက်မိလျှင် ဂျန်းရဲ့လက်တစ်ဖက်က ဖြန့် ချထားသည့်သူမရဲ့ဆံပင်တွေထဲ တိုးဝင်လာခဲ့ပြီး မျက်နှာလေးကို ဆွဲယူလိုက်၍.. ၊

"ဝိုး.."

"ဖြောင်း ဖြောင်း ဖြောင်း.."

"ဟော့..ဟော့ ဒါဆင်ဆာလုပ်စရာမလိုဘူး၊ ရအောင်ရိုက်.."

ထိကပ်ဆက်စပ်နေကြသည့်မျက်နှာနှစ်ခုကို ကူးသတိလက်



လွတ် မော့ငေးနေမိသည်။ အံ့သြခြင်းနာကျင်ခြင်းက လူကိုစက္ကန့်များ စွာ သေဆုံးသွားစေခဲ့လျက်.. ။

"လူယုတ်မာ.."

နှုတ်ခမ်းလှုပ်ရုံပေမယ့် ရင်ထဲမှာနာကျည်းမြည်ဟီးသွားခြင်းက ခဲ့တင်ထပ်၏။ ပြီးတော့ နောက်ကိုခြေတစ်လှမ်းဆုတ်သည်။ ဖ လက်ရှိတွေတဝင်းဝင်း။ ရယ်သံတွေ ခြေသံတွေဆူညံလျက် ခတ်ပုံ ရိုက်ကြ ဗီဒီယိုရိုက်ကြလူတွေရဲ့အထက်မှာ ဂျန်းသည်ရိုးရဲ့တစ်ကိုယ် လုံးကို ပွေ့ပိုက်၍ တပ်မက်မြတ်နိုးစွာ.. ၊

ကူးနှုတ်ခမ်းကိုဖိကိုက်လိုက်ရင်း လူတွေနဲ့ဝေးရာထိနောက်ပြန် ဆုတ်နေမိဆဲရှိကာ အားလုံးရဲ့နောက်ကိုရောက်လာကာမှ ချာခနဲ လှည့်ပြေးလာခဲ့သည်။

ညသည်ပို၍ပိန်းပိတ်အောင် မှောင်နေခဲ့လျက်။ သူမပြေးနေခဲ့ တာ လမ်းလား..။ သွေးလူးနေတဲ့နှလုံးသားတစ်ခုပေါ်မှာလား.. ၊

ကြာန္တယ်ရိုး..ဒီညအတွက် နင်သေချာပေးဆပ်ရမယ်ဆိုတာ မှတ်ထားစမ်းပါ။ နင့်ကိုဒုက္ခမပေးရဘဲနဲ့ ငါမပျောက်နေခဲ့မိရင် အ သဆိုးနဲ့သေရပါစေ.. ၊

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၃၈)

“အောင်မလေး ကျိန်တွယ်မနေစမ်းပါနဲ့..တော်ကြာ မစို့မပို့ ကြည့်ထားမိတာရှိရင် မိုးကြိုးပစ်ချခံရဦးမယ်..”

“တကယ်ပါဆိုမိကြိုင်ရယ်..ငါကခြေထောက်တွေကနေ အပေါ်ကိုကျူးပြီး ကြည့်ကိုမကြည့်ရဲတာ..”

“ခိ..ခိ ကျွန်မကတော့ လက်ကြဲကြီးနဲ့ကာထားပေမယ့် ကြည့်နေမိတယ်ထင်တာပဲ..ဟီး..”

ရှီးခြေလှမ်းတုံ့သွားသည်။ ကောင်မလေးတွေ ရေချိုးခန်းဘက်မှာ စုပြုံနေကြသည်။ အလုပ်လုပ်နေကြတာလား..။ ဒါတွေပြောကြဖို့ တမင်ချောင်ရှာပြီး စုရုံးနေကြတာလားမသိ.. ။

ညကအဖြစ်ကြောင့် အခန်းပြင်တောင်မထွက်ဘဲနေခဲ့တာပါ။ ထွက်လာသည်နှင့် နားထဲတန်းဝင်လာတာ ဒီအကြောင်း။ တခြားလူတွေ ရိုက်ယူကြတဲ့ ဗီဒီယိုတွေ ဓာတ်ပုံတွေရော ဘယ်ကနေဘယ်လိုထွက်ပေါ်လာကြဦးမည်မသိ.. ။

ရှီးနှုတ်ခမ်းလေး ကိုက်ထားမိကာ ထိုအပေါ်မှာကယောင်ကတန်း လက်ကာလိုက်မိလျက်.. ။

အလကားလူ.. ။

“သူဌေးကလည်း တောင့်တောင့်ဖြောင့်ဖြောင့်..ညတုန်းက တို့မမကလည်း အရုပ်လေးကျနေတာပဲ၊ ဒင်နာလာတဲ့လူတွေဆို အသည်းအသန်ရိုက်ယူကြတာနော်..ခစ် ခစ်..”

“တစ်မိနစ်ကျော်တယ်ဆိုလား..တစ်မိနစ်စာဆိုလား..”

“ဟင်..ဘာလဲ တစ်မိနစ်ကျော်ဆိုတာ..”



“နံပါ့မိကြိုင်ရယ်..ဟိ ဟိ..”

“ခစ် ခစ် ခစ်..”

“ဘာလဲလို့..ပြောစမ်းပါ..”

“ဒါလေးလေ..ဒါ ဒါ သူဌေးနဲ့မမနဲ့ တစ်ယောက်ကိုတစ်ယောက်ဖက်ထားပြီး အငှာပြုနေကြတာ အကြာကြီး..”

“ဟယ်..မဟုတ်ပါဘူး၊ မမကလေ့ကားပေါ်က ပြုတ်ကျမှာစိုးလို့ ဖက်ထားတာပါ..”

“အယ်..”

“ကြည့်စမ်းမိစု..ခုနကတော့ ခြေထောက်အထက်တောင် မော့ကြည့်ရဲလို့တဲ့..”

“အဲ..အဲ့ဒါက..”

“ခစ် ခစ် ခစ်..”

“မိစုရယ်..ရှေ့ကဖုံးနောက်ကပေါ်..”

ရယ်သံလေးတွေက ခိုးချောင်ခိုးဝှက်ပေမယ့် သုံးယောက်ဆိုတော့ ပတ်ဝန်းကျင်ထိပျံ့ထွက်နေတာ သူမတို့ကမသိ။ ရှီးမျက်နှာ ရေနွေးငွေ့ရိုက်ခံနေရသလိုဖြစ်လျက် စကားတွေကိုအလုံးစုံနားထောင်နေမိသည့်အဖြစ်က ရှေ့တိုးဖို့အင်အားမရှိတော့တာထင်သည်။

သူမဒီနေ့တစ်နေ့ကုန် အပြင်မထွက်တာမို့ ဘာရယ်မဟုတ်ဘဲ ထင်းလာမိတာဖြစ်သည်။ ခုတော့ ကိုယ့်အိမ်ထဲမှာတောင် ဒီလောက် အဆန်းအံ့ဖွယ်တွေဖြစ်နေခဲ့တာ အပြင်မှာသာဆိုလျှင်.. ။

တော်ပါပြီ.. ။

စိတ်ဒုံးဒုံးချ၍ နောက်ပြန်လှည့်လိုက်လျှင် သူမရှေ့မှာဂျန်းက နေလျက်.. ။

“ခင်ဗျားနဲ့ပြောစရာရှိတယ်..”

“ငါ့မှာမရှိဘူး..”

ရှီးကဘေးက ကွေ့ရှောင်လျှင် ဂျန်းကသူမခြေလှမ်းတဲ့အတိုင်း လိုက်ပိတ်၏။ ဘယ်ညာတိမ်းလိုက်တိုင်း လိုက်ပိတ်ထားသဖြင့် ရှီး ဇာတ်ဝန်းလေးတွေ ဒေါသနှင့်တန်းခနဲရောက်သွားကာ.. ။

“ဘယ်ပြောမှာလဲပြော..”

www.burmeseclassic.com

www.burmeseclassic.com



"ညတုန်းက.."

"ညကအကြောင်းပြန်ပြောရလောက်အောင် ဘာမှမရှိဘူး..ဒါ မလား.."

"ဟ..ဘယ်လိုဖြစ်နေတာလဲ.."

"ဘယ်လိုဖြစ်နေတာလဲဟုတ်လား..မင်းနဲ့ဘာမှမပြောချင်တာ လေ.."

"ကျုပ်ကလည်းပြောချင်လွန်းလို့ မဟုတ်ဘူး..လာကြတဲ့လူတွေ က ခင်ဗျားအတွက်လက်ဆောင်တွေထားသွားကြတယ်..ပြီးတော့"

"ဘာလက်ဆောင်မှမလိုဘူး..မင်းနဲ့ဒင်နာလာစားတဲ့လူတွေ ငါ့ကိုလက်ဆောင်ပေးရအောင်..ဘာလဲ.."

မေးမလို့ပြင်ပြီးမှ ပြောမထွက်ဘဲ ပါးပြင်လေးတွေရဲတက်သွား သည်။ သို့သော် တနုံ့နုံ့ဖြစ်ရသည့်ရှက်ဒေါသတို့ဖြင့်.. ।

"လူကိုမျောက်ပွဲလိုကြည့်လိုက်ရလို့ အကြွေစေ့ပစ်ထည့်သွား တာလား.."

ရိုးစိတ်တိုနေသည့်အကြောင်းကိုသိလိုက်ရကာ ဂျန်းမျက်နှာ ယောင်သမ်းသွားသည်။ ရိုးကစိုက်ကြည့်ကာ.. ।

"အဲ့လိုနည်းတွေနဲ့ နှိပ်စက်ဖို့တော့နောက်ထပ်မကြိုးစားနဲ့ဂျန်း မင်းကမိန်းတွေကို ရွံစရာလို့မြင်သလို ငါကလည်းအဲ့လိုခေါင်းစဉ် နဲ့ အခွင့်အရေးယူတဲ့ယောကျ်ားမျိုးကို မစင်ပုံလိုရွံတယ်.."

"ဘယ်သူကအခွင့်အရေးယူတာလဲ.."

"မင်းလေ.."

ဒေါသကြောင့် ဘယ်သူကြားကြားဂရုမစိုက်နိုင်။ မျက်နှာ တည့်တည့်ကြည့်ပြီး အော်ပစ်လိုက်မိကာ.. ।

"မင်း..မင်းပဲ.."

ပြောမည်ပြင်တော့ ပြောဖို့မထွက်ပြန်.. ।

လေကားပေါ်မှာလူကိုမလှုပ်သာအောင် သိုင်းချုပ်ဖက်ထား မရမကနမ်းသည်။ ရိုးအတင်းရုန်းနေတော့.. ।

"ခင်ဗျားကိုကျုပ်ဒုက္ခပေးမယ်လို့ပြောပြီးသားပဲ..ခင်ဗျားထွက်ပြေ မရဘူး၊ ထပ်ရုန်းနေရင် ပိုဆိုးသွားရုံပဲ.."



သူများတွေက ချစ်တင်းစကားတွေကပ်ပြောနေကြသည်ထင် သိမ့်မည်။ ကြာနွယ်ရိုးဆိုတဲ့မိန်းမက ရှက်ရွံ့ခြောက်ချားစွာငြိမ်သက် ငုံခံနေခဲ့သည်လို့ တွက်မည်။ ထို့ကြောင့် ရယ်မောစနောက်သံတွေ ရော ကင်မရာတွေဖုန်းတွေနဲ့ရော အားလုံးစုပြုံအုံခဲလို့.. ।

"မင်းကိုငါရှင်းရှင်းပဲပြောမယ်..ငါမင်းနားမှာရှိနေတာ ငါ့ရည် ရွယ်နဲ့ငါ.."

"အဲ့ဒီတော့.."

"မင်းလည်းနည်းလမ်းရှိသလောက်သုံး..ငါလည်းငါ့ဘက်မှာ ဘယ်လိုနေရနေရ ငါရှောင်ချင်ရှောင်မယ်၊ ရင်ဆိုင်မိတဲ့အခါ မီးပွင့် ချင်ပွင့်မယ်..အဲ့ဒါကတိုက်ပွဲပဲ၊ ညကအဖြစ်မျိုးကတော့ ယုတ်မာတာ"

"ခင်ဗျားကိုကျုပ်ဘက်က ဘာတွေပေးပေး ဘယ်လိုဆက်ဆံ ဆက်ဆံ အားလုံးဘောင်ဝင်တယ်..ဘာလို့လဲဆိုတော့ ခင်ဗျားက ကျုပ်နာကျည်းနေတဲ့မိန်းမ၊ ပြီးတော့ ကျုပ်လက်ထပ်ထားတဲ့ဇနီး.. ကျုပ်ရဲ့နာကျည်းချက်တွေ မပြေမချင်းဒုက္ခပေးလို့ရတယ်..ကျုပ်ဆန္ဒ ရှိတဲ့အတိုင်းအချိန်မရွေး.."

"မင်းနော်.."

"မာနတွေသိပ်ပြမနေစမ်းပါနဲ့..သနားလို့ထပ်ပြောပြလိုက်မယ်၊ ခင်ဗျားဆတ်ဆတ်ခါဖြစ်သွားတိုင်း ကျုပ်ကကျေနပ်တယ်..အဲ့ဒီတော့ နောက်ထပ်ခင်ဗျားဆတ်ဆတ်ထိမခံတဲ့ကိစ္စတွေပဲ ခဏခဏ.."

"မိုက်ရိုင်းဦး..ကဲ.."

ဂျန်းကခြေလှမ်းဆုတ်ရှောင်လိုက်သဖြင့် ရိုးတအားလွှဲရိုက်လိုက် သည်မှာ လွဲသွားသည်။ နောက်တစ်ချက်ကျတော့ လက်ကိုဖမ်းကိုင်ထား လိုက်ကာ.. ।

"ညကျရင် ခင်ဗျားအခန်းထဲကျုပ်လာဦးမှာ.."

(၁)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၉)

သူပြောသွားသည့်စကားကြောင့် အိပ်မရ လှဲမရပူလောင်
သည့်ရင်ထဲမှာ သေမယ့်ဘေးဆိုလည်း ပြေးတွေ့လိုက်ချင်သည်။
နေခင်းအလင်းရောင်မှိန်လာတော့ ဘုရားစာတွေဆိုရင်း ခြံထဲ
လမ်းလျှောက်နေမိ၏။ ဦးပွကြီးက ပန်းပင်တွေရေလောင်းပြီးစ
အနားရောက်လာကာ.. ၊

"ခုတလော ဂျန်းပုံစံရှင်ပျလာသလိုပဲ..ဦးကြီးထင်နေတာ
မသိဘူး.."

"ဟုတ်မှာပေါ့ဦးရယ်..သူထင်သလိုလုပ်ခွင့်ရနေတာကိုး၊ ရိုး
နဲ့ဆက်ပြီးအတူတူနေဖို့ စဉ်းစားရတော့မယ်ထင်တယ်.."

သူမရင်ဖွင့်လိုက်တာနှင့် ဦးပွကြီးကလည်း သဘောပေါက်
ဟိုညကအဖြစ်တွေကို ဦးပွကြီးတောင်သိနေတာလားလို့ တွေးမိ
လည်း ဦးပွကြီးကတည်ငြိမ်စွာနဲ့ပါ.. ၊

"လင်ရယ်မယားရယ်သဘောထားရင် မာနတွေကိုရှေ့တန်း
မတင်ပါနဲ့သမီးရယ်..သမီးဆုံးဖြတ်ခဲ့တာလည်း သူ့အတွက်
ကိုယ့်ဘဝအရေးပါပါတယ်မို့လား၊ လူလေးကသူ့စကားလုံးတွေ
ကြမ်းတမ်းပေမယ့် သမီးအပေါ်မှာယုတ်မာဖို့စိတ်ဆန္ဒနဲ့ မဟု
ဘူးဆိုတာ ယုံကြည်ပါ.."

ရိုးမျက်နှာလွှဲရင်း ငြိမ်နေမိ၏။

"သမီးဘဝကိုဖျက်ဆီးဖို့စိတ်နဲ့ လက်ထပ်ခဲ့တာမဟုတ်ပါ
ရိုးမြေကျပေါင်းဖို့ပါ၊ သမီးအစ်မတွေကိုလည်း သူ့ရည်ရွယ်
ကောင်းပေမယ့် ယောကျ်ားပီပီသသတာဝန်ယူခဲ့တာပဲ..သူ



ကြောင်းတရားတွေနဲ့သူတို့ ကွာပြဲရှောင်ရှားသွားကြတာလေ၊ လူလေး
က ဘယ်သူ့အပေါ်မှ တာဝန်မဲ့ခဲ့တာမဟုတ်ဘူး.."

ကူးလည်း ဟိုညတည်းကပေါ်မလာတော့တာဖြစ်သည်။ ဒါပေ
မယ့် ရှက်ဖို့ကောင်းသည့်အဖြစ်က ကူးကိုဒေါသထွက်လို့ ကိုယ့်ကို
နမ်းပါသည်လို့ ပြောခဲ့တဲ့စကား.. ၊

"သမီးကို ဦးကြီးမှာချင်တာရှိသေးတယ်..ဒီအချိန်မှာလူလေးနဲ့
သမီးစိတ်ဝမ်းမကွဲပါနဲ့၊ နောက်ပြီး သူ့မှာအကုသိုလ်စိတ်တွေ ရှိနေ
တဲ့အတွက် သူ့ကိုအကျိုးပေးနေတဲ့သူ့ရဲ့အမြင်အာရုံတွေ လျှော့ပါး
သွားဖို့လိုတယ်..ပုထုဇဉ်လူတွေထဲမှာလည်း ထူးခြားတဲ့ပါရမီနဲ့မွေး
လာတဲ့လူတွေရှိတယ်သမီးရဲ့၊ ဒါပေမယ့် မရှိသလောက်ရှားတယ်
ပေါ့..ရှိတဲ့ပါရမီကလည်း ကိုယ့်ရဲ့ပါရမီကိုမကောင်းတဲ့ဘက်မှာအသုံး
ချနေတယ်ဆိုရင် စဉ်းစားကြည့်ပေါ့သမီးရယ်.."

စကားတွေအများကြီးပြောနေပေမယ့် ရိုးရဲ့စိတ်တွေမှာဥပေက္ခာ
တရားတွေပဲ ရှိနေသေးမှန်း ဦးပွကြီးအကဲခတ်မိနေ၏။ ထို့ကြောင့်
ငြိုးရိမ်စိတ်တွေဖြစ်နေမိရင်း.. ၊

"ဂျန်းရဲ့ထူးခြားတဲ့ပါရမီက သမီးပေါ်မှာပြန်မှီနေတဲ့အတွက်
သမီးတို့ချင်းချိတ်ဆက်နေတဲ့ကံကြမ္မာလည်း အတူတူပဲ..ဒါကြောင့်
သူ့ကိုအကျိုးမဲ့မပျက်စီးအောင် သမီးကထိန်းချုပ်ရမယ်လေ၊ သူ့ရဲ့
ပျက်စီးခြင်းက သမီးရဲ့ပျက်စီးခြင်းပဲ..ခုချိန်မှာ သူနားမလည်သေး
ပေမယ့် နားလည်လာတဲ့အခါ သမီးတို့လောကသံယောဇဉ်မေတ္တာ
ကြီးမားတဲ့ချစ်သူမျိုး မရှိသလောက်ရှားမှာပါ.."

ရိုးမျက်နှာလေးမှာ နူးညံ့ခြင်းတွေဖြစ်တည်လာခဲ့သည်။ သူ့ရဲ့
ကြိုတင်သိမြင်နိုင်စွမ်းဟာ ကိုယ်နဲ့သာသက်ဆိုင်နေသည့်အဖြစ်ကို
ယုံကြည်နေမိသည့်စိတ်က သူ့ကိုအရှုံးပေးခိုင်းနေသလိုပင်။ ပြီးတော့
'သမီးတို့ချင်းချိတ်ဆက်နေကြတဲ့ ကံကြမ္မာအတူတူပဲ'ဆိုသည့်စကား။

ဂျန်းက ငယ်စဉ်တည်းကမိဘမဲ့ခဲ့သည်။ သူမသည်လည်း သူ့
ရှေးကြီးဦးသီလအောင် ကျွေးမွေးစောင့်ရှောက်မထားခဲ့ရင် ဂျန်းနဲ့ဘာ
ထူးလို့လဲ..။ ဂျန်းဘဝတစ်ယောက်တည်း ရုန်းကန်ရင်ဆိုင်နေရသမျှ
သူမဘဝလည်း ဒုက္ခသောကမျိုးစုံနှင့် ကြမ်းတမ်းခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ဖေကြီးရဲ့အထူးချစ်ခင်ကြင်နာခြင်းကိုရခဲ့သည့် ကြာနှယ်ရိုး သည် ဘေးစကားအတိုက်အခိုက်တွေ ဖြစ်ပျက်အကြောင်းတရားတွေကြောင့် ပြစ်ဒဏ်တွေအလီလီခံစားခဲ့ရလျက် သူများရဲ့ချေးသေးဆေးကြောခဲ့ရသည်။ တောကြုံအုံကြားမှာ အသီးအရွက်ပြုတ် ငပိရည်စား၍ ချွေးဒီးဒီးကျအောင် လုပ်ကိုင်ပင်ပန်းခဲ့၏။

ဒါတွေဟာဂျန်းနဲ့လည်းသက်ဆိုင်နေခဲ့ပေမယ့် ဂျန်းကိုသာပြန်မတွေ့ခဲ့ရလျှင် ငါ့ကံအကြောင်းတရားပဲလို့ ဖြေသိမ့်ပြီးဆုံးသွားမှာဖြစ်၏။ ခုတော့ ဂျန်းနဲ့သူမလက်ထပ်ခဲ့တဲ့အထိ ကံကြမ္မာကဆုံဆည်းပေးခဲ့သည်။

သူမှာဖြစ်သမျှ ကိုယ်ကြုံတွေ့ရသမျှ ဖြစ်ပျက်အကြောင်းအရာအားလုံးက ဆက်စပ်နေခဲ့၏။ သူ့ကြောင့် ကိုယ်ဖြစ်ခဲ့သလို ကိုယ့်ကြောင့် သူပျက်ခဲ့သည်။ ဒီအဖြစ်တွေအပေါ်လိုက်ပါစီးမျောနေရသည့် ကံကြမ္မာရေစီးကြောင်းက ဂျန်းကိုလူဆိုးလူရမ်းကားတစ်ယောက်ဖြစ်စေခဲ့တာလား.. ၊

"ဦးကြီးပြောတာ သမီးနားလည်မှာပါ.."

ဦးပွကြီးက ရိုးမျက်ဝန်းလေးတွေကို အကဲခတ်၍.. ၊

"သူ့ကိုအမုန်းပွားနာကျည်းနေမယ့်အစား သူကကိုယ်ပဲလို့ခံစားကြည့်လိုက်ပါသမီးရယ်..သမီးသာသူ့အပေါ်မှာ ငါ့ခင်ပွန်း ငါကသူ့ဇနီးမယားပီသရမယ်ဆိုတဲ့ စိတ်လေးမွေးမြူနိုင်ခဲ့ရင် အိမ်ထောင်ရေးမြဲအောင်ပဲ ကြိုးစားရမှာမို့လား၊ အရေးကြီးဆုံးက ဒီဘဝဒီလိုသောကမျိုးတွေနဲ့ ကြုံဆုံရသလို နောင်ဘဝဆိုတာရှိခဲ့ရင် ဒီလိုထပ်မခံစားရအောင် ပြင်ဆင်ရမယ်.."

ရိုးကဦးပွကြီးမျက်နှာကို ယုံကြည်လေးစားသောမျက်ဝန်းတို့ဖြင့် ကြည့်လာရင်း.. ၊

"အဲ့ဒါဘာကိုပြောတာလဲဦး.."

"ဒီဘဝမှာသမီးတို့ရင်ဆိုင်ကြုံတွေ့ကြရသမျှဒုက္ခတွေက အတိတ်ဘဝဟောင်းက ကံတရားတွေဆုတောင်းတွေပေါ့..ချစ်ခဲ့ကြပေမယ့် ဒေါသအလျှောက်ကျိန်တွယ်ဆုတောင်းမိတာတွေက လမ်းသွားရင်း ခလုတ်တိုက်သလိုမျိုး အမှတ်တမဲ့နာကျင်မှုပေမယ့် သွေးထွက်သံယိုဖြစ်တဲ့အထိ ဆိုးရွားသွားတာမျိုးလည်း ရှိတတ်တယ်မို့လား.. ဘာကိုဖြစ်ဖြစ် သတိနဲ့ဆင်ခြင်ဖို့လိုတယ်.."



ဦးပွကြီးက ရေဘားပိတ်လိုက်ပြီး ပိုက်ကိုသေချာပြန်ခေါက်နေတာ.. ၊

"ဗုဒ္ဓဘာသာမှန်ရင် ကံ ကံ၏အကျိုးကိုမမေ့နဲ့..ကံကိုချည်းပုံချထားလို့မရသလို မေ့ထားလို့မရဘူး၊ ဂျန်းရဲ့လုပ်ရပ်တွေအကုသိုလ်နဲ့လုံးထွေးနေသမျှ သူ့ရဲ့နောင်သံသရာဆိုတာလည်း ဘယ်လိုမှကောင်းနိုင်မှာမဟုတ်ဘူး..လာခြင်းမကောင်းပေမယ့် ပြန်ခြင်းကောင်းဖို့ သမီးပဲကြိုးစားရမှာ၊ ဘာဖြစ်လို့လဲဆိုတော့ သမီးနဲ့သူကအတူတူပဲ.."

ရိုးရဲ့ဒေါသတွေ ရှက်ကြောက်နာကျည်းခဲ့သည့်မာနစိတ်တွေအားလုံးက ဦးတည်ချက်မဲ့သလို ပြေးလွှားရှုပ်ထွေးကုန်၏။

"အဲ့ဒါတွေရိုးကပဲနားလည်ပေးရမှာလား..သူ့ကျတော့သူထင်တာလုပ်..ထင်သလိုပြော.."

"သမီးကိုသိအောင်ပြောပြနိုင်ပေမယ့် သူ့ကိုဦးကြီးပြောလို့မရဘူး..သူ့မှာသူ့ဘဝသူရပ်တည်လာခဲ့တယ်ဆိုတဲ့ မာန်မာနက သူ့မှာဘာမှမရှိဘူးဆိုတဲ့အတ္တကို အဆိပ်လောင်းနေတာ..နူးညံ့တဲ့သူ့စိတ်နှလုံးသားအပေါ်မှာ အရာရာကိုမကျေနပ်မုန်းတီးတဲ့စိတ်တွေပဲ ရှိနေခဲ့တော့ လူကြမ်းလေးဖြစ်လာတာပေါ့.."

'လူကြမ်း'ဆိုတဲ့နာမည်မှည့်ခေါ်ပြီး လူတစ်ယောက်ရဲ့ဘဝကိုအဓိမ်းကကျွတ်ကတည်းက အညွန့်ချိုးသလိုဖြစ်စေခဲ့တာ မိဘတွေကိုယ်တိုင်ပါပဲလို့တော့ မပြောလိုပါ။ ဒါပေမယ့် ကလေးတစ်ယောက်ရဲ့အမည်နာမဟာ ဘဝအတွက်ဘယ်လောက်အရေးပါမှန်း မိဘတိုင်းသိထားလည်သင့်သည်။

သူ့ကိုမွေးတဲ့အချိန်မှာအိမ်အောက်မှာ ခွေးမကြီးတစ်ကောင်ကလည်း သားပေါက်နေလို့လေ။ ဒါကြောင့် ဖိုးခွေးလို့ပေးလိုက်ပါသည့်တာတွေ မျက်လုံးစွေနေတော့ အားလုံးကသူ့ကို 'ငစွေ'လို့ပဲခေါ်ကြတော့တာ 'ခြောက်စောင်း'လို့ပဲ နာမည်တွင်ခဲ့တာစသဖြင့် အကြောင်းကြောင်းတွေကို အစွဲပြု၍နာမည်ပြောင်တွေနဲ့ပဲ ဘဝတစ်လျှောက်လုံး

www.burmeseclassic.com

www.burmeseclassic.com



ကို ဖြတ်သန်းခဲ့ကြရသည်။

လူကြမ်းကျတော့ 'ငယ်ငယ်ကချူချာလွန်းလို့ မာချာအောင်လူကြမ်း'လို့ ပေးရပါသည်တဲ့.. ။

ဒါကိုလူကြမ်းကိုယ်တိုင် သူကြားခဲ့ဖူးသည့်သူ့အကြောင်းကို ပြောပြခဲ့လို့ သိရတာပါ။ ဦးပွကြီးက ဂျန်းနဲ့ပတ်သက်သမျှကို ပြန်တွေးရင်းပြောပြရင်း ရိုးကိုပဲဖျောင်းဖျနားချနေလေသည်။

ရိုးရဲ့ရင်ထဲမှာလည်း ဒေါသမောဟတွေ အတော်အတန်ငြိမ်သက်သွားပြီဖြစ်ကာ ဦးပွကြီးကကိုယ့်ကိုပဲတစ်ဖက်သက်အလျှော့ပေးခိုင်းနေတာလားဆိုသည့်အတွေးကိုပါ ဖျောက်ဖျက်နိုင်ခဲ့၏။ ဘာပဲဖြစ်ဖြစ် ဂျန်းနဲ့သူမရဲ့ကံအကြောင်းတွေ ဆက်စပ်သက်ဆိုင်နေကြတာကတော့ အမှန်ပဲဆိုတာ နားလည်လာခဲ့လျက်.. ။

## အခန်း(၄၀)

ညကမအိုမင်းသေးပေမယ့် ဖုန်းမြည်လာသည့်အသံက ပတ်ဝန်းကျင်ဘယ်လောက်တိတ်ဆိတ်နေသည်ကို ဖော်ပြလိုက်သည့်နှယ် ခုပြေးကိုင်နေတာမြင်သည်မို့ ရိုးကရေခဲသေတ္တာထဲက ပန်းသီးစိပ်လေးတွေနဲ့ပန်းကန်ကိုယူပြီး အေးဆေးပြန်ဝင်သွားလျှင်.. ။

"မမ.."

"ဟင်.."

"မမနဲ့ပြောချင်လို့တဲ့.."

ဒီဖုန်းကနေ ကိုယ့်ဆီလာစရာအကြောင်းမရှိသောကြောင့် ကူးကိုသတိရလိုက်မိကာ.. ။

"မမကူးလား.."

"မဟုတ်ဘူးမမ..မမရဲ့အစ်မကြီး.."

ရိုးခြေလှမ်းပိုမြန်သွားကာ ဖုန်းကိုလှမ်းယူလိုက်ပြီး.. ။

"ဟလို..မမရှမ်း.."

"ရိုးရယ်..တော်သေးတာပေါ့၊ အဲ့ဒီမှာကူးရှိနေတော့ သူလာကိုင်
က်မှာစိုးနေတာ.."

"မမကူးက အခုအိမ်မှာမရှိတော့ဘူး..ဘာဖြစ်လို့လဲဟင်၊ မမရှမ်း
က အရမ်းအရေးကြီးနေသလိုပဲ.."

"အခု ကိုမင်းအိမ်မှာရှိလား.."

"ဟင့်အင်း.."

"အေး..အဲ့ဒါပဲ၊ ခုဆောက်လုပ်ရေးကိစ္စတွေ ဇယားရှုပ်နေကြတယ်..ငါပြောချင်တာက ဖေကြီးပါပါနေလို့.."

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ဖေကြီးနဲ့ဂျန်း..လူကြီးမင်းနဲ့လား.."

"ရိုးရယ်..ဂျန်းဆိုတာ လူကြီးမင်းရဲ့ငယ်နာမည်မို့လား၊ နင်ခေါ်တတ်သလိုပဲခေါ်စမ်းပါ..နင်တို့ကိစ္စတွေကို ငါစပ်စပ်စုစုလည်း မမေးတော့ပါဘူး၊ ကိုမင်းနဲ့ဖေကြီးတွေ့ကြတာမဟုတ်ဘူး..ကိုမင်းကို ထိုးအပ်လိုက်ရတဲ့ လုပ်ငန်းပိုင်ရှင်တွေဆိုလား ငါအဲ့ဒါတွေမသိတာ နင်လည်းသိသားနဲ့..သေချာတော့မပြောတတ်ဘူး.."

"အင်း.."

"ဟိုအစက ဖေကြီးဆီကပါသွားတာတွေလည်းရှိတော့ ရှုံးခဲ့ကြတဲ့လူချင်းတိုင်ပင်မို့လား..ဒါမှမဟုတ် ကိုမင်းနဲ့သမက်ယောက္ခတော်နေတာသိလို့ သပ်သပ်ခေါ်တာလား.."

"အခုဘာဖြစ်လို့လဲ..အဲ့ဒါတွေကို တစ်ယောက်ယောက်ကအကြောင်းကြားတာလား၊ မမရှမ်းကဘယ်မှာလဲ.."

"ငါက ငါ့တိုက်ခန်းမှာပဲ..လကုန်တဲ့နေ့စက်ဘူသွားမှာ၊ နင်ငါ့အကြောင်းစိတ်မဝင်စားနဲ့ရိုး..ဖေကြီးကိုသူ့ရဲ့လုပ်ငန်းသမားတွေခေါ်တာကသပ်သပ်ဖြစ်မယ်၊ ကိုမင်းကိုခေါ်ကြတာက တခြားကိစ္စ.."

"မမရှမ်းက ဘာသိထားလို့လဲ.."

"ငါလည်းမသိဘူး..ဦးချန်လည်းသေချာသိတာမဟုတ်ဘူး၊ ဖေကြီးဆီမှာ ဦးချန်ကအဝင်အထွက်မပျက်ခဲ့ဘူးလေ..အခု ဖေကြီးသွားတဲ့ကိစ္စ ဦးချန်ငါ့ကိုဖုန်းဆက်တာ၊ ကူးကိုယ်တိုင်ဖေကြီးဆီရောက်သွားတာတဲ့..ကူးကပြန်အထွက် ဦးချန်ကအဝင် ခြံဝမှာကူးကတစ်ယောက်ယောက်ဆီ ဖုန်းဆက်နေတာမသင်္ကာစရာကောင်းလို့ အကွယ်က နားထောင်နေတာ.."

ဦးချန်လည်းသေချာမကြားခဲ့ရဘူးလို့ဆို၏။ ဒါပေမယ့် လူကြီးမင်းနာမည်ကိုပြောနေတာကြားခဲ့ပြီး နေရာတွေဘာတွေပြောပြနေသည်။ ဦးချန် ဦးသီလအောင်ဆီရောက်သွားတော့ ကူးလာသွားမှန်းသိလိုက်ရကာ မိတ်ဆုံစားပွဲတစ်ခု မဖြစ်မနေသွားရဖို့ရှိကြောင်းပြောခဲ့သည်။

ထိုမှာပဲ မိတ်ဆုံစားပွဲကတမင်ခေါင်းစဉ်တပ်တာဖြစ်နိုင်ကြောင်း လုပ်ငန်းကိစ္စတစ်ခုခုအတွက် စုဝေးကြတာလို့ထင်ကြောင်း ဖေကြီး



ကပြောခဲ့သည်တဲ့။ ဒီစကားတွေထဲမှာ စိုးရိမ်ဖွယ်အချက်သည် စုဝေးကြမယ့်လူတွေထဲမှာ လူကြီးမင်းနဲ့ပတ်သက်ပြီး မကျေနပ်မှုရှိနေတဲ့လူတွေ အများဆုံးပါနေသည့်အဖြစ်ပင်.. ၊

ဒီလူတွေငါနဲ့လူကြီးမင်းဆွေမျိုးတော်တယ်ဆိုပြီး တစ်ခုခုတာဝန်ယူစေချင်လို့လားမသိဘူး..ဘာပဲဖြစ်ဖြစ်သွားတော့သွားရမှာပဲ..အကျိုးအကြောင်းလည်း သိရတာပေါ့.." လို့ ဖေကြီးပြောသွားခဲ့သည်။

"ငါပြောနေတာတွေ နင်သဘောပေါက်လားရိုး.."

"ပေါက်ပါတယ်..ဒါပေမယ့် ဘာကိုဘယ်လို.."

"ဟုတ်တယ်..ဘာမှတော့မဆန်းပြားသလိုပဲ၊ ဒါပေမယ့် ကူးကအရင်လိုမဟုတ်တော့ဘူး..သူ့ကိုကြောက်ရတယ်ရိုး၊ ဒီကိစ္စမှာသူပါနေပြီလို့ထင်ရတည်းက သွေးရိုးသားရိုးမဖြစ်နိုင်ဘူးနော်..ငါတော့ ဝင်ပါချင်တော့ဘူး၊ ငါဘယ်လိုနေနေ ကိုမင်းကိုမရလို့ နင်နဲ့ပေါင်းဘယ်ပဲ စွပ်စွဲခံရမှာ..ကူးကမယုံနိုင်လောက် မိုက်ရိုင်းလာတာနင်သိသား.."

ဒီ့ထက်တောင် ပိုသိပါတယ်လို့ မပြောဖြစ်ခဲ့ပါ။

"သိပါတယ်..အခု ဖေကြီးသွားတဲ့လိပ်စာအတိုင်း ရိုးလိုက်သွားကြည့်လိုက်မယ်၊ သူတို့ဘာသာအေးအေးချမ်းချမ်းဆို ပြဿနာမရှိပါဘူး..ဒါပေမယ့် ဂျန်းနဲ့တကယ်ပတ်သက်နေတယ်ဆိုရင် သူဒေါသထွက်မှာ.."

"ဘာဖြစ်လို့လဲ.."

"သူ့အလုပ်ကိစ္စမပြောနဲ့..အိမ်မှာတောင် သူ့ကိုယ်သူကလွဲပြီး ဘယ်သူ့ကိုလူရာသွင်းလို့လဲ.."

"နင်ကတော့သူ့ဇနီးပဲရိုးရယ်..နင့်ကိုဒီနေရာပေးလိုက်တည်းက နင့်ရဲ့ထိန်းချုပ်မှုကို သူလိုလားမှာပါ.."

သူကထိန်းချုပ်ချင်လို့ လက်ထပ်ပါတယ်လို့ ခဏခဏကြွေးကြော်နေတာကိုပြောရင် ယုံမည်မထင်။ ဖုန်းပြောပြီးတာနှင့် သူမဘာလုပ်ရမလဲဆိုတာကို အပြေးအလွှားစဉ်းစားမိသည်။ နာရီမော့ကြည့်တော့ ညရှစ်နာရီခွဲ.. ၊

နောက်လုပ်စရာရှိတာ နောက်မှပဲလို့စဉ်းစားကာ လက်ကိုင်

www.burmeseclassic.com

www.burmeseclassic.com



အိတ်လေးနဲ့ပဲ အပြင်ထွက်လာခဲ့သည်။ သူမဂျန်းဆီကို ဖုန်းဆက်ရ ရင်ကောင်းမလား..။ ဆက်လည်းကိုင်ချင်မှကိုင်မည်။ ကိုင်ရင်လည်း ကောင်းကောင်းမွန်မွန်ပြန်ပြောမှာ မဟုတ်.. ၊

"မမဘယ်သွားမလို့လဲ.."

"အစ်မဘယ်လဲ.."

စုစုတို့ရော နေဝင်းရော အလျှိုအလျှိုထွက်လာပြီးမေးကြတော့ အံ့ဩသွားမိသည်။ ဘယ့်နှယ်လူကို ငုတ်တုတ်ထိုင်ပြီးစောင့်ကြည့် နေကြတဲ့အတိုင်း.. ၊

"အစ်ကိုက ညမှုညတာကို အိမ်မှာလူဝင်လူထွက်ဂရုစိုက်ခိုင်း ထားလို့ပါ.."

"ဟုတ်ပါတယ်မမရဲ့..ဟိုလေ မမဘယ်သွားမှာလဲဆိုတာလေး ပြောခဲ့ပါ၊ ဒါမှမဟုတ်ရင်လည်း စုစုတို့ထဲကတစ်ယောက်လော အဖော်လိုက်ပေးရမလားဟင်.."

စိတ်လည်းတိုသွားသည်။ ရယ်လည်းရယ်ချင်မိ၏။ ဂျန်းကို တို့တွေ ဒီလောက်တောင်ကြောက်နေကြတာ မျက်နှာတွေမှာအထင် သားပေါ်နေသည်။ တစ်ခါတလေ ကိုယ်ကဇနီးမယားမို့ အားကိုး ကြီး ပြေးလာကြတာကရှိသေး.. ၊

သူမကိုယ်တိုင်က ကိုယ့်ကိုယ်ကိုတောင်မပိုင်နိုင်တာ ဘယ် ကသိမှာလဲ..။ အပြင်ထွက်လာခဲ့တော့ ခြံဝရောက်ရင်ဦးပွကြီး လည်း မေးမြန်းဦးမှာကိုတွေးမိပြီး သက်ပြင်းချမိသည်။

သို့သော် သူမသွားမှဖြစ်မှာပါ။ ဂျန်းပြန်မလာသည့်အတွ ဖေကြီးတို့ရှိနေသည့်နေရာမှာပဲ ရှိနေဖို့က သေချာသလောက်ဖြစ် သည်။ ဒီလိုဆုံကြအောင် တစ်ယောက်ယောက်က ဖန်တီးထား ဆိုရင် ဒီလို့ဂုက်ချက်မှာ လုပ်ကြံမှုတစ်ခုခုပါလာမှာဖြစ်သည်။

ဂိုဒေါင်ထဲမှာ ကားတစ်စီးရှိနေသဖြင့် ကိုယ့်ဘာသာတ မောင်းပြီး ထွက်လိုက်သည်။ ဘက်ခ်ဆုတ်ပြီးသိမ်းထားသောကြော ထွက်ရတာအလွယ်တကူပါ။ ဒါပေမယ့် သူမခြံဝကိုဦးတည်တာ အပြင်ကဝင်လာသည့် ကားမီးရောင်ကမြန်လွန်းသည့်အရှိန်ဖြင့်

"ဟယ်.."



ဘာလုပ်တာလဲ.. ၊

ရှီးက ကိုယ့်ဘက်ခြမ်းကိုကပ်ဖို့ မြန်မြန်ဆန်ဆန်ထွက်လိုက် သော်လည်း ဝင်လာသည့်ကားက နောက်ကနေဝင်မသွားဘဲ မျက် နှာချင်းဆိုင် တည့်တည့်ကြီးဝင်လာပြီး.. ၊

"ကျွိ.."

"အမလေး.."

"ဒုန်း.."

ကားနှစ်စီးတိုက်မိသည်မဟုတ်ပေ။ ရှီးကဘရိတ်အုတ်လိုက်သ လို ဟိုဘက်ကားကလည်း ဘရိတ်နင်းသည်။ သို့သော် သူ့အရှိန်နဲ့ သူ့နောက်မီးလွဲသွားကာ ကွန်ကရစ်လမ်း၏ဘေးဘောင်နှင့် ပစ်တိုက် သွား၏။

ရှီးမျက်လုံးတွေပြာသွားကာ အတင်းဖိမှိတ်လိုက်မိသည်။ ပြန် ဖွင့်ကြည့်လိုက်တော့ ဟိုကားပေါ်ကဆင်းလာသည့်ဂျန်းက ဘောင်း ဘီထဲလက်နှိုက်ပြီး အေးဆေး.. ၊

ထိုအခါကျမှ ဒါမတော်တဆအရှိန်မထိန်းနိုင်တာမဟုတ်မှန်း သိလိုက်၏။

"ဂျန်း မင်းဘယ်လိုလုပ်လိုက်တာလဲ.."

ဂျန်းက မှန်ချထားသည့်တံခါးကို ဆွဲဖွင့်ပစ်လိုက်သည်။ ပြီးမှ..

"ခင်ဗျားကရော ဒီအချိန်ကြီးကားတစ်စီးနဲ့ ဘာကိစ္စလဲ..ဘယ် သူနဲ့သွားတွေ့မလို့လဲ.."

မေးပုံကရှင်းပြချင်စရာမရှိ။ ဘောင်းဘီရှည်အနက် ကုတ်အင်္ကျီ အနီရဲရဲရင်ဖွင့်လျက် အတွင်းခံစွပ်ကျယ်အဖြူက ရင်ချိုင့်အောက်ထိ ဟိုက်နေသည်။ သူ့လည်ပင်းမှာ အမြဲရှိနေတတ်သည့်ကြေးပြားနှင့် အနက်ရောင်ကြိုးက စတိုင်လ်လုပ်ပြီးဆွဲထားသလိုလို.. ၊

ပြီးတော့ ဒီတိုင်းချထားသည့်ဆံပင်ရှည်တွေက ဖြစ်သလိုသိမ်း သွန်းထားတာမျိုး။ သူ့ပုံစံကိုက ဖရိုဖရဲပုံစံပဲဖြစ်သည်။ သို့သော် သူ့ ဘာဝတ်ဝတ်သူ့ရဲ့ပင်ကိုယ်စတိုင်လ်ကိုက ကြည့်ကောင်းနေတာဖြစ် တာ ထိုလူသည် မိန်းမအပေါင်းတို့အပေါ် အထင်မြင်သေးရှိလိုနေ သော.. ၊

www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်.."

"ဘုန်း.."

ဖွင့်ထားသည့်တံခါးကိုလွဲကာန်ပစ်လိုက်သဖြင့် ရှိုးတုန်ခနဲဖြစ်သွားသည်။ စိတ်ကလည်းတိုသွားကာ.. ၊

"မင့်းဘယ်လိုဖြစ်လို့ ဒီလောက်တောင်ရန်လိုနေတာလဲ.."

"ခင်ဗျားကရော ဘာလို့ပါးစပ်ပိတ်ပြီး ငုတ်တုတ်မေ့နေတာလဲ"

"ငုတ်တုတ်မေ့နေတာမဟုတ်ဘူး..ကံကောင်းလို့မသေတာ.."

"ကံကောင်းတာမဟုတ်ဘူး..ကျုပ်ကချမ်းသာပေးလို့.."

"နေစမ်းပါဦး..နင်မေးချင်တာ ခုလိုပဲမေးလို့မရဘူးလား၊ ဘာဖြစ်လို့.."

"ခုလိုဖြစ်လို့ မေးလို့ရတာပဲ..ခင်ဗျားရှေ့ကဖြတ်မတားရင် ခင်ဗျားလုပ်ချင်တာ လုပ်ခွင့်ရသွားမှာပေါ့.."

ကြည့်စမ်း..။ ဒီကပဲ သူမရှိတုန်း အလစ်ခိုးထွက်တာလိုလို-

"ခင်ဗျားဘယ်ကိုထွက်တာလဲ.."

"ငါ့ဘာသာဘယ်ပဲထွက်ထွက်.."

ရှိုးကပြောပြီး ဂီယာချိန်းလိုက်လျှင် ဂျန်းကလက်ကိုပုတ်ထုတ်ပစ်လိုက်ပြီး Pမှာပြန်ထားလိုက်၏။ ပြီးတော့ ရှိုးမျက်နှာရှေ့က သူ့ကိုယ်ကြီးကိုမဖယ်ဘဲ မျက်နှာငဲ့ကြည့်ကာ.. ၊

"ကိစ္စတော်တော်အရေးကြီးနေတဲ့ပုံပဲ.."

"ကျွတ်.."

ပြောမပြမချင်းနားမချမ်းသာစရာတွေပဲ ပြောနေမှာကိုသိနေသည်။ ဒါပေမယ့် ပြောလည်းမပြောချင်တော့ဘဲ အရွဲ့တိုက်ဖြေချင်စိတ်တွေသာဖြစ်နေခဲ့၏။ ဂျန်းက ကိုယ်တစ်ပိုင်းဝင်ထားတာကို ဖြေးထွက်ရပ်လိုက်ပြီး.. ၊

"ခိုးချောင်ခိုးဝှက်လုပ်ချင်ရင်လည်း ကျုပ်တစ်နေ့လုံးထွက်နေတာကို အေးဆေးလုပ်လို့ရတာပဲ..ဘယ်လိုကြီးလဲ.."

"ငါကဘာလို့ခိုးချောင်ခိုးဝှက်လုပ်ရမှာလဲ..မင်းကို.."

"နောက်မှပြောတော့ ခုကားပေါ်ကဆင်း.."

ရှိုးရဲ့လက်လေးတစ်ဖက်ကိုကိုင်၍ ကားပေါ်ကဆွဲချပစ်လိုက်ချင်း..



ရင်း.. ၊

"ခင်ဗျားမဖြေချင်လို့လည်းမရဘူး..ညာရင်အပြစ်ပိုကြီးမှာ.."

လူသည်ကားပေါ်ကနေ ဒရွတ်တိုက်မတတ်ပြုတ်ကျလုလုက် ထင်သလိုစွပ်စွဲပြောဆိုနေသဖြင့် ရှိုးဘယ်လိုမှသည်းမခံနိုင်တော့ဘဲ.. ၊

"မညာဘူး..ခုပဲဖြေလို့ရတယ်၊ မင်းလိုလူမဆန်တဲ့သတ္တဝါထက် အဆတစ်ရာယဉ်ကျေးသိမ်မွေ့တဲ့ယောကျ်ားတစ်ယောက်တွေ့ထားလို့ သူနဲ့ချိန်းထားတယ်..အခု သွားတွေ့မယ်၊ အိုခေ.."

ဂျန်းမျက်နှာတင်းသွားသည်။ ဇဝေဇဝါဖြစ်သွားသည့်မျက်လုံးတွေက ကျဉ်းမြောင်းသွားလိုက် ပြေကျသွားလိုက် ခဏကြာအောင်ဖြစ်နေခဲ့လျက်.. ၊

"ညီလေးမောင်ဆိုတာလား.."

ဟင်.. ၊

ရှိုးမျက်လုံးဝိုင်းသွားသည်။ ညီလေးမောင်ကို သူဘယ်ကနေသိသွားတာလဲ..။ ပြဿနာပိုကြီးသွားပြီကိုသိလိုက်သည်။ ညီလေးမောင်သည် ရှိုးအထက်တန်းကျောင်းတုန်းက သူငယ်ချင်းလိုလို ချစ်သူလိုလို ရင်းနှီးခဲ့သည့်ယောကျ်ား.. ၊

တကယ်က ချစ်ကြတော့မလို လူသိများသွားခဲ့တာဖြစ်၏။ တစ်ယောက်နဲ့တစ်ယောက်လည်း သဘောကျကြသည်။ ညီ့မိဘတွေက ဘာတတ်မျိုးရှိုးဖြစ်သလို မချမ်းသာပေမယ့် မာန်မာနကြီးကြသည်။ သူတို့ရဲ့သားအငယ်ဆုံးကိုလည်း မိန်းကလေးတစ်ယောက်ကိုထိန်းကျောင်းသလို ရင်အုပ်မကွာ ဂရုစိုက်ထိန်းချုပ်ခဲ့ကြ၏။

ရှိုးနဲ့သာမဟုတ်ပါ။ ဘယ်မိန်းကလေးနဲ့မှ ချစ်သူဖြစ်ခွင့်မပေးသော တင်းကျပ်သည့်စည်းကမ်းနှင့် မျက်လုံးဒေါက်ထောက်ကြည့်နေကြတာဖြစ်သည်။ ထို့ကြောင့် ရည်းစားလည်းမဟုတ် ဘာလည်းမဟုတ်ဘဲ ကျောင်းတွေပြီးသွားခဲ့ကြသည်။

လိုင်းပေါ်မှာတွေ့ကြတဲ့အခါ စကားပြောဖြစ်ပေမယ့် ရှိုးသားမှုတွေနဲ့ပါပဲ။ ဆယ်အင်းရွာမှာပြဿနာတွေနဲ့ကြုံခဲ့ရသည့်တစ်ခေါက်က သူငယ်ချင်းတွေနဲ့ဆုံပြီး ဘုရားဖူးသွားကြတာဖြစ်ကာ ထိုမှာပြန်လာတော့ အင်းကညင်ကိုဝင်ခဲ့ပြီး အင်ကညင်ကနေဆယ်အင်းကြီးမှာ.. ၊

www.burmeseclassic.com

www.burmeseclassic.com



သူ့မေးခွန်းကြောင့် အံ့သြမှင်တက်နေမိစဉ် ဖုန်းသံကြောင့်လန့်သွားမိသည်။

ဂျန်းလည်းဖုန်းကိုင်လိုက်သဖြင့် ရိုးကိုဘာမှဆက်မမေးနိုင်တော့ဘဲ တစ်ဖက်လှည့်သွားကာ.. ၊

"ဘာပြောတယ်.."

"..............."

"ငါလုပ်ထားတဲ့ကိစ္စကို ဘယ်ကောင်ကဖျက်ရဲတာလဲ.."

"................"

"ဘယ်အဖွဲ့အစည်းဖြစ်ဖြစ် ဂရုမစိုက်ဘူး..ဒီထက်ဘယ်လိုအခွင့်အရေးပေးပေး မလဲနိုင်ဘူး၊ အဲ့ဒီကိစ္စမင်းငါ့ကိုဖုန်းဆက်ပြောနေဖို့ လိုသလား..တောက်.."

"..............."

"ဘာ.."

"............."

"ငါပြောပြီးပြီဟေ့ကောင်..ဦးသီလအောင်မကလို့ ဘာကောင်ဖြစ်ဖြစ်.."

"ဟုန်း.."

ဒေါသတွေထွက်ပြီး ကားဘီးကိုလှဲကန်ပစ်လိုက်သည်။ ပြီးတော့.. ၊

"ထားလိုက်..ငါခုလာမယ်.."

ခြေလှမ်းသည်အုတ်ဘောင်ပေါ်မှာ ဘီးတစ်ဖက်တင်နေသည့်သူ့ကားဆီတစ်လှမ်းတည်း ခုန်တက်လိုက်သည့်အတိုင်း.. ၊

"ဂျန်း.."

ရိုးက သူ့ကားစက်နှိုးနေတုန်း ဘေးတံခါးဖွင့်၍ အတင်းဝင်ထိုင်လိုက်၏။ ဂျန်းက ပုတ်သိုးနေသည့်မျက်နှာနှင့် ငဲ့ကြည့်ကာ.. ၊

"ဘာလုပ်တာလဲ.."

"လိုက်မလို့.."

သူတစ်ခုခုပြန်ပြောတော့မည့်မျက်နှာဖြစ်သွားတာကို မြင်လိုက်သည်နှင့် ရိုးကရှေ့ကိုပြန်လှည့်၍ မျက်နှာကိုတင်းထားလိုက်သည်



ဆွဲချရင်တောင် နေခဲ့မှာမဟုတ်မှန်းသိစေချင်လို့.. ၊

သို့သော် ဂျန်းထံမှနဂ္ဂတစ်တွေတစ်လုံးတစ်လေမှ ထွက်မလာဘဲ ကားကိုဘောင်လွတ်အောင်မောင်းချသွားသည့်အခါ ရိုးတအံ့တသြကြီး လှည့်ကြည့်မိလျက်.. ၊

အိမ်မက်မဟုတ်တာတော့ သေချာ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄၁)

"ခင်ဗျား ဒီကနေဘယ်မှမသွားနဲ့.."

"ငါလိုက်ချင်လို့လိုက်ခဲ့တာပဲ.."

ရိုးက ဆင်းထွက်မည်ပြင်လိုက်တာနှင့် ဖွင့်လိုက်သည့်တံခါးကို
သူကဆောင့်ပိတ်ပစ်လိုက်ပြီး ကားကိုလော့ခ်ချပစ်လိုက်သည်။ ပြီး
တော့သော့ကို ကုတ်အကျီထဲထည့်လိုက်ရင်း ဟိုတယ်လ်နောက်
ပေါက်ဘက်ကနေ လျှောက်ဝင်လာခဲ့၏။ သူသိထားသည့် တွေ့ဆုံ
ပွဲလုပ်နေကျခန်းမသည် ဟိုတယ်လ်၏အထူးသီးသန့်ဆောင်ဖြစ်ကာ
ဒီဟိုတယ်လ်ကိုလက်ရှိပိုင်ဆိုင်ထားသည့် ညီအစ်ကိုသုံးယောက်
ကို 'သီရိဟိုတယ်လ်' ကြီး
ကြောင့် သူ့လက်ထဲကိုလွှဲယူဖို့ခက်ခဲနေသော 'သီရိဟိုတယ်လ်' ကြီး
၏ အကောင်းဆုံးလို့ဂုဏ်ခန်းမ.. ။

သူ့လိုစီးပွားရေးသမားတွေ သိုးရေခြုံထားနိုင်အောင် ကြီးမား
ထည်ဝါသည့်ဟိုတယ်လ်ကြီးဖြစ်သည့်ပြင် ဂျန်းဘယ်လိုပဲအင်အား
သုံးသုံး ကျိုးညီအစ်ကိုဟုနာမည်ကြီးသော ညီအစ်ကိုတွေက ခံစ
သက်သက်နှင့် ချိတိချိနဲ့ကာကွယ်လာခဲ့တာ ခုချိန်ထိ.. ။

ဒါကျမှဂျန်းကလည်း အလောတကြီးတိုက်ယူတာမျိုးမလုပ်ခဲ့သ
လို ကိုယ်တစ်ဝက်ပိုင်ထားပြီမို့ ခင်မင်မပျက်ပူးပေါင်းနေဆဲနှင့် လွှတ်
ပေးထားတာမျိုး။ အကယ်၍ သူတို့သာညီအစ်ကိုတွေမဟုတ်ခဲ့လျှင်
ဒီရှယ်ယာသုံးစုလောက်ကို သူအသာလေးဖြုတ်ချနိုင်၏။ ခုတော့ သူ
တို့ကဖယ်လည်းမပေးကြသလို ထပ်ဖြည့်တာလည်းလက်မခံ.. ။

ဘာပဲဖြစ်ဖြစ် ပြေးတဲ့သူတွေမောလို့ဟပ်ဖိုးလဲသွားကာမှ မပ
မပန်းအိတ်ထဲကောက်ထည့်ရုံလို့ သတ်မှတ်ထားလိုက်သည်။ လော



လောဆယ်သူ့အတွက် အရေးကြီးခဲ့တာက ကြာနွယ်ရိုးနဲ့သူ့ရဲ့အတုံ့
အလှည့်တွေသာ.. ။

ခြေလှမ်းတွေဆုံးသည်နှင့် သူ့အတွေးတွေကိုဖြတ်တောက်ပစ်
လိုက်သည်။ သူရောက်လာခဲ့တာကျိုးညီအစ်ကိုနဲ့ ဒီဟိုတယ်လ်ကိစ္စအ
တွက်မဟုတ်။ အမှားတစ်ဖက် အမှန်တစ်ဖက်နှင့်ကျင်လည်နေကြ
သော ဝိသမလောဘသားတို့၏ ဆုံရပ်တချို့ထဲမှာ ဒီဟိုတယ်လ်၏
လို့ဂုဏ်ခန်းမလည်းပါနေသည်မို့.. ။

"ခင်ဗျား'ဘူး'ချည်းခံမနေပါနဲ့ဦးသီလအောင်..သမီးသုံးယောက်
လုံးပေးထားတဲ့တော်စပ်မှုက သေးသေးကွေးကွေးလားဗျာ၊ ကျုပ်တို့
ကြားပြီးပြီနော်..လူကြီးမင်းက ခင်ဗျားသမီးအငယ်ကို ဘယ်လောက်
ခြတ်နိုးနေသလဲဆိုတာ.."

"ဒါမပြောနဲ့လေကိုတက်တူး..ကျုပ်ဘယ်လိုဘဝရောက်နေပြီလဲ
ဆိုတာပဲကြည့်ပါ၊ ကျုပ်သမီးတွေနဲ့တောင် ကျုပ်အဆက်မသွယ်မ
သုပ်ဘူး.."

"ကျွတ်.."

"ကိုချမ်းသာ..ကျုပ်တော့ ဒီတိုင်းပြောလို့ရမယ်မထင်ဘူးနော်.."

"ဟုတ်တယ်ဗျာ..ကိုသီလတစ်ချက်တော့ စဉ်းစားစမ်းပါ၊ သုဝ
ဏ္ဏစက်ရုံကိစ္စမှာလည်း သူ့စိတ်ကြိုက်တွက်ယူပြီး ဖြတ်ချသွားတာ
နော်..ပြန်အမ်းသွားတာ ကွမ်းဖိုးဆေးဖိုးလောက်ပဲလေ.."

"ကျုပ်မိန်းမဆို သူ့စိန်တိုက်တစ်ခုလုံးကို ထိုးပေးလိုက်ပြီးတည်း
က ရူးကြောင်မူးကြောင်ကိုဖြစ်သွားတော့တာ.."

"ကိုဟိန်းကိုအဲ့ဒါတော့ ခင်ဗျားပြန်မလိုချင်နဲ့ဗျာ..ကျုပ်တို့ပြော
နေကြတာ လောင်းကစားဝိုင်းမှာရှုံးကြတာတွေ အကြောင်းမပါဘူး.."

"ဟား..အဲ့လိုတော့မပြောနဲ့လေကိုသီလအောင်၊ ဒီကောင်နဲ့က
စားတဲ့ပွဲတွေက တစ်ကျပ်တန်းနှစ်ကျပ်တန်းမဟုတ်ဘူးဗျ..ပြီးတော့
သူတွေကလည်း တစ်ကျပ်သားနှစ်ကျပ်သားကောင်တွေ မဟုတ်ဘူး"

"ဟုတ်တယ်..ဟုတ်တယ်၊ ခုဆို လူကြီးမင်းက စီးပွားဖြုတ်ရုံ
တင်မကဘူး..မျိုးပါဖြုတ်နေတာ၊ အသက်ကြေးလောင်းကြေးထပ်တာ
ခင်ဗျားပဲစဉ်းစားကြည့်.."

www.burmeseclassic.com

www.burmeseclassic.com



"သူနိုင်တော့ ကိုယ့်ကိုယ်ကိုဓားနဲ့ကောက်ထိုးပါလို့ခိုင်းလို့လား ..သူတို့ဘာသာ တခြားအကျပ်အတည်းအခက်အခဲတွေနဲ့ တိုက်ဆိုင် ပြီးသေကြတာပါ.."

"ဘယ်နှယ့်မသင့်မြတ်ကြဘူးဆိုပြီး ကိုသီလကသမက်ဘက်က ပြောနေပါလား..ဟွန်း ဟွန်း..ရှေ့ကဖုံး နောက်ကပေါ်ဗျာ.."

"ကျုပ်တို့ကတော့ မရယ်နိုင်ဘူး.."

"ကျွန်တော်လည်းမနေ့က ကစားပွဲကိုမကျေနပ်ဘူးဗျာ..ဒီလို ပညာတစ်ခုခုသုံးတာသေချာတယ်၊ ဘယ်နေရာဖြစ်ဖြစ် လာတယ် ရောက်ပြီးမှထပြန်တယ်၊ မပြန်ဘဲကစားတာလည်းရှိတယ်..ပြန်သွား တာက ဘာလဲ၊ ကစားတိုင်းနိုင်နေတာက ဘာလဲ.."

"မရှိးသားဘူးထင်ရင် ဖမ်းမိအောင်ဖမ်းပါလား..လုပ်မနေစမ်း ပါနဲ့.ဝင်းထွန်းရာ၊ မင်းအခု တိုက်ထဲကထွက်လာတာမို့လား.."

"အင်း.."

"ကားမောင်းလာတာလား.."

"ဟုတ်တယ်လေ..ခင်ဗျားကားဘေးမှာ ကျွန်တော့်ကားထိုး တာပဲ.."

"အေး..မင်းမှာအဲ့လိုရှိသေးတယ်၊ ဟိုမှာ အန်ကယ်လ်အောင့် ကြည့်လိုက်ဦး.."

ဦးသီလအောင်ကိုရည်ရွယ်တာမှန်း အားလုံးသိကြ၏။

"အဲ့လိုလူတွေအများကြီးပဲ..မင်းမကျေနပ်နေတာ ပမ္မား.."

"ကိုင်းကွာ..တော်ကြတော့၊ ငါတို့မပြောလို့လည်း ပြီးမှမဟုတ် ဘူး..အဲ့ဒီတော့ ပွင့်ပွင့်လင်းလင်းပဲပြောရအောင်၊ ကိုသီလအောင် ခင် ဗျားတို့ရေးနေတဲ့ ဇာတ်ညွှန်းပြောင်းလိုက်ပါဗျာ..အားလုံးသိပ်ကိုနာ နာပါတယ်.."

"မဟုတ်ဘူးဦးရာဇာ..ခင်ဗျားတို့အထင်လွဲနေတာ.."

"မလွဲဘူး..လုံးဝမလွဲဘူး၊ ကျုပ်တို့ကုမ္ပဏီကိစ္စက အရေးကြီး ..ဒီကိစ္စမှာ နစ်နာခဲ့တဲ့ဒါရိုက်တာတွေအကြောင်း တစ်ဦးစီပြောပြ ရတယ်နော်.."

"ကျွန်တော်တို့ပြောသင့်နေတာအဲ့ဒါပဲ..ဒီည ဦးသီလကိုဖိတ်



ခေါ်ရတဲ့အကြောင်းက 'နေကြာပန်း'ကုမ္ပဏီနဲ့ပတ်သက်လို့ ပြောချင် တာကြောင့်ပါ..လူကြီးမင်းနဲ့မဆိုင်ဘူးလို့ ငြင်းနေမယ့်အစား ကုမ္ပဏီ ကိစ္စထပ်ဆွေးနွေးပေးဖို့ ဦးသီလကသူ့ကိုပြောပြပေးပါ၊ သူ့မှာမိဘ အသိုင်းအဝိုင်းလည်းရှိတာ မဟုတ်ဘူး..ခင်ဗျားက ယောက္ခမလည်း ဖြစ်နေတော့ ခင်ဗျားပြောရင်ရမှာပါ.."

"ဟုတ်ပါတယ်..ကျွန်တော်တို့ကိုကူညီနိုင်တာ ဦးသီလပဲရှိလို့ ပါဗျာ၊ အောက်ကျို့ခယတဲ့ပုံစံဖြစ်နေလည်း မတတ်နိုင်တော့ပါဘူး.. ကျွန်တော်တို့အရည်အချင်းမရှိတာလည်း မဟုတ်ဘူး၊ အရှုံးပေါ်နေ တဲ့ကုမ္ပဏီလည်း မဟုတ်ဘူး..စတော့ရှယ်ယာဈေးကွက်ဆိုတာတွေ သူသင်ပေးလို့ ကျွန်တော်တို့တတ်ခဲ့တာပါ၊ အခုအဲ့ဒါတွေနဲ့ပဲ ကျွန် တော်တို့ကိုလှည့်စားသွားတာ.."

"တော်တော်လည်တဲ့လူဗျာ..ကုမ္ပဏီတစ်ခုလုံး သူ့လက်ထဲ ရောက်အောင်လုပ်သွားတာ အားလုံးပက်လက်လန်ပြီး ကျန်ခဲ့ကြ တယ်.."

တစ်ယောက်တစ်ခွန်းပြောနေကြသည့် စကားသံတွေကြောင့် ရပ်တန့်နေသည့်ခြေအစုံက တော်သင့်ပြီထင်သည့်နေရာမှ စတင်ရွေ့ သွား၏။ တံခါးနှစ်ချပ်ကိုတွန်းဖွင့်ပြီး ခန်းမထဲကိုလှမ်းဝင်လိုက်လျှင်၊

"ဟင်.."

"လူကြီးမင်း.."

"သူလာပြီ.."

အားလုံးမျက်နှာတွေအစုံ သူ့ဘက်ကိုလှည့်လာကြသည်။ ကိုယ် နှာတွေပါ လှုပ်လှုပ်ရှားရှားဖြစ်ကုန်ကြကာ လူဆယ့်ငါးယောက်ခန့် ၏ စောစောကစကားသံတွေ တိတ်တိတ်ဆိတ်ဆိတ်ဖြစ်သွားခဲ့၏။ ဦးသီလအောင်က ဂျန်းနဲ့မျက်နှာချင်းဆိုင်နေရာမှာ ထိုင်နေတာဖြစ် မျက် မဖိတ်ခေါ်ဘဲရောက်လာသည့် ဂျန်းကိုမြင်တာနှင့် ပို၍စိတ်ရှုပ် သွားသည့်မျက်နှာကြီးဖြစ်သွား၏။ ပြီးတော့ သက်ပြင်းချလေသည်။

ထိုစဉ် ဖုန်းမြည်သံတစ်ချက်ကြားရပြီး ဦးသီလအောင်ဖုန်း ကိုင်ပြီး ခန်းမရဲ့ထောင့်နေရာကိုထထွက်သွားသည်။ ဂျန်းက ဦးသီ လအောင်ကို ဖျတ်ခနဲကြည့်လိုက်ရင်း စားပွဲရှည်ကြီးရဲ့ထိပ်ကို

www.burmeseclassic.com

www.burmeseclassic.com



လျှောက်သွားခဲ့၍.. ။

"ဆက်ပြောကြပါ.."

သူထိုင်မည်ထင်ကာ ထိပ်ဆုံးခုံမှာထိုင်နေသည့် 'နေကြာပန်း ကုမ္ပဏီရဲ့ဥက္ကဋ္ဌဟောင်းဦးသက်တန့်က နေရာဖယ်လိုက်ပြီး အေး မှာပြောင်းထိုင်သည်။ ဂျန်းက စားပွဲမှာမထိုင်ဘဲ ခုံကိုခြေဦးထိပ် တိုက်ဖယ်ပစ်လိုက်ပြီး စားပွဲမှာပဲခပ်ငုံ့ငုံ့လက်ထောက်၍.. ။

"နေကြာပန်းကုမ္ပဏီအတွက် ဘာတွေဆွေးနွေးဖို့ ရှိနေတာလဲ"

"စာချုပ်ကိုပြင်စေချင်တာ.."

အသက်အငယ်ဆုံးမျက်လုံးမှေးမှေး နှုတ်ခမ်းပါးပါးနှင့်လူ ပထမဆုံးထပြော၏။ ထို့နောက်.. ။

"ကုမ္ပဏီရှယ်ယာဖျက်သိမ်းခြင်း နှုတ်ထွက်ခြင်းဥပဒေအ ကြည့်ရင်လည်း.."

"နေဦး.."

ဂျန်းက လက်တစ်ဖက်ထောင်ပြီးတားလိုက်သည်။ ပြီးမှ လ ပြန်ထောက်၍ ထိုသူကိုစိုက်ကြည့်ကာ.. ။

"ကျုပ်တို့စာချုပ်မှာ လက်မှတ်ထိုးဖျက်သိမ်းကြတုန်းက ခင်ဗျား မှာ ရှေ့နေပါတယ်.."

"ဟုတ်တယ်..ပါတယ်.."

"အခု အဲ့ဒီရှေ့နေက အကြံပေးလို့ကွန်ပလိန်းတက်တာလား"

ထိုသူမျက်နှာကြီးတင်းနေလျက် ငြိမ်ကျသွားသည်။ ဂျန်း စားပွဲမှာရှိနေသည့်လူတွေထဲက သက်ဆိုင်သူတွေကိုပဲ တစ်ဦးစီလှ ကြည့်ရင်း.. ။

"ခင်ဗျားတို့ကိုယ့်ရှေ့နေနဲ့ကိုယ်လာကြတာ လေးယောက် တယ်..လွှဲပြောင်းမှုမလုပ်ခင်ကနေ တစ်လတိတိအချိန်ယူပြီး စဉ်း ခဲ့ကြတယ်.."

"ဒါတော့မဟုတ်ဘူးလူကြီးမင်း..မင်းကပြောတာနဲ့တန်းကော စားတာ.."

ဂျန်းကပြုံးလိုက်ကာ.. ။

"ကိုယ့်ကိုယ်ကိုဆင်ခြင်ဉာဏ်နည်းတာတွေ လေလံတင်ပြ



ါနဲ့.."

"ဘာ.."

"ကျုပ်ကလည်း ချီးဘယ်လိုအရသာရှိသလဲမေးခဲ့တာမဟုတ် ဘူး..ခင်ဗျားတို့ကလည်း မြည်းစမ်းပြီးဖြေမယ့်သူတွေ မဟုတ်ပါဘူး."

"ကြည့်စမ်း.."

"ဟိတ်ကောင်.."

နှစ်ယောက်သည် ဝုန်းခနဲထရပ်ကြကာ လိုင်စင်နဲ့သေနတ်တွေ တ်ပြီး လက်တပြင်ပြင်.. ။

"မပစ်ရဲရင်သေနတ်မကိုင်ရဘူးဦးချမ်းသာ..ကျုပ်လက်ကကျည် ထက်မြန်တာ ခင်ဗျားသိပါတယ်.."

လက်သည်ကျည်ဆံထက်တော့ မမြန်နိုင်ပေမယ့် သေနတ်ပစ် မရှိသည့်နေရာမှာကျတော့ ကစားစရာသေနတ်လောက်တောင် အ မဝင်ပေ။ ထို့ကြောင့် အားကိုးရာပြီးယူလာခဲ့သည်။ စိတ်လိုက် ပါကောက်ကပ်ချိန်မိ၏။ ပစ်ချလိုက်ပါလားဆိုတော့ တွန့်ဆုတ် သည့်စိတ်က ဂျန်းရဲ့လက်ဦးမှုကို စောင့်နေမိသလိုဖြစ်ရလေ သည်။

ဦးချမ်းသာအံကြိတ်လိုက်ရင်း သေနတ်တဆဆနှင့် ငြိမ်ကျသွား ၏။

"ကျုပ်ဘယ်သူ့ဆီကမှ စားပြတိုက်ယူခဲ့တာမဟုတ်ဘူး..ခင်ဗျား ကလည်း ဆွံ့အနားမကြားတွေမဟုတ်ဘူး၊ ကြောင်တောင်ကန်း ယောက်မှမပါဘူး.."

ဂျန်းရဲ့မျက်နှာက တင်းမာနေသည်။ စကားပြောနေရင်း ဖို တ်ပစ်တတ်သည့် အံကြိတ်ခြင်းက တင်းခနဲလှုပ်ခတ်သွားသည့် ရိုးတို့ကြောင့် သိသာနေကာ.. ။

"ဦးသီလအောင်ဖြစ်ဖြစ် ဘယ်လိုပုဂ္ဂိုလ်ဖြစ်ဖြစ် ကျုပ်ရဲ့ရာဇဝင် ဆုံးဖြတ်ချက်ချပြီးရင် ညှိနှိုင်းတယ်ဆိုတာမရှိဘူး..ဘယ်လိုတော့ တ်သက်မှုမှလည်းကျုပ်ဘဝထက်အရေးမပါဘူး၊ ဥပဒေကြောင်း င်းချင်လည်း ရတယ်..လူချင်းရှင်းချင်လည်း တစ်ချက်ပဲအွန်လိုက်'

"လူကြီးမင်း..မင်းက.."

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ဆွေးနွေးဖို့လာတာမဟုတ်ဘူး.."

ထပြောဖို့ပြင်နေသည့်တစ်ယောက်က ဂျန်းရဲ့စူးရဲသည့်မျက်လုံးတွေကြောင့် တွန့်ဆုတ်တိတ်ကျသွား၏။

"ကျုပ်ကိုမဖိတ်ပေမယ့် ကျုပ်လာခဲ့တယ်..အဲ့ဒါက'နေကြာပန်း'ကို ကျုပ်မကြာခင်ဖျက်ချမယ်ဆိုတာ လာပြောတာ.."

"ဘာပြောတယ်..ဘာ.."

"ဟာ.."

"ဖြောင်း ဖြောင်း ဖြောင်း.."

အားလုံးသွေးပျက်ခြောက်ချားသွားလျှင် တစ်ဦးတည်း၏လက်ခုတ်သံက ခြောက်ကပ်ကပ်ပေါ်လာခဲ့၏။ အကုန်လုံးက'ဘာလဲ'ဆိုသည့် မျက်လုံးတွေနှင့်လှည့်ကြည့်ကြလျှင် ဂျန်းနဲ့ထောင့်ဖြတ်နေရာမှာထိုင်နေသော ဦးစစ်ကွမ်ကလက်ခုပ်တီးနေဆဲရှိလျက်.. ၊

"တစ်ယောက်တည်းလေလုံးထွားလွန်းလို့ အားပေးတာပါကွာ-ဟား ဟား ဟား ဟား.."

ဦးစစ်ကွမ်က ပိုပြီးအားပါးတရရယ်နေလျက် ခန်းမ၏တံခါးဘက်ကနေ လျှောက်ဝင်လာသောတစ်ယောက်က ဦးစစ်ကွမ်ရဲ့အနားထိသွား၍ ခေါင်းငုံ့အရိုအသေပေးရင်း.. ၊

"ယူသွားပါပြီသူဌေး.."

"သေချာရဲ့လား.."

"သေချာပါတယ်ခင်ဗျ.."

စကားလုံးတွေကို အားလုံးကကြားနေကြကာ ဘယ်မှနား လည်ကြပေ။ ဒါပေမယ့် ဂျန်းမျက်မှောင်တစ်ချက်ကုန်ရင်း အာရုံ လိုက်တာနှင့် တန်းခနဲသိသည်။

ကြာနွယ်ရိုး.. ၊

"စိတ်မကောင်းဘူးကွာ..ဟား ဟား ဟား.."

ဦးစစ်ကွမ်ကလက်နှစ်ဖက်ကိုမြှောက်၍ လက်ဖဝါးချည်းပဲ နေရင်း တဟားဟားရယ်ကာ.. ၊

"လူကြီးမင်းအပြောကောင်းသော်လည်း စာချုပ်တွေစာရွက် တမ်းတွေက ကျုပ်တို့လက်ထဲပြန်ရောက်နေပြီဆိုတော့.."



"ဟင်.."

"ဟာ..ဘာလဲ.."

"တကယ်လား..ဘယ်မှာလဲ.."

ဂျန်းအံတကျိကျိကြိတ်သည်။ နားထဲမှာရယ်သံတွေက ရဟတ် ဘဲ့ဒလက်လည်နေတာကို အနီးကပ်ကြားနေသလို တဝီးဝီတဒုတ် ဘ်ပစ်ဆောင့်နေ၏။

"စကားဆိုတာ ကုန်အောင်မပြောရဘူးကွ..ဘာတဲ့၊ ဘယ်လို ဘ်စပ်ပတ်သက်မှုတွေမှ ကျုပ်ဘဝထက်အရေးမပါဘူး..ဟုတ်လား၊ ား ဟား ဟား..မင်းကအရေးမပါလည်း တော်စပ်နေပြီဆိုတည်းက ါလို့မှမရတာကွာ..အခုပဲမင်းရဲ့မိန်းမက.."

"ဝုန်း.."

"ဒုန်း.."

"ချွမ်း..ချလွမ်.."

မှန်ခင်းထားသည့်အယောက်သုံးဆယ်စာ စားပွဲရှည်ကြီးသည် း‌ရဲ့လက်တစ်ဖက်စာအောက်မှာ တစ်ခြမ်းနီးပါးကွဲကြေပျက်စီး ားခဲ့၏။ တစ်ခန်းလုံးတိတ်ကျသွားသည်။ ခုထိဖုန်းကိုင်ရင်းပါး အဟောင်းသားဖြစ်နေခဲ့သော ဦးသိလအောင်ထိတ်လန့်သွား၏။

ရိုးဘယ်လိုလုပ်လိုက်တာလဲ..။ ဂျန်းပြန်ထွက်သွားသည့်ခြေ း‌တွေနောက်မှာ ရိုးဘယ်လိုခုခံရင်ဆိုင်မှာလဲ..။ မိဘဆိုသည့်ရင် မှာ ဖြောင်းဆန်အောင်ပူလောင်သွားသည်။ ရိုးသူ့ကိုဖုန်းခေါ်ပြီး ထဲမှာ ဘာတွေဖြစ်နေသလဲမေးသည်။ ဘယ်သူတွေရှိနေတာလဲမေး ပြောလိုက်သည်။ ဒါလည်းသူမနဲ့မျက်မှန်းတန်းဖူးသည့် လူနှစ် ာက်လောက်ကိုပဲ အလွယ်ပြောပြလိုက်တာပါ.. ၊

ဂျန်းနဲ့ဒီလူတွေ အချေအတင်ပြောနေကြတုန်းမှာ ကားပါကင်မှာ ခဲ့သည့် ဦးစစ်ကွမ်ရဲ့တပည့်လေးကို ဖိုင်တွေပေးလိုက်တာလား.. တွေကို ဘယ်လိုရပြီး ဘယ်သူ့နောက်ထည့်ပေးလိုက်တာလဲ..။ ဦးစစ်ကွမ်ကို ဘယ်လိုအကြောင်းကြားလိုက်တာလဲ.. ၊ ိုက်လိုက်တဲ့သမီး..။ သူဒီလောက်ထိဝင်မပါဖို့ တားနေတဲ့ကြား ချက်ချင်းလုပ်ပစ်လိုက်သည်။ သူမလုပ်လိုက်တဲ့အမှုဘယ်

www.burmeseclassic.com

www.burmeseclassic.com



လောက်ကြီးသလဲမသိလို့လား..။ ဘာအားကိုးနဲ့လူကြီးမင်းလို
တိုက်ခိုက်ရဲတာလဲ.. ၊

သွားပြီ..ည့်ည်းဘဝပျက်ပြီ။ တစ်ခါတည်းအသေသတ်လိုက်
စေသာ ဆုတောင်းပေတော့.. ၊

## အခန်း(၄၂)

တစ်လမ်းလုံးချုပ်တီးလာခဲ့သည့်ဒေါသသည် အိမ်အဝမှာအခါ
လာသည့် မိုးစက်တို့သွန်းဖျန်းပေမယ့် ဘယ်လိုမှမငြိမ်းသေနိုင်။

"ဂျိမ်း.."

တံခါးကိုဆောင့်ပိတ်လိုက်ကာ ရှေ့ကပတ်သွားသည်။ ပြီးတော့
သည်းတစ်ခွန်းမှမမေးသလို တစ်လမ်းလုံးတိတ်ဆိတ်စွာပါလာ
သည့် ရိုးရဲ့သောတံခါးတစ်ဖက်ကိုဖွင့်၍ လူကိုပါဆွဲချလိုက်၏။

ခြေထောက်နှစ်ဖက်စလုံးထောက်ချိန်မရလိုက်ခင် တစ်ကိုယ်
းထွေးခနဲပါသွားသော်လည်း ရိုးထံမှတစ်ချက်မှ ညည်းတွားသံမ
က်ခဲ့ပေ။ တံခါးလာပြေးဖွင့်သည့် စုစုမျက်လုံးပြူးသွားလျက် သော့
ကျ်နဲ့သော့တံသည် တုန်ယင်နေသည့်လက်ထဲမှာ ဟိုချော်ထွက်
ချော်ထွက်.. ၊

တံခါးဖွင့်နေတုန်း ဂျန်းကအနားရောက်လာကာ တံခါးကိုသူ့
သာဒိုင်းခနဲဆောင့်တွန်းပစ်လိုက်ပြီး ရိုးလက်ကိုဆွဲခေါ်သွား၏။
ဖြစ်ပျက်သမျှကိုစုစုအဝဝသည်.. ၊

"ကဲ..ဖြေစမ်းပါ၊ ခင်ဗျားဒီလိုလုပ်ဖို့စိတ်ကူးတော့ ကျုပ်ကားပေါ်
က်လိုက်လာတည်းက ပြင်ဆင်ပြီးသားဖြစ်နေတာလား..ကျုပ်ထား
ာမှထွက်လာတဲ့ မိန်းမညာဏ်တွေလား.."

"မိန်းမကကြံတာမိန်းမညာဏ်ပေါ့.."

"တောက်.."

ဂျန်းတက်ခေါက်ကာ ရိုးရဲ့ပခုံးနှစ်ဖက်ကို ဆောင့်ခနဲဆွဲခါပစ်
.. ၊

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကအဲ့လိုမိန်းမလား..ကြာနွယ်ရှိုးဆိုတဲ့မိန်းမကလေ ခ

ဗျားက.."

ဘယ်လိုမှထိန်းမရတော့သည့် ဒေါသသည်လက်ကိုစိတ်ရှိလ

ရှိ လွှဲလိုက်မိပြီး..၊

"ကျုပ်.."

အရှိန်ကုန်လွှဲထားသည့်လက်သည် လေထဲမှာပဲဆတ်ဆတ်

နေလျက်..၊

"ကျုပ်ကိုခင်ဗျား..ဟာ ကွာ.."

"အား.."

ရိုက်ချက်မဟုတ်သော်လည်း တအားဆောင့်တွန်းပစ်လိုက်

ဖြင့် ရှိုးတစ်ကိုယ်လုံးအမှိုက်တစ်စလို လွင့်ထွက်သွား၏။ လ

တောက်ပြောင်ရှင်းနေသော ကြမ်းပြင်ပေါ်မှာလဲကျသွားပြီးမှ ဒ

ခေါက်ကွေးလိမ့်သွားခဲ့၏။

ဂျန်းသည်သူမဆီကို ဒေါသမပြေစွာတလွှားလွှားလျှောက်

ခဲ့လျက် လက်တစ်ဖက်နဲ့ရှိုးရဲ့လက်တစ်ဖက်ကို အကြမ်းပ

ဆောင့်ဆွဲယူသည်။ သူ့လက်ထဲမှာ ရှိုးသည်ခွေခွေခေါက်ခေါက်

ပါလာခဲ့လျှင်..၊

"ခင်ဗျားနဲ့ကျုပ်တိုက်ခိုက်ဖို့ရှိလာရင် နှစ်ယောက်တည်း

လို့ရတယ်..ဘယ်လိုအရှိန်နဲ့တိုက်ချင်သလဲ၊ နှစ်ယောက်တစ်ယေ

အကျန်လား..တစ်သက်လုံးပြိုင်ဘက်ရန်သူလိုမျိုး အရှုံးအနိုင်

လား၊ ဘယ်လိုပုံစံဖြစ်ဖြစ် ကျုပ်ကစိန်ခေါ်ပြီးသား.."

ရှိုးခေါင်းတွေမူးမိုက်ပြာဝေနေသဖြင့် ရုတ်တရက်စကားမ

နိုင်။ ဂျန်းကသူမရဲ့ပခုံးနှစ်ဖက်ကို ဖိဆုပ်ခါရမ်းနေသဖြင့် ဆံ

သည်မျက်နှာပေါ်ပြိုဆင်းလာလိုက် လွှဲရမ်းသွားလိုက်။ ပါးပြင်

က မျက်ရည်များမှာကပ်တွယ်နေသည်တချို့နှင့် ရုပ်ပျက်ဆင်း

မူးမိုက်ပြာဝေနေခဲ့ဆဲ..၊

ဂျန်းရဲ့မျက်နှာမှာ နူးညံ့စာနာမည့်အရိပ်အယောင်တစ်စက်

မှ မရှိပေ။ ထို့ပြင်..၊

"ကျုပ်ရဲ့အလုပ်ကို ကျုပ်ဂရုမစိုက်ခဲ့တဲ့ လူဘုံအလယ်မှာ



ဗျား..ခင်ဗျားဘာလုပ်လိုက်တာလဲသိလား၊ ခင်ဗျားသိရဲ့လား.."

"သိတယ်.."

ရှိုးအသံလေးက အံကြိတ်တုန်ခါနေလျက်..၊

"သိလို့လုပ်တာ..မင်းငါ့အလုပ်ကိုဘယ်နှစ်နှစ်အရွယ်လေးနဲ့ မ

ဆီမဆိုင်ဝင်ရှုပ်ပြီး ငါ့တစ်သက်လုံးဒုက္ခများအောင်လုပ်ခဲ့တာ..အခု

ငါကမင်းရဲ့ဇနီး၊ မင်းထက်အသက်ကြီးတယ်..ငါ့မှာလုပ်ပိုင်ခွင့်ရှိ

တယ်.."

ဂျန်းကနီးကပ်နေသည့် ရှိုးရဲ့မျက်ဝန်းလေးတွေကို သတ်ချင်

ဖြတ်ချင်သည့်မျက်လုံးတို့ဖြင့် စူးစူးရဲရဲကြည့်၍ အံကြိတ်ထား၏။

'ပြီးအောင်ပြောစမ်း'ဟု လွှတ်ပေးထားတာမျိုး။ ရှိုးကသူ့လက်တွေထဲ

က လွတ်မြောက်ဖို့မရုန်းပါ။ ထို့ပြင် သူ့မျက်လုံးတွေကို တည့်တည့်

စိုက်ကြည့်လျက်..၊

"လုပ်ပိုင်ခွင့်ရှိလို့လုပ်တယ်..ဟိုတုန်းကမင်းလုပ်ခဲ့တာ တစ်

ဖက်လူတွေဘယ်လိုဖြစ်သွားခဲ့သလဲဆိုတာ မင်းနားလည်အောင်လုပ်

တယ်၊ တစ်စက်လေးမှ တရားမျှတမှုမရှိဘဲ စာချုပ်တွေမှန်းသိလို့လုပ်

တယ်..ရှင်းရဲ့လား၊ အားလုံးရှေ့မှာ မျက်နှာစုံညီမင်းစာချုပ်တယ်..

ရှေ့နေရှေ့ရပ်တွေလည်းပါတယ်၊ ညီညွတ်ပြည့်စုံတဲ့အချက်အလက်

တွေရအောင် မင်းစုဆောင်းထားတယ်..ဒါပေမယ့် အဲ့ဒါမင်းအရည်

အချင်းတွေပဲ.."

ဂျန်းရဲ့လက်ဖိအားက ပခုံးရိုးတွေကျိုးကြေတော့မတတ် ပြင်း

ထန်လာသည်။ ရှိုးမျက်နှာလေးမဲ့သွားလိုက် ဆက်ပြောလိုက်နှင့်..၊

"မင်းမှာအဲ့လိုအရည်အချင်းတွေရှိတယ်..အားလုံးအပေါ်မှာ ချုပ်

ကိုင်စိုးမိုးနိုင်တဲ့ပညာတွေ မင်းကျွမ်းကျင်တယ်၊ ဒါပေမယ့် အဲ့ဒါတွေ

ဟာ ညာတာစိတ်ကင်းမဲ့တဲ့လူတွေရဲ့ ထူးချွန်ပြောင်မြောက်မှုတွေပဲ.."

"အဲ့ဒီတော့ ခင်ဗျားကသူများတွေ ဒုက္ခမရောက်အောင် စာနာ

စိတ်နဲ့ပေးထည့်လိုက်တယ်ပေါ့.."

"ဟုတ်တယ်..မင်းလုပ်ခဲ့ဖူးသလို ငါကလုပ်ခွင့်မရှိဘူးလား.."

"မရှိဘူး..လုံးဝမရှိဘူး၊ ကျုပ်ရေးတာ ကျုပ်မူဝါဒ..ကျုပ်လက်

ကိုင်ထားတာ ကိုယ့်မင်းကိုယ့်ချင်းပဲ.."

www.burmeseclassic.com

www.burmeseclassic.com



ဂျန်းကပခုံးကို ဆောင့်ခါလိုက်ပြီး.. ၊
"ခင်ဗျားမှာလုပ်ပိုင်ခွင့်ရှိခြင်းမရှိခြင်းကို ဘယ်စာချုပ်ဘယ်လို ကျုပ်
တော်စပ်မှုနဲ့မှ ဆုံးဖြတ်လို့မရဘူး..ခင်ဗျားအတွက်နေရာကို
သတ်မှတ်တာ၊ ကျုပ်မပေးအဲ့ခင်ဗျား ဘာမှရယူပိုင်ခွင့်မရှိဘူး..အ
လကားမိန်းမ..သုံးစားမရတဲ့ဥ--အောက်နဲ့၊ တောက်..ထွက်သွား ခင်
ဗျားကိုကျုပ်ရိုက်မသတ်မိခင် သွားတော့..သွား.."
ရိုးလက်လေးတစ်ဖက်ကို တံခါးအပြင်ဘက်ထိဆောင့်ဆွဲခေါ်

သွားခဲ့ပြီး.. ၊
မိုးတွေဝေါခနဲရွာချလာသည်။ တံခါးပိတ်သံက ဂျိုးဂျိုးဂျိမ်းဂျိမ်း
မြည်သွား၏။ ညဦးသည်ပြင်းထန်သောပေါက်ကွဲမှုတစ်ရပ်ကို အသံ
အားဖြင့် လွှမ်းခြုံဖုံးကွယ်ထားလိုက်သလိုရှိသော်ငြား.. ၊

အခန်း(၄၃)

"တောက်.."

"ဝှန်း..ချလွှမ်း.."

တစ်အိမ်လုံးရစရာမရှိအောင် ပေါက်ကွဲပျက်စီးကုန်သည်။ ဒီမိန်းမကို ရိုက်သတ်ပစ်လိုက်ပါလား..။ သူ့ကိုတစ်ခုခုနာကျင်အောင် မလုပ်ရဘဲ မင်းရဲ့ဒေါသတွေပြေမလား. .၊

ဒီအခြေအနေ ဒီအချိန်ရောက်တဲ့အထိ အသားတုန်အောင်ဒေါသဖြစ်ရသမျှ ဒီမိန်းမနဲ့ချည်းပတ်သက်နေ၏။ ကြာနွယ်ရိုးဆိုသည့် မိန်းမကြောင့်သာ သူ့စိတ်တွေမချမ်းသာခဲ့ရတာ။ အိမ်ပေါ်နဲ့အိမ်အောက်ဆင်းလိုက်တက်လိုက် ဘယ်နှစ်ခါရှိနေပြီမှန်းတောင် မသိတော့ပေ။

မြင်မြင်သမျှ ဘာပစ္စည်းမှအကောင်းတိုင်း မမြင်ချင်အောင် ချက်လုံးထဲမှာ အနီရောင်တွေဖြစ်နေ၏။

"စကားကိုကုန်အောင်မပြောရဘူးကွ.."

"ဘာလဲ..ဘယ်လိုတော်စပ်ပတ်သက်မှုတွေမှ ကျုပ်ဘဝထက်အရေးပါဘူး၊ ဟုတ်လား..ဟား ဟား ဟား.."

"ခုပဲမင်းမိန်းမက.."

"ဟား ဟား ဟား.."

"ဟင်.."

"တကယ်လား.."

"ဟာ.."

ဒီအသံတွေ ဒီမြင်ကွင်းတွေကြောင့် ဒေါသက[illegible]အိုးကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com



ပွက်ပွက်ဆူလျက်.. ၊

"တောက်.."

"ဒုန်း..ခွမ်း.."

"အစ်ကို.."

ပစ္စည်းအကွဲအပျက်တွေကြားမှာ လက်ခုံတစ်ခုလုံးလည်း သွေး စိမ့်ပြီးနီရဲနေပြီမို့ နေဝင်းပြေးလာရှာကာ.. ၊

"တော်ပါတော့အစ်ကိုရာ..အစ်မလည်းထွက်သွားပြီ၊ မိုးတွေ ဒီ လောက်.."

"ဟိတ်ကောင်..တိတ်စမ်း.."

နေဝင်းကိုလက်ပြန်တွန်းထည့်လိုက်လျှင် မှောက်ခုံလဲနေသည် ဆက်တီပေါ်ပက်လက်ကြီးပစ်ကျသွားခဲ့၏။

"သွား..မင်းမနာချင်ရင် ခုထွက်သွားလိုက်၊ တစ်ကောင်မှ ငါ့ မျက်စိရှေ့မလာနဲ့.."

ဘယ်သူ့ကိုမှနားလည်မပေးနိုင်။ စာနာစိတ်ထားတဲ့သူတွေ ဘယ်တော့မှအနိုင်မရ။ ကမ္ဘာပေါ်မှာလူသားတွေ ကုဋေကုဋာရှိကြ ပေမယ့် အားလုံးသည်လည်းကိုယ်တတ်စွမ်းသမျှကြိုးစားပြီး စည်း မျဉ်းစည်းကမ်းမူဝါဒတွေအောက်မှာ အကောင်းဆုံးနေထိုင်နေကြတာ တောင် အဲ့ဒီလူတွေ ဘယ်လောက်လောက်ပြန်ရကြသလဲ.. ၊

လူတွေဘယ်လိုနေနေ ဆိုးဆိုးကောင်းကောင်းကမ္ဘာမြေကြီးက စောင့်ကြည့်ဝေဖန်ခဲ့သလား..။ လူဆိုးလူကောင်းခွဲခြားပြီး လက်ဆ နှုတ်ဆက်ဂုဏ်ပြုပေးဖူးလို့လား.. ၊

လောကကြီးကမတရားဘူး..ကမ္ဘာကြီးကလုံးသည်ပြားသည် သည်အေးသည် ရာသီလည်းမမှန် စသဖြင့်လူတွေဘာပြောပြော က မ္ဘာကြီးကဂရုစိုက်ခဲ့လို့လား..။ ထို့ကြောင့် သူကျင့်ကြံတာ လူတွေအ ပေါ် ကမ္ဘာကြီးဘက်ကထားသည့်ဥပေက္ခာမျိုးဖြစ်သည်။

တစ်ကိုကောင်းဆန်ရမည်။ ဥပေက္ခာထားနိုင်ရမည်။ သူ့ကို သူဟန်ချက်ညီဖို့အတွက် ကမ္ဘာကြီးကသူ့ကိုယ်သူပဲတာဝန်ယူသည် လူတွေကိုငဲ့ကြည့်တာမဟုတ်။ သူလည်းဒီလိုကျင့်ခဲ့သည်။ အေး မြင်ကျော်ကြားမှုတွေနောက်ကိုလိုက်ခဲ့တာ ငွေလိုချင်လို့အစိက



ဟုတ်ဘဲ လူတွေအပေါ်ဥပေက္ခာထားနိုင်ဖို့။ မကောင်းရာမကောင်းကြောင်း ဆိုတာမျိုး ဘယ်သူနဲ့မှဘယ်တော့မှရှိမလာဖို့ ကိုယ့်မှာပြည့်စုံနေဖို့လို သည်။

သူချမ်းသာချင်ခဲ့တာ ဒါပဲဖြစ်သည်။ လောဘတကြီးရှာဖွေနေ သည့် သူရဲ့ခြေလှမ်းတိုင်းက ကိုယ့်အတွက်ဟန်ချက်ညီဖို့တစ်ခု သည်း။ ခုတော့ ကြာနှယ်ရိုးဆိုသည့်မိန်းမတစ်ယောက်အတွက် သူ့ ခြေတစ်ဖက်စာဖယ်၍ နေရာပေးခဲ့မိသည်။ ထို့ကြောင့် သူဟန်ချက် ပျက်ခဲ့ရ၏။

ဒီလိုဖြစ်သင့်သလား..။ တစ်ဘဝလုံးခိုင်မတ်စွာ ရပ်တည်ခဲ့သမျှ ဘာကြောင့်ပျော့ညံ့သွားခဲ့တာလဲ..။ မိန်းမတွေမယုံကြည်ထိုက်မှန်း သိရက်နဲ့ မိန်းမတစ်ယောက်ကို ဘာဖြစ်လို့အနားခေါ်ထားမိခဲ့တာ လဲ.. ၊

တွေးနေရင်းဆုပ်ကျစ်ထားမိသည့် လက်သီးတို့သည်သာပို၍ ကျစ်ခဲလာခဲ့ပေမယ့် အဖြေကမရှိ။ ရှိနေရင်လည်း ဒီအထိအဖြေသိ သူကြိုးစားမှာမဟုတ်ပေ.. ၊

မိန်းမဖျက်လို့ပြည်ပျက်ခဲ့တာ ဘယ်လိုနေသည်မသိ။ သူ့ရင်ထဲ တော့ ကမ္ဘာပြိုနေလေသည်။

1

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄၄)

မိုးကလေပါလာတဲ့အခါ မြည်သံပေးပြီးသည်းချလာလိုက် အ
သံပျော့ပျော့နှင့် အစက်အပြောက်လေးတွေအဖြစ် တဖွဲဖွဲဆင်းလာ
လိုက် အရှိန်ကမမှန်.. ၊

သို့သော် ရိုးကိုယ်ပေါ်မှာတော့ မိုးရေကြောင့်စိုရွှဲနေပြီဖြစ်လေ
သည်။ ညဥ့်နက်နက်မှာ ကားမီးရောင်တွေလည်းကျိုးတို့ကျဲတဲနှ
အလင်းရောင်ကအင်အားမဲ့နေ၏။

လမ်းဘေးမီးတိုင်တွေက မိုးစက်တွေနောက်မှာ ခပ်မှုန်မှုန်မို့ မိ
မတစ်ယောက်ဖြစ်နေသည့်အတွက် ဒီအချိန် ဒီနေရာမျိုးမှာအန္တရာ
ကြီးမှန်းသိသည်။ သို့သော် ဘာကိုမှဂရုမစိုက်ချင်လောက်အော
ရှက်ရွံ့နာကျည်းနေမိသည်က မိန်းမတွေကိုမှမုန်းတီး၍ ပုတ်ခတ်ရ
စက်ဖို့ဘယ်သောအခါမှ ဝန်မလေးတတ်သောဂျန်းရဲ့အငြိုးတရားတွေ
ကိုပင်.. ၊

ဒါပေမယ့် သူမကျေနပ်သည်။ သူ့ကိုဒုက္ခပေးလိုက်ရလို့ ကျေ
နပ်နေတာမဟုတ်မှန်းလည်း ဘယ်သူသိသိမသိသိကိုယ့်ကိုယ်ကို
သည်။ ဟိုတစ်ချိန်က သူ့လုပ်ရပ်ဘယ်လောက်ထိ မိုက်ရိုင်းခဲ့သလဲ
တာ အခုသိစေခဲ့ပြီမို့ နောက်ဆက်တွဲဖြစ်လာခဲ့တာတွေအတွက် သူ
ခံနိုင်ရည်မွေးရမည်။

ဘဝဆိုတာ မင်းမသိတဲ့အရပ်မျက်နှာတစ်ဖက်ကနေ ပတ်ဝန်
ကျင်ရပ်ဝန်းတစ်ခုထဲကို ခြေလွတ်လက်လွတ်ပြုတ်ကျလာတာမျိုး
ဂျန်း။ လူဖြစ်ဖြစ် တိရစ္ဆာန်ဖြစ်ဖြစ်ဘယ်သတ္တဝါမှတစ်ဦးတစ်ယော
တည်း ရပ်တည်နေလို့မရဘူး။ ရခဲ့ရင်လည်း အသက်တစ်ချောင်းရှ



သန်ရုံပဲ။ ပြည့်စုံကောင်းမွန်တဲ့ဘဝကို ဘယ်တော့မှရမှာမဟုတ်ဘူး..။

အဲ့ဒါကြောင့် မင်းရဲ့မာန်မာနတွေကို ငါဒီလိုရိုက်ချိုးဖို့ ကြိုးစား
ခဲ့တာ။ လူ့ပတ်ဝန်းကျင်ကို ဥပေက္ခာထားပြီး မင်းဘယ်လောက်ထိ
မော်ကြွားနိုင်မှာလဲ..။ အရာရာမှာ ညီညွတ်မျှတခြင်းဆိုတာရှိတယ်။
မင်းရဲ့တစ်ဖက်စွန်းရောက်နေတဲ့ မာန်မာနတွေ အမုန်းတရားတွေ မင်း
အနာဂတ်အတွက် အနီရောင်ကောင်းကင်ကို ဖန်ဆင်းပေးကြလိမ့်
မယ်.. ၊

ရင်ထဲမှာကြေကွဲနေသမျှ ဂျန်းကိုပဲစကားတွေပြောနေမိသည်။
သူ့ကိုပညာပေးချင်နေတာလား..။ သူ့အတွက်စိုးရိမ်နေခဲ့တာလား..။
ကိုယ့်ဆီကိုရောက်လာမယ့်လက်နက်တွေကို သိနေရက်နဲ့ သူမဒီလို
လုပ်ခဲ့တာ သူ့ကိုပညာပေးချင်တာဟုတ်ရဲ့လား.. ၊

ညစ်ညမ်းသည့်အသိုင်းအဝိုင်းတွေထဲမှာ အဆိပ်ထပ်ခတ်ပြီး
လက်ပစ်ကူးဖို့ကြိုးစားနေတဲ့သူကို ဆွဲထုတ်ကယ်တင်ချင်တာလား..။
သူမရင်ထဲမှာ ဂျန်းကိုမုန်းနေတာလား..။ မသိစိတ်ကနေ တွယ်တာ
နေခဲ့တာလား.. ၊

သူကချည်းဒေါသမာနတွေနဲ့ ဆက်ဆံနေခဲ့ပေမယ့် ကိုယ့်အ
လှည့်ရောက်ပြီဆို သူမတွန့်ဆုတ်ခဲ့သည်။ ဦးပွကြီးရဲ့စကားတွေမှာ
အလွယ်တကူ ပျော်ဝင်တွေဝေခဲ့၏။ ဤသို့တွေးမိလိုက်သည်နှင့် မိုး
စက်တွေရွှဲနေသောပါးပြင်ထက်မှာ ပူနွေးသောမျက်ရည်စက်တို့ လိမ့်
ဆင်းလာကြသည်။

သူမဘယ်သွားမလဲ..။ လက်ထဲမှာဖုန်းတစ်လုံးတောင်မပါ။
ဆက်သွယ်ဆဲနဲ့တူတာဆိုလို့ တစ်ရှူးလေးတစ်စတောင်မပါခဲ့။ မိုးရေတို့နှင့်
အေးစက်စွာလဲလျောင်းနေသော ကတ္တရာလမ်းမကြီးရဲ့အစပ်မှာ ရိုး
လက်လေးပိုက်ထားရင်း တစ်လှမ်းချင်းလျှောက်နေခဲ့မိသည်။ ထိုအ
ခါ ပိုက်ထားမိသည့်လက်က ကိုယ့်ပခုံးစွန်းတွေပေါ် ခပ်စမ်းစမ်းဖြ
ကိုင်ကြည့်ရင်း ရင်ထဲမှာနင့်သွား၏။

သူထင်တိုင်းဖိဆုပ်လွှဲရမ်းခဲ့သမျှ နာကျင်ခဲ့ရသည့်အသားတွေ
က မိုးရေအေးကြောင့် ပို၍နာကျင်အောင့်သက်နေခဲ့လျက်.. ၊

"ဖျော.."

www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်နေသည့်ညဥ့်ယံမှာ ရေတွေပေါ်ဖြတ်မောင်းလာ
သည့်ကားသံနှင့်အတူ မီးရောင်ဝင်းခနဲကျလာ၏။ လမ်းဆုံကနေ
ဝိုက်လာသည့်ကားမှ မီးရောင်ကျလာသည်နှင့် မရှေးမနှောင်းမှာ အ
နားရောက်လာခဲ့ပြီး.. ၊

"တီ.."

ညဥ့်ဆယ့်နှစ်နာရီကျော်ရှိနေပြီဖြစ်ကာ ဒီအချိန်ကိုယ့်ဘေး
လာရပ်သည့်ကားက 'လေးစားပါသည်'ဆိုပြီး အလေးပြုထွက်သွား
မှာမဟုတ်မှန်း သူမသိလိုက်သည်။ လမ်းဘေးကနေ ကပ်လျှော
ကာမှ ကားကသူမဘေးကပ်ကပ်လေးကနေ အနည်းငယ်ရှေ့တိုးပြီး
ရပ်သွားကာ မှန်လေးမဟတဟပွင့်သွားသည်။

"ဒီမှာ ညီမ.."

ခေါ်လိုက်တာယောကျ်ားတစ်ယောက်ပေမယ့် ရည်မွန်ယဉ်ကျေး
ပုံရှိလည်းရှိပေမယ့် ကိုယ်မသိသည့်အသံမို့ ရိုးလှည့်လည်းမကြည့်
ခြေလှမ်းကိုလည်းမရပ်မိ.. ၊

"ဂျိမ်း.."

နောက်ကတံခါးပိတ်လိုက်သံကြားသဖြင့် ဆင်းလိုက်လာတ
မှန်းသိကာ ထိတ်ခနဲဖြစ်သွားမိ၏။ ခြေလှမ်းတွေလည်းသွက်သွ
သည်။ သို့သော်.. ၊

"ညီမ..ညီမ ခဏလေးပါ.."

ထီးတစ်ချောင်းသည် သူမခေါင်းပေါ်ကိုအုပ်မိုးလာခဲ့ပြီး ဘေး
အတူလာရပ်သည့်အရပ်မနိမ့်မမြင့်ယောကျ်ားတစ်ယောက်သည်

"ညီမကိုယ့်ကိုမမှတ်မိဘူးထင်တယ်..ကိုယ့်နာမည်က ကျော်
သွင်ပါ၊ ဟို အဟွန်း..ဒေစီ့ယောကျ်ားပါ.."

ဒေစီ့ကိုလည်းမသိ။ ကျော်မျိုးသွင်လည်းမသိ။ နာမည်ကို
လူကိုပါမသိသည့်အကြည့်တို့နှင့် ရိုးကသူမိုးပေးသည့်ထီးအော
က ထွက်လိုက်သည်။

"ညီမ.."

"ရှင့်ကိုကျွန်မမသိဘူး.."

"ဒါပေမယ့် ညီမကိုကိုယ့်ဇနီးက ကိုယ်နဲ့တွေ့ခဲ့ဖူးတာကိုအ



လွဲပြီး လမ်းပေါ်မှာအရှက်ခွဲလိုက်တယ်မို့လား.."

ဟင်.. ၊

ရှောင်ထွက်သွားသည့်ရိုးရဲ့ခြေလှမ်းတွေ တုံ့ခနဲဖြစ်သွားသည်။ ကျော်မျိုးသွင်က သူမဘေးကိုရောက်လာပြီး ထီးမိုးပေးပြန်၏။ ထီးတစ်ချောင်းအောက်မှာ အတူရပ်လိုက်တာနှင့် ပခုံးချင်းမထိတထိနီးကပ်သောအနေအထားဖြစ်သွားခဲ့ပြီး.. ၊

"ညီမကိုယ့်ကိုတောင် မမှတ်မိဘဲနဲ့ အဲ့နေ့ကဘာတွေဖြစ်သွားဘာလဲ ကိုယ်လုံးဝကိုမသိလိုက်လို့ပါကွာ..တကယ်ပါ၊ ဒေစီကအဲ့လိုပဲ သူ့အစားကိုယ်တောင်းပန်ပါတယ်.."

ပြောနေတုန်းမိုးစက်လေးတွေ စိပ်လာသဖြင့် သူကရိုးကိုမိုးလုံအောင် ထီးကိုရှေ့တိုးပေးသည်။ ရိုးက ခေါင်းလေးတိမ်းလိုက်ပြီး ထီးကိုလက်နဲ့ပါဖယ်ချလိုက်ပြီး.. ၊

"ကျွန်မကခွဲနေပြီသားပါ..မလိုပါဘူး.."

"ဘယ်ဟုတ်မလဲကွာ..ညီမဒီအချိန်ကြီး.."

ဆိုပြီး ရိုးတစ်ကိုယ်လုံးကိုဝေ့ခနဲကြည့်၍.. ၊

"ကိုယ့်ကိုတစ်မျိုးမထင်နဲ့နော်..လူကြီးမင်းနဲ့ တစ်ခုခုများဖြစ်လာတာလား.."

ရိုးမျက်နှာလေး တည်သွားသည်။ ပြီးတော့ သူလိုက်မိုးပေးသည့် ထီးနဲ့လွတ်အောင်ထပ်ဆုပ်၍.. ၊

"ဘာပဲဖြစ်ဖြစ် ကျွန်မတို့အိမ်ထောင်ရေးကိစ္စပါ.."

"အာ..ကိုယ်ကစပ်စုတာမဟုတ်ပါဘူး၊ သူနဲ့လည်း မရင်းနှီးဘူး..ဒါပေမယ့် ညီမလည်းကိုယ်နဲ့မသိဘဲ စွပ်စွဲခံလိုက်ရတယ်မို့လား၊ အဲ့ဒီတော့ မင်းနဲ့ကိုယ်မရင်းနှီးပေမယ့် ပတ်သက်မှုတော့.."

"ရှင်ဘာတွေပြောနေတာလဲ..ဒီမှာ.."

"ဆောရီးပါ..ကိုယ်ကကူညီချင်တာပါ၊ မင်းတို့ညီအစ်မတွေအပေါ် လူကြီးမင်းဘယ်လိုသဘောထားတယ် ဘယ်လိုဆက်ဆံတယ်ဆိုတာတွေလည်း ကြားဖူးတယ်..လာပါကွာ၊ မိုးလည်းမတိတ်သေးဘူး..ဒီအချိန်ကြီးတက္ကစီလည်း မရှိတော့ဘူး.."

"ကျွန်မတက္ကစီလိုက်ရှာနေတာမဟုတ်ဘူး..ရှင်ဖယ်ပါ.."

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တို့မသိတဲ့သူစိမ်းတွေမှမဟုတ်ကြတာကွာ..လာပါ..ကားပေါ် ဘယ်မှမသွားဘူးဆိုရင်လည်း လူကြီးမင်းဆီပြန်ပို့မှာပါ..ကားပေါ် တက်ပါ.."

"မင်းကိုမလိုဘူးလို့ ပြောနေတယ်မို့လား.."

ရုတ်တရက်ဂျန်းဘယ်လိုရောက်လာမှန်းမသိလိုက်ဘဲ.. ၊

"ခွပ်.."

"ဘုန်း.."

"မလုပ်နဲ့လေ..ဂျန်း.."

လဲကျသွားသည့် ကျော်မျိုးသွင်ကို ရင်ဘက်ကနေဆွဲထူလိုက် ကာ နောက်ထပ်လက်သီးရွယ်လျှင် ရှီးအတင်းဝင်ဆွဲပြီး သူ့လက်ကို ပါ ဖြုတ်ချပစ်လိုက်၏။ ဂျန်းက ကျော်မျိုးသွင်လက်ထဲက လွတ်ကျ သွားသည့်ထီးကို လွှဲကန်ပစ်လိုက်ပြီး.. ၊

"မင်းဘယ်လိုတွေခင်းပြီး အချိုကျွေးဖို့ကြိုးစားနေတာငါသိ တယ်.."

"မဟုတ်ပါဘူး..ငါက.."

"တော် ဟော့ကောင်..နောက်ကိုလူကြီးမင်းနဲ့သက်ဆိုင်နေတာ ထင်ရင် ဝေးဝေးကရှောင်.."

"ဒုန်း.."

တအားလွှဲကန်လိုက်သည့်အဖြစ်ကိုမြင်လျှင် လဲကျနေရာ ကျော်မျိုးသွင်လက်တစ်ဖက်ကာလိုက်ပြီး အသည်းအသန်မျက်နှာ ရှောင်၏။ ဒါပေမယ့် ဂျန်းကကားကိုလွှဲကန်ခြင်းသာဖြစ်ကာ..

"မှတ်ထား..နောက်တစ်ခါဆို မင်းမျက်နှာပဲ.."

ရှီးရဲ့လက်လေးကိုဆုပ်ကိုင်လိုက်ပြီး နေရာမှထွက်လာခဲ့၏။ သီဥတုသည် မိုးစဲသွားပြီဖြစ်ကာ လျှပ်ရောင်တွေတစ်ချက်တစ်ချက် လက်နေသေး၏။ ရှီးကလက်ကိုရုန်းလိုက်ကာ.. ၊

"ငါမလိုက်ဘူး.."

နှစ်ယောက်စလုံးခြေလှမ်းရပ်သွားကြ၏။ ပြီးတော့ ဂျန်း လက်ကိုဖြုတ်ခနဲ ပြန်ဆွဲယူလိုက်ပြီး.. ၊

"မလိုက်တော့ ဘယ်သွားချင်လို့လဲ..ခုနလိုခေါ်မယ့်ကောင်



ရှိတယ်ဆိုပြီးတော့လား.."

"ငါ့ဟာငါ ဘယ်ကောင့်ကိုပဲအားကိုးကိုး မင်းနဲ့မဆိုင်ဘူး.."

"အတိအကျဆိုင်တယ်..အပိုတွေလုပ်မနေနဲ့.."

ပြန်ခေါ်ပုံက ဝရမ်းပြေးလိုက်ဖမ်းသလိုလား..။ အိမ်ကထွက် ပြေးသွားသည့်အလုပ်သမားကို အရလိုက်ဖမ်းတာမျိုးလား..။ ပြန်ဆွဲ ရုန်းတော့ မရတော့ဘဲရှိကာ.. ၊

"ဂျန်း.."

"ကျွတ်..ခင်ဗျားဘယ်လိုဖြစ်နေတာလဲကြာနွယ်ရှီး၊ ကျုပ်မှာ သည်း ခင်ဗျားထက်မလျော့တဲ့မာနတွေရှိတယ်ဆိုတာ နားလည်.."

"လည်တယ်..သိလည်းသိတယ်၊ အဲ့ဒါကြောင့်မလိုက်ဘူး.."

ရှီးကလုံးဝခြေစုံရပ်လိုက်ပြီး သူဆွဲခေါ်လို့မရအောင် ခြေကန် ထား၏.. ၊

"လုံးဝမလိုက်ဘူး..ထွက်သွားစေချင်တော့ ဆွဲထုတ်တယ်၊ ပြန် လာစေချင်တော့ လိုက်ခေါ်တယ်..ငါ့ကိုမင်းကြိုးဆွဲခေါ်တိုင်းရတဲ့ ခွေး တစ်ကောင်မှတ်နေသလား.."

"မသိတော့ဘူး..ကျုပ်ယူထားတာလူလား ခွေးလား..တခြားတစ် ကောင်ကောင်လား.."

"မင်း.."

"အ.."

သူ့ရင်ဘက်ကို ရှီးတအားတွန်းပစ်လိုက်လျှင် ညည်းသံသဲ့သဲ့ နှင့် ဂျန်းညွတ်ခနဲကုန်းကျသွား၏။ ထိုအခါကျမှ သူ့မလက်မှာပေလာ သာတွေကို လက်ဝါးထောင်၍ သေချာကပ်ကြည့်မိကာ.. ၊

ဘုရား.. ၊

သွေးတွေကိုမြင်လိုက်ရလျှင် ရှီးမျက်လုံးပြူးသွားသည်။

"ကျွတ် ကျွတ်.."

"ဂျန်း..ဂျန်း ဒါ ဒီသွေးတွေက ဘာဖြစ်လာတာလဲ.."

ဂျန်းကဘာမှမဖြေဘဲ သူ့မလက်တစ်ဖက်ကို အမိအရပြန်ဆွဲ ကိုင်လိုက်သည်။ ပြီးတော့ အသက်အောင့်၍ခါးမတ်မတ်ပြန်ရပ်၏။ တစ်ခုခုကိုသိလိုက်ကာ ပတ်ဝန်းကျင်ကို အရင်လိုက်ကြည့်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျန်းဒီလမ်းအတိုင်း လျှောက်လာတာလား..။ ဒါကြောင့် သူအနား ရောက်လာတာကို သူမတို့မသိလိုက်တာထင်သည်။

ကျော်မျိုးသွင်ရဲ့ကားလည်း ဘယ်တုန်းကထွက်သွားခဲ့သည်မ သိ။ ပြန်ကြည့်လိုက်လျှင် ဂျန်းကခြေလှမ်းတိုင်းအားယူနေရသလို တုံ့နှေးနေတာကြောင့်.. ။

"နေဦး..ဒဏ်ရာတစ်ခုခုရထားတာလား..ဒီနားမှာလေ.."

"ဆိုင်ကယ်လ်မှောက်လာတာ.."

"ဘာ.."

"အား..ကျွတ် ကျွတ်.."

"ဘယ်တုန်းကလဲ..ဘယ်လောက်တောင်ထိသွားတာလဲ၊ ကား နဲ့လား..ဆိုင်ကယ်လ်ချင်းလား၊ ဒုက္ခပါပဲ..ဟိုဘက်ကလူရော.."

"ဟား.."

ဂျန်းမျက်နှာရှုံ့မဲ့သွားသည်။

"ခင်ဗျားမေးတာတွေကို ကျွန်တော်ဘယ်ကစဖြေရမှာလဲ.."

သူ့ဆီက ကျွန်တော်ဆိုသည့်အသုံးအနှုန်းကိုကြားလိုက်ရသဖြင့် ရိုးဖျတ်ခနဲကြည့်သည်။ ဂျန်းကသတိထားမိပုံမပေါ်ပါ.. ။

"ဟိုနားကအကွေ့မှာ ကိုယ့်ဘာသာစလစ်ဖြစ်ပြီးလဲတာ.."

"ဟိုနားမှာဟုတ်လား.."

ဂျန်းဘယ်လောက်ထိ ဆိုင်ကယ်လ်စီးကျွမ်းကျင်သလဲဆိုတာ သိထားသဖြင့် အံ့ဩသွားမိသည်။ ဆိုင်ကယ်လ်ဖြစ်ဖြစ် ကားဖြစ်ဖြစ် ဂျန်းလောက်အမောင်းရဲတာမရှိ.. ။

"ခင်ဗျားလို့ထင်လိုက်တာနဲ့စိတ်လောပြီး ကွေ့ချလိုက်တာ.. အ.."

"ဩော်..ဒီကိုမှီထားတာမဟုတ်ဘူး.."

သူယိုင်သွားတာနှင့် ရိုးကပြန်ဆွဲလိုက်လျှင် ဂျန်းကရိုးရဲ့ပခုံး လေးကိုဖက်လိုက်သလို ပြန်ကပ်မိသွားပြီး.. ။

"ဆောရီး.."

"ရတယ်..အဲ့အတိုင်းနေ.."

ရိုးကသူ့ကျောပြင်ကို ပြန်ဖက်ပြီးထိန်းထားပေးရင်း.. ။



"ဖုန်းမပါဘူးလား..အိမ်ကိုကားခေါ်လိုက်လေ.."

"မပါဘူး.."

ခင်ဗျားကြောင့် ဆိုင်ကယ်လ်ဆွဲပြီးထွက်လိုက်လာခဲ့တာ လို့ စိတ်ထဲမှာပြောမိရင်း ကိုယ့်ကိုယ်ကိုမကျေနပ်ချင်။ ဝုန်းဒိုင်းကြဲဆူ ပွက်နေသည့်ဒေါသတွေမငြိမ်သက်သေးဘဲ လျှပ်စီးတွေလက်လာ တော့ သူသတိဝင်လာသည်။ မိုးခြိမ်းသံသဲ့သဲ့အဝေးကနေ ဒိန်းဒလိန်း မြည်လာလျှင် သူမအတွက်စိတ်ပူလာခဲ့၏။ သူကိုယ်တိုင်ဆွဲထုတ်ပြီး တံခါးပိတ်ပစ်လိုက်တာ.. ။

သူမမှာ ဖုန်း ပိုက်ဆံအိတ်ဘာမှပါမသွားခဲ့ပေ။ သူမထွက်သွား မည်ဆိုသည့်စကားကို နေဝင်းပြောခဲ့တာသတိရသည်နှင့် သူ့ဒေါသတွေ က စိုးရိမ်မှုတ်သို့အသွင်ပြောင်းသွားခဲ့၏။ ညဥ့်နက်နေပြီမို့ လွှတ်တင် ထားသည့်အရှိန်နှင့် နားရောမျက်စိပါအလုပ်ရှုပ်နေသည်ဖြစ်ရာ ကား မီးရောင်တစ်ချက်နှင့်အတူ ရိုးကိုအဝေးကလှမ်းမြင်လိုက်သည့်အချိန် မှာ အရှိန်ထိန်းဖို့မေ့သွားခဲ့၏။

မိုးစက်မှုန်မွှားလေးတွေ တဖွဲဖွဲဆင်းနေစဥ်မှာ ရိုးမျက်နှာလေး ကိုသူငုံ့မိုးကြည့်နေမိ၏။ ရေစိုနေသောဆံနွယ်တို့ဖေးကပ်နေသည့် မျက်နှာလေးက မှောင်ရိပ်ကျနေသည့်ကြားက ဝင်းဖန့်နမွတ်နေသည် ပြီးတော့ ကိုယ်ဟန်ကျော့ရှင်းသည့် မိန်းမလှလေးတစ်ယောက်၏ ရေစိုစိုခန္ဓာကိုယ်အလှသည်.. ။

"နောက်ဆိုရင် ကျွန်တော်ဘာပြောပြောဘယ်တော့မှထွက်မ သွားပါနဲ့.."

ဂျန်းအိပ်မက်ထဲမှာယောင်နေသလို တီးတိုးဆိုရင်း ရိုးတစ်ကိုယ် လုံးကို တင်းကျပ်စွာပွေ့ဖက်ထားလိုက်သည်။

မှောင်မိုက်သည့်လမ်းပေါ်ကညဥ့်ယံသည် အေးနေသော်လည်း တသိမ့်သိမ့်ကိုယ်ငွေ့နွေးတို့ဖြင့်.. ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄၅)

"ဒီတစ်ရက်တော့ အိမ်ထဲမှာငြိမ်ငြိမ်လေးနေလိုက်ပါ.."

"ဘာအတွက်လဲ.."

"ညကဆရာဝန်ပြောသွားတယ်လေ..မင်းခါးမှာဒဏ်ရာက သုံးချက်ချုပ်ထားရသေးတယ်.."

ရှီးကဒဏ်ရာကိုဆေးထည့်၍ ဝွမ်းနဲ့ပလပ်စတာလေးပြန်ကပ်ပေးလိုက်ပြီး.. ၊

"ခြေထောက်ကပွန်းထားတာကြီး ဆေးထည့်ရအောင်.."

"နေပေ့စေတော့.."

ဂျန်းကမကြည်လင်သည့်မျက်နှာနှင့် ခေါင်းခါသည်။ ရှီးကလည်း တစ်ချက်စိုက်ကြည့်ပြီး ဆက်မပြောတော့ဘဲနေရာမှထသည်။ သို့သော် ဂျန်းကသူမလက်ခုံလေးကို ဖိကိုင်ထားလိုက်ကာ.. ၊

"ညတုန်းကကိစ္စတွေ ကျုပ်ရအောင်ပြန်လိုက်မှာ.."

"ဘာ.."

"ခင်ဗျားကိုလည်း အရှုံးမပေးနိုင်ဘူး..ဒီလူတွေကိုလည်း အနိုင်မခံနိုင်ဘူး.."

"ဂျန်း.."

"ခင်ဗျား ကျုပ်ကားထဲမှာ စာချုပ်နဲ့စာရွက်စာတမ်းတွေရှိနေလို့ အသာလေးယူပေးလိုက်သလို အဲ့ဒီစာချုပ်တွေကိုတစ်ယောက်ယောက်က ကျုပ်ဆီပြန်ယူလာပေးလိမ့်မယ်.."

ပြောနေရင်း ဖုန်းဝင်လာလျှင် သူကလှမ်းယူပြီးကိုင်လိုက်ကာ..၊

"အေး..အခန်းထဲဝင်လာခဲ့.."



ပြောလိုက်ပြီးသိပ်မကြာခင် လူငယ်တစ်ယောက်အနက်ရောင်သေတ္တာတစ်လုံးကိုကိုင်၍ အခန်းထဲဝင်လာ၏။ ရှီးဘယ်လိုမှမယုံနိုင်အောင် အံ့သြနေမိသည်။ လူရွယ်သည်အဝတ်အစားသားသားနားနား ဝတ်ထားတာမျိုးလည်းမရှိ။ စုတ်ပြတ်နေတဲ့ပုံစံလည်းမဟုတ်။ သို့သော်.. ၊

"အေး..အားလုံးပါလာရဲ့လား.."

"ပါလာတယ်အစ်ကို.."

"ဘယ်သူ့လက်ထဲကလဲ.."

"ယူသွားတဲ့သူဆီကပဲ..ဘာမှမခက်ခဲပါဘူး၊ သူတို့ကရမယ်မထင်ခဲ့တဲ့ပုစ္ဆာလည်းဆိုတော့ ရသွားပေမယ့်ထားစရာမရှိအောင် ပျာနေတာ.."

"ဟွန်.."

"ဟိုလူကြီးဒါတွေကိုမြင်တောင် မမြင်လိုက်ရဘူး..ကျွန်တော်တို့ချက်ချင်းလိုက်သိမ်းထားခဲ့တာ.."

"ကောင်းတယ်..ညကျမှအိုင်တီမှာ ပြန်ဆုံမယ်.."

"ဟုတ်.."

လူရွယ်ထွက်သွားတော့ ဂျန်းကခပ်ထေ့ထေ့လှောင်ရယ်သည့်အကြည့်နှင့်.. ၊

"ကျုပ်မှာပတ်ဝန်းကျင်မရှိဘူးလို့ထင်နေကြတယ်..ခင်ဗျားရောဦးပွကြီးရော.."

"အဲ့ဒါကြောင့် မင်းကခေါ်ပြတာလား.."

"သိပ်မှန်တာပေါ့..လူကုံထံဆိုတဲ့လူတွေနဲ့ အကြောင်းပေါင်းသင့်အောင်နေထိုင်မှ အသိုင်းအဝိုင်းကောင်းတာမဟုတ်ပါဘူး..အဲ့ဒီလူတွေကို ခင်ဗျားသွားကြည့်ပါလား၊ တစ်ယောက်နဲ့တစ်ယောက်မျိုသိပ်ကြိတ်ကြံနေတာချည်းပဲ..ကျုပ်ပတ်ဝန်းကျင်မှာ အဲ့လိုမဟုတ်ဘူး"

ရှီးကဘာမှပြောဘဲ နားထောင်နေ၏။

"ကျုပ်နားလည်လက်ခံပေးနိုင်တဲ့လူတွေက ကျုပ်ကိုစိတ်ချမ်းသာမှုပေးတယ်..တစ်ရာပေးရင်တစ်ထောင်လောက်ကျေးဇူးတင်တတ်တယ်၊ ညကလုပ်ရပ်မျိုးနဲ့ခင်ဗျားကျုပ်ကို ဒုက္ခပေးလို့မရသေးဘူး.."

www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ မင်းဘယ်လောက်အင်အားသုံးပြီး ပြန်ကြိုးစားလိုက်ရသလဲပေါ်မူတည်ပါတယ်..ငါကလည်း မင်းကိုဒုက္ခပေးချင်တာသက်သက်နဲ့တော့ သူခိုးကိုစားရိုးကမ်းတဲ့အလုပ် မလုပ်ဘူး.."

"ဒါဆိုဘာလို့လုပ်တာလဲ.."

"မင်းမှားနေတယ်ထင်လို့.."

"ခင်ဗျားမမှားဘူးထင်လို့လည်း ကျုပ်ပြောဆိုကျူးလွန်ခဲ့တာကိုနောင်တရခဲ့တာပဲ..ဒါပေမယ့် နောက်ထပ်ဝင်မပါပါနဲ့၊ ဝင်ပါမိတာနဲ့ ခင်ဗျားနဲ့ကျုပ်အဲ့လိုထပ်ဖြစ်ဦးမှာပဲ..ရင်ဆိုင်ကြတာပေါ့ဆိုရင်တော့လုပ်လေ.."

အဆင်ပြေငြိမ်းချမ်းဖို့ နီးစပ်လာခဲ့ပေမယ့် ဂျန်းမျက်ဝန်းတွေမှာ စိန်ခေါ်မှုတွေရှိနေဆဲ.. ၊

"ငါသွားရင်လိုက်ခေါ်မှာပဲလို့ထင်ပြီး ဒီတစ်ခါထပ်ထွက်သွားရင်တော့ လိုက်ခေါ်မှာမဟုတ်ဘူး..တစ်ခါတည်း ကားနဲ့တိုက်သတ်ပစ်မှာ.."

"မင်းကိုယ်မင်းပဲ ကားအောက်ပြေးမဝင်အောင်ကြိုးစားစမ်းပါ..လောလောဆယ် ဆိုင်ကယ်လ်မှောက်ထားတာက..မင်း.."

ရိုးကလက်ကိုရှုန်းလိုက်ရင်း မျက်စောင်းထိုးသည်။ ဂျန်းကတော့ဖက်လှည့် ပြုံး၏။ ပြီးတော့ ပြန်လှည့်ကြည့်ကာ.. ၊

"ခင်ဗျားကောင်းကောင်းမအိပ်ရသေးဘူးမို့လား.."

"မင်းအပူမပါပါဘူး.."

"ခင်ဗျားပူနေရမှာစိုးလို့ပါ..ကျုပ်ကတော်ကြာ အပြင်ထွက်မှာ.." ဟင်.. ၊

ထင်သည့်အတိုင်း ရိုးကတံခါးဝရောက်မှပြန်လှည့်ကြည့်သည်။ ကျောပြင်လေးပေါ်မှာ အနီရောင်သားရေကွင်းလေးနဲ့ စည်းချထားသည့်ဆံပင်ရှည်တွေက ဖျတ်ခနဲဆတ်ခနဲလှည့်လိုက်တိုင်း တင်ပါးအောက်မှာ တန့်န့်န့်လွှဲခါသွားကြသည်။

ထိုအခါတိုင်းပဲ ဂျန်းကအစအဆုံးကြည့်နေတတ်သည်ရိုကားတစ်ခါမျက်နှာလွှဲပစ်လိုက်ပြီး မွေ့ရာစပ်မှာထိုင်ရာကနေ ထရပ်လိုက်ရင်း.. ၊



"အကျီနဲ့ဘောင်းဘီထုတ်ပေးစမ်းပါ.."

"ဂျန်း..ငါ့ကိုမင်းဘယ်လိုပဲသဘောထားထား အသက်ကြီးတဲ့အိမ်အကူမိန်းမကြီးလိုပဲဖြစ်ဖြစ်၊ တစ်ခါလောက်တော့ လေးစားသမှုလေးထားပေးစမ်းပါ.."

"ဘာအတွက်နဲ့လဲ.."

"ဒီနေ့မသွားလာဖို့ မင်းကိုဆရာဝန်ပြောခဲ့တယ်လေ.."

"ဆရာဝန်ကဘာမို့လို့ သူပြောသလိုနေရမှာလဲ.."

ရိုးကတစ်ခုခုပြောမည်ပြင်စဉ် စိတ်မရှည်ဖြစ်လာသည့်မျက်နှာနှင့် ဂျန်းကသူမကိုတိုးတိုက်ဖယ်၍ ဗီရိုကိုဖွင့်လိုက်သည်။ ပြီးတော့သူ့ဘာသာအကျီအဝတ်အစားတွေ ဆွဲချရင်း.. ၊

"စကားတစ်ခုကလိုရင်းပြောရင် တန်းမရောက်ဘူး..အဲ့ဒါကြောင့် မိန်းမတွေကိုစိတ်ပျက်တာ.."

"စိတ်ပျက်လို့သုံးယောက်တောင်ယူထားတာ.."

အရွဲ့တိုက်ပြောပြီး ရိုးကနှုတ်ခမ်းမဲ့သည်။ ဂျန်းကလည်း ဟွန့်ခနဲမဲ့လိုက်ပြီး ကိုင်မိလိုက်သည့်ဘောင်းဘီခေါက်နှင့် ရိုးကိုလှမ်းပေါက်လိုက်ကာ.. ၊

"စကားပြောတာကြည့်ပြော..ခင်ဗျားတစ်ယောက်ကိုတောင်ဘယ်နေ့ရိုက်သတ်မိမလဲ ခုထိမသေချာသေးဘူး၊ နောက်ထပ်.."

ဟင်.. ၊

နှစ်ယောက်စလုံးဟင်ခနဲဖြစ်သွားကာ ရိုးပိုက်ထားသည့်ဘောင်းဘီခေါက်ထဲက ထွက်ကျသွားသောတစ်စုံတစ်ခုဆီ အကြည့်တွေရောက်သွားကြ၏။

ဒါ ငါ့လက်ကိုင်ပဝါပဲ.. ၊

အပြာနုရောင်လက်ကိုင်ပဝါလေးက ခေါင်းစည်းထားသည့်အတိုင်း တွန့်ရာကြေရာလေးတွေ မပျောက်သေးဘဲဒီတိုင်း.. ၊

ရိုးအံ့ဩသွားကာ မော့ကြည့်လိုက်တော့ ဂျန်းမျက်နှာနီမြန်းနေသလျက် ဖျတ်ခနဲလှည့်ထွက်သွားသည်။ ဒီလက်ကိုင်ပဝါဂျန်းဆီဘယ်လိုရောက်နေလဲဆိုတာ သိပ်စဉ်းစားဖို့မလိုပေ.. ၊

သူဆေးရုံတက်နေရတုန်းက ရိုးလူနာစောင့်လုပ်ခဲ့ရသည့်နေ့က

www.burmeseclassic.com

www.burmeseclassic.com



လူနာကိုတွဲရင်းထူရင်း ယိမ်းထိုးတွန်းထိုးမိကြလျက် ခေါင်းကနေ
ပြေကျခဲ့တာဖြစ်သည်။

ဒါကိုဂျွန်းကောက်ထားလိုက်တာလား.. ၊

လက်ကိုင်ပဝါကိုပြန်သိမ်းသွားရမလား..။ ပြန်ခေါက်ထည့်ပေး
ထားရမလားချီတုံချတုံနှင့်၊ နှုတ်ခမ်းတို့မှာတော့ ပြုံးယောင်သမ်းနေခဲ့
၏။

အခန်း(၄၆)

အိမ်ထဲဝင်လိုက်တာနှင့် ရှီးကိုလိုက်ရှာမိရင်း.. ၊

"အေး..ဘဏ်ကိစ္စတွေအောင်ဇော်နဲ့လွှဲထားလိုက်၊ မြဝတီကို
င်းနဲ့ဦးကြည်ထွန်းသွားရမှာ.."

"................"

"ဂရုစိုက်ဖို့မလိုဘူး..ငါနဲ့ဖုန်းကွန်တက်(တ်)လုပ်ပြီးသား.."

"................"

"အေး.."

ဖုန်းပြောပြီးတော့ စုစုတို့ရေခဲသေတ္တာရှင်းနေသည့်ဆီလှမ်း
ည့်လိုက်လျှင်.. ၊

"သူဌေး ညစာပြင်လိုက်ရတော့မလားဟင်.."

"ဟိုတစ်ယောက်ဘယ်မှာလဲ.."

"မမက အန်ကယ်လ်ကြီးနေမကောင်းလို့လို့ ဖုန်းဆက်တာနဲ့.."

"ဘာ.."

ဂျွန်းအသံကြောင့် စုစုမျက်လုံးပြူးခနဲဖြစ်သွားသည်။ ဂျွန်းမျက်
မျက်လျက် လေကားပေါ်ပြေးတက်ခဲ့ရင်း ဖုန်းခေါ်၍.. ၊

"မိုးခြိမ်းလား.."

"..............."

"မင်းနဲ့မောင်သီတို့ ခုချက်ချင်းလှုပ်ရှားစမ်း...အရေးကြီးတယ်.."

ဖုန်းပြောရင်းပြေးဆင်းပြေးတက် ပျာယာခတ်နေသည့်ဂျွန်းကို
ည့်ကာ စုစုတို့နေစရာမရှိအောင် ထိတ်လန့်နေကြ၏။ ပြီးတော့
းနဲ့ထွက်သွားတာမြင်လျှင်.. ၊

www.burmeseclassic.com

www.burmeseclassic.com



"သူဌေးကလည်း မမကကိုယ့်အဖေဆီတောင် မသွားရတော့ဘူး
လားမသိဘူးနော်.."

"တိုးတိုးပြောပါစုစုရယ်..သူဌေးကဖြင့် မမကိုချစ်ပါ၊ မျက်စိ
အောက်ကအပျောက်မခံနိုင်လို့ဖြစ်မှာပေါ့.."

သူမတို့ပြောနေစဉ် ဖုန်းကဆူညံစွာထမြည်၏။ စုစုကပဲပြေး
ကိုင်လိုက်ကာ.. ၊

"ဟလို..အမိန့်ရှိပါရှင်.."

"ဘယ်သူလဲ..ခုပြောတာ.."

"ရှင်.."

"ကြာနွယ်ရှိုးမရှိဘူးလား..ခေါ်လိုက်စမ်း၊ သူ့အဖေခေါ်နေတယ်
လို့.."

"ရှင်.."

"ဘာလဲဟေ့..တရှင်ရှင်နဲ့ သွားခေါ်စမ်းမြန်မြန်.."

စုစုဖုန်းကိုင်ရင်း မျက်လုံးကြီးအပြူးသားနှင့် ဒီဘက်လှည့်လာ
၏။ သူမနောက်မှာ မိကြိုင်တို့နဲ့ခုမှအိမ်ရှေ့ကတက်လာသည့် နေဝင်း
ကလည်း သူမကိုကြည့်ပြီး ကြောင်တောင်တောင်။ စုစုဒီလောက်
တော့မအပါ။ ဂျန်းမျက်နှာပျက်သွားပုံနှင့် အခြေအနေတွေကိုတွက်
ကြည့်မိကာ ပြဿနာအကြီးကြီးတက်ပြီဆိုတာ သိလိုက်သည်။ ဘာ
မှန်းတော့မသိ.. ၊

ဂျန်းက လမ်းပေါ်ရောက်လာကာမှ စုစုပြောသည့်စကားကိုပြန်
တွေးပြီး အံကြိတ်၏။ ဦးသီလအောင်နဲ့သူပြီးခဲ့တဲ့တစ်နာရီလောက်
ကပဲ ဖုန်းပြောဖြစ်လိုက်သေးသည်။ ပြေပြေပြစ်ပြစ်တော့ပြန်မပြော
ဖြစ်ခဲ့ပေမယ့် ကူးနဲ့ပတ်သက်သမျှဖွင့်ပြောပြီး သတိထားဖို့ပြောတာ
မို့ သူလက်ခံနားထောင်ခဲ့သည်။

အိမ်ပြန်ရောက်တော့ စုစုပြောသည့်သတင်းကြောင့်တစ်ခုခုမှား
ယွင်းနေပြီကို သိလိုက်၏။

တကူးနွေ..မင်းလိုမိန်းမကများ ငါ့ကိုညာဏ်စမ်းတွေနဲ့ လာ
သေးတယ်.. ၊

ကားကိုအရှိန်ထပ်တင်သည်။ ရှိုးကိုဘယ်ခေါ်သွားတာလဲ



ဘာ အပြင်းအထန်စဉ်းစားရင်း နှုတ်ခမ်းမှာမဲ့ပြုံးတစ်ချက်ထင်သည်။

မင်းဘယ်သူ့ကိုဒုက္ခပေးချင်တာလဲ..။ ငါ့ကိုလား.. ကြာနွယ်ရှိုး
ကိုလား..။ ငါ့ကိုဆိုရင် မင်းသက်သာမယ် ကြာနွယ်ရှိုးဆိုရင်တော့..။

ဖုန်းမြည်သံကြောင့် သူ့အာရုံတွေကို ပျက်ပြားစေခဲ့လျက်.. ၊

"ဟလို.."

"ကိုလူလားဟင်..ဒီအသံကို ကိုလူမှတ်မိမှာပါ.."

"ပြော..ဘာကိစ္စလဲ.."

"ကိုလူနဲ့အလုပ်ကိစ္စလေး ဆွေးနွေးချင်တာ..ကိုလူစိတ်ဝင်စား
ယ့်ကိစ္စပါ.."

"တကူးနွေ..မင်း.."

"အာ..ဒေါသတွေကြီးမနေပါနဲ့၊ ကိုလူ့အချိန်တွေ တန်ဖိုးကြီး
န်းသိပါတယ်..အခုကူးက ကိုလူ့မျက်နှာကိုပဲမော့ငေးစောင့်စားနေ
တဲ့ တကူးနွေမဟုတ်တော့ဘူး၊ အဖွဲ့အစည်းနဲ့ကျောထောက်နောက်
အသိုင်းအဝိုင်းနဲ့.."

"အဲ့ဒီတော့.."

"ကိုလူနည်းနည်းလေးဖြစ်ဖြစ် အလေးထားဖို့လိုအပ်တဲ့မိန်းမ
စ်ယောက်ဆိုပါတော့..ကူးနဲ့ပတ်သက်ချင်တဲ့လူတွေက ကိုလူ့ကို
ခတ္တာတွေထားနေကြတော့..အဟွန်း ဟွန်း.."

စိတ်ပျက်ဖွယ်ကူးရဲ့ရယ်သံကို သည်းခံနားထောင်ရင်း စတီယာ
င်ကို တင်းခနဲဖိဆုပ်မိ၏။

"လိုရင်းကိုပြောတကူးနွေ.."

"ကိုလူကားမောင်းနေတာဆိုရင်တော့ စိတ်ကိုလျှော့နော်..အန္တ
ယ်များလို့ပါ၊ အခု ကိုလူ့ရဲ့ချစ်ဇနီးလေး အလည်လွန်နေလားမ
ဘူး.."

သူမကပြောနေရင်း ဂျန်းဘက်ကစကားသံကိုစောင့်နေသေး
ည်။ ပြီးမှ.. ၊

"သူ့ကိုပြန်လိုချင်ရင်တော့ ကူးရဲ့လူတွေတောင်းဆိုတာလေး
လုပ်ပေးလိုက်ပါ.."

"တောက်..မင်းဘယ်လိုမိန်းမလဲတကူးနွေ၊ ချစ်ဇနီးဖြစ်ဖြစ် နတ်

www.burmeseclassic.com

www.burmeseclassic.com



သမီးဖြစ်ဖြစ် ငါ့အတွက်ဘယ်မိန်းမမှအရေးမပါဘူး..မင်းစကားပြော ဖော်လိုနေတာဆိုရင် ဖုန်းချလိုက်တော့.."

"ကိုလူရယ်..ဒီလိုအပြောကြီးလို့လည်း သီရိဟိုတယ်လ်ထဲမှာ.."

ဂျန်းဖုန်းချပစ်လိုက်လျှင် ဟိုဘက်မှာလည်း လူတစ်စု၏ဒေါသ တွေက ကူးထံမှာစုပြုံကာ.. ।

"မင်းဘာဖြစ်လို့ ကိုယ်ရေးကိုယ်တာတွေ ရှေ့တန်းတင်နေတာ လဲတကူးနွေ.."

"ကျွန်တော်ပြောတယ်..ခင်ဗျားတို့ကိုက လူရွေးမှားတာ.."

"လူကြီးမင်းလိုလူကို တော်ရုံနဲ့ခန့်ခန့်သွားလုပ်လို့မရဘူးဗျ- ကျုပ်တို့မှန်းထားတာ အကြီးကြီးရယ်.."

"သီရိဟိုတယ်လ်ကပြဿနာမှာလည်း သူ့မိန်းမကိုယ်တိုင်ပ လိုက်လို့ တရုတ်ကြီးတို့နိုင်သွားတာ..ဒါလည်းလောလောဆယ်ရယ် လူကြီးမင်းဘယ်လိုမှ ဒီတိုင်းငြိမ်နေမှာမဟုတ်ဘူး..ဒီလူကလည်း လက်တံရှည်တဲ့သူပဲ.."

ကိုယ့်ကိုပဲဝိုင်းအပြစ်တင်နေကြတော့ ကူးရှက်လည်းရှက် ဒေါ သလည်းထွက်လာသည်။ သူတို့တွေကို ငွေရလိုမှုတစ်ခုတည်းအ တွက် ပူးပေါင်းခဲ့တာမှမဟုတ်ဘဲ စိတ်ခံစားချက်ကြောင့်သာမလုပ် သင့်တာတွေ လုပ်ခဲ့မိတာ.. ।

"ရှင်တို့အဲ့လောက်တောင် လူကြီးမင်းကိုကြောက်နေရင် ဘာလို့ သူ့မိန်းမကို ပြန်ပေးဆွဲသေးလဲ..သူကတရုတ်ကြီးတို့ကို အရှုံးပေ လိုက်ရတဲ့အထိဖြစ်သွားတာတောင် ဒီမိန်းမကိုနှင်ထုတ်ပစ်တာ ဟုတ်ဘူး..."

"ကဲပါကွာ..ငါ့လူတွေက စိုးရိမ်နေလို့ပါ၊ မင်းလည်းဒီကိစ္စဖြ မြောက်သွားရင် ထိုက်တန်တဲ့ဝန်ဆောင်မှုရမှာပါ..ဖုန်းပြန်ခေါ်ပြီး သ ဘာလုပ်ရမလဲဆိုတာ ပြောလိုက်ပါ.."

"ဒါပဲပြောမှာပဲကိုကြီးရာ..ကျွန်တော်ကိုယ်တိုင်ပဲပြောလိုက်မယ် ဗျာ.."

တစ်ယောက်ကဒေါသတွေ ရှူးရှူးရှားရှားနှင့်ဖုန်းဖွင့်ဖို့လုပ်ဇ ထိုစဉ် လက်ရှိအိမ်တွင်းပိုင်းကနေ လူကြီးတစ်ယောက်အေးဆေး ဖ



လျှောက်လာကာ.. ।

"ခဏနေကြဦး..သူ့မိန်းမကိုခေါ်လာကြပြီလား.."

"ဆွဲထားပြီးပြီသူကြီး..လာနေကြပြီ.."

"အေး..ကောင်းတယ်၊ အဲ့ဒီမိန်းကလေးဒီရောက်လာမှ ဖုန်းဆက် ခေါ်လည်း နောက်မကျပါဘူးကွာ..တစ်ခုသေချာမှတစ်ခုလုပ်တာ ကောင်းပါတယ်၊ ဘာမှဖြစ်ဖြစ် ဒီမိန်းကလေးကလည်း သူ့ဆက်သွယ် သတင်းပေးလို့သာ လူကြမ်းခြေရာကိုငါတို့ကောက်နိုင်သလို မင်းတို့ လည်း ဒါကိုအားနည်းချက်တစ်ခုအဖြစ် ကိုင်နိုင်တာပေါ့.."

ရွာသူကြီးဦးမြိုင်က ဒီရွာမှာဖြစ်သွားခဲ့သည့် မီးလောင်မှုကိုဖော် ထုတ်ချင်တာထက် လတ်တလောရွာမှာကြုံနေရသည့် ရေ မီးအခက် အခဲတွေ လမ်းဖောက်တံတားဆောက်မည့်စီမံကိန်းကြောင့် ရင်ဆိုင် နေရသည့်အဆင်မပြေမှုတွေအားလုံးအတွက် လူကြမ်းလိုလူတစ် ယောက်ကို ကိုယ့်ရွာသားအဖြစ် ကျောထောက်နောက်ခံလိုချင်မိတာ ဖြစ်သည်။

ဒီရွာအကြောင်းနဲ့လူကြမ်းခေါ်ဂျန်းရဲ့အကြောင်း ကူးနဲ့လူနှစ် ယောက်လာစုံစမ်းတော့ ဝမ်းသာအားရပြောပြလိုက်မိတာလည်း ဒီလို ကြောင့်ပဲဖြစ်သည်။ သို့သော်.. ।

မီးလောင်မှုဖြစ်သည့်ညနေကအဖြစ်တွေကို အသက်မျှော့မျှော့ ကျန်သည့်မာရီ့သမီးက မျက်မြင်သက်သေအဖြစ် အားလုံးပြောပြ သွားခဲ့သည်။ ကြိုးတုပ်မီးရှို့ခဲ့တဲ့တကယ့်တရားခံက.. ।

"ဟော့..ဖုန်းပြန်ခေါ်လေ.."

စိတ်စောနေကြသည့်လူတွေက လှုပ်လှုပ်ရွရွတွေဖြစ်နေကြသ ဖြင့် ကူးကဖုန်းပြန်ခေါ်ကာ.. ।

"သေချာပြောပြမယ်ကိုလူ..ဦးသိန်းဟန်နဲ့သူ့သားတွေကို ကိုလူ သိမှာပါ၊ သူတို့ကကိုလူအရောင်းအဝယ်လုပ်သွားတဲ့ပစ္စည်းနဲ့ပတ် သက်ပြီး မကျေနပ်ကြဘူး..သူတို့ဈေးပိုပေးရက်နဲ့ကိုလူက.."

"..............."

"ပြောချင်လို့ပြောနေတာ မဟုတ်ပါဘူး..အဲ ဘယ်လို.."

"............"

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမှမတော်တာကိုလူရယ်..သွေးမရင်းတာကို သွေးသား ရင်းလိုဟန်ဆောင်ပြီး ချစ်ပြနေလည်းပင်ပန်းရုံပဲရှိမှာပေါ့၊ ရှင်သား ကိုယ့်မိန်းမကိုချစ်သားနဲ့ မချစ်သလိုဟန်ဆောင်ပြီး ညဏ်များဖို့စဉ်း စားမနေပါနဲ့..ရှင့်မှာရန်သူတွေဝိုင်းနေတာ သိရဲ့သားနဲ့.."

"................."

"ခုပဲရှင်မလိုက်လျှောရင် ရှီးကိုဒုက္ခပေးကြတော့မှာ.."

"............."

"ကူးကတော့သိပ်အများကြီးမရပါဘူး..ကူးလိုချင်တာ ရှင့်ကို တစ်ခုခုဒုက္ခပေးနိုင်ဖို့ပဲ၊ ရူဠသုဘဒ္ဒါလိုအချစ်မျိုးပေါ့.."

"............."

"အဟွန်း..ရှင့်ဆီက သူတို့ဘာမှလိုချင်တာမဟုတ်ပါဘူး၊ အနု ဈေးကွက်တင်မယ့် ပတ္တမြားကိုးဆယ်ကိစ္စမှာ သူတို့နဲ့လက်တွဲစေချင် တာတဲ့..အလဲအလှယ်က မျှတပါတယ်ကိုလူရယ်၊ ရှင့်အတွက် ဘာမှ မပန်းမကြီးပါဘူး.."

"............."

"ဘယ်လို.."

ဖုန်းပြောနေသည့်ကူးရဲ့မျက်နှာ ကွက်ခနဲပျက်သွားသည်။ တ ထိတ်ထိတ်ထိုင်ကြည့်နေကြသည့် ဦးသိန်းဟန်တို့လူစုတွေ ထတဲ့သူ ထ ထိုင်တဲ့သူထိုင်.. ၊

"ဘာတဲ့လဲ.."

"ဟော့ ပြောလေ.."

ကူးမျက်နှာလေး ငယ်နေခဲ့လျက်.. ၊

"သဘောမတူဘူးတဲ့.."

"ဘာ.."

"ကျွန်တော်ပြောသားပဲ.."

ရွာလူကြီးကဘေးမှာ ခပ်မဆိတ်ရပ်နေရင်း အခြေအနေကိုအကဲ ခတ်နေ၏။

"ကဲ ဟိုကောင်မလေးကိုခေါ်လာပြီဆို..ဘယ်မှာလဲ၊ မနေ့ည ထဲကထွက်လာတာဆို ရောက်သင့်နေပြီ..ခုထိမရောက်ပါလား.."



ရှီးကိုခေါ်ထုတ်လာဖို့ ကူးကတာဝန်ယူထားခဲ့သည်။ ခုထိလည်း ရောက်မလာကြသေး.. ၊

"လူကြီးမင်းဆိုတဲ့ကောင်က သိပ်မောက်မာတာ..ပြီးတော့ ပြတ် သားတယ်၊ သူ့ကိုမိန်းမနဲ့ဖြားယောင်းဖို့မလွယ်ဘူးဆိုတာ ကျုပ်သိ တယ်.."

"ဒီကောင်တစ်ခုခု ထွက်ပေါက်တွေသွားမှာစိုးတယ်အဖေ..သူ့ မိန်းမလည်းခုထိ.."

သူတို့တွေးပူနေတုန်း ဖုန်းဝင်လာကာ.. ၊

"ဟလို.."

"............."

ကူးကဝမ်းသာအားရ လှည့်ကြည့်လာပြီး.. ၊

"ပါလာပြီ..ရွာထဲဝင်လာကြပြီတဲ့.."

ကူးရဲ့စကားမဆုံးခင် ဆိုင်ကယ်လ်သံတွေကြားလိုက်ရကာအား လုံးတက်ကြွစွာ ထွက်ကြိုကြ၏။ ဆိုင်ကယ်လ်တစ်စီးနှင့် ဂျစ်ကား တစ်စီးက သူတို့ရှိနေသည့်ရွာထိပ်အိမ်ဟောင်းကြီးဆီကိုပဲ ဦးတည် လာကြပြီး နောက်ထပ်တန်းစီပါလာသည့်ဆိုင်ကယ်လ်တွေက ရွာ၏ ဘေးကြားလမ်းထဲကို ဝင်သွားကြ၏။

ကူးနဲ့ဦးသိန်းဟန်တို့က ရုတ်တရက်နားမလည်ဘဲ ရပ်ကြည့်နေ ကြကာ ရွာလူကြီးဦးမြိုင်က မျက်မှောင်ကုတ်လျက်.. ၊

"ရွာနောက်ကျောင်းကြီးဘက်ကို ဟိုဆိုင်ကယ်တွေက ဘာသွား လုပ်ကြတာလဲ.."

ရွာနောက်ကျောင်းကြီးဆိုတာက ရွာလူကြီးအိမ်၏နောက်တည့် တည့်မှာရှိသော ဟိုတစ်ချိန်ခေတ်က စစ်ကြောင့်ကြွင်းကျန်ရစ်သော ကျောင်းဟောင်းကြီးဖြစ်သည်။

"နေပါဦး..မင်းတို့လူတွေက ဒီကဘာမှမပြောရသေးဘဲနဲ့ လူ ကြမ်းမိန်းမကို ကျောင်းကြီးထဲတစ်ခါတည်းခေါ်သွားတာလား.."

"မဟုတ်ပါဘူး..ကျွန်တော်တို့ဘာတွေစီစဉ်ထားလဲဆိုတာ မှာ နေ့ညတဲ့လူတွေပဲသိကြတာပါ.."

"ကြည့်လုပ်ကြဦးဟေ့..မင်းတို့က အကျပ်ကိုင်ခြိမ်းခြောက်ရုံပဲ

www.burmeseclassic.com

www.burmeseclassic.com



မို့လား၊ မသိတဲ့ကောင်တွေက တကယ်မီးတင်ရှို့ပစ်လိုက်လို့ ရှင်းမရဖြစ်ကုန်မယ်နော်.."

ဦးမြိုင်က ခပ်ပြုံးပြုံးပြောပြီး ခေါင်းခါနေ၏။ ဒီလူတွေလုပ်ကောင်းတွေမဟုတ်တာသိရက်နဲ့ သူလည်းကိုယ့်ရွာကောင်းကျိုးအတွက် ပူးပေါင်းနေရတာဖြစ်သည်။ ဒီရွာမှာဖြစ်ပျက်ခဲ့သည့်ရှေးဟောင်းနှောင်းဖြစ်တို့နှင့် စည်းရုံးသိမ်းသွင်း၍ သို့မဟုတ်ခြိမ်းခြောက်၍လူကြမ်းကို ဒီရွာဘက်ကရပ်တည်ပေးဖို့ ပြောရမည်။

ဒါဆိုဟိုတုန်းကလုပ်ခဲ့သည့် ပြစ်မှုကိုဆက်လက်ဖုံးကွယ်ထားမည်ဟု။ သူတို့လည်းသူတို့လိုတာယူ ကိုယ်လည်းကိုယ်လိုတာရမည်မို့.. ၊

"ဟယ်.."

"ဟင်..ဘာဖြစ်ပြန်ပြီလဲ၊ ပါလာတာ လူကြီးမင်းရဲ့မိန်းမမဟုတ်ဘူးလား.."

ကူးခေါင်းခါဖို့တောင် မေ့နေခဲ့သည်။ အမိုးဖွင့်ဂျစ်ကားပေါ်မှာရိုးပါလာသည်။ သို့သော် သူမဘေးကလူတွေက ကိုယ်ခိုင်းထားသည့်လူတွေမဟုတ်။ မိုးခြိမ်းကိုသူမသိသည်။ တခြားလူတွေကလည်းဂျန်းရဲ့လူတွေပဲဖြစ်၏။ ထို့ပြင် နောက်ကပါလာသောအနက်ရောင်ပါဂျရိုက ကိုလူ့ကား.. ၊

ဒါဟာ ကိုယ့်မိန်းမကိုယ်ပြန်ပေးဆွဲပြီး လာအပ်တာတော့မဖြစ်နိုင်တန်ရာ.. ၊

ကူးရင်တွေအဆမတန်ခုန်လာကာ တဖြည်းဖြည်းနောက်ဆုတ်နေမိသည်။ ဆိုင်ကယ်လ်နဲ့ကားနှစ်စီးက သူတို့ရပ်နေကြသည့်ရှေ့မှာကိုယ်စီမျက်နှာမူ၍ ထိုးရပ်သွားခဲ့ပြီး ဦးသိန်းဟန်ရဲ့ဖုန်းကထမြည်လာ၏။

"ပြော..လူကြီးမင်း.."

"ကျုပ်ခင်ဗျားနဲ့ပြောဖို့မရှိဘူး..ရွာလူကြီးဆိုတဲ့ပုဂ္ဂိုလ်ကိုပေးလိုက်.."

ဦးသိန်းဟန် ဦးမြိုင်ကိုအံ့သြသလိုလှည့်ကြည့်သည်။ ဦးမြိုင်ပြောတော့ လူကြီးမင်းကိုတစ်ခုမှပြန်မမြင်ရခဲ့ရတော့ မှတ်တောင်မှတ်မိဘူးတဲ့။ သူတို့ဒီရွာမှာ ရွာလူကြီးနဲ့ပူးပေါင်းကြံစည်ထားတာ



ဆိုတာလည်း ဘယ်သူ့ကိုမှမပြောမိသေးဘူးထင်သည်။

"သူကြီး..ခင်ဗျားနဲ့ပြောမယ်တဲ့.."

"ဟေ.."

ဦးမြိုင်လည်းတအံ့တသြဖြစ်သွားခဲ့လျက် ဖုန်းကိုယူလိုက်တာယောင်နန.. ၊

"အေး..ဘယ်သူလဲ.."

"ခင်ဗျားတွေ့ချင်နေတဲ့လူကြမ်း.."

"ဟေ.."

"လူစုလူဝေးနဲ့ ခုလိုစောင့်နေပေးတဲ့အတွက် ကျေးဇူးပဲ.."

ဖုန်းပြောရင်း ဂျန်းကားပေါ်ကဆင်းလာ၏။ ဘောင်းဘီရှည်အနက် ကုတ်အင်္ကျီအနက်နှင့် မီးခိုးရောင်လည်ပိုင်းဆွယ်တာကို အတွင်းခံဝတ်ထားသည်။ ရိုးကတော့ သူမကိုကူးက လူဆိုးတွေနဲ့ပေါင်းပြီးပြန်ပေးဆွဲဖို့ကြံခဲ့သည်ပဲသိကာ မိုးခြိမ်းတို့လမ်းကစောင့်ပြီး ဖြတ်လုလိုက်ကြတာကိုလည်း နားမလည်.. ၊

သူမကဖေကြီးနေမကောင်းဘူးလို့ ဦးချန်ဖုန်းဆက်သောကြောင့်ထွက်လာခဲ့တာဖြစ်သည်။ ဦးချန်ကိုအကျပ်ကိုင်ပြီး ဖုန်းဆက်ခိုင်းကြတဲ့အကြောင်း မိုးခြိမ်းတို့ပြောပြမှသိသည်။ ရွာသည်အနည်းငယ်ပြောင်းလဲနေသည်မှလွဲ၍ လွန်ခဲ့သောနှစ်ပေါင်းများစွာကအတိုင်း မပျက်မယွင်းရှိနေဆဲ သစ်ပင်အဆောက်အဦးတချို့ကဒီအတိုင်း.. ၊

"ကိုမိုးခြိမ်း..ဘာပြဿနာတွေ ရှင်းနေကြတာလဲဟင်.."

မိုးခြိမ်းကအမြဲတမ်းပဲ ဂျန်းရဲ့လူယုံပီသစွာရှိလျက် ရိုးကိုမဖြေချင်သလိုလို ဖြေချင်သလိုလို.. ၊

"စောင့်ကြည့်နေလိုက်ပါ..မကြာဘာမှမထိခိုက်စေရပါဘူး.."

အားလုံးသည်လည်း သူတို့ဘဝမှဆိုးကနေ သားကောင်ပြန်ဖြစ်ပြီကိုသိလိုက်ကာ ချွေးတွေပြန် အံတွေကြိတ်နှင့်ဖြစ်ကုန်ကြ၏။ ဦးသိန်းဟန်ဘယ်လိုမှ မျိုသိပ်မရတော့ဘဲ ဦးမြိုင်လက်ထဲကဖုန်းကိုဆွဲယူလိုက်ကာ.. ၊

"လူကြီးမင်း..ငါတို့ကလည်း မင်းနဲ့မငြိချင်ပါဘူး၊ မင်းလွယ်လွယ်လက်ခံမှာမဟုတ်တာရယ် တကူးနွေကလည်း.."

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်လာတာခင်ဗျားတို့နဲ့ပြောဖို့မဟုတ်ဘူး.."

ဂျန်းကဖုန်းကိုင်ပြောရင်း သီချင်းဆိုပြီး စင်အောက်ပရိပ်သတ်တွေထဲဆင်းလာသည့်အဆိုတော်ကဲ့သို့ သူတို့ရှိရာတည့်တည့်လျှောက်လာသည်။ ပြီးတော့ ဆွေးရိနေသည့်လှေကားထစ်သုံးထစ်ကနေ မတက်ဘဲ သစ်ငုတ်ပေါ်ကိုတက်လိုက်ပြီးမှ လွှားခနဲခုန်တက်သည်။

ထိုအခါ သူကြီးဦးမြိုင်ရှေ့ကို မျက်နှာချင်းဆိုင်ရပ်လိုက်ပြီးဖြစ်ကာ ဖုန်းကိုအင်္ကျီအိတ်ထဲထည့်၍.. ၊

"ခင်ဗျားဘာလိုချင်တာလဲ..ပြောကြည့်ပါဦး.."

"မင်း..မင်းကလူကြမ်း.."

"ဟုတ်တယ်.."

"ငါကမင်းကို သေချာတောင်မသိတော့ပါဘူး.."

"ဒါပေမယ့် ကျုပ်ဘာတွေလုပ်ခဲ့တယ်ဆိုတာ သူတို့ကိုသတင်းရောင်းလိုက်တယ်မို့လား.."

"အဲဒါ.."

"ကျုပ်ကိုအကျပ်ကိုင်ပြီး ရွာအတွက်အလှူငွေတောင်းဖို့.."

လူကြမ်းဆိုတဲ့ကောင်လေးက သူတို့ကြောက်နေကြသလောက် တကယ်တော်နေပါလား။ ဒီကောင်လေးက ရွာကိုမီးရှို့ကျီစယ်ပြီး ထွက်ပြေးခဲ့တဲ့ကောင်လေး.. ၊

ဗလမရှိပေမယ့် 'ဇ'ရှိသည်လို့ပြောပြီး 'ဆယ်နှစ်နှစ် ဆယ့်သုံးနှစ်သား'လေးက အိမ်နဲ့လူလေးငါးယောက်ကို မီးရှို့ထွက်သွားသည့် အဖြစ်အကြောင်း ရွာမှာအတော်ကြာအောင် ပြောစမှတ်တွင်ခဲ့သည်။ လူကြမ်းဆိုတဲ့ကောင်လေးက တကယ်'ဇ'နဲ့ပါလား.. ၊

အရပ်အမြင့်ကြီးက အားလုံးထက်မိုးနေသည်။ ဆံပင်ရှည်တွေက လူမိုက်ဆန်ဆန်ရှိနေကာ မျက်ခုံးအစုံနှင့်နှုတ်ခမ်းသားတို့ကြောင့်သာ ဟိုတုန်းကလူကြမ်းဆိုတာ ပုံဖမ်းလို့ရခဲ့သည်။ ပြီးတော့ မည်းနက်သောမျက်စပ်လေးတွေနဲ့ ကော့သိပ်သောတိုစိပ်စိပ်မျက်တောင်တွေ.. ၊

'ဒီကောင်လေးက လူချောလေးဗျ..ဒါပေမယ့် 'အ'သွားပြီ..'



'လူမစွမ်းနတ်မဆိုသလိုပေါ့ကွာ..အရမယ့်ကောင်ဆိုတော့ လူချောလူလှလေးဖြစ်နေတာပေါ့..'

ရွာမှာလူကြမ်းကို နားလည်ကြင်နာတဲ့သူဆိုတာ မရှိသလောက်ပင်။ ထိုပြင်စကားလုံး၀မပြောတော့ဘဲနေလိုက်တော့ 'အ'နေသည်ဆင်ပြီး 'ရွှေအ'လို့တောင်ခေါ်ကြသေးသည်။ တကယ်ကမ်းမပြောချင်လို့ မပြောဘဲနေခဲ့တာမှန်းသိရတော့ ပိုလန့်သွားကြ၏။ ကလေးငယ်တစ်ယောက်က ဒီလောက်ထိစိတ်ဓာတ်ပြင်းထန်နေခဲ့သည်..ဟု..။

"ဘယ်လိုလဲ..အခုခင်ဗျားရှေ့မှာရောက်နေပြီ၊ လိုချင်သလောက်တောင်း.."

ဒါတကယ်လား..။ တကယ်တောင်းခိုင်းနေတာလားလို့တွေးမိလိုက်သေးသည်။ ဒါပေမယ့် ဂျန်းရဲ့မျက်လုံးထဲက အေးစက်မှုတွေကြောင့် ဦးမြိုင်ဇဝေဇ၀ါနှင့် ဦးသိန်းဟန်တို့ကိုလှမ်းကြည့်၏။

"လူကြီးမင်း.."

ဦးသိန်းဟန်က ပြောမည်ပြင်လိုက်တာနှင့် ဂျန်းကဆတ်ခနဲလှည့်ကြည့်ကာ.. ၊

"မိန်းမတစ်ယောက်ကြောင့် နားယောင်ပါးယောင်လိုက်လုပ်တဲ့ တုံးတွေလို့ပဲ သတ်မှတ်တယ်ဦးသိန်းဟန်.."

"ငါတို့ကမင်းကို.."

"အခု ကျုပ်တို့မတွေ့ခဲ့ဘူးလို့ပဲမှတ်လိုက်မယ်..ခင်ဗျားတို့လစ်လိုက်တော့.."

"ဟာ..ဟော့.."

ဦးမြိုင်လှုပ်လှုပ်ရှားရှားဖြစ်သွားခဲ့ပြီ.. ၊

"ကျုပ်ကသူတို့ကြောင့်ပါလာရတာ.."

"ဟုတ်တယ်လူကြီးမင်း..သူကရိုးသားတဲ့ရွာသားပါပဲ၊ ငါတို့ကတယ်သူ့နောက်ကြောင်းကိုမှလည်း မစပ်စုချင်ပါဘူး..ဒါပေမယ့် ပအမအစီအစဉ်ပျက်သွားတယ်၊ ငါတို့ကလည်း ကြံမိကြံရာကြံခဲ့တာ လို့ မင်းကိုတောင်းပန်တယ်..နောက်အစီအစဉ်အရတော့ ငါတို့ ရပါတယ်..မင်းရဲ့ဂုဏ်သိက္ခာအတွက် လူကြီးမင်းကယ်စဉ်တည်း ဘာတွေလုပ်ခဲ့ဖူးတယ်ဆိုတာကိုတော့.."

www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား ဟား.."

ဂျန်းကမျက်နှာမော့ရယ်ချလိုက်သည်။ ပြီးမှ.. ။

"ကျုပ်သိတယ်..ခင်ဗျားလည်းလွယ်လွယ်နဲ့နောက်ဆုတ်မှာမဟုတ်ဘူးဆိုတာ.."

"ဒါကဒီလိုရှိတယ်လေ..မင်းပြောသလိုပေါ့၊ လောဘရမ္မက်တွေပြင်းပြနေတဲ့မိန်းမတစ်ယောက်ကြောင့် ကျုပ်တို့ဟာလူပြန်ပေးဆွဲပြီးအကျပ်ကိုင်ဖို့ ကြိုးစားမိတာမှားသွားတယ်..တကယ်က ပြီးခဲ့တဲ့ကိစ္စတွေကို မကျေမနပ်ပြန်ပြောဖို့ မရည်ရွယ်ပါဘူး၊ နောက်ဖြစ်မယ့် အရောင်းအဝယ်ကိစ္စမှာသာ.."

"ကျောက်မျက်ရတနာကို ကျုပ်ဘယ်တော့မှမြန်မာပြည်မှာ လုပ်ဘူး.."

"ဘယ်မှာဖြစ်ဖြစ်..ငါတို့က.."

"နေဦး.."

ဂျန်းကဖုန်းကိုင်သည့်လက်နဲ့မြှောက်၍ သူ့စကားကိုတားဆီးလိုက်ပြီး.. ။

"ခင်ဗျားကိုစည်းအပြင်ထွက်ဖို့ ပြောပြီးပြီ..မထွက်ဘူးဆိုတော့ခင်ဗျားမှာရွေးချယ်စရာမရှိတော့ဘူး.."

ဂျန်းဘာကိုဆိုလိုမှန်းမသိ။ သို့သော် ဖုန်းပြောသံကြားနေလျှင်..

"အေး..နှစ်ယောက်ဖြစ်သွားပြီ၊ မထားခဲ့နဲ့တော့ ခေါ်ထုတ်သွားလိုက်.."

ဦးသိန်းဟန်တို့သားအဖတစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြ၏။ ဦးမြိုင်က ဘာမှနားမလည်နိုင်သေးဘဲ.. ။

"မင်းတို့ကဘာတွေလဲ..ကျုပ်ကမှောင်ခိုအလုပ်တွေထဲ ပါချ

တာမဟုတ်ဘူးနော်.."

"ခင်ဗျားက သူများနောက်ကြောင်းဖော်ပြီး အောက်တန်းကျ

လုပ်စားချင်ရုံပါ.."

ဂျန်းကထေ့ငေါ့လိုက်ပြီး နှုတ်ခမ်းစေ့၍မဲ့သည်။ ပြီးတော့ ဆေးလိပ်ကိုထပ်ကပ်၍ ဦးမြိုင်ကိုစေ့စေ့ကြည့်ကာ.. ။

"တကူးနွေဆိုတဲ့မိန်းမက ကျုပ်ရဲ့လို့ဝှက်ချက်ကြီးရပြီဆို



ခေါင်းဆောင်ဝင်လုပ်တယ်..ခင်ဗျားက ဒီမှာလာလုပ်ကြ..ငါလည်းဖော်ကောင်လုပ်နိုင်တယ်ဆိုပြီး.."

"လူကြမ်း..ငါပြောမယ်၊ လူတိုင်းမှာအတိတ်ဆိုတာရှိတယ်..မင်းရဲ့အတိတ်အကြောင်းက အတော်ဆိုးရွားခဲ့တယ်၊ ဒါကိုငါသိသလောက်ပြောပြလိုက်တယ်..ဒါလည်း သူတို့ဖြစ်ချင်တဲ့ဆန္ဒက မင်းနဲ့အလုပ်တွဲလုပ်ချင်ရုံ သေးသေးလေးမို့ပါ.."

ဂျန်းကစိုက်ကြည့်ပြီး ဘာမှဝင်မပြောပေ.. ။

"ငါပဲသိသိ သူတို့ပဲသိသိ ဒါဒီနေရာမှာတင်ပြန်ပျောက်သွားမှာလေ..ဘယ်သူ့မှာမှ နစ်နာဖို့မရှိတာကို မင်းကလူဆိုးဂိုဏ်းခေါင်းဆောင်ကြီးလို အဖွဲ့လိုက်ရွာကိုဝင်စီးတဲ့ပုံမျိုး.."

"ရွာကိုဝင်မစီးပါဘူး..ဘာလုပ်ဖို့လဲ၊ ကျုပ်အတွက် ဇာတိချက်မြှုပ်အရပ်က မီးလောင်ပြင်ထက်ပူတယ်..ဘာအကြောင်းနဲ့မှကို ပြန်လှည့်ချင်ခဲ့တာ.."

"ဒါပေမယ့် မင်းရဲ့ဂုဏ်သိက္ခာအတွက်ကျတော့ ပြန်လာရတာပဲမို့လား.."

ဦးသိန်းဟန်က ဒီအဖြစ်ကိုလိုချင်နေတာမို့ ဒါကိုပဲမရမကပြန်ဆွဲပြောသည်။ ဂျန်းကသူတို့နှစ်ယောက်ကိုကြည့်နေပြီး ပြုံးလိုက်

ဘာ.. ။

"ကျုပ်ရဲ့အတိတ်ကိုဖော်မှာ ကြောက်နေတယ်လို့ ဘာဖြစ်လို့ထင်နေကြတာလဲ.."

မေးခွန်းက ခပ်ကြောင်ကြောင်. ။

"ကျုပ်အခုလာတာ ကျုပ်ကိုအကျပ်ကိုင်ဖို့ကြိုးစားတဲ့အဖြစ်ကို

လိုချင်လို့ ကျုပ်မှာလူသိမခံနိုင်လောက်တဲ့အတိတ် ဘာမှမရှိခဲ့ဘူး.."

"ရှင်ရှိခဲ့ပါတယ်.."

ကူးထွက်ပြေးဖို့စိတ်ကူးခဲ့သေးသည်။ ဒါပေမယ့် မိန်းမမို့စာ

င်းထဲထည့်မထားသေးတာပဲဖြစ်လိမ့်မည်။ လူကြီးမင်းက သူမကို

ည်း ချန်ထားခဲ့မှာမဟုတ်မှန်းသိလိုက်သောကြောင့်.. ။

"ရှင်ထောင်ကျမှာပဲ..ရှင်အလိုက်ကောင်းရင်တော့ ဂုဏ်သိက္ခာ

တော့သွားပြီ၊ အမှုတစ်ခုဆိုတာ မပေါ်ပေါက်ခဲ့ရင် မပိုက်မချင်းအ

www.burmeseclassic.com

www.burmeseclassic.com



သက်ရှိတယ်ရှင်.."

"ဟုတ်ပါတယ်..ငါတို့မင်းကိုကတိပေးတယ်၊ ဒါကိုဒီမှာပဲည် ရအောင်..'

"ဦးမြိုင်.."

ဂျုန်းက ဦးသိန်းဟန်စကားကိုဖြတ်၍ ဦးမြိုင်ကိုကြည့်ကာ..

"ကျုပ်ဘယ်သူ့ကိုမှ မသတ်ခဲ့ဘူး..အိမ်မီးရှို့တာလည်း ကျုပ် မဟုတ်ဘူး၊ အဲ့ဒါခင်ဗျားသေချာသိတယ်.."

ဟင်.. ၊

ဦးမြိုင်မျက်နှာ ချောက်ချားသွားသည်။

"ဘယ်သူမီးရှို့တာလဲ..ဘာကြောင့်ဖြစ်လာတဲ့ဆိုတာတွေလည်း ခင်ဗျားတို့သိတယ်.."

"မ..မဟုတ်သေးပါဘူး၊ မင်းဘာဖြစ်လို့ပြောင်ပြောင်ဘူးကွယ် ချင်ရတာလဲ.."

"ခင်ဗျားသားက အားလုံးဝင်ခံပြီးပြီ.."

"ဘာ.."

ဦးမြိုင်မျက်လုံးကြီး ပြူးထွက်လာသည်။

"ခင်ဗျားသားရူးလည်းမရူးဘူး..ကျုပ်မပြည့်တဲ့ရောဂါလည်းမ ဘူး၊ အသက်လည်းသုံးဆယ်နီးပါးရှိနေပြီ..ရှေ့မီနောက်မီအရွယ် ပါတော့ ဟုတ်ရဲ့လား.."

"ဒါ.."

"ခင်ဗျားအသက်ကြီးမှ ရပ်ရွာကောင်းကျိုးအကြောင်းပြုပြီး မိ မကိုစိန်နှားကပ်ပန်ရအောင် ကြိုးစားနေတာပဲ.."

"ဟာ..မင်းဒီလိုတော့.."

"ဦးမြိုင်.."

"အ.."

ဂျုန်းရဲ့မျက်နှာနီရဲတင်းမာလာကာ ဦးမြိုင်ရဲ့လည်ပင်းကို လ ဖဝါးထဲမှာ ဖျစ်ညှပ်ပစ်တော့မလို ဖိကပ်လိုက်ကာ.. ၊

"အဖြစ်မှန်ကိုပြောပြပါ.."

"ဟော့..ငါ.."



"ခင်ဗျားကိုစကားပြောခွင့်ပေးနေတာနော်..ကျုပ်ထပ်ညှစ်လိုက် ရင်.."

"နေပါဦး..ကျုပ်ကဘာကိုပြောရမှာလဲ.."

"ကျုပ်ရဲ့အတိတ်ဆိုပြီး တကယ့်အဖြစ်မှန်ကိုခင်ဗျားတို့ဖုံးထား တာ..အဲ့ဒါခုပြော သူတို့ရှေ့မှာပြောရမယ်.."

"လူကြီးမင်းရာ..မင်းအဘိုးကြီးတစ်ယောက်ကို အဲ့လိုအကျပ် ကိုင်ပြီး မထွက်ဆိုခိုင်းပါနဲ့.."

"ဟော့လူ..ခင်ဗျားပါးစပ်ပိတ်.."

"အား.."

နောက်လက်တစ်ဖက်သည်လည်း ဦးသိန်းဟန်၏လည်မျိုကို ဖမ်းထောက်လိုက်ပြီးဖြစ်လျက်။ လူကြီးနှစ်ယောက်၏လည်မျိုတွေကို အိမ်ထရံနဲ့ ဖိကပ်ပစ်လိုက်၏။ ဘေးကလူတွေရှဲခနဲဖြစ်သွား၏။ ဦး သိန်းဟန်၏သားနှစ်ယောက် ရှေ့တိုးရခက် နောက်ဆုတ်ရခက်နှင့်..။

"မင်းငါ့တို့အဖေကိုလွှတ်လိုက်ဟေ့ကောင်.."

သူတို့လှုပ်မည်ကြံတာနှင့် ဂျုန်းရဲ့လူသုံးယောက်အနားရောက် လာကြ၏။ ဘာမှဝင်မလုပ်ပေမယ့် သူတို့မျက်နှာတွေကိုမြင်တာနှင့် ဦးသိန်းဟန်ရဲ့သားနှစ်ယောက်နဲ့လူတွေ တွန့်ဆုတ်သွားကြသည်။

"ကျုပ်ရဲ့အတိတ်ဖြစ်ဖြစ် ပစ္စုပ္ပန်ဖြစ်ဖြစ် ဘယ်သူနားလည် လည် မလည်လည်ဂရုမစိုက်ဘူး..ဒါပေမယ့် ကျုပ်ကိုတစ်ယောက် ယောက်ကလုပ်ကြံလိုက်တာမျိုး ကျုပ်ရာဇဝင်မှာမရှိရဘူး.."

"လူကြီးမင်း ငါ..ငါမင်းကို အား..အစ်.."

ဦးသိန်းဟန်သားတွေကို လှမ်းကြည့်ဖို့တောင် မျက်လုံးမရွှေ့ နိုင်တော့ဘဲ မျက်လုံးကြီးပြူးထွက်လာ၏။ ဦးမြိုင်ထိတ်လန့်သွားခဲ့ လျက်.. ၊

"မင်း..မင်းမဟုတ်ဘဲ ဘာဖြစ်လို့ထွက်ပြေးခဲ့တာလဲ.."

"လာသေးတယ်.."

"အား..အ.."

နောက်ထပ်စကားပြောခွင့်မရတော့အောင် ဖိညှစ်လိုက်ရင်း..။

"ခင်ဗျားကရွာလူကြီးဖြစ်တဲ့အတွက် ကျုပ်ရဲ့နောက်ကြောင်းအ

www.burmeseclassic.com

www.burmeseclassic.com



မှန်ကို ခင်ဗျားပြောတာလိုချင်တယ်..ပြော.."

"အား..ကျုပ် ကျုပ်သားကဘယ်မှာလဲ၊ အား ..အင်း.."

ဦးမြိုင်ဆက်မမေးဝံ့တော့ဘဲ ခေါင်းညိတ်နေလျက်.. ၊

"တကယ်တော့ ဦးခင်မောင်ကြီးအိမ်ကိုမီးနဲ့ရှို့ခဲ့တာက..အ..နည်းနည်းလွတ်ပါဦး၊ အား မီးရှို့ခဲ့တာက စိတ်မနှံ့တဲ့ကောင်လေး ဖိုး..ဖိုးတာပါ၊ အဲ့ကောင်လေးလုပ်တာတွေကို သူ့အစ်မမသေခင်က ဘေးမှာရှိနေတဲ့လူတွေကို ပြောခဲ့ပါတယ်..အဲ့ဒါတွေကို.."

ဦးမြိုင်က နာကျင်သံကြီးနှင့် အဖြစ်တစ်ခုလုံးကို ပြောပြသွားသည်။ ဦးသိန်းဟန်တို့အားလုံးကြားနေရကာ သူ့ကိုဂျန်းကလက်လွှတ်လိုက်တာနှင့် ချောင်းတွေဆိုးလျက် ကုန်းကုန်ကွကွဖြစ်သွားလေသည်။ သားတွေကဖအေကိုဝင်တွဲကြပြီး ဒေါသမျက်နှာကြီးတွေနှင့်.. ၊

"လူတစ်ယောက်ကိုလည်းပင်းညှစ်ပြီး သက်သေထွက်ဆိုနိုင်းတာ ပြစ်မှုမြောက်တယ်ကွ..ဘယ်ဟာကအမှန်ဆိုတာလည်း ဘယ်သူမှသိမှာမဟုတ်ဘူး.."

"မကြောက်ဘူး..ဂရုမစိုက်ဘူးလို့အော်နေပြီး မင်းဒီထိလိုက်လာပြီး ရှင်းပြဖို့ကြိုးစားနေရတာပဲမို့လား.."

"အဟွတ် အဟွတ်..အား.အဟွတ်.."

ဂျန်းကဦးမြိုင်လည်ပင်းကိုလွှတ်ပေးလိုက်ပြီး အားပါးတရပြုံးကာ.. ၊

"ဟုတ်လား..ဒါဆို ကျုပ်လိုလူက ဆယ့်နှစ်နှစ်သားတုန်းကတောင် ဘယ်သူမှအမှန်မသိအောင် မီးရှို့လူသတ်ခဲ့နိုင်သေးတာ..ခုအချိန်မှာဆိုရင်ရော.."

အားလုံးအသံတွေ တိတ်သွားကြသည်။

"ကျုပ်အတွက်သေစားသေပေးမယ့် လူတွေရှိတယ်..ရွာတစ်ရွာကို မီးရှို့ဖျောက်ဖျက်နိုင်တဲ့ ပါဝါတွေလည်း ကျုပ်မှာရှိတယ်.."

ဦးသိန်းဟန်မတ်မတ်ပြန်ရပ်နိုင်သည်နှင့် သားတွေကိုဒေါသထွက်သည့်မျက်လုံးတွေနှင့်ကြည့်သည်။ ပြီးတော့ ဂျန်းဘက်ကိုလှည့်၍.. ၊



"မင်းဘယ်လိုလူဖြစ်ဖြစ် ကျုပ်တို့ချင်းက အတူတူတွေပါ..ဒီနေ့ဒီကိစ္စတွေမဖြစ်ခဲ့ဘူးလို့ သဘောထားပေးပါ၊ ကျုပ်တို့သွားတော့မယ်.."

"မရတော့ဘူး.."

ဦးသိန်းဟန်ခြေလှမ်းတုံ့သွားသည်။

"ကျုပ်ကပြောပြီးရင် ဖြစ်အောင်လုပ်တယ်.."

ပြီးတော့ ဦးမြိုင်ကိုငုံ့ကြည့်ကာ.. ၊

"ဒီရွာမှာလည်း နောက်ထပ်ကျုပ်နာမည်ကို ပါးစပ်ထဲထည့်မပြောရဲအောင် သင်္ခန်းစာပေးမယ်.."

ကြိမ်းဝါးခြင်းသက်သက်မဟုတ်မှန်းသိသာစေသော ဂျန်းရဲ့စကားသံက အေးစက်ပြတ်သားနေခဲ့၏။ ပြီးတော့ သူ့လူတွေကိုငုံ့ကြည့်ကာ.. ၊

"လုပ်လိုက်တော့.."

ဟင်.. ၊

ဦးမြိုင်နဲ့ဦးသိန်းဟန်တို့ မျက်နှာတွေပျက်ကုန်လျက် ငိုရမလိုရယ်ရမလို ဟိုကြည့်ဒီကြည့်.. ၊

"လူကြီးမင်း.."

ဦးသိန်းဟန်တစ်စုံတစ်ခုကို သဘောပေါက်လာခဲ့လျက်.. ၊

"ကျုပ်တို့က တကူးနွေကြောင့် ဒီလိုတွေလုပ်ဖို့ကြံမိတာပါ..မင်းလည်း လုပ်ကြံမခံခဲ့ရပါဘူး၊ ငါတို့ကအချင်းချင်းတွေပါ.."

ထိုစဉ်ရွာဘက်က စက်ဘီးနဲ့ကောင်လေးတစ်ယောက် ဒုန်းစိုင်းလာပြီး အမောတကောနှင့်.. ၊

"ဘဘမြိုင်..ဘဘမြိုင်တို့ရဲ့နောက်ကျင်းကြီးနားမှာ ဘယ်ကလူတွေလဲမသိဘူး၊ ကောက်ရိုးပုံတွေကို ကျင်းပေါ်ကအုံနေကြတယ်ဗျ.."

ဦးမြိုင်ရဲ့အကြည့်တွေ ဂျန်းဆီရောက်သွားလျှင်.. ၊

"ဒီရွာက ကျုပ်ကိုမီးရှို့ပစ်ချင်အောင် ခဏခဏလုပ်နေတယ်.."

"မင်း.."

"ကျုပ်ကိုရောက်လာအောင်လုပ်မိတာ တစ်သက်လုံးနောင်တနေရမှာ.."

www.burmeseclassic.com

www.burmeseclassic.com



ပြောနေရင်းနဲ့ရယ်ကာ.. ၊

"ခင်ဗျားသွားလို့ရပြီဦးမြိုင်..တော်ကြာ ကိုယ့်သားသင်္ဂြိုလ်တာတောင် မမြင်လိုက်ရဘဲနေမယ်.."

ဟင်.. ၊

"ခင်ဗျားလည်းလိုက်သွားဦးသိန်းဟန်..ပြီးမှနောင်တရနေလိမ့်မယ်.."

"ငါ့သား.."

"ဟုတ်တယ်.."

ဂျန်းကခေါင်းညိတ်လိုက်ပြီး လက်ကနာရီကိုပင့်ကြည့်ကာ..၊

"ဦးမြိုင်ရဲ့သားနဲ့ ဦးသိန်းဟန်ရဲ့သားကို ဒီနေ့လယ်..အဲ..ခုပဲနှစ်ယောက်ပူးသင်္ဂြိုလ်လိမ့်မယ်..ကျင်းကလည်းတစ်ကျင်းတည်းရှိတော့.."

"မင်း..မင်း ဟောကောင်တွေ ရွာနောက်ကိုမြန်မြန်လိုက်.."

"ငါ့သား.."

ဦးမြိုင်အရှူးတစ်ပိုင်းပြေးဆင်းသွားသော်လည်း ဦးသိန်းဟန်က သေနတ်ဆွဲထုတ်သည်။ သို့သော် ဂျန်းကမြန်သည်။ သေနတ်ထုတ်လိုက်တာနှင့် ရိပ်ခနဲပတ်ကန်ပစ်လိုက်သည်။ ဦးသိန်းဟန်သေချာမကိုင်လိုက်ရသေးခင် သေနတ်ကလွင့်ထွက်သွားသည်။

ဦးသိန်းဟန်မခံရပ်နိုင်ဖြစ်နေကာ ဂျန်းကိုဒေါသတကြီးပြေးထိုးလေသည်။ ဒေါသအမှောင်ကြောင့် ကိုယ့်ဘေးကိုမမြင်တော့ဘဲ ဂျန်းက ရှောင်ပေးလိုက်တာနှင့် အိမ်ပေါ်ကနေဝုန်းကနဲထိုးကျသွားခဲ့၏။ ထိုစဉ် ရွာနောက်ဘက်က မီးခိုးတွေလိပ်တက်လာတာမြင်လိုက်ရ၏။ ဂျန်းနှုတ်ခမ်းမှာ အပြုံးတို့ဖြစ်ထွန်းသွားခဲ့လျက်.. ၊

"နှစ်ယောက်ပဲချန်ခဲ့ပြီး အားလုံးပြန်ကြတော့လို့.."

ဘေးက သုံးယောက်ကိုလှည့်ပြောကာ ဂျန်းမျက်လုံးတွေဂျစ်ဝင်း.."

ကားပေါ်ရောက်သွား၏။ ကားပေါ်မှာရိုးမရှိတော့ပေ။ မိုးခြိမ်းက ကားဘေးမှာကျောခိုင်းရပ်လျက် ဖုန်းပြောနေကာ နောက်နှစ်ယောက်ကကားဘီးနားမှာ တစ်ခုခုအလုပ်ရှုပ်နေကြ၏။

ဂျန်းအိမ်ပေါ်ကနေ လှမ်းခနဲဆင်းလိုက်ရင်း.. ၊



"မိုးခြိမ်း..ရိုးဘယ်ရောက်သွားတာလဲ.."

"ဟင်.."

မိုးခြိမ်းလှည့်ကြည့်ပြီး ထိပ်ထိပ်ပျာပျာဖြစ်သွားသည်။

"တောက်..အသုံးမကျတဲ့ကောင်.."

ဂျန်းရွာနောက်ဘက်ကို တအားပြေးသည်။ သူသိလိုက်သည်က ရိုးကိုတစ်ယောက်ယောက်ခေါ်သွားတာမဟုတ်ပေ။ သူ့မဘာသာ မီးထဲပြေးဝင်နေတာဖြစ်၏။ ထင်သည့်အတိုင်း သူ့ရှေ့ခပ်ဝေးဝေးမှာရိုးကတအားပြေးနေ၏။

"ဟေ့..ကြာနွယ်ရိုး ခင်ဗျားရပ်လိုက်စမ်း.."

ရိုးကလှည့်ကြည့်ကာ သူ့ကိုမြင်လိုက်သည်နှင့် အုတ်ခဲတစ်လုံးပြေးကောက်ပြီး ကိုယ့်ခေါင်းကိုချိန်သည်။

"မင်းငါ့ဆီမလာနဲ့နော်..မင်းက ရုပ်လေးအရွယ်လေးနဲ့မလိုက်အောင် ရက်စက်တတ်တဲ့လူ၊ မင်းမှာအကြင်နာမရှိဘူး..ရန်သူတောင်သက်နက်ချရင် ကျေအေးရတယ်၊ မင်းမှာခွင့်လွှတ်နိုင်တဲ့အကြင်နာသုံးဝမရှိဘူး..လူကြမ်း လူရမ်းကား၊ ငါသူတို့ကိုမကယ်ရရင် ကိုယ့်ကိုယ်ကိုသတ်သေမှာ.."

"ကျွတ်.."

"နင်ရှေ့မတိုးခဲ့နဲ့..ခုချက်ချင်းအဲ့ဒီမီးကို ငြိမ်းခိုင်းလိုက်၊ မဟုတ်ရင် ငါ.."

"ဟိတ်..မလုပ်နဲ့.."

သူပြေးသွားမလိုပြင်ပြီးမှ ခြေလှမ်းပြန်ရုတ်ရသည်။ မီးခိုးတွေ မည်းသည်းလိပ်တက်နေသဖြင့် ရိုးကအုတ်ခဲကိုမြှောက်ထားဆဲနှင့် လှည့်ကြည့်ကာ.. ၊

"ဖုန်းဆက်လိုက်..ခုချက်ချင်းပြော၊ မီးတွေမသတ်ဘူးလား.."

ဂျန်းကိုပြောနေလည်း လိုက်လျောမှာမဟုတ်မှန်းသိလိုက်ကာ ကအုတ်ခဲကိုကိုင်ရင်း သူ့ကိုခြိမ်းခြောက်ရင်းဖြင့်.. ၊

"ရိုး..ဘာလုပ်မလို့လဲ၊ ခင်ဗျားသွားလည်း သူတို့ကိုကယ်လို့မရတော့ဘူး.."

www.burmeseclassic.com

www.burmeseclassic.com



"မင်းဆက်လိုက်လာရင် ငါပါမီးဖိုထဲခုန်ချမှာ.."

"ချလည်းခင်ဗျားသေရုံပဲ..သူတို့ကိုမြင်တောင်မြင်ရမှာ မဟုတ်ဘူး.."

ရိုးမီးလောင်သည့်ကျင်းဟောင်းကြီးဆီရောက်သွားသည်။ မီးက ကျင်းနှုတ်ခမ်းပေါ်မှာ အားကောင်းစွာတောက်လောင်နေ၏။ ကောက်ရိုးတွေကို သုံးထားသဖြင့် မီးတောက်မြန်ပေမယ့် တကယ်ကသစ်ခြောက်လုံးတွေ စုပုံဝိုင်းအုံထားတာဖြစ်ကာ ကျင်းထဲမပြောနှင့် အနားထိတောင် ဘယ်သူမှမကပ်နိုင်ကြပေ.. ၊

မီးတောက်တွေရဲ့ဘေးမှာ ဦးမြိုင်တို့နှင့်ဦးသိန်းဟန်တို့လူစုအပြင် ရွာသားတွေပါအုံးအုံးကျွတ်ကျွတ်ဖြစ်နေကြ၏။ ရိုးဘယ်လိုမှ မယုံနိုင်။ မီးပူရှိန်ကြောင့်နောက်ဆုတ်ရင်း ဂျန်းပြေးလာတာကိုလှမ်းကြည့်၍ အံကြိတ်လိုက်မိသည်။

ဒီမကောင်းမှုအတွက် သင်းကဘာမှမပေးဆပ်ရတော့ဘူးလို့ ထင်နေသလား..။ ဒီလောက်ထိတော့ မလုပ်လောက်ဘူးထင်ခဲ့သည့် သူမသံယောဇဉ်တွယ်ခဲ့မိသည့် လူကြမ်းမင်းသားက ဒီလိုရက်စက်ကြမ်းကြုတ်တဲ့ယောကျ်ားလား..။ ရိုးဘယ်လောက်ထိစိတ်ပျက်ခါးသီးမိခဲ့သလဲဆိုလျှင် လက်သီးဆုပ်အံကြိတ်ရင်း ဆုံးဖြတ်ချက်ချလိုက်သည်။

"လုပ်ကြပါဦး..ငါ့သားကြီး.."

"လူကြီးမင်း..အယုတ်တမာကောင်၊ ငါ့သားသေသွားရင် မင်းကိုငါချမ်းသာမပေးဘူးကွ.."

ငိုယိုအော်ဟစ်သံတွေ ကြိမ်းဝါးသံတွေကို နားစိုက်ထောင်ရင်း မီးပုံထဲခုန်ချလိုက်ဖို့ ဆုံးဖြတ်၍.. ၊

"နင့်အောင်ပွဲကိုအားရအောင် ကြည့်ထားလိုက်ဂျန်း..ငါသေသွားရင်လည်း နင်ရယ်နိုင်ရင်ရယ်ပါ၊ နင့်အတွက်ကိုငါဒီလိုလုပ်လို့ နွ ချပေးနိုင်ခဲ့တယ်ဆိုရင် ငါသေပျော်တယ်.."

လူတွေကြားထဲမှာ ဂျန်းကိုသေချာရှာမကြည့်နိုင်တော့ပေမယ့် ရိုးအသံထွက်နိုင်သလောက် အော်ပြောသည်။ ပြီးတော့ မီးတွေထဲခုန်ချဖို့ မျက်လုံးစုံမှိတ်၍ ပြေးဝင်သွားမိသည်။ သို့သော် သူမကိုယ်ကို



တစ်စုံတစ်ယောက်က ဇွဲခနဲဆွဲပွေ့လိုက်ကာ.. ၊

"ပြောရင်ဘယ်တော့မှ နားမထောင်ဘူး.."

ဂျန်းဆိုတာသိသည်။ သူမဟန်ဆောင်ခြောက်လှန့်ပြတာမဟုတ်သည်မို့ အတင်းထုန်ရုန်းကာ.. ၊

"လွှတ်..နင့်ကိုငါရွံတယ်၊ အရမ်းမုန်းတယ်..နင်ရက်စက်နိုင်ပေမယ့် ငါမနေနိုင်ဘူး၊ ငိုနေတဲ့လူတွေကို ငါမကြည့်ရက်ဘူး..လွှတ်၊ လူရမ်းကား..လူယုတ်မာ.."

ရိုးတအားရုန်းနေသဖြင့် မရမကဆွဲထုတ်လာခဲ့ရစဉ် ဦးသိန်းဟန်ရဲ့သားတစ်ယောက်က ဖြုန်းခနဲရောက်ချလာကာ ဓားနဲ့ပြေးထိုးသည်။ ရိပ်ခနဲမြင်လိုက်သည်နှင့် ရှောင်ပြီးသားဖြစ်သွားသော်လည်း ရိုးကိုမထိအောင် ကာကွယ်လိုက်ရသဖြင့် သူ့လက်မောင်းကိုရှပ်ထိသွား၏။ နောက်တစ်ချက်လိုက်ထိုးတော့ ဂျန်းခြေလှမ်းပျက်ပြီး လဲကျသွား၏။

သို့သော် မိုးခြိမ်းရောက်လာကာ ထိုလူရဲ့နားထင်ကိုဖောင်းခနဲ ပတ်ကန်ပစ်လိုက်၏။ ဂျန်းသည်ရိုးကိုဖက်ထားလျက် ကုန်းနိမ့်ထဲသို့ ဒလိမ့်ခေါက်ကွေးပြုတ်ကျ လိမ့်ဆင်းသွားလေသည်။ ကုန်းမြင့်ဘယ်လောက်ထိမြင့်သလဲမသိသော်လည်း အတန်ကြာလိမ့်ဆင်းသွားပြီးမှ သစ်ပင်တစ်ပင်၏ခြေရင်းနှင့် တိုက်မိပြီး ရပ်တန့်သွားသည်။

ရိုးနဲ့သူဘေးတစ်စောင်းဖက်လျက်သား ငြိမ်သက်သွားခဲ့၏။ သို့သော် ရိုးမျက်ဝန်းလေးတွေက ရူးရူးရဲရဲရန်လိုနေဆဲရှိသောကြောင့် ထပ်မရုန်းနိုင်အောင် ဂျန်းကသူမကိုယ်လေးကို ရင်ခွင်အောက်ရောက်သွားအောင် လှိမ့်လိုက်ပြီး.. ၊

"တော်တော်ခေါင်းမာတဲ့မိန်းမ.."

"ဟုတ်တယ်..မာတယ်၊ မင်းအခု ငါ့ကိုလွှတ်လိုက်.."

"မမိမိအောင်လိုက်ဖမ်းရနေရတော့ လွှတ်စရာလား.."

ဂျန်းရဲ့လည်ပင်းကဆွဲကြိုးသည် သူမလည်တိုင်ကြားထဲကိုခ ဝတ်လာကာ သူစကားပြောသည့်လေငွေ့နွေးက ရိုးရဲ့မေးဖျားဖေးကို ကျီစယ်နေခဲ့ပြီး.. ၊

"တစ်ခါမှခုလောက် မမောခဲ့ဘူး.."

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့..မင်းအသာလေးလူသတ်နေရတာကိုး၊ ဖယ်..လွှတ်..

"လူမောတာမဟုတ်ဘူး..စိတ်မောတာ ခင်ဗျားကိုကျုပ်က.."

"ဘာမှမပြောနဲ့..ဘာမှမကြားချင်ဘူး၊ မင်းငါ့ကိုအခုချုပ်ထားနိုင်လည်း မင်းလုပ်ရပ်ကိုငါကမေ့သွားမယ်ထင်လို့လား..ခုကစပြီးမိန်းမညာဏ်တွေပြည့်နှက်နေတဲ့မိန်းမက မင်းကိုသတ်ပစ်ဖို့ချောင်းနေမှာပဲဆိုတာ မှတ်ထား.."

"ဟား ဟား ဟား.."

"မင်းနော်.."

ဂျန်းကအားပါးတရရယ်ကာ.. ၊

"ကောင်းတာပေါ့..ကျုပ်ကလည်း အဲ့လိုမိန်းမမျိုးကိုပဲလိုချင်တာ၊ ကျုပ်ကိုလိုချင်တပ်မက်နေတာမဟုတ်ဘဲ သတ်ပစ်ချင်အောင်မုန်းနေတဲ့ မိန်းမကိုရအောင်ယူထားနိုင်တာ နည်းတဲ့ကောင်လား.."

"ဟုတ်တယ်..အဲ့ဒီကောင်ပဲ၊ လူဆိုး လူရမ်းကား..လူယုတ်မာ..

ရှီးသူ့ရင်ဘက်ကို ထုနှက်ဖို့ကြိုးစားရင်း မျက်ရည်တွေပိုးပိုးပေါက်ပေါက်ကျလေသည်။ ဂျန်းကမျက်နှာချင်းပွတ်တိုက်၍ မျက်ရည်တွေကို ဖျက်ချပစ်ကာ.. ၊

"ခင်ဗျားကအဲ့လိုမိန်းမမှန်း ကျုပ်သိတယ်.."

ခပ်သဲ့သဲ့ပြော၍ အနမ်းတို့သည် တိုးတိုက်ပွတ်သပ်ရင်း နွေးသိမ့်စွာရှိလျက်.. ၊

"သူတို့ကိုသေအောင်လုပ်ခိုင်းထားတာမဟုတ်ဘူး.."

"ဟင်.."

ရှီးစကားပြောဖို့ကျတော့ သူ့မျက်နှာနဲ့ထိကပ်ပွတ်တိုက်နေသဖြင့် လွဲရှောင်ရင်းပြောလို့မရ.. ၊

"သူတို့ကိုအောက်ထဲမှာ ထည့်ပိတ်ပြီးမှ မီးရှို့လိုက်တာ..ကျုပ်ထဲပိုက်ထည့်ပြီး တစ်ဖက်မှာလေဝင်ပေါက်ထုတ်ပေးထားတယ်..

တကယ်လား..။ ရှီးဝမ်းသာသွားတာ ဘယ်လိုပြောရမှန်းတောင်မသိတော့ပေ။ ဂျန်းကိုအဲ့လိုရွံစရာသတ္တဝါအဖြစ် လူတွေမသတ်မှစေချင်။ 'ကံမကုန်ခင်စား'ဆိုသည့်စကားလို ကောင်းစားနေတုန်းထရာလုပ်ပြီး ဘဝဇာတ်သိမ်းမလှသည့် အဖြစ်ဆိုးမျိုးနဲ့ဂျန်းကိုမဖြစ်



ချင်.. ၊

ဒါကြောင့် သူမဒါတွေကိုရင်မဆိုင်ရခင် ဒီလိုလုပ်ခဲ့သည့်အတွက် သူလည်းနောင်တရမည်ဆိုလျှင် ဘာပဲဖြစ်ဖြစ်လုပ်သွားဖို့ ဆုံးဖြတ်ခဲ့မိတာဖြစ်သည်။

"ဒါပေမယ့် သူတို့မီးအုံးခံရသလိုဖြစ်ပြီး မသေရုံတမယ်ဖြစ်နေကြမှာ..ဝင်ရှုလိုက်ပါ့မယ်ဂျန်းရယ်၊ တော်ပါတော့နော်..ခုနေပြန်လွှတ်ပေးလိုက်ရင် သူတို့လည်းဝမ်းသာကြမှာ.."

"ကျုပ်ကိုဒုက္ခပေးခဲ့တာ..နောက်မကြံရဲအောင် မသေရုံနှိပ်စက်ရမှာပဲ.."

"ဘယ်လို.."

"ကျုပ်ကြောင့်ခင်ဗျားပဲဒုက္ခရောက်မှာ..ကျုပ်ဘယ်လိုဖြစ်နေနေခင်ဗျားထိရင် လုံးဝခွင့်မလွှတ်ဘူး.."

"အဲ့ဒါငါ့ကို စိုးရိမ်နေတာမဟုတ်ဘူး..မင်းရဲ့မာနတွေကို အညွှန့်ချိုးမခံနိုင်တာ.."

"ဘာပဲဖြစ်ဖြစ် ကျုပ်မှာခွင့်လွှတ်တတ်တဲ့ နှလုံးသားမပါဘူး.."

"ဒီတစ်ခါပါပဲဂျန်းရယ်..ဒီမီးတွေငြိမ်းတဲ့အထိထားရင် သေရင်လည်းသေသွားနိုင်တယ်၊ မီးငြိမ်းခိုင်းလိုက်ပါ..သူတို့ကိုကယ်ပေးပါ၊ သူတို့မင်းကို အရမ်းကိုကျေးဇူးတင်သွားမှာပါ.."

"သူတို့ကျေးဇူးတင်တာမလိုပါဘူး..ခင်ဗျား ဘယ်လိုကျေးဇူးတင်မလဲသာစဉ်းစား.."

ဂျန်းက ဘေးမှာပက်လက်လှဲလိုက်ပြီး ဖုန်းထုတ်ယူကာ.. ၊

"ပိုက်ဝကနေဖြုချပြီး သူတို့ကိုဆွဲထုတ်ထားလိုက်.."

အမိန့်ပေးလိုက်ကာမှ ရှီးဝမ်းသာကြည်လင်သွားသည့်မျက်နှာလေးနဲ့ ထထိုင်လိုက်ကာ.. ၊

"အဲ့ဒါတွေမင်းဘယ်လိုတောင် စီစဉ်လိုက်တာလဲဟင်..ရန်ကုန်မန္တလေး.."

"တစ်နိုင်ငံလုံးမှာ ကျုပ်အင်ပါယာရှိတယ်..ဖုန်းတစ်ချက်ဆက်လိုက်ရုံနဲ့ အားလုံးပြီးတယ်.."

နိမိတ်ကြိုမြင်လိုက်ပြီဆိုတည်းက သူ့အာရုံမှာရှီးကိုသိလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ လို့ဝှက်နက်နဲသည့်ကိစ္စကြီးမဟုတ်ခြင်းက ရွာကိုတစ်ချက် ဝင်လိုက်တာနှင့် အလုံးစုံစုံစမ်းလို့ရခဲ့တာဖြစ်သည်။ ဒါတွေကို ကူး နဲ့ဦးသိန်းဟန်တို့ ထိန်းချုပ်လိုက်တဲ့အချိန်မှာ သူကအားလုံးကိုသိ ပြီးပြီမို့.. ၊

"မမကူးကိုတော့ ချမ်းသာပေးလိုက်ပါ..သူက.."

"မိန်းမတစ်ယောက်ကို ခေါင်းထဲထည့်ပူပန်နေစရာမလိုပါဘူး- သူဘာလုပ်လုပ် ဂရုလည်းမစိုက်ဘူး၊ အခုခင်ဗျားဘာလုပ်မှာလဲ- ပြော.."

"ဟင်.."

ဂျန်းက သူမလက်မောင်းလေးကနေ ရင်ဘက်ပေါ်မှောက်ကျ လာအောင် ဆွဲယူလိုက်ကာ.. ၊

"ဒီတစ်ခါတော့ ကျေးဇူးတင်ခံချင်တယ်.."

"အဟွန်း.."

ရီးကပြုံးလိုက်ပြီး သူ့ရင်ဘက်ပေါ်မျက်နှာလေးမှေးတင်လို လျှင် လက်ကစိုနွေးသောတစ်စုံတစ်ရာကို ထိမိလိုက်ပြီး.. ၊

"ဟင်..သွေးတွေ.."

လက်ကိုပြန်ကြည့်ပြီး ကမန်းကတန်းထလိုက်၏။ ဂျန်းကသူ မျက်နှာလေးကို သူ့မျက်နှာဆီပဲ အတင်းဆွဲယူကာ.. ၊

"ကျုပ်တစ်ကိုယ်လုံးမှာ ဒဏ်ရာတွေအပ်ချစရာတောင်မကျ တော့ဘူး..ပူမနေနဲ့.."

"မဟုတ်ဘူးလေ..ငါကြည့်ချင်တယ်၊ ခုနဓားနဲ့ထိုးလိုက်တာ လား..ဘယ်လောက်တောင်လဲ၊ လွှတ်စမ်းပါ.."

"အဲ့ဒါလည်း ခင်ဗျားမှတ်ထားရမယ့်အချက်ပဲ..ကျုပ်လောက ဦးတဲ့သူက အနိုင်ယူတယ်၊ လက်နှေးရင်ခံရတယ်.."

"အဲ့လောကက ထွက်လိုက်ရင်နေးဖို့မြန်ဖို့ ဘာမှမလိုတော့ ပေါ့..မကောင်းတာတွေမလုပ်ပါနဲ့ဂျန်းရယ်၊ ငါဘာအဆော ယောင်မှမမက်ဘူး..မင်းနဲ့မိသားစုလေးတစ်ခု ထူထောင်ပြီး စိတ် ချမ်းသာသာ နွေးနွေးထွေးထွေးနေနိုင်ရင်တော်ပြီ.."

"ဘာလဲ..ကျုပ်ကိုရင်ခုန်ပြီး စိတ်ကူးယဉ်နေတာလား.."



"ကြံဖန်အသားယူပေါ့.."

နှစ်ယောက်သားရယ်မိကြကာ အနမ်းတို့ဖြင့် တိတ်တိတ်ဆိတ် ဆိတ်လေးဖြစ်သွားခဲ့၏။ ပြီးတော့ တစ်ယောက်မျက်ဝန်းထဲကိုတစ် ယောက်ငေးကြည့်ရင်း.. ၊

"တစ်နေ့နေ့တော့ ငါ့အတွက်လိုက်လျှောပေးမယ်မို့လားဟင်.."

"ဘာလဲ.."

"မကောင်းတာမလုပ်ပါနဲ့တော့လို့ ငါကတောင်းပန်ရင်.."

"အင်း..ပြောကြည့်လေ.."

"မပြောတော့ဘူးသွား.."

"ဟွန်း..ဟွန်း.."

"အရမ်းမုန်းဖို့ကောင်း.."

"ကျုပ်ကတော့ပျော်နေတယ်ထင်တယ်.."

"ဟုတ်လား..ပြောကြည့်လေ.."

"ဟား ဟား ဟား.."

သူ့ရယ်သံကြောင့် ကျေးငှက်သာရကာလေးတွေ တဖျတ်ဖျတ် သန့်ပျံသွားကြသည်။ ရီးကတော့ သူ့ရင်ခုန်သံတွေကိုနားထောင်ဖို့ သူ့ရဲ့ဘယ်ဘက်ရင်အုံမှာ ပါးလေးကပ်ထားရင်း.. ၊

လူကြမ်းဆိုတဲ့ကောင်လေးရဲ့နှလုံးသားထဲမှာ သူမအတွက်နူး ညံ့ခြင်း ဘယ်နှစ်ရာနှုန်းထိ ပျော်ဝင်နေပြီလဲ.. ၊

(ပြီး)

ပရိတ်သတ်အတွက်

ထာဝရ

သျှင်မ

www.burmeseclassic.com

www.burmeseclassic.com



# ချစ်

## ကျွန်တော်ကလူကြမ်း

www.burmeseclassic.com